


စွန့်စားကြီးပွားပြည်သူများ

သို့မဟုတ်

# အစ္စရေးနိုင်ငံသား

# ဟိန်းလတ်

**Start-Up Nation:**
**The Story of Israel's Economist Miracle**

**DAN SENOR AND SAUL SINGER**

designed by tin htoon



စွန့်စားကြီးပွားပြည်သူများ

သို့မဟုတ်

# အစ္စရေး နိုင်ငံသား

## ဟိန်းလတ်

**Start-Up Nation:**
**The Story of Israel's Economist Miracle**

**DAN SENOR AND SAUL SINGER**

# စွန့်စားကြီးပွားပြည်သူများ

သို့မဟုတ်

# အစွမ်းရေးနိုင်ငံသား

## ဟိန်းလတ်

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ၊ ဩကာသစာပေ
ဒုတိယအကြိမ် - ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ၊ မျိုးမြန်မာစာပေ
တတိယအကြိမ် - ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၊ ဩကာသစာပေ
စတုတ္ထအကြိမ် - ၂၀၂၂ ခုနှစ်၊ မတ်လ၊ ဩကာသစာပေ

ထုတ်ဝေသူ

ဦးမောင်မောင်ဦး၊ ဩကာသစာပေ

အမှတ် ၄၇၊ ၁၀၈ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်

လပြည့်လင်းပုံနှိပ်တိုက် (၀၁၃၆၉)

အမှတ် ၁၁ (အိတ်ချ်)၊ ၅၅ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံး

တင်ထွဏ်း

ကွန်ပျူတာစာစီ

**Dream City Computer, 09 73052433**

အုပ်ရေ

၅၀၀

တန်ဖိုး

၆၀၀၀

ဖြန့်ချိရေး

ဩကာသစာပေ

ဖုန်း ၀၉ ၅၅၀၁၇၂၄၊ ၀၉ ၅၁၅၈၅၁၂

## မာတိကာ


၁။ ဘာသာပြန်ဆိုသူ အမှာစာ ၅

၂။ မူရင်းစာရေးသူ၏ ရည်ရွယ်ချက် ၁၁

၃။ နိဒါန်း ၁၃

၄။ အပိုင်း (တစ်)

လုပ်ကိုင်နိုင်စွမ်းရှိသော နိုင်ငံငယ်လေး ၃၁

၅။ အခန်း (တစ်)

ခံနိုင်စွမ်းရည် ၃၃

၆။ အခန်း (နှစ်)

စစ်မြေပြင် စွန့်စားတီထွင် စီးပွားရေး လုပ်ငန်းရှင်များ ၅၈

၇။ အပိုင်း (နှစ်)

တီထွင်ဆန်းသစ် ယဉ်ကျေးမှု မျိုးစေ့ချခြင်း ၇၅

၈။ အခန်း (သုံး)

စာအုပ်လူများ ၇၇

၉။ အခန်း (လေး)

ဟားဗတ်၊ ပရင့်စ်တန်နှင့် ယေးလ် ၈၇

၁၀။ အခန်း (ငါး)

အမိန့်နှင့် ပရမ်းပတာ အခြေအနေတို့

တွေ့ဆုံကြသောနေရာ ၁၀၁

၁၁။ အပိုင်း (သုံး)

ကနဦးအစ ၁၁၇

၁၂။ အခန်း (ခြောက်)

အလုပ်ဖြစ်သော စက်မှုပေါ်လစီ ၁၁၉

၁၃။ အခန်း (ခုနစ်)
လူဝင်မှုကြီးကြပ်ရေး ဂူဂဲလ်ဆရာများ၏ စိန်ခေါ်မှု ၁၃၆
၁၄။ အခန်း (ရှစ်)
လေယာဉ်များကို ခိုးထုတ်ခန်း ၁၄၉
၁၅။ အခန်း (ကိုး)
ဘူဖက်၏ စမ်းသပ်ပွဲ ၁၆၀
၁၆။ အခန်း (တစ်ဆယ်)
ယိုဖ့်မာ-ပြိုင်ပွဲ ၁၇၃
၁၇။ အပိုင်း (လေး)
စေ့ဆော်လှုပ်ရှားနေသောနိုင်ငံ ၁၈၅
၁၈။ အခန်း (တစ်ဆယ့်တစ်)
သစ္စာဖောက်မှုနှင့် အခွင့်အရေး ၁၈၇
၁၉။ အခန်း (တစ်ဆယ့်နှစ်)
အမျိုးစုံရောစပ်တီထွင်သည့်လူမျိုး ၁၉၃
၂၀။ အခန်း (တစ်ဆယ့်သုံး)
ရှိတ်၏ အကြပ်ရိုက်ခြင်း ၂၀၁
၂၁။ အခန်း (တစ်ဆယ့်လေး)
စီးပွားရေး အံ့သြမှုကို ခြိမ်းခြောက်မှုများ ၂၁၆
၂၂။ နိဂုံးချုပ်
ဟိုင်းတက်လယ်သမားများ ၂၂၅
၂၃။ နောက်ဆက်တွဲ (က)
အစ္စရေးနိုင်ငံနောက်ကြောင်း ၂၃၅
၂၄။ နောက်ဆက်တွဲ (ခ)
ခေတ်သစ်အံ့ဖွယ်သူရဲတဲ့လား ၂၅၀

❖

## ဘာသာပြန်ဆိုသူ အမှာစာ

ဤနိုင်ငံတွင် လူဦးရေက ၇.၂ သန်းသာ ရှိ၏။ ဤနိုင်ငံသည် စတင်တည်ထောင်စဉ်ကာလမှစ၍ ယခုအချိန်ထိ ဆက်တိုက် စစ်ပွဲတွေ ရင်ဆိုင်နေရဆဲဖြစ်၏။ သူ့နိုင်ငံ ပတ်ပတ်လည်တွင် အင်အားကြီးရန်သူတွေ ဝိုင်းနေ၏။ သဘာဝသယံဇာတက ဘာမှမရှိ။ လွတ်လပ်ရေးသက်တမ်းက လည်း ၆၂ နှစ်သာ ရှိသေး၏။ သို့သော် ဤနိုင်ငံငယ်လေးတွင် ငြိမ်းချမ်း ရေး တည်ငြိမ်မှုရှိခဲ့ကြပြီးဖြစ်သည့် ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ ကနေဒါ၊ ဗြိတိန် စသော နိုင်ငံကြီးများထက် ပိုမိုများပြားသော စွန့်စား တီထွင် စီးပွားရေးလုပ်ငန်းရှင် များစွာရှိ၏။ ခေတ်ရှေ့ပြေး ဟိုင်းတက် ပစ္စည်းများစွာ ခုတစ်မျိုး တော်ကြာတစ်မျိုး ဆက်တိုက် တီထွင်နေသည်။ ၂၀၂၀ ခုနှစ် ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံများ စာရင်းတွင် ထိပ်တန်းက ပါဝင် သည့် နိုင်ငံ။ ထိုနိုင်ငံကား အခြားမဟုတ်၊ အစ္စရေး နိုင်ငံ။

လူဦးရေ နည်းနည်းလေးနှင့် ဤနိုင်ငံလေးသည် ဘာကြောင့် ကမ္ဘာ့ ထိပ်တန်းဝင် တိုးတက်ထွန်းကားသည့် နိုင်ငံတစ်ခုဖြစ်နေရပါသလဲ။ အစ္စရေး လူမျိုးတို့၏ 'ချူဇ်ပါး' စိတ်ဓာတ်ကို ပထမဆုံး ပြောရပါမည်။ 'အစ္စရေး စွန့်စားတီထွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးတွင် စီးပွားရေးစိတ်ကူးသစ် တစ်ခု ရသည်ဖြစ်အံ့။ သူသည် ထိုရက်သတ္တပတ်အတွင်းမှာပင် ထိုစိတ်ကူး ကို စတင် အကောင်အထည် ဖော်တော့၏'ဟူသော စာတစ်ပိုဒ်ကို ဖတ်ဖူး

ပါသည်။ အစ္စရေး၏ လူ့ဝင်မှုကြီးကြပ်ရေးပေါ်လစီ၊ သုတေသနနှင့် ဖွံ့ဖြိုးမှု ကဏ္ဍ၊ စစ်မှုထမ်း အတွေ့အကြုံ စသည်တို့သည် နိုင်ငံကြီးပွားတိုးတက်ရေး၏ အကြောင်းရင်းခံများဖြစ်သည်ကို ဤစာအုပ်တွင် ရေးသားထားသည်။ ယခုအခါ အစ္စရေးနိုင်ငံ၌ တိုးတက်ကြီးပွားနေသော ကုမ္ပဏီများသည် ဥရောပ၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ တရုတ်၊ အိန္ဒိယ စသော နိုင်ငံအားလုံးပေါင်းတွင် ရှိသော ကုမ္ပဏီများထက်ပင် အရေအတွက် ပိုမိုနေသည်ကို အံ့မခန်း တွေ့ရ၏။

ဤစာအုပ်တွင် အစ္စရေး၏ စီးပွားရေးအောင်မြင်မှု နောက်ကွယ်မှ ဇာတ်လမ်းများနှင့် မဟာဗျူဟာများကို တွေ့ရမည်။ ဤစာအုပ်ကို ဖတ်လျှင် အစ္စရေး၏ ဥပမာများစွာကို ရနိုင်ပြီး ၎င်းတို့ကို အခြားနိုင်ငံများတွင် လက်တွေ့ အသုံးချနိုင်၏။ ထိုမျှသာမက ပုဂ္ဂလိကတစ်ဦးချင်းအနေဖြင့်လည်း အောင်မြင်သော လုပ်ငန်းများ မည်သို့ ထူထောင်နိုင်သည်ကို လက်တွေ့ ဥပမာကောင်းများစွာ ရရှိနိုင်ပါသည်။ ဤစာအုပ်ထဲတွင် အစ္စရေးနိုင်ငံ၏ ထိပ်တန်းတီထွင်သူများ၊ ရင်းနှီးမြှုပ်နှံသူများအကြောင်း ဥပမာများစွာ ထုတ်နုတ် တင်ပြထားပါသည်။ အစ္စရေး၏ စွန့်စားတီထွင် စီးပွားရေးလုပ်ငန်းရှင်များ၏ နမူနာကို နိုင်ငံတိုင်းက အတုယူရမည်သာ ဖြစ်၏။ ခေါင်းဆောင်မှု အရည်အသွေးမှအစ စွန့်စားအုပ်ချုပ်မှုပညာအထိ အတုယူစရာ တစ်ပုံတစ်ပင် ရှိသည်။

မူရင်းစာအုပ်စာရေးသူ 'ဒန်ဆီနော'သည် အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးရာပေါ်လစီ အဆင့်မြင့် အကြံပေးပုဂ္ဂိုလ် ဖြစ်၏။ အီရတ်နိုင်ငံတွင် သက်တမ်းအကြာဆုံး အမှုထမ်းဖူးသော အရပ်သားဝန်ထမ်း ဖြစ်၏။ သူ၏ အမှုထမ်းကောင်းမှုကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်က အရပ်သားထဲတွင် အမြင့်ဆုံးဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံခဲ့ရသူလည်း ဖြစ်၏။ စာအုပ်ကို ပူးတွဲရေးသားသူ 'ဆောလ်ဆင်းဂါး'မှာ အမေရိကန် ကွန်ဂရက်လွှတ်တော်၏ အကြံပေးပုဂ္ဂိုလ် ဖြစ်၏။ 'ဂျီဟာတ်ကို ထိပ်တိုက်ရင်ဆိုင်ခြင်း - အစ္စရေးတိုက်ပွဲနှင့် ၉/၁၁ အလွန်ကမ္ဘာ'စာအုပ်ကို ရေးသားသူ စာရေးဆရာလည်း ဖြစ်သည်။ စာရေးသူနှစ်ဦးလုံးသည် အစိုးရပိုင်း၊ စီးပွားရေးနှင့် စာနယ်ဇင်းပညာ အတွေ့အကြုံ ရင့်ကျက်ပြီးသူများ ဖြစ်ကြသည်။ သူတို့နှစ်ဦးသည်

အထူးသဖြင့် အရှေ့အလယ်ပိုင်းနောက်ခံကို ပိုမိုကျွမ်းကျင် ပိုင်နိုင်ကြ၏။ နယူးယောက်တိုင်းမ်၊ ဝေါလ်စထရိ၊ ဝါရှင်တန်ပို့စ် စသည့် ထိပ်တန်းစာစောင်ကြီးများတွင် သူတို့နှစ်ဦးရေးသော လက်ရာများကို မကြာခဏ ဖတ်ခဲ့ကြရ၏။ ယခုစာအုပ်သည် အစ္စရေးနိုင်ငံ သမ္မတကြီး 'ရှီမွန်ပဲရိဇ်'၊ အစ္စရေးဝန်ကြီးချုပ် 'ဘင်ဂျမင်နေတန်ယာဟူး'တို့ အပါအဝင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ထိပ်တန်းလုပ်ငန်းရှင်ကြီးများ၊ ကမ္ဘာကျော်တီထွင်မှုပါရဂူများ စသည့် လူပုဂ္ဂိုလ်ပေါင်း တစ်ရာကျော်ကို ကိုယ်တိုင်တွေ့ဆုံ အင်တာဗျူးလုပ်ကာ ရေးသားထားသော စာအုပ်ဖြစ်၏။

အစ္စရေးနိုင်ငံနှင့် ဆက်သွယ်ပြီး 'ဂျူး'လူမျိုးများအကြောင်းကို စူးစမ်းကြည့်ရာ အခြား မည်သည့်လူမျိုးနှင့်မျှ မတူ တစ်မူထူးခြားသော လူမျိုးဖြစ်ကြောင်း တွေ့ရ၏။ ဘာသာအယူဝါဒအရ ဂျူးလူမျိုးတို့သည် 'ထာဝရဘုရားသခင်၏ လက်စွဲတော်' (Chosen People)ဟု ယုံကြည်ထားကြ၏။ ထာဝရဘုရားသခင်သည် လူသားများနှင့် ဆက်သွယ်ရာတွင် ဂျူးလူမျိုးများမှတစ်ဆင့် ဆက်သွယ်သည်ဟု ဆို၏။ လူသားများကို မိန့်မှာလိုမှု တစ်ခုခုရှိပါက ဂျူးလူမျိုးများ၏ ပရောဖက်များမှတစ်ဆင့် ဆက်သွယ်သည် ဆို၏။ ထို့ကြောင့် 'မိုးဇက်'မှအစ 'ယေရှုခရစ်တော်'အထိ အားလုံးသည် ဂျူးလူမျိုးများသာ ဖြစ်ကြ၏။

ဂျူးလူမျိုးများသည် နိုင်ငံမဲ့ဘဝရောက်ကာ နှစ်ပေါင်းနှစ်ထောင်ကျော် သူတစ်ပါး၏ အနှိပ်စက်ခံဘဝများတွင် နေထိုင်ခဲ့ရသော်လည်း လူမျိုးနှင့်ယဉ်ကျေးမှု မပျောက်အောင် ထိန်းသိမ်းနိုင်ခဲ့သည်မှာလည်း ချီးကျူးဖွယ်ဖြစ်၏။

ဂျူးလူမျိုးများသည် ဖွဲ့၊ လုံ့လ၊ ဝီရိယ သူမတူအောင် ရှိ၏။ ဉာဏ်စွမ်းဉာဏ်စ အလွန်ထက်မြက်၏။ ကြံရည်ဖန်ရည် သိပ်ကောင်းသည်။ စီးပွားရေးလာဘ်မြင်၏။ ဆင်းရဲဒုက္ခခံနိုင်၏။ သိပ္ပံပညာ၊ နိုင်ငံရေး၊ စီးပွားရေး၊ စာပေအနုပညာတို့တွင် ထူးချွန်ပြောင်မြောက်သော 'ဂျူး'များစွာပေါ်ထွန်းခဲ့၏။ နိုင်ငံရေးဒဿနတွင် တစ်ခေတ်ထူထောင်နိုင်ခဲ့သော 'ကားလ်မာက်စ်'တို့၊ သိပ္ပံပါရဂူ 'အယ်လ်ဘတ်အိန်းရှတိန်း'တို့သည် ဂျူးလူမျိုးများသာ ဖြစ်ကြ၏။

နှစ်ပေါင်း နှစ်ထောင်ကျော် အနှိပ်စက်ခံ၊ အပစ်ပယ်ခံ၊ အမုန်းခံ၊ တိုင်းပြည်မဲ့လူမျိုးအဖြစ်မှ အသက်သွေးချွေး မြောက်မြားစွာ ရင်းနှီးပေးဆပ်ပြီး ပါလက်စတိုင်းနယ်မြေတွင်း၌ အစ္စရေးနိုင်ငံသစ် ထူထောင်နိုင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ကမ္ဘာ့ အရှေ့အလယ်ပိုင်းဒေသတွင် ရန်သူနိုင်ငံများ ပတ်ပတ်လည် ဝိုင်းရံထားသည့်အလယ်တွင် အစ္စရေးနိုင်ငံ ပေါ်ပေါက်လာရေးအတွက် အစ္စရေးလူမျိုးများသည် နှစ်ပေါင်း ၂၀၀၀ အတွင်း ရုန်းရင်းကန်ရင်း တိုက်ပွဲဝင်ရင်ဆိုင်ရင်း နိုင်ငံတစ်ခုကို မဖြစ်ဖြစ်အောင် တည်ဆောက်ခဲ့ကြသည်။

ကျွန်တော်သည် စာရေးဆရာ 'လီယွန်အူးရစ်'၏ 'Exodus' စာအုပ်ကို ဖတ်မိကတည်းက 'အစ္စရေးနိုင်ငံ'နှင့် 'ဂျူးလူမျိုး'များအကြောင်း အလွန်စိတ်ဝင်စားမိ၏။

ယနေ့ခေတ်၏ အထူးဆန်းဆုံး ရာဇဝင်တွင်သည့် ဇာတ်လမ်းဖြစ်သည်။ နှစ်ပေါင်း ၂၀၀၀ ကျော် တိုင်းပြည် ဆုံးရှုံးပျောက်ကွယ်ခဲ့ရသော ဂျူးလူမျိုးတို့၏ နိုင်ငံတစ်ခု ပြန်လည်မွေးဖွား တည်ဆောက်ခဲ့ပုံကို ဖတ်ရ၏။ ဤစာအုပ်သည် တိုက်ပွဲဝင် လူမျိုးများအကြောင်း၊ ဂျူးလူမျိုးဖြစ်ရသည့်အတွက် ဂုဏ်ယူသော လူများအကြောင်း ရေးဖွဲ့ထားသော စာအုပ်ဖြစ်၏။

ခေတ်အမြင်ရှိသော ဂျူးတို့သည် ဂျူးလူမျိုးဟူသည် ကမ္ဘာ၏ မည်သည့်အရပ်ဒေသတွင် နေသည်ဖြစ်စေ လူမျိုးအနေနှင့် တစ်မျိုးသာ ဖြစ်သည်ဟု ယုံကြည်ထားကြ၏။ ဂျူးကျမ်းစာတွင် ဖော်ပြထားသည့်အတိုင်း ဆိုလျှင် 'အစ္စရေးလူမျိုးအားလုံးသည် တစ်ယောက်အပေါ်တွင် တစ်ယောက် တာဝန်ရှိသည်'ဟူ၍ ဖြစ်၏။ ထို့ကြောင့် ဂျူးလူတစ်စု၏ အရေးသည် ဂျူးအားလုံးသို့ ရိုက်ခတ်၏။ တစ်ဦးကိုတစ်ဦး ညီညီညွတ်ညွတ် ရိုင်းပင်းကူညီကြသည်။

'ဂျူး'တို့နှင့် ခွဲမရသည်မှာ 'ဇီယွန်ဝါဒ'ဖြစ်သည်။ 'ဇီယွန်ဝါဒ' သည် ဂျေရုစလင်မြို့ရှိ ဇီယွန်တောင်ကို ရည်ညွှန်းသည်။ ဇီယွန်တောင်

သည် ဂျေရုစလင်၏ သင်္ကေတ။ ဂျေရုစလင်သည် အစ္စရေးနိုင်ငံ၏ နှလုံးသား။

'ဇီယွန်ဝါဒ' ကား ကမ္ဘာ့အရပ်ရပ်ရှိ ဂျူးလူမျိုးများသည် သူတို့၏ မူရင်းမိခင်နိုင်ငံသို့ ပြန်လာကြကာ ဂျူးအစိုးရတည်ထောင်လျက် ခေတ်သစ်ကမ္ဘာကြီးတွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ထည်ထည်ဝါဝါ ခန့်ခန့်ညားညား နေနိုင်ရေးဝါဒပင် ဖြစ်၏။

အစ္စရေးနိုင်ငံသည် ၁၉၄၈ တွင် လွတ်လပ်ရေး ကြေညာနိုင်ခဲ့၏။ ထိုသို့ ကြေညာပြီး ၂၄ နာရီပင် မကြာသောအချိန်အတွင်းတွင် အိမ်နီးချင်းအာရပ်နိုင်ငံများက ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြ၏။ သို့သော် အင်အားအဆမတန်နည်းပါးသည့်ကြားမှပင် အစ္စရေးတို့က သူတို့ရန်သူများကို အောင်မြင်စွာတွန်းလှန်တိုက်ထုတ်နိုင်ခဲ့၏။ ကြယ်မမြင် လမမြင် မိုးသက်မုန်တိုင်းများမှောင်မည်းနေသည့်ကြားမှပင် အစ္စရေးနိုင်ငံသည် ဖွားမြင်သန့်စင်နိုင်ခဲ့ရာ ယခု လွတ်လပ်ရေးသက်တမ်းပင် ၆၂ နှစ်သို့ ရောက်ခဲ့လေပြီ။

ဤ Start-Up Nation စာအုပ်အကြောင်းကို Air Review စာစောင် (၂၀၁၀ မတ်လထုတ်)တွင် ဖတ်ဖူး၏။ ထိုစာအုပ်ထဲမှ ကောက်နုတ် ဖော်ပြချက်ကို ဖတ်မိရုံဖြင့် ဤစာအုပ်ဖတ်ချင်စိတ်မှာ ထိန်းမနိုင် သိမ်းမရ ဖြစ်ခဲ့၏။ နောက် ရက်သတ္တပတ် တစ်ပတ်အကြာတွင် အစ္စရေးနိုင်ငံ လွတ်လပ်ရေး ညစာစားပွဲ၌ အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး H.E.Mr.Yaron Mayer နှင့် တွေ့ဆုံပြီး ထိုစာအုပ်အကြောင်း စကားစပ်မိ၏။ မကြာခင်မှာပင် သံအမတ်ကြီးက ထိုစာအုပ် လက်ဆောင်ပေး၏။ စာအုပ်ကို ရလျှင်ရခြင်း အငမ်းမရ ဖတ်မိ၏။ ဖတ်ပြီးပြီးခြင်း မြန်မာဘာသာ ပြန်ဆိုရန် ဆုံးဖြတ်မိ၏။

ကျွန်တော် ကိုယ်တိုင် အစ္စရေးနိုင်ငံ၊ ဟိုင်ဖာမြို့ရှိ ဂိုလ်ဒါမေယာ တက္ကသိုလ်တွင် Media Strategy ဟူသော 'မီဒီယာ မဟာဗျူဟာ' သင်တန်း တက်ဖူးသဖြင့် အစ္စရေးနိုင်ငံနှင့် ဂျူးလူမျိုးတို့အကြောင်း ပို၍ သိခဲ့ရ၏။

အန္တရာယ်မျိုးစုံ၊ အခက်အခဲပေါင်းစုံကြားမှ ဇွဲသတ္တိရှိရှိနှင့် ဖြတ်ကျော်

ရင်ဆိုင်တိုက်ပွဲဝင်ရင်း စွန့်စားတီထွင်လုပ်ငန်းများဖြင့် စီးပွားရေး တစ်ရှိန်ထိုး တက်လာသော အစ္စရေးနိုင်ငံနှင့် အစ္စရေးလူမျိုးများ၏ လုံ့လ ဉဿဟ သတ္တိဇွဲသတ္တိများသည် ချီးကျူးအတုယူစရာ ကောင်းလှသည်။ ထို့ကြောင့် ဤစာအုပ်သည် ၂၁ ရာစုခေတ် မြန်မာလူငယ်မျိုးဆက်သစ်တို့၏ အားမာန် သတ္တိကို လှုံ့ဆော်နိုင်သည့်စာအုပ်ဟု ကောင်းစွာ ယုံကြည်မိပါသဖြင့် မြန်မာ ဘာသာ ပြန်ဆိုထုတ်ဝေလိုက်ရပါသည်။

ဟိန်းလတ်

# မူရင်း စာရေးသူ၏ ရည်ရွယ်ချက်

ဤစာအုပ်သည် တီထွင်မှုနှင့် စီးပွားရေး စွမ်းဆောင်မှုတို့အကြောင်း ဖြစ်သည်။ အစ္စရေးဟူသော နိုင်ငံငယ်လေးတစ်ခုက အဆိုပါ အချက်နှစ်ရပ်လုံးကို မည်သို့ အကောင်အထည်ဖော်ခဲ့သည်ကို ရေးသားထားသော စာအုပ်ဖြစ်၏။

ဤစာအုပ်သည် နည်းပညာအကြောင်း စာအုပ်မဟုတ်။ သို့သော် ဟိုင်းတက် ကုမ္ပဏီများစွာအကြောင်း ပြောထားပါသည်။ နည်းပညာနှင့် ခေတ်သစ်တွင် ၎င်း၏ အကျိုးသက်ရောက်မှုကို ပြောရင်းနှင့် အဓိက မီးမောင်းထိုးပြသည်မှာ ၎င်းတို့မှ ပေါ်ထွက်လာသော စီးပွားရေး အတွေးအခေါ် သစ်များအကြောင်း ဖြစ်ပါသည်။

ဤစာအုပ်သည် တစ်ပိုင်းက စူးစမ်းလေ့လာမှု၊ တစ်ပိုင်းက အငြင်းအခုံနှင့် တစ်ပိုင်းက ဇာတ်လမ်းပြောခြင်းတို့ ဖြစ်၏။ ဤစာအုပ်တွင် အစ္စရေး သမိုင်းနှင့် ယဉ်ကျေးမှု ပါမည်။ တီထွင်မှုစွမ်းအား ဖော်ထုတ်နိုင်ခဲ့သော ကုမ္ပဏီများ ဇာတ်လမ်းပါမည်။ ဘောဂဗေဒပညာရှင်များ၏ အင်တာဗျူးနှင့် သူတို့အမြင်များ ပါမည်။ သမိုင်း၊ စီးပွားရေး၊ ပထဝီ နိုင်ငံရေးတို့ကို လေ့လာသူများအတွက် ရည်ရွယ်ထားပါသည်။ စာရေးသူတစ်ဦးဖြစ်သူ 'ဒန်ဆီနော်'သည် စီးပွားရေးနှင့် အစိုးရအကြောင်း ကျွမ်းကျင်သူဖြစ်ပြီး နောက်တစ်ဦး 'ဆောလ်ဆင်းဂါး'ကတော့ အစိုးရနှင့် စာနယ်ဇင်းပညာ နောက်ခံအားကောင်းသူ ဖြစ်သည်။ 'ဒန်'သည် နယူးယောက်တွင် နေထိုင်

ကာ အစ္စရေးတွင် ပညာသင်ခဲ့သူ။ အစ္စရေးတွင် နေထိုင်ပြီး အလုပ်လုပ်ခဲ့သူ၊ အာရပ်ကမ္ဘာတစ်ခွင် ခရီးလှည့်လည်သွားလာခဲ့သူဖြစ်သည်။ 'ဆောလ်' ကမူ အမေရိကန်တွင် ကြီးပြင်းပြီး ယခုအခါ ဂျေရုစလင်တွင် နေထိုင်သူဖြစ်သည်။

'ဒန်'သည် အစ္စရေးကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံထားသူလည်းဖြစ်သည်။ သို့သော် ဤစာအုပ်တွင် ထိုကုမ္ပဏီများအကြောင်း မပါရှိပါ။

အစ္စရေးနိုင်ငံ စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာမှု အရှိန်အဟုန်ကို ကြည့်ပြီး ဤစာအုပ်ရေးဖြစ်ခြင်း ဖြစ်၏။ အစ္စရေး နောက်ကျကျန်ခဲ့သော အချက်တချို့လည်း ဖော်ပြထားသည်။ အစ္စရေး၏ ဆက်လက် အောင်မြင်မှုကို ခြိမ်းခြောက်နေသည့် အရာများကိုလည်း လေ့လာ စိစစ်ထားသည်။

**ဒန်ဆီနော်**
**ဆောလ်ဆင်းဂါး**

## နိဒါန်း

"အပြောကတော့ ကောင်းပါရဲ့။ ဒါပေမဲ့ မင်းက ဘာများ ဆက်လုပ်တော့မှာမို့လို့လဲ"

*'ရှီမွန်ပဲရိစ်မှ ရှေးအင်္ဂါဆီသို့ ပြောသောစကား'*

ဆွစ်တောင်တန်း၏ ထိပ်ဖျားတွင်ရှိသော 'ရှရီတန်ဆီးဟော့ဖ်မိုက်'၏ ခန့်ထည်သားနားလှသော ဧည့်ခန်းဆောင်တွင် ပုဂ္ဂိုလ်နှစ်ဦးကို ထိုင်စောင့်နေကြ၏။ တစ်ယောက်က တစ်ယောက်ထက် အသက် နှစ်ဆ ပိုကြီးပုံရ၏။ လူငယ်က နောက်တစ်ခါ တွေ့ဆုံပွဲစမည့်အချိန်ကို စိတ်ထက်သန်စွာ စောင့်နေ၏။

အသက်ကြီးသူမှာ နှယ်နှယ်ရရပုဂ္ဂိုလ် မဟုတ်။ အစ္စရေးနိုင်ငံတွင် နှစ်ကြိမ်တိုင် ဝန်ကြီးချုပ်ဖြစ်ခဲ့သူ၊ နိုဘယ်ဆုရှင်ကြီး ရှီမွန်ပဲရိဇ်။ ယခု သူက အသက် ၈၃ နှစ်ပင် ရှိပြီ။ သက်ရှိထင်ရှား ရှိနေသော အစ္စရေးအမျိုးသားများထဲတွင် နာမည်အကျော်ဆုံး ပုဂ္ဂိုလ်။

ယခု 'ရှီမွန်ပဲရိဇ်'သည် ကမ္ဘာ့အကြီးဆုံး ကားထုတ်လုပ်သော ကုမ္ပဏီကြီး ငါးခုမှ စီအီးအိုများကို သူနှင့်တွေ့ရန် ဖိတ်ကြားထား၏။ အချိန်က ၂၀၀၇ ခုနှစ် စောစောပိုင်း။ ကမ္ဘာ့စီးပွားရေး အကြပ်အတည်းက ပျူမထွက်လာသေး။ မော်တော်ကားလုပ်ငန်းကလည်း အကြပ်မရိုက်သေးချိန်။ အမေရိကန်ကားကုမ္ပဏီကြီး သုံးခုဖြစ်ကြသော 'ဂျီအမ်'၊ 'ဖို့ဒ်'၊ 'ခရိုင်စလာ' စသည့် 'ကြီးသုံးကြီး'လည်း တက်ရောက်ကြ၏။ အခြားထိပ်တန်း ကား

ထုတ်လုပ်သူတစ်ဦးလည်း ရောက်လာ၏။ သူက ၂၅ မိနစ်မျှ ရှင်းပြ၏။ 'ပဲရိဇ်'၏ စိတ်ကူးများက မည်သည့်အခါမှ ဖြစ်မလာနိုင်တဲ့။ သူက အစ္စရေး ခေါင်းဆောင်ကြီးများ တင်ပြထားသော လျှပ်စစ်ယာဉ်များကိစ္စကို စိတ်ကူး ယဉ်ဟု ထင်နေသည်။ ဤကိစ္စနှင့်ပတ်သက်၍ အစ္စရေးလို ပိစိညှောက် တောက်နိုင်ငံလေးတွင် လာရောက်လုပ်ကိုင်ရန် အိပ်မက်ပင် မမက်သည့် ပုံစံ ဖြစ်၏။ မော်တော်ယာဉ် တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက 'ပဲရိဇ်'ကို ပြောပြနေ၏။

"ဒီမှာပါ။ ကျွန်တော် 'ရှေး'ရဲ့စာတန်းကို ဖတ်ပြီးပါပြီ"

'ပဲရိဇ်'က ဖိတ်စာနှင့်အတူ ပို့လိုက်သော စာရွက်ဖြူကို ရည်ညွှန်း ပြောဆိုနေခြင်း ဖြစ်၏။

"သူက စိတ်ကူးယဉ်နေတာပဲ။ ဒါမျိုးက ဘယ်ရှိမလဲ။ ကျွန်တော် တို့ ကြိုးစားပြီးပြီ။ လုပ်လို့ကို မရဘူး"

ထို့နောက် သူက ဆက်၍ နှစ်မျိုးစပ်ကားများသည်သာလျှင် တစ်ခု တည်းသော ဖြစ်နိုင်စရာ အခြေဖြစ်ကြောင်း ဆက်ရှင်းပြနေ၏။

'ရှေးအဂ္ဂါဆီ'သည် 'ပဲရိဇ်'နှင့်အတူ ထိုင်နေသော ခပ်ငယ်ငယ် ပုဂ္ဂိုလ်ဖြစ်၏။ ထိုအချိန်တွင် 'အဂ္ဂါဆီ'သည် 'အက်စ်အေပီ'ကုမ္ပဏီ၏ တာဝန်ခံတစ်ဦး ဖြစ်၏။ သူတို့ကုမ္ပဏီသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ဆော့ဖ်ဝဲကုမ္ပဏီတစ်ခု ဖြစ်၏။ 'အဂ္ဂါဆီ'သည် ဂျာမန်ပိုင် တက်ခ်ကုမ္ပဏီ ကြီးသို့ ၂၀၀၀ ပြည့်နှစ်တွင် စတင် လုပ်ကိုင်ခဲ့၏။ ထို့နောက် သူသည် 'တော့ပ်တိုင်ယာဆော့ဖ်ဝဲ' အစ္စရေးကုမ္ပဏီကို ဒေါ်လာ သန်း ၄၀၀ ဖြင့် ဝယ်ခဲ့သူ ဖြစ်၏။ ထို 'တော့ပ်တိုင်ယာ'ကို 'အဂ္ဂါဆီ' စတင်တည်ထောင် စဉ်က သူ့အသက်က ၂၄ နှစ်သာ ရှိသေး၏။ 'အက်စ်အေပီ'ဘုတ်အဖွဲ့တွင် သူက အသက်အငယ်ဆုံးနှင့် ဂျာမန်မဟုတ်သူ တစ်ဦးတည်းသောသူ ဖြစ်၏။ စီအီးအိုရာထူးကား သူ အသက် ၃၉ နှစ်ထိ မရသေး။ သို့သော် ဤရာထူးသည် တစ်နေ့တွင် သူ့သာရမည်ဟု သူက တထစ်ချ ယုံကြည် ထား၏။

ယခုအခါ 'အဂ္ဂါဆီ'သည် အစ္စရေး၏ နောင်သမ္မတဖြစ်လာမည့်သူ နှင့် အတူထိုင်ရင်း မော်တော်ယာဉ်၏ အနာဂတ်ကို ကြိုးစားပုံဖော်နေ၏။

စိတ်ကူးတစ်ခုကို မည်ကာမတ္တကို အကောင်အထည်ဖော်ရန်မှာ တော်ရုံ တန်ရုံတော့ လွယ်လှမည် မဟုတ်။ ယုတ္တိမရှိသော ရယ်ဖွယ်ဖြစ်သော အရာတစ်ခုကို ရုပ်လုံးပီပြင်အောင် လုပ်ရမည့်အရေးသည် စဉ်းစားရုံနှင့်ပင် ဦးနှောက်ခြောက်လှ၏။

လွန်ခဲ့သော နှစ်နှစ်က 'အဂ္ဂါဆီ'သည် 'လူငယ်ခေါင်းဆောင်များ ညီလာခံ'သို့ တက်ခဲ့၏။ ထိုညီလာခံကို 'အဂ္ဂါဆီ'က 'ဘေဘီဒါဗိုဇ်'ဟု ခေါ်၏။ ထိုအုပ်စုက ၂၀၃၀ တွင် ကမ္ဘာကြီးကို 'ပိုမိုကောင်းမွန်သော နေရာ' ဖြစ်အောင် လုပ်ကိုင်ကြရန် ရည်မှန်းထား၏။ တက်ရောက်ကြသူ များက သူတို့၏ စီးပွားရေးများကို ပို၍ သံပတ်တင်းရန် အဆိုပြုကြ၏။ ထိုအချိန်တွင် 'အဂ္ဂါဆီ'က ထ၍တင်ပြသော အကြံဉာဏ်ကြောင့် သူ့ကို တော်တော်တုံးပါလားဟုပင် ထင်သွားကြ၏။

"အရေးအကြီးတကာ့ အကြီးဆုံး လုပ်ရမယ့်အလုပ်ကတော့ ရေနံ လုံးဝမသုံးတဲ့ နိုင်ငံတစ်ခု ဘယ်လိုလုပ်ရမလဲဆိုတာပဲ ကျွန်တော် ဆုံးဖြတ် ထားတယ်"

'အဂ္ဂါဆီ' ယုံကြည်ထားသည်မှာ နိုင်ငံတစ်ခုသည် ရေနံ လုံးဝ မသုံးဘဲ နေနိုင်ပါက ကျန်နိုင်ငံများလည်း လိုက်လုပ်ကြမည်သာ ဖြစ်၏။ ထိုကိစ္စအတွက် ပထမဆုံးလုပ်ရမည့် ခြေလှမ်းမှာ ဓာတ်ဆီမပါဘဲ မော်တော် ကားများ တီထွင်ရေးပင်ဖြစ်သည်။

ဤတစ်ခုတည်းကတော့ဖြင့် တော်လှန်သော ထိုးထွင်းသိမြင်မှု မဟုတ်ပါ။

သူသည် ထူးခြားသော နည်းပညာများဖြင့် ကားကို မောင်းနှင်နိုင် ရန် စူးစမ်းရှာဖွေ၏။ ဟိုက်ဒရိုဂျင်ဓာတ်အားသုံး ဓာတ်ခဲ မောင်းနှင်မှု စသည်တို့။ သို့သော် တကယ်တမ်း လက်တွေ့အသုံးချ၍ မရနိုင်။ ထို့ကြောင့် နောက်ဆုံးတွင် အရိုးရှင်းဆုံး စနစ်ကိုပင် သူ ရွေးလိုက်ရ၏။ ဘက်ထရီ အားသုံး လျှပ်စစ်ကား။ ၎င်းသည် သိပ်အကုန်အကျများသည်။ သိပ်အကန့် အသတ်ရှိသည်ဆိုကာ အတိတ်က ပစ်ထားခဲ့ကြသော တီထွင်မှု ဖြစ်၏။ သို့သော် 'အဂ္ဂါဆီ'ကတော့ မလျော့။ သူ ထပ်ကြိုးစားမည့် လျှပ်စစ်ကား သည် ဈေးသက်သာရမည်။ အဆင်ပြေရမည်။ သဘာဝဓာတ်ငွေ့မောင်း

သော ကားများကဲ့သို့ပင် စွမ်းအင် ထက်မြက်ရမည်။ ထိုသို့သော အရည်အသွေးရှိသည့်ကားဆိုလျှင် မည်သူက မလိုချင်ဘဲ ရှိပါမည်နည်း။

သို့သော် ဤကားမျိုးကို ကမ္ဘာ့လူဦးရေ၏ အပုံတစ်ထောင်ပုံ တစ်ပုံမျှသာ လူဦးရေရှိသော အစ္စရေးလို နိုင်ငံမျိုးလေးတွင် မည်သို့ တီထွင်ဖော်ထုတ်နိုင်ပါမည်နည်း။

'အဂ္ဂါဆီ'ကမူ အစ္စရေး၏ အမျိုးသားဓလေ့စရိုက် သီးခြားလက္ခဏာ စိတ်ဓာတ်အဖြစ်သာ ခံယူထား၏။

'ပဲရိဇ်'ကတော့ သိပ်ဘဝင်မကျ။ 'ပဲရိဇ်' သဘောမကျလျှင် 'အဂ္ဂါဆီ'သည် သူ့စိတ်ကူးကို ဆက်မလုပ်ရဲ။ ဓာတ်ဆီမသုံးသောကား စိတ်ကူးကို 'အဂ္ဂါဆီ'က ပြောသောအခါ 'ပဲရိဇ်'က သူ့ကိုခေါ်ကာ "အပြောကတော့ ကောင်းပါရဲ့။ ဒါပေမဲ့ မင်းက ဘာများ ဆက်လုပ်တော့ဦးမှာမို့လို့လဲ"ဟု ပြော၏။

"ကျွန်တော်က ပဟေဠိတစ်ခုကို အဖြေရှာနေရုံလောက်ပါပဲ။ ပြဿနာက အခုမှ စိတ်ကူးအဆင့်ပဲ ရှိပါသေးတယ်"ဟု 'အဂ္ဂါဆီ'က ပြန်ဖြေလိုက်သည်။

"ဒါကို မင်းက တကယ်ပဲ လုပ်နိုင်လို့လား။ ကမ္ဘာမှာ ရေနံမသုံးတာထက် ပိုအရေးကြီးတဲ့ကိစ္စ မရှိဘူးလား။ မင်းမလုပ်ရင်ကော ဘယ်သူလုပ်မှာလဲ" စသဖြင့် 'ပဲရိဇ်'က သူ့ကို မေးခွန်းတွေ ဆက်ထုတ်၏။ နောက်ဆုံးကျတော့ "မင်းကို ငါ ဘာကူညီရမလဲ"ဟူသော အမေးဖြင့် အဆုံးသတ်ခဲ့၏။

'ပဲရိဇ်'သည် ကူညီဖို့ရာ စိတ်အားထက်သန်၏။ ၂၀၀၆ ခုနှစ် ခရစ္စမတ်အပြီး ၂၀၀၇ ခုနှစ်၏ ပထမရက်များ အတွင်းတွင် သူသည် 'အဂ္ဂါဆီ'အတွက် အစ္စရေးထိပ်တန်း စက်မှုလုပ်ငန်းများ၊ အစိုးရခေါင်းဆောင်များနှင့် အစည်းအဝေးပေါင်း ငါးဆယ်ကျော် ခေါ်ယူပေးခဲ့၏။ ထိုပုဂ္ဂိုလ်များထဲတွင် ဝန်ကြီးချုပ်ပါ ပါ၏။

"မနက်တိုင်း သူ့ရုံးမှာ အစည်းအဝေး လုပ်တယ်။ ကျွန်တော်က ပြီးခဲ့တဲ့ အစည်းအဝေး ဆုံးဖြတ်ချက်တွေကို သူ့ကို အကျဉ်းချုပ် ပြောပြရတယ်။ နောက်ပြီးရင် သူက ဖုန်းတွေ လှမ်းဆက်ပြီး နောက်နေ့ အစည်း

အဝေးတွေအတွက် စပြီး စီစဉ်တော့တာပဲ''ဟု 'အဂ္ဂါဆီ'က ပြောပြ၏။

''ဒီလို ချိန်းဆိုတာမျိုးတွေဟာ ပဲရိဇ် လုပ်မပေးရင် ကျွန်တော် ဘယ်လိုမှ လုပ်လို့မရတဲ့ ကိစ္စတွေပါ''ဟုလည်း ပြော၏။

'ပဲရိဇ်'သည် ကမ္ဘာ့အကြီးဆုံး ကားထုတ်လုပ်သူ ငါးဦးထံ 'အဂ္ဂါဆီ' ၏ စိတ်ကူးကို ပူးတွဲပေးပို့လျက် ဖိတ်ကြားခဲ့၏။ ထို့ကြောင့် ယခု ဆွစ်ဇာလန်ပိုင် ဟိုတယ်ဧည့်ခန်းတွင် သူတို့က စောင့်ဆိုင်းကာ သူတို့၏ နောက်ဆုံး အခွင့်အရေးအဖြစ် ရင်ခုန်နေကြခြင်း ဖြစ်၏။

''ပထမအစည်းအဝေးမတိုင်မီအထိ ပဲရိဇ်က ကျွန်တော့်ကို ဆော့ဖ်ဝဲသမားရဲ့ စိတ်ကူးလောက်ကိုပဲ ကြားဖူးခဲ့သေးတာ။ ကျွန်တော် ဘာသိမလဲ။ ဒါပေမဲ့ သူက ကျွန်တော့်အတွက် စွန့်စားပေးတယ်''ဟု 'အဂ္ဂါဆီ'က ပြော၏။ အစည်းအဝေး တော်တော်များများတွင် လုပ်ငန်းရှင်များက ဤအစီအစဉ် မဖြစ်နိုင်ပါဟု 'ပဲရိဇ်'ကို ပြောခဲ့ကြ၏။ 'အဂ္ဂါဆီ'ခမျာတော့ အရှက်ကွဲပြီးရင်း ကွဲခြင်း။

''ကျွန်တော်တော့ ဒီနိုင်ငံတကာသိ နိုင်ငံရေးသမားကြီးအတွက် လုံးဝကို စိတ်ကသိကအောင့် ဖြစ်မိတယ်။ သူဟာ သူ ဘာပြောနေသလဲ ဆိုတာကို လုံးဝ သိပုံမရဘူး''ဟု 'အဂ္ဂါဆီ'က ပြောပြ၏။

ယခု သူတို့၏ ဒုတိယကြိုးပမ်းမှု စတင်ပါတော့မည်။ 'ကာလိုဇ် ဂုံးဇ်'သည် 'ရေးနော့နှင့် နီဆန်း'ကုမ္ပဏီ၏ စီအီးအို။ သူက အနုပညာရှင်ဘဝမှ စီးပွားရေးလောကသို့ ဝင်ရောက်လာပြီး အောင်မြင်သူအဖြစ် လူသိများ၏။ သူက ဘရာဇီးမှာ မွေးသည်။ မိဘများက လက်ဘနွန်လူမျိုးတွေ။ သူသည် ဂျပန်တွင် နီဆန်းကုမ္ပဏီအတွက် တာဝန်ယူလုပ်ပေးရင်းဖြင့် ကျော်ကြားလာသူ ဖြစ်၏။ သူစလုပ်တုန်းက အကြီးအကျယ် ရှုံးခဲ့ပြီး နှစ်နှစ်ကြာတော့ အမြတ်များများထွက်အောင် လုပ်နိုင်ခဲ့၏။ ကျေးဇူးတင်တတ်သော ဂျပန်တို့က သူ့အကြောင်းကို အခြေပြုကာ ကောမစ် စာအုပ်များပင် ရေးပြီး ဂုဏ်ပြုခဲ့ကြသည်။

'ပဲရိဇ်'သည် စကားကို တိုးညှင်းစွာပြောသဖြင့် 'ဂုံးဇ်'ပင် ကြားတစ်ချက် မကြားတစ်ချက်။ အတော်အာရုံစိုက် နားထောင်နေရ၏။ 'အဂ္ဂါဆီ'

ကမူ အံ့သြတကြီး စိတ်လှုပ်ရှားစွာဖြင့် နားထောင်နေ၏။ 'အဂ္ဂါဆီ' မျှော်လင့်ထားသည်မှာ 'ပဲရိစ်'သည် သူထင်ထားသလို ပြောစေချင်သည်။

"ရှဲရဲ့ လျှပ်စစ်ကား လုပ်ချင်တယ်ဆိုတဲ့ စိတ်ကူးက တော်တော်ကြီးကို ပြင်းပြနေတယ်။ ကျွန်တော် သူ့ကို ဒါနဲ့ပတ်သက်လို့ ရှင်းပြခိုင်းပါတယ်။ သူပြောပြီးမှ ခင်ဗျားတို့ ထင်မြင်ချက်လည်း ပြန်ပြောပေါ့"

ထိုသို့ဖြစ်မည့်အစား ယခုတော့ 'ပဲရိစ်'က သူကိုယ်တိုင် ပို၍ စိတ်အားထက်သန်စွာ လျှပ်စစ်ကားအကြောင်း ပြောနေခြင်းပင် ဖြစ်၏။

"ရေနံခေတ်က ကုန်ပြီ။ မြေကြီးထဲက ထပ်ထွက်နေ၊ ထွက်ဆဲဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ ကမ္ဘာကြီးက ရေနံကို ထပ်မလိုချင်တော့ဘူး။ ဒါ့အပြင် ရေနံက နိုင်ငံတကာ အကြမ်းဖက်ဝါဒကို ငွေကြေးထောက်ပံ့နေသလို၊ ကမ္ဘာကြီး မတည်ငြိမ်မှုကို အားပေးနေသလို ဖြစ်နေတယ်။ ကတ်ဒ်ဒုံးပျံတွေရဲ့ အန္တရာယ်ကိုလည်း ကာကွယ်ဖို့ ကျုပ်တို့ မလိုတော့ဘူး။ ရေနံကို ဖြတ်နိုင်ရင် ဒါတွေလည်း အလိုလို ရပ်ကုန်မှာပဲ"ဟု သူက ဆက်ပြောကာ လျှပ်စစ်ကား ပေါ်ထွန်းရေးကို ဦးတည်ပြောနေ၏။

သူပြောသည်မှာ ငါးမိနစ်ကျော်သွားတော့ ဧည့်သည်ဖြစ်သူကပင် စကား စ,ဖြတ်ရ၏။

"ဒီမှာ မစ္စတာပဲရိစ်၊ ကျွန်တော်လည်း ရှဲရဲ့စာတန်းကို ဖတ်ပြီးပါပြီ။ သူ တွက်ပြတာလည်း သီပ်ကို မှန်ပါတယ်။ ကျွန်တော်တို့လည်း သူနဲ့ တစ်သဘောတည်းပဲ။ အနာဂတ်ဟာ လျှပ်စစ်ပဲဆိုတာ ကျွန်တော်တို့ထင်တယ်လေ။ ကျွန်တော်တို့မှာ ကားက ရှိနေပြီ။ လိုတာက ဘက်ထရီပဲ" 'ဂုံးဒ်'က ပြော၏။

'ပဲရိစ်'လည်း အံ့သြနေ၏။ ယခင် မိနစ်ပိုင်းတုန်းက သူတို့ပင် လျှပ်စစ်ကားက မဖြစ်နိုင်၊ မျိုးစပ်ပုံစံမျိုးပဲ ရနိုင်မည်ဟု သူတို့ ငြင်းခဲ့သေး၏။ 'ပဲရိစ်'နှင့် 'အဂ္ဂါဆီ'တို့ကမူ မျိုးစပ်ပုံစံမျိုးက အလုပ်မဖြစ်သည်ကို ယခင်ကပင် သိပြီးသား။ လျှပ်စစ်နှင့် ဓာတ်ဆီ လောင်စာနှစ်ခုလုံး သုံးရမည့်ပုံစံက မည်သို့ အဓိပ္ပာယ်ရှိမည်နည်း။ ထိုသို့ နှစ်မျိုးစပ်ကားက ပို၍ပင် အကုန်အကျများဦးမည်။ ထိုသို့လုပ်၍လည်း ဓာတ်ဆီ လုံးဝ အသုံးရပ်သွားနိုင်မည် မဟုတ်။

"ဒီလို မျိုးစပ်ကားက ရေသူမနဲ့ တူနေတယ်။ ခင်ဗျားက ငါးလိုချင်ရင် အမျိုးသမီးပါ ယူရမယ်။ အမျိုးသမီးလိုချင်ရင်လည်း ငါးပါယူရမယ့်ကိန်းဆိုက်နေပုံပဲ"ဟု 'ဂုံးဓိ'က ပြော၏။

'ပဲရိဓ'နှင့် 'အဂ္ဂါဆီ'တို့က ဟက်ဟက်ပက်ပက် ရယ်လိုက်ကြ၏။ ခုမှ အတော် အသက်ရှူ ချောင်သွားသည့်ပုံစံလည်း ပါ၏။ သူတို့နှင့်သဘောထား အမြင်တူသူတစ်ဦး ရပြီဟု ဆိုနိုင်၏။ သူက အကောင်းမြင်သူ ဖြစ်သော်လည်း လျှပ်စစ်ကားတွေလုပ်ဖို့ အခက်အခဲများကား တန်းစီရှိနေသေး၏။ ဘက်ထရီများက အလွန်ဈေးကြီး၏။ ဘက်ထရီအားသွင်းဖို့ကလည်း အချိန်သိပ်ကြာ၏။

'အဂ္ဂါဆီ' ရှင်းပြရမည့်အလှည့် ရောက်လာ၏။ လျှပ်စစ်ကားများက ဈေးကြီးပုံရသည်ဟု ဆိုကြသည်။ ဤသည်မှာ ဘက်ထရီဈေးကြီး၍ဖြစ်၏။ သို့သော် ဘက်ထရီနှင့် ကားကို ရောင်းခြင်းသည် ဓာတ်ငွေ့သုံးကားများလို နှစ်ပေါင်းများစွာ ကြာရှည်သုံးနိုင်သော ဓာတ်ဆီများနှင့် တွဲရောင်းသည်နှင့် တူနေ၏။ ရေရှည်ကြည့်လျှင် လျှပ်စစ်ကားက ပို၍ အကုန်အကျ သက်သာနေ၏။ လျှပ်စစ်က တစ်မိုင်ကို ခုနစ်ဆင့်သာ ကုန်မည်။ (ဘက်ထရီနှင့် ၎င်းကို အားသွင်းသော လျှပ်စစ်ဓာတ်အားခ အပါအဝင်) ဓာတ်ဆီဆိုလျှင် တစ်မိုင်ကို ဆယ်ဆင့်ကျမည်။ တစ်ဂါလံကို ၂.၅၀ ဒေါ်လာပဲ ထားပါတော့။ ဓာတ်ဆီက တစ်ဂါလံကို ၄ ဒေါ်လာဖြစ်လာလျှင် ဘက်ထရီက ပိုပြီးသက်သာလာချေဦးမှာ။ ကားဝယ်လျှင် ဘက်ထရီပါ တစ်ပါတည်း ဝယ်လာနိုင်ပါက ထိုဘက်ထရီသည် တစ်သက်လုံးသုံးရမည့် ဘက်ထရီ ဖြစ်၏။ ကားသုံးသမျှ ကာလပတ်လုံး ထိုဘက်ထရီသာ သုံးလျှင် ပြီးရော။ လျှပ်စစ်ကားများသည် ဓာတ်ဆီကားများကဲ့သို့ပင် ဈေးသက်သာလာမည်။ ဘက်ထရီဈေးကလည်း ယခုဓာတ်ဆီဆိုင်မှာ ဓာတ်ဆီထည့်ရသလိုပင် ပေါ်လာမည်။

လွန်ခဲ့သော ရာစုတစ်ခေတ်က 'ဟင်နရီဖို့ဒ်' တီထွင်ခဲ့သော သယ်ယူပို့ဆောင်ရေးယာဉ်၏ နေရာတွင် 'အဂ္ဂါဆီ' ပြောသော 'ကား ၂.၀' လျှပ်စစ်ကားက အစားထိုး နေရာယူလာနိုင်မည်ဟု ဆို၏။ ငါးမိနစ် ဆီ

ဖြည့်ရုံမျှနှင့် မိုင် ၃၀၀ ထိ သွားနိုင်မည့်ကား။ 'ဂုံးဓိ'က စဉ်းစား၏။ လျှပ်စစ်ကားက ၄င်းကို ယှဉ်နိုင်ပါ့မလား။

'အဂ္ဂါဆီ'ကလည်း သူ့စိတ်ကူးများကို သူ တင်ပြနေ၏။

''လျှပ်စစ်ကားက ဘက်ထရီတွေကို နောက်ပိုင်းမှာ ဆဲလ်ဖုန်းတွေလို လုပ်လို့ရမယ်။ ဖုန်းတစ်ခါဝယ်ထား၊ ဓာတ်ခဲတော့ မကြာမကြာ အားသွင်းပေးပေါ့။ ဒါဆို သုံးပါလေ့ဗျာ''

လျှပ်စစ်ကား ဝယ်ယူလိုသူသည် ရောင်းမည့်နေရာသို့သွား။ မိုင်နှုန်းများနှင့် အသုံးပြုမည့်ဆိုင်တွေကို အခြေခံတွက်ချက်၊ စီမံကိန်းမှာ လက်မှတ်ထိုး။ သို့ဖြင့် သူ လျှပ်စစ်ကားကို ရပြီ။ သို့သော် ဝယ်ယူသည်ကား ဘက်ထရီကိုတော့ မပိုင်။ 'ဘက်တာပလေ့စ်' (ပိုမိုကောင်းမွန်နေရာ)ဆိုသော ဆဲလ်ဖုန်းအားသွင်းသော ဆိုင်ကဲ့သို့မျိုး နေရာကသာ ပိုင်မည်။ ၄င်းက ဘက်ထရီ အားသွင်းပေးမည်။ တစ်ခါသွင်းလျှင် လေးနှစ်စာ သို့မဟုတ် ဒီထက် ပို၍ကြာကြာ။ ကားပိုင်ရှင်က သူ သုံးသမျှ အချိုးကျ လစဉ် အရစ်ကျ ငွေလာသွင်း။ ဘက်ထရီခနှင့် လျှပ်စစ်အား သွင်းခ။

လျှပ်စစ်ကားကို ဘာကြောင့် အစ္စရေးနိုင်ငံတွင် စတင်ထုတ်လုပ်မှာလဲ ဟူသော မေးခွန်း၏ အဖြေကိုလည်း 'အဂ္ဂါဆီ'က ရှာထားပြီးသား။ ပထမအကြောင်းပြချက်မှာ နိုင်ငံအရွယ်အစား ဖြစ်၏။ အစ္စရေးသည် လျှပ်စစ်ကားများအတွက် အကောင်းဆုံးနေရာ ဖြစ်၏။ နိုင်ငံက သေးသည့်အပြင် အိမ်နီးနားချင်းနိုင်ငံများကလည်း မသင့်မတင့် ရန်တွေ ပွားနေကြသဖြင့် နယ်မြေ အကန့်အသတ်ကလည်း ရှိနေ၏။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးက သီးခြားအကန့်နှင့် ဖြတ်ထားသလို ဖြစ်နေသည်။ မည်သည့်ကားမှ ဝေးဝေးသွား၍ မရ။ ထို့ကြောင့် လျှပ်စစ်ကားနှင့် အံကိုက်ဖြစ်နေ၏။ ဤသည်မှာ ပထမအချက်ဖြစ်၏။ ဒုတိယအချက်အနေဖြင့် အစ္စရေးလူမျိုးများသည် လောင်စာဆီအပေါ် မှီခိုမှုနှင့်ပတ်သက်၍ စီးပွားရေးအရသာမက သဘာဝပတ်ဝန်းကျင်ပိုင်းဆိုင်ရာ အနေဖြင့်ပါ ကောင်းစွာ နားလည်ကြသူများသာ ဖြစ်ကြသည်။ ထို့ပြင် ရေနံကို အားကိုးခြင်းကြောင့် ဖြစ်လာမည့် နောက်ဆက်တွဲ နိုင်ငံရေးပြဿနာများကိုလည်း အစ္စရေးလူမျိုးများက ကောင်းကောင်း သဘောပေါက်ကြ၏။ တတိယအချက်အနေနှင့် အစ္စရေးလူမျိုး

များ အင်တာနက်သုံးသည့်အချိန်မှာ ကမ္ဘာပေါ်တွင် နံပါတ်တစ် ဖြစ်၏။ ဆဲလ်ဖုန်းဆိုလျှင်လည်း ၁၂၅ သန်း သုံးသည်ဟု ဆိုရမည်။ ဆိုလိုသည်မှာ လူတစ်ဦးလျှင် ဆဲလ်ဖုန်းတစ်လုံးထက် ပိုရှိကြသည်။ ထို့ပြင် အစ္စရေးတွင် ကမ္ဘာ့ထိပ်တန်း အင်ဂျင်နီယာများလည်း ရှိ၏။ ထိပ်ဆုံးအဆင့် သုတေသနကိုလည်း လုပ်ကိုင်နေသည့်နိုင်ငံ ဖြစ်၏။ ထို့ကြောင့် အစ္စရေးနိုင်ငံသည်သာ လျှပ်စစ်ကားကို ကြိုးပမ်းတီထွင်ရန် အကောင်းဆုံး နေရာဒေသဖြစ်နေသည်။ 'အဂ္ဂါဆီ'ကတော့ သည့်ထက်ပင် ပိုတွက်ထားသေးသည်။ 'အင်တဲလ်' သည် အစ္စရေးအတွက် ချစ်စ်များကို အစုလိုက် အပြုံလိုက် ထုတ်လုပ်နေပေရာ 'ရေးနော့နှင့် နီဆန်း'ကုမ္ပဏီများကရော ဘာကြောင့် ဤနိုင်ငံတွင် ကားများ လာမထုတ်နိုင်မှာလဲ။ 'ဂိုးခ်'ကမူ သူတို့အဖို့ တစ်နှစ်လျှင် ကား ငါးသောင်းထုတ်မှ ကိုက်မည်ဟုဆို၏။ 'ပဲရိခ်'က တစ်နှစ်ကို ကားတစ်သိန်း ထုတ်ရန် ပြော၏။

'အဂ္ဂါဆီ'ကမူ အချက်သုံးချက်ကြားတွင် ညှပ်ပူးညှပ်ပိတ် ဖြစ်နေ၏။ သူက နိုင်ငံတစ်ခု လို၏။ ထိုအထဲမှ တစ်ခုခုရရန်အတွက် သူ့အဖို့ ပထမဆုံး နှစ်ခုရမှဖြစ်မည်။ ဥပမာ- 'ပဲရိခ်'နှင့် 'အဂ္ဂါဆီ'တို့က ဝန်ကြီးချုပ် 'အီဟွတ်အိုလ်မတ်'ထံ သွားကြကာ အစ္စရေးသည် ကမ္ဘာပေါ်တွင် ပထမဆုံး ရေနံကင်းလွတ်သော နိုင်ငံဖြစ်အောင် လုပ်မည်ဟုဆိုလျှင် ဝန်ကြီးချုပ်က အခြေအနေနှစ်ခုကို ချပြလိမ့်မည်။ 'အဂ္ဂါဆီ'သည် ထိပ်တန်း မော်တော်ယာဉ်ထုတ်လုပ်သူ ငါးဦးနှင့် သဘောတူ လက်မှတ်ရေးထိုးကာ ကနဦး ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ သန်း ၂၀၀ မြှုပ်နှံရမည်။ ကားရပ်နားရန် နေရာ သန်းတစ်ဝက်ကို ဘက်ထရီ အားသွင်းရာ နေရာများအဖြစ် ပြောင်းပစ်ရမည်။ 'အဂ္ဂါဆီ'သည် ကားထုတ်လုပ်သူ ဖြစ်လာလျှင် 'အိုလ်မတ်'၏ ဒုတိယအခြေအနေကို ဖြည့်ဆည်းဖို့ အချိန်ကျပြီ။ ဤအခြေအနေသည် ပိုက်ဆံ။

ဤအလုပ် စလုပ်တော့မည်ဆိုလျှင် 'အဂ္ဂါဆီ'သည် 'အက်စ်အေပီ'မှ အလုပ်ထွက်ကာ 'ပိုမိုကောင်းမွန်သောနေရာ'ကို ထူထောင်ရမည်။

သို့သော် ကမ္ဘာပေါ်မှ ရင်းနှီးမြှုပ်နှံသူများသည် ကမ္ဘာပေါ်တွင် အကြီးဆုံး၊ စွမ်းအင်အမြင့်ဆုံး အစီအစဉ်ကြီးကို ချက်ချင်း စိတ်မဝင်စား

ကြ။ ကားရယ်၊ လောင်စာဆီရယ်၊ လျှပ်စစ်ရယ်၊ ဤသုံးခုကို ချုပ်ကိုင်နိုင်ရန် အရင်းအနှီး သိပ်များ၏။ လျှပ်စစ်ကား မထုတ်လုပ်မီ နိုင်ငံတစ်ခုလုံးကို ဝါယာကြိုးများဖြင့် ဆက်သွယ်သည်ကပင် ဒေါ်လာ သန်း ၂၀၀ ကုန်လုပြီ။ ရင်းနှီးမြှုပ်နှံသူများအဖို့ ဤအသုံးစရိတ်ကို ကြားရသည်နှင့်ပင် ဦးနှောက် ချာချာလည်လှပြီ။ ၂၀၀၀ ပြည့်နှစ်တွင် တက်ခ် ဆပ်ပြာပူပေါင်း ပေါက်ကွဲခဲ့ပြီးနောက်ပိုင်း စွန့်စားထည့်ဝင် ရင်းနှီးမြှုပ်နှံမည့်သူများ နည်းလာ၏။ မည်သူမှ ငွေအမြောက်အမြား မစွန့်စားရဲတော့။ ချက်ချင်း ငွေမြန်မြန်ပေါ်မည့်ကိစ္စများသာ စိတ်ဝင်စားကြ၏။

ထိုအထဲတွင် ရှားရှားပါးပါး တစ်ဦးတော့ဖြင့် ရှိလေရဲ့။ အစ္စရေးဘီလျံနာ 'အိုင်ဒန်အော့ဖာ' ဖြစ်သည်။ သူသည် တရုတ်ပြည်တွင် တရုတ်ကားကုမ္ပဏီဖြစ်သော 'ချယ်ရီမော်တော်ကားကုမ္ပဏီ'တွင် အစ္စရေးလူမျိုးတစ်ဦးအနေဖြင့် ငွေအမြောက်အမြား ရင်းနှီးမြှုပ်နှံထားသည်။ ထို့ပြင် သူက ရေနံချက်စက်ရုံကြီးတစ်ခုကိုလည်း ဝယ်ထားသူဖြစ်၏။ ထို့ကြောင့် သူသည် မော်တော်ကားရော၊ ဓာတ်ဆီပါ ကျွမ်းကျင်နှံ့စပ်သူ ဖြစ်၏။ 'ပို၍ကောင်းသော နေရာ'တွင် ရင်းနှီးမြှုပ်နှံထားသူ အမေရိကန် စီးပွားရေးလုပ်ငန်းရှင် 'မိုက်ဂရန်နော့ဖ်'က 'အော့ဖာ'ကို ကမ်းလှမ်းရန် 'အဂ္ဂါဆီ'ကို တိုက်တွန်း၏။ ''သူ့စီးပွားရေးလုပ်ငန်းသစ်နှစ်ခုလုံး ထိခိုက်မယ့်ကိစ္စမျိုး သူ ဘယ်လုပ်မလဲဗျာ''ဟု 'အဂ္ဂါဆီ'က ငြင်းခဲ့၏။ သို့သော် 'အဂ္ဂါဆီ'အတွက် အရှုံး မရှိပါချေ။

အစည်းအဝေးလုပ်ပြီး လေးဆယ့်ငါးမိနစ်အကြာတွင် 'အော့ဖာ'က 'အဂ္ဂါဆီ'ကို ဒေါ်လာ သန်း ၁၀၀ ထည့်ဝင်မည်ဟု ကတိပေး၏။ မကြာမီမှာပင် သူက နောက်ထပ် ဒေါ်လာ သန်း ၃၀ ထပ်ထည့်ပြန်၏။ ထို့နောက် သူ၏ တရုတ်မော်တော်ကားအဖွဲ့ကိုလည်း သူ လျှပ်စစ်ကားလုပ်လိုကြောင်း လမ်းညွှန်သည်။

'အဂ္ဂါဆီ'ကလည်း သူ၏ ရင်းနှီးမြှုပ်နှံမှုကို ဒေါ်လာ သန်း ၂၀၀ ထိ မြှင့်လိုက်၏။ သို့ဖြင့် 'ပိုမိုကောင်းမွန်သောနေရာ'မှာ သမိုင်းတွင် အဦးအစ တည်ထောင်သော ကုမ္ပဏီများထဲ၌ ပဌမမြောက် အကြီးဆုံး ကုမ္ပဏီ ဖြစ်လာ၏။ အစ္စရေးက ပဌမဆုံး စမ်းသပ်အဆင့်ကို လုပ်၏။

အခြားနိုင်ငံများကလည်း လျင်မြန်စွာ လိုက်လာ၏။ ဒိန်းမတ်၊ ဩစတြေးလျ၊ ဆန်ဖရန်စစ္စကို၊ ဟာဝိုင်ယီ၊ အွန်တာရီယို။ သူတို့အားလုံးကလည်း 'ပိုမို ကောင်းမွန်သောနေရာ' အစီအစဉ်တွင် ပါဝင်ကြမည်ဖြစ်ကြောင်း ကြေညာ ကြ၏။ 'ပိုမိုကောင်းမွန်သော နေရာ'သည် လျှပ်စစ်မော်တော်ယာဉ်စနစ် ကို ဂျပန်နိုင်ငံအတွက် ထုတ်လုပ်ပေးမည့် တစ်ခုတည်းသော နိုင်ငံခြား ကုမ္ပဏီ ဖြစ်၏။

ဤစီမံကိန်းကို သံသယရှိသူများထဲတွင် မာစီးဒီး သုတေသနနှင့် ထုတ်လုပ်သူ တာဝန်ခံအကြီးအကဲ 'သောမတ်စ်ဝက်ဘာ'လည်း ပါ၏။ သူက ၁၉ ရက်တွင် လျှပ်စစ်ဘတ်စ်ကားကို တီထွင်ခဲ့၏။ 'အယ်လ်အီး ၃၀၆'ဟု ခေါ်သော ဘက်ထရီနှင့် မောင်းနှင်ခဲ့သည်။ သို့သော် ဘက်ထရီ အားသွင်းသောအခါ မီးတွေ ထ,တောက်သဖြင့် အကြံအစည်ကို လက် လျှော့လိုက်ရ၏။

'ပိုမိုကောင်းမွန်သောနေရာ'သည် ဘက်ထရီ ဘေးကင်းရန်ကင်း သက်သောင့်သက်သာ ထုတ်လုပ်ရန် ကြိုးစားရမည့် ကုမ္ပဏီဖြစ်၏။ ဘက် ထရီ အားသွင်းမှုကို ၆၅ စက္ကန့်အတွင်း ပြီးစီးနိုင်အောင် တီထွင်ကြ၏။ ဘက်ထရီ အလေးချိန်ကမူ ပေါင်တစ်ရာကျော် ရှိ၏။ လေတပ် ဗုံးကြဲ လေယာဉ်များတွင် ပေါင် ၅၀၀ လေးသော ဗုံးကို ချိတ်ဆွဲထားသည့် ချိတ်မျိုးဖြင့် ကားပေါ်တွင် ပင့်သယ်ထား၏။ ဒါတွေက အစီအစဉ်မူကြမ်း တွေ ဖြစ်၏။ အောင်မြင်လျှင်ကား အစ္စရေးမှသည် ကမ္ဘာ့အနှံ့သို့ ပျံ့ပွား သွားလိမ့်မည်။

'ပိုမိုကောင်းမွန်သောနေရာ' ကုမ္ပဏီနှင့် 'ရှေးအဂ္ဂါဆီ'ကဲ့သို့သော ရင်းနှီးမြှုပ်နှံသူမျိုးမှာ ပေါ်တောင့်ပေါ်ခဲ ဖြစ်၏။ ဒါမျိုး အကြံအစည်က လည်း အစ္စရေးမှသာ လုပ်နိုင်ခဲ့မည်။

ကိန်းဂဏန်းအရ ပြဆိုရပါလျှင် အစဦး တီထွင်လုပ်ဆောင်မှု စုစု ပေါင်း ၃၈၅၀ ရှိလျှင် အစ္စရေးလူမျိုး ၁,၈၄၄ ဦးသည် တီထွင်မှုတစ်ခုခု ထဲတွင် ပါဝင်သည့်နှုန်း ရှိနေ၏။

၂၀၀၈ ခုနှစ်တွင် အစ္စရေးနိုင်ငံသည် စွန့်စားရင်းနှီးမြှုပ်နှံမှု တစ်ဦး ချင်း နှုန်းထားမှာ အမေရိကန်ထက် ၂.၅ ဆ များ၏။ ဥရောပထက်

အဆ ၃၀ များ၏။ တရုတ်ထက် အဆ ၈၈ များ၏။ အိန္ဒိယထက် အဆ ၃၅၀ များ၏။ လူဦးရေ ၇.၂ သန်းသာရှိသော အစ္စရေးနိုင်ငံတွင် ကနဦး ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂ ဘီလျံရှိ၏။ ၎င်းကိန်းဂဏန်းသည် လူဦးရေ ၆၁ သန်းရှိသော ဗြိတိန် သို့မဟုတ် လူဦးရေ ၁၄၅ သန်းရှိသော ဂျာမနီ၊ ပြင်သစ် နှစ်နိုင်ငံပေါင်းတို့လောက် ရှိ၏။ ၂၀၀၇၊ ၂၀၀၈ တွင် အစ္စရေး နိုင်ငံ၏ လူတစ်ဦးချင်း စွန့်စားရင်းနှီးမြှုပ်နှံမှုမှာ အိန္ဒိယ၊ ကိုရီးယား၊ တရုတ်၊ စင်ကာပူ၊ ပြင်သစ်၊ ယူအေအီး၊ ဗြိတိန်၊ ဒိန်းမတ်၊ အိုင်ယာလန်၊ အမေရိကန် တို့ထက် များ၏။ ၂၀၀၇ တွင် ဒေါ်လာ သန်း ၂၀၀ ကျော်မှ ၂၀၀၈ ခုနှစ်တွင် ဒေါ်လာ သန်း ၂၆၀ ကျော်ထိပင် ရှိ၏။

အမေရိကန်နိုင်ငံပြီးလျှင် အစ္စရေးသည် ကမ္ဘာပေါ်တွင် ကုမ္ပဏီ အများဆုံးဖြစ်၏။ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းတွင် သုံးစွဲမှု ငွေပမာဏ သည်လည်း အစ္စရေးသည် ကမ္ဘာ့ခေါင်းဆောင်တစ်ဦးနေရာတွင် ရှိနေ၏။

၁၉၉၅ မှစ၍ အစ္စရေးသည် ကမ္ဘာပေါ်တွင် စီးပွားရေးတိုးနှုန်း အမြင့်ဆုံးနိုင်ငံတစ်ခု ဖြစ်လာ၏။ ဆက်တိုက် ဆင်နွှဲရသော စစ်ပွဲများကြား တွင်ပင် နိုင်ငံ၏ စီးပွားရေးသည် ကျဆင်းမသွား။ ၂၀၀၀ ပြည့်နှစ်နောက် ပိုင်း ၆ နှစ်အတွင်းတွင် အစ္စရေးသည် ကမ္ဘာလုံးဆိုင်ရာ နည်းပညာ ပူး ပေါင်းပေါက်ကွဲမှု ခံရခြင်းသာမက သမိုင်းတွင် အဆိုးရွားဆုံးသော အကြမ်း ဖက် တိုက်ခိုက်မှုလည်း အခံရဆုံး၊ ဒုတိယ လက်ဘနွန်စစ်နှင့်လည်း ကြုံရသည့်နိုင်ငံ ဖြစ်ခဲ့၏။ သို့သော် ကမ္ဘာလုံးဆိုင်ရာ စွန့်စားရင်းနှီးမြှုပ်နှံမှု ဈေးကွက်ကား ကျဆင်းမသွား။ ၁၅ ရာနှုန်းမှ ၃၁ ရာနှုန်းအထိ နှစ်ဆ တိုးပင် တက်လာခဲ့၏။ တဲလ်အဗစ်စတော့ လဲလှယ်မှုသည် လက်ဘနွန် စစ် နောက်ဆုံးနေ့တွင် ပထမနေ့ထက်ပင် မြင့်တက်လာသေး၏။ ၂၀၀၉ ခုနှစ်တွင် ဂါဇာကမ်းမြောင်ဒေသ၌ ရက်သတ္တပတ် သုံးပတ် စစ်ဆင်ရေး ပြုစဉ် ကာလအတွင်း ဖြစ်၏။

အစ္စရေး၏ စီးပွားရေးဇာတ်လမ်းသည် စိတ်ဝင်စားစရာကောင်းလှ သည်။ 'အဂ္ဂါဆီ'၏ မိသားစုသည် ၁၉၅၀ တွင် အီရတ်မှ အစ္စရေးသို့ ဝင်လာကြ၏။ အစ္စရေးနိုင်ငံ ထူထောင်ပြီး နှစ်နှစ်အကြာတွင် ဖြစ်၏။ 'အဂ္ဂါဆီ'တို့ မိသားစုသည် အာရပ်ကမ္ဘာမှ ထွက်ပြေးလာကြသော စစ်ပြေး

ဒုက္ခသည် တစ်သန်းထဲတွင် အပါအဝင်ဖြစ်၏။ သူတို့သည် အစ္စရေးနိုင်ငံ ထူထောင်ပြီးနောက် ဝင်လာကြ၏။ ထိုအချိန်တွင် သက်တမ်းနုနယ်လှသော ဂျူးနိုင်ငံလေးသည် ကြီးမားသော စိန်ခေါ်မှုနှစ်မျိုးနှင့် ရင်ဆိုင်နေရ၏။ လွတ်လပ်ရေးအတွက် မတိုက်မဖြစ် တိုက်ပွဲကို ဆင်နွှဲနေရခြင်းနှင့် စစ်ပြီး နောက်ပိုင်း ဥရောပနှင့် ပတ်ဝန်းကျင် အာရပ်နိုင်ငံများမှ စစ်ပြေးဒုက္ခသည် များ အလုံးအရင်းနှင့် ဝင်လာမှု ပြဿနာတို့ ဖြစ်ကြ၏။

အစ္စရေးနိုင်ငံ လူဦးရေသည် နိုင်ငံထူထောင်ပြီး ပထမ နှစ်နှစ်အကြာ တွင်ပင် နှစ်ဆတိုးလာ၏။ နောက်ထပ် ၇ နှစ်အတွင်းတွင် သုံးဆ တိုးလာ ၏။ အစ္စရေးနိုင်ငံသား သုံးဦးတွင် နှစ်ဦးက နောက်မှရောက်လာသူ လူသစ် များ ဖြစ်ကြ၏။ စစ်ပြေးဒုက္ခသည်များကို သေနတ်တစ်လက်စီ ပေးကာ သေနတ်ပင် မပစ်တတ်မီ တိုက်ပွဲဝင်ခိုင်း၏။ နာဇီအကျဉ်းစခန်းမှ လွတ် မြောက်လာသူအချို့သည် သူတို့ နာမည်စာရင်း အသွင်းမခံရမီမှာပင် တိုက်ပွဲ တွင်း၌ ကျဆုံးခဲ့ကြရ၏။ အစ္စရေးနိုင်ငံ ထူထောင်မှုစစ်ပွဲတွင် ကျဆုံးခဲ့ရ သော အစ္စရေးလူမျိုး အရေအတွက်သည် အမေရိကန်လူမျိုးများ စစ်ပွဲနှစ်ပွဲ ပေါင်းအတွင်း ကျဆုံးသည့် အရေအတွက်ထက် ပိုများ၏။

အသက်ရှင် ကျန်ရစ်သူများသည် တုံ့ဆိုင်းနေသော စီးပွားရေးနွံထဲ တွင် ရုန်းကန်ရပြန်၏။

"အရာရာကို ရာရှင်နဲ့ပဲ ဝယ်ရတယ်။ လူတိုင်းမှာ ကူပွန်စာအုပ် တွေ ရှိတယ်။ တစ်ပတ်ကို ကြက်ဥတစ်လုံး ရတယ်။ ကြက်ဥတစ်လုံးရဖို့ စီလိုက်ရတဲ့ တန်းက အရှည်ကြီး။ အစ္စရေးလူမျိုးတွေရဲ့ အဲဒီတုန်းက လူနေ မှုအဆင့်အတန်းက ၁၈၀၀ ခုနှစ်များက အမေရိကန်တွေရဲ့ အဆင့်လောက် ပဲ ရှိတယ်"ဟု စစ်ပြေးဒုက္ခသည်များက ပြန်ပြောင်းပြကြ၏။ ဤသို့သော ကနဦး ထူထောင်ကာစ နိုင်ငံသစ်လေးက နှစ် ၆၀ အတွင်း စီးပွားရေး အဆ ၅၀ တိုးလာသည့် အဆင့်မြင့် နည်းပညာရှင်နိုင်ငံကြီး မည်သို့ ဖြစ် ပေါ်လာပါသနည်း။ လက်ထဲ ငွေ ချူးတစ်ပြားမှပင် မပိုင်ဆိုင်သော စစ်ပြေး ဒုက္ခသည်များက ဤမြေကို မည်သို့မည်ပုံ ကမ္ဘာ့စီးပွားရေးအင်အား အတောင့် တင်းဆုံး နိုင်ငံကြီးအဖြစ် ပြောင်းလဲပစ်ကြပါသနည်း။

ဤမေးခွန်းများ၏အဖြေကို အစ္စရေးနိုင်ငံရေး ဘောဂဗေဒပါရဂူ 'ဂီဒီဂရင်းစတိန်း'၏ စကားဖြင့်ပင် တိုတိုတုတ်တုတ် အဖြေပေးရပါမည်။

"ကြည့်လေ။ ကျွန်တော်တို့က လူဦးရေကို ငါးဆတိုး၊ စစ်ပွဲတွေ သုံးကြိမ်တိုက်ပြီး အမေရိကန်နဲ့ အဆင့်တူ စီးပွားရေးရအောင် စီးပွားရေး အဆင့်ကို နှစ်ဆ တိုးပစ်လိုက်ကြတယ်လေ။ ဒါက ကမ္ဘာ့စီးပွားရေးသမိုင်းမှာ ဘယ်သူမှ လုံးဝဥဿုံ မယှဉ်နိုင်တဲ့အချက်ပဲ"

ထို့နောက် အစ္စရေး စီးပွားရေး လုပ်ငန်းရှင်များသည် မည်သူမျှ မစဉ်းစားနိုင်သော ပုံစံများဖြင့် ဆက်လက် လုပ်ကိုင်နေကြသေးသည်ဟု သူက ပြော၏။

ရာစုနှစ်ပေါင်းများစွာ မြင့်မြတ်သောမြေအဖြစ် ဘုရားဖူးများ တန်ဖိုးထားကြသည့် နေရာဒေသတွင် ယခုတော့ ရည်ရွယ်ချက်မျိုးစုံနှင့် ပုဂ္ဂိုလ်တွေ ပျားပန်းခတ်မျှ လာရောက် အခြေစိုက်နေကြရပြီ။ 'ဂူးဂဲလ်'ကုမ္ပဏီ၏ စီအီးအိုနှင့် ဥက္ကဋ္ဌ 'အဲရစ်ရှမစ်'က "အမေရိကန်ဟာ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် ကမ္ဘာမှာ နံပါတ်တစ် အကောင်းဆုံးနေရာပါ။ အမေရိကန်ပြီးရင်တော့ အစ္စရေးက ဒုတိယ အကောင်းဆုံးပဲ"ဟု ပြော၏။ 'မိုက်ခရိုဆော့ဖ်'ကုမ္ပဏီမှ 'စတိဗ်ဘောလ်မာ'က "မိုက်ခရိုဆော့ဖ်ကုမ္ပဏီဟာ အမေရိကန်ကုမ္ပဏီနီးပါး ကောင်းတဲ့ အစ္စရေး ကုမ္ပဏီပဲ"ဟု ပြောသည်။ "အရွယ်အစားရော၊ အစ္စရေး ပညာရှင်တွေရဲ့ အရည်အသွေးအရပါ အမေရိကန်ကုမ္ပဏီတွေနဲ့ ယှဉ်နိုင်ပါတယ်"ဟု ဆို၏။ မည်သည့် နိုင်ငံခြားကုမ္ပဏီမှ ပစ္စည်းကိုမျှ မဝယ်ဘဲ ဆယ်ခုနှစ် တစ်ခုတိုင်အောင် တင်းခံခဲ့သော 'ဂါရင်ဘူဖေး'ပင်လျှင် အစ္စရေး ကုမ္ပဏီတစ်ခုမှ ဒေါ်လာ ၄.၅ ဘီလျံဖိုး ဝယ်ခဲ့၏။ ၂၀၀၆ လက်ဘနွန်စစ်ပွဲတွင် အစ္စရေး စ,တိုက်စဉ် ကာလက ဖြစ်၏။ ကမ္ဘာ့အမိက နည်းပညာကုမ္ပဏီများသည် အစ္စရေးကို လျစ်လျူရှု၍ မရတော့။ ကမ္ဘာ့ထိပ်တန်းနည်းပညာကုမ္ပဏီများထဲမှ တစ်ဝက်သည် အစ္စရေးထံမှ သုတေသန နည်းနာမခံယူဘဲ ကုမ္ပဏီ မထူထောင်ကြ။

"အစ္စရေးမှာ ကျွပ် နှစ်ရက်နေခဲ့တာ၊ ကမ္ဘာပေါ်က ကျန်တဲ့နေရာတွေမှာ တစ်နှစ်နေရတာထက် ပိုပြီး အခွင့်အလမ်းတွေ မြင်ခဲ့ရတယ်"ဟု 'ဖိလစ်ဆေးကုမ္ပဏီ'မှ ဒုတိယဥက္ကဋ္ဌ 'ပေါ်လ်စမစ်'က ပြောသည်။ ဗြိတိ

သျှ 'တယ်လီကွန်း'မှ ဒုတိယဉက္ကဋ္ဌ 'ဂယ်ရီရှင်းဘတ်ဂ်'ကလည်း "အတွေး အခေါ်ကောင်းတွေကို ပြန်ထုပ်ပိုးပြီး သေတ္တာသစ်ထဲမှာ ထည့်သလိုပဲ၊ အစ္စရေးရဲ့ အသစ်တီထွင်မှုတွေကတော့ မခန့်မှန်းနိုင်လောက်အောင်ကို ဆန်း ပြားလှပါတယ်"ဟုဆိုသည်။

"အစ္စရေးမှာ ဒါတွေအားလုံး ဘာကြောင့် ဖြစ်ပျက်နေတာလဲ။ ဝရန်းသုန်းကား ပရမ်းပတာအဖြစ်ဆုံး ဒီပေါက်စန နေရာဒေသလေးမှာ တီထွင်မှုအားလုံးက ပေါက်ဖွားနေတာ ဘာကြောင့်လဲ"ဟု 'အင်ဘီစီယူနီ ဗာဆယ်'၏ ဒုတိယဉက္ကဋ္ဌက မေးခွန်းထုတ်ကာ သုတေသနအဖွဲ့ကိုပင် အစ္စရေး မီဒီယာကုမ္ပဏီများထံ စေလွှတ် စုံစမ်းခိုင်းခဲ့၏။

ဤစာအုပ်တွင် ထိုလျှို့ဝှက်ချက်အဖြေကို ရှာဖွေရန် ကြိုးပမ်းထား ပါသည်။

'အစ္စရေးနိုင်ငံတွင်သာ ဖြစ်နိုင်ပြီး အခြားမည်သည့်နေရာတွင်မှ မဖြစ် ပျက်နိုင်သော ကိစ္စရပ်များ'

ကမ္ဘာပေါ်တွင် နိုင်ငံသေးသေးလေးတွေထဲတွင် စီးပွားရေးစံချိန်တင် နေကြသော နိုင်ငံများလည်း ရှိပါသေးသည်။ တောင်ကိုရီးယား၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)။ သို့သော် မည်သည့်နိုင်ငံမှ အစ္စရေးကဲ့သို့ စီးပွားရေး လုပ်ငန်းဆိုင်ရာ ယဉ်ကျေးမှုမျိုး မမွေးထုတ်ပေးနိုင်ကြ။

'လိုအပ်မှုရှိမှ တီထွင်ခြင်းပေါ်လာမည်'ဟူသော စကားကဲ့သို့ပင် ကံဆိုးမိုးမှောင် ဘေးအန္တရာယ်ကျရောက်မှုများမှ တီထွင်မှုဖြစ်လာသည်ဟု ပင် ဆိုရမည်လား မသိ။

အစ္စရေးက ဘာဖြစ်လို့ သိပ်တီထွင်နိုင်တာလဲဟု မေးကြည့်လျှင် အများစုက ဤသို့ ဖြေကြ၏။

"ဒါက သိပ်လွယ်ပါတယ်။ ဂျူးတွေက တော်တာကိုး။ ဒါကြောင့် အစ္စရေးက တီထွင်မှုရှိတာ ဘာဆန်းမှာမို့လဲ"

အစ္စရေးနိုင်ငံသည် အရွယ်ပမာဏ သေးငယ်၏။ လူဦးရေ နည်း၏။ ဤလူဦးရေ နည်းပါးသည့်အထဲတွင် လူမျိုးစုက ၇၀ လောက် ကွဲနေသေး သည်။ တစ်ယောက်က အီရတ်မှ စစ်ပြေးဒုက္ခသည် ဂျူး၊ နောက်တစ်ယောက် က ပိုလန်က၊ နောက်တစ်ယောက်က အီသီယိုးပီးယားက။ သူတို့သည်

ဘာသာစကား၊ ပညာအရည်အချင်း၊ ယဉ်ကျေးမှု၊ သမိုင်းနောက်ခံ လုံးဝ မတူကြ။ ထို့ကြောင့် လူမျိုးတစ်မျိုးထဲကြောင့် အစ္စရေးတီထွင်မှု အရှိဆုံး၊ စီးပွားရေးလောဘ်အမြင်ဆုံးဟု ပြော၍ကား မရ။ အစ္စရေး၏ လျှို့ဝှက်ချက်သည် ပုဂ္ဂလိက တစ်ဦးချင်း၏ အရည်အသွေးများကြောင့်ချည်း မဟုတ်သည်ကား သေချာ၏။ အခြားနိုင်ငံများတွင်လည်း ပါရမီရှင် ထူးချွန်ထက်မြက်သူတွေ ရှိကြပြီးသား။ အစ္စရေးမှာရှိသော ပညာရှင်ထက်ပင် အခြားနိုင်ငံတွေမှာက ပိုများသေး၏။ ဥပမာ- စင်ကာပူ ကျောင်းသားများဆိုလျှင် သိပ္ပံနှင့် သင်္ချာတွင် ကမ္ဘာမှာ အတော်ဆုံးတွေ။ လူမျိုးပေါင်းစုံတို့သည် အိန္ဒိယ၊ အိုင်ယာလန်တို့တွင် ဆိုင်တွေ ဖွင့်ထားကြ၏။ သို့သော် ထိုနိုင်ငံများတွင် သူတို့ စီးပွားရေးကို ဦးမဆောင်နိုင်ကြ။ အစ္စရေးနိုင်ငံမှ 'ဂူးဂဲလ်၊ စစ်စကို၊ မိုက်ခရိုဆော့ဖ်၊ အင်တဲလ်၊ အီးဘေး...' စာရင်းကား မဆုံးနိုင်တော့။ ၄င်းတို့သည် ကမ္ဘာပေါ်တွင် မရှိမဖြစ်သော အစ္စရေးကုမ္ပဏီတွေ။ ဤအစ္စရေးကုမ္ပဏီများဖြင့် ကျွန်တော်တို့ အသက်ရှင်ကြမည်။ သူတို့နှင့်ပင် သေကြမည်။ ဤသည်မှာ အကောင်းဆုံးထားရှိသည့် လျှို့ဝှက်ချက်ပင်။

အဖြေကား ရှာလေ နက်နဲလေ၊ ကျယ်ပြန့်လေ။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြသော 'ရှေးအဂ္ဂါဆီ'တို့လို ပုဂ္ဂိုလ်များ၏ ဇာတ်လမ်းများကိုသာ တစ်ခုစီကြည့်လျှင် အဖြေရနိုင်၏။ သူတို့၏ အားမာန်၊ စိတ်ဓာတ်၊ ရည်မှန်းချက်ကြီးမှု၊ မဆုတ်မနစ်သော ဇွဲ စသည် စသည်တို့သည်ပင် အစ္စရေးနိုင်ငံ ထူးချွန်မှု၏ အဖြေများ ဖြစ်သည်။

၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေး အကြပ်အတည်း မဖြစ်မီကတည်းက လေ့လာသူတို့က တွက်ချက် ဟောကိန်းထုတ်ခဲ့ကြပြီးပြီ။

"ကျွန်တော်တို့ကို ဝါးမြိုလွှမ်းမိုးသွားမှာက အိန္ဒိယနဲ့ တရုတ် ဆူနာမီတွေပဲ"

ထိုသို့ 'စတင်းဖို့ဒ် သုတေသနတက္ကသိုလ်'မှ 'ကားတစ်ကာလ်ဆန်' က တွက်ပြခဲ့၏။ အမေရိက၏ သတင်းအတတ်ပညာ၊ ဆေးပစ္စည်းထုတ်လုပ်မှု စသည်တို့ ပျက်ယွင်းကုန်ပြီ။ လူသန်းပေါင်းများစွာ အလုပ်ပြုတ်ကြပြီ။

အရှင်မြန်နေ၏။ ပတ်ဝန်းကျင်မှ ကာဗွန်ဒိုင်အောက်ဆိုက်ကိုလည်း များစွာ စုပ်ယူနိုင်ကြောင်း သုတေသန ပညာရှင်များက တွေ့ကြ၏။ တစ်နှစ်ကို ထိုသစ်တောမှ စုပ်ယူသော ကာဗွန်ပမာဏမှာ တစ်ဂစ်ဂါတန်မှ ရှိ၏။ မီဂါဝပ် ၅၀၀ ကျော် မီးသွေးစက်ရုံတစ်ထောင်မှ ထွက်သော ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏနှင့် တူညီ၏။

၂၀၀၈ ဒီဇင်ဘာတွင် 'ဘင်ဂူးရီးယန်းတက္ကသိုလ်'က ကုလသမဂ္ဂ အကူအညီဖြင့် 'သဲကန္တာရပျောက်ပျက်ရေး' ညီလာခံကျင်းပ၏။ ကမ္ဘာပေါ်တွင် အကြီးမားဆုံး ညီလာခံကြီးဖြစ်၏။ နိုင်ငံပေါင်း ၄၀ မှ ပါရဂူများ တက်ရောက်ကြကာ ဆွေးနွေးကြ၏။ သူတို့အားလုံး အံ့အားသင့်နေကြသည်မှာ သဲကန္တာရကို မပျောက်ပျက်အောင် လက်တွေ့လုပ်ဆောင်သောနိုင်ငံမှာ အစ္စရေး တစ်နိုင်ငံတည်းဖြစ်ကြောင်း မျက်ဝါးထင်ထင် မြင်နေကြရ၍ ဖြစ်၏။

## အစ္စရေး ခုန်ပျံတိုးတက်ခြင်း

'ခ်ီဘုဇ်'ဓာတ်လမ်းသည် အစ္စရေး၏ စီးပွားရေးတော်လှန်မှု ဓာတ်လမ်းများထဲမှ တစ်ခုသာဖြစ်၏။ ဆိုရှယ်လစ်ဝါဒီဖြစ်ဖြစ် တိုးတက်ရေးဝါဒီဖြစ်ဖြစ်၊ နှစ်ခုရောနှောဝါဒီဖြစ်ဖြစ် အစ္စရေးနိုင်ငံ၏ ပထမနှစ် ၂၀ အတွင်း စီးပွားရေးလမ်းကြောင်း လျှောက်လှမ်းသော စံချိန်ကား အံ့မခန်းဖြစ်၏။ ၁၉၅၀ မှ ၁၉၅၅ တွင် အစ္စရေး စီးပွားရေးသည် တစ်နှစ်ကို ၁၃ ရာခိုင်နှုန်း တိုး၏။ ၁၉၆၀ ခုနှစ်များအထိ နှစ်စဉ် ၁၀ ရာခိုင်နှုန်း မှန်မှန်တိုးနေ၏။ စီးပွားရေးတိုးတက်မှုနှုန်းမှာ ရိုးရိုးမဟုတ်။ ဖားခုန် ခုန်ပြီး တိုးခြင်းမျိုး။

နိုင်ငံတော်တော်များများတွင် စီးပွားရေးတိုးတက်မှုများ ရှိတတ်၏။ သို့သော် ဖားခုန် ခုန်တိုးတက်တာမျိုးတော့ နည်း၏။ လွန်ခဲ့သော နှစ် ၅၀ အတွင်း ကမ္ဘာ့နိုင်ငံအချို့သည် စီးပွားတိုးခဲ့ကြ၏။ သို့သော် ၎င်းတို့အထဲတွင် ၁၀ ရာခိုင်နှုန်းသာ ဖားခုန် ခုန်ပြီး တိုးတက်ခဲ့၏။ အစ္စရေးသည် အမေရိကန်နှင့် လူတစ်ဦးချင်း ဂျီဒီပီတွင် ၁၉၅၀ တွင် ၂၅ ရာခိုင်နှုန်းမှ ၁၉၇၀ တွင် ၆၀ ရာခိုင်နှုန်းထိ တန်းညှိနိုင်သည်အထိ တိုးတက်လာ၏။ ဆိုလိုသည်မှာ အစ္စရေးသည် နှစ် ၂၀ အတွင်း သူ၏ လူနေမှုအဆင့်အတန်းကို နှစ်ဆကျော် တိုးတက်စေနိုင်ခဲ့ကြောင်း ပြသရာရောက်၏။

တွင် အစစ္စရေးနိုင်ငံကို လေ့လာရမည်မှာ သဘာဝကျ၏။ အနောက်တိုင်းတွင် တီထွင်ဆန်းသစ်မှု လိုအပ်၏။ အစ္စရေးမှာက ဒါက ရှိနှင့်ပြီးသား။ ဤစီးပွားရေးလုပ်ငန်းစွမ်းအင်သည် မည်သည့်နေရာမှလာသည်ကို နားလည်ရမည်။ မည်သည့်နေရာကို သွားမည်ကို နားလည်ရမည်။ တည်တံ့ကြာရှည်ခံအောင် မည်သို့လုပ်မည်ကို သဘောပေါက်ရမည်။ ထို့နောက် စံပြုလောက်သော ကြိုးပမ်းအားထုတ် အောင်မြင်သည့် နိုင်ငံတစ်ခုထံမှ အခြားနိုင်ငံများက မည်သို့ လေ့လာရမည်ကို သိထားရမည်။ ဤအချက်များသည် ကျွန်တော်တို့ ယနေ့ခေတ်၏ သေရေးရှင်ရေးတမျှ အရေးကြီးသော လုပ်ငန်းပင် ဖြစ်ပါသည်။

❖

# အပိုင်းတစ်

## လူပီနိုင်ကိုင်နိုင်စွမ်းရှိသော နိုင်ငံငယ်လေး

## အခန်း (တစ်)
## ခံနိုင်စွမ်းရည်

လူလေးဦးသည် လမ်းထောင့်တစ်နေရာတွင် ရပ်နေကြ၏။ အမေရိကန်တစ်ဦး၊ ရုရှားတစ်ဦး၊ တရုတ်တစ်ဦး၊ အစ္စရေးလူမျိုးတစ်ဦး။ သူတို့အုပ်စုဆီသို့ သတင်းထောက်တစ်ဦး ကပ်လာပြီး မေး၏။

''ကျွန်တော့် ခွင့်ပြုပါခင်ဗျာ... အသားပြတ်လတ်လာမှုအပေါ် ဘယ်လိုများ သဘောထား ထင်မြင်ချက်ပေးနိုင်ပါမလဲ''

**အမေရိကန်** - ''ဘာလဲကွ၊ ပြတ်လတ်တယ်ဆိုတာ''

**ရုရှား** - ''အသားဆိုတာ ဘာလဲ''

**တရုတ်** - ''သဘောထားထင်မြင်ချက်ဆိုတာ ဘာကိုပြောတာလဲ''

**အစ္စရေး** - ''ကျွန်တော့်ကို ခွင့်ပြုပါဆိုတာ ဘာလဲ''

*(မိုက်လေးရေးသော 'နှစ်နှစ်ထောင်'စာအုပ်မှ)*

'စကော့သွမ်ဆင်'သည် သူ့နာရီကို ကြည့်လိုက်၏။ သူ နောက်ကျနေပြီ။ ယခုအပတ်ကုန်တွင် သူ လုပ်စရာရှိသော ရှည်လျားသော အလုပ်စာရင်း အပြီးဖြတ်ရမည်။ ယခု ကြာသပတေးနေ့ပင် ရှိနေပြီ။ 'သွမ်ဆင်' သည် အလုပ်များသူဖြစ်၏။ ကမ္ဘာပေါ်တွင် အကြီးဆုံး အင်တာနက် လစာစနစ်ဖြစ်သော 'ပေးပါးလ်'ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် နည်းပညာ အရာရှိချုပ်ဟောင်းတစ်ဦးအနေဖြင့် သူသည် 'ဝက်ဘ်'ထဲမှ စစ်ဆေးစရာများ၊ အကြွေးကတ်ပြားများကို သူ တာဝန်ယူ လုပ်ကိုင်ရသည်။ သို့သော် သူသည်

အွန်လိုင်းလစာရိုက်စားမှု၊ အကြွေးကတ်ပြားအတုကိစ္စ၊ အီလက်ထရွန်းနစ် အသိအမှတ်ပြု ကတ်ပြားခိုးမှု စသည်တို့ကို မိနစ် ၂၀ အတွင်း အဖြေပေးရန် ချာတိတ်တစ်ယောက်ကို ကတိပေးခဲ့၏။

'ရှဗတ်ရှခက်'တွင် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ အရည်အချင်းမျိုး မရှိ။ ယခုမှ ထိုကိစ္စများအတွက် အစကနဦးပင် ရှိချေသေးသည်။ 'သွမ်ဆင်'က ဒါကို သိသည်။ သူ့ပုံကလည်း 'ပေးပါးလ်'၏ အငယ်တန်း အင်ဂျင်နီယာပုံ မပေါက်သေး။ သို့သော် 'သွမ်ဆင်'သည် ဤတွေ့ဆုံချိန်တွင် သူ့ကို ဟင့်အင်းဟု ပြောဦးမည်မဟုတ်။ 'အင့်ချ်မတ် ကက်ပီတယ်လ်'က ဒါကို တောင်းဆိုချိန်မျိုးတွင် ပို၍ပင် မပြောသေး။

'အင့်ချ်မတ်'သည် 'အီးဘေး'တွင် မျိုးစေ့မြုပ်နှံမှု လုပ်ထား၏။ ယနေ့ဆိုလျှင် 'အီးဘေး'၌ အများပြည်သူပိုင်ကုမ္ပဏီ ၁၈ ဘီလျံဒေါ်လာနှင့် ဝန်ထမ်းပေါင်း ၁၆၀၀၀ မျှ ကမ္ဘာတစ်ဝန်းတွင် ရှိနေပြီ။ ၎င်းသည် 'ပေးပါးလ်'၏ မိဘကုမ္ပဏီလည်း ဖြစ်၏။ 'အင့်ချ်မတ်'သည် အစ္စရေး အခြေစိုက် လိမ်လည်မှု သိပ္ပံ၏ 'ရှခက်'ကုမ္ပဏီတွင် ရင်းနှီးမြုပ်နှံရန် စိတ်ကူးနေ၏။ ဖွဲ့ရှိရှိဖြင့် ပေကပ်လုပ်ကိုင်ရန် 'အင့်ချ်မတ်'၏ အစုရှယ်ယာဝင်များက 'သွမ်ဆမ်'ကို ပြော၏။ 'သွမ်ဆမ်'က 'အီလက်ထရွန်းနစ် လိမ်လည်မှု'နှင့် ပတ်သက်၍ တစ်မျိုး၊ နှစ်မျိုး သိ၏။ ထို့ကြောင့် ဒါတွေကို 'ရှခက်'ကို စစ်ခိုင်းမည်။

"ရှဗတ်ရေ... မင်းရဲ့..."

ဤမေးခွန်းမျိုးမေးပြီး တွေ့ဆုံပွဲကို အဆုံးသတ်ရန် သူက စိတ်စောနေ၏။

"ကျွန်တော့်စိတ်ကူးကတော့ ရှင်းပါတယ်ခင်ဗျာ။ ကမ္ဘာကြီးက လူကောင်းရယ်၊ လူဆိုးရယ် ခွဲခြားထားတယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။ လိမ်လည်မှုတွေကို နှိမ်နင်းဖို့ဆိုတာက သူတို့ကို ဝက်ဘ်ထဲမှာ ခွဲခွဲခြားခြား လုပ်ပစ်ဖို့ပါပဲ"

'သွမ်ဆမ်'သည် သူ၏ အားမလို အားမရဖြစ်ခြင်းကို မြိုချလိုက်၏။ ကောင်လေးပြောတာက နည်းနည်းတော့ ပိုလွန်းနေသည်။ 'အင့်ချ်မတ်' ဘက်က လိုက်လျှင်ပင် တော်တော်လွန်နေသည်။ 'ပေးပါးလ်'သို့ မရောက်

မီ 'သွမ်ဆင်'သည် 'ဗီဆာ'ဆိုသော ထိပ်တန်းအကြွေးကတ်ကုမ္ပဏီတွင် တာဝန်ကြီးကြီးကို ယူဖူးသူ ဖြစ်၏။ 'ဗီဆာ'သည် ပို၍ကြီးသော ကုမ္ပဏီ ဖြစ်ပြီး အတုကိစ္စများကို တိုက်ဖျက်ရာတွင် အတော်သည်းသည်းလှုပ်သော ကုမ္ပဏီ ဖြစ်၏။ အတုကိစ္စ၊ အလိမ်အလည်ကိစ္စများကို တိုက်ဖျက်နိုင်မှ သာလျှင် ကုမ္ပဏီတို့၏ အမြတ်အစွန်း အနားသတ်ကို အဓိက ဆုံးဖြတ်နိုင် ကာ ဖောက်သည်တို့၏ ယုံကြည်မှုကို တည်ဆောက်နိုင်ခြင်းနှင့် ဆုံးပါးမှု နည်းနိုင်ခြင်းများ ရှိပေမည်။

'ဗီဆာ'နှင့် သူ၏ ဖက်စပ် တွဲဖက်လုပ်ကိုင်သော ဘဏ်များသည် အလိမ်အညာ အတုအပကိစ္စများကို တိုက်ဖျက်ရန် ဝန်ထမ်းပေါင်း သောင်း ကျော် လုပ်ကိုင်နေကြ၏။ 'ပေးပါးလ်'တွင် ဝန်ထမ်း နှစ်ထောင်ရှိသော ပါရဂူဘွဲ့ရ အတော်ဆုံးအင်ဂျင်နီယာ ငါးဆယ် အပါအဝင်ဖြစ်၏။ သူတို့က လူလိမ်လူကောက်များ၏ ရှေ့မှပြေးကာ အတုအပတို့ကို ကာကွယ်နေကြ၏။ ယခုမူ ချာတိတ်က 'လူကောင်းလူဆိုး'ကိစ္စလို ပြဿနာအား သူပင်လျှင် ပထမဆုံး ရှာတွေ့မည့် ပုံစံမျိုးဖြင့် ပြောနေသည်။

"ကြားရတာတော့ ကောင်းပုံပေါ်ပါတယ်။ ဒါကို ဘယ်လိုလုပ်မလဲ သာ ပြောပါ"

'သွမ်ဆင်'က ခပ်လောလော ထပ်မေးလိုက်၏။

"လူကောင်းတွေက အင်တာနက်မှာ သူတို့ရဲ့ ခြေရာလက်ရာတွေ ထားခဲ့ပါတယ်။ ဒစ်ဂျစ်တယ် ခြေရာလက်ရာတွေပေါ့။ ဘာဖြစ်လို့လဲဆို တော့ သူတို့မှာက ဖုံးစရာ ကွယ်စရာမှ မရှိတာကလား"

'ရှုဗတ်'က အင်္ဂလိပ်လေသံဖြင့် ဆက်ပြောနေ၏။

"လူဆိုးတွေကျတော့ ဒီလိုမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ မှာက ဖုံးစရာ ကွယ်စရာတွေ ရှိတာကိုး။ ကျွန်တော်တို့ လုပ်စရာဆိုလို့ ခြေရာလက်ရာတွေ ရှာဖို့ပဲရှိတယ်။ အဲဒါတွေကို ရှာနိုင်ရင် ခင်ဗျားအနေနဲ့ လက်ခံနိုင်လောက်တဲ့ အဆင့်အထိ စွန့်လွှယ်နိုင်တာပေါ့။ ဒါကြောင့် လွယ် ပါတယ် ပြောတာပေါ့"

'သွမ်ဆင်'ကတော့ နာမည်ခပ်ဆန်းဆန်းနှင့် ဤပုဂ္ဂိုလ်သည် အခြား နိုင်ငံတစ်ခုခုမှ လာတာမဟုတ်ဘဲ ထူးခြားကွဲပြားသော ဂြိုဟ်တစ်ခုခုမှ

ဆင်းသက်လာသူလေလားဟု စတင်စဉ်းစားမိလာပြီ။ အတုအလိမ်များကို တိုက်ဖျက်ခြင်းသည် နောက်ကြောင်းရာဇဝင်များကို စစ်ဆေးခြင်း၊ အကြွေးသမိုင်းကို ထောက်လှမ်းခြင်း၊ ယုံကြည်သင့်သည် မယုံကြည်သင့်သည်ကို သုံးသပ်ခြင်း စသော လုပ်ငန်းစဉ်များဖြင့် အတော်ပင် ရှုပ်ထွေးခက်ခဲသော လုပ်ငန်းဟူသည်ကို ဤလူငယ် သိမှ သိပါလေစ။ 'နာဆာ'သို့ ဝင်သွားကာ 'လောက်လွှဲလောက်သုံးလို့ရရဲ့သားနဲ့ ဘာဖြစ်လို့ ဟောဒီ ထူးထူးဆန်းဆန်း အာကာသယာဉ်တွေ တည်ဆောက်နေကြတာလဲ'' ဟု မည်သူမျှ မေးမည်မဟုတ်။

''ဒါကို ဒီလိုလုပ်ရမယ်ဆိုတာ မင်း ဘယ်က သင်လာခဲ့တာလဲ''

'သွမ်ဆင်'က 'ရှဗက်'နှင့် မိနစ်အနည်းငယ်သာ စကားပြောတော့မည် ဆုံးဖြတ်ကာ ခပ်ပြတ်ပြတ် မေးခွန်းမေးလိုက်၏။

''အဖျက်သမားတွေကို လိုက်ရှာရင်းက သင်ခဲ့တာပါ''

'ရှခက်'က သူ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က အဖျက်သမားများကို အွန်လိုင်းလှုပ်ရှားမှုမှ ခြေရာခံပြီး ဖမ်းဆီးရန် ကူညီခဲ့ပုံများကို ပြောပြ၏။ အဖျက်သမားများသည် ဝက်ဘ်ထဲမှတစ်ဆင့် ရွှေ့ပြောင်းခဲ့ကြသည်။ 'ရှခက်'၏အလုပ်က သူတို့ကို အွန်လိုင်းပေါ်တွင် ရှာရခြင်းဖြစ်၏။

'သွမ်ဆင်'အနေဖြင့် ဤ'အဖျက်သမား လိုက်ရှာနည်း'ကို ကြားသင့်သလောက် ကြားဖူးပါသည်။

''ဒါတွေကို မင်း လက်တွေ့ စမ်းလုပ်ကြည့်ဖူးလား''

''ဟုတ်ကဲ့''

'ရှခက်'၏ လေသံက သူ့ကိုယ်သူ လုံးဝ ယုံကြည်စိတ်ချသည့် လေသံမျိုး ဖြစ်၏။

''ကျွန်တော်တို့ အရောင်းအဝယ်ကိစ္စပေါင်း ထောင်နဲ့ချီပြီး စမ်းလုပ်ကြည့်ပြီးပါပြီ။ အားလုံး အဆင်ပြေပါတယ်။ လေးကြိမ်က လွဲလို့ပေါ့''

''မင်း ဟုတ်ရဲ့လား''

'သွမ်ဆင်'၏ စိတ်ထဲက သူ့ဘာသာသူ စဉ်းစားမိ၏။ သို့သော် သူ ထပ်ပြီး မစပ်စုဘဲ မနေနိုင်။ ''ဒါတွေလုပ်တာ ဘယ်လောက်ကြာပြီလဲ''ဟု မေးလိုက်၏။

'ရှခက်'က သူ့ကုမ္ပဏီသည် ကုမ္ပဏီထောင်စမှစ၍ ငါးနှစ်အတွင်း အရောင်းအဝယ်ကိစ္စ လေးသောင်း စိစစ်ခဲ့ပုံကို ပြောပြ၏။

''ကောင်းပြီလေ။ ဒါဆို ကျုပ်တို့ ဒီမှာ ဘာလုပ်ကြမလဲ''

'သွမ်ဆင်'က မေးသည်။ သူသည် 'အတုသိပ္ပံ'ကို 'ပေးပါးလ်'၏ အရောင်းအဝယ် တစ်သိန်း စိစစ်ရန် ပေးထားခဲ့ပုံကို ပြောပြ၏။ ၎င်းတို့သည် 'ပေးပါးလ်'၏ ဖောက်သည် အရောင်းအဝယ်များ ဖြစ်၏။ 'ပေးပါးလ်'သည် အချို့သော ပုဂ္ဂလိက အချက်အလက်များကိုကား ဥပဒေကြောင်းဆိုင်ရာ ပုဂ္ဂလိကကိစ္စများကြောင့် ထိန်ချန်ခဲ့ရ၏။ ဤသို့ဖြင့် 'ရှဗတ်'၏ အလုပ်က ပိုခက်ခဲနိုင်မည်။

''ကဲ… မောင်ရင် ဘာလုပ်နိုင်သလဲဆိုတာ ကြည့်ကြသေးတာပေါ့။ မောင်ရင်ရဲ့ ရလဒ်နဲ့ ကျုပ်တို့ရဲ့ ရလဒ် နှိုင်းယှဉ်ကြည့်မယ်လေ''

'သွမ်ဆင်'က ကမ်းလှမ်းလိုက်၏။

'ရှဗတ်'သည် အဦးအစ ငါးနှစ်တွင် သူတို့၏ ပထမဆုံး အရောင်းအဝယ် လေးသောင်းကို စစ်ရမည်။ 'သွမ်ဆင်'ကတော့ ဒီချာတိတ် ဒီလောက်နဲ့ပဲ ပြေးတော့မှာပဲဟု တွက်ထား၏။ သို့သော် သူက မတရားတာလည်း လုပ်ခိုင်းနေခြင်း မဟုတ်။ ဒါကလည်း သူ၏ ထူးခြားဆန်းကြယ်သော စနစ်သည် လက်တွေ့ လောကတွင် အသုံးချ၍ ရနိုင် မရနိုင် အဆုံးအဖြတ်ရရန် လိုအပ်နေ၍ ဖြစ်၏။

အရောင်းအဝယ် လေးသောင်းကို 'အတုသိပ္ပံ'က ယခင်ကပင် စက်မသုံးဘဲ လက်ကိုသုံး၍ စိစစ်ခဲ့ပြီး ဖြစ်၏။ 'ရှခက်'ကမူ 'ပေးပါးလ်'၏ စိန်ခေါ်မှုကို ရင်ဆိုင်ရန် စက်ကိရိယာကို သုံးမှဖြစ်မည်ဟု တွက်မိ၏။ ထို့ကြောင့် သူ ငါးနှစ်တာ စမ်းသပ်ခဲ့ပြီးသော ပုံစံကို ပြောင်းပြန်လှန်ပြီး အလျင်အမြန် လုပ်ရန် ဆုံးဖြတ်လိုက်၏။

'သွမ်ဆင်'က အရောင်းအဝယ်ဇယားကို 'ရှဗတ်'အား ကြာသပတေးနေ့တွင် ပေး၏။

''ကျုပ်တော့ ဆင့်ချ်မတ်နဲ့ကိစ္စ ပျက်ပြီလို့ တွက်ထားတာ။ ရှဗတ်ဆီက ဘာမှ မကြားရတော့ဘူးလေ။ လအတော်ကြာကို သူ့ဆီက ဘာသံမှ ထပ်မကြားရတော့ဘူး''

ထိုသို့ပင် 'သွမ်ဆင်'က ပြန်ပြောပြ၏။

တနင်္ဂနွေနေ့ တစ်နေ့တွင်မူ သူ 'ရှဗတ်'ထံမှ အီးမေးလ်ရောက်လာ၏။

''ကျွန်တော်တို့ ပြီးပါပြီ''

'သွမ်ဆင်'က မယုံကြည်။ ထို့ကြောင့် တနင်္လာနေ့နံနက်တွင် သူက 'အတုသိပ္ပံ'မှ ပါရဂူပုဂ္ဂိုလ်များကို စိစစ်ရန် လွှဲပေးလိုက်၏။ 'ပေးပါးလ်' စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးရသည်ပင် ရက်သတ္တတစ်ပတ်မျှ ကြာ၏။ သို့သော် ဗုဒ္ဓဟူးနေ့တွင် 'သွမ်ဆင်'၏ အင်ဂျင်နီယာများသည် သူတို့ရှေ့ဆက်မြင်လာရသည်တို့ကို ကြည့်ကာ အံ့သြကုန်၏။ 'ရှခက်'နှင့် သူ၏ လူအင်အားနည်းနည်းအုပ်စုလေးက 'ပေးပါးလ်'မှာ ရှိသမျှလူတွေ လုပ်ခဲ့တာထက် အချိန်တိုအတွင်း ပိုတိကျသည်ကို တွေ့ရ၍ ဖြစ်၏။ ဒါတောင် သူတို့ကို အချက်အလက် အပြည့်အဝ ပေးခဲ့သည် မဟုတ်။ အရောင်းအဝယ်တွင် တွေ့ရှိလာသော ခြားနားချက်သည် 'ပေးပါးလ်'ကို ဒုက္ခအပေးဆုံးဖြစ်၏။ ၄င်းတို့အပေါ်တွင် 'အတုသိပ္ပံ'က ၁၇ ရာခိုင်နှုန်း ပိုကောင်း၏။ ဤသည်မှာ ဖောက်သည် လျှောက်ထားမှု အမျိုးအစား ကွဲပြားမှုပင်ဖြစ်သည်ဟု 'သွမ်ဆင်'က ကျွန်တော်တို့ကို ပြောသည်။ 'ပေးပါးလ်'က ကနဦးအစက ငြင်းပယ်ခဲ့၏။ သို့သော် နောက်ပိုင်း ရရှိလာသော အချက်များ အစီအရင်ခံစာများအရ ထိုသို့ ငြင်းပယ်ခဲ့မှုမှာ မှားယွင်းကြောင်း 'သွမ်ဆင်'က ပြောခဲ့၏။

''သူတို့က ဖောက်သည်ကောင်းတွေပဲ။ ကျွန်တော်တို့ သူတို့ကို မငြင်းပယ်သင့်ဘူး။ သူတို့က ကျွန်တော်တို့စနစ်ကနေ ချော်ထွက်သွားကြတယ်။ ဒါပေမဲ့ ရှခက်ရဲ့ စနစ်ကနေတော့ အပြင်ကို ချော်ထွက်မသွားနိုင်ကြဘူး''

'သွမ်ဆင်' သဘောပေါက်သည်မှာ သူသည် အတုအပကို ဆန့်ကျင်ရာတွင် မှန်ကန်သော မူလအချက်တစ်ခုတည်းကိုသာ ကြည့်ခဲ့၍ ဖြစ်၏။ 'ပေးပါးလ်'တွင်ရှိသော အချက်အလက်ထက် နည်းပါးစွာဖြင့် 'အတုသိပ္ပံ' သည် ပိုမိုတိကျစွာ ဟောကိန်းထုတ်နိုင်သည်မှာ မည်သူက ဖောက်သည်ကောင်းဖြစ်ခြင်းနှင့် မည်သူက ဖောက်သည်ကောင်း မဟုတ်ခြင်းပင် ဖြစ်၏။

"ကျုပ်က ဒီမှာထိုင်ရင်း ဆွံ့အသွားရတယ်လေ။ ကျုပ် ဘာမှ နားမလည်တော့ဘူး။ ကျုပ်တို့က စွန့်စားပြီး အုပ်ချုပ်မှုလုပ်တဲ့နေရာမှာ အကောင်းဆုံးပဲ။ ခုတော့ အစွရေးက လူ ၅၅ ယောက်ပါတဲ့အဖွဲ့က 'လူကောင်း'နဲ့ 'လူဆိုး'ဆိုတဲ့ ပေါ်ကြောင်ကြောင် သဘောတရားနဲ့ ကျုပ်တို့ကို နှိပ်ကွပ်လိုက်တာပဲ"

'သွမ်ဆင်'က ဒါကိုမကျေနပ်။ 'အတုသိပ္ပံ'သည် ၄င်း၏စနစ်တွင် 'ပေးပါးလ်'ထက် ငါးနှစ်မျှ လက်ဦးမှု ရှိခဲ့၏။ သူ၏ ယခင်ကုမ္ပဏီဖြစ်သော 'ဗီဆာ'က ဤသို့သော စဉ်းစားတွေးတောမှုမျိုး တစ်ခါဖူးမျှ မလုပ်ခဲ့။ ထိုကိစ္စမျိုးလုပ်ရန် ဆယ်နှစ် သို့မဟုတ် ဆယ့်ငါးနှစ်ပင် အချိန်ပေးခဲ့ပြီး ဖြစ်၏။

'သွမ်ဆင်'က 'ဆင့်ချ်မတ်'ကို သူ ဘယ်လိုပြောရမည်ကို သိ၏။ 'ပေးပါးလ်'သည် သူ၏ပြိုင်ဘက်များကို 'အတုသိပ္ပံ'၏ ထိုးဖောက်ကျော်လွှားမှု အတတ်ပညာကို စွန့်စားသုံးဖြစ်လိမ့်မည် မဟုတ်။ ၄င်းသည် 'ဆင့်ချ်မတ်' ရင်းနှီးမြှုပ်နှံမှု ပြုသင့်သည့်ကုမ္ပဏီ မဟုတ်။ 'ပေးပါးလ်'သည် ကုမ္ပဏီကို ဆည်းပူးလေ့လာရန် လိုအပ်သည်။ ချက်ချင်းပင် လိုအပ်ပါသည်။

'သွမ်ဆင်'က 'အီဘေး'ကုမ္ပဏီ၏ စီအီးအိုဖြစ်သူ 'မဂ်ဝှစ်တမန်' ထံ သွား၏။

"ကျွန်မ စကော့ကို ပြောပြီးပြီ၊ မဖြစ်နိုင်ဘူးလို့။ ကျွန်မတို့က ဈေးကွက်ခေါင်းဆောင်တွေပါ။ ဘယ်နှယ့်လုပ် ဒီပိစိညောက်တောက်ကုမ္ပဏီက ပေါ်လာတာလဲ"

'သွမ်ဆင်'နှင့် သူ၏ ပါရဂူအဖွဲ့တို့က သူမကို ရလဒ်များ ရှင်းပြ၏။ သူမက မှင်တက်မိနေ၏။

ယခုတော့ 'သွမ်ဆင်'ရော 'ဝှစ်တမန်'ပါ တကယ်ပင် မမျှော်လင့်သော ပြဿနာများ လက်ဝယ် ရောက်နေကြ၏။ သူတို့ 'ရှဗတ်'ကို ဘာပြောပြနိုင်ကြမည်နည်း။ အကယ်၍ 'သွမ်ဆင်'က ၄င်းကို စီအီးအိုထံ ပြောတော့ ပြောရဦးမည်။ 'သွမ်ဆင်'သိသည်က 'ပေးပါးလ်'သည် 'အတုသိပ္ပံ'ကို ဝယ်ရမည်။ သို့သော် သူက 'ရှဗတ်'ကို မည်သို့ ပြောရမည်

နည်း။ စမ်းသပ်မှုရလဒ်သည် ကုမ္ပဏီ၏ တန်ဖိုးနှင့် ညှိနှိုင်းရေးအဆင့်ကို မြှင့်မတင်ဘဲ ရပါမည်လော။

ထို့ကြောင့် သူက တုံ့ဆိုင်းသွားသည်။ 'ပေးပါးလ်'က စိစစ်ရန် အချိန်ပိုလိုသည်ဟု 'ရှခက်' ပို့လိုက်သော အီးမေးလ်များကို သူက ပြန်ကြားခဲ့၏။ နောက်ဆုံးတွင် သူက နောက်တစ်ချိန် 'အတုသိပ္ပံ'မှ အုပ်စု 'ဆန့်ဂျိဆေး'တွင် ရှိနေလျှင် ရလဒ်များကို လူကိုယ်တိုင် ဆွေးနွေးမည်ဟု ပြောကာ အချိန်ပိုဆွဲခဲ့၏။ တစ်ရက် သို့မဟုတ် နှစ်ရက်အတွင်း 'ရှခက်' က 'သွမ်ဆင်'၏ တံခါးပေါက်ရှေ့ ရောက်လာ၏။

'သွမ်ဆင်' မသိသည်ကား 'အတုသိပ္ပံ'၏ တည်ထောင်သူများ ဖြစ်ကြသော 'ရှခက်နှင့် ဆားဝိဖ်'တို့သည် အစ္စရေး၏ လူ့မလိုင် တပ်မတော် ထောက်လှမ်းရေးအဖွဲ့ဖြစ်သော ၈၂၀၀ ယူနစ်တွင် အတူတူ အမှုထမ်းခဲ့သည် ကိုပင်။ ထို့ကြောင့် သူတို့သည် 'ပေးပါးလ်'ထံ သူတို့ကုမ္ပဏီကို ရောင်းရန် စိတ်မဝင်စားကြခြင်း ဖြစ်၏။ သူတို့က 'ဆင့်ချ်မတ်ကက်ပီတယ်လ' အတွက် သူတို့ ဆက်လုပ်နိုင်ရန် အခွင့်အရေးကို 'သွမ်ဆင်'ထံမှ ရယူရန် လိုလားကြ၏။

'သွမ်ဆင်'က 'မတ်'ထံ ပြန်သွားရပြန်၏။

"ကျုပ်တို့က ဆုံးဖြတ်ချက် လိုအပ်တယ်။ ဒါတွေက ဒီမှာပဲ"

သူမက ဆက်လုပ်ရန် အချက်ပြလိုက်၏။

"ကဲ... ဝယ်ကြတာပေါ့ရှင်"

တွက်ချက်မှုတချို့လုပ်ကြကာ သူတို့က ဒေါ်လာ ၇၉ သန်း ကမ်းလှမ်း၏။ 'ရှခက်'က ပယ်ချလိုက်သည်။ 'အတုသိပ္ပံ'ဘုတ်အဖွဲ့သည် အစ္စရေး ဘီအာရ်အမ် အဖွဲ့အား အစုစပ်ထည့်ထားရာ ကုမ္ပဏီတန်ဖိုးက ဒေါ်လာ သန်း ၂၀၀ အနည်းဆုံး တန်သည်ဟု ဆို၏။

'ဘီအာရ်အမ်'၏ တည်ထောင်သူ အစုစပ်တစ်ဦးဖြစ်သူ 'အလီဘာကတ်'က ကုမ္ပဏီ၏ အနာဂတ်တန်ဖိုးနှင့်ပတ်သက်၍ သူ့သဘောတရားကို ကျွန်တော်တို့အား ရှင်းပြ၏။

"အတတ်ပညာလုံခြုံမှုရဲ့ ပထမမျိုးဆက်ကတော့ ခင်ဗျားတို့ ပီစီထဲကို ဗိုင်းရပ်စ် ကျူးကျော်ဝင်ရောက်နေတာကို ကာကွယ်ဖို့ပဲ။ ဒုတိယ

မျိုးဆက်ကတော့ ဟက်ကာတွေကို ကာကွယ်နိုင်မယ့် မဟာတံတိုင်း တည်ဆောက်ဖို့ပဲ''

'ဘာကတ်'သည် ဤခြိမ်းခြောက်မှု နှစ်မျိုးလုံးနှင့် ပတ်သက်၍ တစ်စုံတစ်ရာ သိထား၏။ ၎င်းတို့ကို ကာကွယ်ရန်ပုံငွေ တည်ထောင်ပြီး ကုမ္ပဏီများ တည်ထောင်ရန် လိုမည်ကို သူသိ၏။ ထိုအထဲမှ တစ်ခုမှာ ၈၂၀၀ ယူနစ်၏ လူငယ်ကျောင်းဆင်းများ တည်ထောင်ထားသော 'ချက်ပွိုင့်'ဆိုသော အစွရေးကုမ္ပဏီဖြစ်၏။ ၎င်း၏တန်ဖိုးမှာ ယနေ့ ဒေါ်လာ ၅ ဘီလျံရှိနေပြီ။ ၎င်းသည် NASDAR နှင့် လူသိရှင်ကြား ကုန်သွယ်မှု လုပ်ထား၏။ ၎င်း၏ ဖောက်သည်များထဲတွင် 'ဖော်ကျွန်း ၁၀၀' ကုမ္ပဏီ၏ ဖောက်သည်အများစု ပါဝင်၏။ ကမ္ဘာတစ်ဝန်း အမျိုးသား အစိုးရ အများစုနှင့်လည်း အဆက်အသွယ်ရှိ၏။ လုံခြုံရေး တတိယမျိုးဆက်မှာ အီလက်ထရွန်းနစ် စီးပွားရေးလုပ်ရှားမှုကို ဖျက်မည့်ကိစ္စကို ကာကွယ်ရန် ဖြစ်၏။

''ဒါကတော့ ဒုတိယအကြီးဆုံး ဈေးကွက်ဖြစ်လာလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟက်ကာတွေက အပျော်လုပ်နေကြတာ။ ဒါက ဝါသနာပဲ။ ဒါပေမဲ့ အီလက်ထရွန်းနစ်စီးပွားရေး ပေါ်ထွန်းလာရင် ဟက်ကာတွေက ငွေရှာနိုင်လာကြမယ်''ဟု 'ဘာကတ်'က ကျွန်တော်တို့ကို ပြောပြ၏။

'ဘာကတ်'က 'အတုသိပ္ပံ'တွင် အကောင်းဆုံးလူများ၊ အကောင်းဆုံး အတတ်ပညာများရှိကာ အင်တာနက်နှင့် အကြွေးကတ်အတုများ တိုက်ဖျက်ရန် အကောင်းဆုံးဖြစ်သည်ဟုလည်း ယုံကြည်ထား၏။

''ခင်ဗျားတို့ အစွရေးစိတ်ဓာတ်ကို နားလည်ထားကြရမယ်။ ခင်ဗျားတို့ အကြမ်းဖက်သမားတွေကို ရှာဖွေတဲ့ အတတ်ပညာ ပိုတိုးတက်လာရင် အပြစ်မဲ့တဲ့ အသက်တွေ အများကြီးကို ကယ်နိုင်လိမ့်မယ်။ ဒီအခါ သူခိုးဖမ်းရတာ အတော်လေး လွယ်လာမယ်''ဟုလည်း ပြော၏။

ညှိနှိုင်းမှုမှာ ရက်အနည်းငယ်သာ ကြာပါသည်။ 'သွမ်ဆင်'နှင့် 'ရှာခက်'တို့က ၁၆၉ သန်းနှင့် ဈေးတည့်သွား၏။ 'သွမ်ဆင်'က 'ပေးပါးလ်'အဖွဲ့က သည့်ထက်ဈေးနှိမ်၍ ရမည်ဟုထင်ကြောင်း ကျွန်တော်တို့ကို ပြော၏။ ညှိနှိုင်းမှု အစီအစဉ် စသောအခါ 'ရှာခက်'က ဂဏန်းကြီးများ

ကို ကိုင်၏။ 'သွမ်ဆင်'ကမူ ၄င်းသည် ဟိတ်ဟန်ထုတ်သည်ဟုသာ ထင်ထား၏။

''အတုသိပ္ပံက လူတွေက သူတို့ကုမ္ပဏီရဲ့တန်ဖိုးက ဘာလဲဆိုတာ သိကြတယ်။ သူတို့က ဈေးသည်တွေတော့ မဟုတ်ဘူး။ သူတို့က ကိုယ့်ပစ္စည်းကိုယ် အမွှန်းတင်နေကြတဲ့သူတွေ မဟုတ်ဘူး။ ရှခက်ကတော့ ခပ်မှန်မှန်ပဲ။ သူက အခြေခံကို ကျုပ်တို့ကို ပြောတယ်။ ဒါက ကျွန်တော်တို့ရဲ့ အဖြေပဲ။ ကျွန်တော်တို့ ဒါကို အကောင်းဆုံးသိတယ်။ ဒါက ကျွန်တော်တို့ တန်တယ်ဆိုတဲ့ ဈေးမှန်ပဲလို့ ပြောတယ်။ အဲဒီလိုနဲ့ ပြီးသွားတာပဲ''

'သွမ်ဆင်'က ပြောပြ၏။

မကြာခင်မှာပင် 'သွမ်ဆင်'သည် သူ လတ်တလော ဝယ်ခဲ့သော ကုမ္ပဏီကို သွားကြည့်၏။ ဆန်ဖရန်စစ္စကိုမှ ၂၄ နာရီ လေယာဉ်စီးရ၏။ လေယာဉ်မဆင်းမီ ၄၅ မိနစ်တွင် သူက လန်းသွားအောင် ကော်ဖီတစ်ခွက် သောက်လိုက်၏။ လေယာဉ်ဆင်းလမ်းပေါ်မှ ရုပ်မြင်သံကြားစက်တွင် ပြနေသော လေယာဉ်၏ ခရီးစဉ်မြေပုံကို တစ်ချက်ကြည့်လိုက်မိ၏။ လေယာဉ်က 'တဲလ်အဗစ်'မြို့တွင် ဆင်းတော့မည်။ ထိုအထိ အဆင်ပြေနေ၏။ ထိုစဉ် မြေပုံပေါ်မှ မြို့အမည်များကို ဖတ်မိ၏။ အစ္စရေး၊ ဘေရွတ်၊ လက်ဘနွန်၊ ဒမတ်စကတ်၊ ဆီးရီးယား၊ အာမန်၊ ဂျော်ဒန်နှင့် အီဂျစ်မှ ကိုင်ရို။ ရုတ်တရက် သူ ကြက်သေ သေသွား၏။

''ကျုပ် ဒီမှာ ကုမ္ပဏီဝယ်ခဲ့ပြီပဲ။ ကျုပ်က စစ်နယ်မြေထဲ လေယာဉ်နဲ့ လာနေတာပဲ''

ယခင်ကလည်း သူသည် အစ္စရေး၏ အိမ်နီးနားချင်းတွေကို သူသိခဲ့ပြီးသား။ သို့သော် အစ္စရေးသည် ထိုအိမ်နီးနားချင်းနိုင်ငံများနှင့် နီးစာလျှင်မည်မျှသေးငယ်ကြောင်း သူ သတိမပြုမိ။

''ကျုပ်က နယူးယောက်ကို လေယာဉ်နဲ့သွားရင် နယူးဂျာစီရှိရမယ့်နေရာမှာ အီရန်ကို ရုတ်တရက် တွေ့လိုက်ရသလိုပဲ'' ဟု သူက ပြန်ပြော၏။

သူ လေယာဉ်ပေါ်မှ ဆင်းပြီးနောက်တော့ စိတ်သက်သာမှု နည်းနည်း ရခဲ့၏။ ပထမဆုံး သူ အထင်ကြီးသွားသည်မှာ 'အတုသိပ္ပံ'၏ ယာဉ်ရပ်နားစခန်း ဖြစ်သည်။ ကားတိုင်းတွင် 'ပေးပါးလ်'စတစ်ကာတွေ ဘန်ပါတွေ ကပ်ထား၏။

''အမေရိကန် ကုမ္ပဏီတစ်ခုအပေါ် ဒီလို ဂုဏ်ယူတာမျိုး၊ စိတ်အား ထက်သန်တာမျိုး ကျုပ် အရင်က တစ်ခါမှ မမြင်ဖူးဘူး''ဟု သူက ကျွန်တော်တို့ကို ပြောပြ၏။

'သွမ်ဆင်'ကို လှုပ်ခတ်လိုက်စေသော အခြားဖြစ်ရပ်တစ်ခုမှ 'အတု သိပ္ပံ' ဝန်ထမ်းများ၏ ပြောပုံဆိုပုံများ ဖြစ်သည်။ 'သွမ်ဆင်'က ဝန်ထမ်းစု နှင့် တွေ့ဆုံပွဲတွင် မိန့်ခွန်းပြောကြားရာ၌ ထိုဝန်ထမ်းများအားလုံး၏ မျက်နှာ များသည် သူ စကားပြောနေစဉ် သူ့ကို ရွှန်းရွှန်းစားစား နှစ်လိုအားရကြည့်ပြီး နားထောင်နေကြ၏။ မည်သူမျှ စိတ်မပါ လက်မပါ၊ ပျင်းရိလေးတွဲ၊ သမ်းဝေ ငိုက်မြည်းခြင်း မရှိကြ။ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် ဖိတ်ခေါ်လိုက်သော အခါ ပို၍ပင် တက်ကြွလှုပ်ရှားသွားသည်။

''မေးကြ မြန်းကြတာတွေက ထွင်းဖောက် နက်ရှိုင်းလွန်းတယ်ဗျာ။ ကျုပ်တောင် ဖြေရပြုရတာ အတော်သတိထား ဖြေနေရတယ်။ တစ်ယောက် ပြီးတစ်ယောက် ထ,ထမေးကြတော့ ဒီလောက်လုပ်ငန်းအပေါ် ဂရုပြုလေးစား ကြတာ ကျုပ် ဒါမျိုးတစ်ခါမှ မကြားဖူးဘူး။ မေးတဲ့သူတွေက အရာရှိကြီး တွေ၊ ကြီးကြပ်ရေးမှူးတွေ မဟုတ်ကြဘူး။ အငယ်တန်းဝန်ထမ်းတွေ မေးကြ တာ။ သူတို့ မေးတာတွေကတောင် အတော်ကောင်းလှပြီ။ ဒီလို ပွင့်ပွင့် လင်းလင်း ပြောင်ပြောင်တင်းတင်း မကြောက်မလန့်၊ အာရုံ စူးစူးစိုက်စိုက် ပုံစံအနေအထားမျိုး ကျုပ် တစ်ခါမှ မမြင်ဖူးဘူး။ ကျုပ်ဘာသာကျုပ်တောင် စဉ်းစားမိတယ်။ ဘယ်သူက ဘယ်သူ့အတွက် လုပ်နေတာလဲလို့''

'စကော့သွမ်ဆင်'သည် အစ္စရေးတို့၏ 'ချုဇ်ပါ'ကို ပထမအကြိမ် မြည်းကြည့်မိ၏။ အတွေ့အကြုံများကို ပြန်ပြောနေခြင်း ဖြစ်၏။ ဂျူးပညာရှင် 'လီယိုရော့စ်တင်'၏ ဖွင့်ဆိုချက်အရမူ 'ချုဇ်ပါ'ဆိုသည်မှာ ဂျာမန်-စလပ်ဗ် ဘာသာစကားမှလာပြီး ခေတ်သစ် ဟီးဘရူးလူမျိုးတို့က မွေးစားသုံးစွဲထား သော စကားလုံးဖြစ်၏။ 'ချုဇ်ပါ'၏ အဓိပ္ပာယ်မှာ 'အရှိအသေတန်မှု၊ မျက်နှာပြောင်မှု၊ အရှက်ကင်းမဲ့မှု၊ အံ့မခန်းသတ္တိရှိမှု၊ မိမိကိုယ်မိမိ ယုံကြည် လွန်းမှု၊ စိတ်ကြီးဝင်မှု' စသည်တို့ ပေါင်းစပ်ပါဝင်သည့် အရည်အသွေးကို ခေါ်ဆိုခြင်းဖြစ်၏။ ပြင်ပလူများအဖို့ 'ချုဇ်ပါ'ကို အစ္စရေးနိုင်ငံတွင် နေရာ တကာ တွေ့ရမည်။ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားတိုင်းက သူတို့၏

ပါမောက္ခကိုလည်း ဤသို့ဆက်ဆံသည်။ အလုပ်သမားများကလည်း သူတို့ အလုပ်ရှင်ကို ဤသို့ပဲ ပြောဆိုမည်။ တပ်ကြပ်ကြီးက ဗိုလ်ချုပ်တွေကိုလည်း ဤပုံစံမျိုးပင် ပြောတတ် ဆိုတတ်၏။ စာရေးဝန်ထမ်းက ဝန်ကြီးကိုလည်း ဤသို့ဤနှယ်ပင် ပြောဆိုဆက်ဆံမည်။ အစ္စရေးလူမျိုးတို့အဖို့ 'ချုဇ်ပါ'သည် အဆန်းအကြယ် မဟုတ်။ သူတို့၏ ပုံမှန်ဆက်ဆံရေးပုံစံက ဤအတိုင်းပင်။ အိမ်မှာရော၊ ကျောင်းမှာရော၊ စစ်တပ်မှာပါ ဤသို့သာ တစ်ဦးနှင့်တစ်ဦး ဆက်ဆံပြောဆိုကြ၏။ မိမိကိုယ်မိမိ ယုံကြည်လွန်းခြင်း၊ ရဲရဲတင်းတင်း အားနှင့်မာန်နှင့် ပြောဆိုခြင်းတို့သည် အစ္စရေးတို့၏ 'စံနှုန်း'ပင်ဖြစ်၏။ လျှိုထားခြင်း၊ မြုံထားခြင်းမျိုး အစ္စရေးတို့ မလုပ်တတ်။

အစ္စရေးနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အကြီးအကျယ် လုပ်ကိုင်နေသူ 'ဂျွန်မက်ဒ်ဗက်စ်'ကို 'နာမည်ပြောင် ဘာရိုမီတာ' ဟုပင်ခေါ်သည်။ မည်သူမဆို အစ္စရေးနိုင်ငံတွင် သူတို့၏ လူ့မလိုင် အထက်လွှာများကိုပင် ကြိုက်သလို ခေါ်နိုင်၏။ အစ္စရေးသည် လူတိုင်းတွင် အာဏာရှိသော ကမ္ဘာပေါ်ရှိ တစ်ခုတည်းသောနိုင်ငံ ဖြစ်၏။ ဝန်ကြီးချုပ်တွင်ရော၊ ဗိုလ်ချုပ်ကြီးများတွင်ရော၊ လူတိုင်းသုံးသော နာမည်ပြောင်တွေ ရှိကြ၏။ လူတွေအားလုံး အပါအဝင် လူတိုင်းတွင် ကိုယ့်အာဏာနှင့်ကိုယ် လုပ်ပိုင်ခွင့်များ ရှိကြ၏။

လက်ရှိ အစ္စရေးဝန်ကြီးချုပ် 'ဘင်ဂျမင်နေတန်ယာဟူး'ကို 'ဘီဘီ' ဟု နာမည်ပြောင် ခေါ်ကြကာ၊ ယခင်ဝန်ကြီးချုပ်ဟောင်း 'အေရီယယ်ရှုန်' ကိုမူ 'အဲရစ်'ဟုခေါ်ကြ၏။ လေဘာပါတီ၏ ယခင်ခေါင်းဆောင်မှာ 'ဘင်ယာမင် (ဖုအပ်) ဘင်အလီဇာ' ဖြစ်၏။ လက်ရှိ အစ္စရေး ကာကွယ်ရေးတပ်မတော် (အိုင်ဒီအက်ဖ်)၏ ဦးစီးချုပ်သည် 'မိုရှေ(ဘိုဂီ)ယာလွန်' ဖြစ်၏။ ၁၉၈၀ ခုနှစ်များက စစ်ဦးစီးချုပ်သည် 'မိုရှေ(မိုရှေဇီယာဇီ)'ဖြစ်၏။ သူက အရပ် ၆ ပေ ၆ လက်မရှိ၏။ အစ္စရေးသမိုင်းတွင် အခြားသော ကာကွယ်ရေးဦးစီးချုပ်များမှ 'ရီဟာဗန်(ဂန်ဒီ)ဇီဗီ'၊ 'ဒေးဗစ်(ဒါဒို)အီလာဇာ'၊ 'ရာဖီလ်(ရာဖူးလ်) အီတန်'တို့ ဖြစ်ကြ၏။ ရှိန့်ပါတီထူထောင်သူမှာ 'ယိုဆက်ဖ်(တော်မီ)လာပစ်' ဖြစ်၏။ အစ္စရေးအစိုးရ၏ ထိပ်တန်းဝန်ကြီးတစ်ဦးအမည်မှာ 'အိုက်ဆက် (ဘူဂီ)လာပစ်' ဖြစ်သည်။ ထိုနာမည်ပြောင်များကို သူတို့နောက်ကွယ်တွင်သာ ခေါ်ကြသည်မဟုတ်။ သူတို့ ရှေ့တွင်လည်း လူတိုင်းက

နာမည်ပြောင်း ခေါ်ဝေါ်သုံးစွဲကြ၏။ ဤသည်ပင်လျှင် အစ္စရေး၏ လွတ်လပ်ရင်းနှီးဖော်ရွေသော၊ ကိန်းကြီးခန်းကြီး မဟုတ်သော ပုံစံဖြစ်သည်ဟု 'မက်ဒ်ဗက်ဒ်'က ပြော၏။

အစ္စရေး၏ အပြုအမူသဘောထားနှင့် ကိန်းကြီးခန်းကြီး မဟုတ်မှုတို့သည် ယဉ်ကျေးမှုဆိုင်ရာ သည်းခံနိုင်ခြင်းမှ ဆင်းသက်လာသည်။ အစ္စရေးတို့ အဆိုအားဖြင့် 'အပြုသဘော ဆုံးရှုံးမှု' သို့မဟုတ် 'အသိဉာဏ်ရှိသော ဆုံးရှုံးမှု'မှ လာသည်ဟုဆို၏။ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများက ဤသို့ ဆုံးရှုံးမှုများစွာကို သည်းခံနိုင်စွမ်းမရှိလျှင် စစ်မှန်သော တီထွင်မှုကို မရနိုင်ဟု ယုံကြည်ကြ၏။ အစ္စရေးတပ်မတော်တွင် လှုပ်ရှားမှုအားလုံးကို ပြုလုပ်ရန် တိမ်းညွှတ်မှုရှိ၏။ အောင်မြင်သည်လည်းရှိ၊ မအောင်မြင်သည်လည်းရှိ။ လေ့ကျင့်ရာတွင်လည်းကောင်း၊ လက်တွေ့လုပ်ဆောင်ရာတွင်လည်းကောင်း၊ တစ်ခါတစ်ရံ တိုက်ပွဲတွင်းမှာပင် ဤပုံစံအတိုင်း ကျင့်ကြံကြ၏။ စွန့်စားမှုများကို လုပ်ဆောင်ရာတွင် ဉာဏ်ပညာရှိစွာ လုပ်ဆောင်၏။ မဆင်မခြင် မလုပ်တတ်။ မည်သည့်လှုပ်ရှားမှုတွင်မဆို လုပ်ဆောင်မှုထဲမှ သင်ယူကြ၏။

ဟားဗတ်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ 'လိုရင်ဂယ်ရီ'က "စီမံကိန်းချ လုပ်ဆောင်သော စမ်းသပ်မှုနှင့် ပုံမှန်လည်ပတ်မှု'တို့ကြား ခြားနားမှုကို ဝေဖန်သုံးသပ်ခဲ့၏။ အစ္စရေးတွင် ဤထူးခြားချက်သည် စစ်ရေးလေ့ကျင့်မှု စောစောပိုင်းတွင်ပင် လုပ်ဆောင်ခဲ့ပြီး ဖြစ်၏။

"ကျုပ်တို့က အလွန်အကျွံ တော်တဲ့လူကိုလည်း ချီးကျူးမှု သိပ်မလုပ်သလို၊ ရှုံးနိမ့်သွားတဲ့လူကိုလည်း ထာဝရ မပစ်ပယ်ဘူး" ဟု လေတပ်လေ့ကျင့်ရေး အရာရှိတစ်ဦးက ပြောဖူး၏။

၂၀၀၆ ခုနှစ် ဟားဗတ်တက္ကသိုလ် လေ့လာချက်အရ ပထမလုပ်ငန်းကို ရှုံးနိမ့်ခဲ့သူ စီးပွားရေးလုပ်ငန်းရှင်များသည် နောက်တစ်ခု စလုပ်လျှင် အောင်မြင်ဖို့ရာ ငါးပုံတစ်ပုံ အခွင့်အလမ်းရှိသည်ဟု သိရ၏။ ဤသည်မှာ အသစ် စတင်လုပ်ဆောင်သော လုပ်ငန်းရှင်များထက် ပိုမိုမြင့်မားသော အောင်မြင်မှုနှုန်းထား ဖြစ်၏။ ယခင်က အောင်မြင်ခဲ့ဖူးသူ လုပ်ငန်းရှင်များထက်လည်း သိပ်မနိမ့်ကျလှ။

'ကောင်းချီးပေးမှု ပထဝီ' စာအုပ်ကို ရေးသားခဲ့သူ 'အဲရစ်ဝေနာ' ကမူ ရှုံးနိမ့်မှုကို အကြီးအကျယ် ခံနိုင်ရည်ရှိသော အခြားနိုင်ငံတစ်ခုအကြောင်း ဖော်ပြခဲ့၏။ ထိုနိုင်ငံမျိုးသည် 'ပြန်လည်မွေးဖွားမှု များစွာရှိသောနိုင်ငံ၊ ဘာသာရေးပုံစံ မပျက်ဘဲ ပြန်လည်ပေါ်ထွန်းသောနိုင်ငံ' ဟု ဖွင့်ဆိုပြခဲ့၏။ ၎င်းသည် အစ္စရေးနိုင်ငံနှင့် တူနေ၏။ ချွတ်ခြုံကျ ဒေဝါလီခံမှုနှင့် ပတ်သက်သော အစ္စရေးဥပဒေများ၊ ကုမ္ပဏီသစ် ဖွဲ့စည်းခြင်းများသည် အရှေ့အလယ်ပိုင်းတွင် အဦးဆုံးလုပ်ခဲ့၏။ ကမ္ဘာပေါ်တွင် အလွယ်ကူဆုံး နေရာတစ်ခုလည်း ဖြစ်၏။ ယခင်က ချွတ်ခြုံကျ ဒေဝါလီခံခဲ့ရသည်တောင်မှ ကုမ္ပဏီသစ်တစ်ခုကို မွေးဖွားရန် အလွန်လွယ်၏။ ဤသည်ကြောင့်လည်း အစ္စရေးလူမျိုးတို့သည် အမြဲပင် ပျာယာခတ် တွန်းတွန်းထိုးထိုးနှင့် နောက်ထပ်အခွင့်အရေးကို ရှာနေကြသော စိတ်မျိုးပေါ်နေခြင်း ဖြစ်ဟန်တူ၏။

အစ္စရေးကို ယခုမှ အသစ်လာရောက်သူများအဖို့ အစ္စရေးလူမျိုးများသည် ရိုင်းသည်ဟု မှတ်ယူကြမည်။ အစ္စရေးလူမျိုးတို့သည် သူတို့ သိပ်မသိသောသူကို မေးကြပြောကြ၊ ဆက်ဆံကြရာ၌ တစ်ဖက်သားအနေရ အထိုင်ရခက်လှအောင် လုပ်တတ်ကြ၏။ ထိုပုဂ္ဂိုလ်က အသက်ဘယ်လောက်ကြီးကြီး၊ သူ့တိုက်ခန်း၊ သူ့ကားက ဘယ်လောက်တန်ဖိုးရှိရှိ၊ သူတို့က ဂရုမစိုက်တတ်ကြ။ လမ်းလျှောက်ရင်းပင်ဖြစ်စေ၊ ဈေးဝယ်ရင်းပင်ဖြစ်စေ၊ ရာသီဥတုနှင့် လိုက်လျောညီထွေစွာ ဝတ်စားဆင်ယင်ပေးမထားသော ကလေးကို တွေ့လျှင် သူတို့၏မိဘများကို ဝေဖန်တတ်၏။ သူစိမ်းပင်ဖြစ်စေ အမြင်မတော်လျှင် ဆိုင်ဆိုင် မဆိုင်ဆိုင် ဝင်စွက်တတ်၏။ ဂျူးတွေအကြောင်းပြောရာ၌ ဂျူးနှစ်ယောက်ရှိလျှင် အမြင်သုံးမျိုးရှိသည်ဟုပင် ပြောတတ်ကြ၏။ ဤသို့သော ပွင့်လင်းရဲတင်းမှုကို ခံနိုင်ရည်မရှိသော သူများသည် အစ္စရေးတွင် မနေကြ။ သို့သော် ထိုသို့ ခံနိုင်ရည်ရှိသူများကမူ သူတို့၏ လတ်ဆတ်ပွင့်လင်းမှုရှိသော ဖြောင့်မတ်မှုများကို သဘောကျကြ၏။

"အစ္စရေးပုံစံက ဒီလိုပဲ။ ကျွန်တော်တို့က ကျွန်တော်တို့ကိစ္စကို သေတဲ့အထိ ငြင်းခုံနေဦးမှာပဲ။"

'ရှမြူရယ်(မူဒီ)အီဒင်'က 'ဆန်တာကလာရာ'မြို့ရှိ 'အင်တဲယ်လ်' ကုမ္ပဏီ၏ ထိပ်တန်းပုဂ္ဂိုလ်များနှင့် ၎င်း၏ အစ္စရေးအဖွဲ့ကြားမှ သမိုင်းဝင်

အသေအကြေတိုက်ပွဲနှင့် ပတ်သက်၍ ဤသို့ သုံးသပ်ခဲ့၏။ ၎င်းသည်လည်း 'ချစ်ပါ'၏ လက္ခဏာတစ်ရပ်ပင် ဖြစ်၏။

'အင်တဲလ်'ကုမ္ပဏီကား ရလဒ်သစ်များဖြင့် ပြန်လည်ရှင်သန်လာ၏။ သို့သော် ဤမျှ ကြောက်မက်ဖွယ်ကောင်းသော၊ လနှင့်ချီ၍ကြာခဲ့သော အငြင်းပွားမှုသည် 'အင်တဲလ်'တစ်ခုတည်းမှာသာ ဖြစ်သည် မဟုတ်။ ထိုသို့သော အငြင်းပွားမှု မရှိပါက ယနေ့ ကမ္ဘာတစ်ခွင် မရှိမဖြစ် သုံးနေကြသော 'လက်ပ်တော့ပ်'ကွန်ပျူတာမျိုးပင် ပေါ်ထွန်းလာတော့မည် မဟုတ်။

'အီဒင်'သည် 'အင်တဲလ်'၏ အစ္စရေးဌာနခွဲတွင် ခေါင်းဆောင်ဖြစ်၏။ ၎င်းသည် နိုင်ငံတွင် အကြီးဆုံးပုဂ္ဂလိကလုပ်ငန်းကြီး ဖြစ်၏။ ၎င်းသည် နှစ်စဉ် ၁.၃ ဘီလျံထုတ်ကုန်ရှိ၏။ သူသည် အစ္စရေးနိုင်ငံရှိ 'အင်တဲလ်' ကုမ္ပဏီ၏ ဇာတ်လမ်းကို ပြောပြသည်။ 'အင်တဲလ်'နှင့် 'အစ္စရေး' တိုက်ပွဲများကို ရှင်းပြသည်။

ခေတ်သစ်ကွန်ပျူတာသမိုင်းတွင် ဒေတာလုပ်ငန်း၏ အမြန်နှုန်း- ကွန်ပျူတာတစ်ခုခုလုပ်ရန် အချိန်မည်မျှယူမည်ဆိုသည်မှာ- ချစ်ပ်၏ ထရန်စစ်စတာ အမြန်နှုန်းပေါ်တွင် အဆုံးအဖြတ်ပေးမည်သာ ဖြစ်၏။ ထရန်စစ်စတာများသည် ဖွင့်လိုက်ပိတ်လိုက် လုပ်ကာ၊ အစီအစဉ်တကျဖြင့် သင်္ကေတ တစ်ခုကို ထုတ်၏။ အက္ခရာများက ဝေါဟာရကိုဖြစ်အောင် ပေါင်းစပ်ပေး သလိုပုံမျိုး ဖြစ်၏။ ထိုနည်းဖြင့် ပြဿနာပေါင်းများစွာသော အချက်အလက် များ မှတ်တမ်းတင်ကာ ဒေတာများကို အဆုံးမရှိ ကျွမ်းကျင်စွာ ကိုင်တွယ် ပြုလုပ်၏။ ထရန်စစ်စတာများက မြန်မြန်လှုပ်ရှားနိုင်လေ (ထရန်စစ်စတာ၏ နာရီနှုန်း)၊ ဆော့ဖ်ဝဲတို့က ပိုမိုစွမ်းအားမြင့် လုပ်ကိုင်နိုင်လေဖြစ်၏။ ဤသို့ဖြင့် ကွန်ပျူတာများသည် နဂိုက ဂဏန်းပေါင်းစက်သာသာမျိုးမှ မီဒီယာပေါင်းစုံ ဖျော်ဖြေရေးနှင့် လုပ်ငန်းသုံးစက်များအထိ ပြောင်းလဲတိုးတက်လာ၏။

သို့သော် ၁၉၇၀ ခုနှစ်များမတိုင်မီအထိ ကွန်ပျူတာများကို ဒုံးပျံ သိပ္ပံပညာရှင်များနှင့် တက္ကသိုလ်ကြီးများတွင်သာ ကွက်ကွက်လေး သုံးခဲ့ ကြ၏။ အချို့ကွန်ပျူတာဆိုလျှင် အရွယ်ပမာဏ ကြီးမားလွန်းသောကြောင့် တစ်ခန်းလုံး သို့မဟုတ် အဆောက်အဦ တစ်ခုလုံးလောက်ကိုပင် နေရာယူ ထား၏။ ကွန်ပျူတာကို ရုံးစားပွဲပေါ် သို့မဟုတ် အိမ်တွင်းအသုံးပြုနိုင်ခြင်း

ဆိုသည်မှာ သိပ္ပံဝတ္ထုထဲတွင်သာ စိတ်ကူးယဉ်အဖြစ် ဖော်ပြနေကြသည့် ကာလ ဖြစ်၏။ ၎င်းတို့သည် ၁၉၈၀ တွင် စတင်ပြောင်းလဲခဲ့၏။ 'အင်တဲလ်' ၏ 'ဟိုင်ဖာ'အုပ်စုက ၈၀၈၈ ချစ်ပ်ကို ဒီဇိုင်းထွင်ခဲ့၏။ ၎င်း၏ ထရန်စစ်စတာများသည် တစ်စက္ကန့်ကို အကြိမ် ၅ သန်း (၄.၇၇ မီဂါဟတ်စ်) လုပ်နိုင်၏။ အရွယ်ပမာဏမှာလည်း သေးငယ်သဖြင့် ရုံးများ၊ အိမ်များတွင် အနေတော်ထားနိုင်သော အရွယ်အထိ ခပ်သေးသေး လုပ်လာနိုင်ကြ၏။

'အိုင်ဘီအမ်'က 'အစ္စရေး၏ ၈၀၈၈ ချစ်ပ်'ကို ရွေးချယ်ကာ ၎င်း၏ ပထမဆုံး ပုဂ္ဂလိကသုံးကွန်ပျူတာ (ပီစီ)၏ ဦးနှောက်အဖြစ် အသုံးပြုခဲ့၏။ ဤသည်မှာ ကွန်ပျူတာခေတ်သစ် အစပျိုးခြင်းပင် ဖြစ်၏။ ၎င်းသည် 'အင်တဲလ်'၏ အဓိက ထိုးဖောက် အောင်မြင်မှုကြီးလည်း ဖြစ်သည်။ သတင်းစာဆရာ 'မိုက်ကယ်လ်မလုံး'၏ စကားအရ ပြောရလျှင် 'အိုင်ဘီအမ်ကန်ထရိုက်'နဲ့ 'အင်တဲလ်'ဟာ မိုက်ခရိုပရိုဆက်ဆာစစ်ကို အနိုင်ရခဲ့တယ် ဟုပင် ဆိုရမည်။

ထိုအချိန်မှစ၍ ကွန်ပျူတာနည်းပညာသည် ပို၍သေးငယ်၊ ပို၍ မြန်ဆန်လာ၏။ ၁၉၈၆ တွင် 'အင်တဲလ်'၏ နိုင်ငံခြား 'ချစ်ပ်'စက်ရုံသည် 'ချစ်ပ်' ၃၈၆ ကို ထုတ်ခဲ့၏။ 'ဂျေရုစလင်'မြို့တွင် တည်ဆောက်ကာ ထုတ်လုပ်မှု အမြန်နှုန်းက ၃၃ မီဂါဟတ်စ်ရှိ၏။ ယနေ့ 'ချစ်ပ်'အမြန်နှုန်းများနှင့် နှိုင်းစာလျှင် အသေးအဖွဲ့ပင် ဖြစ်သော်ငြားလည်း 'အင်တဲလ်'ကတော့ 'အရှိန်ပြင်းပြင်း လင်းလက်တောက်ပမှု'ဟု ခေါ်ခဲ့၏။ ၎င်းသည် ၈၀၈၈ ထက် ခုနစ်ဆနီးပါး မြန်၏။ ကုမ္ပဏီသည် ၎င်း၏ တည်ထောင်သူများထဲမှ တစ်ဦးဖြစ်သော 'ဂေါ်ဒွန်မိုး'၏ စိတ်ကူးတစ်ခုအတိုင်း လမ်းကြောင်းဆက်ဖောက်ခဲ့၏။ 'ဂေါ်ဒွန်မိုး'က စက်ရုံမှနေပြီး ထရန်စစ်စတာများ၏ အရွယ်အစားကို ၁၈ လမှ ၂၄ လအချိန်တိုင်း အရွယ်ပမာဏတစ်ဝက်ထိ လျှော့ချထုတ်လုပ်ရမည်ဟု လမ်းညွှန်ခဲ့၏။ ထိုသို့ပြုလုပ်ခြင်းဖြင့် 'ချစ်ပ်'၏ လုပ်ငန်းအမြန်နှုန်းမှာ အကြမ်းဖျင်းအားဖြင့် နှစ်ဆတိုးလာမည် ဖြစ်၏။ ထိုအယူအဆကို 'မိုးဥပဒေသ' ဟုခေါ်ကာ စက်ရုံသည် ပို၍ ပို၍ မြန်ဆန်လာသော 'ချစ်ပ်'များကို ထုတ်လုပ်ခဲ့၏။ 'အိုင်ဘီအမ်'ရော၊ 'ဝေါလ်စထရီ'ရော၊ စီးပွားရေးလုပ်ငန်းအားလုံးရော အံ့အားသင့်ကုန်ကြ၏။ နာရီအမြန်နှုန်းနှင့်

အရွယ်အစားသည် 'ချစ်ပ်'အသစ်များ၏ တန်ဖိုးကို တိုင်းတာသည့်အရာများ ဖြစ်လာ၏။

ဤနှုန်းအတိုင်း ခရစ်နှစ် ၂၀၀၀ ထိ ဆက်သွားနေသည်။ ထို့နောက် အခြား အချက်တစ်ခုဖြစ်သော မစ်ပါဝါ (ရောနှောမှုစွမ်းအင်) ပေါ်လာ၏။ 'ချစ်ပ်'များသည် ပို၍သေးလာ၊ ပို၍ မြန်လာ၏။ 'မိုး'၏ တွက်ကိန်း အတိုင်းပင် ဖြစ်လာ၏။ သို့သော် ၎င်းတို့သည် စွမ်းအင်ကို ပိုသုံးကာ အပူကလည်း ပိုထုတ်လွှတ်လာ၏။ 'ချစ်ပ်'များမှ ထုတ်လုပ်သော အပူသည် အတော်အရေးကြီးသောပြဿနာ ဖြစ်လာ၏။ အဖြေရှာရန်နည်းမှာ ပန်းကာ ပင်ဖြစ်၏။ သို့သော် လက်ပ်တော့ပ်များတွင်မူ ချစ်ပ်များကို အေးအောင်လုပ် မည့် ပန်ကာသည် အတွင်းတွင် ထည့်သွင်းရန် အရွယ်ပမာဏအတော်ကြီးမှ ဖြစ်မည်။ စက်ရုံကျွမ်းကျင်သူများက ဤပြဿနာကို 'ပါဝါနံရံ' ဟု ခေါ်ကြ၏။

'အင်တဲလ်'၏ အစ္စရေးအဖွဲ့သည် ဤအချက်ကို ပထမဆုံးလုပ်သော အုပ်စုဖြစ်၏။ 'အင်တဲလ်'၏ 'ဟိုင်ဖာ'အဖွဲ့သည် ညသန်းခေါင်ကျော်အထိ ခေါင်းချင်းရိုက်ကာ တိုင်ပင်ဆွေးနွေးကြပြီး 'ပါဝါနံရံ'ကို အဖြေရှာကြ၏။ အစ္စရေး ပညာရှင်အုပ်စုက ပြဿနာဖြေရှင်းစရာ နည်းလမ်းရှာရာတွင် ပို၍ အစွမ်းထက်ကြ၏။ ထိုအရည်အသွေးကို သိသဖြင့် 'အင်တဲလ်'က သူတို့၏ အစ္စရေးဌာနခွဲကို တီထွင်မှုဦးဆောင်ရန် တာဝန်ပေးခဲ့၏။

"အစ္စရေးမှာရှိတဲ့ တိုးတက်အောင်မြင်ရေးအုပ်စုဟာ အင်တဲလ်ကုမ္ပဏီ အတွက် အရေးကြီးတဲ့အချက်တွေကို ဖြေရှင်းပေးနိုင်တယ်"ဟု 'အင်တဲလ်'၏ အစ္စရေးနိုင်ငံမှ အကြီးအကဲ 'ဒေးဗစ်(ဒါဒီ)ပါလ်မတ်တာ'က ပြော၏။ သူသည် 'တက်နီယန်'ကျောင်းဆင်း ဖြစ်၏။ 'တက်နီယမ်'သည် အစ္စရေး နိုင်ငံ၏ ထိပ်တန်း စက်မှုတက္ကသိုလ် ဖြစ်၏။ အမေရိကန်မှ မီရှီဂန်စက်မှု တက္ကသိုလ်နှင့် ခိုင်းနှိုင်းနိုင်လောက်သည့် တက္ကသိုလ်ဖြစ်၏။ သူသည် 'အင်တဲလ်'အစ္စရေး၏ ချစ်ပ်များကို ၁၉၈၀ တွင် စတင် တီထွင်ခဲ့သူဖြစ်၏။ ယခုလည်း ပါဝါနံရံ ပြဿနာတက်နေပြီ။ ထိုအချိန်တွင် 'အင်တဲလ်'အစ္စရေး ၏ ထိပ်တန်းအင်ဂျင်နီယာများထဲမှ တစ်ဦးဖြစ်သော 'ရော်နီဖရိုက်ဒ်မင်း' လည်း ရှိနေခဲ့၏။ သူက အပျော်သဘောမျိုးဖြင့် ပါဝါအနိမ့်စားချစ်ပ်များကို

စမ်းသပ်လုပ်ကိုင်နေ၏။ ချစ်ပ်များကို ပိုမိုမြန်ဆန်အောင်လုပ်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ ထရန်စစ်စတာများထဲသို့ ပါဝါပို၍ထည့်ရမည်ဟူသော အချက်က အရှိးစွဲနေချိန်ဖြစ်၏။ အင်ဂျင်များကို ပိုမိုပြင်းထန်စွာပြန်အားအင် လန်းဆန်းစေခြင်းဖြင့် ကားများ ပို၍ မြန်မြန်မောင်းနိုင်သည့်သဘောဖြစ်သည်ဟု သူက တွေးမိ၏။ ၄င်းသည် အင်ဂျင်၏ အမြန်နှုန်းနှင့် ကား၏ အမြန်နှုန်းကြား ဆက်စပ်မှုပင်ဖြစ်၏။ သို့သော် တစ်ခါတစ်ရံတွင် အင်ဂျင်က ပိုမြန်လာသောအခါ အင်ဂျင်ပိုပူလာပြီး ကားက အမြန်နှုန်း ကျသွားတတ်တာလည်း ရှိ၏။

'ဖရိုက်ဒ်မင်း'နှင့် အစ္စရေးအုပ်စုက ပြဿနာ၏အဖြေသည် ကား၏ ဂီယာစနစ်နှင့် တစ်နည်းတစ်ဖုံ တူသည်ဟု သဘောပေါက်ထားကြ၏။ ဂီယာပြောင်းလိုက်လျှင် အင်ဂျင်က ပိုနှေးသွားသော်လည်း ကားကို မြန်မြန်မောင်း၍ရသောသဘော ဖြစ်၏။ 'ချစ်ပ်'တွင်တော့ နည်းနည်း ခြားနားမှုရှိ၏။ လမ်းညွှန်မှုကို ချစ်ပ်အတွင်းသို့ ခွဲ၍ လုပ်ရမည့်သဘော ဖြစ်၏။ ထိရောက်မှုကား အတူတူပင်တည်း။ 'အင်တဲလ်' အစ္စရေး၏ ပါဝါနိမ့်ချစ်ပ်များထဲမှ ထရန်စစ်စတာများသည် မြန်မြန်လှုပ်ရှားရန် မလို။ ကားကို ဂီယာကြီး ပြောင်းသကဲ့သို့ ဆော့ဖ်ဝဲများကို ပိုမိုမြန်ဆန်အောင် လုပ်၍ရ၏။

'အင်တဲလ်'အစ္စရေး၏ အုပ်စုက 'စင်တာကလာရာ'မြို့ရှိ ရုံးချုပ်သို့ သူတို့၏ တီထွင်မှုကို ပြသ၏။ သူတို့၏ လူကြီးများက တုန်လှုပ်သွားကြမည်ဟု အင်ဂျင်နီယာများက ထင်၏။ အပူစွမ်းအင်မပါဘဲနှင့် ကားသည် မည်သို့ မြန်မြန်မောင်းနှင်ပါမည်နည်း။ ကွန်ပျူတာတွင်ကော ထိုသို့လုပ်၍ ရပါမည်လား။ အင်ဂျင်စွမ်းအင် ပိုကျလာချိန်တွင် မြန်မြန်မောင်း၍ ရပါသလား။ ဌာနချုပ်ကလည်း ခေါင်းခဲနေကြ၏။ စက်ရုံတစ်ခုလုံးသည် အင်ဂျင်မည်မျှ မြန်မြန်လည်ခြင်းပေါ် မူတည်၍ ချစ်ပ်များ၏ ပါဝါကို တိုင်းတာကြ၏။

အစ္စရေး၏ချစ်ပ်များက ဆော့ဖ်ဝဲများကို ပိုမိုမြန်ဆန်စေသည်က အကြောင်းမဟုတ်။ ချစ်ပ်ထရန်စစ်စတာများ ပါဝင်သော ကွန်ပျူတာ၏ အင်ဂျင်သည် ပိတ်လိုက် ဖွင့်လိုက် မြန်မြန်လုပ်နေသည် မဟုတ်။

'နာရီအမြန်နှုန်း ပို၍မြန်လျှင် ဝယ်ပါ။ နာရီအမြန်နှုန်း ပို၍နှေးလာလျှင် ရောင်းပါ' ဟူ၍ပင် ဆောင်ပုဒ်ကို 'အင်တဲလ်'က ထုတ်ခဲ့၏။

"ကျုပ်တို့က ပင်မစီးကြောင်းထဲမှာ မရှိဘူး။ နာရီအမြန်နှုန်းက ဘုရင်ပဲ။ ကျုပ်တို့က အပြင်ရောက်နေကြတယ်" ဟု အစ္စရေး၏ 'ရော်နီဖရိုဒ်မင်း'က ပြောပြ၏။

'အင်တဲလ်'၏ ချစ်ပ်ဌာနခွဲမှ ခေါင်းဆောင်၊ 'ပေါလ်အောတဲလီနီ' က စီမံချက်တစ်ခုလုံးကို ကြိုးစားရှင်းပြ၏။ နာရီမြန်နှုန်း အစီအစဉ်သည် အင်တဲလ်အဖို့ သိပ်အရေးကြီးနေပြီ။ သို့သော် ဤစနစ် ပြောင်းရမလား၊ မပြောင်းရမလားတော့ သူတို့က နီးနှောဖလှယ်ပွဲ မလုပ်ကြသေး။

'နီးနှောဖလှယ်ပွဲ' ဟူသည် အစ္စရေးလူမျိုးများ ကောင်းစွာသိကြသော ယဉ်ကျေးမှု ဖြစ်၏။ နိုင်ငံတော် စတင်တည်ထောင်ချိန်မှစ၍ပင် ပြန်ပြောင်းပြော၍ ရ၏။ ၁၉၄၇ ခုနှစ် မတ်လကုန်မှ ၁၉၄၇ မေလကုန်အထိ အစ္စရေး၏ 'ဂျော့ဝါရှင်တန်' ဟုခေါ်လောက်သည့် အစ္စရေးခေါင်းဆောင်ကြီး 'ဒေးဗစ်ဗင်ဂူးရီးယန်း'က ဂျူးပါလက်စတိုင်း၏ စစ်ရေးအောင်မြင်မှုကို စုံစမ်းရေး လုပ်ခဲ့၏။ အစ္စရေးက လွတ်လပ်ရေး ကြေညာလိုက်သည်နှင့် ဖြစ်ပေါ်လာ လတ္တံ့သောစစ်ပွဲကို သူက ကြိုတွက်ခဲ့၏။ သူသည် စစ်တပ်ဆိုင်ရာ ဗိုလ်ချုပ်ကြီးများမှအစ တပ်သားများအထိ အထက်အောက် စုန်ဆန် လှည့်လည် ဆွေးနွေးကာ အစည်းအဝေးတွေ လုပ်၏။ နိုက်နိုက်ချွတ်ချွတ် မေး၏။ သိစရာတွေကို နားထောင်၏။ ထိုသို့သော ဆွေးနွေးပွဲများကို နေ့ရောညပါ တရစပ် သူ ပင်ပန်းကြီးစွာ လုပ်ခဲ့၏။ ပါလက်စတိုင်းကို ဂျူးနှင့် အာရပ် နိုင်ငံ တို့အဖြစ် ခွဲခြားပေးရန် အစီအစဉ်ကိုလည်း သမဂ္ဂက မဆုံးဖြတ်မှီ ခြောက်လ အကြိုကတည်းက 'ဘင်ဂူးရီးယန်း'သည် အာရပ်-အစ္စရေး ပဋိပက္ခ၏ နောက်အဆင့်ကို ကြိုတွက်ထား၏။ ၎င်း ပဋိပက္ခသည် ဂျူးတို့၏ နိုင်ငံမပေါ်မီက ပြည်သူ့စစ်ဆင်နွှဲသည့်ပုံစံနှင့် အလွန်ခြားနားလာမည်ကို သူသိ၏။ သူတို့သည် ဆက်လက်တိုက်ပွဲဝင်နေဆဲ လမ်းခုလတ်တွင်ပင် နောက်တစ်လှမ်းဆုတ်ဖို့ လို၏။ အနီးကပ်ရောက်လာတော့မည့် မရှိမဖြစ် ဖြစ်လာမည့် ခြိမ်းခြောက်မှုများစွာအတွက် အစီအစဉ်တွေ လုပ်ရမည်ကို သူ သိထားသည်။

နီးနှောဖလှယ်ပွဲအဆုံးတွင် 'ဘင်ဂူးရီးယန်း'က သူ့လူများ၏ ကြိုတင် ပြင်ဆင်မှုပိုင်းတွင် ယုံကြည်စိတ်ကို ဤသို့ ရေးပြခဲ့၏။

"ကျုပ်တို့က ခက်ခဲတဲ့အလုပ်ကို လုပ်ခဲ့တာပဲ။ သူတို့မှာ တစ်ခုခုရှိတယ် ဆိုတဲ့ ယုံကြည်မှုကိစ္စကို သူတို့ရဲ့နှလုံးသားထဲမှာ အမြစ်တွယ်အောင် လုပ်ပေးခဲ့ရတာကိုး။ တကယ်တော့ သူတို့မှာ ဘာမှမရှိပါဘူး။ သူတို့မှာ စိတ်ဓာတ်ကောင်းပဲ ရှိတာပါ။ သူတို့မှာ ပုန်းကွယ်နေတဲ့ အရည်အသွေးပဲ ရှိတာပါ။ ဒါပေမဲ့ ဒါတွေကို သူတို့ သိကို သိထားရမယ်။ ဖိနပ်တစ်ရံလုပ်ဖို့အတွက် လူတစ်ယောက်ဟာ ဖိနပ်ချုပ်တော့ အရင်သင်ထားရမယ်"

'အင်တဲလ်'၏ 'အော့တယ်လီနီ'သည် ဒါကို မသိ။ သို့သော် သူ၏ အစ္စရေးအဖွဲ့ကမူ သူ့ကို အလားတူ သတိတော့ ပေးနေ၏။ သူတို့က 'အင်တဲလ်'သည် 'ပါဝါနံရံ'အတွက် ဦးတည်နေသည်ကို သူတို့မြင်၏။ ၄င်းကို အင်နှင့်အားနှင့်လုပ်ရန် စောင့်နေမည့်အစား အစ္စရေးလူမျိုးတို့က 'အော့တယ်လီနီ'ကို မျက်နှာလွှဲပြီးနောက် တစ်လှမ်းဆုတ်စေချင်သည်။ သမားရိုးကျ စဉ်းစားတွေးတောမှုကို စွန့်လွှတ်ကာ ကုမ္ပဏီ၏ နည်းပညာချဉ်းကပ်မှုကို အခြေခံအားဖြင့် ပြောင်းလဲရန် စဉ်းစားစေချင်ကြ၏။

'စင်တာကလာရာ'မှ တာဝန်ရှိပုဂ္ဂိုလ်များကမူ အစ္စရေးအဖွဲ့ကို လည်မြို့ညှစ်ရန် အသင့်ရှိနေကြပြီ။ အစ္စရေးတို့ကတော့ တဲလ်အဗစ်မှ ကာလီဖိုးနီးယားသို့ ၂၄ နာရီခရီးကို ကြိမ်ဖန်များစွာ လူးလာခေါက်တုံ့ သွားနေကြ၏။ သူတို့ပုံက နွံနွံစပ်စပ်ရှိပုံ ပေါ်နေ၏။ တာဝန်ရှိပုဂ္ဂိုလ်များကို အနားယူစဉ်တွေ့တွေ့၊ လမ်းခုလတ်တွင် တွေ့တွေ့ သူတို့ကိစ္စကို တင်ပြကြ၏၊ ငြင်းခုံကြ၏။ 'ဒေးဗစ်ပါလ်မြူကာ'သည် 'စင်တာကလာရာ' ဌာနချုပ်တွင် လစဉ် တစ်ပတ်မျှနေရကာ၊ အစ္စရေးအုပ်စု၏ ကိစ္စကို သူက အချိန်အတော်ပေးကာ ဖြေရှင်းရ၏။

အစ္စရေးတို့က ကြိုးစားတင်ပြနေသော အချက်တစ်ခုမှာ အမြန်နှုန်းကိစ္စကို ကိုင်တွယ်ရာတွင် အကြီးအကျယ် စွန့်စားရမည့်အပိုင်း ဖြစ်၏။ 'အင်တဲလ်' အစ္စရေးကို ထူထောင်သူ 'ဒေါ့ဖ်ဖရိုမင်း'က ဆန်းသစ်တီထွင်မှု၏ စစ်မှန်သော ယဉ်ကျေးမှုဖန်တီးခြင်းနှင့် ပတ်သက်၍ နောင်တွင် ပြောကြားရာ၌ "ရှုံးနိမ့်မှုကို ကြောက်ခြင်းသည် အောင်မြင်မှုကို မျှော်လင့်ခြင်းထက် ပို၍ စွမ်းအားထက်ကြောင်း မကြာခဏ သက်သေပြခဲ့ပြီး ဖြစ်သည်" ဟု ဆို၏။

'ဖရီမင်း'သည် 'အင်တဲလ်'အစ္စရေးတွင် သဘောမတူညီသူနှင့် စကားအခြေအတင် ငြင်းခုံမှု ယဉ်ကျေးမှုအား ကာလရှည်ကြာစွာ ပျိုးထောင်ခဲ့သူဖြစ်၏။

"ခေါင်းဆောင်တစ်ယောက်ရဲ့ အခန်းကဏ္ဍက ကိုယ်ခံအားကို အကောင်းဆုံး အသုံးချသင့်တာပါပဲ။ သဘောမတူညီမှုတွေနဲ့ ကွဲလွဲမှုတွေကို အားပေးတဲ့စိတ်နဲ့ ချဉ်းကပ်နိုင်ရမယ်။ အဖွဲ့အစည်းတစ်ခုဟာ အကြပ်အတည်းတွေ့နေရင် ကိုယ်ခံအားကိုယ်တိုင်ကကို အကြီးဆုံးပြဿနာ ဖြစ်တတ်တယ်။ ကြီးစားလုပ်ဆောင်မယ့် အပြောင်းအလဲကို ခံနိုင်ရည်မရှိတတ်ဘူး။ အဖွဲ့အစည်းထဲက လူတွေက ခင်ဗျားနဲ့ သဘောမတူဘူးဆိုတာ ခင်ဗျား သတိမပြုမိရင် ခင်ဗျား ဒုက္ခရောက်တော့မှာ သေချာတယ်"

အစ္စရေးတို့သည် အမေရိကန်တို့နှင့် သဘောမတူမှု၊ ငြင်းခုံမှုတွေများလာ၏။ အစ္စရေးတို့က ပို၍ကောင်းသော သုတေသနတွေ ရှိ၏။ ပိုမိုတိကျသော အချက်အလက်များ ရှိ၏။ ၎င်းကို 'အင်တဲလ်'၏ တာဝန်ခံတစ်ယောက်က ပြန်ပြောပြ၏။ သူတို့စက်ရုံက မည်သည့်ဘက်ကို ဦးတည်နေသည်ကို သူတို့ သိ၏။

နောက်ဆုံးတွင် စီအီးအိုဖြစ်သူ 'အော့တယ်လီနီ'က သူ့စိတ်ကို ပြောင်းခဲ့ရ၏။ အစ္စရေးတို့၏ သူ့မတူအောင် ကောင်းမွန်သော သုတေသနကို သူ ဆန့်ကျင်ရန် မဖြစ်နိုင်တော့။ ၂၀၀၃ မတ်လတွင် ချစ်ပ်အသစ်ဖြစ်သော 'ဘန်နီယာ့စ်' ပေါ်လာ၏။ 'ဘန်နီယာ့စ်' ဆိုသည်မှာ အစ္စရေး မြောက်ဘက်က သဘာဝစမ်းရေကို ခေါ်၏။ ၎င်းချစ်ပ်ကို လက်ပ်တော့ပ်များအတွက် သုံး၏။ ၎င်း၏ အမြန်နှုန်းမှာ ယခင် 'ပင်တီယမ်'ချစ်ပ်၏ ၂၀၈ မီဂါဟတ်ဂ်ထက် တစ်ဝက်ကျော်ကျော်မျှ ပို၏။ ယခင်ဈေးထက်တော့ နှစ်ဆပိုကြီး၏။ သို့သော် လက်ပ်တော့ပ်သမားများက သူတို့လိုအပ်သော အမြန်နှုန်းကို ပေးနိုင်၍ ကျေနပ်ကြ၏။

အစ္စရေးတို့ ဖန်တီးသော လုပ်ရပ်များမှာ 'အင်တဲလ်'တွင် လူသိများလာ၏။ စက်ရုံက မှန်ကန်သော လမ်းကြောင်းသို့ ပြန်ဦးတည်လာ၏။ အပူစွမ်းအင် ပိုပိုထွက်လာသည်ကို သတိမထားဘဲ ပို၍ပို၍ မြင့်လာသော အမြန်နှုန်းတွေဘက်ကိုသာ အာရုံစိုက်နေသောကိစ္စမှ ပြန်လည် အချိုးအကွေ့

တစ်ခု ပြောင်းလာ၏။ 'အင်တဲလ်'မှာ မှန်ကန်သော လမ်းကြောင်း ပါရာဒိုင်းကို စတင် လုပ်ကိုင်လာ၏။ လက်ပ်တော့များအတွက် ချစ်ပ်များသာမက ဒက်စ်တော့များအတွက် ချစ်ပ်များပါ လုပ်ကိုင်လာ၏။ အင်ဂျင်နီယာများသည် သူတို့အလုပ်ကို သူတို့လုပ်ရင်းနှင့် မှန်ကန်သော လမ်းကြောင်းပေါ် ရောက်လာခြင်း ဖြစ်၏။ သူတို့က ကုမ္ပဏီတစ်ခုလုံး၏ အနာဂတ်ကို ဂရုစိုက်ပေးကြ၏။ သူတို့ တိုက်ခိုက်ကြခြင်းမှာ 'အင်တဲလ်'အတွင်း တိုက်ပွဲကို အနိုင်ရရေး မဟုတ်။ ပြိုင်ဘက်များအားလုံးကို အနိုင်ရရေးပင် ဖြစ်၏။

ဤသို့ဖြင့် အစ္စရေးတို့၏ လုပ်ဆောင်မှုသည် ထိပ်တန်းအဆင့်ကို ရောက်လာ၏။ ၂၀၀၃ မှ ၂၀၀၅ အတွင်း 'အင်တဲလ်'၏ ရောင်းအားက ၁၃ ရာခိုင်နှုန်းထိ တက်လာ၏။ ထိုသို့အောင်မြင်လာသော်လည်း ၂၀၀၆ တွင် စိန်ခေါ်မှုတစ်ရပ် ရင်ဆိုင်လာရပြန်၏။ အင်တဲလ်၏ ဈေးကွက်ရှယ်ယာတို့သည် ၁၁ နှစ်အတွင်း အနိမ့်ဆုံးသို့ ပြန်ကျလာ၏။

'အင်တဲလ်'၏ ပင်တီယံကွန်ပျူတာအပြီးတွင် 'အော့တယ်လီနီ'က ၂၀၀၆ ဇူလိုင်လတွင် 'ကောတူဒူယို' ချစ်ပ်ကို ထုတ်လုပ်ခဲ့၏။ ၄င်းသည် အစ္စရေးတို့၏ နောက်ထပ်တိုးတက်မှု ဖြစ်၏။ အမြန်နှုန်းလည်း ပိုတက်လာ၏။

"ဒါတွေဟာ ကျုပ်တို့ ထုတ်လုပ်သမျှတွေထဲမှာ အကောင်းဆုံး မိုက်ခရို ပရိုဆက်ဆာတွေပဲ။ ကျုပ်တို့လုပ်သမျှတွေအထဲမှာ အကောင်းဆုံး" ဟု 'အော့တယ်လီနီ'က 'အင်တဲလ်'၏ စင်တာကလာရာဌာနချုပ်တွင် ပြုလုပ်သော ပွဲတော်တစ်ခုတွင် ပရိသတ်များအား ပြောကြားခဲ့၏။

"ဒါက အပြောင်းအလဲ မည်ကာမတ္တ မဟုတ်ပါဘူး။ တော်လှန်သော ခုန်ပျံတိုးတက်မှုလည်း ဖြစ်ပါတယ်" ဟုပင် ပြောခဲ့၏။ ဂုဏ်ယူဝင့်ကြွားနေကြသော အင်ဂျင်နီယာတို့၏ မျက်နှာပြင်များကို အစ္စရေးနိုင်ငံ တိုင်ဖာဂြိုဟ်တုမှတစ်ဆင့် မြင်နေရ၏။ ၁၉ ရာခိုင်နှုန်း စတော့ဈေးကျနေရာမှ ချစ်ပ်ထုတ်လုပ်ပြီးနောက် ၁၀ ရာခိုင်နှုန်းထိ ပြန်ထိုးတက်သွား၏။ ရက် ၁၀၀ အတွင်း ထို ပရိုဆက်ဆာသစ် ၄၀ ထုတ်လုပ်နိုင်ခဲ့၏။ ထိုအထဲမှ အများစုမှာ အစ္စရေးအုပ်စု၏ လက်ရာ။

"မယုံနိုင်စရာပဲဗျ။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကဆိုရင် ကျွန်တော်

တို့က ဘယ်သူမှ မလိုချင်ကြတဲ့အရာမျိုးကို နွှဲတိုင်းဆွဲခဲ့ကြတာ။ ခုတော့ ကျွန်တော်တို့လုပ်နေတဲ့ ပရိဆက်ဆာတွေက 'အင်တဲလ်' ကုမ္ပဏီရဲ့ဝင်ငွေကို အများဆုံး မြှင့်တင်ပေးတဲ့အရာတွေ ဖြစ်ကုန်ပြီ''ဟု 'ဖရိုက်မင်း'က ပြော၏။ သူသည် 'ဟိုက်ဖာ'တွင် အခြေစိုက် လုပ်ကိုင်နေဆဲဖြစ်သော်လည်း ယခုတော့ ကမ္ဘာတစ်ဝန်းမှ 'အင်တဲလ်'၏ လုပ်ငန်းခွဲများအားလုံးကို ကြီးကြပ်ဦးဆောင်နေသူဖြစ်နေပြီ။

အမေရိကန် နည်းပညာသုတေသနဌာနမှ ပါရဂူ 'ဒေါက်ဖရိဒ်မင်း' ကတော့ ပြောင်ပြောင်တင်းတင်းပင် ချီးကျူး၏။

''အစွရေးအုပ်စုကပဲ ကုမ္ပဏီအသက်ကို ကယ်ခဲ့တာဗျို့''

'ဟိုက်ဖာ'ရှိ အစွရေးပညာရှင်အချို့ကသာ စိန်ခေါ်မှုများကို မရင်ဆိုင်နိုင်ခဲ့လျှင် 'အင်တဲလ်'ကုမ္ပဏီ၏ ယနေ့ကမ္ဘာ့အဆင့်သို့ မည်သို့မျှ ရောက်နိုင်မည် မဟုတ်။

အစွရေးအုပ်စုသည် ကွန်ပျူတာများ လျှပ်စစ်သုံးမှုနှုန်းကိုလည်း လျှော့ချကြ၏။ အစွရေးအုပ်စုတီထွင်ခဲ့သော လျှပ်စစ်ချွေတာသုံး ဒီဇိုင်းကြောင့် နှစ်နှစ်ခွဲအတွင်း ၂၀ တာရာဝပ်နာရီ လျှပ်စစ်အကုန်အကျ သက်သာခဲ့၏။ ၎င်းလျှပ်စစ်ပမာဏသည် ဝပ် ၁၀၀ ဘတ်သီး ၂၂ သန်း တစ်နှစ်လုံး ၂၄ နာရီထွန်းရန် ကုန်ကျသော လျှပ်စစ်ပမာဏနှင့် ညီ၏။

'အင်တဲလ်'၏ နည်းပညာတာဝန်ခံ 'ဂျွန်စကင်နာ'က ''ကျွန်တော်တို့အနေနဲ့ ဒေါ်လာ ၂ ဘီလျံဖိုး လျှပ်စစ်အသုံးစရိတ် ချွေတာနိုင်ခဲ့ပါတယ်။ အဲဒီပမာဏဟာ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးရုံအချို့ ဒါမှမဟုတ် ကားပေါင်းတစ်သန်းကျော် သုံးတဲ့နှုန်းမျိုးနဲ့ ညီပါတယ်။ ကျွန်တော်တို့ဆို ကုမ္ပဏီရဲ့ ကြိုးပမ်းမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက် ထွက်နှုန်း လျော့ပါးသွားတာ ဂုဏ်ယူပါတယ်''ဟု ပြော၏။

'ဟိုက်ဖာ'မှ အစွရေးအုပ်စုသည် 'အင်တဲလ်' အစွရေးကုမ္ပဏီတွင် တော်လှန်သော အဖြေများရှာပေးကာ ကုမ္ပဏီကို တွန်းတင်ပေးနိုင်ခဲ့၏။ ဤသို့ အောင်မြင်ရခြင်းမှ အထက်က ချပေးသမျှကိုသာ အသာမျှောလိုက်ပြီး လုပ်ဆောင်နေကြခြင်းကြောင့် မဟုတ်။ သူတို့သည် ကုမ္ပဏီကောင်းကျိုးအတွက်ဆိုလျှင် အတိုက်အခံပြောဖို့လည်း ဝန်မလေးကြ။ ကုမ္ပဏီ အကျိုးအတွက်ဆိုလျှင် ရန်ဖြစ်ဖို့၊ ငြင်းခုံဖို့လည်း အသင့်။

အမေရိကန် လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ တုန့်လှုပ်မှုအကြောင်း 'ဒါဒီ ပါလ်မျူကာ'က ပြန်ပြောပြ၏။

"ကျွန်တော်တို့အားလုံး အစည်းအဝေးခန်းက ထွက်လာကြတယ်။ အစည်းအဝေးထဲမှာ အော်ကြဟစ်ကြ၊ ငြင်းကြခုံကြနဲ့။ မျက်နှာတွေလည်း နီရဲလို့။ သူက ကျွန်တော့်ကို မေးတယ်။ ဘာဖြစ်ကြတာလဲတဲ့။ ကျွန်တော်က ပြန်ဖြေလိုက်တယ်။ "ဘာမှမဖြစ်ဘူး။ ခုမှ အဖြေကောင်းတစ်ခု ရလာခဲ့တာလို့"

ဤသို့သော အပြင်းအထန် ငြင်းခုံစကားစစ်ထိုးမှုများသည် အခြားနိုင်ငံမှ လုပ်ငန်းခွင်များတွင်တော့ အလုပ်ဖြစ်ချင်မှ ဖြစ်မည်။ အစ္စရေးများအဖို့တော့ ဤသည်ပင် ပြဿနာကို အကောင်းဆုံး အဖြေရှာနည်း ဖြစ်နေ၏။

"အစ္စရေးကုမ္ပဏီတွေမှာ တစ်ယောက်မကောင်းတာ တစ်ယောက်နောက်ကွယ်မှာ ပြောတာမျိုး မြင်ရခဲ၊ ကြားရခဲတယ်။ သူတို့က ပြောင်ကို မျက်နှာချင်းဆိုင် ဖြေရှင်းတတ်ကြလို့ပဲ" ဟု 'ပါလ်မျူကာ'က ပြော၏။

'ပါလ်မျူကာ'သည် နောက်ပိုင်းတွင် 'စင်တာကလာရာ'သို့ ပြောင်းရွှေ့ကာ 'အင်တဲလ်'ကုမ္ပဏီ၏ မိုဘိုင်းကွန်ပျူတာလုပ်ငန်းတွင် ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည်။ သူ့ဌာနသည် ကုမ္ပဏီ၏ အမြတ်ငွေတစ်ဝက်ကို ရှာပေးနိုင်ခဲ့၏။

"ကျွန်တော် အစ္စရေးကို ပြန်သွားရင် 'အင်တဲလ်'ရဲ့ ယဉ်ကျေးမှုဟောင်းကို ပြန်ရောက်သွားသလိုပဲ။ ယဉ်ကျေးသိမ်မွေ့မှုဆိုတာကို ဒုတိယနေရာထားတဲ့နေရာလေဗျာ။ အလုပ်ဖြစ်ရေးက အဓိက မဟုတ်လား"ဟု သူက ပြော၏။

အစ္စရေးနှင့် အမေရိကန်တို့၏ ယဉ်ကျေးမှုမှာ အတော်ခြားနား၏။ ထို့ကြောင့် 'အင်တဲလ်'က နှစ်နိုင်ငံယဉ်ကျေးမှု ဆွေးနွေးပွဲများ၊ ယဉ်ကျေးမှု ဖလှယ်ပွဲများ လုပ်ပေးနေရ၏။

"ကျွန်တော် အမေရိကန်မှာ ၅ နှစ်နေပြီးတဲ့အခါ အစ္စရေးတွေကို စိတ်ဝင်စားမိတာ သူတို့ ယဉ်ကျေးမှုပဲ။ အစ္စရေးတွေမှာ စည်းစနစ်သိပ်ကျတဲ့ ယဉ်ကျေးမှုမျိုး မရှိဘူး။ စိန်ခေါ်စရာရှိတာ စိန်ခေါ်မယ်။ မရှင်းတာ ဖြောင့်ဖြောင့်မေးမယ်။ အရာရာ အခြေအတင် ပြောမယ်။ တီထွင်မယ်၊ ဒါပဲ" ဟု ထိုညီလာခံဆွေးနွေးပွဲများကို ကျင်းပပေးသည့် 'မူးလီအီဒင်'က ပြော၏။

"ဒါကြောင့် အမေရိကန် ငါးဆယ်ထက် အစ္စရေး ငါးယောက်ကို အုပ်ချုပ်ရတာ ပိုခက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အစ္စရေးလူမျိုးတွေက အမြဲစိန်ခေါ်နေကြတာကိုး။ ခင်ဗျားက ကျုပ်ရဲ့မန်နေဂျာ ဘာဖြစ်လို့ ဖြစ်နေတာလဲ။ ကျုပ်ကရော ခင်ဗျားရဲ့မန်နေဂျာ ဘာဖြစ်လို့ မဖြစ်ရတာလဲ ဆိုတာတွေက စပြီး ငြင်းနေကြရတာ" ဟု မူးလီက ပြောသည်။

❖

# အခန်း (နှစ်)

# စစ်မြေပြင် စွန့်စားတီထွင်စီးပွားရေးလုပ်ငန်းရှင်များ

ဆီးရီးယားစစ်ပွဲများထဲမှ တစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သော အစ္စရေး သံချပ်ကာကားတပ်မှ တပ်မှူးတစ်ဦးသည် ကမ္ဘာပေါ်တွင် အထူးချွန်ဆုံး တာဝန်ခံ အင်ဂျင်နီယာတစ်ဦး ဖြစ်၏။ သံချပ်ကာကားတပ် တပ်မှူးများသည် စစ်ဆင်ရေးတွင် အတော်ဆုံးများ ဖြစ်ကြသည်။ သူတို့သည် အလွန်အမင်း အသေးစိတ်ကျသူများလည်း ဖြစ်ကြ၏။ ဤသည်မှာ နှစ် နှစ်ဆယ် အတွေ့ အကြုံကို အခြေခံ၍ပြောခြင်း ဖြစ်၏။ ကျွန်တော် သူတို့နှင့်အတူ လုပ်ကိုင် ရင်း လေ့လာတွေ့ရှိရချက် ဖြစ်၏။

***အဲရစ်ရှမစ်***

၁၉၇၃ ခုနှစ် အောက်တိုဘာ ၆ ရက်နေ့သည် ဂျူးနှစ်တွင် အထွတ် အမြတ်ဆုံး နေ့ထူးနေ့မြတ်ဖြစ်၍ တစ်နိုင်ငံလုံး အလုပ်တွေ၊ ရုံးတွေ၊ ကျောင်း တွေ ပိတ်ကြ၏။ ထိုအချိန်တွင် အီဂျစ်နှင့် ဆီးရီးယားတို့က 'ယွန်းကပူး' စစ်ကို စတင်၍ ရုတ်တရက် အလုံးအရင်းနှင့် တိုက်ခိုက်ခဲ့၏။ နာရီပိုင်း အတွင်းမှာပင် အီဂျစ်တပ်ဖွဲ့များသည် ဆူးအက် တူးမြောင်းတစ်လျှောက် အစ္စရေးတို့၏ ခုခံမှုနယ်ပယ်တွင်းသို့ပင် ဝင်ရောက်လာကြ၏။ အီဂျစ်ကြည်း တပ်က အစ္စရေး သံချပ်ကာကား တပ်ဖွဲ့များ အခြေစိုက်ရာစခန်းသို့ပင် ထိုးဖောက်လာကြ၏။ ရန်သူသံချပ်ကာကား ရာပေါင်းများစွာသည် တပ်ဦး နှင့်အတူ ကပ်လျက်ပါလာပြီး ရှေ့သို့ ထိုးဖောက်ဝင်လာကြ၏။

ဤသည်မှာ အစ္စရေး၏ အကြီးမားဆုံး စစ်ရေးအောင်ပွဲဖြစ်သည့် '၆ ရက် စစ်ပွဲ' ပြီးနောက် ၆ နှစ်မြောက် နှစ်ဖြစ်၏။ ထိုစစ်မဖြစ်မီ ၁၉၆၇ က ၁၉ နှစ်သား ဂျူးနိုင်ငံလေးသည် အာရပ်တပ်များ၏ စစ်မျက်နှာပေါင်းများစွာမှ ကျူးကျော်မှုအောက်တွင် မှုန့်မှုန့်ညက်ညက် ကြေသွားမည်ဟု ထင်ဖွယ်ရှိ၏။ ထို့နောက် တိုက်ပွဲ ၆ ရက်ကာလတွင် အစ္စရေးတို့သည် အီဂျစ်၊ ဂျော်ဒန်၊ ဆီးရီးယားတပ်များကို တစ်ပြိုင်နက်တည်း ချေမှုန်းလိုက်နိုင်ခဲ့၏။ ဆီးရီးယားထံမှ 'ဂိုလန်ကုန်းမြင့်ဒေသ'၊ ဂျော်ဒန်ထံမှ 'အနောက်ဘက်ကမ်းခြေ'နှင့် 'အရှေ့ဂျေရုစလင်'၊ အီဂျစ်ထံမှ 'ဂါဇာကမ်းမြောင်'နှင့် 'ဆိုင်းနိုင်းကျွန်းဆွယ်'တို့ကိုပင် သိမ်းပိုက်နိုင်ခဲ့၏။

ဤသည်မှာ အစ္စရေးတို့၏ အံ့မခန်းစွမ်းရည်ကို ပြသလိုက်သည့်အချက်ပင် ဖြစ်၏။ ထိုနောက်ပိုင်းတွင် အာရပ်နိုင်ငံများက အစ္စရေးကို မတို့မထိရဲတော့။ တပ်မတော်ထဲတွင်လည်း အကယ်၍ အာရပ်တို့က တိုက်ခိုက်ရဲလျှင် အစ္စရေးတို့က သူတို့တပ်များကို ၁၉၆၇ ကကဲ့သို့ လျင်မြန်စွာ တိုက်ဖျက်ပစ်နိုင်မည်ကို ကောင်းစွာ ယုံကြည်နေကြ၏။

ထို့ကြောင့် ၁၉၇၃ အောက်တိုဘာနေ့တွင်လည်း အစ္စရေးသည် စစ်ပွဲအတွက် ပြင်ဆင်မှု မလုပ်ခဲ့။ ဆူးအက်တူးမြောင်းကို ဖြတ်ကျော်ထားသော အီဂျစ်စစ်စခန်းများရှေ့မှ အစ္စရေးခံတပ်စစ်ကြောင်းသည် အလွန်အင်အားနည်း၏။ ၎င်းတပ်များနှင့် အီဂျစ်တပ်များ နှိုင်းယှဉ်လိုက်တော့ ဆင်နှင့်ဆိတ်ပမာ ဖြစ်နေ၏။ ထိုရှေ့တန်းတပ်များ၏ ချေမှုန်းခံရပြီးနောက်တွင် အစ္စရေးသံချပ်ကာတပ်ဖွဲ့ ၃ ဖွဲ့သည် ရှေ့တက်လာသော အီဂျစ်တပ်နှင့် အစ္စရေးနိုင်ငံ ဗဟိုချက်တို့ကြားတွင် ရှိနေ၏။ ထိုသံချပ်ကာတပ်ဖွဲ့ ၃ ဖွဲ့ထဲတွင် တစ်ဖွဲ့က ရှေ့တန်းနှင့် ခပ်နီးနီးတွင် ရှိ၏။

ထိုတပ်ဖွဲ့သည် မိုင် ၁၂၀ ရှိသော ရှေ့တန်း၏ စစ်မျက်နှာကို သူ၏ သံချပ်ကာကား ၅၆ စင်းဖြင့် ကာကွယ်ရမည် ဖြစ်၏။ ၎င်းတပ်ဖွဲ့၏ တပ်မှူးမှာ 'ဗိုလ်မှူးကြီး ဒင်းမ်နွန်ရီရှဲဖ်' ဖြစ်၏။ သူက သူ့သံချပ်ကာကားများဖြင့် ကျူးကျော်လာ၏။ အီဂျစ်တပ်များကို ကြိုးစားခုခံ၏။ သူ့သံချပ်ကာကား တစ်စင်းပြီးတစ်စင်း ကျည်ဆန်ထိမှန် ပျက်စီးနေသည်ကိုသာ သူတွေ့နေရ၏။ သို့သော် သူ့မြင်ကွင်းထဲတွင် အီဂျစ် ရန်သူသံချပ်ကာကားရော၊

သံချပ်ကာကားပစ် အမြောက်ရော မတွေ့ရ။ ဘယ်လိုလက်နက်တွေနဲ့ သူ့လူတွေကို ချေမှုန်းနေတာလဲ။

ပထမ သူထင်သည်မှာ သူ့သံချပ်ကာကားတွေကို လက်ပစ်ဗုံး ထိပ်ဖူးတပ် ဒုံးကျည် (အာပီဂျီ)နှင့် ပစ်နေသည်ဟုသာ ထင်၏။ ဤလက်နက်မျိုးသည် ကြည်းတပ်က သုံးလေ့သုံးထရှိသော သံချပ်ကာကား ချေမှုန်းသော ဂန္ထဝင်လက်နက်မျိုး ဖြစ်၏။ 'ရီရှမ်း'နှင့် သူ့လူများက လေ့ကျင့်ထားသည့်အတိုင်း နောက်သို့ အနည်းငယ် ဆုတ်ပေးကြ၏။ 'အာပီဂျီ'များ လက်လှမ်းမမီသည့်နေရာသို့ ဖြစ်၏။ သို့သော် သူ၏ သံချပ်ကာကားများမှာ အပစ်ခံနေရဆဲ။ တစ်စုံတစ်ရာက သူတို့ကို ပစ်ခတ်နေပြီ။ မမြင်ရသော တစ်စုံတစ်ရာ လက်နက်တစ်ခုခု။

တိုက်ပွဲကာလ အချိန်နှောင်းလာတော့မှ သဲလွန်စကို တွေ့လာရ၏။ သံချပ်ကာကောင်းမောင်းသူများက ပြော၏။ သူတို့ ဘာတစ်ခုမှ မမြင်ရ။ သို့သော် အနီရောင်မျဉ်းလေးတစ်ခုက ချိန်ရွယ်ထားသော သံချပ်ကာကားဆီ လှုပ်ရှားချိန်ရွယ်ပစ်ခတ်နေသည်ကိုတော့ တွေ့ရသည်ဟုဆို၏။ အချေမှုန်းခံရသော အစွရေးသံချပ်ကာများအောက်တွင် ဝိုင်ယာကြိုးများ တွေ့ရ၏။ တပ်မှူးများက အီဂျစ်တို့၏ လျှို့ဝှက်လက်နက်ကို ရှာဖွေတွေ့ရှိခဲ့ပြီ။ 'ဆက်ဂါး'လက်နက်။

ရုရှားလူမျိုး 'ဆာဂျီပတ်ဗ်လော့ဗ်ဇစ်နီပိုဘီဒင်ယီ' ၁၉၆၀ ခုနှစ်က တီထွင်ထားသော 'ဆက်ဂါး'။ 'နီပိုဘီဒင်ယီ' ဆိုသည်မှာ 'မချေမှုန်းနိုင်သော' ဟု ရုရှားဘာသာဖြင့် အဓိပ္ပာယ်ရ၏။ ဤလက်နက်သစ်ကို မူလအစက ဝါဒတူစာချုပ်နိုင်ငံများသို့ ဖြန့်၏။ သို့သော် တကယ် လက်တွေ့အသုံးချသည်မှာကား "ယွန်းကပူး စစ်ပွဲကာလအတွင်း အီဂျစ်နှင့် ဆီးရီးယားတပ်များသုံးသော လက်နက်များ ဖြစ်၏။ လက်နက်ဖြင့် တိုက်ခိုက်၍ တောင်ဘက်နှင့် မြောက်ဘက် စစ်ဌာနနှစ်ခုလုံးတွင် သံချပ်ကာကား ၄၀၀ ပျက်စီးခဲ့ရ၏။ လူပေါင်း ၆၀၀ မသန်မစွမ်းဖြစ် ထိခိုက်ခဲ့ရ၏။ သို့သော် သံချပ်ကာကားများကို ပြင်ဆင်ပြီးနောက် တိုက်ပွဲသို့ ပြန်ဝင်လာကြ၏။ 'ဆိုင်ရင်း' သံချပ်ကာကားတပ်ဖွဲ့တွင် သံချပ်ကာကား ၂၉၀ ရှိရာ ပထမနေ့တွင်ပင် သံချပ်ကာကား ၁၈၀ ဆုံးရှုံးပျက်စီးခဲ့ရ၏။ တစ်ဝက်မှာ 'အာရ်ပီဂျီ' ထိမှန်ပြီး တစ်ဝက်မှာ 'ဆက်ဂါး'ကြောင့် ပျက်စီးရခြင်း ဖြစ်၏။

'ဆက်ဂါး'သည် ဝိုင်ယာကြိုးတစ်လျှောက်ပြေးသော ဒုံးကျည်ဖြစ်၏။ ရဲဘော်တစ်ယောက် မြေပေါ်မှာဝပ်ပြီး ပစ်နိုင်၏။ ၁.၈၆ မိုင် (မီတာ ၃၀၀၀) အကွာအဝေးမှ လှမ်းပစ်၍ ရ၏။ 'အာရ်ပီဂျီ'ထက် ဆယ်ဆ စွမ်း၏။ ပို၍ ထိမှန်မှု အားပြင်း၏။

ပစ်ခတ်သူသည် တစ်ဦးတည်းပစ်ခတ်၍ ရ၏။ ချုံပုတ်အကာအကွယ်မျှပင် မလို။ သဲကန္တာရတွင် သဲလေးနည်းနည်းဖယ်ကာ ခပ်တိမ်တိမ်ဝပ်ကျင်းလုပ်ပြီး ပစ်၍ရ၏။ သံချပ်ကာကားကို အနီရောင်မှန်ပြောင်းလေးဖြင့် ချိန်ရွယ်ကာ ပစ်ခတ်ရုံသာ ဖြစ်၏။ ပစ်မှတ်ကို အသေးစိတ်မြင်နိုင်ပြီး အတိအကျ ပစ်နိုင်၏။

စစ်ပွဲမစမီကပင် 'ဆက်ဂါး'များအကြောင်း အစ္စရေး ထောက်လှမ်းရေးက သိပြီးသား ဖြစ်၏။ အီဂျစ်တို့၏ နယ်စပ်ဖြတ်ကျော်စစ်ပွဲတွင်လည်း တွေ့မြင်ခဲ့ရပြီး ဖြစ်၏။ သို့သော် ထိပ်တန်းစစ်ဘက်ပုဂ္ဂိုလ်များက 'ဆက်ဂါး'ကို သိပ်အစွမ်းထက်သည်ဟု မထင်ကြ။ ၁၉၆၇ ခုနှစ် စစ်ပွဲတုန်းကလိုပင် ရန်သူ၏စွမ်းအားကို သိပ်အထင်မကြီးတာလည်း ပါ၏။ ထို့ကြောင့် 'ဆက်ဂါး'ကိုလည်း လျှော့တွက်ထားပုံရ၏။

'ရှီရှဲဖ့်'နှင့် သူ့လူများက သူတို့၏ သံချပ်ကာကားများကို ဖျက်ဆီးနေသော တရားခံကိုကား ရှာတွေ့ကြပြီ။ သို့သော် ဒါကို မည်သို့ တုံ့ပြန်မည်နည်း။ တိုက်ပွဲအရှိန်ကောင်းတုန်းမှာပင် စဉ်းစားကြ၏။

သူ့လူများ၏ အစီရင်ခံစာများအရ 'ဆက်ဂါး'၏ ချို့ယွင်းချက်အချို့ကို သိလာရ၏။ ထိုဒုံးကျည်များသည် အတော်နှေးနှေးကွေးကွေး လာတတ်၏။ ထို့ပြင် ၎င်းသည် ပစ်ခတ်သူ၏ သံချပ်ကာကားကို ချိန်ရွယ်မှုနှင့်လည်း ဆက်စပ်နေ၏။ ထို့ကြောင့် အစ္စရေးတို့က တန်ပြန်စစ်ကို ပြန်သုံး၏။ သံချပ်ကာကားတစ်စင်းက အနီရောင်မျဉ်းကို တွေ့လိုက်သည်နှင့် ထိုအနီရောင်မျဉ်းလာရာကို မြန်မြန်ပြန်ပစ်ဖို့ ဖြစ်၏။ ဤနည်းဖြင့် အောင်မြင်စွာ ပြန်ချေမှုန်းနိုင်ခဲ့၏။

ဤနည်းအသစ်ကြပ်ချွတ်သည် အောင်မြင်၏။ စစ်ပွဲအပြီးတွင် နေတိုးတပ်ဖွဲ့များက ဤနည်းကို ပြန်သုံးကြ၏။ ဤတန်ပြန်စစ်ဆင်နည်းကို စစ်တက္ကသိုလ်များတွင် ထပ်တလဲလဲ လေ့ကျင့်ပြီးမှ ထုတ်ဖော်ခဲ့ခြင်း မဟုတ်။

စစ်ရေးလေ့ကျင့် သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားသည်လည်း မဟုတ်။ ရှေ့တန်းမှ စစ်သားများက လက်တန်းဖန်တီးခဲ့သော နည်းဗျူဟာသာ ဖြစ်၏။

အစ္စရေးတပ်မတော်တွင် နည်းဗျူဟာတီထွင်မှုများသည် အောက်မှ အထက်သို့ လာတတ်၏။ ယခုလည်း သံချပ်ကာကားတပ်မှူးများနှင့် အရာရှိများ၏ နည်းကို အသုံးချကြခြင်း ဖြစ်၏။ သူတို့သည် တိုက်ပွဲဝင်နေတုန်းပင် လျှင် တီထွင်ကြံဆ၊ နည်းသစ်ရှာဖွေ၊ လက်တွေ့ အသုံးချတတ်ကြ၏။ ဤသို့ ပြုလုပ်တီထွင်အသုံးချမှုကို အထက်သို့ အဆင့်ဆင့် တင်ပြနေစရာ မလို။ တကယ်လက်တွေ့အလုပ်ဖြစ်လျှင် ချက်ချင်းလုပ်၊ ချက်ချင်းအသုံးချ။ အထက်မှ အမိန့်ကို နာခံပြီးမှ ကြိုးနီစနစ်အတိုင်း အဆင့်ဆင့် လုပ်ကိုင်ခြင်း မျိုး အစ္စရေးတို့တွင် ထုံးစံမရှိ။

အစ္စရေး ကာကွယ်ရေးတပ်မတော်တွင် အခြားတပ်မတော်များနှင့် ဆက်သွယ်ရာတွင် ကြားခံဆက်သွယ်ရေးအရာရှိ တာဝန်ထမ်းဆောင်ဖူးသော 'မိုက်ကယ်အိုဝင်' ဆိုသူ သမိုင်းပညာရှင်က "အစ္စရေးတပ်က ဗိုလ် တစ်ယောက်ဆီမှာ အဆုံးအဖြတ် လုပ်ပိုင်ခွင့်အာဏာ အများကြီးရှိတယ်။ ကမ္ဘာပေါ်က ဘယ်တပ်မှာမှ သူ့ရာထူးထက် ပိုပြီး အာဏာမရှိနိုင်ဘူး။ ရာထူးခြင်း တူရင် အစ္စရေးတပ်က ဗိုလ်က ပိုအာဏာရှိတယ်"ဟု ပြောဖူး၏။

အစ္စရေးနိုင်ငံသားများသည် နှစ်နှစ်မှ သုံးနှစ်အထိ စစ်မှုမထမ်းမနေရ ဥပဒေအရ စစ်မှုထမ်းလုပ်ဖူးသူချည်း ဖြစ်၏။ တပ်မတော်မှာပင်ဖြစ်စေ၊ အရပ်ဘက်မှာပင်ဖြစ်စေ၊ သူတို့သည် မိမိတပ်ဖွဲ့ သို့မဟုတ် မိမိလုပ်ငန်း ကောင်းဖို့၊ တိုးတက်ဖို့ဆိုလျှင် ဘာမဆို လုပ်တတ်သည်။ မိမိစီမံကိန်း အကောင်အထည်ဖော်ရာတွင် အထက်လူကြီးက ပိတ်ပိတ်ဆို့ဆို့ ဖြစ်နေလျှင် အထက်လူကြီးကို ဂရုမစိုက်၊ ပြန်လှန်ပြောဆိုငြင်းခုံကာ သူလုပ်စရာရှိတာကို လမ်းတွင် လုပ်သွားတတ်ကြ၏။ ကြီးသူကို ရိုသေတာတို့၊ ဂါရဝတရား တို့ထက် အလုပ်ဖြစ်ရေးကိုသာ ပို၍ ဦးစားပေးတတ်ကြ၏။

အစ္စရေးကာကွယ်ရေးတပ်မတော်၏ အောက်မှ အထက်သို့ တာဝန် ယူမှုပုံစံမှာ အတော်ပင် အသားကျနေပြီ။

"တပ်မတော်သားအားလုံးက လက်တန်းတိုက်ခိုက် ခုခံပုံတွေကို တန်ဖိုးထားကြတယ်။ တရုတ်၊ ပြင်သစ်၊ ဗြိတိသျှ ဘယ်တပ်မှာမဆို

လက်တန်းပြုမှု တိုက်ခိုက်ပုံတွေအကြောင်း ပြောကြတာချည်းပဲ။ ဒါပေမဲ့ ဒါတွေဟာ ဝေါဟာရ မည်ကာမတ္တတွေပါ။ တကယ့်လက်တွေ့ မသုံးကြပါဘူး''ဟု တပ်မတော်သမိုင်းပညာရှင်၊ မဟာဗျူဟာပါရဂူ 'အက်ဒွပ်လုထဝပ်'က ပြောဖူးသည်။ သူသည် 'ပင်တာဂွန်၏ စစ်ပညာ' စာအုပ်၊ 'အစ္စရေးတပ်မတော်' စာအုပ်များ ရေးခဲ့သူဖြစ်၏။

''အစ္စရေးကာကွယ်ရေးတပ်မတော်မှာ အဆင့်မြင့်အရာရှိကြီးတွေ ရာခိုင်နှုန်းအရ အတော်နည်းတယ်။ ဆိုလိုတာက အမိန့်ပေးသူ အရာရှိကြီး အဆင့်နည်းတယ်ပေါ့။ အဲဒီလို နည်းရခြင်းသဘောက အောက်ခြေအဆင့်တွေက တစ်ဦးချင်း ပိုပြီး ကိုယ်စွမ်းကိုယ်စ ထုတ်နုတ်အသုံးချနိုင်တဲ့ အခွင့်ဟာယ်ကို ဆောင်နေပါတယ်'' ဟု သူက ပြော၏။

'လုထဝပ်'က အစ္စရေးတပ်မတော်တွင် ဗိုလ်မှူးကြီးရာထူးက နည်းပြီး သာမန်ဗိုလ်ရာထူးက အလျှံပယ်ဖြစ်နေသည်ဟု ဆို၏။ အမေရိကန်တိုက်ပွဲဝင် တပ်များတွင် အဆင့်မြင့်အရာရှိနှင့် အခြားအဆင့် အချိုးမှာ ၁း၅ ဖြစ်၏။ အစ္စရေးတပ်တွင်မူ ၁း၉ ဖြစ်၏။ အစ္စရေး လေတပ်တွင်လည်း ထိုနည်းတူ ဖြစ်၏။ ၎င်းလေတပ်သည် ပြင်သစ်တို့၊ ဗြိတိသျှတို့ရှိ လေတပ်ထက် ပိုကြီး၏။ သို့သော် အဆင့်မြင့်အရာရှိကြီး နည်း၏။ အစ္စရေး လေတပ်မတော်ကို အုပ်ချုပ်သူမှာ ကြယ်နှစ်ပွင့်အဆင့် ဗိုလ်ချုပ်ဖြစ်၏။ အနောက်တိုင်းတပ်ဖွဲ့များတွင်မူ ထိုအဆင့်က ငယ်လွန်းလှ၏။

အမေရိကန်တွင် စစ်ဘက်အကြီးအကဲရာထူးတွေက များ၏။ သူက တိုက်ခိုက်ရတာလည်း များတာကိုး။ ဒေသမှ မိုင် ၈၀၀၀ အကွာထိ စစ်ဆင်ရေးလုပ်ရမည့်သဘာဝ ရှိ၏။ ထို့ကြောင့် ထိပ်တန်းဆင့် တပ်မတော်အရာရှိကြီးတွေ များများထားရ၏။ အမိန့်ပေး ဆုံးဖြတ်ရသူက များပြီး လက်တွေ့အကောင်အထည်ဖော်သူက နည်း၏။

အစ္စရေးကာကွယ်ရေးတပ်မတော်တွင်မူ ထိပ်ဘက်အရာရှိ နည်း၏။ အသက် ၃၈ အရွယ် 'လီလတ်ဖာယီ' ဆိုသူ ဗိုလ်မှူးတစ်ယောက်က ပြောဖူးတာ ရှိ၏။ သူ၏ အမှုထမ်းဘဝမှာ ဖြစ်ရိုးဖြစ်စဉ်သာ။ အသက် ၁၈ နှစ်တွင် ကွန်မန်ဒိုတပ်ဖွဲ့၌ ရဲဘော်အဆင့်ဖြင့် အမှုထမ်း၏။ ထိုစဉ်ကပင် သူသည် သူ့ကွန်မန်ဒိုတပ်စိတ်လေးကို သူ ကြီးကြပ်ခဲ့ရ၏။ ထို့နောက်မှ

အဆင့်ဆင့် ရာထူးရလာကာ တပ်ခွဲကို အုပ်ချုပ်ရ၏။ ထိုမှတစ်ဆင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ရောက်လာကာ ပြောရေးဆိုခွင့်ရှိသူ ဖြစ်လာ၏။ ထိုမှတစ်ခါ 'ဟာရုဖ်'တွင် ဒုတိယတပ်ရင်းမှူး။ ယခုအခါ သူသည် ခြေလျင်တပ်ရင်းတစ်ခု၏ တပ်ရင်းမှူး ရာထူးဖြင့် တာဝန်ထမ်းဆောင်နေ၏။

သူ့ကို 'ဂျော်ဒန်တောင်ကြား' တပ်စခန်းတစ်နေရာတွင် တွေ့ခဲ့ရ၏။ သူ့ကို ကြည့်ရသည်မှာ တပ်ရင်းမှူးတစ်ယောက်နှင့် သိပ်မတူ။ အရွယ်က ငယ်သေး၏။ ယူနီဖောင်းဝတ်တာကလည်း ပုံသိပ်မကျ။ သူ့ကို တပ်သားအသစ်များ မရောက်လာမီတစ်ရက်က အင်တာဗျူး လုပ်ခဲ့၏။ နောက်ထပ် ၇ လအကြာတွင် သူ၏တပ်တွင် လေ့ကျင့်ရေးတပ်သား ၆၅၀ ရှိလာသည်။ တပ်သားသစ်အများစုမှာ အထက်တန်းကျောင်းပြီးကာစ ကျောင်းသားများဖြစ်၏။ သူ့တပ်တွင် အရာရှိ ၁၂၀ ရှိ၏။

"ဒီမှာ စိတ်ဝင်စားစရာကောင်းတာက တပ်စုမှူးတွေပဲ။ သူတို့က သိပ်ကို ထူးခြားတဲ့သူတွေပါ။ သူတို့က ချာတိတ်တွေပဲ။ တပ်စုမှူးက ၂၇ နှစ်ပဲ ရှိတယ်။ သူတို့တစ်ယောက်စီရဲ့ လက်အောက်မှာ ရဲဘော်တစ်ရာ၊ အရာရှိနဲ့ တပ်ကြပ်ကြီး ၂၀၊ ယာဉ် ၃ စင်းပဲ ရှိတယ်။ သူတို့မှာ ရိုင်ဖယ်၊ မိုင်း စတဲ့ လက်နက်ပေါင်းလည်း လူ ၁၂၀ စာ ရှိတယ်။ သူတို့ရဲ့တာဝန်က သိပ်ကြီးတယ်"

တပ်စုမှူးသည် နယ်မြေတစ်ခုကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ရာထူးအငယ်ဆုံးပုဂ္ဂိုလ် ဖြစ်၏။

"အကြမ်းဖက်သမားတစ်ယောက်က ကိုယ့်နယ်မြေထဲကို ထိုးဖောက်ဝင်ရောက်လာရင် သူ အရင်ဆုံး ချေမှုန်းရမယ့်သူက တပ်စုမှူးပဲ။ ကမ္ဘာပေါ်မှာ ၂၃ နှစ်အရွယ် ဘယ်သူကများ ဒီလိုတာဝန်ကြီးကြီး၊ ဖိအားများများနဲ့ လုပ်ဆောင်နေတာ ရှိပါသလဲ" ဟု 'ဖာယီ'က ပြောပြ၏။

ထို ၂၃ နှစ်အရွယ် တပ်စုမှူးလေးမှာ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို 'ဖာယီ'က ရှင်းပြ၏။

"နဗ်ဗလပ်စ်ရဲ့ အနောက်ဘက်ကမ်းခြေ မြို့တစ်မြို့မှာ တိုက်ပွဲဝင်ရတုန်းကပေါ့။ ကျွန်တော့်ရဲ့တပ်ဖွဲ့ထဲက တပ်သားတစ်ယောက်က ဒဏ်ရာရပြီး အကြမ်းဖက်သမားတစ်ယောက်က အိမ်တစ်အိမ်ထဲမှာ ဓားစာခံအနေနဲ့

ဖမ်းထားတယ်။ ဒါကို ကယ်တင်ဖို့ရာ တပ်စုမှူးတစ်ယောက်ကို တာဝန်ပေးလိုက်၏။ သူ့မှာက လက်နက်သုံးမျိုးပဲ ရှိတယ်။ တိုက်ခိုက်ရေးခွေးတစ်ကောင်ရယ်၊ သူ့ရဲဘော်တွေရယ်၊ ဘူလ်ဒိုဇာတစ်စင်းရယ်ပဲ''

''ရဲဘော်တွေနဲ့ အိမ်ကို စီးနင်းလိုက်ရင် အသေအပျောက်က သိပ်များမယ်။ ဘူလ်ဒိုဇာနဲ့ အိမ်ကို ထိုးဖျက်လိုက်ရင်လည်း အထဲက ဒဏ်ရာရရဲဘော်ထိခိုက်လိမ့်မယ်''

''ပိုဆိုးတာက ဒီအိမ်နဲ့ ကပ်လျက်နံရံတစ်ဖက်မှာ ပါလက်စတိုင်းကျောင်းတစ်ကျောင်း ရှိ၏။ ဆရာမတွေ၊ ကျောင်းတွေ အဲဒီထဲမှာ ရှိကြတယ်။ ကျောင်းရဲ့ခေါင်မိုးပေါ်မှာတော့ စာနယ်ဇင်းသမားတွေက အဖြစ်အပျက်တစ်ခုလုံးကို မှတ်တမ်းတင် ရိုက်ကူးနေကြတယ်။ အကြမ်းဖက်သမားကတော့ အစွရေး တပ်ဖွဲ့ဝင်တွေကိုရော၊ စာနယ်ဇင်းသမားတွေကိုပါ ဒရစပ် ပစ်ခတ်နေကြတယ်''

ဒီအချိန်မှာ တပ်စုမှူးဟာ သူ့အဆုံးအဖြတ်နဲ့သူ လှုပ်ရှားရတော့မယ်။ ကျွန်တော်လည်း အဝေးကနေပဲ လှမ်းအမိန့်ပေးနေရတယ်။ ဘာမှမလုပ်နိုင်ဘူး။ တပ်စုမှူးအဖို့ လုပ်စရာတွေ အများကြီးရှိတယ်။ ဘာလုပ်ရင် ဘာဖြစ်မလဲ။ အထိအခိုက အကျအဆုံးလည်း နည်းအောင်၊ စစ်ဆင်ရေးလည်း အောင်မြင်အောင် သူတစ်ခုခု လုပ်ရမယ်။ ဒါမျိုးက စစ်သင်ရိုးညွှန်းတမ်းစာအုပ်မှာလည်း မပါဘူး။ တပ်သားတွေက ဒဏ်ရာရနေတဲ့ ရဲဘော်ကို ကယ်တင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အကြမ်းဖက်သမားကတော့ အထဲမှာ ရှိနေဆဲပဲ။ တပ်စုမှူးသိထားတာက ကျောင်းဝန်ထမ်းတွေက ကျောင်းကနေ ဘေးကင်းရာကို ထွက်မသွားချင်ဘူးဆိုတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို အကြမ်းဖက်သမားက ပူးပေါင်းဆောင်ရွက်သူလို့ တံဆိပ်ကပ်မှာ မခံချင်လို့ဘဲ။ တပ်စုမှူး ထပ်သိထားတာက စာနယ်ဇင်းသမားတွေကလည်း ကျောင်းခေါင်မိုးပေါ်ကနေ ထွက်သွားကြမှာ မဟုတ်ဘူး။ သူတို့က သတင်းထူးကြီးကို ဘယ်အလွတ်ခံကြမလဲ။ တပ်စုမှူးက အဖြေတစ်ခု ထုတ်လိုက်တယ်။ မီးခိုးငွေ့ လက်ပစ်ဗုံးတွေသုံးပြီး ကျောင်းကို ရှင်းဖို့ပဲ။

''ကျောင်းသားတွေ၊ ဆရာ၊ ဆရာမတွေ၊ စာနယ်ဇင်းသမားတွေကို ဘေးကင်းရန်ကင်း ကယ်ပြီးတဲ့အခါ တပ်စုမှူးက ဘူလ်ဒိုဇာနဲ့ အဆောက်အဦ

ထဲကို ထိုးမောင်းခဲ့တယ်။ ဘူလ်ဒိုဇာလည်း အိမ်ထဲကို ထိုးချရော၊ သူက စစ်ခွေးကိုပါ လွှတ်ပေးပြီး အကြမ်းဖက်သမားကို ရာခိုင်းတယ်။ ဒါပေမဲ့ ဘူလ်ဒိုဇာက အိမ်ထဲကို ထိုးဝင်တဲ့အချိန်မှာ အစ္စရေးတပ်ဖွဲ့ဝင်တွေ လုံးဝ သိမထားတဲ့ အကြမ်းဖက်သမား နောက်တစ်ယောက်က ကျောင်းရဲ့တစ်ဖက် ပေါ်က ပေါ်လာတယ်။ အပြင်က စစ်သားတွေက ပစ်လိုက်လို့ ဒုတိယ အကြမ်းဖက်သမား သေသွားတယ်။ ဒီစစ်ဆင်ရေးတစ်ခုလုံးက လေးနာရီ ကြာတယ်။ အသက် ၂၃ နှစ်အရွယ် တပ်စုမှူးလေးဟာ ကျုပ် အဲဒီနေရာ ကို မရောက်လာခြင်း လေးနာရီလုံးလုံး သူ တစ်ယောက်တည်း တာဝန်ယူ ဖြေရှင်းခဲ့တယ်'' ဟု 'ဖာယီ'က ပြောပြ၏။

''အဲဒီလို အဖြစ်အပျက်မျိုးလည်း ပြီးရော တပ်စုမှူးဟာ သူ့မိခင် တပ်ရင်းကို ပြန်သွားတယ်။ ဒီအခါ သူ့ရဲဘော်တွေက သူ့ကို ကြည့်ကြတာ အရင်ကနဲ့ လုံးဝမတူတော့ဘူး။ သူကိုယ်တိုင်ကလည်း ခြားနားသွားပြီလေ။ သူက လိုင်းဝင်သွားပြီ။ သူက လူပေါင်းများစွာရဲ့အသက်၊ သူ့ရဲဘော်တွေရဲ့ အသက်၊ ပါလက်စတိုင်း ကျောင်းသားလေးတွေရဲ့အသက်၊ စာနယ်ဇင်း သမားတွေရဲ့အသက်၊ ဒါတွေကို သူ တာဝန်ယူနိုင်ခဲ့ပြီပဲ။ ကြည့်လေ၊ သူက အရှေ့ဥရောပကို စီးနင်းအောင်မြင်ခဲ့သူ မဟုတ်ဘူး။ ဒါပေမဲ့ သူက သိပ်ကို ရှုပ်ထွေးတဲ့အခြေအနေမှာ အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့သူပဲ။ အသက် က ၂၃ နှစ်ပဲ ရှိသေးတဲ့ လူလေ။''

'ဖာယီ'က ဆက်ပြော၏။

'ယိုစီကလိန်း' ဆိုသော ၂၀၀၆ ခုနှစ်၊ လက်ဘနွန် စစ်ပွဲကာလက အသက် ၂၀ အရွယ်၊ ရဟတ်ယာဉ် လေသူရဲတစ်ဦးအကြောင်းလည်း ဗိုလ်ချုပ်ထံမှ ကြားသိခဲ့ရ၏။ သူသည် လက်ဘနွန်တောင်ပိုင်း တောနက်ထဲ တွင် ဒဏ်ရာရနေသော ရဲဘော်တစ်ဦးကို ကယ်တင်ရန် တာဝန်ပေးခြင်း ခံရ၏။ သူ၏ ရဟတ်ယာဉ်ကို တိုက်ပွဲဖြစ်ရာနေရာသို့ ဆင်းခဲ့၏။ ဒဏ်ရာ ရနေသော ရဲဘော်သည် ထူထဲလှသော ချုံပုတ်များကြားရှိ လူနာတင်စင်ပေါ် တွင် လဲကျနေ၏။ ချုံပုတ်များကြားထဲသို့ ရဟတ်ယာဉ်ဆင်း၍ မရ။ ထို့ကြောင့် လူနာတင်စင်ကို ရဟတ်ယာဉ်ပေါ် ဆွဲတင်ဖို့ ခက်ခဲနေ၏။

ထိုသို့ အခြေအနေတွင် ကူညီဆောင်ရွက်ရန် ပြင်ဆင်ချိန်းစာအုပ်များတွင်

နည်းနာနိသျှ မပါရှိပါ။ 'ကလိန်း'ကတော့ ချက်ချင်းပင် ဖြတ်ထိုးဉာဏ်ကို သုံးလိုက်၏။ ရဟတ်ယာဉ်၏ အမြီးပိုင်းတွင် တပ်ထားသော ပန်ကာကို မြက်ခုတ်စက်ပမာသုံးကာ ချုံပုတ်များကို ခုတ်ပစ်လိုက်၏။ ထိုသို့ပြုလုပ်ရန် အချိန်အဆများစွာ လို၏။ အချိန်အဆမှားသွားလျှင် ပန်ကာကျိုးပဲ့ကာ သူ၏ ရဟတ်ယာဉ်ပါ ပြုတ်ကျ ပျက်စီးသွားလိမ့်မည်။ သို့သော် သူက အချိန်အဆ မှန်စွာဖြင့် မြေပေါ်ဆင်းနိုင်ခဲ့ကာ ဒဏ်ရာရစစ်သည်ကို ကယ်တင်နိုင်ခဲ့၏။ ရဲဘော်ကို ဆေးရုံသို့ အမြန်ပို့နိုင်ကာ အသက်ချမ်းသာရာ ရခဲ့၏။

သူ၏ တပ်စုမှူးများအကြောင်းကို 'ဖာယီ'အား မေးကြည့်၏။

''သူတို့နဲ့ ကောလိပ်မှာ တက်ခဲ့တဲ့ သက်တူရွယ်တူတွေ ဘယ်လောက်များများကို ဒီလို လုပ်တတ်ကိုင်တတ်ဖို့ သင်ပေးသလဲ။ ခင်ဗျား ကရော အသက် ၂၀ အရွယ် ချာတိတ်ကို ဒီလိုတာဝန်ကြီးကြီး ထမ်းဆောင်နိုင်ဖို့ ဘယ်လိုလေ့ကျင့်ပေးသလဲ''

တပ်ထဲမှ လူငယ်တပ်သားသစ်များနှင့် ပတ်သက်၍ အစွရေးခေါင်းဆောင်ကြီးများပင် အံ့အားသင့်စရာမျိုးတွေ တွေ့ကြုံခဲ့ဖူး၏။ ၁၉၇၄ ခုနှစ် 'ယစ်ဆက်ရာဘင်' ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်သောကာလက အစွရေး ကာကွယ်ရေးတပ်မတော် တပ်ခွဲ ၈၂၀၀ မှ အမျိုးသမီးရဲဘော်လေးတစ်ဦးကို အကြမ်းဖက်သမားများက ပြန်ပေးဆွဲသွားခဲ့၏။ 'ဗိုလ်ချုပ်အာဟာရွန်ဇီဗီ ဖာကတ်ရှ်' (သူ့ကို ဖာကတ်ရှ် ဟုသာခေါ်ကြ၏)က အဆိုပါတပ်ခွဲကို အုပ်ချုပ်ရ၏။ ထိုတပ်ခွဲသည် အမေရိကန်၏ အမျိုးသားလုံခြုံရေးအေဂျင်စီနှင့် တစ်မျိုးတစ်စားထဲ ဖြစ်၏။

''ပြန်ပေးအဆွဲခံရတဲ့ အမျိုးသမီးက တပ်ကြပ်ကြီးပဲ။ သူ့ဆီက သတင်းအချက်အလက်တွေ လိုချင်လို့ ပြန်ပေးဆွဲသွားတာ။ တပ်ကြပ်အဆင့်ရှိတဲ့ ရဲဘော်တစ်ယောက်က အစွရေးလုံခြုံရေးနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တော်တော်များများ သိနေတာကို တွေ့ရလို့ ဝန်ကြီးချုပ် ရာဘင်က သိပ်ကို အံ့ဩသွားတယ်။ ဘာဖြစ်လို့ ဒီလို ငယ်ငယ်ရွယ်ရွယ် အဆင့်နိမ့်ရဲဘော်တစ်ဦးကို လျှို့ဝှက်ချက်တွေ ပြောထားရတာလဲ''

'ဗိုလ်ချုပ်ဖာကတ်ရှ်'က ဖြေရှင်းချက်ပေးရတယ်။

''ဝန်ကြီးချုပ်ခင်ဗျား။ ဒီပုဂ္ဂလိက တပ်ကြပ်တစ်ယောက်ပဲ ဒါမျိုးတွေ

သိတာ မဟုတ်ပါဘူး။ ဒါက အမှားအယွင်း မဟုတ်ပါဘူး။ တပ်ခွဲ ၈၂၀၀ မှာရှိတဲ့ ရဲဘော်တိုင်း လျှို့ဝှက်ချက်တွေ သိကြတာပါပဲ။ လျှို့ဝှက်ချက်တွေကို အရာရှိတွေသာ သိခွင့်ပေးမယ်ဆိုရင် လုပ်ငန်းတာဝန် ထမ်းဆောင်ရာမှာ မချောမွေ့နိုင်ပါဘူး။ ကျွန်တော်တို့မှာ အရာရှိကလည်း များများစားစား မရှိတော့ ရဲဘော်တိုင်းကိုပဲ လျှို့ဝှက်ချက်တွေ သိခွင့်ပေးထားရတယ်'' ဟု ပြောခဲ့သည်။

ဝန်ကြီးချုပ်ပင် ဒါမျိုး ခုမှသိရ၍ အံ့ဩသွားသည်။ လူအင်အားအကန့်အသတ်နှင့်မို့ တာဝန်ကို ဤသို့ပင် ခွဲဝေထမ်းဆောင်ရသည့်သဘောရှိ၏။ အစ္စရေးနိုင်ငံတွင် 'အထွေထွေ'လေးရပ် လစ်ဟာနေ၏။ 'အထွေထွေနယ်မြေအကျယ်အဝန်း'၊ 'အထွေထွေလူအင်အား'၊ 'အထွေထွေအချိန်'၊ 'အထွေထွေဘတ်ဂျက်' ဖြစ်သည် ဟုဆို၏။ ဤနေရာတွင် လူဦးရေနည်းပါးသော အစ္စရေးအဖို့ 'အထွေထွေလူအင်အား' လိုအပ်နေသည်မှာ အားနည်းချက်ပင် ဖြစ်၏။ ထို့ကြောင့် ရှိသည့်လူနှင့် သူတို့စွမ်းဆောင်နိုင်သမျှ စွမ်းဆောင်နေကြရာ အစ္စရေးတိုင်းသည် သာမန်လူတွေထက် ပို၍ လုပ်ရည်ကိုင်ရည် ရှိနေကြသည်မှာ မွေးရာပါ အရည်အချင်းပင်ဖြစ်၏။

''ကျွန်တော်တို့က တခြားနိုင်ငံတွေလို အရာရှိတွေ များများမထားနိုင်ဘူး။ ဒါကြောင့် ကျွန်တော်တို့တပ်က တပ်ကြပ်ကြီးတွေဟာ တခြားနိုင်ငံတပ်တွေက ဒုတိယဗိုလ်မှူးကြီးတွေရဲ့ တာဝန်မျိုးကို ထမ်းဆောင်နေရတာပဲ'' ဟု 'ဖာကတ်ရှ်'က ပြော၏။

လူအင်အားရှားပါးမှုသည် အစ္စရေး ကာကွယ်ရေးတပ်မတော်၏ တမူထူးခြားသော ဝိသေသလက္ခဏာပင် ဖြစ်၏။ ထို့ကြောင့်သာလျှင် အစ္စရေး၏ အရန်တပ်ဖွဲ့များက အရေးပါလာခြင်း ဖြစ်၏။ အခြားနိုင်ငံများနှင့် မတူညီသည်မှာ အရန်တပ်ဖွဲ့များသည် အစ္စရေးတပ်မတော်၏ တကယ့်ကျောရိုးများပင် ဖြစ်၏။

အခြားစစ်တပ်များတွင် အရန်တပ်ဖွဲ့ဝင်များသည် အမြဲတမ်း တပ်မတော်အတွက် အရန်အင်အားစု မည်ကာမတ္တသာ ဖြစ်သည်။ အစ္စရေးတွင်မူ အမြဲတမ်းတပ်မတော်သည် စတင်တည်ထောင်စကပင်လျှင် လူအင်အားနည်းပါး၏။ သူ ထမ်းဆောင်ရသည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်က

အလွန်ကြီး၏။ ထို့ကြောင့် လွတ်လပ်ရေးစစ်ပွဲပြီးလျှင်ပြီးခြင်း အစ္စရေးခေါင်းဆောင်များက ပီဘိ အရန်တပ်မတော်အင်အားစု ဖွဲ့စည်းရေးကို ဆုံးဖြတ်လိုက်ကြ၏။ အခြားနိုင်ငံငယ်များတွင်မူ အရန်တပ်ဖွဲ့ဝင်များကို ရက်သတ္တပတ်တစ်ပတ်မှ တစ်လကြာမျှထိ မွမ်းမံ စစ်ရေးလေ့ကျင့်ပြီးမှသာ တိုက်ပွဲသို့စေလွှတ်တတ်၏။

"ဘယ်နိုင်ငံ၊ ဘယ်တပ်မှ တစ်ရက် ဒါမှမဟုတ် နှစ်ရက်လောက်ပဲ မွမ်းမံလေ့ကျင့်ပြီး ဝင်တိုက်ကြတဲ့ အရန်တပ်တွေကို အားကိုးကြမှာ မဟုတ်ဘူး" ဟု 'လုတဝပ်'က ပြော၏။

အစ္စရေး၏ အရန်တပ်ဖွဲ့များ၏ လုပ်ဆောင်နိုင်မှု အတိုင်းအတာကို မည်သူမျှ မသိကြ။ အဘယ်ကြောင့်ဆိုသော် မည်သူမျှ တစ်ခါဖူးမှ မစမ်းသပ်ဖူး၍ ဖြစ်၏။ ယနေ့ထိတိုင်အောင် ကမ္ဘာပေါ်တွင် ဤစနစ်ကျင့်သုံးသည့် နိုင်ငံဟူ၍ အစ္စရေးတစ်နိုင်ငံထဲသာ ရှိသေး၏။ အမေရိကန်တပ်မတော်သမိုင်းပညာရှင် 'ဖရက်ကာဂန်'ကမူ 'တပ်မတော်တစ်ခု ဖွဲ့စည်းဖို့ဆိုတာ တော်တော်ခက်တယ်။ ဒါပေမဲ့ အစ္စရေးတွေကတော့ ဒါမျိုး သိပ်တော်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ တခြားရွေးချယ်စရာကလည်း မရှိလို့ဘဲ" ဟု ရှင်းပြ၏။

အစ္စရေးအရန်တပ်ဖွဲ့စနစ်သည် နိုင်ငံတော်၏ တီထွင်မှုများထဲမှ တစ်ခုသာ မဟုတ်သေးပါ။ ၎င်းသည် နိုင်ငံ၏ ပဓာန အထောက်အကူတစ်ခုလည်း ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ရာထူးဂုဏ်သိန် အဆင့်ဆင့်ထက်အောက် ရှိသေရသောစနစ် လုံးဝမရှိသော အစ္စရေးနိုင်ငံတွင် အငှားယာဉ်မောင်းကလည်း မီလျံနာသူဌေးကို ညွှန်ကြားပေးနိုင်၊ ၂၃ နှစ်သားတွေကလည်း သူတို့၏ ဦးလေး၊ ဘကြီးများကို လေ့ကျင့်ပေးနိုင်သည်ဖြစ်ရာ အရန်တပ်ဖွဲ့များကလည်း သူ့ဘာသာသူ တာဝန်များကို ထမ်းဆောင်နေကြသည်မှာ မဆန်းလှ။ အစ္စရေး လူမှုအသိုက်အဝန်းတွင် နေရာတကာ ဤပုံစံကို တွေ့နေရ၏။ စစ်ဘက်မှာရော၊ စာသင်ခန်းမှာရော၊ ကုမ္ပဏီဘုတ်အဖွဲ့မှာရော။

'နာတီရွှန်'သည် လက်ရှိအလုပ်က ရှေ့နေဖြစ်၏။ သို့သော် အရန်တပ်ဖွဲ့တွင် သူက ဒုတိယဗိုလ်မှူးကြီး ဖြစ်၏။

''အရန်တပ်ဖွဲ့မှာ ရာထူးဆိုတာက ဘာမှ အဓိပ္ပာယ် မရှိပါဘူး။ တပ်သားရဲဘော်လေးကလည်း ဗိုလ်ချုပ်တစ်ယောက်လို စစ်ရေးလေ့ကျင့်ရာမှာ ပြောလို့ရတယ်။ ခင်ဗျား လုပ်တာကိုင်တာ မှားနေတယ်။ ဒီလိုလုပ်ရမယ်ဗျဆိုပြီးတော့'' ဟု သူက ပြော၏။

'အမို့စ်ဂိုရင်'သည် တဲလ်အဗစ်မြို့ရှိ 'အပက်ဖ်အစုစပ်ကုမ္ပဏီ'တွင် ငွေကြေး ရင်းနှီးမြှုပ်နှံထားသူ ဖြစ်၏။ သူက အစ္စရေး ကွန်မန်ဒိုတပ်ဖွဲ့တွင် အချိန်ပြည့် ငါးနှစ်တာဝန်ထမ်းဆောင်ခဲ့ကာ အရန်တပ်ဖွဲ့တွင်မူ တာဝန်ထမ်းဆောင်သည်မှာ ၂၅ နှစ်ကြာခဲ့ပြီ။

''ကျွန်တော် စစ်ဝန်ထမ်းဘဝတစ်လျှောက်လုံး ဘယ်သူ့ကိုမှ အလေးမပြုဖူးဘူး။ ကျွန်တော်က အရာရှိလည်း မဟုတ်ဘူး။ သာမန်ရဲဘော်ပဲ'' ဟု သူက ပြောသည်။

''အရန်တပ်ဖွဲ့တွေမှာ စစ်သည်တော်တွေက အရပ်သားတွေ ပုံစံအတိုင်းပဲ နေတယ်။ စစ်တိုက်ဆိုမှသာ ထ,တိုက်ကြတဲ့လူတွေပဲ။ အရန်တပ်ဖွဲ့က လူတွေက ပုံမှန်တပ်ဖွဲ့တွေထဲကလို စစ်ပုံစံနဲ့ မနေကြဘူး''ဟု 'လုထဝပ်'က ရှင်းပြသည်။ ဤသည်မှာ ရဲဘော်များသည် အမိန့်ကို မနာခံဟူသော သဘောမျိုးကား မဟုတ်ပြန်။

''အစ္စရေးတပ်သားတွေဟာ ရာထူးအရ အဆင့်ခွဲထားတာ မဟုတ်ဘူး။ အရည်အချင်းအရ ဘာလုပ်တတ်တယ်ဆိုတာပေါ် မူတည်ပြီး အဆင့်ခွဲထားတာပဲ''ဟု 'လိုရင်'က ရှင်းပြ၏။

''အမိန့်ဆိုတာ ပေးသူက ပေးထိုက်လို့ ပေးတယ်။ ခံယူသူကလည်း နာခံထိုက်လို့ ခံယူလုပ်ဆောင်တယ်။ ဒါပါပဲ။ ရာထူးအဆင့်အလိုက် အမိန့်ပေးတာမျိုးကတော့ သိပ်ကို အရေးမပါလှပါဘူး။ တစ်ခါတလေတော့ သက်ကြီးဝါကြီးဖြစ်တာ၊ လူမှုရေးအဆင့် သိပ်မြင့်တာမျိုးတော့လည်း ရှိတာပေါ့လေ''ဟု 'လုထဝပ်'က ပြော၏။

'ဗိုလ်ချုပ်ဖာကတ်ရှ်'ကို မေးကြည့်၏။ အစ္စရေးတပ်မတော်က ဘာဖြစ်လို့ ရာထူးအဆင့်ပေါ် မူတည်ပြီး နာခံမှု မရှိကြတာလဲ၊ ဘာဖြစ်လို့ ပွင့်ပွင့်လင်းလင်း ပြောကြ ဆိုကြတာလဲဟု။

''ဒါကတော့ စစ်တပ်မှာတင် မဟုတ်ပါဘူး။ အစ္စရေးရဲ့ သမိုင်းတစ်ခု

လုံး။ လူ့အဖွဲ့အစည်းတစ်ခုလုံးကလည်း ဒီလိုပါပဲ။ ကျွန်တော်တို့ရဲ့ ဘာသာတရားကိုယ်နှိုက်ကိုယ်က ဖွင့်ထားတဲ့စာအုပ်နဲ့တူတယ်''ဟု ဗိုလ်ချုပ်က ပြန်ဖြေသည်။

'ဖွင့်ထားသောစာအုပ်' ဟူသည်မှာ 'တာလ်မွတ်ဒ်'ကို ရည်ညွှန်းခြင်းဖြစ်၏။ ရာစုနှစ်ပေါင်းများစွာ သမ္မာကျမ်းစာကို အဓိပ္ပာယ်ကောက်ယူခဲ့ကြ၊ သီလများကို စောင့်ထိန်းကြ၊ မရှင်းမလင်းတာတွေ မေးမြန်းစူးစမ်းကြရင်းဖြင့် 'ဂျူးဘာသာတရား' တစ်ခုပေါ်လာသည်။ ဤသည်မှာ အစ္စရေး၏ အမျိုးသားဓလေ့စရိုက် သီးခြားလက္ခဏာလည်း ဖြစ်လာ၏။

''ဂျူဒါဝါဒနဲ့ အစ္စရေးဟာ ဘယ်ပုံဘယ်နည်း ပျိုးထောင်ထားသလဲဆိုတော့ သံသယတွေ၊ အငြင်းအခုံတွေပါတဲ့ ယဉ်ကျေးမှုနဲ့ပဲ။ ပွင့်ပွင့်လင်းလင်း အဓိပ္ပာယ် ဖွင့်ဆိုကြတယ်၊ တန်ပြန်အဓိပ္ပာယ် ဖွင့်ကြတယ်၊ ပြန်လည်အဓိပ္ပာယ်ဖွင့်ကြတယ်၊ ဆန့်ကျင်ဘက် အဓိပ္ပာယ် ဖွင့်ကြတယ်။ ဂျူးယဉ်ကျေးမှု ဟိုးအစကနဦးကတည်းက အငြင်းအခုံဆိုတာက အခြေခံပါပဲ''ဟု အစ္စရေးစာရေးဆရာ 'အမို့ဇ်အော့ဇ်'က ပြောသည်။

တကယ်တော့ အစ္စရေးကာကွယ်ရေးတပ်မတော်၏ ရာထူးနိမ့်မြင့်အလိုက် နာခံမှုနည်းခြင်းသည် အရပ်သားလောကတွင်ပါ ပျံ့နှံ့ဝင်ရောက်နေ၏။

''ပါမောက္ခက တပည့်ရဲ့ရှိသေမှုတော့ ခံချင်တာပေါ့။ ကုမ္ပဏီသူဌေးကလည်း စာရေးရဲ့ အရိုအသေပြုမှုကို လိုလားမှာပဲ။ ဒါပေမဲ့ အစ္စရေးတိုင်းမှာ အရန်တပ်ဖွဲ့ဝင် မိတ်ဆွေတွေ ရှိနေတာမို့ သိပ်အဆင့်အတန်း ခွဲလို့မရကြဘူး။ အရန်တပ်ဖွဲ့ထဲမှာ၊ ရွက်ဖျင်တဲတွေထဲမှာ အတူတူအိပ်ကြရ၊ အရသာမရှိတဲ့ စစ်တပ် အစားအာဟာရတွေ အတူတူစားရ၊ မကြာမကြာ ရေမိုးမချိုးဘဲ ရက်တော်တော်ကြာနေရ၊ ဘယ်လိုအဆင့်မျိုးကလာလာ တပ်ထဲမှာတော့ အကုန်အတူတူပဲ။ အစ္စရေးဟာ လူတန်းစားခွဲခြားမှု အနည်းဆုံးနိုင်ငံပဲ။ အရန်တပ်ဖွဲ့တွေကနေ ဒီအလေ့အကျင့် ရလာကြတာပါ''ဟု စာရေးဆရာက ပြော၏။

ယခု အမေရိကန်နိုင်ငံတွင် အစ္စရေးသံအမတ်အဖြစ် တာဝန်ထမ်းဆောင်နေသူ 'မိုက်ကယ်အိုရင်'မှာ သမိုင်းပညာရှင်လည်းဖြစ်သည်။ သူသည်

လည်း အစ္စရေးအရန်တပ်ဖွဲ့တွင် အရာရှိဖြစ်ခဲ့ဖူး၏။ သူ တာဝန်ထမ်းဆောင်စဉ်က ကာလကို ပြောပြ၏။

"ကျွန်တော်တို့က အစ္စရေးဗိုလ်ချုပ်တွေနဲ့ အတူတူ ထိုင်နေကြတယ်။ အဲဒီအချိန်မှာ ကော်ဖီသောက်ချင်လာကြတယ်။ ကော်ဖီအိုးနဲ့ အနီးဆုံးလူက ကော်ဖီအိုးသွားယူပြီး ကော်ဖီဖျော်ရတာပဲ။ တကယ်တော့ ဗိုလ်ချုပ်ကို ရဲဘော်က ကော်ဖီဖျော်တိုက်ရမှာက ထုံးစံပေါ့။ ခုတော့ မဟုတ်ဘူး။ ဗိုလ်ချုပ်က ကော်ဖီဖျော် ရဲဘော်ကို တိုက်။ ရဲဘော်ကလည်း တစ်ခါတလေ သူဖျော်ပြီး ဗိုလ်ချုပ်ကို တိုက်။ ဦးတဲ့လူ လုပ်ရတာပါပဲ။ ဒါတွေနဲ့ပတ်သက်လို့ လိုက်နာစောင့်ထိန်းရမယ့် လုပ်ရိုးလုပ်စဉ်ရယ်လို့ မရှိပါဘူး။ အမေရိကန် ဗိုလ်ကြီးတစ်ယောက်က ဗိုလ်မှူးတစ်ယောက်နဲ့ အတူတူယှဉ်ပြီး လမ်းလျှောက်လာတာတွေ့ရရင် ခင်ဗျားတို့ အံ့ဩမိကြမယ်။ အမေရိကန်မှာက စည်းကမ်းကသိပ်ကို ကျဉ်းကြပ်တာကိုး။ ရာထူးက သိပ်အရေးကြီးတယ်။ အမေရိကန်တပ်မှာက ပြောစမှတ်ကိုရှိလေရဲ့။ ရာထူးကို အလေးပြုတာ၊ လူကို အလေးပြုတာ မဟုတ်ဘူးဆိုတာလေ"ဟု သံအမတ်ကြီးက ပြောပြသည်။

အစ္စရေးကာကွယ်ရေးတပ်မတော်မှ အငြိမ်းစားဗိုလ်ချုပ်ကြီး 'မိုရှေ' (ဘိုဂီ)၊ 'ယာလွန်'သည် တစ်ချိန်က ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်၏။ သူက လက်ဘနွန်စစ်ပွဲကာလ အတွေ့အကြုံတစ်ခုကို ပြောပြ၏။

"ဒါဘူဆိုတဲ့ လက်ဘနွန်ရွာလေးတစ်ရွာမှာ အရန်တပ်ဖွဲ့တစ်ခုက စစ်ဆင်ရေး လုပ်နေရတယ်။ ကျွန်တော်တို့တပ်က ရဲဘော်နဲ့ အရာရှိ ကိုးယောက်လည်း ကျဆုံးနေပြီ။ တခြားဒဏ်ရာရသူတွေပဲ ရှိတယ်။ အဲဒီအထဲမှာ ကျွန်တော့် တူတော်မောင် တစ်ယောက်လည်း ပါတယ်။ ကျန်ရှိတဲ့ ရဲဘော်တွေက တပ်ခွဲမှူးကို အပြစ်တင်ကြတယ်။ သူ့ရဲ့စီမံကွပ်ကဲမှု ညံ့ဖျင်းတယ်ဆိုပြီး။ ဒါနဲ့ ရဲဘော်တွေက တပ်ရင်းမှူးဆီသွားပြီး တပ်ခွဲမှူးရဲ့အပြစ်တွေကို သွားတိုင်ကြတယ်။ ဒါကြောင့် တပ်ရင်းမှူးကလည်း သူ့ဘာသာသူ စုံစမ်းစစ်ဆေးကြည့်တယ်။ အဲဒီလိုလည်း လုပ်ပြီးရော တပ်ရင်းမှူးလည်း တစ်ဆင့်နိမ့် ရာထူးကျသွားပါလေရော။ ဘာဖြစ်လို့လည်းဆိုတော့ သူ့ထက် တစ်ဆင့်နိမ့်သူတွေက သူညံ့လို့ဖြစ်တာလို့ ပြောကြလို့ပဲ"

"ခေါင်းဆောင်မှုရဲ့ သော့ချက်က တပ်သားတွေက သူတို့ရဲ့တပ်မှူး အပေါ် ယုံကြည်မှုပေါ်မှာ မူတည်နေတယ်။ သူတို့က သူ့ကို မယုံရင်၊ သူ့အပေါ် ယုံကြည်မှု မရှိတော့ဘူး။ ဒီအခါ သူ အမိန့်ပေးတာ မလိုက်နာတော့ဘူး။ ဒီလိုနဲ့ ခုနကဖြစ်ရပ်မှာ တပ်ရင်းမှူးလည်း သွားတာပဲ။ တစ်ခုကတော့ ရာထူးအရ ဆုံးရှုံးတာ။ တစ်ခုကတော့ စိတ်ဓာတ်အရ ဆုံးရှုံးတာပဲ" ဟု ဗိုလ်ချုပ်ကြီးက ပြောပြ၏။

ဝက်စ်ပွိုင့်စစ်တက္ကသိုလ်တွင် ယခင်က ပါမောက္ခလုပ်ခဲ့ဖူးသူ 'ဖရက်ကာဂင်'ကမူ အမေရိကန်တို့သည် အစ္စရေးများထံမှ နမူနာယူ အတုခိုးစရာတွေ ရှိသည်ဟု ဆို၏။

"အမေရိကန်စစ်တပ်မှာ အရာရှိတစ်ဦး ရာထူးတိုးမြှင့်ဖို့ဆိုရင် သူ့အထက်က ဗိုလ်ချုပ်ကြီးတွေ သဘောကျမှ ဖြစ်မယ်။ ဒါက တစ်ဖက်သတ်ဖြစ်နေတယ်။ အစ္စရေးတပ်မှာကျတော့ အောက်လက်ငယ်သားကျေနပ်မှ အရာရှိရာထူး တက်နိုင်တယ်။ အောက်လက်ငယ်သား မကျေနပ်ရင် အရာရှိ အလုပ်တောင် ပြုတ်နိုင်တယ်။ ဒါမျိုး အတုယူသင့်တယ်"ဟု ပြော၏။

အမေရိကန်တပ်မတော်တွင် 'အပျော်တမ်းတပ်' ဟူသည်ရှိ၏။ လစာမယူဘဲ စစ်မှုထမ်းခြင်းကို ဆိုလို၏။ အစ္စရေး ကာကွယ်ရေးတပ်မတော်ကမူ စစ်မှုမထမ်းမနေရ ဥပဒေကြောင့် စစ်မှုထမ်းကြခြင်း ဖြစ်၏။ ဤအချက်များ၏ အနှစ်သာရသည် ကွာခြားသည်ဟု ပါမောက္ခက ထောက်ပြ၏။

"ဒီနိုင်ငံမှာက စာနဲ့မရေးသားထားတဲ့ လူမှုရေး ပဋိညာဉ်စာချုပ်ရှိတယ်။ ကျွန်တော်တို့ ဒီတပ်မှာ တာဝန်ထမ်းဆောင်ရတာက အစိုးရနဲ့ တပ်မတော်က ကျွန်တော်တို့အပေါ် တာဝန်ရှိလို့ပဲ။ အစ္စရေး တပ်မတော်ကတော့ ဘာနဲ့ပိုတူသလဲဆိုရင် ခုလက်ရှိ ၂၀၀၈ အမေရိကန်တပ်ထက် ၁၇၇၆ ကွန်တင်နင်တယ်တပ်နဲ့ ပိုတူတယ်။ အဲဒီတုန်းက ဂျော့ဝါရှင်တန်က သိတယ်။ သူနဲ့ လက်ရှိဗိုလ်ချုပ်ရာထူးက သိပ်အဓိပ္ပာယ်မရှိဘူး။ အခြေခံအရ ပြည်သူက စိတ်စေတနာ ပိုရှိရင် သူက ရောမဗိုလ်ချုပ်ကြီး ဖြစ်နေရမှာ ဆိုတာပါပဲ"

'ကွန်တင်နင်တယ်တပ်'မှ တပ်ဖွဲ့ဝင်များသည် သူ့ဘာသာသူ လိုလိုလားလား စစ်မှုလာထမ်းကြခြင်း ဖြစ်၏။ ဤတပ်မျိုးမှာ 'ပြည်သူ့တပ်' ဖြစ်၏။ အစ္စရေး ကာကွယ်ရေးတပ်သည်လည်း ဤတပ်မျိုး ဖြစ်၏။

အရန်တပ်ဖွဲ့ဝင်များသည် သူတို့နိုင်ငံ ရပ်တည်ရှင်သန်ရေးအတွက် တိုက်ပွဲဝင်နေကြခြင်းသည်သာ ရည်ရွယ်ချက် အစစ်အမှန်ဖြစ်၏။ သူတို့တိုက်ပွဲဝင်ပေးနေရသည့် ပြည်သူ့အလွှာအသီးသီးမှ ချီးမြှင့်ထားသော ရာထူးသည် အဓိက မဟုတ်ပေ။

အစ္စရေး ကာကွယ်ရေးတပ်မတော်မှ သင်ပေးလိုက်သော ရာထူးအဆင့် မခွဲခြားမှုသည် အရပ်ဘက်တွင်ပါ ဆက်လက်ကျင့်သုံးရင်း ထုံးစံတစ်ခုလို ဖြစ်လာ၏။ ဝန်ထမ်းအငယ်များက မိမိတို့၏ အလုပ်ရှင်ကို "ခင်ဗျားမှားနေပြီ" ဟု ပြောခဲ့ကြ၏။ ဤ 'ချုဇ်ပါ' စိတ်ဓာတ်သည် အစ္စရေး ကာကွယ်ရေးတပ်မတော်တွင် နှစ်ပေါင်းများစွာ ပုံလောင်းပေါ်ထွန်းခဲ့ခြင်း ဖြစ်၏။ ယခုလည်း လူငယ်တစ်ဦးဖြစ်သူ 'ရှုဗတ်ရှခက်'က 'ပေးပါးလ်' ဥက္ကဋ္ဌကို 'ဝက်ဘ်'ထဲမှ လူကောင်းနှင့် လူဆိုး ခြားနားချက်ကို ပြောပြနေခြင်းမှာ မဆန်းတော့။ 'အင်တဲလ်' အစ္စရေး၏ အင်ဂျင်နီယာများက သူတို့ကုမ္ပဏီ အဓိကထုတ်ကုန်၏ အခြေခံပုံစံကို ပြောင်းပစ်တော်လှန်ရန် ဆုံးဖြတ်ကြသည်သာမက စက်ရုံမှ တန်ဖိုးထားသော လမ်းကြောင်းကိုပါ ပြောင်းပစ်ရန် ပြောနိုင်ကြခြင်းသည်လည်း ဤပုံစံပင် ဖြစ်၏။ မိမိကိုယ်မိမိ ယုံကြည်လွန်းခြင်း၊ ငါသိငါတတ်လုပ်ခြင်းနှင့် စော်စော်ကားကား ပမာမခန့်လုပ်မှု၊ လွတ်လပ်စွာတွေးခေါ်မှု၊ ဆန်းစစ်ဝေဖန်မှုနှင့် အာဏာဖီဆန် ကလန်ကဆန်လုပ်မှု၊ ရည်မှန်းချက်ကြီးမှုနဲ့ အထက်စီးဆန် စိတ်ကြီးဝင်မှု။ ထိုစကားလုံးများ တစ်ခုနှင့်တစ်ခုကြား သင့်အမြင်နှင့် သင် ရွေးချယ်သုံးစွဲနိုင်ပါသည်။ သို့သော် ထိုစကားလုံးအားလုံးကို ပေါင်း၍ ခြုံငုံဆိုရပါလျှင်ကား ၄င်းအရည်အသွေးအားလုံး ပေါင်းစပ်နေသည်မှာ အစ္စရေးစွန့်စားတီထွင် စီးပွားရေးစွမ်းဆောင်ရှင်ပင် ဖြစ်ချေသည်တကား။

❖

# အပိုင်းနှစ်

# တီထွင်ဆန်းသစ်
# ယဉ်ကျေးမှုမျိုးစေ့ချခြင်း

# အခန်း (သုံး)
## စာအုပ်လူများ

ဝေးဝေးသွား၊ ကြာကြာနေ၊ နက်နက်ရှိုင်းရှိုင်းကြည့်
*(အောက်ဆိုက်ဒ်မဂ္ဂဇင်း)*

ဘိုလီးဗီးယားနိုင်ငံ၊ လာပါ့ဇ်တောင်ကုန်းသည် ၁၁၂၀ ပေ မြင့်၏။ 'အယ်လ်လိုဘို' ကား တစ်ထပ်ပိုမြင့်၏။ 'အယ်လ်လိုဘို' တွင် စားသောက်ဆိုင်၊ တည်းခိုရိပ်သာ၊ လူမှုရေးအသင်း မျိုးစုံရှိ၏။ ၎င်းသည် မြို့တွင် အစ္စရေး အစားအသောက်ရနိုင်သော တစ်ခုတည်းသောနေရာလည်း ဖြစ်၏။ ၎င်းကို 'ဒေါ်ရစ်မောရာလီ' နှင့် သူ့ခင်ပွန်းတို့က တည်ထောင်ထားသည်။ သူတို့နှစ်ဦးလုံးပင် အစ္စရေးမှ ဖြစ်ကြ၏။

ဘိုလီးဗီးယားသို့လာသော အစ္စရေးတိုင်း 'အယ်လ်လိုဘို' သို့ ရောက်ကြ၏။ အစ္စရေးအစားအသောက် လာစားကြသည်ထက် ဟီးဘရူးဘာသာဖြင့် ပြောကြ ဆိုကြ၊ အစ္စရေးလူမျိုးအချင်းချင်း တွေ့ဆုံလိုကြ၍ ဖြစ်၏။ ထိုနေရာတွင် သူတို့ တစ်ခုခု ရှာဖွေတွေ့ရှိကြလိမ့်မည်ဟု သိထားကြ၏။ ပို၍ တန်ဖိုးရှိသော အရာတစ်ခုခု၊ 'စာအုပ်' ကို တွေ့နိုင်ကြမည်ဟု သိထားကြ၏။ စာအုပ်ဟု ဧကဝုစ်ကိန်းနှင့် ပြောသော်လည်း စာအုပ်ဟူသည် တစ်အုပ်ထဲကို မဆိုလို။ ကမ္ဘာတစ်ဝှန်း ဝေးလံသီခေါင်သော အရပ်ဒေသများတွင် ပြန့်ကြဲနေသော ပုံဆောင်မဲ့ အကြောင်းအရာမျိုးစုံဟု ဆိုရပါမည်။ စာတန်းပေါင်းစုံ စုစည်းထားသော စာအုပ်မျိုးဖြစ်၏။ ခရီးသည်တစ်ဦးမှ

တစ်ဦးသို့ အကြံပေးချက်များ၊ အတွေ့အကြုံများကို လက်ရေးဖြင့် ရေးထားကြ၏။ ရေးသူ ဖတ်သူများမှာ အစ္စရေးမှ လူများသာ ဖြစ်ကြ၏။

'အယ်လ်လိုဘို'၏ 'စာအုပ်' ဖန်တီးမှုသည် ၁၉၈၆ မှစ၏။ စားသောက်ဆိုင်ဖွင့်ပြီး တစ်လအကြာတွင် စခဲ့သည်ဟု 'ဒေါရစ်'က ပြန်ပြော၏။ ကျောပိုးအိတ်ကိုယ်စီနှင့် အစ္စရေးခရီးသည်လေးဦး ရောက်ချလာကြကာ သူ့ကို မေးကြသည်။

"စာအုပ်က ဘယ်မှာလဲ"

သူက အံ့သြပြီး နားမလည်သလိုဖြစ်သောအခါ သူတို့က ရှင်းပြ၏။ ခရီးသည်တစ်ဦးက အခြားခရီးသည်များကို ဆောင်ရန် ရှောင်ရန်မှအစ အကြံပေးချက်တွေ၊ သတိပေးချက်တွေရေးရန် စာအုပ်လိုအပ်သည်ဟု သူတို့က ပြောသည်။ ထို့နောက် သူတို့ အပြင်ထွက်သွားကြကာ ပြန်ရောက်အလာတွင် စာအုပ်ထူကြီးတစ်အုပ် လက်ဆောင်ပေးကြ၏။ သူတို့က ဟီးဘရူးဘာသာဖြင့် စတင်ရေးသား၏။ ဝေးလံခေါင်သီသော တောတစ်ခုအကြောင်း၊ အစ္စရေးများအကြိုက် သွားသင့်သောနေရာဖြစ်ကြောင်း လမ်းညွှန်ခဲ့ကြ၏။

ထိုစာအုပ်သည် နောက်ပိုင်းတွင် အင်တာနက်ပေါ်ပေါက်ဖို့ အစပျိုးချက် ဟုဆိုနိုင်၏။ အစ္စရေးတွင် ၁၉၇၀ ခုနှစ်များက စခဲ့ရာ၊ ယခုဆိုလျှင် ဘလော့ဂ်တွေ၊ ချက်လုပ်သည့်အခန်းတွေ၊ အင်တာနက်ကဖီးတွေ မှိုလိုပေါ်ပေါက်နေပြီ။ 'အယ်လ်လိုဘို'တွင်မူ ထိုစာအုပ်မျိုး ၆ အုပ်ပင် ရှိလာပြီ။ ၁၉၈၉ မှ စတင်ခဲ့ရာ ယခု ဘရာဇီးလ်၊ ချီလီ၊ အာဂျင်တီးနား၊ ပီရူးနှင့် တောင်အမေရိက အစိတ်အပိုင်းအချို့အတွက်ပင် သီးခြားစာအုပ်များ ထားနေရပြီ။ အာရှနိုင်ငံအချို့အတွက်လည်း ထားရှိ၏။ မူလက ဟီးဘရူးဘာသာဖြင့်သာ ရေးကြသော်လည်း ယနေ့ခေတ် စာအုပ်များကား ဘာသာပေါင်းစုံ ရေးသားနေကြ၏။

၁၉၈၉ တွင် ရေးခဲ့သော စာအုပ်အကြောင်း 'အောက်ဆိုက်ဒ် မဂ္ဂဇင်း'က အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့၏။

"စာတစ်မျက်နှာမှာကတော့ ဒစ်စကိုကလပ်တစ်ခုက မိန်းမလှလေးတွေအကြောင်း ရေးထားတယ်။ နောက်တစ်မျက်နှာမှာတော့ ရေခဲဂူတစ်ခုကို မရောက်ရောက်အောင်သွားဖို့ မှတ်တမ်းတင်ထားတယ်။ နောက်တစ်မျက်နှာ

ကျတော့ ဂျာမန်ဘာသာနဲ့ အပင်မျိုးစုံ၊ ပန်းမျိုးစုံအကြောင်း ပုံတွေနဲ့ ရေးထားတယ်။ နောက်တစ်မျက်နှာကျတော့ ပီရူးနိုင်ငံက 'မနူးအမျိုးသားဥယျာဉ်' ထဲမှာ ကနူးလှေဝယ်ပြီး လှည့်လည်ကြည့်ရှုသင့်ကြောင်း တိုက်တွန်းထားတယ်။ အဲဒီမှာ သတိထားစရာတွေလည်း လက်တို့ သတိပေးထားတယ်။ နောက်တစ်ခါ 'ဖိလစ်ပ်'ဆိုသူရဲ့ ဆေးရောင်လေးရောင်နဲ့ ပန်းချီမှတ်တမ်းတွေ့ရပြန်ရော"

'ဟီးဘရူးတက္ကသိုလ်'မှ လူမှုဗေဒပါရဂူ 'ဒါယာမော့ဇ်'ကမူ အစ္စရေးလူမျိုးတို့၏ ခရီးသွားပုံစံမျိုးစုံ မှတ်တမ်းတင်ချက်ဟု ညွှန်း၏။ အစ္စရေးခရီးသွား လူငယ်များစွာတို့သည် ထိုစာအုပ်အတိုင်း သွားကြည့်ကြ၏။ ထို့နောက် ပြန်မှတ်တမ်းရေးကြ၏။

အစ္စရေးတို့သည် ခရီးသွား ဝါသနာအလွန်ပါကြ၏။ နီပေါ၊ ထိုင်း၊ အိန္ဒိယ၊ ဗီယက်နမ်၊ ပီရူး၊ ဘိုလီဗီးယား၊ အီကွေဒေါ စသဖြင့် နေရာအနှံ့ ခြေခြင်းလိမ်အောင် သွားကြ၏။ ထိုအကြောင်းနှင့်ပတ်သက်၍ ဟာသတစ်ပုဒ်ပင် ဖတ်ဖူး၏။ ဟိုတယ်တစ်ခုတွင် အစ္စရေးနိုင်ငံကူးလက်မှတ်နှင့် အခန်းလာငှားသော ခရီးသည်ကို ဟိုတယ်ဝန်ထမ်းက မေး၏။

"ဒါနဲ့ စကားမစပ်၊ ခင်ဗျားတို့အုပ်စုက လူဘယ်နှယောက်ပါသလဲ"

"ရ သန်းပါ" ဟု အစ္စရေးလူငယ်က ပြန်ဖြေ၏။ ထိုအခါ ဟိုတယ်ဝန်ထမ်းက ပြန်မေးလိုက်သည်။

"ဒါဆို အစ္စရေးနိုင်ငံမှာကော လူမှ ကျန်သေးရဲ့လား"

အစ္စရေးများကို ကမ္ဘာအနှံ့တွေ့နေရ၍ အစ္စရေးသည် တရုတ်ပြည်လိုပင် လူဦးရေများလွန်းလှသည်ဟုပင် ထင်ချင်ထင်နေကြသည်။

"တခြားလူမျိုးတွေထက် အစ္စရေးတွေက ကမ္ဘာအနှံ့ ခရီးသွားကြတာပိုများတယ်။ ဝေးဝေးသွား၊ ကြာကြာနေ၊ နက်နက်ရှိုင်းရှိုင်းကြည့်ဆိုတာ အစ္စရေးတွေအတွက် လမ်းညွှန်ချက်ပဲ"ဟု 'အောက်ဆိုက်ဒ်' မဂ္ဂဇင်းက ရေးခဲ့၏။

အစ္စရေးတို့ ခရီးသွားများကြခြင်း အကြောင်းရင်းက များစွာရှိ၏။ တစ်ချက်မှာကား မဝင်မနေရ စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းခဲ့ကြပြီးနောက် စိတ်ပြေလက်ပျောက် ခရီးထွက်ကြခြင်းသည်လည်း အကြောင်းတစ်ကြောင်း

ပါဝင်၏။ 'ယာနိဖ်' ဆိုသော အစ္စရေးခရီးသည်တစ်ဦးကို 'အောက်ဆိုက်ဒ်' မဂ္ဂဇင်းမှ သတင်းထောက်တစ်ဦးက အင်တာဗျူးလုပ်ဖူးသည်။

"သူ့ဆံပင်က ဘုတ်သိုက်အရှည်ကြီး။ မုတ်ဆိတ်ကျင်စွယ်ကလည်း ထူလပျစ်။ နားမှာကလည်း နားကပ်ကြီးနဲ့။ ဒါတွေအားလုံး ဘာဖြစ်လို့ ထားရသလဲဆိုတော့ တပ်ထဲမှာ အကြာကြီးနေခဲ့ရတုန်းက ဒါမျိုးတွေ မလုပ်ရလို့ ခုမှ စိတ်တိုင်းကျ လုပ်နေတာလို့ ပြန်ဖြေတယ်"

တကယ်တော့ သူတို့သည် စစ်မှုထမ်းကာလအတွင်း စည်းနှင့်ကမ်းနှင့် တင်းတင်းကြပ်ကြပ် နေခဲ့ရသဖြင့် ခုမှ လွတ်လွတ်လပ်လပ် စိတ်တိုင်းကျ လုပ်ချင်ရာလုပ်နေကြခြင်းမှာ အဓိကအကြောင်းပြချက် မဟုတ်ပါ။

"အစ္စရေးမှာ နေရတာက စိတ်ပိုင်းဆိုင်ရာ အကျဉ်းကျနေသလိုပဲ။ ရန်သူက ပတ်လည်ဝိုင်းနေတာကိုး" ဟု 'ယေးကီဒါ' ဆိုသူ အစ္စရေးခရီးသွားမဂ္ဂဇင်း 'မာဆာအာချာ'မှ အယ်ဒီတာက ပြော၏။

"ကောင်းကင်ပြင်ကြီး ပွင့်နေတုန်း အပြင်ထွက် လျှောက်လည်တာပေါ့" ဟု သူက ဆို၏။

အစ္စရေးနှင့် တစ်ရက် ခရီးကားမောင်းသွားလျှင် ရောက်နိုင်သော ဘေရွတ်၊ ဒမတ်စကပ်၊ အာမန်၊ ကိုင်ရိုတို့သို့ သွားကြ၏။ ငြိမ်းချမ်းရေး စာချုပ်ချုပ်ထားသော အီဂျစ်နှင့် ဂျော်ဒန်သို့ သွားကြ၏။

အစ္စရေးနိုင်ငံ မထူထောင်မီက သူတို့သည် အထီးကျန်နေထိုင်ခဲ့ကြရ၏။ ၁၈၉၁ မှစ၍ အစောဆုံး စီးပွားရေးသပိတ်မှောက်မှု ဒဏ်ခံခဲ့ရ၏။ ပြည်တွင်းနေထိုင်သူ အာရပ်များက ပါလက်စတိုင်းရှိ အော့တိုမန်အာဏာပိုင်များကို ဂျူးတို့ဝင်ရောက်လာမှုနှင့် မြေယာရောင်းချမှုတို့ကို ပိတ်ပေးရန် တောင်းဆိုခဲ့ကြ၏။ ၁၉၂၂ တွင် ပဉ္စမအကြိမ်မြောက် ပါလက်စတိုင်း အာရပ်ကွန်ဂရက်က ဂျူးစီးပွားရေးအားလုံးကို သပိတ်မှောက်ကြရန် ဆုံးဖြတ်ခဲ့ကြ၏။

အာရပ်အဖွဲ့ချုပ်ဝင် ၂၂ နိုင်ငံက ရှည်ကြာသော တရားဝင်သပိတ်ကို ၁၉၄၃ မှစ၍ ဆင်နွှဲပြီး ပါလက်စတိုင်းမှ ဂျူးစက်ရုံထုတ် ပစ္စည်းအားလုံးကို သပိတ်မှောက်ကြ၏။ ဤကန့်သတ်မှုသည် နိုင်ငံအားလုံးမှ နိုင်ငံခြားကုမ္ပဏီ

များအား အစ္စရေးသို့ ရောင်းချခြင်း၊ အစ္စရေးမှ ဝယ်ယူခြင်းမပြုရန်အထိ တားဆီးမိန့် ထုတ်ကြ၏။ အစ္စရေးနှင့် ဆက်ဆံသော ကုမ္ပဏီများကိုလည်း နာမည်ပျက်စာရင်းသွင်းခဲ့ကြ၏။ ဟွန်ဒါ၊ တိုယိုတာ၊ မာဇဒါ၊ မစ်ဆူဘီရှိ စသော ဂျပန်ကားကုမ္ပဏီများ၊ ကိုရီးယား ကားကုမ္ပဏီများသည်ပင် သပိတ်မှောက်စာရင်းတွင် ပါဝင်ကြ၏။ ထို့ကြောင့် အစ္စရေးနိုင်ငံတွင် ထိုအမှတ်တံဆိပ်ကားမျိုး မတွေ့ရ။ 'ဆုဘာရု' ကားဆိုလျှင်လည်း အာရပ်ကမ္ဘာသို့ ရောင်းချရန် အပိတ်ခံခဲ့ရ၏။

"ခေတ်ပြိုင် သပိတ်မှောက်မှုတွေ အားလုံးထဲမှာ အာရပ်နိုင်ငံများ အဖွဲ့ချုပ်က အစ္စရေးနိုင်ငံအပေါ် သပိတ်မှောက်တာက အပြင်းထန်ဆုံး၊ စနစ်အကျဆုံး၊ အရက်စက်ဆုံးပဲ" ဟု 'ဂျော့ဝါရှင်တန်တက္ကသိုလ်'မှ 'ခရစ္စတိုဖာဂျွိုင်နာ'က ဝေဖန်ခဲ့၏။

သပိတ်မှောက်မှုသည် တစ်ခါတစ်ရံ ကတ်သီးကတ်သတ် အတော်ပင်နိုင်၏။ ၁၉၇၄ တွင် အာရပ်အဖွဲ့ချုပ်က 'ဘဟာအီဘာသာ'ကို နာမည်ပျက် စာရင်းသွင်း၏။ အဘယ်ကြောင့်ဆိုသော် 'ဟိုင်ဖာ'ရှိ 'ဘဟာအီဘုရားကျောင်း'သည် ကမ္ဘာလှည့်ခရီးသည် အလာရောက်ဆုံးဖြစ်၍ အစ္စရေးအစိုးရ ဝင်ငွေများစွာ ရခဲ့သောကြောင့် သပိတ်မှောက်ရခြင်း ဖြစ်သည် ဟုဆို၏။ လက်ဘနွန်နိုင်ငံကလည်း ဝေါ့ဒစ္စနေရိုက်ကူးသော 'အိပ်ပျော်နေသော မိန်းမလှလေး' ကာတွန်းကားကို ပိတ်၏။ အဘယ်ကြောင့်ဆိုသော် ရုပ်ရှင်ထဲတွင် ပါသော မြင်းတစ်ကောင်၏ အမည်မှာ ဟီးဘရူးနာမည် 'ဆမ်ဆန်' ဖြစ်နေ၍ဟု အကြောင်းပြ၏။

ထိုသို့သော မိုးလေဝသအခြေအနေတွင် အစ္စရေးလူငယ်များသည် အာရပ်ကမ္ဘာမှ ဝေးရာသို့ ပို၍ ထွက်ခွာသွားလာလိုစိတ် ပိုရှိလာကြ၏။

"မင်းတို့က ငါတို့ကို ပိုပြီးပိတ်ဆို့လေ၊ ငါတို့က ပိုပြီးသွားနိုင်လာနိုင်တာကို ပိုပြလေပဲ" ဟူသော သဘောအတိုင်း ဖြစ်နေ၏။ ထိုအကြောင်းပြချက်များကြောင့်ပင် အင်တာနက်၊ ဆော့ဖ်ဝဲ၊ ကွန်ပျူတာ၊ ဆက်သွယ်ရေး အဝေးစနစ်များ စသည်တို့ကို အစ္စရေးတို့က ပို၍ ပွေ့ဖက်ထိတွေ့ကြ၏။ အစ္စရေး စွန့်စားလုပ်ကိုင်သူ လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် 'အော်နာဘယ်လီ' က ဟိုင်းတက် ဆက်သွယ်ရေးပစ္စည်းတွေ၊ စနစ်တွေက အစ္စရေးလူမျိုးတို့

အဖို့တော့ အမျိုးသားအားကစားလို ဖြစ်နေပြီ။ ရန်သူပတ်လည်ဝိုင်းနေတဲ့ နိုင်ငံငယ်လေးထဲမှာ ပိတ်လှောင်နေတဲ့သူတွေအဖို့ ထွက်ပေါက်ဆိုလို့ ဒါတွေပဲရှိတာ'' ဟု ပြောဖူး၏။

အာရပ်တို့ သပိတ်မှောက်မှုနှင့် အခြားသော နိုင်ငံတကာပိတ်ဆို့မှုများက အစ္စရေးနိုင်ငံကို နှစ် ၆၀ ကြာ မည်မျှ အထိနာခဲ့သလဲဟူသည်ကို ခန့်မှန်းရန်ကား ခက်၏။ ဒေါ်လာ ၁၀၀ ဘီလျံလောက်တော့ ဆုံးရှုံးမည်ဟု ခန့်မှန်းကြည့်၍ ရ၏။ သို့သော် ဤမျှလောက်ကိုမူ အစ္စရေးတို့က မမှု။ အစ္စရေးကုမ္ပဏီများသည် တရုတ်၊ အိန္ဒိယနှင့် လက်တင်အမေရိကတို့တွင် ဈေးကွက်များစွာ ရခဲ့၏။ တရုတ်ပြည်၏ အဓိက ထိပ်တန်းကုမ္ပဏီတိုင်း အစ္စရေး ဆက်သွယ်ရေးပစ္စည်းကို မသုံးမဖြစ် သုံးနေကြရ၏။ တရုတ်ပြည်၏ တတိယအကြီးဆုံး လူမှုရေးကွန်ယက်ဝက်ဘ်ဆိုက် (လူငယ် ၂၅ သန်း အသုံးပြုကြ)သည် အစ္စရေး၏ 'ကူလာနူး' ဝက်ဘ်ဆိုက်ကို သုံးခြင်းသာ ဖြစ်၏။ 'ကူလာနူး' ဟူသည် 'ကျွန်ုပ်တို့အားလုံး'ဟု ဟီးဘရူးဘာသာဖြင့် အဓိပ္ပာယ်ရ၏။ ၎င်းကို အီရတ်မှ ဝင်လာသော အစ္စရေးမိသားစုက တည်ထောင်ကြခြင်း ဖြစ်၏။ 'ကူလာနူး'ကို အစ္စရေးလူငယ်နှင့် တရုတ်တာဝန်ရှိပုဂ္ဂိုလ်များက ပူးတွဲဖန်တီးကြကာ တရုတ်ပြည်အနှံ့အပြားတွင် သုံးစွဲနိုင်အောင် စီစဉ်ပေးကြ၏။

တပ်ရင်း ၈၂၀၀ မှ တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ 'ဂီလ်ကပ်ဘ်စ်' သည် တရုတ်ပြည်တွင် အချိန်အတော်ကြာ အလုပ်လုပ်ပေးခဲ့၏။ သူသည် အစ္စရေးကာကွယ်ရေးတပ်မတော်မှ နုတ်ထွက်ခဲ့ပြီးနောက် ပေကျင်းသို့သွားကာ တရုတ်ဘာသာ သင်ယူခဲ့၏။ တစ်နေ့ကို ငါးနာရီ၊ တစ်နှစ် တရုတ်စာသင်၏။ ထို့နောက် တရုတ်ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်လုပ်ရင်း စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်၏။

''ကမ္ဘာလှည့်ခရီးသည်တွေ မလာခင် တရုတ်ပြည်မှာ စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ထားမှဖြစ်မယ်ဆိုပြီး တည်ထောင်တာပါ။ ဒုတိယအချက်အနေနဲ့ တရုတ်တွေက ဂျူးတွေကို မမုန်းဘူးလေ။ ဒါကြောင့် ကြိုဆိုနွေးထွေးတဲ့ ပတ်ဝန်းကျင်တစ်ခုမှာ အေးအေးဆေးဆေး စီးပွားရေးလုပ်လို့ရတာပေါ့'' ဟု သူက ပြော၏။

အစ္စရေးတို့သည် ကမ္ဘာပေါ်ရှိ စီးပွားရေး ပြိုင်ဖက်များအားလုံးကို မည်သည့်အချိန်တွင်မဆို လက်ဦးမှု အရယူနိုင်ခဲ့ကြ၏။ သူတို့သည် အရှေ့အလယ်ပိုင်းကို ခုန်ပျံကျော်လွှားကာ အခွင့်အရေးသစ်များ ရှာခဲ့ကြ၏။ ကျောပိုးအိတ်ကိုယ်စီနှင့် ကမ္ဘာတစ်ခွင် လှည့်လည်သွားလာနေကြသော အစ္စရေးလူငယ်များနှင့် အစ္စရေးနည်းပညာ စီးပွားရေးလုပ်ငန်းရှင်များသည် ပူးပေါင်းလုပ်ဆောင်ကာ နိုင်ငံခြားဈေးကွက်များကို ထိုးဖောက်ဝင်ရောက်ကြ၏။ အစ္စရေးလူငယ်တို့သည် အသက်နှစ်ဆယ်ကျော်လာသည်နှင့် နိုင်ငံခြားတွင် အခွင့်အလမ်းသစ်များ ရှာဖွေလုပ်ကိုင်ရန် သတ္တိတွေ ကိုယ်စီရှိနှင့်နေကြပြီ။ မတူခြားနားသော သူစိမ်းပတ်ဝန်းကျင်တွင် နေထိုင်ဖို့လည်း မတွန့်မဆုတ်တတ်ကြ။ ယဉ်ကျေးမှုခလေ့ထုံးစံ လုံးဝ မတူသူများနှင့်လည်း အဆင်ပြေအောင် ပေါင်းသင်းနေထိုင်တတ်၏။ စစ်သမိုင်းပညာရှင် 'အက်ဒွပ် လူတာဝပ်' က တပ်မှထွက်လာသောသ အစ္စရေးအများစုသည် အသက် ၃၅ နှစ် မတိုင်မီတွင် နိုင်ငံတစ်ဒါဇင်လောက် ရောက်ဖူးပြီးကြသူများ ဖြစ်ကြသည် ဟုဆို၏။ အစ္စရေးတို့သည် စီးပွားရေးလုပ်ငန်းသစ်များကို နယ်နိမိတ်များစွာကို ကျော်လွှားပြီး ထိုးဖောက်ဝင်ရောက်နိုင်ကြသည်မှာ ဤအတွေ့အကြုံများကြောင့်ပင် ဖြစ်၏။

'နီတာဖင်မ်' ဟူသော အစ္စရေးကုမ္ပဏီတစ်ခု၏ နိုင်ငံတကာ ထိုးဖောက်ဝင်ရောက်မှုကို ဥပမာဆောင်ပြပါမည်။ ယခုအခါ ထိုကုမ္ပဏီသည် ကမ္ဘာ၏ ဆည်မြောင်းဖောက်လုပ်ရေးလုပ်ငန်းတွင် အကြီးဆုံးဖြစ်နေပြီ။ ထိုကုမ္ပဏီကို ၁၉၆၅ တွင် တည်ထောင်ခဲ့၏။ တည်ထောင်သူမှာ 'ဆင်မ်ချာ ဘလတ်စ်' ဖြစ်သည်။ သူ့ကို ပိုလန်တွင် မွေး၏။ ပထမကမ္ဘာစစ်အတွင်းတွင် ဝါဆော၌ သူသည် မိမိကိုယ်မိမိ ကာကွယ်ရေး ဂျူးတပ်ဖွဲ့တွင် တက်ကြွစွာ တာဝန်ထမ်းဆောင်ခဲ့၏။ ၁၉၃၀ ခုနှစ်များကျမှ အစ္စရေးသို့ ရောက်လာသည်။ 'မက်ကောရော့' ခေါ် အမျိုးသားရေကြောင်းကုမ္ပဏီတွင် အင်ဂျင်နီယာချုပ် ဖြစ်လာ၏။ ဂျော်ဒန်မြစ်နှင့် ဂါလီလီမြစ်မှ ရေကို နီဂက်ဗ် မြို့ အနောက်ပိုက်လိုင်းဆွဲ တူးမြောင်းတူးသောလုပ်ငန်းကို သူ ဦးဆောင်ခဲ့၏။ ထိုသို့ လုပ်ကိုင်ရင်းနှင့် အပင်တစ်ပင်ကို လေ့လာမိသည်။ ထိုအပင်သည် ရေ လုံးဝ မရှိသည့်ပုံ ပေါက်နေ၏။ စူးစမ်းကြည့်သောအခါ ထိုအပင်၏

အမြစ်တစ်ခုက မြေအောက်ရေပိုက်တစ်ခုမှ ပေါက်နေသော အပိုင်းမှ ရေကို စုပ်ယူပြီး ရှင်သန်နေကြောင်း တွေ့ရ၏။ ၁၉၅၀ ခုနှစ်များတွင် ခေတ်မီ ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်နိုင်ပြီဖြစ်ရာ 'ဘလတ်စ်'သည် မြေ အောက်သို့ ပလတ်စတစ်ပိုက်လိုင်းများ ထိုးသွင်းကာ ရေရရှိရေးအလုပ်ကို စမ်းသပ်ပြုလုပ်ခဲ့၏။ သူ၏ တီထွင်မှုကို မှတ်ပုံတင်ခဲ့ကာ 'နီဂက်ဖ်' သဲကန္တာရတွင် သမဝါယမလုပ်ငန်း ထူထောင်ပြီး သူ၏ နည်းပညာသစ်ကို စတင် အသုံးချခဲ့၏။ သူ၏နည်းမှာ ရေကို ၄၀ ရာခိုင်နှုန်း လျှော့သုံးပြီး သီးနှံများကို ငါးဆယ်ရာခိုင်နှုန်းအထိ ရေပေးနိုင်သောနည်း ဖြစ်၏။ ထိုနည်း ပညာကို သူက ကမ္ဘာတစ်ဝှန်း ဖြန့်ဖြူးခဲ့၏။ ယခု သူ၏နည်းပညာသုံးကြ သည်မှာ တိုက်ကြီးငါးတိုက်တွင် နိုင်ငံပေါင်း ၁၁၀ ပင် ရှိနေ၏။ သူ့ရုံးခွဲများ မှာ အာရှတွင် ဗီယက်နမ်၊ တရုတ် (တိုင်ပေ)၊ နယူးဇီလန်၊ တရုတ် (ရုံး နှစ်ရုံး)၊ အိန္ဒိယ၊ ထိုင်း၊ ဂျပန်၊ ဖိလစ်ပိုင်၊ ကိုရီးယား၊ အင်ဒိုနီးရှားတို့တွင် ရှိ၏။ တောင်အမေရိကတွင် အာဂျင်တီးနား၊ ဘရာဇီးလ်၊ မက်ဆီကို၊ ချီလီ၊ ကိုလံဘီယာ၊ အီကွေဒါ၊ ပီရူးတွင်ရှိ၏။ ဥရောပတွင် ရုံးခွဲ ၁၁ ခုရှိသည်။ ယခင် ဆိုဗီယက် ယူနီယံ၊ ဩစတြေးလျ၊ မြောက်အမေရိကတို့တွင်လည်း ရုံးများ ရှိ၏။

'နီတာဖင်မ်'၏ နည်းပညာထိရောက်မှုကို သိရှိကြသည်နှင့် ယခင်က အစ္စရေးနိုင်ငံကို ရန်လိုမုန်းထားကြသော နိုင်ငံအချို့ပင်လျှင် သံခင်း တမန် ခင်းတွေ ဖွင့်လာကြ၏။ ဆိုဗီယက်အုပ်စု မူစလင်နိုင်ငံများဖြစ်ကြသော အဇာဘိုင်ဂျန်၊ ကဇတ်စတန်နှင့် ဥဇဘက်ကစ္စတန်တို့နှင့် ပိုမိုနွေးထွေးစွာ ဆက်ဆံနိုင်ခဲ့၏။ ၂၀၀၄ တွင် ယခင်ကုန်သွယ်ရေးဝန်ကြီး 'အီဟွတ်အိုလ် မတ်'သည် 'နီတာဖင်မ်'ကို တောင်အမေရိကခရီးသို့ပင် ခေါ်သွားကာ မဟာဗျူဟာ မဟာမိတ်သစ် ဖွဲ့စည်းရေးဆောင်ရွက်ခဲ့၏။ ထိုခရီးစဉ်က 'နီတာဖင်မ်'ကို ဒေါ်လာသန်း ၃၀ စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကာ နှစ်နိုင်ငံ အစိုးရ၏ စိုက်ပျိုးရေးနှင့် မြေယာဖွံ့ဖြိုးရေး နားလည်မှုသဘောတူချက်များ ရရှိခဲ့၏။

အစ္စရေး စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတော်ကိုယ်စား၊ သူတို့ ဘာသာသူတို့ ခန့်အပ်သော သံတမန်များပုံစံဖြင့် နိုင်ငံတကာဆက်ဆံရေး

ပိုမိုတိုးတက်ရန် ဆောင်ရွက်ကြသည့် သာဓကများစွာ ရှိ၏။ ကမ္ဘာအနှံ့ လူသိများသော အစ္စရေး စီးပွားရေးလုပ်ငန်းရှင်များစွာသည် နည်းပညာ တမန်တော်များသာမက အစ္စရေးစီးပွားရေးတစ်ခုလုံးကို ရောင်းချနိုင်အောင် ကြိုးပမ်းသူပါရမီရှင်များလည်း ဖြစ်ကြ၏။ ဤနေရာတွင် 'ဂျွန်မက်ဗက်ဒ်' ကိုပင် နမူနာပြလိုပါသည်။

သူသည် ကာလီဖိုးနီးယားတွင် ကြီးပြင်းခဲ့သူ ဖြစ်၏။ သူ့ကို နိုင်ငံရေးလှုပ်ရှားသူအဖြစ် လေ့ကျင့်ပေးခဲ့သော်လည်း သူက တကယ်တော့ အင်ဂျင်နီယာတစ်ဦး ဖြစ်၏။ သူ ပထမလုပ်ဆောင်သည်က ဇီယွန်ဝါဒီ စည်းရုံးရေးမှူး။ ၁၉၈၁ တွင် အစ္စရေးသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ အစ္စရေးနိုင်ငံ၏ အနာဂတ်ကို အစ္စရေးလူမျိုးများ နားလည်သဘောပေါက် အောင် နယ်လှည့်စည်းရုံးရေးဆင်း ဟောပြောသောအလုပ်ဖြင့်သာ အသက် မွေးခဲ့၏။ သို့သော် ၁၉၈၂ တွင် အစ္စရေး၏ အကြီးဆုံးကာကွယ်ရေးပစ္စည်း ထုတ်လုပ်သူထဲတွင် တစ်ဦးအပါအဝင်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးနှင့် စကားပြော မိရာမှ သူ၏လမ်းကြောင်း ပြောင်းလာခဲ့၏။ သူ့ကို ထိုပုဂ္ဂိုလ်က ပြော၏။ သူလုပ်နေသော အလုပ်က အချိန်အား လူအားကို အလဟဿ ဖြုန်းတီးနေရာ ရောက်နေသည်။ အစ္စရေးမှာ ဇီယွန်ဝါဒီတွေ၊ နိုင်ငံရေးသမားတွေ မလိုအပ်။ အစ္စရေးမှာ လိုအပ်တာက စီးပွားရေးလုပ်ငန်းရှင်များဟု သူ့ကို ပြောခဲ့၏။ 'မက်ဗက်ဒ်' ၏ ဖခင်သည် ကာလီဖိုးနီးယားတွင် မျက်မှန်ပစ္စည်း စက်ရုံငယ် လေးတစ်ခုကို တည်ထောင်ထားသူ ဖြစ်၏။ 'မက်ဗက်ဒ်' က သူ့ဖခင်၏ ပစ္စည်းများကို အစ္စရေးတွင် ရောင်းချသည်။ သူ၏မျက်မှန်ဆိုင်ရာ အတတ် ပညာကို ကုမ္ပဏီတစ်ခုမှ တစ်ခုသို့ လှည့်လည်ပြသရောင်းချ၏။ နောက်ဆုံး တွင် အရင်းအနှီး တစ်စုံတစ်ရာရခဲ့၍ 'အစ္စရေးဆီခ်ပါတနာ' ဆိုသော စွန့် စားလုပ်ကိုင်သည့် လုပ်ငန်းတစ်ခုကို ထူထောင်ခဲ့၏။ သူ့ကြိုးပမ်းမှုကြောင့် တဖြည်းဖြည်း စီးပွားတက်လာကာ အရင်းအနှီးက ဒေါ်လာ သန်း ၂၀၀ ထိ ဖြစ်လာ၏။ ထို့ကြောင့် သူက အစ္စရေးကုမ္ပဏီ ၆၀ တွင် ထပ်၍ ရင်းနှီးမြှုပ်နှံ၏။ ၂၀၀၆ တွင် 'ဗရင်ဂို' ကုမ္ပဏီကို သီးခြားထောင်၏။ ဆဲလ်ဖုန်းများ၏ ဗီဒီယို သံစုံမြည်စနစ်ကို စတင်တီထွင်နိုင်ခဲ့ပြီး ဥရောပနှင့် တူရကီဈေးကွက်များသို့ ဖြန့်နိုင်ခဲ့၏။ သူက ရောက်လေရာရာအရပ်၊ တွေ့

သမ္မ လူတိုင်းကို အစွရေးစီးပွားရေးအကြောင်း တရစပ် ပြောတတ်၏။ နောက်ဆုံးတွင် သူက ကွန်ပျူတာတိုင်း၊ ဆဲလ်ဖုန်းတိုင်း၊ ဆေးပစ္စည်းတိုင်း၊ ဆေးတိုင်း၊ အင်တာနက်အခြေခံ၊ လူမှုရေး၊ ကွန်ယက်ပိုင်း၊ အစားအသောက်ပိုင်း၊ စူပါမားကက်မှ အရောင်းစာရင်းတိုင်းတွင် ထိလိုက်တို့လိုက်သည်နှင့် အစွရေးပုံရိပ်ပေါ်စေလိုသောဆန္ဒကို သူက လူတိုင်းကို ပြောခဲ့၏။

"ကျွန်တော်တို့ ထိတွေ့လိုက်တဲ့ အရာဝတ္ထုဟူသမျှရဲ့အတွင်းမှာ အစွရေးဆိုတာ ရှိရမယ်ဆိုတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ ထိတွေ့သမျှ ကုမ္ပဏီတိုင်းဟာ အစွရေးမှာ ရှိနေလို့ပဲ။ ဟုတ်တယ် မဟုတ်လား" ဟု သူက နေရာတကာ ပြောတတ်၏။

'မက်ဗက်ဒ်'၏ ရည်ရွယ်ချက်မှာ နိုင်ငံတိုင်းတွင် အစွရေး၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ နိုင်ငံခြားရေး ကိုယ်စားလှယ်များ ရှိနေရန် ဤသို့တီထွင်သင့်သည် ဟူ၍ဖြစ်၏။

'မက်ဗက်ဒ်'ကား မမောနိုင် မပန်းနိုင် မရပ်မနား လှုပ်ရှားနေဆဲဖြစ်၏။ သူသည် လွန်ခဲ့သော ၁၅ နှစ်လုံးလုံး တစ်နှစ်လျှင် အကြိမ်ငါးဆယ်မျှ သူ့ရည်ရွယ်ချက်ကို ဟောပြောနေသည်မှာ ယခု အကြိမ်ပေါင်း ၈၀၀ ကျော်ပြီ။ ကမ္ဘာတစ်ဝှန်း တက္ကသိုလ်တွေမှာ ဟောပြော၏။ နည်းပညာညီလာခံတွေမှာ ဟောပြော၏။ နိုင်ငံပေါင်း ၄၀ ကျော်တွင် ဟောခဲ့ပြောခဲ့ပြီးပြီ။ နိုင်ငံတကာ ဧည့်သည်တော်ကြီးများ အစွရေးသို့ လာလျှင်လည်း ဒါကိုပင် ပြော၏။

'ရက်ဒ်ဟာရင်း' မဂ္ဂဇင်း၏ စီအီးအိုဖြစ်သူ 'အလက်ဇ်ဗျူဓ်'ကမူ ဤသို့ မှတ်ချက်ပေး၏။

"ကမ္ဘာ့တိုက်ကြီးပေါင်းစုံက ဟိုင်းတက်ညီလာခံတွေ အများကြီးထဲမှာ မက်ဗက်ဒ်လို အစွရေးမျိုးတွေချည်းပဲ တစ်ချိန်လုံး တွေ့ခဲ့တယ်။ တခြားနိုင်ငံက သူတို့နဲ့ ဂုဏ်တူရည်တူပုဂ္ဂိုလ်တွေကျတော့ သူတို့ရဲ့ သီးခြားကုမ္ပဏီတွေအကြောင်းပဲ ဖောင်းပေး ပြောတတ်ကြတယ်။ အစွရေးတွေကျတော့ သူတို့နိုင်ငံအကြောင်းပဲ ဖောင်းပေးပြောတတ်ကြတာ ထူးခြားနေတယ်"။

❖

# အခန်း (လေး)
# ဟားဗတ်၊ ပရင့်စ်တန်နှင့် ယေးလ်

ဒီမှာ လူမှုရေးဂရပ်ဖ်က သိပ်ရှင်းတာပဲ။ လူတိုင်းက လူတိုင်းကို သိကြတယ်လေ။

***(ယိုဆီဗာဒီ)***

'ဒေးဗစ်အဖီးရ်'က ဂျေရုစလင်အိမ်တွင် သူ၏ လေယာဉ်မောင်းဝတ်စုံဖြင့် ကြိုဆိုနေပါသည်။ သူက စကားပြော ညင်သာ၏။ စဉ်းစဉ်းစားစား ပြောတတ်ပုံလည်း ရ၏။ ယူနီဖောင်းနှင့် သူ့ကိုကြည့်ရသည်မှာ တပ်မတော် အရာရှိထက် အမေရိကန် လစ်ဘရယ် အနုပညာကျောင်းသားတစ်ဦးနှင့် ပိုတူနေ၏။ ကမ္ဘာပေါ်တွင် အထူးချွန်ဆုံး လေယာဉ်မှူးများကို အစ္စရေး လေတပ်မတော်မှ မွေးထုတ်ပေးခဲ့ကြောင်း ဂုဏ်ယူစွာ သူက ပြောနေ၏။ နိုင်ငံတကာ ပြိုင်ပွဲပေါင်းများစွာတင်သာမက တိုက်ပွဲပေါင်းများစွာတွင်လည်း ထူးချွန်သော လေသူရဲများကို အစ္စရေးလေတပ်မတော်ကပင် လေ့ကျင့်သင်ကြားပေးခဲ့သည်ဟု ဆို၏။

ကမ္ဘာပေါ်က နိုင်ငံပေါင်းများစွာမှ ကျောင်းသူ၊ ကျောင်းသားများ အဖို့ မည်သည့်ကောလိပ် တက်ရမည်ကို ရွေးနေကြချိန်တွင် အစ္စရေးလူငယ်များအဖို့မူ မည်သည့်တပ်ဖွဲ့ဝင်လျှင် ပိုအကျိုးရှိမည်ကို စဉ်းစားနေကြ၏။ အခြားနိုင်ငံမှ ကျောင်းသားများက ကျောင်းကောင်းကောင်း ရှာနေကြချိန်တွင် အစ္စရေးတို့ကမူ အစ္စရေး ကာကွယ်ရေးတပ်မတော်တွင် တပ်သားသစ်အဖြစ် ဝင်ရောက်ရေးကို စိတ်အားထက်သန်နေကြ၏။

'အဖိုးရ်'က သူ အသက် ၁၂ နှစ်အရွယ်ကပင် အာရဗီဘာသာကို သင်ချင်စိတ်ရှိသည် ဆို၏။ သို့မှသာလျှင် သူ့ကို အကောင်းဆုံးထောက်လှမ်းရေးတပ်တွင် ဝင်ခွင့်ရမည်ကို သိ၍ဖြစ်၏။

အစ္စရေးလူငယ်တို့အဖို့ ၁၇ နှစ်သားရှိပြီဆိုလျှင် စဉ်းစားကြရပြီ။ ဘယ်သူက လေယာဉ်မောင်းသင်တန်းတက်မလဲ၊ ဘယ်သူ့ကိုဖြင့် ကွန်မန်ဒိုတပ်ထဲ သွင်းရမည်။ ဘယ်သူကတော့ဖြင့် ရေတပ်နဲ့ ပိုသင့်တော်တယ်။ ကျွန်တော်ကတော့ လေထီးခုန်မယ်။ ကျွန်တော်က ကြည်းတပ်မှာပဲ အမှုထမ်းမယ် စသဖြင့်။

တပ်ရင်း ၈၂၀၀ ကတော့ အထူးထောက်လှမ်းရေးတပ် ဖြစ်၏။ 'ရှဗတ်ရှခက်' တာဝန်ထမ်းဆောင်ခဲ့သောတပ်။ 'မန်ရန်'ဆိုသော တပ်ကမူ ကွန်ပျူတာတပ်ဖွဲ့ ဖြစ်၏။ 'တာလ်ပီယော့' ဆိုသော တပ်ကတော့ ကွန်မန်ဒိုစစ်ဆင်ရေးများနှင့် တွဲဖက်ဆင်နွှဲရသော နည်းပညာလေ့ကျင့်ရေးတပ် ဖြစ်သည်။

၁၇ နှစ်အရွယ်ရောက်လျှင် ယောကျ်ားလေးရော၊ မိန်းကလေးပါ အစ္စရေးကာကွယ်ရေးတပ်သို့ သတင်းပို့ရ၏။ အရည်အသွေးစစ်ဆေးရေး၊ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးရေး၊ ကျန်းမာရေးစစ်ဆေးရေးတို့ လုပ်ရ၏။ အင်တာဗျူး ထိုင်ရ၏။ အရည်အချင်းအလိုက် သူ့တပ်နှင့်သူ ခွဲပို့၏။

လေထီးတပ်ဆိုလျှင် တစ်နှစ်လျှင် သုံးကြိမ်စစ်ဆေး၏။ တပ်ဖွဲ့ဝင်သစ်များသည် ခန္ဓာကိုယ်ကြံ့ခိုင်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေးကို နှစ်ရက်စစ်၏။ ယှဉ်ပြိုင်အရွေးခံသူ လေးထောင်ကျော်ထဲမှ လေးရာလောက်ကိုပဲ ဆန်ကာတင် ရွေး၏။ ထိုတပ်သားသစ်လေးရာကို ငါးရက်ဆက်တိုက် ၁၁ ကြိမ် လေ့ကျင့်ပေး၏။ ခံနိုင်ရည်ရှိမှုများကို အထပ်ထပ် လေ့လာသည်။ ထိုငါးရက်လုံးလုံး နားချိန်နည်း၏။ စားချိန်နည်း၏။ နေ့နှင့် ည မကွဲ။ အိပ်ရေးလည်း ဝဝ မအိပ်ရ။ လက်ပတ်နာရီ၊ ဆဲလ်ဖုန်း ယူမလာရ။ ငါးရက် ကြိုက်သလိုစစ်ပြီး စိတ်ကြိုက်ရမှ တပ်သားသစ်ခန့်၏။

တပ်ခွဲတစ်ခုစီမှ ထိပ်ဆုံးဆင့် လက်ရွေးစင်တပ်သားနှစ်ဆယ်စီ ရွေးကာ လ ၂၀ ကြာ လေ့ကျင့်ရေးစခန်းသို့ ပို့၏။ သင်တန်းအောင်မြင်စွာ ဆင်းသူများထံမှ အမြဲတမ်းတပ်ဖွဲ့ဝင်နှင့် အရန်တပ်ဖွဲ့ဝင်များအဖြစ် ခန့်ထား၏။

ထိုတပ်ရင်းတပ်ဖွဲ့များသည် သူတို့၏ ဒုတိယမိသားစုဖြစ်သွားပြီး အရန်တပ်ဖွဲ့ဝင်များသည် အသက်လေးဆယ်အထိ စစ်မှုထမ်း၍ ရ၏။

အစ္စရေး ထိပ်တန်းတက္ကသိုလ်များ၏ အဆင့်မှာ ဟားဗတ်၊ ပရင့်စတန်နှင့် ယေးလ် တို့၏အဆင့်နှင့် အတူတူပင် ဖြစ်၏။ ထိုတက္ကသိုလ်များသို့ ဝင်ခွင့်ရရန် ခက်ခဲ၏။ အစ္စရေးကာကွယ်ရေးတပ်မတော်၏ အထူးတပ်ဖွဲ့ဝင်ရန်လည်း ထိုမျှနီးပါးပင် ခက်ခဲ၏။

"အစ္စရေးမှာ လူတစ်ယောက်ရဲ့ ပညာအရည်အချင်းတွေထက် သူ့ရဲ့စစ်မှုထမ်းအရည်အသွေးကို ပိုအရေးထားတယ်။ ဘယ်အလုပ် အင်တာဗျူးမဆို စ,မေးတာက မင်း ဘယ်တပ်မှ တာဝန်ထမ်းဆောင်ဖူးသလဲ ဆိုတာပါပဲ" ဟု အစ္စရေးထောက်လှမ်းရေးတပ်ဖွဲ့ဝင်ဟောင်း 'ဂီလ်ကပ်ဘ်စ်'က ပြော၏။

အထူးသဖြင့် တပ်ရင်း ၈၂၀၀ သည် အထူးထောက်လှမ်းရေးတပ်ဖြစ်၏။ ထိုတပ်မှ တပ်ထွက်များ စုပေါင်းကာ စစ်ပြန်စစ်မှုထမ်းအသင်းဖွဲ့ထားသည်။ သူတို့အသင်းက ယခင်က တိုက်ခဲ့ဖူးသော တိုက်ပွဲများ၊ စစ်မှုထမ်းကာလ အတွေ့အကြုံများကို အချိန်ဖြုန်း စားမြုံ့ပြန်ကြသည် မဟုတ်။ သူတို့က အနာဂတ် ဘာလုပ်ကြမလဲ ဆိုသည်ကိုသာ စုဝေးဆွေးနွေးကြခြင်း ဖြစ်၏။ သူတို့က စီးပွားရေးလုပ်စရာရှိတာများ ဆက်လုပ်ကြရန် တိုင်ပင်ကြ၏။ ၈၂၀၀ တပ်ရင်းမှ စစ်ပြန်များ တည်ထောင်သော စီးပွားရေးလုပ်ငန်းများသည် အတော်အောင်မြင်ကြ၏။

လေတပ်နှင့် ကွန်မန်ဒိုတပ်များ၏ တပ်ဖွဲ့ဝင်စိစစ်ရေးကလည်း နာမည်ကျော်၏။ သူကလည်း လက်ရွေးစင်များကိုသာ ခေါင်းခေါက်ရွေးကြခြင်း ဖြစ်၏။ နည်းပညာတပ်ဖြစ်သော 'တာလ်ပီးယော့'ကလည်း ထူးခြား၏။ 'တာလ်ပီးယော့' ဆိုသည်မှာ သမ္မာကျမ်းစာ၏ လက်ာပိုဒ်ထဲမှ ထုတ်နုတ်ထားသော အမည်နာမ ဖြစ်၏။ 'တာလ်ပီးယော့'တပ်သည် နည်းပညာဦးစားပေးတပ်ပီပီ လေ့ကျင့်ရေးကာလက ၄၁ လပင်ကြာ၏။ တပ်ထဲတွင် ၆ နှစ် အမှုထမ်းရမည်ဆိုသောအခါ သူတို့၏စစ်မှုထမ်းသက်သည် စုစုပေါင်း ၉ နှစ်မျှထိပင် ကြာတတ်၏။

ဤစီမံချက်ကို စိတ်ကူးပေါက်သူများမှာ ဟီးဘရူးတက္ကသိုလ် သိပ္ပံ

ပညာရှင်များဖြစ်ကြသော 'ဖိလိဒ်ဒိုသန်'နှင့် 'ရှောလ်ယက်ဒ်ဆိဗ်'တို့ဖြစ်၏။ သူတို့သည် ၁၉၇၃ ခုနှစ် 'ယွန်းကပူး'စစ်ပွဲတွင်းမှ အတွေ့အကြုံများကို အခြေတည်ကာ ဤစီတ်ကူးကို စခဲ့ကြခြင်း ဖြစ်၏။ ထိုစစ်ပွဲသည် ရက်တရက် အငိုက်မိကာ အလစ်အတိုက်ခံရသော စစ်ပွဲဖြစ်၍ အကျအဆုံးကများလှ၏။ ထို့ကြောင့် လူဦးရေနည်းပါးသော အစ္စရေးနိုင်ငံအဖို့ နည်းပညာကသူတကာထက် ခေါင်းတစ်လုံးသာနေမှဖြစ်မည်ကို သိလာသည်။ ထို့ကြောင့် ပါမောက္ခနှစ်ဦးသည် အစ္စရေးကာကွယ်ရေးတပ်မတော် စစ်ဦးစီးချုပ် 'ရာဖီးလ်(ရာဖူးလ်)အီတန်'ထံ ချဉ်းကပ်ကာ သူတို့အကြံအစည်ကို ပြောပြ၏။ အစ္စရေးလူငယ်များထဲမှ ပညာပါရမီထူးချွန်သော လက်တစ်ဆုပ်စာမျှကို ရွေးကာ အဆင့်မြင့်နည်းပညာသင်ပေးပြီး စစ်ရေးတွင် လက်ဦးမှု အရယူနိုင်ရန် အကြံဉာဏ်ဖြစ်၏။ ထိုစမ်းသပ်မှုကို ပထမ တစ်နှစ် စမ်းသပ်၏။ ယခုမူ ဆက်တိုက်လုပ်ကိုင်ခဲ့သည်မှာ နှစ်သုံးဆယ်ကြာပြီ။ နှစ်စဉ် အစ္စရေးအထက်တန်းကျောင်းသားများထဲမှ နှစ်ရာခိုင်နှုန်းရွေးချယ်ရာ ကျောင်းသား ၂၀၀၀ ခန့် ရ၏။ ၎င်းတို့ထဲမှ ပိုက်စိတ်တိုက်ရွေးရာ ဆယ်ဦးတွင် တစ်ဦးမျှ လက်ရွေးစင်ရ၏။ သူတို့ကို ရူပဗေဒနှင့် သင်္ချာ အထူးမွမ်းမံသင်ပေး၏။ နောက်ဆုံးရရှိသော ကျောင်းသား ၂၀၀ ကို နှစ်ရက်ကြာ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ထပ်စစ်၏။ အရွေးခံရသူများကို လက်ပွတိုက်ကာ လေ့ကျင့်မှုမျိုးစုံသင်ပေး၏။ လေထီးတပ်သားများနှင့်အတူ လေ့ကျင့်ရ၏။ တပ်မတော်အတွက် လိုအပ်သော နည်းပညာများကိုလည်း စာတွေ့၊ လက်တွေ့ သင်ရ၏။ ထို့နောက် သူတို့ကို အထူးစစ်ဆင်ရေးများတွင် ထည့်သွင်း အသုံးပြု၏။ သို့ဖြင့် စစ်ဆင်ရေး အထူးကျွမ်းသူများ၊ ပြဿနာဖြေရှင်းနိုင်သူများ ဖြစ်လာကြရန် မွေးမြူလေ့ကျင့်ပေး၏။ အချို့သူများကို စည်းရုံးရေးတာဝန်ပေး လေ့ကျင့်သည်။ အချို့က အကြမ်းဖက်သမား နှိမ်နင်းရေးအချို့ကို တိုက်ခိုက်ရေး စသဖြင့်။

အချို့ကိုတော့ တာဝန်အဆန်းပေးကာ စမ်းသပ်လေ့ကျင့်၏။ ဥပမာ- ရဟတ်ယာဉ်မောင်းသမားများသည် ရဟတ်ယာဉ်ပန်ကာ၏ တုန်ခါမှုကြောင့် ပြင်းထန်သော ခါးနာဝေဒနာကို ခံစားကြရ၏။ ထိုပြဿနာကို သူတို့အား သုတေသနလုပ်ပြီး အဖြေရှာခိုင်း၏။ လေယာဉ်မှူးကုလားထိုင်နောက်မှီတွင်

အပေါက်ဖောက်လိုက်၏။ ထိုအပေါက်မှ ကလောင်တံတစ်ခု ထည့်ကာ ပျံသန်းနေစဉ် အမြန်နှုန်းကင်မရာဖြင့် မှတ်တမ်းတင်စေ၏။ တုန်ခါနှုန်းများကို သိရသောအခါ ထိုင်ခုံနောက်မှီကို ပြန်ဒီဇိုင်းဆွဲခြင်းအားဖြင့် ခါးနာဝေဒနာကို သက်သာသောပုံစံတစ်ခု ထပ်မံထုတ်လုပ်ခဲ့၏။

သင်တန်းကာလ နှစ်နှစ်၊ သုံးနှစ် လေ့ကျင့်ပေးပြီးသောအခါ သူတို့သည် 'တာလ်ပီယန်း'များဟူသော ဘွဲ့ကို ရကြ၏။ ဤဘွဲ့သည် တပ်မတော်တွင်ရော အရပ်ဘက်တွင်ပါ ဂုဏ်သိက္ခာရှိသော ဘွဲ့ထူးဂုဏ်ထူးတစ်ရပ်ဖြစ်၏။

'တာလ်ပီးယော့' အစီအစဉ်တစ်ခုလုံးသည် 'မာဖတ်' ဆိုသော အစ္စရေး ကာကွယ်ရေးတပ်မတော်၏ သုတေသနနှင့် ဖွံ့ဖြိုးမှုဌာနလက်အောက်တွင် ရှိ၏။ ၎င်းဌာနသည် အမေရိကန်၏ 'ဒါပါ'ဌာနနှင့် ဆင်တူ၏။ 'ဒါပါ'သည် 'ကာကွယ်ရေးဖွံ့ဖြိုးမှု သုတေသနစီမံကိန်းအေဂျင်စီ' ဖြစ်၏။ 'မာဖတ်'က 'တာလ်ပီယန်း'များကို သက်ဆိုင်ရာတပ်ဖွဲ့များတွင် ၆ နှစ်တာ အမှုထမ်းရန် တာဝန်ပေး၏။ 'တာလ်ပီယန်း'များကို နှစ် ၃၀ အတွင်း ၆၅၀ ဦးမျှ မွေးထုတ်ပေးနိုင်ခဲ့၏။ ထိုသူတို့သည် အစ္စရေးထိပ်တန်း အအောင်မြင်ဆုံး စီးပွားရေးကုမ္ပဏီများတွင် အကြီးအကဲများ ဖြစ်လာကြ၏။ 'ဖော့ဘ်(စ်)' ကုမ္ပဏီ ၁၀၀ တွင် ၈၅ ခုက သုံးခဲ့ကြသော မော်နီတာစနစ်ကို 'တာလ်ပီ ယန်း' အုပ်စုကပင် တီထွင်ခဲ့ခြင်း ဖြစ်၏။ 'ကွန်ပျူဂ']ခေါ် အာနိသင်ထက်မြက်သော ဆေးပစ္စည်းလည်း သူတို့အုပ်စု၏ လက်ရာပင်ဖြစ်၏။ အစ္စရေး နည်းပညာကုမ္ပဏီ အများစုတွင် ခြေသည်းလက်သည်းဖြစ်သူ အများစုမှာ 'တာလ်ပီယန်း'များပင် ဖြစ်၏။

ဗြိတိသျှရေတပ်မှ အရာရှိဟောင်းဖြစ်ပြီး ယခု ဗြိတိသျှတယ်လီကွန်းတွင် ဒုတိယဥက္ကဋ္ဌဖြစ်နေသူ 'ဂယ်ရီရှိန်းဘတ်'က အစ္စရေးနိုင်ငံသို့ စီးပွားရေးကိစ္စဖြင့် အကြိမ်ကြိမ် လာရောက်ဖူးသည်။

"အစ္စရေးတွေရဲ့ တီထွင်မှုစွမ်းရည်နဲ့ပတ်သက်တဲ့ ဒီအင်အေက ရှင်းပြလို့ မရဘူး။ အခုဒီကိစ္စက အတော်ရင့်ကျက်မှုအဆင့် ရောက်လာပြီ။ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှ အမျိုးသားအကျိုးစီးပွားလည်း လုပ်၊ တစ်ချိန်တည်းမှာ နည်းပညာတီထွင်မှုလည်း လုပ်တဲ့လူဆိုတာ အစ္စရေးနိုင်ငံကလွဲလို့ မရှိကြဘူး" ဟု 'ရှာဘတ်'က ပြော၏။

၁၈ နှစ်အရွယ်တွင် အစ္စရေးလူငယ်များသည် တပ်မတော်တွင် အနည်းဆုံး နှစ်နှစ်မှ သုံးနှစ် အမှုထမ်းရ၏။ တပ်မတော်သို့ ဝင်ခွင့်မရသူ အချို့က တက္ကသိုလ်တက်ကြ၏။

"တက္ကသိုလ်တက်တဲ့သူထက် တပ်မတော်ထဲဝင်တဲ့သူ ရာခိုင်နှုန်းက ပိုများတယ်"ဟု 'ရှိန်းဘတ်'က ပြော၏။

"စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့ချုပ်' (အိုအီးစီဒီ) ၏ အစီရင်ခံစာအရ အစ္စရေးလူမျိုး ၄၅ ရာခိုင်နှုန်းသည် တက္ကသိုလ်ပညာတတ်များဖြစ်သည်ဟု သိရ၏။ ၎င်းရာခိုင်နှုန်းသည် ကမ္ဘာပေါ်တွင် အများဆုံးဖြစ်၏။ ဖွံ့ဖြိုးပြီးနိုင်ငံ ၆၀ တွင် တက္ကသိုလ်ပညာတတ် အများဆုံးနိုင်ငံစာရင်းတွင် အစ္စရေးက ဒုတိယလိုက်၏။ တက္ကသိုလ်ပညာရေးက ပြိုင်ဆိုင်မှုရှိသော စီးပွားရေးတွင် မည်မျှအရေးပါသနည်းဟူအချက်တွင် ဤအစ္စရေးပညာတတ်များ ကိစ္စက အဖြေတစ်ခုပေးနိုင်ခဲ့၏။

ကျောင်းသားများ ကောလိပ်တက်ပြီးသောအခါ သူတို့အသက်သည် နှစ်ဆယ်ပတ်ဝန်းကျင် ရှိကြပြီ။ အချို့က ဘွဲ့တွေဘာတွေ ရခဲ့ပြီးပြီ။ အများစုကလည်း အိမ်ထောင်ရက်သားကျကုန်ကြပြီ။

သူတို့က ပိုပြီး ရင့်ကျက်လာကြတယ်။ သူတို့က ဘဝအတွေ့အကြုံလည်း ရသင့်သလောက် ရကြပြီ။ ဒီမှာတင် စိတ်ကူးစိတ်သန်းတွေ ကွန့်မြူးလာကြပြီး တီထွင်ဖန်တီးမှုတွေ လုပ်ကြတာပဲ"ဟု 'ရှိန်းဘတ်'က ပြောသည်။

တီထွင်ဖန်တီးမှုသည် ကွဲပြားခြားနားသော အမြင်များရှိမှုပေါ်တွင် မူတည်၏။ အမြင်များသည် အတွေ့အကြုံမှ လာ၏။ အတွေ့အကြုံအစစ်သည် အသက်အရွယ် သို့မဟုတ် ရင့်ကျက်မှုပေါ်မှ လာပြန်၏။ သို့သော် အစ္စရေးတွင် သင်သည် အတွေ့အကြုံရများ ရှိမည်။ အမြင်ဗွမ်းအား ထက်မည်။ အသက် ငယ်ငယ်ရွယ်ရွယ်မှာပင် ရင့်ကျက်မှု ရှိကြမည်။ အစ္စရေးလူငယ်တို့သည် အထက်တန်းကျောင်း မပြီးခင်ကပင် တော်တော် အတွေ့အကြုံရနေကြပြီ။ ကောလိပ်ရောက်လျှင် သူတို့၏ဦးနှောက်က အမေရိကန် သက်တူရွယ်တူတွေထက် ပိုထက်မြက်နေကြသည်ကို တွေ့ရ၏။

"အစ္စရေးတွေက ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝအမြင် တော်တော်ရှိကြ

တယ်။ အဲဒီဟာ ဘာဖြစ်လို့လဲဆိုရင် သူတို့က စာသင်နောက်ကျတာလည်း ပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျတာလည်း ပါတယ်။ စစ်ရေး အတွေ့အကြုံရှိတာလည်း ပါတယ်။ ကျွန်တော်လည်း ဗြိတိသျှရေတပ်မှာ ငယ်ငယ်ရွယ်ရွယ်ကနေ ၁၈ နှစ်လုံးလုံး အမှုထမ်းဖူးတော့ ဒါမျိုးတွေ ခံစားမိတယ်။ စစ်တပ်ထဲမှာက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကြရတာ။ သက်စွန့်ဆံဖျားကိစ္စမှာ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ရတယ်။ တစ်ချက်မှား ရင် အသက်ပါပေးလိုက်ရမယ်။ စည်းကမ်းပိုင်းလည်း ခေါက်ရိုးကျိုးပြီး သား။ ဘာကို ဘယ်လိုလုပ်ရမယ်ဆိုတာလည်း သင်တန်းတွေမှာ လေ့ကျင့် ထားကြတယ်။ ရှေ့တန်းမှာ အဆုံးအဖြတ် ဘယ်လိုလုပ်ရမယ်ဆိုတာလည်း အတွေ့အကြုံတွေ ရှိပြီးသား။ ဒါကြောင့် ဒီလူတွေ စီးပွားရေးနယ်ရောက်လာ တဲ့အခါ အောင်မြင်တာပေါ့"

'ရှိန်းဘတ်'က ရှင်းပြသည်။ ရင့်ကျက်မှုသည် ကလေးဆန်သော သည်းမခံနိုင်မှုနှင့် ပေါင်းစပ်လိုက်သောအခါ အထူးသဖြင့် စွမ်းအားအလွန် တက်လာတတ်၏။

နိုင်ငံ စတင်တည်ထောင်ကာစမှစ၍ အစ္စရေးတို့သည် သူတို့၏ အနာဂတ်ကို အမြဲပူပင်ကြောင့်ကြခဲ့ကြ၏။ အမြဲပင် မေးခွန်းထုတ်ကာ အမြဲ ပင် အသင့်ပြင်ဆင်ထားကြတတ်၏။

အစ္စရေးစီးပွားရေး လုပ်ငန်းများစွာတွင် ရင်းနှီးမြှုပ်နှံထားသူ 'မတ်ဂါ ဆန်'က ပြောဖူးတာရှိ၏။

"အစ္စရေးအမျိုးသားတစ်ယောက်က အမျိုးသမီးတစ်ယောက်ကို ချိန်း တွေ့ချင်တယ်ဆိုရင် အဲဒီညပဲ ချက်ချင်းချိန်းတတ်တယ်။ အစ္စရေးစီးပွားရေး လုပ်ငန်းရှင်က အတွေးစိတ်ကူးတစ်ခုခုရရင် ရတဲ့ရက်သတ္တပတ်မှာပဲ စလုပ် တတ်တယ်။ သူတို့က အချိန်မဆွဲတတ်ကြဘူး။ အချိန်များများ ယူတာက အမှားနည်းကောင်း နည်းပေမယ့် အပြောင်းအလဲတော့ဖြင့် မဖြစ်နိုင်ဘူး"

အစ္စရေးကာကွယ်ရေးတပ်မတော်သည် အရန်တပ်ဖွဲ့များပေါ်တွင် အကြီးအကျယ် အားကိုးအားထားပြု၏။ သူတို့ကဲ့သို့သော နိုင်ငံငယ်လေး အဖို့ အမြဲတမ်း တပ်အကြီးကြီး ဖွဲ့ထားဖို့ကလည်း မဖြစ်နိုင်။ ထို့ကြောင့်

အရန်တပ်ဖွဲ့များသည် အမြဲပင် လေ့ကျင့်မှု မပြတ်လုပ်နေကြရ၏။ စီးပွားရေး တစ်ဖက်လုပ်လိုက်၊ စစ်ရေးလေ့ကျင့်လိုက်ဖြင့်။

"ဟားဗတ် စီးပွားရေးတက္ကသိုလ်ဆင်းတွေဟာ ငါးနှစ်တစ်ကြိမ် အတန်းသူ အတန်းသားတွေ ပြန်ဆုံတဲ့ပွဲကို ကျင်းပလေ့ရှိကြတယ်။ နှစ်ရက် လောက်ကြာအောင်ကို အတန်းဖော်တွေဆီ သွားလည်ကြ၊ အတူတူ ပြောကြ ဆိုကြ။ နောက်ထပ်တစ်ခု စဉ်းစားကြည့်ပါဦး။ နှစ်တိုင်း ပြန်လည်ဆုံတွေ့ပွဲ။ တစ်ခါလုပ်ရင် နှစ်ပတ်က လေးပတ်ထိ။ အဲဒါက ဘာလဲဆိုတော့ တပ်ထဲ မှာ သုံးနှစ် စစ်မှုထမ်းခဲ့တဲ့ တပ်ဖွဲ့ဝင်အချင်းချင်း တွေ့ဆုံကြတာလေ။ အချင်းချင်း ဝိုင်းဖွဲ့စကားပြောမယ့်အစား နယ်စပ်တစ်လျှောက် လုံခြုံရေးကင်း လှည့်ကြရတယ်။ အဲဒီသံယောဇဉ်ကမှ တစ်သက်တာဖြတ်မရတဲ့ သံယောဇဉ် တွေပဲ" ဟု အစ္စရေး ဟားဗတ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ 'တာလ်းကေး နန်း'က ပြော၏။

"အစ္စရေးကုမ္ပဏီတွေမှာက လစ်လပ်တဲ့အလုပ်တွေခေါ်တဲ့ ကြော်ငြာ မျိုးတွေ မသုံးတော့ဘူး။ လူမှုရေးဂရပ်ဖ်က ဒီမှာ သိပ်ကိုရှင်းတယ်။ လူတိုင်း က လူတိုင်းကို သိနေကြတယ်လေ။ လူတိုင်းလိုလို တပ်မတော်ထဲ ဝင်ဖူးကြ သူတွေချည်းပဲ။ လူတိုင်းရဲ့ညီတွေ၊ အစ်ကိုတွေနဲ့ လူတိုင်းသိကြတယ်။ လူတိုင်းရဲ့ မိခင်တွေဟာ သူတို့ကျောင်းက ဆရာမတွေ။ ဦးလေးက တပ်ရင်း တစ်ခုခုက တပ်ခွဲမှူး။ ဘယ်သူမှ ဖုံးကွယ်လို့ မရကြဘူး။ ထွင်းဖောက်သိမြင် မှု သိပ်ရှိတဲ့နိုင်ငံပဲ" ဟု 'ယိုစီဗာဒီ'က ပြော၏။ 'ယိုစီဗာဒီ'သည် အင် တာနက် အဦးအစကုမ္ပဏီပေါင်းများစွာ၏ အရှင်သခင် ဖြစ်၏။ ဝိုင်ယာကမ္ဘာ တွင် နက်ဝပ်လောကရဲ့ ချန်ပီယံတစ်ဆူလည်း ဖြစ်၏။

အစ္စရေးကာကွယ်ရေးတပ်မတော်သည် အကောင်းဆုံး အထူးချွန်ဆုံး သူများကို စိတ်ကြိုက်ရွေးခွင့်ရှိသော တပ်မတော်ဖြစ်သည်မှာ ထူးခြား၏။ ဤနေရာတွင် အမေရိကန်တပ်မတော်နှင့် မတူ။ အမေရိကန်၏ ဝက်စ်ပွိုင့် စစ်တက္ကသိုလ်တွင် တပ်သားသစ် နှစ်စဉ်ရွေးရာ၌ ပျမ်းမျှအမှတ်နှုန်းမှာ ၃.၅ ရှိ၏။ အများစုသည် အထက်တန်းကျောင်းတွင် အသင်းအဖွဲ့ခေါင်း ဆောင်ဖြစ်သူများ (၆၀ ရာခိုင်နှုန်း)၊ အထက်တန်းကျောင်း ကျောင်းသားဥက္ကဋ္ဌ များ (၁၄ ရာခိုင်နှုန်း) တို့မှ ရွေးချယ်ကြ၏။ ဝက်စ်ပွိုင့်စာရင်းတွင် နှစ်စဉ်

ကျောင်းသား ငါးသောင်းမျှ စာရင်းရှိကြပြီး ထိုအထဲမှ ၁၂၀၀၀ ကို ရွေးရ၏။ ငါးနှစ်သင်တန်းတက်ကြရပြီး ကုန်ကျစရိတ်မှာ တစ်ဦးလျှင် ဒေါ်လာတစ်သန်း၏ လေးပုံတစ်ပုံမျှ ပညာသင်စရိတ် နိုင်ငံတော်က ကျခံရ၏။

'ဗိုလ်မှူးကြီးဂျွန်လိုရီ'သည် မရိန်းခြေကျင်တပ်မှ အရာရှိတစ်ဦးဖြစ်၏။ သူသည် အထက်တန်းကျောင်းဆင်းပြီးနောက် မရိန်းတပ်ဖွဲ့ဝင်ခဲ့သည်မှာ အသက် ၂၅ နှစ်မျှထိ ကြာခဲ့၏။ သူက ဟားဗတ် စီးပွားရေးတက္ကသိုလ်မှ အမ်ဘီအေဘွဲ့ရ၏။ နောက်ပိုင်းတွင် 'ဟာလေဒေဗစ်ဆင်' ကုမ္ပဏီတွင် ထိပ်တန်း အရာရှိကြီးအဆင့်အဖြစ် တာဝန်ယူခဲ့၏။ စီးပွားရေးလောက မရောက်မီ သူသည် ပါရှင်းပင်လယ်ကွေ့စစ်ပွဲ၊ သဲကန္တာရမုန်တိုင်းစစ်ပွဲများတွင် တာဝန်ထမ်းဆောင် တိုက်ပွဲဝင်ခဲ့၏။ သူ့လက်အောက်တွင် မရိန်းတပ်သားတစ်ထောင် အုပ်ချုပ်ရ၏။ တစ်လလျှင် ရက်သတ္တနှစ်ပတ် ခရီးလှည့်လည် သွားရ၏။ 'ဟာလေ'စစ်ရုံးတွင် အလုပ်သမားတစ်ထောင်ကို အုပ်ချုပ်ရ၏။ နေ့ဘက်တွင် စီးပွားရေးအလုပ်လုပ်၊ ညဘက်တွင် မရိန်းများကို အီရတ်သို့သွားရန် လေ့ကျင့်ပေးရ၏။ သူက ထိုလောကနှစ်ခုကို တစ်ပြိုင်တည်း လုပ်ပေးရ၏။ သူက ဒါမျိုးသည် အစွရေးနိုင်ငံတွင်တော့ ရိုးနေပြီဟုဆို၏။

"တပ်မတော်က လူတစ်ယောက်ကို အသက်ငယ်ငယ်ရွယ်ရွယ်ကပဲ သူ့တပ်ထဲ သွပ်သွင်းခဲ့ပြီး သင်ပေးလိုက်တယ်။ သူက တစ်ခုခု တစ်နေရာရာမှာ ကြီးကြပ်ကွပ်ကဲရ၊ သူက အဖြစ်အပျက်ဖြစ်သမျှအတွက် တာဝန်ယူရမှာ ဖြစ်သလို မဖြစ်ပျက်သေးတာအတွက်လည်း တာဝန်ယူရမယ်ဆိုတာ သင်ပေးလိုက်တယ်။ တပ်မတော်မှာ "ဒါ ကျွန်တော့်အပြစ်မဟုတ်ဘူးနော်" ဆိုတဲ့ စကားအသုံးအနှုန်း လုံးဝမရှိဘူး။ ဘာမဆို ကိုယ်တာဝန်ယူရမှာချည်းပဲ" ဟု 'လိုရီ'က ရှင်းပြ၏။

"ဘယ်ကောလိပ်အတွေ့အကြုံ၊ ဘယ်စည်းမျဉ်းကမှ ခင်ဗျားတို့ကို ဒါမျိုးသင်မပေးနိုင်ဘူး" ဟု 'ပရင့်စတန်'ကောလိပ်မှ ဘွဲ့ရခဲ့သူ 'လိုရီ'က ပြော၏။

"ခင်ဗျားတို့ ဒီလိုဖိအားမျိုးအောက်မှာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ကြုံတွေ့နေရရင် အဲဒီအတွေ့အကြုံတွေဟာ ခင်ဗျားတို့ကို စစ်တုရင်ကစားတဲ့

အခါ သုံးလေးကွက် ကြိုမြင်နိုင်သလို ဘာလုပ်လုပ် ကြိုတွက် ကြိုမြင်လာတတ်တယ်။ ဒါက စစ်မြေပြင်တိုက်ပွဲမှာရော၊ စီးပွားရေးမှာရော အတူတူပဲ''

မရိန်းတပ်ဖွဲ့ထဲတွင် အမှုထမ်းခဲ့သူ 'လိုရီ'အတွက် သူ၏စစ်တပ်အတွေ့အကြုံများသည် အရာရာကို သင်ပေးလေ့ကျင့်ပေးသလို ဖြစ်ခဲ့၏။ လူမှုဆက်ဆံရေးတွင်လည်း တပ်မတော်သည် ကောလိပ်ထက် ပိုကောင်းသည်ဟု ဆို၏။

''ခင်ဗျားနဲ့တွဲလုပ်ရတဲ့ ရဲဘော်တွေက ဘဝမျိုးစုံ လူတန်းစားပေါင်းစုံက လာတာ။ အဲဒီလူတွေနဲ့ တပ်မတော်က ဖွဲ့စည်းထားတာပဲ။ ဘယ်ကလာတဲ့လူကိုမဆို ပေါင်းတတ်သင်းတတ်ဖို့ တပ်မတော်က သင်ပေးတယ်။ ကျွန်တော် စီးပွားရေးနယ်ပယ်ထဲရောက်တော့ ဖောက်သည်တွေ၊ လုပ်ငန်းရှင်တွေမျိုးစုံနဲ့ ဆက်ဆံနိုင်တာ အဲဒီအတွေ့အကြုံတွေကြောင့်ပဲ''

အစ္စရေး၏ စီးပွားကုန်သွယ်ယဉ်ကျေးမှုတွင် အစ္စရေးကာကွယ်ရေးတပ်မတော်၏ အခန်းကဏ္ဍသည် ထိုနည်းတူပင် ဖြစ်၏။ အစ္စရေးစီးပွားရေးလုပ်ငန်းရှင်တိုင်းသည် အစ္စရေးကာကွယ်ရေးတပ်မတော်၏ ဩဇာရိုက်ခတ်မှုမှ မည်သူမျှ မလွတ်ကင်းနိုင်ကြ။ 'ဆီလီကွန်တောင်ကြား'တွင် တပ်မတော်နောက်ခံရှိမည် မဟုတ်။ အမေရိကန် စီးပွားရေးလုပ်ငန်းများတွင်လည်း တပ်မတော်ဩဇာသက်ဝင်မှု မရှိ။

အမေရိကန် ကုမ္ပဏီများစွာတွင် သုံ့ပစ္စည်းများ ရောင်းချနေသူ အစ္စရေးစီးပွားရေးလုပ်ငန်းရှင် 'ဂျွန်မက်ဗက်'က ''အမေရိကန်တပ်မတော်အဖို့ ဆီလီကွန်တောင်ကြားက အလကားပဲ၊ ဘာမှအသုံးမကျဘူး။ ဒါက ရှက်စရာပဲ။ ဒါကြောင့် အီရတ်နဲ့ အာဖဂန်နစ္စတန်မှာ ခေါင်းဆောင်ပိုင်းရဲ့ အဆုံးအဖြတ်တွေ မှားယွင်းနေတာပေါ့။ အမေရိကစီးပွားရေးလောကက သူတို့ဘာလုပ်ရမှန်းကို မသိကြဘူး'' ဟု ဝေဖန်ခဲ့၏။

စီးပွားရေးနှင့် စစ်ရေးစတင်မှုကွာဟခြင်းသည် အမေရိကန်စစ်တပ်နှင့် အရပ်ဘက်တို့ ကွဲပြားခြားနားမှုကြောင့်ပင်ဖြစ်ကြောင်း ဝက်စ်ပွိုင့် စစ်တက္ကသိုလ်က လွန်ခဲ့သော ဆယ်နှစ်ကပင် ကြိုမြင်ခဲ့၏။ ၁၉၉၈ ခုနှစ် နွေရာသီရက်တစ်ရက်တွင် ဝက်စ်ပွိုင့်စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး 'ဗိုလ်ချုပ်ကြီး ဒယ်နီယယ်ခရစ်မန်'နှင့် ဝက်စ်ပွိုင့်တပ်မှူးကြီး 'ဗိုလ်ချုပ်ကြီး ဘာဘီဖိတ်'

တို့သည် နယူးဂျာစီပြည်နယ်တွင် ကားမောင်းလာရင်း လမ်းဘေး ခေတ်ဆီဆိုင်တွင် ခေတ်ဆီဖြည့်ကားအနီးရှိ 'ဒင်နီ' စားသောက်ဆိုင်တွင် အဆာပြေစားသောက်ရန် စားသောက်ဆိုင်သို့ ဝင်ခဲ့ကြ၏။ ဗိုလ်ချုပ်ကြီးနှစ်ဦးသည် တပ်မတော် ယူနီဖောင်းများ ကျကျနနဝတ်ကာ သူတို့၏ ရာထူး အဆင့်အတန်း ဖော်ပြရာ ကြယ်ပွင့်တွေကလည်း ပခုံးထက်တွင် လင်းလက်နေ၏။ သူတို့ကို စားသောက်ဆိုင်မှ တာဝန်ခံက ဆီးကြိုနှုတ်ဆက်ကာ ပြည်သူများအပန်းဖြေနားနေသော ပန်းခြံများကို ဂရုတစိုက် စီမံအုပ်ချုပ်ပေးသည့်အတွက် ကျေးဇူးအထူးတင်ကြောင်း ပြုံးပြုံးရွှင်ရွှင်ဖြင့် လာပြော၏။ တပ်မတော်ဗိုလ်ချုပ်နှင့် စည်ပင်သာယာအရာရှိ မှားပြီးပြောခြင်း ဖြစ်၏။ သာမန်ပြည်သူက တပ်မတော်ဗိုလ်ချုပ်ကိုပင် မသိနိုင်လောက်အောင် အဟပ်ကွာသည့်သဘောကို ပြခြင်းပင်ဖြစ်၏။

အမေရိကန်လူငယ်အများစုသည် တပ်မတော်နှင့် အစပ်အဟပ် သိပ်မရှိလှ။ စစ်ပွဲသစ် နှစ်ပွဲ ဆင်နွှဲပြီးသည့်နောက်တွင် ယနေ့အခါ အမေရိကန်လူမျိုး ၂၂၁ ဦးတွင် တစ်ဦး စစ်မှုထမ်းနေရဆဲ ဖြစ်၏။ ဒုတိယကမ္ဘာစစ်အပြီးတွင်မူ အမေရိကန် ၁၀ ဦးတွင် တစ်ဦး စစ်မှုထမ်းခဲ့ရ၏။ 'အကြီးဆုံးမျိုးဆက်' စာအုပ်ကိုရေးသူ စာရေးဆရာ 'တွမ်ဘရိုးဘာ'က ဒုတိယကမ္ဘာစစ်အပြီးတွင် စစ်မှုမထမ်းဖူးသောလူငယ်သည် စီးပွားရေးတွင် အလုပ်ကောင်းကောင်းရဖို့ မလွယ်ဟု ရေးခဲ့ဖူး၏။

၁၉၇၅ ခုနှစ် ဗီယက်နမ်စစ်အပြီးတွင် စစ်မှုမထမ်းမနေရ ဥပဒေမူကြမ်း ပြင်ဆင်ရေးဆွဲခဲ့ကြ၏။ ထိုအခါမှစ၍ ဆန့်ကျင်ဘက်ရာသီဥတုစတင် ပေါ်ပေါက်လာသည်။

''အရပ်သားယဉ်ကျေးမှုနဲ့ စစ်တပ်ယဉ်ကျေးမှုတို့က လက်ဆွဲနှုတ်ဆက်လိုက်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် တယ်လီဖုန်းနံပါတ်ခြင်းလဲလှယ်ပြီး ကိုယ့်လမ်းကိုယ် နှုတ်ဆက်ထွက်ခွာခဲ့ကြတယ်''ဟုပင် 'ဒေးဗစ်လတ်စကီး'က ရေးခဲ့၏။

'နာသယ်နီယယ်ဖစ်'သည် အာဖဂန်နစ္စတန်စစ်နှင့် အီရတ်စစ်အတွင်းတိုက်ပွဲဝင်ခဲ့သော မရိန်းတပ်မှ ဗိုလ်ကြီးတစ်ဦး ဖြစ်၏။ နောက်မှ 'ဟားဗတ်စီးပွားရေးတက္ကသိုလ်'နှင့် 'ကနေဒီအစိုးရတက္ကသိုလ်'သို့ တက်ခဲ့သူ ဖြစ်၏။

သူက 'အဝေးက ကျည်ဆန်တစ်တောင့်' ဆိုသော စာအုပ်ကို ရေးခဲ့၏။ သူက 'သုံးရပ်ကွက်တိုက်ပွဲ'ဟူသောအချက်ကို ရေးပြရာ၌ ''ကျွန်တော်တို့ မရိန်းတပ်ဖွဲ့ဟာ မြို့ရဲ့ရပ်ကွက်တစ်ခုမှာ အစောင့်တာဝန်ချထား၊ နောက် ရပ်ကွက်တစ်ခုမှာ ငြိမ်းချမ်းရေးထိန်းသိမ်းဖို့ ကင်းလှည့်၊ တစ်ချိန်တည်းမှာပဲ နောက်ရပ်ကွက်တစ်ခုမှာ မီးလောင်တာကို မီးသတ်။ တစ်ပြိုင်တည်း အလုပ် သုံးမျိုး လုပ်ခဲ့ရတယ်'' ဟု ဖော်ပြခဲ့၏။

အမေရိကာ၏ စစ်ပွဲသစ်ထဲမှ အရာရှိငယ်များသည် မြို့ငယ်လေး၏ မြို့တော်ဝန်၊ စီးပွားရေးပြန်လည်တည်ဆောက်မှုဆိုင်ရာ ဇာဘုရင်၊ သံတမန်၊ လူမျိုးရေးညှိနှိုင်းရေးသမား၊ ဒေါ်လာသန်းချီတန်သောပစ္စည်းများ စီမံခန့်ခွဲရေး မန်နေဂျာ၊ လုံခြုံရေးအရာရှိ စသည့် တာဝန်ပေါင်းစုံကို တစ်နေ့တည်း မျိုးစုံ ထမ်းဆောင်နေရ၏။

အစ္စရေးတပ်ဖွဲ့မှ အရာရှိများသည် ထိုသို့ပင် ဘက်စုံထောင့်စုံ တာဝန် ထမ်းဆောင်ရင်း ရင့်ကျက်လာကြရာ စီးပွားရေးလောကကို ရောက်သော အခါ အသင့်ပြင်ဆင်ပြီးသား ဖြစ်နေကြပြီ။

အမေရိကန်မရိန်းတပ်ဖွဲ့မှ 'ဗိုလ်ကြီးဘရိုင်ယင်တိုက်စ်'သည် တပ်မှ ထွက်ကာ စီးပွားရေးပြောင်းလုပ်ရန် ဆုံးဖြတ်ခဲ့၏။ ထိုအချိန်က သူ့အသက် သုံးဆယ်ရှိပြီ။ သူသည် ဟေတီ၊ အာဖဂန်နစ္စတန်နှင့် အီရတ်တို့တွင် စစ်မှု ထမ်းဖူး၏။ သူက 'စတန်းဖို့စ်'တက္ကသိုလ်သို့ တင်သွင်းရန် 'အမ်ဘီအေ ဘွဲ့ယူစာတန်း'ကို အီရတ်ပြည်မြောက်ပိုင်း 'အယ်လ်အာဆပ်လေတပ်စခန်း' တွင် ဗုံးတွေ တရစပ်ကျနေသည့်ကြား၊ မီးတစ်ဝက်တပျက် လောင်နေသော အဆောက်အအုံတစ်ခုအတွင်းတွင် သူ့လက်ပ်တော့ပ်နှင့်သူ အပြီးရေးခဲ့ရသူ ဖြစ်၏။ သူတို့တိုက်ပွဲများမှာ ညကြီးသန်းခေါင်တွင် ဖြစ်တတ်ရာ ရသည့် အချိန်တွင် သူက စာတန်းကို ရေးရ၏။ သူ့ပုန်များ၊ အယ်လ်ကေဒါများနှင့် သူသေကိုယ်သေ အပြင်းအထန် တိုက်ပွဲများကာလတွင် ဘွဲ့ယူစာတန်း ကလည်း တင်သွင်းရန် ရက်ချိန်းစေ့ကာနီးသဖြင့် အလုပ်နှစ်လုပ်ကို တစ်ပြိုင် တည်း လုပ်ခဲ့ရသည်ဆို၏။

'စတင်းဖို့စ်'တက္ကသိုလ်နှင့် သူရောက်နေသော အီရတ်စစ်မြေပြင်မှာ မိုင်ပေါင်းများစွာ ဝေး၏။ သို့သော် လူတွေ့အင်တာဗျူးကို တပ်လီဖုန်းမှ

တစ်ဆင့် မဖြစ်ဖြစ်အောင် သူဖြေ၏။ စနိုက်ပါ လက်ဖြောင့်တပ်သား၏ ရန်စွယ်၊ အချိန်မရွေး စီးနင်းတိုက်ခိုက်လာမည့် ရန်သူတို့၏ တိုက်စစ်ကြား၊ သဲကန္တာရလွင်တီးခေါင်အရပ်တွင် သူ အင်တာဗျူးဖြေခဲ့၏။ ဆူညံနေသော ရဟတ်ယာဉ်သံများ၊ အနီးအနားတွင် ပေါက်ကွဲနေသော ဗုံးဆန်ပေါက်ကွဲသံများကို ခွင့်လွှတ်နားဆင်ပါဟု သူ့ကို အင်တာဗျူးလုပ်သူအား တောင်းပန်ပြီး အင်တာဗျူးဖြေခဲ့၏။

အမေရိကန်တပ်မတော်အရာရှိများစွာသည် 'အမ်ဘီအေ'ကို မရအရ ဖြေကြ၏။ ၂၀၀၈ ခုနှစ်တွင် 'အမ်ဘီအေ' လျှောက်လွှာတင်သူထဲတွင် ၁၅,၂၅၉ သို့မဟုတ် ၆ ရာခိုင်နှုန်းမှာ စစ်တပ်အတွေ့အကြုံရှိသူများ ဖြစ်ကြ၏။ 'ဗာဂျီးနားယား ဒါဒင်စီးပွားရေးတက္ကသိုလ်'တွင် ၂၀၀၇ နှင့် ၂၀၀၈ တွင် လျှောက်ထားသူ စစ်ဘက်ဆိုင်ရာဦးရေမှာ ၆၂ ရာခိုင်နှုန်းရှိ၏။ ပထမနှစ် သင်တန်းသား ၂၀၀၈ ခုနှစ်တွင် ၃၃၃ ဦးရှိရာ ၎င်းတို့ထဲမှ ၄၀ သည် တပ်မတော်မှ ဖြစ်၏။ သူတို့ထဲမှ ၃၈ ဦးသည် အာဖဂန်နစ္စတန်နှင့် အီရတ်တို့တွင် စစ်မှုထမ်းဖူးကြသည်။

'ဂျီအမ်အေတီ' ခေါ် 'ဘွဲ့ရစီမံအုပ်ချုပ်မှုဝင်ခွင့်ကောင်စီ'က စာစစ်ဌာနခွဲများကို တပ်မတော်အခြေစိုက်စခန်းများတွင် ဖွင့်ပေးရန် စီစဉ်နေကြ၏။ ၂၀၀၈ တွင် တစ်ခုကို တက္ကဆက်စ်ပြည်နယ် 'ဖို့ထ်ဟွတ်ဒ်'တွင်လည်းကောင်း၊ တစ်ခုကို ဂျပန်နိုင်ငံ 'ယိုကိုတာလေတပ်စခန်း'တွင်လည်းကောင်း ဖွင့်မည်ဖြစ်၏။

အမေရိကန် စီးပွားရေးလုပ်ငန်းအများစုသည် တပ်မတော်ဝန်ထမ်းမှတ်တမ်း ကိုယ်ရေးရာဇဝင်ကိုပင် ဖတ်ရန် နားမလည်ကြကြောင်း 'ဂျွန်မက်ဗက်'က ရှင်းပြ၏။ စီးပွားရေးလုပ်ငန်းရှင်နှင့် စစ်ဘက်ဆိုင်ရာတို့ ကွာဟချက်ကို ကျဉ်းမြောင်းရန် အရေးကြီးသည် ဟုဆို၏။ အင်တာဗျူးများတွင် စစ်ဘက်ဆိုင်ရာခေါင်းဆောင်မှု အတွေ့အကြုံများကိုမေးရာ စစ်ပွဲဖုန်အတွင်း လူပေါင်းများစွာနှင့် ပစ္စည်းကိရိယာများကို ထိန်းသိမ်းအုပ်ချုပ်ပုံများကို တပ်မတော်အရာရှိဟောင်းများက ရှင်းပြကြသည်။ အင်တာဗျူးပြီးစီးသောအခါ အင်တာဗျူးမေးသူက တစ်ခုခု ထပ်မေးသည်။

"ပြောသွားတာအားလုံး စိတ်ဝင်စားစရာပါပဲ။ ဒါပေမဲ့ ခင်ဗျားဘာ တကယ်လုပ်ခဲ့တာလဲ"

အစ္စရေးတွင်တော့ ဆန့်ကျင်ဘက်ဖြစ်၏။ အစ္စရေးစီးပွားရေးလုပ်ငန်းများသည် ပုဂ္ဂလိကကဏ္ဍမှ အတွေ့အကြုံရှိသူများကို ရှာဖွေနေဆဲဖြစ်၏။ တပ်မတော်မှ ဝန်ထမ်းများသည် စီးပွားရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် လုပ်ကိုင်နိုင်စွမ်းရှိသည်ကို တွေ့ကြရ၏။

❖

## အခန်း (ငါး)
## အမိန့်နှင့် ပရမ်းပတာအခြေအနေကို တွေ့ဆုံကြသောနေရာ

သံသယနှင့် အငြင်းပွားမှု - ဤသည်မှာ ဂျူးလူမျိုးတို့၏ နိမိတ်လက္ခဏာပင် ဖြစ်၏။ ထို့ပြင် ၄င်းသည် ယနေ့ အစ္စရေး၏ နိမိတ်လက္ခဏာလည်း ဖြစ်၏။

***အမိုစ်အော့ဇ်***

ကမ္ဘာပေါ်တွင် စစ်မှုမထမ်းမနေရကာလကို ၁၈ လထက် ပိုကျော်၍ သတ်မှတ်ထားသော နိုင်ငံပေါင်း ၃၀ နီးပါးရှိ၏။ ထိုနိုင်ငံအများစုသည် ဖွံ့ဖြိုးဆဲနိုင်ငံများ သို့မဟုတ် ဒီမိုကရက်တစ်မဟုတ်သောနိုင်ငံများ သို့မဟုတ် နှစ်ခုလုံးဖြစ်တတ်သည်။ သို့သော် ပထမနိုင်ငံများကြားတွင် စစ်မှုထမ်းသက် ခပ်ကြာကြာ ပြဋ္ဌာန်းထားသော နိုင်ငံဟူ၍ သုံးနိုင်ငံသာ ရှိ၏။ အစ္စရေး၊ တောင်ကိုရီးယားနှင့် စင်ကာပူ တို့ဖြစ်ကြ၏။ ဤသည်မှာ အံ့သြစရာမရှိပါ။ ထိုသုံးနိုင်ငံစလုံးသည် ရှည်ကြာလှသော ခြိမ်းခြောက်မှုများကို ခံကြရ သို့မဟုတ် မိမိနိုင်ငံ ရှင်သန်ရေးအတွက် စစ်ပွဲများ တိုက်ပွဲဝင်ခဲ့ရသော နိုင်ငံများဖြစ်ကြ၍ပင်တည်း။

အစ္စရေးနိုင်ငံအတွက်မူ ရပ်တည်ရေးကို အခြိမ်းအခြောက်ခံရသည်မှာ အချုပ်အခြာနိုင်ငံ ဖြစ်မလာခင်ကပင် စတင်၏။ ၁၉၂၀ ခုနှစ်များမှစ၍ အာရပ်ကမ္ဘာသည် ပါလက်စတိုင်းတွင် ဂျူးအမျိုးသားနိုင်ငံတည်ထောင်ရေး

ကို ဆန့်ကျင်ခဲ့၏။ ထို့နောက် အစ္စရေးကို ချေမှုန်းရန် သို့မဟုတ် ချည့်နဲ့စေရန် မရေမတွက်နိုင်သော စစ်ပွဲများ ဆင်နွှဲတိုက်ခိုက်ခဲ့၏။ တောင်ကိုရီးယားသည်ကား မြောက်ကိုရီးယား၏ စဉ်ဆက်မပြတ် ခြိမ်းခြောက်မှုကို ခံနေရ၍ တောင်ကိုရီးယားမြို့တော် ဆိုးလ်မြို့မှ ရက်အနည်းငယ်အကွာတွင်ပင် ဧရာမ တပ်ကြီးချထားရ၏။ စင်ကာပူကမူ ဒုတိယကမ္ဘာစစ်အတွင်းတွင် ဂျပန်တို့၏ ကျူးကျော်ခြင်းခံခဲ့ရကာ နောက်ပိုင်းတွင် သူ လွတ်လပ်ရေးကြိုးပမ်းမှုကြောင့် ၁၉၆၅ တွင် လွတ်လပ်ရေးရခဲ့ကာ နောက်ပိုင်းကာလများတွင် နိုင်ငံရှင်သန်ရေးကို ဆက်လက် လုံးပန်းခဲ့ရ၏။

'စင်ကာပူအမျိုးသားတပ်' ပုံစံကို ၁၉၆၇ တွင် စတင်ခဲ့၏။ "ကျွန်တော်တို့အတွက် ကိုယ့်အရွယ်အစားနဲ့ကိုယ် ကိုက်ညီတဲ့ တပ်မတော်ကို ဖွဲ့ထားရမယ်။ နိုင်ငံငယ်ငယ် လူဦးရေခပ်နည်းနည်းဆိုတော့ ကိုယ့်တပ်နဲ့ကိုယ် စောင့်ရှောက်ဖို့ရာ တစ်နည်းတစ်လမ်းပဲ ရှိတယ်" ဟု ကာကွယ်ရေးဝန်ကြီး 'တီယိုချီဟင်း'က ပြော၏။ ဤသို့ဖြင့် စစ်မှုမထမ်းမနေရတပ်ကို ဖွဲ့စည်းခဲ့၏။

လွတ်လပ်ရေးရချိန်တွင် စင်ကာပူ၌ ခြေလျင်တပ်ဖွဲ့ နှစ်ဖွဲ့သာ ရှိ၏။ ၎င်းတို့ကို ဗြိတိသျှက အုပ်ချုပ်၏။ တပ်သားထဲမှ သုံးပုံနှစ်ပုံသည် စင်ကာပူ နိုင်ငံသား မဟုတ်ကြ။ မြို့တော်၏ ပထမဆုံးကာကွယ်ရေးဝန်ကြီး 'ဂိုဘင်ဆွီ' က ထိုင်းနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး 'မော်ဒေချိုကီဒရွန်'ကို ခေါ်တွေ့ခဲ့သည်။ သူတို့နှစ်ဦးသည် အာရှတွင် အလုပ်လုပ်ရင်း ခင်မင်ခဲ့ကြသူများ ဖြစ်ကြသည်။

"ဂိုက ကျွန်တော်တို့ကို ပြောတယ်။ အစ္စရေးလို မူစလင်နိုင်ငံတွေ ပတ်လည်ဝိုင်းနေတဲ့ နိုင်ငံငယ်လေးကသာ သူတို့ကို အစွမ်းထက်ပြီး သေးငယ်တဲ့ တပ်မတော်ဖွဲ့ပေးဖို့ ကူညီနိုင်မယ်တဲ့" ဟု 'ကီဒရွန်'က ပြော၏။

စင်ကာပူသည် နှစ်နှစ်အတွင်းတွင် လွတ်လပ်ရေး နှစ်ကြိမ်ရခဲ့၏။ ပထမတစ်ကြိမ်မှာ ၁၉၆၃ ခုနှစ်က ဗြိတိသျှတို့ထံမှ မလေးရှား၏ အစိတ်အပိုင်းအနေနှင့် ရခဲ့ခြင်း ဖြစ်၏။ ဒုတိယမှာ ၁၉၆၅ တွင် မလေးရှားတို့ထံမှ ခွဲထွက်ကာ လွတ်လပ်ရေးရခဲ့ခြင်း ဖြစ်၏။ စင်ကာပူ၏ လက်ရှိဝန်ကြီးချုပ် 'ဂိုချောက်တောင်'က သူ၏နိုင်ငံနှင့် မလေးရှားနိုင်ငံ ဆက်ဆံရေးမှာ တင်းမာ

ဆဲပင် ဖြစ်သည်ဟု ဆို၏။ "မသာယာတဲ့ အိမ်ထောင်ရေးနဲ့ မပြေတဲ့ အမျက်စောင်းစောင်းထွက်နေတဲ့ ကွာရှင်းမှု" ပုံစံမျိုးဟု သူက တင်စားပြောဆိုခဲ့၏။ စင်ကာပူနိုင်ငံသားများသည် အင်ဒိုနီးရှားနိုင်ငံမှ လက်နက်ကိုင် ကွန်မြူနစ် သူပုန်များ၏ ခြိမ်းခြောက်မှုရန်မှလည်း စိုးထိတ်နေကြရ၏။

'ဂို'၏ တောင်းခံမှုကြောင့် အစ္စရေးကာကွယ်ရေးတပ်မတော်က ဗိုလ်မှူးကြီး 'ယီဟူဒါဂိုလန်'ကို တာဝန်ပေးကာ စင်ကာပူတပ်မတော်အတွက် လက်စွဲကျမ်းနှစ်ကျမ်းကို ပြုစုစေခဲ့၏။ တစ်ကျမ်းက တိုက်ခိုက်ရေးမူဝါဒနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဖွဲ့စည်းပုံ ဖြစ်၏။ နောက်တစ်ခုကမူ ထောက်လှမ်းရေးဆိုင်ရာ လမ်းညွှန်ချက်များ ဖြစ်၏။ ထိုနောက်ပိုင်းတွင် အစ္စရေးကာကွယ်ရေးတပ်မတော်မှ အရာရှိ ၆ ဦးနှင့် သူတို့မိသားစုများသည် စင်ကာပူသို့ ပြောင်းရွှေ့နေထိုင်ကာ တပ်သားများကို လေ့ကျင့်ပေးပြီး မဝင်မနေရ စစ်မှုထမ်းကာလကို ဖော်ဆောင်ပေးခဲ့၏။

အမြဲတမ်းတပ်နှင့် စစ်မှုမထမ်းမနေရတပ်ဖွဲ့များအပြင် စင်ကာပူသည် အစ္စရေးပုံစံဖြစ်သော အရန်တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့၏။ ပုံမှန်စစ်သက်ပြည့်ပြီးသူ တပ်သားတိုင်းသည် အသက် ၃၃ နှစ် မတိုင်မီအတွင်း နှစ်စဉ်ရက်တို စစ်မှုထမ်းရ၏။

စင်ကာပူ၏ မျိုးဆက်သစ်များအတွက် အမျိုးသားစစ်မှုထမ်းခြင်းသည် ကာကွယ်ရေးတာဝန် ထပ်ပိုပါသည်။

"စင်ကာပူက လူတန်းစားအလွှာအသီးသီးဟာ နေပူပူ မိုးရွာရွာ ပခုံးခြင်းယှဉ်ပြီး လေ့ကျင့်ကြရမယ်။ တောင်ပေါ်ကို အတူတူပြေးတက်ကြ၊ တောထဲမှာ အတူတူအုပ်စုဖွဲ့ တိုက်ခိုက်ရေး လေ့ကျင့်ကြရမယ်။ ဒီလိုနဲ့ အတူတူနေ အတူတူတိုက်ပွဲလေ့ကျင့်ရင်း စင်ကာပူ သရုပ်သကန်ရဲ့ ဝိသေသလက္ခဏာကို ပုံဖော်ကြရမယ်" ဟု ဝန်ကြီးချုပ် 'ဂို'က တပ်မတော် ၂၅ နှစ်မြောက် အခမ်းအနားတွင် ပြောကြားခဲ့၏။

"ကျုပ်တို့အားလုံးဟာ နိုင်ငံတစ်ခုကို အဆင့်ဆင့် ပြောင်းလဲ ထူထောင်နေကြဆဲပဲ။ ကျုပ်တို့ရဲ့ ဘိုးဘေးတွေက တခြားနိုင်ငံက ဝင်ရောက်လာသူတွေပဲ။ လူတိုင်းဟာ တရုတ်ဖြစ်ဖြစ်၊ မလေးဖြစ်ဖြစ်၊ အိန္ဒိယဖြစ်ဖြစ်၊ ဥရောပအာရှကပြားဖြစ်ဖြစ် တပ်ထဲမှာတော့ အသွေးအရောင်က တစ်မျိုး

တည်းပဲ။ နေလောင်ထားတဲ့အသား ညိုမှောင်မှောင်တွေနဲ့လေ။ သူတို့ဟာ တစ်ထပ်တည်းမှာ တိုက်ပွဲဝင်ဖို့ လေ့ကျင့်ကြရင်း အချင်းချင်း ယုံကြည်မှုတွေ၊ လေးစားမှုတွေ၊ အားထားမှုတွေ တစ်ယောက်နဲ့တစ်ယောက် ရလာကြတယ်။ သူတို့အားလုံးဟာ စင်ကာပူနိုင်ငံကို ကာကွယ်ဖို့ရာ အကြောင်းရင်းပေါ်လာရင် အားကြိုးမာန်တက် တိုက်ပွဲဝင်ကြမယ့်သူတွေပဲ'' ဟု 'ဂို'က ဆက်ပြောခဲ့၏။

'စင်ကာပူ'နေရာတွင် 'အစ္စရေး'ဟူသော စာလုံးကို အစားထိုးလိုက်ပါက ဤမိန့်ခွန်းမျိုးကို 'ဒေးဗစ်ဘင်ဂူရီးယန်း'လည်း ပြောမှာအမှန်ပင်။

စင်ကာပူတပ်သည် အစ္စရေးကာကွယ်ရေးတပ်မတော်၏ နမူနာကို ယူ၍ တည်ထောင်ခဲ့သော်လည်း၊ အစ္စရေးစီးပွားရေးလုပ်ငန်းရှင်များစွာ၏ စမ်းသပ်ကွင်းသည် စင်ကာပူနိုင်ငံဖြစ်ခဲ့သော်လည်း၊ 'အာရှကျား'သည် အဘယ်ကြောင့် အဦးအစ တည်ဆောက်မှုတွင် ဥဒ္ဓမှ မကျွတ်ခဲ့တာလဲ။

ဤသည်မှာ စင်ကာပူ၏ တိုးတက်မှုသည် အထင်ကြီးစရာမဟုတ်ဟု မဆိုလိုပါ။ လူတစ်ဦးချင်း ဂျီဒီပီသည် စင်ကာပူတွင် အမေရိကန်ဒေါ်လာ ၃၅,၀၀၀ ရှိရာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးထဲမှ တစ်နိုင်ငံအပါအဝင် ဖြစ်၏။ ထို့ပြင် ဂျီဒီပီနှုန်းသည် နိုင်ငံ စတင်တည်ထောင်ကတည်းက တစ်နှစ်လျှင် ၈ ရာခိုင်နှုန်း တိုးတက်နေ၏။

စင်ကာပူဘဏ္ဍာရေးဝန်ကြီး 'သာမန်းရှန်မွန်ဂရက်တနန်'သည် အစ္စရေး စွန့်စားတီထွင် ရင်းနှီးမြှုပ်နှံသူ 'နာဗာဆဝါစကီးဆိုဖာ'နှင့် တွေ့ခဲ့၏။ 'နာဗာ'သည် ဟီးဘရူးတက္ကသိုလ်နည်းပညာကို ဖန်တီးပေးနေသူဖြစ်၏။ ထိုတက္ကသိုလ်ကုမ္ပဏီကို 'ယီဆွန်'ဟု ခေါ်၏။ ၎င်းသည် နည်းပညာ သုတေသနလုပ်ရာတွင် ကမ္ဘာ့ထိပ်တန်းအုပ်စု ၁၀ ခုတွင် တစ်ခုအပါအဝင် ဖြစ်၏။ 'ရှန်မွန်ဂရက်တန်'က မေးခွန်းတစ်ခု မေးလို၏။

''အစ္စရေးက ဘယ်လိုလုပ် အောင်မြင်နေတာလဲ''

သူက ဂျီ ၂၀ အစည်းအဝေးဝင်နေချိန် ဖြစ်၏။ အစည်းအဝေးပြီးရန် တစ်ရက်အလိုတွင် အစည်းအဝေးမှ လစ်ထွက်လာကာ အစ္စရေးသို့ လာခဲ့၏။

ယခုအခါတွင်ကား စင်ကာပူနိုင်ငံ ထူထောင်သူ ဖခင်ကြီး၊ ဝန်ကြီးချုပ်အဖြစ် နှစ်သုံးဆယ်တာဝန်ထမ်းဆောင်ခဲ့သူ 'လီကွမ်ယု' ကိုယ်တိုင်ကပင် သတိပေးစကားတွေ ထပ်ခါတလဲလဲ ပြောနေပြီ။

"စီးပွားရေးမှာ တီထွင်ဖန်တီးမှုအသစ်တွေလုပ်ဖို့ အချိန်ကျပြီ။ ကျွန်တော်တို့ အသစ်ကြိုးပမ်းမှုတွေ အများကြီးလုပ်ဖို့ လိုနေပြီ။ အသစ်ထူထောင်မှုတွေ အများကြီးလုပ်ဖို့ လိုအပ်နေပြီ"

ကိုရီးယားတွင်လည်း အလားတူ ခံစားမှုမျိုး ရှိနေ၏။ ကိုရီးယားသည်လည်း မဝင်မနေရ စစ်မှုထမ်းဥပဒေလည်း ရှိ၏။ ပြည်ပခြိမ်းခြောက်မှု အန္တရာယ်ကိုလည်း တစ်ချိန်လုံး ခံနေရသည့်နိုင်ငံ ဖြစ်၏။ သို့သော် သူသည်လည်း စင်ကာပူကဲ့သို့ပင် အစ္စရေးနိုင်ငံကဲ့သို့ စွန့်စားတီထွင်စီးပွားရေး မလုပ်ဖြစ်သေး။ ကိုရီးယားသည် နည်းပညာအရ ခေတ်နောက်ကျသောနိုင်ငံ မဟုတ်။ ကိုရီးယားတွင် ရင်းနှီးမြှုပ်နှံမှုများစွာလုပ်ထားသူ အစ္စရေးစီးပွားရေး လုပ်ငန်းရှင် 'အီရဲယ်လ်မာဂါလစ်'က ကိုရီးယားသည် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် မျိုးစေ့မှန်၊ မြေဩဇာကောင်းသော နိုင်ငံဖြစ်သည် ဟုဆိုခဲ့၏။ သို့သော် ကိုရီးယားသည် အစ္စရေးကဲ့သို့ ဘာကြောင့် စီးပွားရေးလုပ်ငန်းသစ်များစွာ မပြုလုပ်သေးတာလဲ။ ကိုရီးယားတွင် နည်းပညာ အခွင့်အလမ်းများစွာ တိုးတက်အောင်မြင် ဖြစ်ထွန်းနေပါလျက် ဘာကြောင့်အဦးအစ အသစ်တီထွင် စီးပွားရေးများ မလုပ်ပေးသနည်းဆိုသော မေးခွန်းကို 'လောရင့်ဟော့စ်'ကို မေးကြည့်၏။ သူသည် နည်းပညာနှင့် ယဉ်ကျေးမှုကို ဆက်စပ်ပေးတတ်သော ပညာရှင်ကြီးတစ်ဦး ဖြစ်၏။

"အင်တာနက်ပေါက်ကွဲမှုကလည်း ၂၀၀၀ ပြည့်နှစ်မှာဖြစ်၊ ရှုံးနိမ့်မှာလည်း ကြောက်ကြလို့ပါ။ ကိုရီးယားမှာက ရှုံးမှာကို သိပ်ကြောက်ကြတယ်။ ၂၀၀၀ ပြည့်နှစ်မတိုင်မီက စီးပွားရေးလုပ်ငန်းရှင် တော်တော်များများက စီးပွားရေးလုပ်ငန်းသစ်တွေ တော်တော်လုပ်လာကြတယ်။ စီးပွားရေးကပ်လည်းဆိုက်ရော လဲကျကွဲကြေနဲ့ အမာရွတ်တွေပဲ ကျန်ကြတယ်။ ကိုရီးယားဆိုတာ ဘယ်လောက်တီထွင်သလဲ၊ ရှေ့ကို ဘယ်လိုကြိုမြင်တတ်သလဲဆိုတာ လူတိုင်း သိပြီးသား။ အစ္စရေးကျတော့ ဒီလိုမဟုတ်ဘူး။ သူက ရှုံးနိမ့်မှုရဲ့ လူမှုရေးတန်ဖိုးကို ဂရုမစိုက်ဘူး။ သူတို့စီမံကိန်းကိုပဲ သူတို့ဖိလုပ်တယ်။ စီးပွားရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေ ဘာတစ်ခုမှ လှည့်မကြည့်တတ်ကြဘူး။ အဲဒါ ကွာခြားချက်ပဲ"

'ရိုက်ဆင်းဖီးလ်ဒ်'၏ အပြောကိုလည်း နားဆင်ကြည့်ပါဦး။

"ကျွန်တော်တို့က ရရာနဲ့ ဖြစ်နိုင်သမျှကို လက်တန်းလုပ်တတ်ဖို့ သင်ပေးထားတယ်။ ဥပမာ အပိုလို အာကာသယာဉ်ကိုကြည့်။ ဂျင်းနဲ့ခရပ်စ်နာဆာမှာ ဘာလုပ်ခဲ့သလဲဆိုတာကြည့်။ အစ္စရေးတပ်မှူးတွေက တိုက်ပွဲစစ်မြေပြင်မှာ ကျင့်သုံးသလို စီးပွားရေးနယ်မှာလည်း ဒီလိုပဲ ကျင့်သုံးခဲ့ကြတယ်"

အစ္စရေး တီထွင်မှုများသည် ဖြစ်ရိုးဖြစ်စဉ် ပုံစံဟောင်းများမှ ခွဲထွက်၏။ သင်ရိုးညွှန်းတမ်းထဲမှ ထိုးဖောက်၏။ အတွေ့အကြုံပေါ် မူတည်ပြီး ဆန်းသစ်တီထွင်မှုများ ရှိကြ၏။ 'ရိုက်ဆင်းဖီးလ်ဒ်'သည် ဟားဗတ်စီးပွားရေးတက္ကသိုလ်တက်နေစဉ် ဒုတိယနှစ်မှာပင် သူ့မိတ်ဆွေ အစ္စရေးကွန်မန်ဒိုတစ်ဦးနှင့်အတူ စီးပွားရေးလုပ်ငန်းသစ်တစ်ခု စွန့်စားလုပ်ကိုင်ခဲ့၏။ သူတို့နှစ်သီးသည် ဟားဗတ်၏ စီးပွားရေးစီမံကိန်းပြိုင်ပွဲတစ်ခုအတွက် စာတမ်းတင်ရာ အခြားအသင်း ၇၀ ကို ကျော်ပြီး ပထမရခဲ့၏။

ဟားဗတ်စီးပွားရေးတက္ကသိုလ်မှ ထိပ်ဆုံးအဆင့်မှ ဘွဲ့ရပြီးသောအခါ 'ရိုက်ဆင်းဖီးလ်ဒ်'သည် 'ဂူဂဲလ်'တွင် ဝင်လုပ်ကာ တဲလ်အဗစ်အခြေစိုက် 'အိုင်ဗျူး'ကို စတင်တီထွင်၏။ သူသည် အစ္စရေးတပ်မတော်ထဲတွင် ရှိစဉ်ကလည်း ထူးချွန်သော တပ်ဖွဲ့ဝင်အဖြစ် နာမည်ကျော်ခဲ့သူဖြစ်၏။

သူ ဟားဗတ်တက္ကသိုလ်တက်နေစဉ်တွင် 'အပိုလို-၁၃'နှင့် 'ကိုလံဘီယာအာကာသယာဉ်' ပြဿနာ နှိုင်းယှဉ်ချက်များကို လေ့လာ၏။ 'ကိုလံဘီယာ' ပျက်စီးရာတွင် ပထမဆုံး အစ္စရေးအာကာသယာဉ်မှူး 'ဗိုလ်မှူးကြီး အီလန်ရာမွန်'ပါ အသက်ဆုံးရှုံးခဲ့ရ၏။ သို့သော် 'ရာမွန်'သည် အစ္စရေးသူရဲကောင်းအဖြစ်ကား ကာလရှည်ကြာစွာ ဂုဏ်ပြုခံခဲ့ရ၏။ သူသည် ၁၉၈၁ လေတပ်တိုက်ပွဲတွင် အီရတ်၏ နျူကလီးယားစက်ရုံ 'အိုစီရက်'ကို ဗုံးကြဲဖျက်ဆီးနိုင်၍ ဂုဏ်ပြုခဲ့ကြခြင်း ဖြစ်၏။

ဟားဗတ်မှ ပါမောက္ခများဖြစ်ကြသော 'အေမီအက်ဒမွန်ဆန်'၊ 'မိုက်ကယ်ရိုဘတ်တို'နှင့် 'ရစ်ချက်ဘိုးမား'တို့သည် 'အပိုလို'နှင့် 'ကိုလံဘီယာ' ပြဿနာကို နှစ်နှစ်ကြာသုတေသန လုပ်ခဲ့ကြ၏။ သူတို့ အသေးစိတ်သုတေသနပြုမှုများကို 'ရိုက်ဆင်ဖီးလ်ဒ်'တို့ အတန်းတွင် ပြန်သင်ပေး၏။ ၎င်းတို့ကို လေ့လာပြီးသောအခါ 'ရိုက်ဆင်းဖီးလ်ဒ်'က ထိုပြဿနာနှင့် အစ္စရေးဆက်စပ်

မှုကို ကောက်ချက်ဆွဲပြ၏။ အစွရေး၏ တီထွင်မှုစီးပွားရေးကို ကောက်ချက် ဆွဲပြ၏။

၁၅-၄-၁၉၇၀ တွင် 'အပိုလို-၁၃'သည် လကမ္ဘာသို့ ခရီးနှင်စဉ် လေးပုံသုံးပုံ အကွာအဝေးသို့ ရောက်ခဲ့၏။ 'အပိုလို-၁၁'ဖြင့် 'နီးလ်အမ်း စထရောင်း'နှင့် 'ဘတ်စ်အောလ်ဒရင်'တို့သည် လပေါ်သို့ပင် ဆင်းခဲ့သည်မှာ တစ်နှစ်မပြည့်သေးမီကာလ ဖြစ်၏။ ယခုအခါ 'အပိုလို-၁၃' ခရီးနှင်လာ သည်မှာ နှစ်ရက်သာရှိသေး၏။ တစ်နာရီကို မိုင် ၂၀၀၀ နှုန်းသွားနေစဉ် မူလအောက်ဆီဂျင်တိုင်ကီက ပေါက်ကွဲထွက်ခဲ့၏။ ထိုစဉ် အာကာသယာဉ် မှူး 'ဂျွန်ဆွစ်ဂတ်'၏ ရေရွတ်လိုက်သောစကားသည် ယခုအခါ ကမ္ဘာကျော် ခဲ့ပြီ။

"ဟူစတန် ကျွန်တော်တို့တော့ ပြဿနာပေါ်ပြီ"

ပျံသန်းမှုညွှန်ကြားရေးမှူးမှာ 'ဂျင်းန်ကရန့်ဇ်'ဖြစ်၏။ သူသည် ဟူစတန်ရှိ 'ဂျွန်ဆင်အာကာသယာဉ်စခန်း'မှနေ၍ ကြီးကြပ်လုပ်ရှားနေသူ ဖြစ်၏။ သူသည် ရတ်တရက် ယိုယွင်းပျက်စီးလာမှု အစီရင်ခံစာများကို ဖတ်လိုက်ရ၏။ ပထမဆုံး သတင်းရသည်မှာ အာကာသယာဉ်မှူးများသည် အောက်ဆီဂျင် ၁၈ မိနစ်စာကျန်သေးသည် ဟူ၍ ဖြစ်၏။ မကြာခင်မှာပင် ၇ မိနစ်သာကျန်တော့သည်။ ၄ မိနစ်သာကျန်တော့သည် စသဖြင့် သတင်း က ဆိုးဆိုးလာ၏။ အခြေအနေတို့မှာ ထိန်း၍မရတော့။

နာဆာမှ ပုဂ္ဂိုလ်များစွာတို့နှင့် တိုင်ပင်ပြီးနောက် 'ကရန့်ဇ်'က အာကာသယာဉ်မှူးများကို ပိုမိုသေးငယ်သော လဆင်းယာဉ်ပေါ် ပြောင်းရွှေ့ ရန် ပြောလိုက်၏။ ၎င်းယာဉ်သည် အာကာသထဲတွင် ခေတ္တခဏမျှ သွား လာနိုင်ရန် အပိုလိုနှင့် ချိတ်ဆက်ထားသော ယာဉ်ဖြစ်၏။ ၎င်းတွဲဖက်ယာဉ် ထဲတွင် အောက်ဆီဂျင်အချို့နှင့် လျှပ်စစ်ဓာတ်အား သီးသန့်ရှိ၏။ 'လူ နှစ်ယောက် နှစ်ရက်စာမှနေ၍ လူသုံးယောက် လေးရက်စာဖြစ်အောင်' 'ကရန့်ဇ်'က နဂိုကတည်းက ပိုပိုသာသာ စီစဉ်ပေးထားသည်။

ဤအရေးပေါ်အစီအစဉ်များကို 'ကရန့်ဇ်'က နဂိုကတည်းကပင် အကြိမ်ကြိမ် အဖန်ဖန် ကြိုတင်လေ့ကျင့်ထားပြီး ဖြစ်၏။ ပြဿနာဖြစ်ပြီး သုံးရက်အကြာတွင် 'ကရန့်ဇ်'နှင့် သူ့လူများက 'အပိုလို'ကို ကမ္ဘာမြေသို့

ပြန်ခေါ်နိုင်ရေးစိတ်ကူးများကို အကောင်အထည် ဖော်နိုင်ကြ၏။ ထို့အတွက် 'နယူးယောက်တိုင်းမ်စ်' သတင်းစာခေါင်းကြီးပိုင်းတွင် ချီးကျူးရေးသားခြင်း ခံကြရ၏။

"နာဆာကွန်ယက်က သူ့ရဲ့ပါရဂူတွေဟာ အရေးပေါ်လက်တန်း အကူအညီကို ထူးခြားအံ့ဩဖွယ်ရာ လုပ်ပြနိုင်ခဲ့တယ်"

ဤဓာတ်လမ်းမှာ တကယ့်အံ့ဖွယ်သူရဲစွန့်စားခန်းတစ်ခု ဖြစ်၏။ သို့သော် 'ရိုက်ဆင်းဖီးလ်ဒ်'ကို မေးကြည့်၏။ "ဒါနဲ့ အစွရေးနဲ့ ဘာဆက်စပ်မှုရှိလို့လဲ"

သူက ၁-၂-၂၀၀၃ အဖြစ်အပျက်ကို ပြန်ရှင်းပြ၏။ 'ကိုလံဘီယာ' အာကာသယာဉ်၏ ၁၆ ရက်ခရီး။ ၎င်းသည် ပေါက်ကွဲကာ အစိတ်စိတ် အမွှာမွှာ ဖြစ်ခဲ့ရ၏။ ပစ္စည်းအစိတ်အပိုင်းအချို့သည် မြေပေါ်ပြန်ကျလာ၏။ ထိုအထဲမှ အစအနတစ်ခုသည် ၁.၆၇ ပေါင်လေး၏။ ပြင်ပလောင်စာဆီ တိုင်ကီမှ အစလေး။ ၎င်းသည် အာကာသယာဉ်တက်ခါစကပင် ကျိုးပဲ့ထွက်ခဲ့ခြင်းဖြစ်၏။ ၎င်းအစလေးသည် အာကာသလွန်းပျံယာဉ်၏ လက်ဝဲဘက် တောင်ပံထိပ်နားတွင် ကပ်ပါသွား၏။ ကြာတော့ ၎င်းအစလေးက လွန်းပျံယာဉ်တွင် အပေါက်ဖြစ်အောင် ဖောက်သွား၏။ ဤသို့ဖြင့် အလွန်အမင်းပူသော ဓာတ်ငွေ့များက တောင်ပံထဲ စိမ့်ဝင်ကုန်သည်။ စတင်ထွက်ခွာချိန်မှ နှစ်ပတ်အကြာတွင် အာကာသယာဉ် ပေါက်ကွဲသွားတော့၏။ ဒါကို အစကတည်းက မမြင်ကြ၊ မပြင်ကြဘူးလား။

တကယ်တော့ နာဆာမှ စက်မှုပညာရှင်များသည် ဗီဒီယိုမှတစ်ဆင့် ဤအပိုင်းအစလေး လွင့်ထွက်နေသည်ကို မြင်ခဲ့ကြ၏။ သူတို့က ချက်ချင်းပင် စီစစ်ကွပ်ကဲသူများကို အကြောင်းကြား၏။ သို့သော် သူတို့က ဒါလေးက ဘာမှကိစ္စမရှိဟု ပြောကြ၏။ ဘာမှမဖြစ်ဘူး ဆက်သာလုပ်ဟု ညွှန်ကြားကြ၏။ နောက်ပိုင်းတွင် စက်မှုပညာရှင်များက ထပ်သတိပေးသည်။ အာကာသယာဉ်မှူးများအနေဖြင့် ပြင်စရာရှိတာပြင်ပြီး မြေကမ္ဘာသို့ ပြန်လာကြရန်။ သို့သော် ထိပ်ပိုင်းပုဂ္ဂိုလ်များက သူတို့စကားကို နားမဝင်ကြ။ သို့ဖြင့် နောက်ဆုံးတွင် အသေးအဖွဲကြောင့် ပေါက်ကွဲပျက်စီးခြင်း ဖြစ်ခဲ့၏။

'ရိုက်ဆင်းဖီးလ်ဒ်'က ဤနမူနာကို ယူ၍ အစွရေးစီးပွားရေးလောက

ကို သုံးသပ်၏။ အသေးအဖွဲ့ကိုပင်ဖြစ်စေ ဂရုစိုက်ရန်။ အောက်ခြေမှတင်ပြသည်ကို အထက်က လေးစားရန်။

'ကိုလံဘီယာ မတော်တဆဖြစ်မှု စစ်ဆေးရေးဘုတ်အဖွဲ့ဝင်' တစ်ဦးဖြစ်သူ လေတပ်ဗိုလ်ချုပ်ဟောင်း 'ရှီလာဝုဒ်နယ်လ်'ကမူ "နာဆာက ကိုလံဘီယာကို လွှတ်တင်လိုက်တဲ့ပုံစံက ၇၄၇ လေယာဉ်ပျံကို ပျံတက်ခိုင်းလိုက် ပြန်ဆင်းခိုင်းလိုက်နဲ့ လုပ်နေတဲ့ပုံစံမျိုးပဲ"ဟု ဝေဖန်ခဲ့၏။

'ရိုက်ဆင်းဖီးလ်ဒ်'ကမူ အစ္စရေးတို့ စစ်တိုက်နည်းသည် 'စမ်းသပ်ရင်းတိုက်ခိုက်' ပုံစံမျိုးဖြစ်ပြီး အာကာသယာဉ် လွှတ်တင်သည့်ပုံစံနှင့် တူကြောင်း ပြော၏။ ၁၉၇၃ စစ်ပွဲတုန်းက 'ဆဂ္ဂါး'ဒုံးကျည်များကို ပြန်လည်ချေမှုန်းသည့်ပုံစံမျိုး ဖြစ်၏။ အစ္စရေးတပ်မတော်နှင့် အစ္စရေးစီးပွားရေး အဦးအစ လုပ်ပုံလုပ်နည်းများမှာ 'အပိုလိုပုံစံ'မျိုးပင် ဖြစ်သည်ဟု သူက တွက်ပြ၏။

အစ္စရေးတပ်မတော်တွင် 'ရှော့ရ်ဂါးဒိုးလ်' (ခေါင်းကြီးသူ)နှင့် 'ရှော့ရ်ကာတန်' (ခေါင်းသေးသူ) ဟူသော အသုံးအနှုန်းများရှိ၏။ 'ရှော့ရ်ဂါးဒိုးလ်' သည် အမိန့်ကိုနာခံရင်း အကောင်းဆုံး တာဝန်ထမ်းဆောင်၏။ အဆုံးအဖြတ်မိမိဘာသာမိမိ ချ၏။ လိုအပ်သောအားထုတ်မှုကို အားစိုက်လုပ်၏။ တစ်ခါတလေ အောင်မြင်မှုရရေးတွင် စည်းကမ်းထက် လက်တန်းလုပ်ဆောင်မှုပြုချင်ပြု၏။ အထက်လူကြီး၏အမိန့်ကို ကျော်၍ လုပ်ချင်လုပ်မည်။ စင်ကာပူတွင်ကား ဤပုံစံမျိုး မရှိ။

စင်ကာပူနိုင်ငံကိုကြည့်လျှင် အလွန် သန့်ရှင်းသပ်ရပ်သည်ကို တွေ့ရမည်။ ပန်းခြံများတွင် မြက်ခင်းများကို ညီညီညာညာ တိတိရိရိ ရိတ်ဖြတ်ထား၏။ လန်းဆန်းသော သစ်ပင်များသည် မိုးမျှော်တိုက်ကြီးများနှင့် ယှဉ်ပြီး ငွားငွားစွင့်စွင့် ရှိနေ၏။ နိုင်ငံတကာ စီးပွားရေးအဆောက်အဦများကို လမ်းထောင့်တိုင်း၌ တွေ့ရမည်။ လမ်းများသည် ပြောင်ရှင်းနေ၏။ အမှိုက်သရိုက်ဟူ၍ တစ်စတစ်မျှင်မျှပင် မတွေ့ရ။ စင်ကာပူနိုင်ငံသားများသည် ယဉ်ကျေးသိမ်မွေ့အောင် သင်ကြားလေ့ကျင့်ထားပုံရ၏။ လူကြားသူကြားတွင် ပီကေပင် မဝါးကြ၊ မစားကြ။ ဤကိစ္စမျိုးသည် စင်ကာပူတွင်သာ ရှိသည်။ အစ္စရေးတွင် ဒါမျိုးမတွေ့ရ။

အစ္စရေးလေသူရဲ 'ယူဗာလ်ဒိုကန်'သည် ဟားဗတ်စီးပွားရေး တက္ကသိုလ်မှ ဘွဲ့ရဖြစ်၏။ 'အပိုလိုနှင့် ကိုလံဘီယာ' အစီရင်ခံစာ ထွက်ပေါ်လာပြီးနောက် သူက "အစ္စရေးတပ်များတွင် နေ့စဉ်နေ့တိုင်းသည် စမ်းသပ်လေ့ကျင့်မှုများပင်ဖြစ်ကြောင်း၊ တစ်နေ့တာပြီးဆုံးသည့်ကာလတွင် တပ်သားပေါင်းစုံသည် ရာထူးအဆင့်မခွဲခြားဘဲ တစ်နေ့တာလှုပ်ရှားမှုများကို သုံးသပ်ရကြောင်း၊ ကမ္ဘာ့အရေးအခင်းများ ဆွေးနွေးကြကြောင်း၊ ဤဆွေးနွေးပွဲများသည် လေ့ကျင့်မှုများ၊ တိုက်ပွဲများကဲ့သို့ပင် အရေးပါကြောင်း" ပြောပြ၏။

"ဒီဆွေးနွေးပွဲတွေ သိပ်အရေးကြီးတယ်။ ဘယ်သူ့ကိုမဆို ဝေဖန်လို့ရတယ်။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးလည်း ပေးရတယ်။ ဒီအချိန်က မိနစ် ၉၀ ရှိတယ်။ လူတိုင်းပါဝင်ရတယ်။ တစ်ခါတလေ တစ်ယောက်နဲ့တစ်ယောက် ဝေဖန်ကြတာ သိပ်ကိုပြင်းထန်လွန်းတယ်။ တိုက်ပွဲမှာ သေချင်သေ၊ မသေရင် ဒီဆွေးနွေးပွဲတွေမှာလည်း မတ်တတ်က လဲသေသွားနိုင်တယ်"

"အစ္စရေးတပ်မှာက သူတစ်ပါးကို မညှာမတာ ဝေဖန်ဖို့ရော၊ ကိုယ့်ဘာသာကိုယ် ဝေဖန်ဖို့ရောကို ကောင်းကောင်းလေ့ကျင့်ပေးထားတယ်" ဟုလည်း 'အက်ဖ်-၁၆' တိုက်လေယာဉ်မှူး 'ဒိုကန်'က ပြောသည်။

"ခင်ဗျား အဝေဖန်ခံရရင် ကိုယ်ကြုံခဲ့ တွေ့ခဲ့ သင်ယူခဲ့သမျှတွေနဲ့သာ ပြန်ချေပတော့။ ဒီတစ်နည်းပဲ ခင်ဗျားမှာရှိတယ်။ ကိုယ်မဟုတ်ခဲ့တာကို အဲဒါမဟုတ်ရကြောင်းပါလို့ ငြင်းနေတဲ့သူဆီက ဘယ်သူမှ ပညာရမှာ မဟုတ်ဘူး" ဟု သူက ပြော၏။

ဤဆွေးနွေးပွဲများမှာ မိမိအမှားကို မိမိဝန်ခံရုံမျှသာ မဟုတ်ပါ။ အမှားကို လက်ခံနိုင်စွမ်းရှိမှု၊ ထိုအမှားကို အခွင့်အရေးအဖြစ် ခံယူကာ ပိုမိုကောင်းမွန်သော စွမ်းဆောင်မှုလုပ်ဖို့ ဖြစ်၏။ အစ္စရေးတပ်မတော်၏ စစ်ရေး အစဉ်အလာသည် 'အစဉ်အလာမရှိရေး' အစဉ်အလာပင် ဖြစ်၏။ တပ်မှူးများရော ရဲဘော်များပါ ယခင်က လုပ်ခဲ့ကိုင်ခဲ့ အောင်မြင်ခဲ့သော အတွေးအခေါ်၊ လုပ်ရပ်တို့အပေါ်တွင် အခြေတည်ပြီး ပြောကြ လုပ်ကြတာမျိုး မရှိ။

ဤအစဉ်အလာကို နိုင်ငံစတင်တည်ထောင်သော မျိုးဆက်ကပင်

စတင် ကျင့်သုံးလာပုံရ၏။ ၁၉၄၈ တွင် အစ္စရေးတပ်မတော်တွင် ဘာအစဉ်အလာမှ မရှိခဲ့။ လိုက်နာစောင့်ထိန်းအပ်သော လုပ်ထုံးလုပ်နည်း ကျင့်ဝတ်ဟူသည် မရှိ။ ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းလည်း မရှိ။ အစ္စရေးလွတ်လပ်ရေးမရမီ ဗြိတိသျှတပ်သည် ပါလက်စတိုင်းတွင်သာရှိရာ အစ္စရေးက စံနမူနာယူစရာ မရှိခဲ့။ စစ်ဘက်ဆိုင်ရာသမိုင်းပညာရှင် 'အက်ဒွပ်လုတာဝပ်'၏ အဆိုအရ အစ္စရေးသည် ကိုလိုနီခေတ် နောက်ပိုင်းစစ်တပ်များနှင့် မတူဟု ဆို၏။

"အစ္စရေးစစ်တပ်က မြေအောက် ပြည်သူ့စစ်ကနေ စစ်အတွင်းကာလမှာ ပေါက်ဖွားခဲ့ရတာကိုး။ တပ်သားအများစုဟာ သစ်သားသေနတ်နဲ့ပဲ ကြံ့ရာနေရာမှာ လေ့ကျင့်ခဲ့ကြရတာ။ ဒါကြောင့် သိပ်ပြီး စည်းစနစ်မကျခဲ့ဘူး" ဟု ပြော၏။

၁၉၄၈ တွင် လွတ်လပ်ရေးတိုက်ပွဲပြီးနောက်ကျမှ 'ဘင်ဂူးရီးယန်း' သည် ဗြိတိသျှလေ့ကျင့်ထားသော အရာရှိ 'ဟိမ်းလာစ်ကော့ဗ်'ကို အစ္စရေးကာကွယ်ရေးတပ်မတော်အား စိစစ်ခိုင်း၏။ 'လာစ်ကော့ဗ်'ကို စိတ်ကြိုက်လွတ်လပ်ခွင့်အပြည့်ပေးကာ စစ်တပ်ကို အောက်ခြေမှအစ ပြုပြင်ခိုင်း၏။

၁၉၆၇ ခြောက်ရက်စစ်ပွဲတွင် အောင်မြင်မှုရခဲ့ခြင်းသည် အစ္စရေးအတွက် အဆုံးအဖြတ်အရှိဆုံးဖြစ်ရပ် ဖြစ်၏။ ထိုစစ်ပွဲမတိုင်မီသည် အာရပ်နိုင်ငံများက သူတို့ပဲ အောင်ပွဲခံနိုင်မည်ဟု ကြွားလုံးထုတ်ကြ၏။

အစ္စရေးအတွက် နိုင်ငံတကာအကူအညီကလည်း မရှိ။ ထို့ကြောင့် ဂျူးနိုင်ငံ ပျက်သုဉ်းတော့မည့်အခြေစိုက်နေ၏။ သို့သော် အစ္စရေးက တိုက်ပွဲတွင် လက်ဦးမှုအရယူခဲ့၏။ အီဂျစ်လေတပ်တစ်ခုလုံးကို ချေမှုန်းနိုင်ခဲ့သည်။ တိုက်ပွဲပထမနေ့ အချိန်တိုတိုအတွင်းမှာပင် အောင်ပွဲရခဲ့၏။ အဆုံးတွင်ကား အာရပ်နိုင်ငံများသည် ရှေ့တန်းစခန်းမှနေ၍ တွန်းလှန်ခြင်းကို ခံလိုက်ကြရကာ နောက်ဆုတ်ပြေးကြရ၏။

မည်သို့ပင်ဆိုစေကာမူ မိမိကိုယ်မိမိ ဝေဖန်စိစစ်ရေးကား အလုပ်ခံရ၏။ အစ္စရေးကာကွယ်ရေး တပ်မတော်တစ်ခုလုံးတွင် ပြင်းပြင်းထန်ထန်လုပ်ကြကာ အရာရှိကြီး အတော်များများသည် စစ်ပွဲအောင်မြင်သော်လည်း အလုပ်တာဝန်မှ ရပ်စဲခြင်းခံကြရ၏။

ဤသည်မှာ အံ့ဩစရာမဟုတ်ပါ။ နောက်ထပ်ပို၍ ရှုပ်ထွေးပြင်းထန်သော စစ်ပွဲဖြစ်သည့် ၁၉၇၃ 'ယွန်းကပူး' စစ်ပွဲတွင်လည်းကောင်း၊ ၁၉၈၂ လက်ဘနွန်စစ်ပွဲတွင်လည်းကောင်း အစ္စရေးတို့သည် အနိုင်ရခဲ့သော်လည်း ပြည်သူ့စုံစမ်းရေးကော်မရှင်များဖွဲ့ကာ နိုင်ငံ၏ စစ်ရေးဆိုင်ရာ၊ အရပ်ဘက်ဆိုင်ရာ ခေါင်းဆောင်များကို ဝေဖန်စိစစ်မှုများ ပြုလုပ်ခဲ့ကြ၏။

"အမေရိကန်တပ်မတော်မှာ စစ်ဆင်ရေးတစ်ခုပြီးရင် ဝေဖန်သုံးသပ်တာမျိုးကို တပ်ထဲမှာပဲ လုပ်လေ့ရှိတယ်။ လုံးဝဥသုံတပ်တွင်းမှာပဲ လုပ်တာ။ အစ္စရေးလိုနိုင်ငံမျိုးကျတော့ တစ်နိုင်ငံလုံးကကို လူသိရှင်ကြားဝေဖန်စိစစ်မှုတွေ လုပ်ကြတယ်"ဟု စစ်သမိုင်းပညာရှင်လည်းဖြစ်၊ အမေရိကန်ထိပ်တန်းအရာရှိကြီးတစ်ဦးလည်းဖြစ်သူ 'အဲလီယော့ကိုဟင်'က ပြောခဲ့၏။

အမေရိကန်တပ်မတော်မှ ဗိုလ်မှူးကြီး 'ပေါလ်ယင်လင်း'၏ သုံးသပ်ချက်တစ်ခုမှာ အတော်စိတ်ဝင်စားစရာကောင်း၏။

"ကျွန်တော်တို့ဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်အတွင်း အလယ်အလတ်အရွယ်အစား နိုင်ငံနှစ်ခု တည်ငြိမ်မှုရှိရေးအတွက် ကြိုးပမ်းခဲ့ရာမှာ ဒေါ်လာဘီလျံ ရာပေါင်းများစွာနဲ့ အသက်ပေါင်းထောင်ချီ ဆုံးရှုံးခဲ့တယ်" ဟု ဗာဂျီးနီးယားပြည်နယ် 'ကွမ်တီကို' မရိန်းအခြေစိုက်စခန်းတွင် ဟောပြောရာ၌ ပြောခဲ့၏။ ၂၀၀၇ ခုနှစ်တွင် စာတမ်းတစ်စောင် သူရေးရာ၌ "တစ်ခုခက်နေတာက တိုက်ပွဲမှာ ရိုင်ဖယ်တစ်လက်ပျောက်ခဲ့တဲ့ တပ်သားတစ်ယောက်ကို နောက်ဆက်တွဲအရေးယူတာက စစ်ပွဲတစ်ပွဲကို ရှုံးနိမ့်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးတစ်ယောက်ကို အရေးယူတာထက် ပိုနေတာပဲ" ဟု ဖော်ပြခဲ့၏။

အစ္စရေးနိုင်ငံ၏ ကော်မရှင်များကား အလွန်အစွမ်းထက်၏။ ၁၉၄၈ အစ္စရေးလွတ်လပ်ရေးတိုက်ပွဲတွင် အစိုးရက နိုင်ငံရေးလောကမှ ခေါင်းဆောင်များကို ကော်မရှင်ဖွဲ့ကာ စစ်ဖြစ်နေစဉ်တွင်ပင် တာဝန်ပေးခဲ့၏။ ကော်မရှင်သည် စစ်ပွဲအတွင်း အစိုးရနှင့် တပ်မတော်အပေါ် မကျေမနပ်ဒေါသဖြစ်နေကြ၏။ တပ်မတော်အရာရှိကြီးများ၏ တိုင်ကြားချက်များကို နားထောင်ခဲ့၏။ စစ်တိုက်နေစဉ်ကာလတွင် ကော်မရှင်ဖွဲ့စိစစ်ခြင်းသည် အတော်ဆန်းသောကိစ္စဖြစ်၏။ အစ္စရေးနိုင်ငံအဖို့ ဝေဖန်ရေးသည် တိုက်ပွဲဝင်သကဲ့သို့ပင် တန်းတူရည်တူ အရေးပါသည်ဟု ခံယူထားသောကြောင့်ဖြစ်၏။

၂၀၀၆ လက်ဘနွန်စစ်ကို ဥပမာကြည့်နိုင်၏။ အဦးအစကမူ ဟစ်ဇ်ဘိုလာတို့ကို တိုက်ခိုက်တုံ့ပြန်ရန် အစိုးရဆုံးဖြတ်ချက်ကို ပြည်သူတစ်ရပ်လုံးက တစ်ခဲနက်ထောက်ခံကြ၏။ အစ္စရေးနိုင်ငံမြောက်ပိုင်းတွင် နေထိုင်သော အရပ်သားများပင် ဒုံးကျည်နှင့် အပစ်ခံရရာ အစ္စရေးလူမျိုး ၇ ဦးအနက် တစ်ဦးက စစ်အတွင်းဒေသမှ ထွက်ပြေးရသည်အထိ အခြေအနေ ဆိုးခဲ့၏။ နောက်ပိုင်းတွင် အစ္စရေးနိုင်ငံ၏ အခြားအရပ်ဒေသများတွင်ပါ ဒုံးကျည်ဒဏ်ခံရရာ ပြည်သူတို့၏ ဆန့်ကျင်မှုက ပိုလာ၏။ ဟစ်ဇ်ဘိုလာပြောက်ကျားများကို အပြီးတိုင် ချေမှုန်းရန်အထိပင် ပြည်သူက လိုလားကြ၏။

သို့သော် ၂၀၀၆ တွင် အစ္စရေးသည် ဟစ်ဇ်ဘိုလာကို အပြီးတိုင် မချေမှုန်းနိုင်ခဲ့။ လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာအခြေအနေကိုလည်း လျော့ပါးအောင် မလုပ်နိုင်ခဲ့။ ထိုအခါ ပြည်သူက မကျေနပ်တော့။ ကာကွယ်ရေးဝန်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်နှင့် ဝန်ကြီးချုပ်ကို ရာထူးမှထွက်ပေးရန် တောင်းဆိုကြ၏။ တပ်ဖွဲ့ ၆ ဖွဲ့ (တပ်သား ၆၀၀၀ ပါဝင်)သည် ဟစ်ဇ်ဘိုလာတို့နှင့် မျက်နှာချင်းဆိုင် တိုက်ကြရာ ဟစ်ဇ်ဘိုလာ ၄၀၀ ကျော် ကျဆုံးပြီး မိမိဘက်မှ ၃၀ သာ ကျဆုံးခဲ့၏။ သို့သော် အစ္စရေး၏ မဟာဗျူဟာနှင့် လေ့ကျင့်မှုသည် အရှုံးနှင့် ရင်ဆိုင်ရသည်ဟု သတ်မှတ်ကြ၏။

အငြိမ်းစားဗိုလ်ချုပ်ကြီး 'ဂျီအိုရာအီလန်'က အောက်ပါအတိုင်း သုံးသပ်ပြ၏။

"တိုက်ခိုက်ရေးတပ်တွေရဲ့ လုပ်ဆောင်မှုက ညံ့တယ်။ အထူးသဖြင့် မြေပြင်တိုက်ခိုက်မှုတွေမှာပဲ။ ထိပ်ပိုင်းအရာရှိတွေရဲ့ အမိန့်ပေးမှုကလည်း အားနည်းတယ်။ ထိန်းချုပ်တာ၊ အမိန့်ပေးတာ ညံ့တယ်။ စံနှုန်းရွေးချယ်တာကကို မကောင်းဘူး။ အစဉ်အလာ တန်ဖိုးသတ်မှတ်တာကိုက မှားတယ်။ အတွေးအခေါ်ဟောင်းတွေအပေါ် ဖက်တွယ်လွန်းတယ်။ လွတ်လွတ်လပ်လပ်တွေးခေါ်ဆုံးဖြတ်တတ်ဖို့ လိုတယ်"

တစ်နည်းအားဖြင့် ပြောရလျှင် အစ္စရေးသည် စည်းရုံးမှုလည်း အားနည်း၊ ကြိုတင်ပြင်ဆင်မှုလည်း အားနည်းသည်ဟု မှတ်ချက်ချကြ၏။

"ရဲဘော်တွေမှာလည်း စစ်ပွဲရဲ့ ကံကြမ္မာဟာ ငါတို့ပခုံးပေါ်မှာ ရှိတယ်လို့ မခံယူကြဘူး။ တပ်မှူးတွေကလည်း နည်းပညာကို သိပ်အားကိုးလွန်းတယ်"ဟု 'အီလန်'က ဝေဖန်ခဲ့၏။

"ဒီ ဒုတိယလက်ဘာနှစ်စစ်ရဲ့ ပြဿနာတွေထဲကတစ်ခုက အဆင့်မြင့်အရာရှိကြီးတွေဟာ စစ်ဦးစီးချုပ်ရဲ့ အဆုံးအဖြတ်အပေါ် အမှီသဟဲ သိပ်ပြုနေခြင်းပဲ။ အဆုံးအဖြတ်တစ်ခုရပြီးတာနဲ့ အဲဒါကိုပဲ အသေအကျေ အကောင်အထည်ဖော်ကြတာပဲ။ တကယ်တော့ အရာရှိကြီးတွေရဲ့အလုပ်က စစ်ဦးစီးချုပ်နဲ့ ငြင်းရ ခုံရမယ်။ စစ်ဦးစီးချုပ်မှားတယ်ထင်ရင် ပြန်ပြင်ရဲရမယ်။ လက်တွေ့အခြေအနေပေါ်မှာ မူတည်ပြီး မှန်မှန်ကန်ကန်သုံးသပ်ဖို့ အရေးကြီးတယ်" ဟု သူက ထပ်ပြောသည်။

"တကယ်တော့ အောက်ခြေဝန်ထမ်းအရာရှိငယ်တွေက လက်ရှိ လုံခြုံရေးဆိုင်ရာ စစ်ဆင်ရေးတွေကို စီစဉ်မယ်၊ ဦးဆောင်မယ်။ အထက်က ထိန်းချုပ်မှုကို သိပ်မခံယူဘဲ ကိုယ့်အခြေအနေနဲ့ကိုယ် တိုက်ပွဲကို ကြည့်ရှု သုံးသပ်ဆင်နွှဲသွားသင့်တယ်။ ဒါဆိုရင် မှန်မလား၊ ဖြစ်နိုင်မလား" ဗိုလ်ချုပ် အီလန်က မေးခွန်းပင် ပြန်ထုတ်ထား၏။

၂၀၀၆ စစ်ပွဲသည် အစ္စရေးကာကွယ်ရေးတပ်မတော်အဖို့ အတော် စိန်ခေါ်မှုခံရသော တိုက်ပွဲဖြစ်၏။ သုံးသပ်ပြုပြင်မှုတွေ အများကြီးလုပ်ရ၏။ ကွန်မန်ဒိုပုံစံစစ်ဆင်ရေးကို ပြန်လည်ဦးစားပေး ချမှတ်ရ၏။ အထူးသဖြင့် အကြမ်းဖက်သမားများကို တိုက်ခိုက်ရာတွင် တိုက်ခိုက်နည်းပုံစံ ပြောင်းရ၏။

စင်ကာပူနှင့် အစ္စရေးကား အတော်ခြားနား၏။ အစ္စရေးနှင့် တပ်မ တော်ဖွဲ့စည်းရာလည်း မတူ။ စီးပွားရေးစွန့်စားမှုလည်း အစ္စရေးနှင့် မတူ။ စင်ကာပူက ယဉ်ကျေး၏၊ စည်းကမ်းရှိ၏၊ သန့်ရှင်းသပ်ရပ်၏။ တစ်ပါတီ စနစ်၏ အုပ်ချုပ်ရေးအောက်တွင် ရှိ၏။ ထို့ကြောင့် စီးပွားရေးတွင် အသွင် ပြောင်းလဲမှု သိပ်မရှိ။

စီးပွားရေးပညာရှင် ဂိုဏ်းသစ်အရမူ စီးပွားရေးဦးဆောင်လုပ်ကိုင်သူ များအတွက် အသွင်ပြောင်းလဲရေးဆိုသည်မှာ ဝိသေသလက္ခဏာတစ်ရပ် ဖြစ်နေ၏။ ထိုပုံစံအရ အကန့်အသတ် နယ်နိမိတ်ဘောင်များကို ကျော်ဖြတ် ခြင်း၊ လူမှုရေးစံနှုန်းများကို ပြောင်းပြန်လှန်ပစ်ခြင်း၊ လွတ်လပ်သော ဈေးကွက် စီးပွားရေးကို လှုံ့ဆော်ခြင်း၊ အတွေးအခေါ်ဟောင်းများကို အမြစ်လှန်ခြင်း တို့ ရှိတတ်၏။

ဤအတွေးအခေါ်ရှိသော စီးပွားရေးပါရဂူများထဲတွင် 'ဝီလျံဘော မိုက်'၊ 'ရောဘတ်လီတန်'၊ 'ကာလ်ရှရန်' တို့ ပါဝင်၏။ အစ္စရေးစီးပွားရေး လုပ်ငန်းရှင်များက ဤပုံစံကို လိုက်နာသူများ၏။ ဤနည်းဖြင့်လည်း သူတို့သည် အကျိုးအမြတ်များစွာကို ခံစားနေကြ၏။

❖

# အပိုင်းသုံး

# ကာနဦးအာစ

## အခန်း (ခြောက်)
## အလုပ်ဖြစ်သော စက်မှုပေါ်လစီ

သဲကန္တာရထဲမှာ ငါးမွေးဖို့ဆိုတာ အဓိပ္ပာယ်ရှိတယ်လို့ လူတွေကို ယုံအောင်ပြောရတာ လွယ်တော့ မလွယ်လှဘူး။

*(ပါမောက္ခ ဆယ်မြူယယ်အဲပဲလ်ဘောင်း)*

အစ္စရေးနိုင်ငံ၏ ယခုလက်ရှိအခြေအနေကို ကြည့်ပါ။ နှစ်ခြောက်ဆယ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း အဆငါးဆယ် တိုးတက်မှုဖြစ်စဉ်။ အစ္စရေးလူမျိုးတို့၏ ဝိသေသလက္ခဏာပေပဲလား။ တိုက်ပွဲဝင်စမ်းသပ်ပြီးဖြစ်သည့် စီးပွားရေးလုပ်ငန်းများကြောင့်လား။ ပထဝီနိုင်ငံရေးအခြေအနေကြောင့်လား။ ဤဇာတ်လမ်းတွင် အစိုးရ၏ ပေါ်လစီအားသာချက်များလည်း ပါဝင်ပေမည်။ အစ္စရေးတပ်မတော်နှင့် သူ့ပြည်သူများသည် ကံကြမ္မာ အလှည့်အပြောင်းများကြားတွင် ခံစားခဲ့ကြရင်း လိုက်လျောညီထွေ ရှင်သန်နေနိုင်အောင် လုပ်တတ်မှုများလည်း အကျုံးဝင်၏။

အစ္စရေးစီးပွားရေးသမိုင်းသည် ခုန်ပျံကျော်လွှားမှုကြီး နှစ်ခုကြားမှ တစ်ခုဖြစ်၏။ ၄င်းတို့သည် အီနေသောခေတ်နှင့် ငွေကြေးဖောင်းပွမှု များပြားခြင်း ခေတ်တို့က ကြားခံခွဲခြားထား၏။ အစိုးရ၏ စီးပွားရေးပေါ်လစီသည် နိုင်ငံတိုးတက်မှုနှုန်း မြန်ဆန်ရေးတွင် အဓိကကဏ္ဍမှ ပါဝင်၏။

ပထမဆုံး ခုန်ပျံကျော်လွှားမှုမှာ ၁၉၄၈ မှ ၁၉၇၀ ထိ ဖြစ်၏။ ထိုကာလတွင် လူတစ်ဦးချင်း၏ ဂျီဒီပီနှုန်းလည်း လေးဆတိုးလာကာ လူဦး

ရေက သုံးဆတိုးနေချိန်ဖြစ်၏။ ထိုကာလကြားထဲတွင် အစ္စရေးသည် အဓိက စစ်ကြီးသုံးကြိမ်လည်း ကြုံခဲ့သေး၏။ ဒုတိယခုနှစ်ပျံကျော်လွှားမှုမှာ ၁၉၉၀ မှ ယနေ့ထိ ဖြစ်၏။ ဤအချိန်တွင် အစ္စရေးနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ တီထွင်မှု၏ ဦးဆောင်နိုင်ငံကြီးတစ်ခု ဖြစ်နေပြီ။ ပထမကာလက စီးပွားရေး လုပ်ငန်းဆိုင်ရာ အစိုးရက သေးငယ်သော၊ ရှေးဦးကာလ ပုဂ္ဂလိကကဏ္ဍကို လွှမ်းခြုံစိုးမိုးကာ ဒုတိယကာလတွင်ကား တိုးတက်ထွန်းကားနေသော စီးပွား ရေးလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကကဏ္ဍသည် အစိုးရ၏ ကနဦး အထောက်အကူ ရယူနေခြင်းပင် ဖြစ်၏။ ဤသည်တို့မှာ လုံးဝခြားနား၏။ ဆန့်ကျင်ဘက်ပင် ဖြစ်၏။

ပထမကာလ စီးပွားရေးတိုးတက်မှုရင်းမြစ်ကို လိုက်လျှင် နိုင်ငံတည် ထောင်ခြင်းကာလ မတိုင်မီကမှစသည်ဟု ပြောရမည်။ ၁၉ ရာစုနှောင်းပိုင်း ကဟုပင် ဆိုပါစို့။ ဥပမာ–၁၈၈၀ ခုနှစ်များတွင် ဂျူး အခြေစိုက်နေထိုင်သူ အုပ်စုတစ်စုသည် သူတို့တည်ထားကြသော မြို့သစ် 'ပီတာ့ချ်တစ်ခ်ဗာ' တွင် လယ်ယာအစုအဝေးတစ်ခု တည်ဆောက်ကြသည်။ ၎င်းမြို့သည် ယခု တဲလ်အဗစ်မြို့မှ မိုင်အနည်းငယ်အကွာတွင် ရှိ၏။ ပထမတွင် သူတို့သည် ရွက်ဖျင်တဲများဖြင့် နေကြ၏။ ထို့နောက် ဌာနေအာရပ်ရွာသူရွာသားများကို ငှားကာ သူတို့အတွက် ရွှံ့တဲများ ဆောက်ခိုင်း၏။ သို့သော် မိုးရွာသောအခါ ရွှံ့တဲများသည် မိုးမလုံဘဲ မိုးယို၏။ မြစ်ရေက ကမ်းပေါ်လျှံတက်လာသော အခါ ရွှံ့တွေက အရည်ပျော်ကုန်ပြန်သည်။ ထို့ကြောင့် အခြေစိုက်နေထိုင်သူ ထဲမှ အချို့သည် ငှက်ဖျားနှင့် ဝမ်းရောဂါဖြစ်ကြ၏။ ဆောင်းရာသီအနည်း ငယ်ကို ကျော်ဖြတ်ပြီးသောအခါ လယ်သမားများ၏ စုဆောင်းငွေများ လည်း ကုန်ပြီ။ လမ်းတွေ၊ လယ်တွေလည်း ပျက်ကုန်ပြီ။ သူတို့မိသားစု သည် အငတ်ဘေးဆိုက်လုနီး ဖြစ်လာကြ၏။

၁၈၈၃ တွင် အခြေအနေက နည်းနည်းဦးမော့လာ၏။ ပြင်သစ်– ဂျူး ကပြား ဘဏ်လုပ်ငန်းရှင်၊ လူသားချင်း စာနာထောက်ထားတတ်သူ တစ်ဦးဖြစ်သူ 'အက်ဒမန်ဒီရော့စ်ချိုင်း' က သူတို့ကို ငွေရေးကြေးရေး အနည်း ငယ် ထောက်ပံ့ကူညီ၏။ စိုက်ပျိုးရေးကျွမ်းကျင်သူတစ်ဦးက သူတို့ကို မြစ်ကမ်းနား ပြုကျသည့်နေရာများတွင် ယူကလစ်ပင်များ စိုက်ခိုင်း၏။

ယူကလစ်ပင်မြစ်များက ရွှံ့နွံများကို စုတ်ယူသွားကြ၏။ သို့ဖြင့် ငှက်ဖျား ရောဂါလည်း သိသိသာသာ ပျောက်ကင်းသွားကြ၏။ မိသားစုတော်တော် များများ စိုက်ပျိုးရေးကို အေးအေးသက်သာ လုပ်လာနိုင်ကြ၏။

၁၉၂၀ ခုနှစ်အစမှ ဆယ်စုနှစ်တစ်ခုတိုင်တိုင် 'ယိရှု'ဒေသ (ပါလက် စတိုင်း မပေါ်မီနေရာ)တွင် ဂျူးမျိုးနွယ်အုပ်စု ၈၀ ရာခိုင်နှုန်းထိ တိုးပွားလာ ၏။ ဂျူးလူဦးရေ နှစ်ဆတိုးလာသည်နှင့်အမျှ အမျိုးသားထုတ်ကုန်သည် လည်း လေးဆတိုးလာ၏။ ၁၉၃၁ မှ ၁၉၃၅ ကြားတွင် ပါလက်စတိုင်းရှိ ဂျူးနှင့် အာရပ်တို့၏ နှစ်စဉ် စီးပွားရေးတိုးနှုန်းသည် ၂၈ နှင့် ၁၄ ရာခိုင်နှုန်း အသီးသီး ရှိကြ၏။

အခြေစိုက်နေထိုင်သူတို့ တည်ထောင်ကြသော လူမှုအသိုက်အဝန်းမှာ (ပီတာ့ချ်တစ်ခ်ဗာရုံကဲ့သို့) သည် ဤသို့ လူဦးရေများပြားလာမှုဒဏ်ကို မခံနိုင်ကြ။ သူတို့ထံသို့ ပြည်ပမှ ဝင်ရောက်လာသူ လူသစ်များစွာက တိုးပွားရောက်ရှိလာ၏။

ထိုသို့ တိုင်းတစ်ပါးမှ ဝင်ရောက်နေထိုင်သူများထဲတွင် အသက် ၂၁ နှစ်အရွယ် 'ဒေးဗစ်ဂရူအင်'ဆိုသူ ရှေ့နေတစ်ဦးလည်း ပါ၏။ သူက ၁၉၀၆ တွင် ပိုလန်မှ ထွက်လာသူဖြစ်၏။ သူသည် ဤနယ်မြေသို့ရောက် လျှင်ရောက်ခြင်း ဟီးဘရူးအဖြစ် ခံယူကာ သူ့အမည်ကို 'ဘင်ဂူးရီးယန်း' ဟု ပြောင်းလဲခဲ့၏။ 'ဘင်ဂူးရီးယန်း' ဆိုသည်မှာ သက္ကရာဇ် စီအီး ၇၀ ကာလ ရောမခေတ်က ဂျူးလူမျိုး ဗိုလ်ချုပ်တစ်ဦး၏အမည် ဖြစ်၏။ သူ၏ အရည်အသွေးအရ မကြာခင်မှာပင် သူသည် 'ယိရှု'တို့၏ ခေါင်းဆောင် အဖြစ် ရောက်လာ၏။ အစ္စရေးစာရေးဆရာ 'အမော့ဇ်အော့ဇ်'၏ နိုင်ငံတော် တည်ဆောက်ပုံကျမ်းတွေ အစ္စရေးလူမျိုးအများစုက သူ့ကို 'မိုးဇက်၊ ဂျော့ဝါ ရှင်တန်၊ ဂါရီဘောလ်ဒီနှင့် ထာဝရဘုရားသခင် ပေါင်းစပ်နေသော ပုဂ္ဂိုလ်' အဖြစ် ရှုမြင်လေးစားကြသည် ဆို၏။

'ဘင်ဂူးရီးယန်း'သည် အစ္စရေးနိုင်ငံ၏ ပထမဆုံးသော အမျိုးသား စီးပွားရေးလုပ်ငန်းရှင် ဖြစ်၏။ ဒုတိယကမ္ဘာစစ်အပြီးတွင် 'ဝင်စတန်ချာချီ' က အမေရိကန်တပ်မတော်မှ 'ဗိုလ်ချုပ်ကြီးဂျော့မာရှယ်'အား မဟာမိတ် အင်အားစု၏ 'အောင်မြင်ရေးစည်းရုံးရေးသမား'ကြီးအဖြစ် သတ်မှတ်ခဲ့၏။

'ချာချီ'၏ စကားကို ငှားသုံးရလျှင် 'ဘင်ဂူးရီးယန်း'သည် 'အော်ပရေးရှင်း လုပ်သူ' ဖြစ်သည်။ သူသည်ပင်လျှင် နိုင်ငံကို တကယ်တမ်း တည်ဆောက်သူ စစ်စစ် ဖြစ်၏။

'ဘင်ဂူးရီးယန်း'သည် စိန်ခေါ်မှုပေါင်းစုံကို ရင်ဆိုင်ခဲ့ရ၏။ ထိုစိန်ခေါ်မှုများထဲမှ တစ်ခု ဥပမာပြပါမည်။ သူသည် အလုံးအရင်းနှင့် လှိမ့်ဝင်လာသော တိုင်းတစ်ပါးသားများကို မည်သို့ ကိုင်တွယ်နိုင်မလဲ။ ၁၉၃၀ ခုနှစ်မှသည် အစုလိုက် အပြုံလိုက်ဖြစ်သည့်ကာလအထိ ဥရောပဂျူး သန်းပေါင်းများစွာသည် အကျဉ်းစခန်းများသို့ ပို့ခြင်း ခံရ၏။ အချို့က ပါလက်စတိုင်းသို့ ထွက်ပြေးလာကြ၏။ အခြားလွတ်မြောက်လာသူများကို နိုင်ငံများစွာက ခိုလှုံနေထိုင်ခွင့် မပြုကြ၍ နေရာဒေသအနှံ့ ပုန်းလျှိုးကွယ်လျှိုး နေကြရ၏။ ၁၉၃၉ တွင် ကိုလိုနီအာဏာပိုင်အဖြစ် ပါလက်စတိုင်းတွင် အုပ်ချုပ်သူ ဗြိတိသျှအစိုးရက 'စက္ကူဖြူစာတန်း' ဟူသော စာတန်းတစ်ခု ထုတ်ပြန်ကာ လူဝင်မှုကြီးကြပ်ရေး ကန့်သတ်မှုများကို ထုတ်ပြန်ခဲ့၏။ ပါလက်စတိုင်းတွင် ခိုလှုံရန် ကြိုးစားသူအများစုကို ဗြိတိသျှတို့က ပယ်ချကြ၏။

၎င်းတို့ကို တုံ့ပြန်သောအားဖြင့် 'ဘင်ဂူးရီးယန်း'သည် လှုပ်ရှားမှုနှစ်ခုကို စတင်ခဲ့၏။ ပထမဦးစွာ သူသည် ပါလက်စတိုင်းတွင် နေထိုင်သူဂျူး ၁၈၀၀၀ ကို ဥရောပသို့ပြန်ကာ ဗြိတိသျှတပ်မတော်သို့ ဝင်ပြီး နာဇီများကို တိုက်ခိုက်ရန် လှုံ့ဆော်စည်းရုံးခဲ့၏။ တစ်ချိန်တည်းမှာပင် သူသည် မြေအောက် အဖွဲ့အစည်းတစ်ခုဖန်တီးကာ ဂျူးဒုက္ခသည်များကို ဥရောပမှ ပါလက်စတိုင်းသို့ လျှို့ဝှက်စွာ ပို့ပေးခြင်းဖြင့် ဗြိတိသျှ၏ လူဝင်မှုကြီးကြပ်ရေး ပေါ်လစီကို ကာကွယ်ခဲ့၏။ 'ဘင်ဂူးရီးယန်း'သည် ဥရောပတွင် ဗြိတိသျှနှင့် အတူ ပူးတွဲတိုက်ပွဲဝင်ကာ ပါလက်စတိုင်းတွင်ကား ဗြိတိသျှတို့ကို ဆန့်ကျင်တိုက်ခိုက်၏။

ယနေ့ခေတ်တွင် အစ္စရေးနိုင်ငံ ၁၉၄၈ ၌ ထူထောင်ခြင်းနှင့်ပတ်သက်၍ စစ်ရေး၊ နိုင်ငံရေး လှုပ်ရှားမှုများကို သမိုင်းတင်နေကြ၏။ တကယ်တော့ 'ဘင်ဂူးရီးယန်း'က ဆိုရှယ်လစ်ဝါဒီ ဖြစ်၏။ အစ္စရေးနိုင်ငံသည်လည်း လုံးလုံးလျားလျား ဆိုရှယ်လစ်နိုင်ငံအဖြစ် စတင်မွေးဖွားလာခြင်းပင် ဖြစ်သည်။

'ဘင်ဂူးရီးယန်း'သည် မက်စ်ဝါဒ တိုးတက်ထွန်းကားလာသော ကာလ၊ ၁၉၁၇ ရုရှားတော်လှန်ရေး အရှိန်ကောင်းချိန်ခေတ်တွင် ကြီးပြင်းလာသူဖြစ်ရာ သူ့အပေါ် ဆိုရှယ်လစ်ဝါဒ လွှမ်းမိုးသည်မှာ မဆန်းလှချေ။ ပါလက်စတိုင်းနိုင်ငံ မပေါ်မီကာလက ဆိုဗီယက်ယူနီယံနှင့် အရှေ့ဥရောပမှ ရောက်လာကြသော ဂျူးများသည် ဆိုရှယ်လစ်ဝါဒီများပင် ဖြစ်ကြ၏။ သူတို့သည် ဆိုရှယ်လစ်ဝါဒ ဩဇာ အလွန်သက်ရောက်မှုရှိသူများ ဖြစ်သည်။

သို့သော် 'ဘင်ဂူးရီးယန်း'သည် နိုင်ငံတော်တည်ထောင်ရေးတစ်ခုကိုသာလျှင် အာရုံစိုက်သူဖြစ်၏။ မည်သည့်နည်းနှင့်မဆို သူ့အတွက်ကတော့ နိုင်ငံထူထောင်ရေးပင် ဖြစ်၏။ သူနားလည်ယုံကြည်သော မာ့က်စ်ဝါဒဖြင့် စမ်းသပ် တည်ထောင်ကြည့်ရန် သူ စိတ်မရှည်။ သူ့အမြင်အရမူ ပေါ်လစီတိုင်းသည် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေးတို့ကို နိုင်ငံတည်ဆောက်ရေး ရည်မှန်းချက်တွင် ထည့်သွင်းအသုံးပြု၍ရသည် ဟူ၍ဖြစ်၏။ 'ဘင်ဂူးရီးယန်း'သည် ဂန္ထဝင် 'ဘစ်ဇဝါဒီ'ဖြစ်၏။ 'ဘစ်ဇ'သည် ဟီးဘရူးဘာသာစကားဖြစ်၏။ သာမန်ဘာသာပြန်လျှင် 'သဘောတရားထက် ပို၍လက်တွေ့ဆန်သူ' ဟု ဆိုရမည်။

'ဘစ်ဇဝါဒီသည် တည်ဆောက်သူ၊ လှုံ့ဆော်သူ၊ လမ်းပြသူ၊ တိုက်ပွဲဝင်သူ၊ အခြေစိုက်နေထိုင်သူ ဖြစ်၏။ သူသည် မာကျော၏။ ကြံရည်ဖန်ရည်ရှိ၏။ ထိရောက်မှုရှိအောင် လုပ်တတ်၏။ သရော်တတ်၏။ သည်းညည်းမခံတတ်'ဟူ၍ စာရေးဆရာအယ်ဒီတာ 'လီယွန်ဝိုက်ဆဲလ်တီယာ'က အဓိပ္ပာယ်ဖွင့်ဖူးသည်။

"လူတစ်ယောက်ကို ဘစ်ဇဝါဒီလို့ခေါ်တာ သူ့ကို အကြီးအကျယ် ချီးကျူးလိုက်တာပဲ"ဟုလည်း သူက ဆို၏။

'ဘင်ဂူးရီးယန်း'အတွက် အဓိကအလုပ်မှာ ပြန့်ကျဲနေသော ဂျူးလူဦးရေများကို စုစည်းပြီး အစွရေးနိုင်ငံ ထူထောင်ရန်ဖြစ်၏။ ထိုသူများကို စုစည်းပြီး နိုင်ငံတည်ရန် ရည်ရွယ်၏။ သူ မြို့တည်လျှင် ဂျေရုစလင်တို့၊ တိုက်ဘားရီးယားစ်တို့၊ ဆာဖက်တို့ကဲ့သို့ လူဦးရေထူထပ်မှုမရှိစေရန် စိတ်ကူးထား၏။ လူဦးရေသိပ်ထူထပ်လျှင် ရန်သူလေတပ်က ဗုံးကြဲတိုက်ခိုက်လျှင် အသေအကြေများနိုင်၍ ဖြစ်၏။ ထို့ပြင် သူ့ပြည်သူများကို မဖွံ့ဖြိုးသောဒေသ

များတွင်လည်း မပြောင်းရွှေ့စေချင်။ မြို့ပြမှ ဝေးလံသောနေရာများတွင် စီးပွားရေးလုပ်၍ မကောင်း။ ထိုကိစ္စများကိုပင် သူက နိုင်ငံမတည်ဆောက်မီ ကြိုတင်အကွက်အကွင်းချ တွက်ချက်ထား၏။

ဤနေရာတွင် 'ပင်ချော့ဓိဆာပီးရ်'အကြောင်းလည်း ပြောရန်လို၏။ ၁၉၆၀ ခုနှစ်များနှင့် ၁၉၇၀ ခုနှစ်များတွင် သူသည် ဘဏ္ဍာရေးဝန်ကြီးနှင့် ကာကွယ်ရေး၊ စက်မှုဝန်ကြီး တာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်၏။ သူ၏ အုပ်ချုပ်မှုပုံစံမှာ အသေးစားစီမံကိန်းများကို ဖောင်းပေးလုပ်ဆောင်သူဖြစ်၏။ သူသည် ကွဲပြားခြားနားသော စက်ရုံများအတွက် ကွဲပြားခြားနားသော နိုင်ငံခြားငွေလဲလှယ်ရေးပုံစံကို တီထွင်ခဲ့၏။ ၎င်းကို '၁၀၀ ငွေလဲလှယ်မှု နှုန်းနည်း'ဟု ခေါ်၏။ သူသည် ငွေလဲလှယ်နှုန်းတစ်ခုစီ၏ အားသာချက် အားနည်းချက်များကို အမည်းရောင်မှတ်စုစာအုပ်ထဲတွင် ရေးမှတ်ထားတတ်၏။ အစွရေးဘဏ်၏ ပထမဆုံးတာဝန်ခံပုဂ္ဂိုလ် 'မိုရှေဆမ်ဘာ'က 'ဆာပီးရ်'တွင် ထင်ရှားသော မှတ်စုစာအုပ် နှစ်အုပ်ရှိသည်ဟုဆို၏။ "တစ်အုပ်က သူ့ကိုယ်ပိုင်စာရင်းဇယား ၂ ဗဟိုဗျူရိုအတွက်ဖြစ်တယ်။ သူ့မှာ စက်ရုံတွေ အများကြီးက လူတွေဆီက သူ့ကို ဘယ်လောက်ရောင်းတယ်၊ ဘယ်သူ့ကိုလည်း ရောင်းတယ်။ လျှပ်စစ်ဓာတ်အား ဘယ်လောက်သုံးတယ်ဆိုတာတွေ အစီရင်ခံထားတာတွေ ရှိတယ်။ ဒါတွေကို သူ ကြိုသိထားတော့ တရားဝင်မူဝါဒတွေ ဘာတွေ ချရာမှာ ကိုယ်တွေ့အထောက်အကူတွေ ရတာပေါ့။ စီးပွားရေးအခြေအနေ ဘယ်လိုရှိတယ် ဆိုတာ သူ ဘယ်တော့မှ မျက်ခြေမပြတ်ဘူး" ဟု ပြော၏။

'ဆမ်ဘာ'က ဤစနစ်သည် နိုင်ငံငယ်ငယ်တွင်သာ လုပ်နိုင်ကြောင်း ယုံကြည်ထား၏။

"ပွင့်ပွင့်လင်းလင်းမရှိတဲ့ အစိုးရရယ်၊ နောက် နိုင်ငံရေးသမားတွေရယ်၊ သူတို့က ဈေးကွက်ထဲ ဝင်စွက်ကြ၊ သူတို့ လိုချင်တာ ဘာမဆို ဆုံးဖြတ်ကြ၊ ဒါပေမဲ့ ဘယ်သူ့အိတ်ကပ်ထဲမှ ခြူးတစ်ပြား မထည့်ကြတဲ့ သူတွေပဲ။ ဒါမျိုးတွေနဲ့တော့ 'ဆာပီးရ်'က ကွာပါတယ်"ဟု 'ဆမ်ဘာ' က ပြော၏။

## ခီဘူဇ်နှင့် စိုက်ပျိုးမှုတော်လှန်ရေး

ပထမခုန်ပျံကျော်လွှားမှုကာလ အလယ်ပိုင်းလောက်တွင် လူမှုရေးတီထွင်မှုတစ်ရပ် ပြုလုပ်ခဲ့ရာ ထိုလုပ်ရပ်သည် ပြည်တွင်းမှာရော ပြည်ပမှာပါ ကမ္ဘာကျော်ခဲ့၏။ ယနေ့အခါတွင် အစ္စရေးလူဦးရေ၏ ၂ ရာခိုင်နှုန်းသော 'ခီဘူဇ်'အဖွဲ့ဝင်များသည် နိုင်ငံ၏ထုတ်ကုန်၏ ၁၂ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနေကြ၏။

သမိုင်းပညာရှင်များက 'ခီဘူဇ်'ကို 'ကမ္ဘာ့အအောင်မြင်ဆုံး ဘုံလှုပ်ရှားမှု'ဟုပင် ခေါ်ဝေါ်ကြ၏။ အစ္စရေးနိုင်ငံ မထူထောင်မီ ၄ နှစ်အလို ၁၉၄၄ က လူပေါင်း ၁၆၀၀၀ သည် 'ခီဘူဇ်'တွင် နေထိုင်ကြ၏။ (ခီဘူဇ် အဓိပ္ပာယ်မှာ 'စုဆောင်းခြင်း' သို့မဟုတ် 'စုပေါင်းခြင်း' ဖြစ်သည်။ 'ခီဘူ ဇင်မ်'သည် ဗဟုဝုစ်ကိန်းဖြစ်ပြီး ထိုအဖွဲ့တွင် ပါဝင်သူများကို 'ခီဘူနစ်ခ်'များဟု ခေါ်ကြ၏) ဤလှုပ်ရှားမှုသည် စိုက်ပျိုးရေးကို စုပေါင်းလုပ်ကိုင်ခြင်းဖြစ်၏။ နှစ်နှစ်ဆယ်အတွင်းတွင် ရွာ ၂၅၀ နေ ပြည်သူ ၈၀၀၀၀ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့၏။ ၎င်းသည် အစ္စရေးလူဦးရေ၏ ၄ ရာခိုင်နှုန်းရှိ၏။ ယခုအချိန်တွင် 'ခီဘူဇင်မ်'သည် အစ္စရေးပါလီမန် 'နက်ဆက်'အဖွဲ့ဝင်၏ ၁၅ ရာခိုင်နှုန်းပါဝင်ကြ၏။ အစ္စရေးကာကွယ်ရေးတပ်မတော်မှ ရဲဘော်ရှစ်ရာထဲမှ လေးပုံတစ်ပုံသည် ၁၉၆၇ ခြောက်ရက်စစ်ပွဲတွင် ကျဆုံးကြ၏။ ထိုသူတို့မှာ 'ခီဘူနစ်ခ်'များ ဖြစ်၏။ အထွေထွေ လူဦးရေထဲတွင် သူတို့၏ အချိုးအစားမှာ ၆ ဆ ရှိသည်ဟု ဆိုရမည်။

'ခီဘူနစ်ခ်'များထဲတွင် ခေတ်ဟောင်းအယူအဆကို စွဲနေသူအချို့လည်း ရှိ၏။ နိုင်ငံတည်ထောင်ကာစကာလက 'ခီဘူဇ်' လှုပ်ရှားမှုခေါင်းဆောင် 'အီဗရာဟင်ဟတ်ဇီဖီးလ်ဒ်'ကို ဥပမာဆောင်ပါသည်။ သူက ရေခဲအိမ်သာများသည် မလိုအပ်ဟု ပြောသူဖြစ်၏။ ၁၉၅၀ ခုနှစ်ကာလများတွင် အခြေခံ ကုန်ပစ္စည်းအများစုသည် ရာရှင်စနစ်ဖြင့် ဝယ်ယူစားသုံးနေရသည့် အချိန်ဖြစ်၏။ ထိုအချိန်မျိုးတွင် အစ္စရေးအိမ်ရာတည်ဆောက်မှုများတွင် ရေခဲအိမ်သာသည် မရှိမဖြစ် လိုအပ်နေသောအရာဖြစ်၏။ 'ခီဘူဇ်'များ ရွာတစ်ရွာတွင် ပထမဆုံး ရေခဲအိမ်သာတပ်သည့်အခါ 'ဟတ်ဇ်ဖီးလ်ဒ်'သည် ပုဆိန်

ဖြင့် သူကိုယ်တိုင်ဖျက်ဆီးခဲ့သူဖြစ်၏။ ၁၉၆၀ ခုနှစ်များတွင်မူ 'ဟတ်ဖ် ဖီးလ်ဒ်'လည်း တိုးတက်မှုကို တားဆီး၍ မရခဲ့။ 'ခီဘူဇ်ဇင်'များတွင် ရေဆွဲအိမ်သာကို အကုန်လုံးလိုလို တပ်ဆင်ခဲ့ကြပြီး ဖြစ်၏။

'ခီဘူဇ်ဇင်'သည် စပေါင်းလုပ်ကိုင်မှု များစွာလုပ်ကြ၏။ ဒီမိုကရေစီ များစွာ ကျကြသည့်ပုံစံဖြစ်၏။

"ခီဘူဇ်ဇင် ဘုံရွာတွေမှာ ရဲဌာနမရှိဘူး။ တရားရုံးမရှိဘူး။ ကျွန်တော် တို့ အဲဒီမှာ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့တုန်းက ကျွန်တော့်မှာ ကိုယ်ပိုင်ပိုက်ဆံ မရှိဘူး။ ကျွန်တော် အဖွဲ့မဝင်ခင်တုန်းကဆို စာတိုက်စနစ်တောင် မရှိဘူး" ဟု 'ရှီမွန်ပဲရိဇ်'က ပြန်ပြောင်းပြောပြ၏။

ကလေးများကို ဝိုင်းဝန်း ထိန်းကျောင်းပေးကြ၏။ မိဘများ လယ်ယာ လုပ်ငန်းခွင်ဝင်ချိန်တွင် ကလေးများကို ရွာထဲမှ လူကြီးအချို့က ထိန်းပေး ကြ၏။ ကလေးများသည် သူတို့မိဘများကို တစ်နေ့လျှင် နာရီအနည်းငယ် သာ တွေ့ခွင့်ရကြ၏။ အများအားဖြင့်မူ ဘုံကလေးထိန်းအိမ်များတွင်သာ နေကြရသည်က များ၏။

'ခီဘူဇ်' တိုးတက်လာခြင်းသည် စိုက်ပျိုးရေးနှင့် နည်းပညာတိုးတက် လာမှုပေါ်တွင် မူတည်၏။ အစ္စရေး 'ခီဘူဇ်ဇင်'နှင့် 'အစ္စရေးတက္ကသိုလ်' တို့၏ အကူအညီလည်း ပါ၏။ ဤ 'ဟက်ဇာရင်မ်' 'ခီဘူဇ်'နှင့် အခြား သော ကင်းစခန်းဆယ်ခုတို့ ပေါ်ပေါက်ခဲ့ခြင်းမှာ ၁၉၄၆ ခုနှစ် အောက်တို ဘာတစ်ညတွင် ဖြစ်၏။ ဂျူးပြည်သူစစ်အဖွဲ့တစ်ဖွဲ့ဖြစ်သော 'ဟာဂါနာ' က 'နီဂက်ဗ်သဲကန္တာရ' တောင်ပိုင်းတွင် မဟာဗျူဟာ ကင်းစခန်းထူထောင် ရန် ဆုံးဖြတ်ခဲ့၏။ အရဏ်တက်သည်နှင့် ရောက်ရှိလာသော အမျိုးသမီး ငါးဦးနှင့် အမျိုးသား ၂၅ ဦးတို့က တောကြီးမျက်မည်းအလယ်ခေါင်၊ တောင်ကတုံးတစ်ခုပေါ်တွင် သူတို့ဘာသာ သူတို့ လူမှုအဖွဲ့အစည်းတစ်ခု ထူထောင်လိုက်ကြ၏။ မိုးကုပ်စက်ဝန်းကို ကြည့်လိုက်လျှင် အပင်ကြီးတစ်ပင် ကို ထီးထီးကြီး မြင်ကြရ၏။

ထိုအုပ်စုသည် မိုင်လေးဆယ်အကွာအဝေးမှ ရေကိုရရန် တစ်နှစ်ကျော် ကြာ ကြိုးစားပြီး ပိုက်လိုင်းဆွဲခဲ့ကြ၏။ ၁၉၄၈ လွတ်လပ်ရေးစစ်ပွဲအတွင်း တွင် 'ခီဘူဇ်'တို့ အတိုက်ခံရပြီး ရေပြတ်လပ်သွား၏။ စစ်ပြီးသောအခါ

မြေဆီများသည် ဆားဓာတ်များစွာ ဖြစ်ထွန်းနေ၍ စိုက်ပျိုး၍ မရတော့။ ၁၉၅၉ တွင် 'ခီဘူဇ်'တို့သည် ဤနေရာထက် ပို၍အခွင့်အလမ်းသာမည့် နေရာသို့ ပြောင်းသင့် မပြောင်းသင့် ငြင်းခုံကြရ၏။

သို့သော် အများစုက မပြောင်းဟု ဆုံးဖြတ်ကာ ဆားမြေများကို ပြုပြင်ကာ သီးနှံစိုက်ပျိုးဖို့ ကြိုးစားကြ၏။ ဤသို့ဖြင့် 'ဟက်ဇာရင်မ်' 'ခီဘူဇ်' ရှင်သန်လာခဲ့၏။

၁၉၆၅ တွင် ရေရရှိရေးဆိုင်ရာအင်ဂျင်နီယာ 'ဆင်မ်ချာဘလတ်စ်'က 'ဟက်ဇာရင်မ်'သို့ ရောက်လာကာ သူ တီထွင်ထားသော စုတ်ယူသွယ်တန်း ရေးစနစ်ကို တင်ပြ၏။ ၎င်းသည် 'နီတာဖင်မ်'၏ အစပင် ဖြစ်သည်။ ဤရေအရင်းအမြစ် ရှာဖွေရေးကုမ္ပဏီသည် ယခုအခါ ကမ္ဘာအနှံ့တွင် တည် ထောင် အောင်မြင်နေပေပြီ။

ပါမောက္ခ 'ရီကာဒိုဟော့ဖ်မင်း'သည် ဟားဗတ်တက္ကသိုလ် 'နိုင်ငံ တကာဖွံ့ဖြိုးရေးဌာန'ကို ဦးဆောင်သူဖြစ်၏။ သူ၏ အင်ဒိုနီးရှားအစိုးရ၏ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးလည်း လုပ်ခဲ့ဖူးသူဖြစ်သည်။ သူသည် အမျိုး သား စီးပွားရေးတိုးတက်မှုစံနမူနာများ တီထွင်ရေးဆွဲရာတွင် ကမ္ဘာ့သိ ပါရဂူကြီးတစ်ဦးလည်း ဖြစ်၏။

"နိုင်ငံတိုင်းမှာ ပြဿနာရယ်လို့ ကိုယ်စီကိုယ်ငှ ရှိကြတာပဲ။ ဒါပေမဲ့ အစ္စရေးကျတော့ သူ့ပြဿနာတွေကို သူဖြေရှင်းနိုင်တယ်။ ဥပမာ-ရေရရှိရေး ပြဿနာ။ ဒါကိုဖြေရှင်းရင်းနဲ့ အစ္စရေးဟာ သဲကန္တာရစိုက်ပျိုးရေးတို့၊ စုတ် ယူရေအရင်းအမြစ် ရရှိရေးတို့၊ ဆားမြေကနေ မြေဆီလွှာရအောင် လုပ်ရေးတို့ ဆိုတဲ့ ပညာတွေ ကျွမ်းကျင်လာတယ်။ ခီဘူဇ်တွေဟာ ဒီလုပ်ငန်းစဉ်တွေမှာ ရှေ့ဆောင်ရှေ့ရွက်တွေပဲ။ ပတ်ဝန်းကျင်က ဒုက္ခပေးတဲ့ သဘာဝအန္တရာယ် အခက်အခဲပေါင်းစုံကို 'ခီဘူဇင်'တွေက အန်တုတုံ့ပြန်ခဲ့တယ်။ အစ္စရေးနိုင်ငံရဲ့ လုံခြုံရေးကို ခြိမ်းခြောက်တာတွေကို ပြန်လည် တုံ့ပြန်ပုံမျိုးတွေပဲ။ ဒီလိုနဲ့ စီးပွားရေးတွေမှာလည်း ဆက်သွယ်ရေးနည်းပညာတွေ၊ မှန်ဘီလူးပိုင်းဆိုင်ရာ တွေ၊ ဟတ်ဒ်ဝဲတွေ၊ ဆော့ဖ်ဝဲတွေ စသဖြင့် နယ်ပယ်အသီးသီးမှာ ထူးချွန် ထိပ်တန်းရောက်ခဲ့ပြီး နိုင်ငံဟာ ဟိုင်းတက်နည်းပညာပိုင်းမှာ ရှေ့ဆုံးရောက် ခဲ့တယ်" ဟု ပြော၏။

နိုင်ငံ၏ အနှောင့်အယှက်သဖွယ်ဖြစ်နေသော သဲကန္တာရကြီးကိုပင် အသုံးချနိုင်စွမ်းရှိခဲ့ကြ၏။ ယနေ့အစ္စရေးကိုကြည့်လျှင် ဧည့်သည်များအဖို့ အံ့သြတကြီးတွေ့ရသည်မှာ နိုင်ငံ၏ မြေဧက ၉၅ ရာခိုင်နှုန်းကို ကောင်းစွာ အသုံးချထားခြင်းကိုပင် ဖြစ်၏။ တကယ်တော့ အစ္စရေးနိုင်ငံကို စတင်တည် ထောင်ချိန်တွင် 'နီဂက်ဖ်'သဲကန္တာရသည် မြောက်ဘက်တစ်လျှောက်လုံးမှ 'ဂျေရုစလင်'နှင့် 'တဲယ်လ်အဗစ်'မြို့အကြား လမ်းတစ်ခုလုံး ဖုံးအုပ်နေ၏။ 'နီဂက်ဖ်'သည် ယခုအခါတွင်လည်း အစ္စရေး၏ အကြီးဆုံး နယ်မြေကြီး ဖြစ်နေဆဲ။ သို့သော် ၄င်း၏ မြောက်ဘက်ပိုင်းများတွင် စိုက်ပျိုးရေးနယ်မြေ များ၊ စိုက်ပျိုးထားသော သစ်တောကြီးများဖြင့် စိမ်းလန်းစိုပြည်နေပေပြီ။ ၄င်းတို့ကို 'ဟက်ဇာရင်မ်' နေ့ရက်များထဲက ပေါ်လစီသတ်သတ်မှတ်မှတ် ချကာ တီထွင်ဖန်တီးထားသော ရေရရှိရေးစနစ်များဖြင့် အကောင်အထည် ဖော် စိုက်ပျိုးခဲ့ခြင်းဖြစ်၏။ အစ္စရေးနိုင်ငံသည် ယခုအခါ သုံးရေကို ပြန်လည် လည်ပတ်အသုံးချနိုင်သော နိုင်ငံများထဲတွင် ထိပ်ဆုံးမှ ဦးဆောင်နေနိုင်၏။ သုံးစွဲရေ၏ ၇၀ ရာခိုင်နှုန်းကို ပြန်လည်အသုံးချနိုင်ရေးမှာ တကယ်တော့ မလွယ်ကူလှ။ ဤနေရာတွင် ဒုတိယလိုက်နေသော နိုင်ငံက 'စပိန်'နိုင်ငံဖြစ် ၏။ စပိန်နိုင်ငံက သုံးစွဲပြီး ရေကို ပြန်လည်အသုံးချမှုထက် အစ္စရေးက သုံးဆပိုများ၏။

'နီဂက်ဖ်' သဲကန္တာရထဲမှ 'ခီဘုခ်ဇ်' 'မာရှာဘီဆာဒီ'သည် သုံးပြီး ရေကို တစ်ဖန်ပြန်လည်အသုံးချနိုင်မှုတွင် ဦးစွာတီထွင်နိုင်ခဲ့၏။ သူတို့က ဘောလုံးကွင်းကြီး ဆယ်ကွင်းစာ အနက်ထိ ရေတွင်းတူး၏။ မိုင်ဝက်မျှအနက် ရှိလိမ့်မည်။ ထိုအခါကျမှ ပူနွေးပြီး ငန်ကျိုသော ရေကိုရ၏။ ထိုရေကို 'နီဂက်ဖ်'ရှိ 'ဘင်ဂူးရီးယန်းတက္ကသိုလ်'မှ ပါမောက္ခ 'ဆယ်မြူယယ် အပဲယ်လ်ဘောင်း' ထံ တင်ပြကာ အကြံဉာဏ်တောင်း၏။ ပါမောက္ခကြီးက ဤနေရာသည် ရေနွေးတွင် ရှင်သန်နိုင်သော ငါးမျိုးမွေးနိုင်သည်ဟု အကြံ ပြု၏။

ငါးပါရဂူဖြစ်သော 'အပဲယ်လ်ဘောင်း'က–

"သဲကန္တာရထဲမှာ ငါးမွေးဖို့ဆိုတာ အဓိပ္ပာယ်ရှိတယ်လို့ လူတွေကို ယုံအောင်ပြောရတာ လွယ်တော့ မလွယ်လှဘူး" ဟု ပြော၏။

"ဒါပေမဲ့ မြေဩဇာမကောင်းတဲ့၊ အသုံးမဝင်တဲ့ လယ်ယာမြေမှာ ဒါမျိုးလုပ်နိုင်အောင် ကြိုးစားရမှာပဲ" ဟု ဆက်ပြော၏။ 'ခီဘုနစ်ခ်'များသည် ရေကန်များထဲသို့ ၉၈ ဒီဂရီရေစုပ်ထည့်၏။ ထိုရေထဲသို့ တီလားပီးယား၊ ဘာရာမန်ဒီ၊ ဆီးဘတ်စ်၊ စထရိုက်ပ်ဘတ်စ် ငါးများ စီးပွားဖြစ်ထည့်မွေး၏။ ငါးကန်များတွင် သုံးပြီးရေတွင် အမှိုက်သရိုက်များပါရာ ၎င်းတို့သည် မြေဩဇာအလွန်ကောင်း၏။ ၎င်းရေတို့ကို သံလွင်ပင်နှင့် စွန်ပလွံပင်များ စိုက်ရာတွင် သုံး၏။ မြေအောက်မှ ရေအချို့ကို အသုံးပြုကာ ဟင်းသီးဟင်းရွက်များနှင့် သီးပင်များလည်း စိုက်၏။

လွန်ခဲ့သော ရာစုနှစ်က အမေရိကန်စာရေးဆရာ 'မက်တွိန်း'နှင့် အခြားသော ခရီးသည်များ မှတ်တမ်းတင်ခဲ့သလိုပင် အစ္စရေးသည် ဘာသီးနှံမှ စိုက်ပျိုး၍မရသော လွင်တီးခေါင်ကြီး ဖြစ်ခဲ့၏။ ယခု ထိုဒေသတွင် အပင်ပေါင်း သန်း ၂၄၀ ရှိနေပြီ။ ထိုအပင်များထဲမှ သန်းချီ၍ တစ်ပြိုင်တည်း စိုက်ပျိုးသောအပင်များ ဖြစ်၏။ သစ်တောကြီးများကိုလည်း နိုင်ငံအနှံ့ စိုက်ပျိုး၏။ 'ယတီးသစ်တော'ဆိုလျှင် ယခုအကြီးဆုံး သစ်တောကြီးဖြစ်နေပြီ။

၁၉၃၂ တွင် 'ယိုဆက်ဖ်ဝေ့ဇ်'ဆိုသူသည် 'ဂျူးအမျိုးသားရန်ပုံငွေအဖွဲ့'၏ ထိပ်တန်းသစ်တောအရာရှိတစ်ဦး ဖြစ်၏။ ထိုအဖွဲ့ကြီးက မြေများဝယ်ကာ သစ်ပင်စိုက်သောအလုပ်ကို လုပ်ခဲ့၏။ 'နီဂက်ဗ်' သဲကန္တာရရဲ့ တောင်ကုန်းများပေါ်တွင် အပင်စိုက်ရန် သူသည် နှစ်သုံးဆယ်လုံး ကြိုးပမ်းခဲ့၏။ လူအများစုက လုံးဝမဖြစ်နိုင်သောကိစ္စဟု ဆိုကြ၏။ ယခုတော့ ထိုနေရာတွင် သစ်ပင်လေးသန်းကျော် စိုက်ပြီးပြီ။ ဂြိုဟ်တုပေါ်ကရိုက်သော ဓာတ်ပုံများကို ကြည့်လျှင် သဲကန္တာရနှင့် ခြောက်သွေ့သော နယ်မြေပတ်ဝန်းကျင်တွင် စိမ်းစိုညို့မှိုင်းနေသော သစ်တောကြီးကို တွေ့နေရသည်မှာ အံ့ဖွယ်သုတဖြစ်နေ၏။ ထိုအထဲတွင် 'ယတီး' သစ်တောက အကြီးဆုံး။ 'ယတီး' သစ်တောကြီးသည် မိုးရေတစ်ခုတည်းပေါ်တွင် မှုတည်ရှင်သန်နေ၏။ မိုးရေချိန်ကလည်း တစ်နှစ်ကို ၁၁ လက်မလောက်သာ ရ၏။ တက္ကဆက်ပြည်နယ် ဒါးလက်ဗ်မြို့တွင် ရွာတာ မိုးရေချိန်လက်မ၏ သုံးပုံတစ်ပုံသာ ရှိ၏။ သို့သော် ထိုဒေသတွင် ပေါက်သောအပင်များမှာ မျှော်လင့်တာထက် ပိုပြီး

အစ္စရေးအစိုးရသည် ရင်းနှီးမြှုပ်နှံမှုများစွာကို အလုံးအရင်းနှင့် မြှုပ်နှံလုပ်ဆောင်ခဲ့၏။ လမ်းများ၊ ရေရရှိရေးစနစ်၊ စက်ရုံများ၊ ဆိပ်ကမ်းများ၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ အိမ်ရာလုပ်ငန်းများ စသည်တို့တွင် ငွေကြေးပုံအော၍ သုံးစွဲခဲ့၏။ သဲကန္တာရကို ဖြတ်ကျော်၍ ရေသွယ်တန်းခြင်း လုပ်ငန်းများမှာ အံ့မခန်းဖြစ်၏။ 'ရှီမွန်ပဲရက်ဇ်'နှင့် အမေရိကန်လူမျိုး 'အယ်လ်ရွှင်းမား'တို့သည် လွတ်လပ်ရေးစစ်ပွဲကာလတွင် လေယာဉ်ပျံနှင့် လက်နက်များကို အစ္စရေးနိုင်ငံတွင် ပို့သွင်းခဲ့ကြ၏။ သူတို့၏ စိတ်ကူးမှာ အစ္စရေးနိုင်ငံတွင် လေယာဉ်စက်ရုံတည်ထောင်ရန် ရည်ရွယ်ချက် ဖြစ်၏။ ၁၉၅၀ ခုနှစ်များကာလတွင် နို့နှင့် ကြက်ဥပင် အတော်ရှားပြီး ရာရှင်စနစ်ဖြင့် ဝယ်ယူ စားသုံးနေရသော အချိန်ဖြစ်၏။ ဤကဲ့သို့ ကာလမျိုးတွင် လေယာဉ်ပျံစက်ရုံ တည်ဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်သော စိတ်ကူးဟု ဝန်ကြီးအများစုကပင် ထင်ကြ၏။ စစ်ပြေးဒုက္ခသည် ထောင်ပေါင်းများစွာသည်လည်း ယာယီတဲများထိုးပြီး ဖြစ်သလိုနေရသော အခြေအနေတွင် ဤကိစ္စမျိုးသည် တကယ်ပင် မဖြစ်နိုင်သော စိတ်ကူးမျိုး ဖြစ်သည်။

သို့သော် 'ပဲရက်ဇ်'သည် 'ဒေးဗစ်ဘင်ဂူးရီးယန်း' စိတ်မျိုးပိုင်ရှင်ဖြစ်၏။ အစ္စရေးသည် ဒုတိယကမ္ဘာစစ်တွင် လေယာဉ်များကို ပြင်ဆင်သုံးစွဲမှုဖြင့် စဖြစ်အောင် စခဲ့၏။ မကြာခင်မှာပင် 'ဘီဒစ်' ဆိုသော အစ္စရေးလေယာဉ်စက်ရုံတစ်ခု ပေါ်လာ၏။ ယခုအခါ ၎င်းစက်ရုံသည် ကမ္ဘာ့လေယာဉ်စက်ရုံများတွင် အဦးအဆောင်စက်ရုံတစ်ခု ဖြစ်လာ၏။

ဗဟိုအစိုးရမှ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များလက်သို့ စီးပွားရေးကို လက်လွှဲပေးမှုသည် ၁၉၆၀ ခုနှစ်အလယ်တွင် ဖြစ်လာ၏။ ၁၉၄၆ မှ ၁၉၆၆ နှစ်နှစ်ဆယ်အတွင်း ပုဂ္ဂလိက အခန်းကဏ္ဍသည် အရေးအပါဆုံးဖြစ်လာသည်။ ခြောက်ရက်စစ်ပွဲကာလအပြီးတွင်မှ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ထပ်လုပ်ခဲ့၏။ ၁၉၆၇ ခုနှစ် ဇွန်လရောက်မှ တစ်ပတ်အတွင်းတွင် အစ္စရေးသည် အနောက်ဘက်ကမ်းခြေ၊ ဂါဇာကမ်းမြောင်ဒေသ၊ ဆိုင်းနိုင်းကျွန်းဆွယ်၊ ဂိုလန်ကုန်းမြင့်ဒေသတို့ကို သိမ်းပိုက်နိုင်ခဲ့၏။ ဤတွင် အစ္စရေး၏ နယ်နိမိတ်သည် နဂိုထက် သုံးဆ ပိုကျယ်လာ၏။

အစ္စရေးအစိုးရသည် အကြီးစား ပြုလုပ်တည်ဆောက်မှုများကို ဆက်လုပ်ရင်း အလုပ်ရှုပ်ရပြန်၏။ အစ္စရေး ကာကွယ်ရေးတပ်မတော်သည်လည်း နယ်မြေသစ်များကို အခြေခိုင်အောင် ထိန်းသိမ်းဆောင်ရွက်နေရာ ၁၉၆၇ မှ ၁၉၆၈ အတွင်း ဆောက်လုပ်ရေးပစ္စည်းတစ်မျိုးတည်း ရင်းနှီးမြှုပ်နှံကုန်ကျစရိတ်သည် ၇၂၅ ရာခိုင်နှုန်းထိ တက်လာ၏။

## အစ္စရေး၏ ရှုံးနိမ့်ခဲ့သော ဆယ်စုနှစ်

၁၉၇၃ တွင် 'ယွန်းကပူးစစ်ပွဲ'ကို ဆက်၍ ဆင်နွှဲရပြန်၏။ အစ္စရေးဘက်မှ အကျအဆုံးများ၏။ (ရဲဘော်သုံးထောင် ကျဆုံးကာ အများအပြားဒဏ်ရာရခဲ့၏) အပေါ်ထပ်အဆောက်အဦလည်း ကြီးမားစွာ ပျက်စီးခဲ့ရ၏။ အရန်တပ်ဖွဲ့များကို အတင်းအကြပ် ထုတ်သုံးရ၍ အစ္စရေးကာကွယ်ရေးတပ်မတော်သည် ၆ လအထိ စီးပွားရေးထဲမှ လုပ်အားကို ညှစ်ထုတ်သုံးစွဲရ၏။ ကုမ္ပဏီများစွာတန့်သွား၏။ စက်ရုံအများစု ရပ်သွား၏။ စီးပွားရေးသည် ချက်ချင်းပင် တုံ့ဆိုင်းသွား၏။ စီးပွားရေးအခြေအနေကို ဒေါက်တိုင်အဖြစ် ခုခံနိုင်ရန် ရေတိုနှင့် တန်ဖိုးကြီးမားသော ကြွေးများကို အသုံးပြုရ၏။ သို့ဖြင့် အတိုးနှုန်းထားတွေက တက်လာပြန်၏။ ဤကြားထဲတွင် လူဝင်မှုကြီးကြပ်ရေးကလည်း တမှောင့်။ ၁၉၇၂ မှ ၁၉၇၃ တွင် အစ္စရေးနိုင်ငံသို့ လူပေါင်း ၁၀၀၀၀၀ ဝင်လာ၏။ ၁၉၇၂ တွင် ၁၄၀၀၀ ထိ လျော့ကျလာ၏။ ၁၉၇၅ တွင်တော့ လူအဝင် မရှိတော့။

အစိုးရက ဈေးကွက်တစ်ခုလုံးကို လက်ဝါးကြီးအုပ်ချုပ်ကိုင်ရတော့၏။ စီးပွားရေးဘက်နှင့် ပင်စင်လစာများကို မလွှဲမပြောင်းနိုင်တဲ့ အစိုးရစာချုပ်များ ဝယ်ရာတွင် သုံးရ၏။ ပုဂ္ဂလိကကဏ္ဍချေးငွေများ ထောက်ပံ့ကာ စီမံကိန်းများကို လုပ်ဆောင်စေ၏။ ဤအချိန်ကာလကို 'အစ္စရေး၏ ရှုံးနိမ့်ရသော ဆယ်စုနှစ်' ဟု ခေါ်၏။ ၁၉၇၀ မှ ၁၉၈၀ အလယ်ပိုင်းအထိ။

အစ္စရေးတက္ကသိုလ်များနှင့် အစ္စရေးစက်မှုလုပ်ငန်းအရည်အသွေးများကား ဤကာလတွင် အသင့်အတင့် မြင့်မားတိုးတက်နေလေပြီ။ သို့သော်နိုင်ငံ၏ အပေါ်ယံအဆောက်အဦ ပျက်ယွင်းနေ၏။ လေဆိပ်မှာ သေးသေး

နုတ်နုတ် စုတ်စုတ်ပြတ်ပြတ်။ အဝေးပြေးလမ်းမတွေကလည်း သိပ်ပြီး မထွန်းကားလှ။ အသံလွှင့်ဌာနကလည်း တစ်ခုတည်းသာရှိသေး၏။ လူတိုင်း အိမ်တွင် တယ်လီဖုန်းတစ်လုံးစီ အိမ်မှာ မရှိကြသေး။ ဖုန်းလိုင်းများကို အစိုးရ ချုပ်ကိုင်ထား၍ ဖုန်းတစ်လုံးရဖို့အရေး အတော်အချိန်ယူ စောင့်ဆိုင်း နေရသည့် အခြေအနေ။ စူပါမားကတ်များတွင်လည်း နိုင်ငံတကာပစ္စည်း သိပ်မတင်နိုင်သေး။ နိုင်ငံခြားမှ ပစ္စည်းတစ်ခုခုလိုချင်လျှင် ကိုယ်တိုင် သွားဝယ်ချင်ဝယ်၊ သို့တည်းမဟုတ် နိုင်ငံခြားသွားသူကို လူကြုံမှာရမည်။ အကောက်ခွန်နှုန်းက မြင့်၏။ ထို့ကြောင့် သွင်းကုန်အများစုမှာ ဈေးကြီး၏။

လမ်းပေါ်က ကားများမှာ ပုံပန်းမလာ။ အစ္စရေးလုပ်ကားတွေသာ များ၏။ 'ဆုဘာရူး' နှင့် 'စီထရိုအင်' ကားများသာ ရှားရှားပါးပါး နိုင်ငံခြား ဖြစ်ကားများ ရှိ၏။ ထိုကုမ္ပဏီနှစ်ခုသာ အာရပ်ပိတ်ဆို့မှုများကြားမှ ရဲရဲ တင်းတင်း လာရောင်းကြခြင်း ဖြစ်၏။ ဘဏ်များမှ လွဲ၍ နေရာတကာ ဒေါ်လာလဲ၍မရ။ ဘဏ်မှာက အစိုးရသတ်မှတ်သော ငွေလဲလှယ်နှုန်း ရှိ၏။ ပြင်ပတွင် ဒေါ်လာ အရောင်းအဝယ်မှာ တရားမဝင်။

ခြုံ၍ကြည့်လျှင် အားရစရာ သိပ်မရှိ။ ၁၉၆၇ အောင်ပွဲရကာလမျိုးနှင့် မတူ။ ရဲရင့်စွမ်းဆောင်နိုင်မှု အပြည့်ရှိသော အစ္စရေးတပ်မတော်ပင်လျှင် အထိအခိုက် အကျဆုံးများ၍ ခပ်လျှိုလျှိုနေရ၏။ စစ်ရေးအရမူ အစ္စရေးသည် နိုင်သည်ဟု ဆိုရမည်။ သို့သော် အစ္စရေး ပြည်သူပြည်သားများအတွက်မူ သူတို့၏ နိုင်ငံရေးနှင့် စစ်ရေးဦးဆောင်မှုက အကြီးအကျယ် ရှုံးသည်ဟု ခံစားနေကြရ၏။

စုံစမ်းရေးလုပ်ရန် ပြည်သူ့ကော်မရှင်ကို ဖွဲ့၏။ အစ္စရေးကာကွယ်ရေး တပ်မတော်မှ ဦးစီးချုပ်၊ ထောက်လှမ်းရေးအကြီးအကဲနှင့် အဆင့်မြင့်လုံခြုံရေး အရာရှိအချို့ကို ရာထူးမှ ထုတ်ပယ်၏။ ကော်မရှင်၏ အစီရင်ခံစာ ထုတ်ပြန် ပြီး တစ်လအကြာတွင် အစ္စရေးဝန်ကြီးချုပ် 'ဂိုလ်ဒါမီယာ'ပင် သူ့မှာလည်း တာဝန်မကင်းဆိုကာ နုတ်ထွက်ခဲ့၏။ သို့သော် သူ့အရိုက်အရာကို ဆက်ခံသူ 'ယီဇတ်ရာဘင်'သည်လည်း ဝန်ကြီးချုပ်ပထမသက်တမ်းတွင်ပင် ရာထူးမှ ထုတ်ပယ်ခြင်း ခံရ၏။ အဘယ်ကြောင့်ဆိုသော် သူ့ဇနီးသည် နိုင်ငံခြားဘဏ် တွင် ငွေစာရင်းဖွင့်ထား၍။

၁၉၈၀ ခုနှစ်များတွင် အစ္စရေးသည် အကြီးအကျယ် ငွေကြေးဖောင်းပွမှု ကြုံခဲ့ရ၏။ ဈေးဝယ်သူတစ်ယောက်သည် ဈေးလှည်းတစ်စီးကို တွန်းလျက် ဆုံးဖြတ်ခက်နေရသော ရုပ်ပုံတစ်ခုတွင် ပါသကဲ့သို့ ... 

၁၉၈၀ ခုနှစ်များတွင် အစ္စရေးသည် အကြီးအကျယ် ငွေကြေးဖောင်းပွမှု ကြုံခဲ့ရ၏။ စူပါမားကတ်တစ်ခုသို့သွားလျှင် ဘာမှတန်ဖိုးမရှိသော 'ရှက်ကယ်' ငွေကြေးထောင်ပေါင်းစွာ သွားဖြုန်းသည်နှင့် တူနေ၏။ ငွေကြေးဖောင်းပွမှုသည် ၁၉၇၁ တွင် ၁၃ ရာခိုင်နှုန်းမှ ၁၉၇၉ တွင် ၁၁၁ ရာခိုင်နှုန်းထိပင် တိုးလာ၏။ ထိုအချိန်တွင် ရေနံဈေးမြင့်တက်လာခြင်းကြောင့်လည်း ဖြစ်၏။ သို့သော် အစ္စရေးငွေကြေးဖောင်းပွမှုကား ဝုန်းခနဲ ထိုးတက်သည်မှာ ကြောက်ခမန်းလိလိ။ ၁၉၈၀ တွင် ၁၃၃ ရာခိုင်နှုန်းမှ ၁၉၈၄ တွင် ၄၄၅ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ကိုပင် ကြည့်။

မည်သည့်ပစ္စည်းမဆို ဆက်ဈေးမတက်ခင် ပြည်သူတွေက အလုအယက် ဝယ်ထားကြရ၏။ ထိုစဉ်က ဟာသပြက်လုံးတစ်ခုပင် ထွက်ခဲ့၏။ 'တယ်လ်အဗစ်'မှ 'ဂျေရုစလင်'သို့ ဘတ်စ်ကားစီးမည့်အစား အငှားကားဖြင့် သွားသည်က ပိုကောင်း၏။ အဘယ်ကြောင့်ဆိုသော် အငှားကားကို ခရီးစဉ် အဆုံးကျမှ ပေးရမည်ဖြစ်ရာ ထိုအချိန်တွင် 'ရှက်ကယ်' ငွေကြေးက ဘာမှတန်ဖိုးမရှိတော့၍ ဖြစ်သည် ဟုဆိုကြ၏။

## ပြန်လည်ထူမတ်ရာလမ်းကြောင်း

၁၉၇၀ ခုနှစ်များတွင် 'အင်တဲလ်'သည် အစ္စရေးတွင် စဖွင့်၏။ နှစ်သုံးဆယ်အတွင်း အစ္စရေး၏ တိုးတက်မှုမှာ မယုံနိုင်စရာပင် ဖြစ်၏။ ယနေ့အခါတွင် ခရီးသည်တစ်ဦးသည် အစ္စရေးလေဆိပ်သို့ရောက်လျှင်ပင် တိုးတက်ခေတ်မီမှုကို အံ့မခန်းတွေ့ရသည်။ အရင်တစ်ခေါက်နှင့် ယခုတစ်ခေါက် မတူတော့။ ယခုတစ်ခေါက်နှင့် နောက်တစ်ခေါက်လည်း တူသည် မဟုတ်တော့။ တယ်လီဖုန်းလိုင်းသစ်များမှာ နာရီပိုင်းအတွင်း များစွာ ဖွင့်လှစ်ပေးနိုင်နေပြီ။ 'ဘလက်ဘယ်ရီ' ဆိုသော အကောင်းစားတယ်လီဖုန်းများ ရောင်းမလောက်။ ကော်ဖီဆိုင်တိုင်းတွင် ဝါယာလက်အင်တာနက်တွေ ရှိ၏။ ၂၀၀၆ လက်ဘနွန် စစ်ပွဲကာလတွင် အစ္စရေးတို့သည် ဗုံးခိုကျင်းထဲတွင် အင်တာနက် အမျိုးအစား အကောင်းဆုံး နှိုင်းယှဉ်ရွေးချယ်ပြီး အလုပ်ရှုပ်နေကြသည် ဟုဆို၏။ ကမ္ဘာပေါ်တွင် အစ္စရေးလူမျိုးလောက် ဆဲလ်ဖုန်းပေါတာ ဘယ်မှာမှမရှိ။ အသက်ဆယ်နှစ်ကျော်ကလေးမှာပင် ဆဲလ်ဖုန်းရှိ၏။ ကလေး

တိုင်း၏ အိပ်ခန်းထဲတွင် ကွန်ပျူတာရှိ၏။ လမ်းပေါ်တွင် ကမ္ဘာ့နောက်ဆုံး ပေါ်ကားတွေ တသီတတန်းကြီး။ ကားရပ်နားစရာနေရာပင် အတော်ရှားပုံရ၏။

"ဝါယာကမ္ဘာမှာ စီးပွားရေးလုပ်၍ အကောင်းဆုံးမြို့ထဲတွင် 'တဲလ်အဗစ်'မြို့သည် ထိပ်ဆုံးက ပါနေ၏။ 'အိုင်ဘီအမ်၊ အင်တဲလ်၊ တက်ဆပ်စ်နှင့် အခြားသော တက်ခ်နည်းပညာများအားလုံး အစွရေးကို စုပြုံရောက်နေကြ၏။ ဝိုင်ဆိုင်များ၊ ဆူရှီစားသောက်ဆိုင်များ၊ မက်ဒေါ်နယ်လ်ဆိုင်၊ အိုက်ကီးယား၊ ကမ္ဘာပေါ်တွင် ရှိသမျှ အကောင်းဆုံးဆိုင်တိုင်း အစွရေးမှာ ရှိ၏။ ပထမဆုံး မက်ဒေါ်နယ်လ်ဆိုင်ကို ၁၉၉၃ တွင် ဖွင့်၏။ မော်စကိုတွင် ဆိုင်ဖွင့်ပြီး ၃ နှစ်အကြာ ဩစတြေးလျတွင် ဖွင့်ပြီး ၂၂ နှစ်အကြာ။ ယခုအခါ အစွရေးတွင် 'မက်ဒေါ်နယ်လ်' ဆိုင်ပေါင်း ၁၅၀ ရှိနေပြီး စပိန်၊ အီတလီ၊ တောင်ကိုရီးယားတို့ထက် နှစ်ဆများ၏။

၁၉၉၀ မှစ၍ အစွရေးစီးပွားရေးသည် ဦးပြန်မော့လာ၏။ ပုဂ္ဂလိက စီးပွားရေးကဏ္ဍသည် တစ်ရှိန်ထိုး တိုးတက်လာသည်။ ဤသို့ စီးပွားရေး ဦးမော့လာရန် အချက်သုံးချက် လိုအပ်၏။ လူဝင်မှု လှိုင်းသစ်၊ စစ်ပွဲသစ်၊ စက်ရုံသစ် စွန့်စားတည်ထောင်မှု။

❖

# အခန်း (ခုနစ်)

# လူဝင်မှုကြီးကြပ်ရေး ဂူဂဲလ်ဆရာများ၏ စိန်ခေါ်မှု

တိုင်းတစ်ပါးမှ ဝင်ရောက်နေထိုင်ကြသူများသည် ကောင်းကျိုးမပေးသူများမဟုတ်။ သူတို့ကို စွန့်စားယူဆောင်လာသူများဟုပင် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ တစ်ပြည်သူ တစ်ပြည်သားတို့၏ နိုင်ငံသည် စွန့်စားတီထွင်လုပ်ငန်းရှင်များ၏ နိုင်ငံပင် ဖြစ်၏။

*(ဂီဒီဂရင်းစတိန်း)*

၁၉၈၄ တွင် 'ရှလိုမို(နီဂူဆီ)မိုလာ'သည် အီသီယိုးပီးယားနိုင်ငံမြောက်ပိုင်း ရွာလေးတစ်ရွာမှနေ၍ သူ၏မိတ်ဆွေ ၁၇ ဦးတို့နှင့်အတူ အစ္စရေးနိုင်ငံသို့ လမ်းလျှောက်ဝင်လာရန် ဆုံးဖြတ်ခဲ့၏။ သူက ၁၆ နှစ်ရှိပြီ။ 'မိုလာ' မွေးဖွားခဲ့သော ရွာလေးမှာ 'မာချာ' ဟုခေါ်ပြီး အလွန်ခေါင်၏။ ကမ္ဘာနှင့် အဆက်ပြတ်နေသောနေရာဟုပင် ခေါ်၍ရ၏။ ရေပိုက်လိုင်းမရှိ၊ လျှပ်စစ်မီးမရှိ၊ တယ်လီဖုန်းကြိုးမရှိ။ ဆိုးရွားလှသော ဒုဗ္ဘိက္ခန္တရကပ်ခေတ်တွင် ငတ်မွတ်ခေါင်းပါးနေသည့်အပြင် အီသီယိုးပီးယား ဂျူးလူမျိုးတို့သည် လူမျိုးရေးအရလည်း အဖိနှိပ်ခံနေရ၏။ သူတို့ကို အုပ်ချုပ်သူများမှာ ယခင်ဆိုဗီယက်ယူနီယံ၏ လက်အောက်မှ ဂျူးဆန့်ကျင်ရေးအုပ်စု ဖြစ်၏။

"ကျွန်တော်တို့ရဲ့အိပ်မက်က အစ္စရေးကို လာဖို့ပဲ။ ဒါဟာ အမြဲမက်တဲ့ အိပ်မက်ပဲ"ဟု 'မိုလာ'က ပြော၏။ သူသည် ဂျူးလူမျိုး၊ ဇီယွန်ဝါဒီ

အိမ်တွင် ကြီးပြင်းခဲ့သူဖြစ်၏။ သူနှင့်သူ့မိတ်ဆွေတို့သည် မြောက်ဘက်သို့ လျှောက်-အီသီယိုးပီးယားမှ ဆူဒန်။ ဆူဒန်မှ အီဂျစ်။ ထိုမှတစ်ဆင့် 'ဆိုင်းနိုင်းသဲကန္တာရကြီး'ကို ဖြတ်ကျော်။ 'ဆိုင်းနိုင်း'မှတစ်ဆင့် အစ္စရေးတောင်ပိုင်း 'ဘီယာရှီဘာ'မြို့။ ၎င်းမှဆက်၍ 'ဂျေရုစလင်'သို့ သွားရန် စီစဉ်ခဲ့ကြ၏။

'မိုလာ'၏ ဖခင်ကြီးက နွားမတစ်ထောင်ကိုရောင်းကာ လမ်းပြတစ်ယောက်ကို နှစ်ဒေါ်လာနှင့် ငှား၍ သူ့ကလေးများကို လမ်းပြစေ၏။ သူတို့သည် ဖိနပ်မပါ ခြေဗလာဖြင့် နေ့ရောညပါ လမ်းလျှောက်လာခဲ့ကြ၏။ သဲကန္တာရကိုကျော်၊ အီသီယိုးပီးယား၏ မြောက်ပိုင်း တောနက်ကြီးများကို ဖြတ်။ တောထဲတွင် ကျားများ၊ တောရိုင်းမြွေကြီးများနှင့် ကြုံခဲ့ကြ၏။ ဒါထက် ဆိုးတာက သူတောင်းစားအုပ်စု။ သူတို့မှာပါသမျှ အစားအသောက်နှင့် ပိုက်ဆံတွေကို အကုန်လုယူသွားသည်။ သို့သော် 'မိုလာ'နှင့် သူ့မိတ်ဆွေများက အားမလျှော့ဘဲ ဆက်ခရီးနှင်ကြ၏။ တစ်ပတ်အတွင်း မိုင်ငါးရာခရီးနှင်ကာ အီသီယိုးပီးယား မြောက်ပိုင်းနယ်စပ်ကို ရောက်လာကြ၏။

ဆူဒန်ကို ဖြတ်သွားသောအခါ ဆူဒန်နယ်ခြားစောင့်တပ်များက သူတို့ကို လိုက်ဖမ်းကြ၏။ 'မိုလာ'၏ အချစ်ဆုံး သူငယ်ချင်းတစ်ဦးသည် သေနတ်နှင့် အပစ်ခံရပြီး သေဆုံးခဲ့၏။ ကျန်အုပ်စုမှာမူ ကြိုးနှင့်ချည်နှောင်၊ နှိပ်စက်ကာ နောက်ဆုံးတွင် ထောင်ထဲပို့လိုက်ကြ၏။ ၉၁ ရက် အချုပ်ခံရပြီးမှ ဆူဒန်ရှိ 'ဂီဒါရက်ဖ်'ဒုက္ခသည် စခန်းသို့ သူတို့လာပို့လိုက်၏။ 'မိုလာ'ကို လူဖြူတစ်ယောက်က ချည်းကပ်ပြီး လာပြော၏။ "ငါ မင်း ဘယ်သူဆိုတာ သိတယ်။ မင်း ဘယ်သွားချင်သလဲဆိုတာလည်း သိတယ်။ ငါ မင်းကို ကူညီဖို့ ဒီကိုရောက်နေတာ" ဟု ပြော၏။

ဤသည်မှာ 'မိုလာ'၏ဘဝတွင် လူဖြူကို ဒုတိယအကြိမ်မြောက်မြင်ဖူးခြင်း ဖြစ်၏။ နောက်တစ်နေ့တွင် ထိုလူဖြူပြန်လာကာ သူတို့ကို ထရပ်ကားတစ်စင်းပေါ်တင်ကာ သဲကန္တာရကို ငါးနာရီကျော် ဖြတ်ခဲ့၏။ နောက်ဆုံးတွင် ဆင်ခြေဖုံး လေဆိပ်တစ်ခုသို့ ရောက်၏။

ထို့နောက် အခြားသော အီသီယိုးပီးယားလူမျိုး တစ်ရာကျော်နှင့်အတူ လေယာဉ်တစ်စင်းတွင် ကြပ်ကြပ်တည်းတည်း လိုက်ပါခဲ့ကြ၏။

ဤသည်မှာ အစ္စရေးအစိုးရ၏ လျှို့ဝှက်ကြီးပမ်းမှုတစ်ရပ်ဖြစ်၏။ ၁၉၈၄ လေကြောင်းစီမံချက် 'မိုးဆက်စစ်ဆင်ရေး' ဖြစ်၏။ ဤစစ်ဆင်ရေးသည် အီသီယိုးပီးယား ဂျူး ရှစ်ထောင်ကျော်ကို အစ္စရေးသို့ ခေါ်နိုင်ခဲ့၏။ သူတို့ ရောက်ပြီး နောက်တစ်ရက်မှာပင် သူတို့သည် နိုင်ငံသားအပြည့်အဝ ဖြစ်ခွင့် ရခဲ့ကြ၏။ စာရေးဆရာ 'လီယွန်ဗိုက်ဆယ်လ်တီးယား' ရေးသားသော 'သမ္မတနိုင်ငံသစ်' စာအုပ်ထဲတွင် ဤ 'မိုးဆက်စစ်ဆင်ရေး'ကို ရေးထား ခဲ့၏။

'ဒီယွန်ဝါဒရဲ့ ဂန္ထဝင်အဓိပ္ပာယ်ပါပဲ။ ဂျူးလူမျိုးတွေအဖို့ ဗီဇာမလိုဘဲ နိုင်ငံတစ်ခုတည်ထောင် ရှင်သန်ရတဲ့ အနှစ်သာရက ဒီမိုးဆက်စစ်ဆင်ရေးရဲ့ ရလာဒ်ပဲ'' ဟု ရေးခဲ့၏။

ယနေ့အခါ 'မိုလာ'သည် 'နက်ဆက်'ဆိုသော အစ္စရေးပါလီမန်၏ အရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်နေပြီ။ သူသည် လွှတ် တော် ကိုယ်စားလှယ်ထဲတွင် အီသီယိုးပီးယားလူမျိုးထဲမှ ဒုတိယမြောက် အရွေးခံရသူ ဖြစ်၏။

''ကျွန်တော်တို့ လေယာဉ်နဲ့ လေးနာရီစီးခဲ့ရတာ အီသီယိုးပီးယားနဲ့ အစ္စရေးကြားက နှစ်ပေါင်းလေးရာ ကွက်လပ်ကြီးကို ဖြတ်လာရသလို ခံစားရတယ်'' ဟု 'မိုလာ'က ပြောသည်။

စိုက်ပျိုးရေးသာလုပ်တတ်သည့် နိုင်ငံမှပြေးလာကြသော အီသီယိုး ပီးယားလူမျိုးများသည် အစ္စရေးသို့ ရောက်သာလာကြသည်။ စာမရေးတတ်၊ မဖတ်တတ်။ သူတို့မိခင်ဘာသာစကားဖြစ်သော 'အမ်မားရစ်' ဘာသာ စကားကိုပင် မရေးတတ်ကြ။

''ကျွန်တော်တို့မှာ ကားမရှိဘူး။ စက်ရုံမရှိဘူး။ စူပါမားကက်ဆို ဝေလာဝေး။ ဘဏ်ဆိုတာလည်း ကြားတောင် မကြားဖူးဘူး'' ဟု 'မိုလာ' က အီသီယိုးပီးယားရှိ သူ၏ဘဝကို ပြန်ပြောင်းပြော၏။

'မိုးဆက်စစ်ဆင်ရေး'အပြီး ခုနစ်နှစ်အကြာတွင် 'ဆော်လမွန်စစ်ဆင် ရေး' ဆက်လုပ်၏။ အီသီယိုးပီးယား ဂျူးပေါင်း ၁၄,၅၀၀ ကို အစ္စရေး သို့ လေကြောင်းဖြင့် ခေါ်လာနိုင်ကြ၏။ ဤကြိုးပမ်းမှုတွင် အစ္စရေးလေ တပ်လေယာဉ် ၃၄ စင်းနှင့် အီသီယိုးပီးယား လေယာဉ်တစ်စင်းတို့ ပါဝင် ကြသည်။ စစ်ဆင်ရေးတစ်ခုလုံးသည် ၃၆ နာရီကျော်ကြာ၏။

''ခရီးစဉ် ၉ လေယာဉ်ထဲမှာ ထိုင်ခုံအလယ်တန်းတွေကို ဖယ်ထားတယ်။ လူသုံးယောက်ထိုင်နိုင်တဲ့ ခုံပေါ်မှာ အီသီယိုးပီးယားငါးယောက်ကနေ ခြောက်ယောက်၊ ခုနစ်ယောက်အထိ ထိုင်ကြတယ်။ ဒီထဲကလူ ဘယ်သူမှ လေယာဉ်ပျံ မစီးဖူးဘူး။ ဒါကြောင့် ထိုင်ခုံတစ်ခုမှာ လူဘယ်နှယောက် ထိုင်လို့ရတယ်ဆိုတာလည်း မသိကြဘူး'' ဟု 'နယူးယောက်တိုင်းမ်စ်' သတင်းစာတွင် သတင်းရေးသားခဲ့၏။

၇၄၇ လေယာဉ်တစ်စင်းထဲတွင် ခရီးသည် ၁၁၂၂ ဦး တင်ဆောင်လာသော လေယာဉ်မှာ ခရီးသည်တင်ရာတွင် ကမ္ဘာ့စံချိန်ချိုးခဲ့၏။ မူလက စီစဉ်ထားသည်မှာ ခရီးသည် ၇၆၀ သာ တင်ရန်ဖြစ်၏။ သို့သော် ခရီးသည်များသည် အလွန်ပိန်ကပ်လွန်းသဖြင့် ပြွတ်သိပ်တင်ရာ ဤမျှထိ ခရီးသည်ထောင်ကျော်ဆန့် တင်နိုင်ခဲ့ခြင်း ဖြစ်၏။ လေယာဉ်ပေါ်တွင်ပင် ကလေးနှစ်ယောက်မွေးသေး၏။ ခရီးသည်အများစုသည် ဖိနပ်မပါကြ။ ဝန်စည်စလည် ပစ္စည်းပစ္စယလည်း ဘာမှမပါကြ။ ဆယ်နှစ်အတွင်းတွင် အစ္စရေးသည် အီသီယိုးပီးယားပြည်မှ လူပေါင်း ၄၀၀၀၀ ခန့်ကို အစ္စရေးသို့ ခေါ်ယူနိုင်ခဲ့၏။

အီသီယိုးပီးယားမှ လူတွေ အမြောက်အမြား ရောက်လာသဖြင့် အစ္စရေးတွင် စီးပွားရေးဝန်ထုပ်ဝန်ပိုး အတော်ပိခဲ့၏။ အရွယ်ရောက်သော အီသီယိုးပီးယားလူမျိုး (၂၅ မှ ၄၄ နှစ်) များသည် အလုပ်လက်မဲ့တွေ။ ထို့ကြောင့် သူတို့သည် အစိုးရလူမှုဝန်ထမ်းဌာနမှ ထောက်ပံ့စာဖြင့်သာ ရှင်သန်ကြရ၏။ အစ္စရေးကသာ အထောက်အကူမပြုလျှင် ဤအီသီယိုးပီယား အုပ်စုသည် ဆယ်နှစ်လောက်ကြာသည်အထိ နာလန်ထူဖွယ်မရှိဟု 'မိုလာ' က တွက်ပြ၏။

ယခင် ဆိုဗီယက်ယူနီယံဘက်မှ ရွှေ့ပြောင်းလာကြသူများကမူ အစ္စရေးကို ပို၍ပင် အကျိုးဖြစ်ထွန်းစေခဲ့၏။ 'ရှေးဗား-မိုဖက် အထက်တန်းကျောင်း' အောင်မြင်မှုများမှာ သက်သေထူနိုင်စရာ ဓာတ်လမ်းများဖြစ်၏။

✣ ✣ ✣

ကျောင်းသူကျောင်းသားများသည် တစ်စုံတစ်ယောက်အလာကို စောင့်ဆိုင်းနေကြ၏။ ကမ္ဘာကျော် ရှေ့ခ်အဆိုကျော်တွေ ရောက်လာမည်ကို စောင့်

နေကြသည့်ပုံမျိုး။ မကြာခင် သူတို့စောင့်ဆိုင်းနေသူတို့ ပေါ်လာကြ၏။ အမေရိကန်နှစ်ဦးသည် ကျောင်းနောက်ဘက်ပေါက်မှ ဝင်လာကြ၏။ သူတို့သည် အစ္စရေးဝန်ကြီးချုပ်ရုံးမှအပ ဤနေရာကိုသာ အစ္စရေးနိုင်ငံတွင် ပထမဆုံး ရောက်လာကြခြင်း ဖြစ်၏။

သူတို့ကိုတွေ့ရတော့ ကျောင်းသားအုပ်ကြီးက အုတ်အော်သောင်းတင်းဝိုင်းအော်ကြ၏။

"ဆာဂျီဘရင်းနဲ့ လယ်ရီပေ့ချ်က တို့ရဲ့အထက်တန်းကျောင်းကို လာကြတယ်ဟေ့"

'တက်ခ်'နည်းပညာတွင် ထိပ်ဆုံးရောက်နေကြသူ ဤနှစ်ဦးက တခြားနေရာတွေ မသွားဘဲ ဘာကြောင့် ဤနေရာကိုသာ ရွေးလာကြတာလဲ။

'ဆာဂျီဘရင်း' ပြောတော့မှ ရှင်းသွား၏။

"ဂုဏ်သရေရှိ မင်းပရိသတ်များ၊ ညီလေး၊ ညီမလေးတို့ခင်ဗျား၊ ကျွန်တော်က ရုရှားနိုင်ငံက အသက် ၆ နှစ်သားက ထွက်လာခဲ့ပါတယ်။ ပြီးတော့ အမေရိကန်သွားနေပါတယ်။ ခင်ဗျားတို့နဲ့ အတူတူပါပဲ။ ကျွန်တော့်မှာက ရုရှား-ဂျူးမိဘတွေ ရှိတယ်။ ကျွန်တော့်အဖေက သင်္ချာပါမောက္ခပါ။ သူတို့က ပညာရေးကို သိပ်အရေးထားကြတယ်။ ကျွန်တော် ဒီကို ရောက်လာတာလည်း အကြောင်းရှိတယ်။ အစ္စရေးတစ်ပြည်လုံးက သင်္ချာပြိုင်ပွဲမှာ ထိပ်တန်းဆယ်နေရာမှာ ဒီကျောင်းက ခုနစ်နေရာရတယ်ဆိုတာ ကြားလို့ လာတာပဲ"

ဤစကားကို ကြားရသောအခါ ကျောင်းသူ၊ ကျောင်းသားများက အားရပါးရ လက်ခုပ်သြဘာပေးကြ၏။

"ဒါပေမဲ့ ကျွန်တော်ပြောရမှာက-"

'ဘရင်း'က လက်ခုပ်သံများ ရပ်အနားကို မစောင့်ဘဲ ဖြတ်ပြော၏။

"ကျွန်တော့်အဖေပြောတဲ့စကားပဲ၊ ကျနော်တဲ့ ကျောင်းသုံးကျောင်းကကော ဘယ်လိုလဲ"

'ဘရင်း'က ရုရှားဘာသာဖြင့် စကားလုံးများကို သေသေချာချာ ရွေးကာ ပြောနေခြင်း ဖြစ်၏။

'ရှေဗား-မိုဖက်' ကျောင်းမှ ကျောင်းသူ၊ ကျောင်းသားအများစုသည်

'ဘရင်း'ကဲ့သို့ပင် ရုရှား-ဂျူးကပြား ဒုတိယမျိုးဆက်များ ဖြစ်ကြ၏။ ဤကျောင်းသည် 'တဲယ်လ်အဗစ်'မြို့၏ တောင်ဘက် စက်မှုဇုံတွင် တည်ရှိသည်။ မြို့၏ ဆင်းရဲသားရပ်ကွက်ထဲတွင် ရှိသည်။ မြို့၏ ကျောင်းများထဲတွင် အကြမ်းဆုံးကျောင်းအဖြစ် နာမည်ဆိုးနှင့် သတင်းမွှေးခဲ့ဖူးသည့် ကျောင်းလည်း အချိန်အတော်ကြာ ဖြစ်ခဲ့ဖူးသည်။

ဤကျောင်းနှင့်ပတ်သက်၍ အစ္စရေးနိုင်ငံတွင် လာရောက်နေထိုင်သူ နာမည်ကျော် ဆိုဗီယက်-ဂျူးကပြား 'နာထန်ရှာရန်စကီ'ထံမှ ကြားဖူး၏။ သူသည် ဆိုဗီယက်အကျဉ်းစခန်းများတွင် ၁၄ နှစ်ကြာ ထောင်ဒဏ်ကျခံခဲ့ဖူးသူဖြစ်၏။ ပြန်ဝင်ခွင့်မပေးသော ဆိုဗီယက်-ဂျူးတို့၏ အခွင့်အရေးကို တိုက်ပွဲဝင်ခဲ့သည့်အတွက် ပြစ်ဒဏ်ကျခံရခြင်း ဖြစ်သည်။ ဆိုဗီယက်ယူနီယံမှ လွတ်မြောက်လာခဲ့ပြီး နှစ်အနည်းငယ်အကြာတွင် သူသည် အစ္စရေးနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ရာထူးကို ရခဲ့၏။ သူ အစ္စရေးရောက်ပြီး မကြာခင်မှာပင် 'အစ္စရေး၊ ရုရှား တစ်ပြည်သူ တစ်ပြည်သားပါတီ'ကို ထူထောင်၏။ သူ့အတွေ့အကြုံပေါ်မူတည်ပြီး နိုင်ငံရေးလောကတွင် ဆိုရိုးစကားတစ်ခုပင် အပြောင်အပျက် ပေါ်လာသည် ဆို၏။

'ပထမဆုံး ထောင်အကျခံ၊ ပြီးရင် နိုင်ငံရေးလောကထဲဝင်၊ ဒီနည်းကလွဲလို့ တခြားနည်းမရှိဘူး' ဟူသော စကား။

ကျောင်းအမည် 'ရှေဗား' ဟူသော အဓိပ္ပာယ်သည် 'ချီးကျူးခြင်း' ဖြစ်သည်ဟု 'ရှာရန်စကီး'က ရှင်းပြသည်။

"ဒီကျောင်းက တဲယ်လ်အဗစ်မှာ ဒုတိယဖွင့်တဲ့ အထက်တန်းကျောင်းပဲ။ ၁၉၄၆ မှာ မြို့ကလည်းအသစ်။ အဲဒီအချိန်မှာ ဖွင့်တာ။ ဌာနေ အစ္စရေးလူမျိုး မျိုးဆက်သစ်တွေနေတဲ့ ကျောင်းတွေထဲက တစ်ကျောင်းပဲ။ ဒါပေမဲ့ ၁၉၆၀ ခုနှစ်နောက်ပိုင်းကျတော့ အာဏာပိုင်တွေက တစ်မျိုးပြောင်း ကြည့်ကြတယ်။ မော်ရိုကို၊ ယီမင်၊ အရှေ့ဥရောပက ဝင်လာတဲ့ လူတွေရဲ့ သားသမီးတွေကိုပါ ရောနှောလက်ခံခဲ့တယ်"

စိတ်ကူးကတော့ ကောင်းသည်။ သို့သော် ရလဒ်က တော်တော်ဆိုး၏။ ၁၉၉၀ ခုနှစ်များအစတွင် ရုရှား-ဂျူးကပြားများ အစ္စရေးနိုင်ငံသို့ လိုမ့်ဝင်လာကြ၏။ ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးချိန် ဖြစ်၏။ ဤတွင် ဤ

ကျောင်း၌ ဆိုးသွမ်းလူငယ်များဖြင့် ထိန်းမနိုင် သိမ်းမရ ဖြစ်လာ၏။ ထိုအချိန်တွင် ဆိုဗီယက်ယူနီယံ သင်္ချာပါမောက္ခဖြစ်ခဲ့ဖူးသော 'ယာကော့ဗ်မော့ဇ်ဂါနော့ဖ်' ဆိုသော တစ်ပြည်သူ တစ်ပြည်သားတစ်ဦးသည် ဤကျောင်းတွင် ကျောင်းစောင့်လာလုပ်၏။ ရုရှားမှ ဒေါက်တာဘွဲ့ရသူ၊ အင်ဂျင်နီယာဘွဲ့ရသူများပင်လျှင် အစ္စရေးနိုင်ငံ ရောက်ရောက်ချင်း အလုပ်မရကြ၍ ကျရာအလုပ် ဝင်လုပ်ကြရသည်က သဘာဝဖြစ်နေ၏။ အထူးသဖြင့် သူတို့သည် 'ဟီးဘရူး' ဘာသာကို သင်နေကြစဉ်တွင် ကျရာကျဘန်း အလုပ်ဝင်လုပ်ကြရ၏။

'မော့ဇ်ဂါနော့ဖ်' က ညကျောင်းတစ်ခုဖွင့်ရန် ဆုံးဖြတ်လိုက်၏။ ဤကျောင်းအဆောက်အဦကိုသုံးကာ အသက်အရွယ်စုံ၊ သက်ကြီးများပါ လက်ခံပြီး သိပ္ပံနှင့် သင်္ချာသင်ပေးရန် စီစဉ်၏။ သူနှင့်အတူ လာသင်ပေးကြရန် ရုရှားမှ အဆင့်မြင့်ဘွဲ့ရသူ သူ့မိတ်ဆွေများကိုပါ ဖိတ်ခေါ်၏။ ဤသင်တန်းကို 'မိုဖက်' ဟု ခေါ်၏။ ဟီးဘရူးဘာသာအားဖြင့် 'သင်္ချာ'၊ 'ရူပဗေဒ' နှင့် 'ယဉ်ကျေးမှု' တို့ ပေါင်းစည်းကာ 'အထူးချွန်ဆုံး' ဆိုသော သဘောကို ဆောင်သည့် စကားလုံးဖြစ်၏။ ဤသင်တန်း အလွန်အောင်မြင်ခဲ့သဖြင့် ကျောင်းအမည်ပင် 'ရှေးဗားမိုဖက်' ကျောင်းဟု အမည်ပြောင်းခဲ့ရသည်။ ဤကျောင်းမှ သိပ္ပံပညာချွန် ပုဂ္ဂိုလ်များစွာကို မွေးထုတ်ပေးနိုင်ခဲ့၏။

အစ္စရေး၏ စီးပွားရေး အံ့မခန်းအောင်မြင်လာမှုသည် ဤကဲ့သို့သော ပြည်ပမှ ဝင်ရောက်နေထိုင်သူပညာရှင်များ၏ ကျေးဇူးမကင်းလှပေ။ ၁၉၄၈ တွင် အစ္စရေးနိုင်ငံ ထူထောင်စဉ်၌ လူဦးရေ ၈၀၆,၀၀၀ သာရှိခဲ့၏။ ယခုမူ လူဦးရေ ၇.၁ သန်း ရှိနေပြီ။ နှစ် ၆၀ အတွင်းတွင် ကိုးဆမျှ တက်လာ၏။ ပထမ သုံးနှစ်အတွင်းမှာပင် လူဦးရေက နှစ်ဆတိုးခဲ့၏။ လူဦးရေ၏ သုံးပုံတစ်ပုံသည် နိုင်ငံရပ်ခြားတွင် မွေးဖွားကြီးပြင်းခဲ့သူများ ဖြစ်၏။ အမေရိကန်တွင် နေထိုင်ရာတွင် နိုင်ငံခြားသားတန်းနှင့် နှိုင်းယှဉ်လျှင် သုံးဆပိုများ၏။ ဂျူးလူမျိုး အစ္စရေးဆယ်ဦးတွင် ကိုးဦးမှာ တစ်ပြည်သူ တစ်ပြည်သားများ သို့မဟုတ် တစ်ပြည်သူ တစ်ပြည်သား၏ ပထမ သို့မဟုတ် ဒုတိယမျိုးဆက်များ ဖြစ်ကြ၏။

၁၉၉၄ တွင် အစ္စရေး၌ အလုပ်လုပ်နေသူ 'ဒေးဗစ်မက်ဝီလျံစ်' သည် အိုင်းရစ်လူမျိုး ဘောဂဗေဒပါရဂူ ဖြစ်၏။ သူက ယခုကဲ့သို့ ရှင်းပြ၏။

"ဘယ်နိုင်ငံမှာမဆို ရပ်ကွက်ထဲက လမ်းတွေလျှောက်သွားရင် အစားအစာအနံ့ရတာနဲ့ စားသောက်စားရင်းကြည့်တာနဲ့ ဘာလူမျိုးဆိုတာ သိနိုင်တယ်။ အစ္စရေးမှာတော့ ဒီလိုမဟုတ်ဘူး။ ယီမင်အစားအစာရော၊ ရုရှားစာရော၊ မြေထဲပင်လယ်စားစရာရော အကုန်စားကြတယ်။ ဘဂ္ဂဒက်၊ ဘာလင်၊ ဘော့စနီးယားက ထမင်းချက်တွေလည်း ဒီနိုင်ငံရောက်နေကြတော့ အစားအသောက်မျိုးစုံ ရောင်းကြ စားကြတာပေါ့"

အစ္စရေးနိုင်ငံတွင် ယခုအခါ လူမျိုးစုပေါင်း ၇၀ ကျော်ရှိ၏။ သူတို့၏ ယဉ်ကျေးမှုမျိုးစုံရှိ၏။ ၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ်အတွင်းတွင် ယခင်ဆိုဗီယက်ယူနီယံမှ လူပေါင်း ၈၀၀၀၀၀ အစ္စရေးသို့ ဝင်လာကြ၏။ ထိုအထဲမှ တစ်ဝက်ကျော်ကျော်သည် ပထမသုံးနှစ်အတွင်း ဝင်လာကြ၏။ အားလုံးပေါင်းလျှင် သူတို့သည် အစ္စရေးလူဦးရေ၏ ငါးပုံတစ်ပုံမျှအထိ ရှိလာကြ၏။ အမေရိကန်တွင်လည်း နောက်ထပ် ဆယ်စုနှစ်အတွင်း တိုင်းတစ်ပါးမှ လာရောက်နေထိုင်သူ ၆၂ သန်းရှိမည်ဟု ခန့်မှန်းထားကြ၏။

"ကျွန်တော်တို့ဟာ ဆိုဗီယက်ယူနီယံမှာ ရေရှည်နေလို့ မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဂျူးဆိုတာနဲ့ပဲ သူတို့က နှိမ်ချင်နေကြပြီ။ တစ်ခုခုသာအောင် အမြဲလုပ်နေရတယ်။ စစ်တုရင်၊ ဂီတ၊ သင်္ချာ၊ ဆေးပညာ၊ ဘဲလေး စသဖြင့် တစ်ခုခုမှာ သူမတူအောင် ထူးချွန်နေကာမှ နည်းနည်းအသက်ရှုချောင်တယ်။ နို့မို့ဆိုရင်တော့ အမြဲပင် သူများရဲ့နောက်က နေရတာ" ဟု 'ရှရန်စကီး'က ရှင်းပြ၏။

ဆိုဗီယက်လူဦးရေ၏ ၂ ရာခိုင်နှုန်းသည် ဂျူးများဖြစ်၏။ ထိုလူနည်းစုထဲမှ "သုံးဆယ်ရာခိုင်နှုန်းက ဆရာဝန်တွေ၊ နှစ်ဆယ်ရာခိုင်နှုန်းက အင်ဂျင်နီယာတွေပဲ" ဟု သူက ဆက်ပြော၏။

ဤသို့ ပြည်ပမှ လူများ အလုံးအရင်းနှင့် လိမ့်မဝင်လာမီကပင် အစ္စရေးသည် ပညာရှင်ပေါများပြီး နိုင်ငံဖြစ်ခဲ့၏။ ကမ္ဘာပေါ်တွင် လူတစ်ဦးခြင်းအလိုက် ကြည့်လျှင် အစ္စရေးနိုင်ငံသည် ဆရာဝန်အများဆုံးနိုင်ငံ ဖြစ်၏။ ထို့ကြောင့် ဆိုဗီယက်မှလာသော ဆရာဝန်များအဖို့ ချက်ချင်းအလုပ်ရဖို့ မလွယ်။ ဆေးဝါးကုသမှုပုံစံအသစ်၊ ဘာသာစကားအသစ်၊ ယဉ်ကျေးမှုအသစ်ထဲတွင် သူတို့ အံဝင်ဂွင်ကျ ချက်ချင်းနေ၍မရ။ အခြားသော အသက်မွေးဝမ်းကျောင်းပညာများလည်း ထိုနည်းတူ။

သို့သော် အစ္စရေးအစိုးရသည် သူတို့အတွက် အလုပ်ရှာပေး၏။ အသစ်ရောက်လာသူများအတွက် အိမ်ယာစီမံကိန်းများ အကောင်အထည်ဖော်ပေး၏။ ၁၉၉၀ ခုနှစ်များအလယ်ပိုင်းလောက်တွင် နိုင်ငံတကာ 'တက်ခ်' နည်းပညာများ အလွန်အမင်း ထွန်းကားလာရာ အစ္စရေးနိုင်ငံ၏ ပုဂ္ဂလိက နည်းပညာကဏ္ဍတွင်လည်း အင်ဂျင်နီယာတွေ များစွာလိုအပ်လာ၏။ ဤတွင် ရုရှားအင်ဂျင်နီယာများစွာ ဝင်လာ၍ အဆင်ပြေသွားသည်။ ဤသည်မှာလည်း အစ္စရေး၏ လူဝင်မှုကြိုးကြပ်ရေးပေါ်လစီ မှန်ကန်၍ ဖြစ်၏။ သူ့နိုင်ငံကို လာချင့်စဖွယ် ပြင်ဆင်ထား၏။ ပညာရှင်ကို ပညာရှင်လို အခွင့်အရေးပေး၏။ ဒါတွေက မက်လုံးကောင်းတွေ ဖြစ်၏။

'ဂီရိုဂရင်းစတိန်း' သည် ယခင်ဝန်ကြီးချုပ် 'အီဟွတ်ဘာရက်' ၏ အကြံပေးပုဂ္ဂိုလ်ဖြစ်၏။ သူသည် ၂၀၀၀ ပြည့်နှစ်က ဒေးဗစ်စခန်းတွင် ကျင်းပခဲ့သော 'ဘီလ်ကလင်တန်' နှင့် 'ယာဆာအာရာဖတ်' ဆွေးနွေးပွဲတွင် ညှိနှိုင်းရေးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်၏။ သူသည် 'ရိုက် တက္ကသိုလ်' တွင် သူ၏ ကိုယ်ပိုင်ပညာရှင်အဖွဲ့ကို တည်ထောင်ထားကာ ခရစ်နှစ် ၂၀၂၀ ၌ ကမ္ဘာ့အချမ်းသာဆုံး ၁၅ နိုင်ငံစာရင်းတွင် အစ္စရေးနိုင်ငံ ပါဝင်ရေးကို လုံးပန်းအားထုတ်ပေးနေသူဖြစ်၏။

"တိုင်းတစ်ပါးမှ ဝင်ရောက်နေထိုင်ကြသူများသည် ကောင်းကျိုးမပေးသူများ မဟုတ်။ သူတို့ကို စွန့်စားယူဆောင်လာသူများဟုပင် အမိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ တစ်ပြည်သူတစ်ပြည်သားတို့၏ နိုင်ငံသည် စွန့်စားတီထွင်လုပ်ငန်းရှင်များ၏ နိုင်ငံပင် ဖြစ်၏" ဟု 'ဂီဒီဂရင်းစတိန်း' က မှတ်ချက်ချဖူး၏။

'ပိုမိုကောင်းမွန်သောနေရာ' လုပ်ငန်းကို တည်ထောင်ခဲ့သူ 'ရှေးအဂ္ဂါဆီ' သည် အီရတ်နိုင်ငံသားတစ်ဦး၏ သားဖြစ်၏။ သူ့ဖခင် 'ရှူဗင်အဂ္ဂါဆီ' သည် မိသားစုနှင့်အတူ အီရတ်၏ တောင်ပိုင်းမြို့တော် 'ဘာစရာ' မှ ထွက်ပြေးခဲ့၏။ ထိုအချိန်က 'ရှေးအဂ္ဂါဆီ' က ကိုးနှစ်သားပဲ ရှိသေး၏။ အီရတ်အစိုးရက သူတို့၏ စီးပွားဥစ္စာများကို သိမ်းပိုက်ခဲ့၏။ သူတို့ကိုပါ တရားစွဲဆိုဖမ်းဆီးမည်လုပ်၍ ထွက်ပြေးခဲ့ရခြင်း ဖြစ်၏။ 'ဘဂ္ဂရပ်' တွင်လည်း နေရထိုင်ရ မလုံခြုံ။

"ကျွန်တော့်အဖေ (ရှေး၏အဘိုး)က ဘာဘရာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှာ စာရင်းကိုင် လုပ်ပါတယ်။ ကျွန်တော်တို့က နေ့တိုင်း အသက်ကိုဖက်နဲ့ ထုပ်ထားရတယ်။ ဒါနဲ့ အဂ္ဂါဆီတို့က အီရတ်စစ်ပြေးဒုက္ခသည် ၁၅၀,၀၀၀ တို့နဲ့အတူ ထွက်ပြေးပြီး ၁၉၅၀ မှာ အစ္စရေးရောက်ခဲ့တာပါ" ဟု 'ရှဗင်'က ပြော၏။

အစ္စရေးနိုင်ငံသည် လူဝင်မှုကြီးကြပ်ရေးပေါ်လစီတွင် လစ်ဘရယ်ကျအောင် ရေးဆွဲပြဋ္ဌာန်းခဲ့၏။ ၁၉၅၀ တွင် အစိုးရသစ်က 'ပြန်လည်ရောက်ရှိလာမှုဥပဒေ' ကို ကြေညာ၏။ ဤဥပဒေအရ 'ဂျူးတိုင်းသည် ဤနိုင်ငံသို့ လာခွင့်ရှိသည်' ဟု ပြဋ္ဌာန်းထား၏။ အရေအတွက် ပမာဏကို ထည့်သွင်းဖော်ပြထားခြင်း မပြု။

ဥပဒေတွင် 'ဂျူးဆိုသည်မှာ ဂျူးလူမျိုးမိခင်မှ မွေးဖွားလာပြီး ဂျူးဒါဝါဒကို သက်ဝင်ယုံကြည်သူ' ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ နိုင်ငံသားအဆင့်ကို ဂျူးလူမျိုး။ ဂျူးမဟုတ်သော ဇနီးမှ မွေးသူများ၊ ဂျူးမဟုတ်သော ကလေးများ၊ ဂျူး၏မြေးများ၊ သူတို့၏ဇနီးများကိုလည်း နိုင်ငံသားအဆင့် ပေး၏။

အမေရိကတွင် လူတစ်ဦးတစ်ယောက်သည် နိုင်ငံသားဖြစ်ခွင့်ရရန် လျှောက်ထားဖို့ ငါးနှစ်စောင့်ရ၏။ (ဇနီးက အမေရိကန်နိုင်ငံသားဖြစ်လျှင် သုံးနှစ်စောင့်ရ၏) အစ္စရေးနိုင်ငံတွင် နိုင်ငံသားသည် နိုင်ငံသို့ရောက်သည့်နေ့မှစ၍ ဖြစ်၏။ မည်သည့်ဘာသာစကားပြောသူကိုမဆို လက်ခံ၏။ အစစ်အဆေးများ မရှိ။

အစ္စရေးတို့သည် ဟီဘရူးဘာသာစကားဖြင့် အခြားဘာသာစကား တစ်ခုကိုလည်း ပြောတတ်ကြ၏။ ထိုဘာသာစကားမှာ သူတို့ ဤနိုင်ငံသို့ ရောက်ရှိလာချိန်တွင်ပြောသော ဘာသာစကား ဖြစ်၏။ အစ္စရေးနိုင်ငံတွင် စပိန်စကားပြောသူ၊ စပိန်သတင်းစာလည်း ရှိ၏။ ဂျာမန်ဘာသာစကား ပြောချင်လျှင်လည်း ပြော၍ရသော ကော်ဖီဆိုင်များ ရှိ၏။ ဂျာမန်ဘာသာမှ ရေးကျသော ဂျာမန်ဘာသာစကား ပြောတတ်သူများပင် ရှိ၏။ ရပ်ကွက်ထဲတွင် ရုရှားဘာသာစကားဖြင့် ရေးထားသော ဆိုင်းဘုတ်များ၊ ဆိုင်များ ရှိ၏။ ရုရှားဘာသာစကားဖြင့် ထုတ်သော သတင်းစာများရှိ၏။ ရုရှားဘာသာစကားပြော ရပ်မြင်သံကြားလိုင်းပင် ရှိသေးသည်။

'ရှေး'တို့ 'ရှဗင်အဂ္ဂါဆီ'တို့ကဲ့သို့ပင် အစ္စရေးလူမျိုး သန်းပေါင်းများစွာသည် အာရပ်မူစလင်ကမ္ဘာမှ လာသူများ ဖြစ်ကြ၏။ အစ္စရေးနိုင်ငံလွတ်လပ်ရေးရချိန်တွင် ဂျူး ၅၀၀,၀၀၀ တို့သည် အာရပ်မူစလင်နိုင်ငံများတွင် နေကြ၏။ ထိုနိုင်ငံများတွင် ရာစုနှစ်ပေါင်းများစွာ အခြေစိုက်နေထိုင်ကြသူများ ဖြစ်ကြသည်။ သို့သော် အာရပ်မျိုးချစ်ဝါဒလှိုင်းသည် ထိုနိုင်ငံများစွာတွင် ရိုက်ခတ်ခဲ့ရာ ဂျူးများက ထွက်ပြေးရသည်အထိ အခြေအနေဆိုးသည် ဒုတိယကမ္ဘာစစ်အတွင်းတွင် ရောက်လာ၏။ ထိုပြေးလာသူအများစုသည် အစ္စရေးတွင် သောင်တင်ကြ၏။

အစ္စရေးနိုင်ငံတွင် မဲရွေးပွဲများ၌ လွှတ်တော်ကိုယ်စားလှယ်လောင်းများအများစု ကတိပေးတတ်ကြသည်မှာ သူတို့ အရွေးချယ်ခံသက်တမ်းအတွင်း 'ပြည်ပမှလူပေါင်း သန်းချီ၍ လက်ခံဦးမည်' ဆိုသော ကတိစကားပင် ဖြစ်သည်။

အီသီယိုးပီးယားမှ လေယာဉ်နှင့် တင်ခေါ်လာမှုအပြင် ၁၉၄၉ နှင့် ၁၉၅၀ ကြားတွင် 'ကော်ဇောပျံစစ်ဆင်ရေး'ဟူသောအမည်ဖြင့် အစ္စရေးအစိုးရသည် ယီမင်နိုင်ငံမှ ဂျူး ၄၉၀၀၀ ကို အစ္စရေးသို့ ဗြိတိသျှလေယာဉ်၊ အမေရိကန်လေယာဉ်တို့ဖြင့် တင်သွင်းလာခဲ့သည့် သာဓကများလည်း ရှိ၏။ အလွန်ဆင်းရဲသောဂျူးများသည် အစ္စရေးနိုင်ငံသို့ လာရန် လမ်းစရိတ်မျှပင်မရှိရာ နိုင်ငံတော်၏ အစီအစဉ်ဖြင့် ခေါ်ယူပေးခြင်း ဖြစ်၏။

သို့သော် လူဝင်မှုကြီးကြပ်ရေးနှင့်ပတ်သက်၍ လူသိအနည်းဆုံးကိစ္စကား ဒုတိယကမ္ဘာစစ်အပြီး ရိုမေနီးယားတွင် ဖြစ်၏။ ဂျူးလူမျိုး ၃၅၀,၀၀၀ သည် ၁၉၄၀ ခုနှစ်နှောင်းပိုင်းကပင် ရိုမေးနီးယားတွင် နေထိုင်ကြသည်။ အချို့က ပါလက်စတိုင်းသို့ ထွက်ပြေးကြ၏။ ကွန်မြူနစ်အစိုးရက အစ္စရေးသို့ သွားချင်သူများအတွက် ရိုမေးနီးယားရေနံစက်ရုံတွင် ပိုက်လိုင်းများတူးဖော်ရေးကို လုပ်ပေးသူများကိုသာ ခွင့်ပြုသည်။ ၁၉၆၀ ခုနှစ်များက ရိုမေးနီးယား အာဏာရှင် 'နီကိုလေချောင်ဆက်စကူး'က ပြည်ပသို့ ထွက်ခွာလိုသူ ဂျူးများထံမှ ငွေကြေးများများရယူပြီးမှ ခွင့်ပြုခဲ့၏။ ၁၉၆၈ မှ ၁၉၈၉ အတွင်း အစ္စရေးအစိုးရက 'ချောင်ဆက်စကူး'အား ဂျူးလူမျိုး ၄၀,၅၇၇ ထွက်ခွင့်ရရေးအတွက် ဒေါ်လာ ၁၁၂,၄၉၈,၈၀၀ ပေးခဲ့ရသည်။ ဂျူးတစ်ယောက်လျှင် အမေရိကန်ဒေါ်လာ ၂,၇၇၂ နှုန်း ဖြစ်၏။

အစ္စရေးပြည်သို့ ဝင်ရောက်လာသူများကို ဘာသာစကားသင်တန်း ပေးခြင်းသည် ဦးစားပေးအစီအစဉ် ဖြစ်၏။ အသစ်ဝင်ရောက်လာသူများကို ဟီဘရူးဘာသာ တစ်နေ့လျှင် ၅ နာရီ၊ အနည်းဆုံး ၆ လ သင်ပေး၏။ ဘာသာစကား သင်ယူနေစဉ်တွင် ထောက်ပံ့ကြေးလည်း ပေး၏။ ထို့ကြောင့် အသစ်ဝင်ရောက်လာသူများသည် စားဝတ်နေရေးအတွက် ပူပင်ကြောင့်ကြ နေစရာမလိုဘဲ ဘာသာစကား စိတ်အေးလက်အေး သင်ခွင့်ရကြ၏။

ပညာရေးဝန်ကြီးဌာနကလည်း နိုင်ငံခြားဘွဲ့များကို သုံးသပ်ရေးဌာန ထားရှိကာ၊ အခြားနိုင်ငံများမှ ဘွဲ့ရလာသူများနှင့် အစ္စရေးလုပ်ငန်းရှင်များကို ဆက်သွယ် အလုပ်ရှာပေး၏။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လည်း အရင်းအနှီးရရန် ဝန်ကြီးဌာနများက ကူညီကြ၏။

ပုဂ္ဂလိက အစ္စရေးလူမျိုးတို့ကလည်း အကူအညီပေးတာမျိုးတွေ ရှိ၏။ ဥပမာ- 'အက်ရှာအီလီးယပ်စ်' ဆိုလျှင် အီသီယိုးပီးယားလူမျိုးတို့အတွက် အစ္စရေးရှိ ဟိုင်းတက်စက်ရုံများတွင် အလုပ်လုပ်၍ အနာဂတ်ရှိသည်ဟု ယုံကြည်၏။ 'အီလီးယပ်စ်'မိဘများသည် ၁၉၆၀ ခုနှစ်များက အီသီယိုးပီး ယားမှ ရောက်လာကြ၏။ အီသီယိုးပီးယားဂျူးများ အလုံးအရင်းနှင့် အစ္စရေး သို့ ရောက်မလာခင် နှစ် ၂၀ က ဖြစ်သည်။ 'အက်ရှာ'၏ အစ်မကြီး 'ရီနာ'သည် အစ္စရေးတွင် ပထမဆုံးမွေးသော အီသီယိုးပီးယား-အစ္စရေး ကပြား ဖြစ်၏။

ဂျေရုစလင်ရှိ စီးပွားရေးအုပ်ချုပ်မှုတက္ကသိုလ်မှ ဘွဲ့ရပြီးနောက် 'အီလီး ယပ်စ်'သည် ဟိုင်းတက်စက်ရုံတစ်ခုတွင် အလုပ်ရ၏။ ထိုနောက် 'ဆယ် လာ' တက္ကသိုလ် ဆက်တက်၏။ ထို့နောက် ဆော့ဖ်ဝဲလ်အင်ဂျင်နီယာ ဆက်လေ့လာသည်။ အစ္စရေးနိုင်ငံရှိ ဟိုင်းတက်နည်းပညာတွင် ထိုစဉ်က လုပ်ကိုင်သူ အီသီယိုးပီးယား လေးဦးသာ ရှိ၏။

'အီသီယိုးပီးယားလူမျိုးတွေအတွက် အခွင့်အရေး မရှိကြဘူး၊ ဟိုင်း တက်ပိုင်းကို ဝင်ဖို့အတွက် ကွန်ပျူတာသိပ္ပံ တတ်ထားမှရမယ်၊ အီသီယိုး ပီးယားတွေက တက္ကသိုလ်ဝင်တန်း အောင်နိုင်ဖို့လည်း အရည်အချင်း မရှိ ကြဘူး၊ အဲဒါတောင်မှ ထိပ်တန်းတက္ကသိုလ်တွေ တက်ခွင့်ရမှာကိုး၊ ပုဂ္ဂလိက ကောလိပ်တွေကျတော့ ဈေးက သိပ်ကြီးတယ်''

'အီးလီးယပ်စ်'က ကွဲပြားခြားနားသော လမ်းတစ်ခုကို မြင်လိုက်၏။ ထို့ကြောင့် အမေရိကန်အင်ဂျင်နီယာတစ်ဦးနှင့်အတူ ၂၀၀၃ ခုနှစ်တွင် 'တက်ခ်ကယ်ရီယာ' ဆိုသော အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းတစ်ခုကို တည်ထောင်ခဲ့၏။ ဟိုင်းတက်စက်ရုံများတွင် အီသီယိုးပီးယားများ အလုပ်ရှာပေးရန် စခန်းထောက်တစ်ခု ဖြစ်၏။

'ဘင်ဂူရီးယန်း'သည် နိုင်ငံတော် မတည်ထောင်မီကရော၊ တည်ထောင်ပြီးနောက်ပိုင်းတွင်ပါ လူဝင်မှုကြီးကြပ်ရေးကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းစဉ်အဖြစ် အရေးထားခဲ့၏။ ပြည်ပမှ လာရောက်နေထိုင်သော ဂျူးတို့သည် နိုင်ငံကို အခြေခိုင်အောင် စိုက်ထူပေးမည့်လူများ၊ အစ္စရေးစစ်ပွဲတွင် ပါဝင်တိုက်ခိုက်ပေးမည့်လူများ၊ နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုမည့်လူများဟု သူက ယုံကြည်၏။ သူ့အမြင်များ မှန်ကန်ကြောင်း ယနေ့ကာလတွင် မျက်မြင်ဒိဋ္ဌ ဖြစ်နေလေပြီ။

❖

## အခန်း (ရှစ်)
## လေယာဉ်များကို ခိုးထုတ်ခန်း

ဂျေဆင်နဲ့အတူ ရွက်လွှင့်သွားပြီး ရွှေရောင်သန်းပိုးကို ရှာတဲ့ ဂရိလူမျိုးတွေလိုပါပဲ။ ကွန်ပျူတာပညာရှင်တွေက နိုင်ငံခြားမှာ မွေးခဲ့တဲ့သူတွေ၊ နည်းပညာ သိပ်ကျွမ်းကျင်တဲ့ စွန့်စားတီထွင်လုပ်ငန်းရှင်တွေ။ သူတို့က ဆီလီကွန်တောင်ကြားနဲ့ သူတို့ရဲ့ ဌာနေနိုင်ငံတွေကို လူးလာခေါက်ပြန် ခရီးသွားနေကြသူတွေပဲ···

***အင်နာလီးဆက်စီနီယန်း***

"ဒီနေ့ ကျွန်တော်တို့က တီထွင်ဆန်းသစ်မှုမှာ အကြီးမားဆုံးခုန်ပေါက်မှုတစ်ခုကို လုပ်နေတာပဲ" ဟု 'ဂျွန်ချိန်းဘားစ်'က ၂၀၀၄ စစ်စကိုညီလာခံတွင် ကြိုးမဲ့မိုက်ခရိုဖုန်းဖြင့် ပြောနေ၏။ သူသည် စစ်စကိုကုမ္ပဏီ၏ အကြီးအကဲဖြစ်၏။ သူ့ကုမ္ပဏီသည် ဂျင်နရယ်အီလက်ထရစ်ထက် ဈေးကွက်တန်ဖိုးပိုကြီး၏။ ၅၄ နှစ်အရွယ် 'ဂျွန်ချိန်းဘားစ်'၏ ဟန်အမူအရာမှာ ကခုန်နေသလား ထင်ရအောင် ရွှင်လန်းသွက်လက်လွန်းလှ၏။

'ချိန်းဘားစ်'သည် ပြောရင်းဆိုရင်းက သေတ္တာကြီးတစ်ခုကို သွားဖွင့်ပြ၏။ ထိုအထဲမှ ရုပ်ထွေးပုံရသော သေတ္တာသုံးလုံးထွက်လာ၏။ တစ်ခုစီသည် အရွယ်အစားရော၊ ပုံသဏ္ဍာန်ပါ ရေခဲသေတ္တာနှင့်တူ၏။ ဤသည်မှာ 'စီအာရ်အက်စ်-၁'၏ အောင်မြင်မှုပင် ဖြစ်သည်။

ဤသည်မှာ 'ရူတာ'ပင်ဖြစ်၏။ လူများစုသည် 'ရူတာ'အကြောင်း မသိကြသေးသဖြင့် 'ချိန်းဘားစ်'၏ စိတ်လှုပ်ရှားမှုကို သိပ်ပြီး တုံ့ပြန်မှု မရှိကြ။ 'ရူတာ'သည် ကွန်ပျူတာနှင့် အင်တာနက်ကို အသုံးပြုရန် ချိတ်ပေးသော ယခင် 'မိုဒမ်'မျိုးဖြစ်၏။ 'အင်တာနက်'သည် သတင်းအချက်အလက်များကို စုဆောင်းထားသော ရောမမြစ်တစ်စင်း ဖြစ်အံ့။ 'ရူတာ' သည် မြစ်လက်တက်များနှင့် တူ၏။ ၎င်းတို့သည် အင်တာနက်တစ်ခုလုံး၏ ဆန့်ဝင်မှုအားကို ဆုံးဖြတ်ပေးသောနေရာပင် ဖြစ်၏။

ကုမ္ပဏီများထဲမှ အနည်းငယ်သာ 'ရူတာ' ထုတ်လုပ်နိုင်၏။ စစ်စကိုသည် မိုက်ခရိုဆော့ဖ်နှင့် တူ၏။ 'အင်တဲယ်လ်'က 'ချစ်ပ်စ်'အတွက်ဖြစ်ပြီး၊ 'ဂူဂဲယ်လ်'က 'အင်တာနက်ရှာဖွေမှု'များအတွက် ဖြစ်သည်။ 'စီအာရ်အက်စ်-၁' ဖြစ်ပေါ်ရန် အချိန် ၄ နှစ်ကြာပြီး ဒေါ်လာသန်း ၅၀၀ ကုန်၏။ ၎င်းသည် ကမ္ဘာပေါ်တွင် အမြန်ဆုံး 'ရူတာ'အဖြစ် 'ဂင်းနစ်စ်ကမ္ဘာ့အံ့ဖွယ်မှတ်တမ်း'စာအုပ်တွင် ထည့်သွင်းခြင်းခံရ၏။

'ကျွန်တော်က ဝိုင်ယာလက်ကွန်ယက်ကို အိမ်မှာတပ်ထားတာ၊ တစ်စက္ကန့်ကို ၅၄ မီဂါဘိုက်ရတာ သိပ်ကျေနပ်လှပြီ၊ အခုက ၉၂ တာရာဘိုက်လေ၊ သိပ်ကို အံ့သြစရာကောင်းတာပဲ' ဟု သိပ္ပံနှင့်နည်းပညာအယ်ဒီတာ 'ဒေးဗစ်ဟော့က်ဆက်'က ပြောသည်။

'တာရာဘိုက်' ဆိုသည်မှာ 'ထရီလျံ'ကို ခေါ်၏။ တာရာဘိုက်တစ်ခုသည် မီဂါဘိုက် တစ်သန်းနှင့်ညီ၏။ စစ်စကို၏ အဆိုအရ စီအာရ်အက်စ်-၁သည် အမေရိကန်ကွန်ဂရက်စာကြည့်တိုက်အတွင်းရှိ စာအုပ်အားလုံးကို ၄.၆ စက္ကန့်အတွင်း အကုန်ထည့်သွင်းနိုင်သည်ဟု သိရ၏။ ဤအလုပ်မျိုး လုပ်ရန် လက်လှည့်မိုဒမ်က ၈၂ နှစ် ကြာလိမ့်မည်။

စီအာရ်အက်စ်-၁ ၏ အရှင်သခင်မှာ အစ္စရေးလူမျိုး 'မိုက်ကယ်လ်လာအော' ဖြစ်၏။ သူသည် အစ္စရေးနိုင်ငံ၊ 'ဘီယာရှိတာ'ရှိ 'ဘင်ဂူးရီးယန်းတက္ကသိုလ်'မှ စက်မှုအင်ဂျင်နီယာဘွဲ့ကို ရရှိခဲ့ပြီး ကာလီဖိုးနီးယားရှိ စစ်စကိုတွင် ၁၁ နှစ်ကြာ အလုပ်လုပ်ခဲ့၏။ နောက်ဆုံးတွင် သူသည် စက်မှုနှင့်ဗိသုကာဌာန ညွှန်ကြားရေးမှူးဖြစ်လာ၏။ ၁၉၉၇ တွင် သူသည် အစ္စရေးနိုင်ငံသို့ ပြန်ရန် ဆုံးဖြတ်လိုက်၏။ သူ့ကဲ့သို့သော ထိပ်တန်းအင်ဂျင်နီယာ

တစ်ဦး ဆုံးရှုံးမည့်အစား တစ်ခုခုတော့ ရအောင်လုပ်မည်ဆိုကာ စစ်စကိုက သူ့ကို သုတေသနဌာနတစ်ခု အစ္စရေးတွင် ဖွင့်ခွင့်ပေးခဲ့၏။ ဤသည်မှာ အမေရိက၏ ပြင်ပတွင် ပထမဆုံးဖွင့်ခွင့်ရသော ကုမ္ပဏီဖြစ်၏။

ထိုအချိန်တွင် အင်တာနက်ကလည်း သိပ်ခေတ်မစားသေးရာ 'စီအာရ် အက်စ်-၁' ကဲ့သို့သော 'ရှုတာ' တည်ထွင်ရန် 'လာအော'၏အကြံကို လူတွေက သိပ်စိတ်မဝင်စားကြ။

"ခင်ဗျားက ဝါးနိုင်တာထက် ပိုကိုက်နေတဲ့သူပဲ၊ ဒါမျိုးကို ဘယ်သူ က လိုချင်မှာတဲ့တုံး" ဟု သူ့ကို မေးကြသူများ၏။

'လာအော'ကမူ မလျှော့။ သူက ဆက်တိုးလုပ်၏။ 'စီအာရ်အက်စ်- ၁'သည် ကုမ္ပဏီ၏ အကြီးဆုံးစီမံချက်ဖြစ်၏။ ကုမ္ပဏီတစ်ခုလုံးပင် ပုံသြ လုပ်ရသည်။ ၂၀၀၄ ညီလာခံတွင်တော့ ထိုစီမံချက် အကောင်အထည်ပေါ် လာပြီ။ 'ရှုတာ'တစ်ခုကို ဒေါ်လာ ၂ သန်းဖြင့် ရောင်းရ၏။ ၂၀၀၄ အကုန်တွင် ၆ လုံးရောင်းရ၏။ ၂၀၀၈ ဧပြီတွင်မူ 'စီအာရ်အက်စ်-၁' ရောင်းနှုန်းသည် ၉ လမပြည့်မီတွင် နှစ်ဆ တိုးခဲ့၏။

၂၀၀၈ တွင် လာအောကုမ္ပဏီသည် ၁၀ နှစ်အတွင်း အလုပ်သမား ၇၀၀ ရှိလာ၏။ စစ်စကိုကုမ္ပဏီက အစ္စရေးမှ လုပ်ငန်း ၉ ခုကို ဝယ်ခဲ့သည်။ ကမ္ဘာပေါ်တွင် စစ်စကိုအနေနှင့် အစ္စရေးလောက် ဘယ်နိုင်ငံမှ မဝယ်ခဲ့။ ရင်းနှီးမြှုပ်နှံမှုကို ဒေါ်လာသန်း ၁၅၀ မြှုပ်နှံခဲ့၏။ စစ်စကိုက အစ္စရေးကုမ္ပဏီ များတွင် ဝယ်ယူမြှုပ်နှံမှုမှာ ဒေါ်လာ ၁.၂ ဘီလျံရှိ၏။

အစ္စရေးကာကွယ်ရေးတပ်မတော် ထောက်လှမ်းရေးတပ် နည်းပညာ တပ်ဖွဲ့ တပ်ရင်း ၈၂၀၀ မှ ကျောင်းဆင်း 'ယိုအပ်ဖ်ဆာမက်'သည် ယခု အခါ စစ်စကို၏ ရောင်းချဝယ်ယူရေးဌာနတွင် တာဝန်ယူနေကာ အစ္စရေး၊ ယခင် ဆိုဗီယက်ယူနီယံနှင့် ဥရောပအလယ်ပိုင်းတို့သို့ ပစ္စည်းများ တင်ပို့ နေသည်။ အစ္စရေးရှိ စစ်စကိုကုမ္ပဏီသည် ပင်လယ်ရပ်ခြားများတွင်လည်း ဌာနခွဲများရှိရာ အိန္ဒိယနှင့် တရုတ်ပြည်တို့တွင်ပါ ဖွင့်လှစ်ထား၏။

စစ်စကိုသည် အစ္စရေးတွင်သာ အမြောက်အများ ရင်းနှီးမြှုပ်နှံထား ရာ အစ္စရေးပညာရှင်အဖွဲ့သည် အဓိကလက်သည်းခြေသည်း ဖြစ်နေ၏။ ဤသည်မှာလည်း 'မိုက်ကယ်လာအော'၏ အစ္စရေးသို့ပြန်လာကာ လုပ်ငန်း

ထူထောင်မှုက အခရာဖြစ်၏။ 'လာအော'က နည်းပညာနှင့် အတွေ့အကြုံများကို အမေရိကမှယူလာကာ သူ့နိုင်ငံအတွက်ရော၊ သူ့ကုမ္ပဏီအတွက်ပါ အကျိုးကျေးဇူးများစွာ ပြုခဲ့၏။

'ဦးနှောက်ယိုစီးမှု ဆိုတာ တစ်ဖက်ပိတ်လမ်း မဟုတ်ဘူး၊ အသုံးချတတ်ရင် ချတတ်သလောက် အကျိုးရှိတယ်' ဟု 'မိုက်ကယ်လာအော' က ပြော၏။ ဤပုံစံမျိုးကို 'ဦးနှောက်လှည့်ပတ်စီးဆင်းခြင်း' ဟုခေါ်၏။ ဉာဏ်ပညာထက်မြက်သော ပါရမီရှင်များက နိုင်ငံရပ်ခြားတွင် နေထိုင်ပညာဆည်းပူးပြီး မိမိနိုင်ငံကို ပြန်လာကြသည်မှာ ဆုံးရှုံးမှုမရှိဟု သူက ပြော၏။

'တရုတ်၊ အိန္ဒိယနဲ့ အစ္စရေးတို့က လွန်ခဲ့တဲ့ ဆယ်စုနှစ်က ရင်းနှီးမြှုပ်နှံမှု ဒါမှမဟုတ် နည်းပညာအပြည့်အဝတွေ ဆည်းပူးရရှိခဲ့တယ်၊ အဲဒီသုံးနိုင်ငံလုံးက ပြည်ပရောက်ခေါင်းဆောင်မှုတွေနဲ့ သူတို့ အောင်မြင်မှုနဲ့က ဆက်စပ်နေတယ်' ဟု 'ရစ်ချတ်ဒီဗိန်း'က ကမ္ဘာ့ဘဏ် သုတေသနအစီရင်ခံစာတစ်ခုတွင် ရေးခဲ့၏။

'ယူစီဘတ်ကလေ'၏ စီးပွားရေးရာပထဝီပညာရှင် 'အင်နာလီးဆက်ဇင်နီးယန်း'က 'ဂျေဆင်နဲ့အတူ ရွက်လွှင့်သွားပြီး ရွှေရောင်သန်းပိုးကို ရှာတဲ့ဂရိလူမျိုးတွေလိုပါပဲ၊ ကွန်ပျူတာပညာရှင်တွေက နိုင်ငံခြားမှာ မွေးခဲ့တဲ့သူတွေ၊ နည်းပညာ သိပ်ကျွမ်းကျင်တဲ့ စွန့်စားတီထွင်လုပ်ငန်းရှင်တွေ၊ သူတို့က ဆီလီကွန်တောင်ကြားနဲ့ သူတို့ရဲ့ဌာနေနိုင်ငံတွေကို လူးလာခေါက်ပြန်ခရီးသွားလာနေကြသူတွေပဲ' ဟု ရေးခဲ့၏။ သူဆိုလိုသည်မှာ တရုတ်၊ အိန္ဒိယ၊ တရုတ်(တိုင်ပေ)နှင့် အစ္စရေးတို့မှ ပုဂ္ဂိုလ်များကို ရည်ညွှန်းခြင်း ဖြစ်၏။ အထူးသဖြင့် နောက်ဆုံးနှစ်နိုင်ငံကို ပိုဖောင်းပေးပြောခြင်း ဖြစ်၏။ ထိုနှစ်နိုင်ငံသည် 'တီထွင်ဆန်းသစ်မှုလုပ်ရာတွင် အရေးကြီးသော ကမ္ဘာလုံးဆိုင်ရာဌာနများ' ဖြစ်နေကြ၍ ဖြစ်သည်။ ထိုနှစ်နိုင်ငံသည် ဂျာမနီနှင့် ပြင်သစ်တို့ကဲ့သို့ အရွယ်ပမာဏကြီးမားပြီး ချမ်းသာကြွယ်ဝသော နိုင်ငံကြီးများထက် 'တီထွင်ဆန်းသစ်မှု' လုပ်ရာတွင် အပုံကြီးသာ၏။ ထိုသို့တီထွင်လုပ်ကိုင်သူ အများစုသည် ဆီလီကွန်တောင်ကြားတွင် နေထိုင် ပညာဆည်းပူးခဲ့ကြသူများ ဖြစ်၏။ ၈၀ ခုနှစ် နောက်ပိုင်းများမှစ၍ အစ္စရေးနှင့် ထိုင်ဝမ်ပညာရှင်များ ရောက်ခဲ့

ကြရာ၊ ၉၀ ခုနှစ်များကျမှ အိန္ဒိယနှင့် တရုတ်တို့ ရောက်လာကြခြင်း ဖြစ်၏။

စစ်စကိုမှ 'မိုက်ကယ်လာအော' နှင့် အင်တဲယ်လ်မှ 'ဒိဖ်ဖရိုမင်'တို့ သည် တကယ့်ထူးခြားသော ဂန္တဝင်ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြ၏။ သူတို့က ထိပ်တန်း နည်းပညာများကို စိတ်ကြိုက် ဆည်းပူးခဲ့ကြပြီးနောက် မိမိဇာတိ မြေသို့ ပြန်လာကာ အကျိုးပြုကြသူများ ဖြစ်၏။

အစ္စရေးနိုင်ငံသားများသည် နိုင်ငံခြားတွင် သွားအလုပ်လုပ် ပညာ ဆည်းပူးပြီးမှ မိမိနိုင်ငံကို ပြန်လာကာ အကျိုးပြုကြခြင်းသည် 'ဦးနှောက် လှည့်ပတ်စီးဆင်းခြင်း'ဖြစ်ပြီး တီထွင်ဆန်းသစ်မှု ဂေဟစနစ်ကို အစ္စရေးနှင့် 'ဒိုင်ယာ့စ်ပိုရာ' ချိတ်ဆက်ပေးခြင်းလည်း ဖြစ်၏။ 'ဒိုင်ယာ့စ်ပိုရာ' ကွန်ယက် နောက်တစ်ခုမှာ အစ္စရေးဂျူးမဟုတ်သော ဒိုင်ယာ့စ်ပိုရာ ဖြစ်၏။

အစ္စရေးသည် 'ဒိုင်ယာ့စ်ပိုရာ' ကွန်ယက်များကို အခြားနိုင်ငံများသို့ ဖြန့်ကျက်ခဲ့၏။ အိုင်ယာလန်မှ အိန္ဒိယနှင့် တရုတ်တို့အထိ။ ဤသို့ လုပ်ကိုင် ရာတွင် အောင်မြင်ခဲ့၏။ တရုတ်၏ 'ဒိုင်ယာ့စ်ပိုရာ'သည် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ၇၀%ကို တရုတ်ပြည်တွင် တည်ထောင်ခြင်းဖြစ်ပြီး အိန္ဒိယ၏ 'ဒိုင်ယာ့စ်ပိုရာ'ကမူ သူ့နိုင်ငံ၏ ဟိုင်းတက်အပေါ်ယံအလွှာကို တည်ထောင် ရန် ကူညီထောက်ပံ့ခြင်း ဖြစ်၏။

နိုင်ငံ၏စီးပွားရေးနှင့် တရားဥပဒေစနစ်သည် မဖွံ့ဖြိုးချိန်တွင် ပြုလုပ် ခြင်းဖြစ်၏။ ဤနေရာတွင် အစ္စရေးနှင့်ခြားနား၏။ အမေရိကန်-ဂျူးကပြား ရင်းနှီးမြှုပ်နှံသူများသည် အစ္စရေးစီးပွားရေးကို မတို့မထိကြ။ အစ္စရေး မအောင်မြင်မချင်း လက်ပိုက်ကြည့်နေကြ၏။ ထိုအခါကျမှ ဒိုင်ယာ့စ်ပိုရာ ဂျူးများသည် အစ္စရေးကို စီးပွားရေးလုပ်ရန် ကောင်းသောနေရာဟု စ,ကြည့် လာကြသည်။ ကရုဏာတရားတို့၊ လူလူချင်းငဲ့ညှာမှုတို့ကြောင့် လာလုပ် ကြသည်မဟုတ်။

အစ္စရေးနိုင်ငံသည် ၎င်း၏ 'ဒိုင်ယာ့စ်ပိုရာ'အသိုက်အဝန်းအား သူ၏ စီးပွားရေးတွင် မည်သို့အသုံးချရန် ကြံစည်ရ၏။ ဤသည်မှာ အစ္စရေးနိုင်ငံ၏ တည်ထောင်ကာစ လေတပ်မတော်အတွေ့အကြုံကို နမူနာယူခြင်း ဖြစ်၏။

၁၉၅၁ တွင် မြောက်ဝင်ရိုးစွန်းသို့ အစ္စရေးလေယာဉ်ပျံသန်းမှုသည် အစ္စရေးလေကြောင်းခရီး၏အစ ဖြစ်၏။ ထိုသို့ဖြင့် အစ္စရေး၏ အမျိုးသားလေကြောင်းခရီးစဉ်သစ်ကို တည်ထောင်ရန် အခြေပြုခဲ့၏။ နောင်တွင် အစ္စရေးသမ္မတဖြစ်လာမည့် 'ရှိမွန်ပဲရိဇ်'သည် ၁၉၅၁ က ဂျူးနိုင်ငံသစ်၏ အဓိကလက်နက်ဝယ်ယူသူဖြစ်သည်။ သူက 'အယ်လ်ရွှင်းမား' ဆိုသူ လော့စ်အင်ဂျလိစ်ရှိ အမေရိကန် လေကြောင်းအင်ဂျင်နီယာတစ်ဦးနှင့် ဆက်သွယ်ခဲ့သည်။ ထိုသူ၏မိတ်ဆွေများမှာ ကမ္ဘာကျော်သူကြွယ်ကြီး 'ဟောင်းဝပ်ဟျူးစ်'တို့၊ 'ကပ်ကာကိုးရီးယန်' တို့ ဖြစ်ကြသည်။ 'ရွှင်းမား' ၏ ပထမအမည်မှာ 'အဒ့ေါဖ်' ဖြစ်၏။ သို့သော် ဒုတိယကမ္ဘာစစ်နောက်ခံကြောင့် 'အောလ်' ဟူသော အမည်ကိုသာ သူခံယူခဲ့၏။

'ပဲရိဇ်'နှင့် 'ရွှင်းမား'တို့သည် အာတိတ်ဒေသကို တစ်ပတ်ရစ်လေယာဉ်များဖြင့် ကြိမ်ဖန်များစွာ အတူတူလိုက်ပါဖူးကြ၏။ သူတို့က အစ္စရေးလေယာဉ်များဝယ်ရန် စမ်းသပ်လိုက်ပါစီးနင်းနေကြခြင်း ဖြစ်၏။ မြောက်ဝင်ရိုးစွန်းပေါ်တွင် ဖြတ်၍ ပျံသန်းခြင်းမှာ အန္တရာယ်များ၏။ သို့သော် သူတို့က ထိုလမ်းသည် တိုသဖြင့် ထိုလမ်းကိုသာ ရွေးခဲ့ကြ၏။

'ရွှင်းမား'သည် ယခင်က 'တီဒဗလျူအေ'မှ ဝန်ထမ်းဖြစ်၏။ အမေရိကက ဒုတိယကမ္ဘာစစ်ထဲဝင်လာသောအခါ လေယာဉ် အများအပြားလိုလာ၏။ အမေရိကန်လေတပ်၏ တရားဝင်ဝန်ထမ်းများ မဟုတ်သော်လည်း 'ရွှင်းမား'နှင့် သူ့လူများကို တပ်မတော်ရာထူးအဆင့်များနှင့် ယူနီဖောင်းများဝတ်ဆင်ခွင့် ပေးခဲ့၏။

စစ်အတွင်းကာလက 'ရွှင်းမား'အဖို့ ဂျူးဖြစ်ရခြင်းကို သိပ်တန်ဖိုးမထားခဲ့။ သို့သော် စစ်အတွင်းကာလ ဂျူးဒုက္ခသည်များစွာနှင့် စကားပြောရ၊ ကယ်တင်ရသဖြင့် သူ စိတ်ပြောင်းသွား၏။ သို့ဖြင့် နေ့ချင်းညချင်းမှာပင် 'ရွှင်းမား'သည် 'ဇီယွန်ဝါဒီ' ဖြစ်လာ၏။ ထို့ကြောင့် ပါလက်စတိုင်းရှိ ဗြိတိသျှများသည် ဥရောပ ဂျူးဒုက္ခသည်များနှင့် သင်္ဘောတစ်စင်းအပြည့် ပြန်ကြမည်ကြားသောအခါ သူက ပိုမိုကောင်းမွန်သောနည်းလမ်းကို စဉ်းစားခဲ့၏။ သူက ဗြိတိသျှရေတပ် ကင်းလှည့်များပေါ်မှ ဖြတ်ကျော်ကာ ဂျူးတို့ကို ခိုးထုတ်ပြီး လေကြောင်းမှ ပို့မည်။ ထိုမှတစ်ဆင့် လျှို့ဝှက်လေယာဉ်ကွင်း

တစ်ခုတွင် ချထားပေးရန် စီစဉ်၏။ သူက နယူးယောက်ရှိ 'ဘင်ဂူးရီးယန်း' ၏ လျှို့ဝှက်စခန်းသို့ ဆက်သွယ်ကာ သဘောတူညီချက် တောင်းခံ၏။ လပေါင်းများစွာကြာအောင်ပင် ပါလက်စတိုင်းရှိ မြေအောက်ဂျူးတပ်မတော် 'ဟာဂန်နာ'မှ ကိုယ်စားလှယ်များနှင့် တိုင်ပင်ညှိနှိုင်း၏။ သို့သော် မကြာခင် သိလာရသည်မှာ ဗြိတိသျှတို့က အပြည့်အဝ ဆုတ်ခွာမည်ဖြစ်ပြီး အာရပ်-ဂျူးစစ်ပွဲက မလွဲမသွေဖြစ်ပွားမည်ကို မြင်လာကြ၏။ ထို့ကြောင့် 'ဟာဂန်နာ' က ရှွင်းမားကို ဆက်သွယ်သည်။

ဤအချိန်တွင် ဒုက္ခသည်များကို ကယ်ထုတ်ဖို့ထက် ပိုမိုအရေးကြီးသောကိစ္စမှာ တပ်မတော်ဖွဲ့စည်းရေး ဖြစ်၏။ 'ဟာဂန်နာ'တို့တွင် လေယာဉ်ဟူ၍ တစ်စင်းတလေမျှပင် မရှိ။ ထို့ကြောင့် အီဂျစ်လေတပ်အောက်တွင် ပြားပြားမှောက် သေကြေစရာပင် ပေါ်နေ၏။ 'ရှွင်းမား'အနေနှင့် တိုက်လေယာဉ်များ ဝယ်ယူပြုပြင်ပြီး အစ္စရေးနိုင်ငံတွင်းသို့ ခိုးသွင်းပေးနိုင်ပါမည်လော။

'ရှွင်းမား'က 'ဘင်ဂူးရီးယန်း'၏ ကိုယ်စားလှယ်များအား သူ ချက်ချင်း လုပ်ပေးမည်ဟု ပြောခဲ့၏။

ဤသည်မှာ ၁၉၃၅ ဘက်မလိုက်အက်ဥပဒေကို ချိုးဖောက်ရာရောက်မည်ကို သူ မသိမဟုတ်။ သိသည်။ ထိုအက်ဥပဒေအရ မည်သည့်အမေရိကန်နိုင်ငံသားမဆို အစိုးရ၏ခွင့်ပြုချက်မရဘဲ လက်နက်ကို ပြည်ပမထုတ်ရ။ ဤသည်မှာ 'ချူဇ်ပါ'မဟုတ်။ ဤသည်မှာ ရာဇဝတ်မှုပင် ဖြစ်၏။

'ရှွင်းမား'သည် ရက်အနည်းငယ်အတွင်းတွင် ဂျူးလူမျိုး လေသူရဲနှင့် စက်ပြင်ဆရာများကို အမေရိကနှင့် ဗြိတိန်တို့မှ စုဆောင်းခဲ့၏။ ပထမဆုံး အရပ်ဘက်ဆိုင်ရာ ဂျူးလေကြောင်းလိုင်း လုပ်မည်ဟု ပြောဆိုစည်းရုံးခဲ့ခြင်း ဖြစ်၏။ သူက တိုက်လေယာဉ်များကိစ္စ လုံးဝမှုပင် လေသံမဟ။ အချို့သူများကိုတော့ လေယာဉ်များသည် အစ္စရေးနိုင်ငံကို ဦးတည် ပျံသန်းမည်ကို ကား ပြောထား၏။ ပြင်ပပုဂ္ဂိုလ်များက စုံစမ်းသောအခါ သူတို့သည် ပနားမား အမျိုးသားလေကြောင်းကို တည်ထောင်နေကြကာ၊ ဥရောပသို့ ကျွဲနွားများ သယ်ယူပို့ဆောင်ရန်ဟု ဖြေခဲ့၏။

အက်ဖ်ဘီအိုင်သည် သူတို့ အကြီးဆုံးလေယာဉ် ဝယ်သောအခါ သံသယရှိလာ၏။ သို့သော် အက်ဖ်ဘီအိုင်များ ခေါင်းပေါ်မှုပင် ဖြတ်ပြီး

ပျံခဲ့ကြသည်။ ချက်ကိုစလိုဗက်ကီးယားနိုင်ငံမှ ဂျာမန်လုပ် 'မက်ဆာရှမစ်' များကိုပါ ဝယ်ပြီး 'ရှွင်းမား'က အစ္စရေးသို့ ပို့ပေးခဲ့၏။

၁၉၄၈ လွတ်လပ်ရေးစစ်ပွဲဖြစ်သောအခါ 'ရှွင်းမား'၏ လေယာဉ်များကစ 'တဲလ်အဗစ်'ကို ဗုံးလာကြဲသော လေယာဉ်များကို တိုက်ထုတ်နိုင်ခဲ့သည်။ ထိုတိုက်ပွဲများတွင် လေ့ကျင့်မှုနည်းပါးသော အစ္စရေးလေသူရဲများက သတ္တိပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ကြ၏။

လွတ်လပ်ရေးစစ်ပွဲတွင် အစ္စရေးတို့ အနိုင်ရခဲ့ပြီးနောက် 'ရှွင်းမား' သည် အမေရိကန်သို့ ပြန်ခဲ့၏။ သူ့ကို အမေရိကန်အစိုးရက 'အလိုရှိကြောင်း' ကြေညာထားသော်လည်း သူက ပြန်ဖြစ်အောင် ပြန်ခဲ့၏။ အက်ဖ်ဘီအိုင်က လေယာဉ်ခိုးထုတ်မှုကို ဖော်ထုတ်၏။ အမေရိကန်တရားရေးဌာနက သူ့ကို ရာဇဝတ်ကြောင်းနှင့် တရားစွဲဆို၏။ သူ စုဆောင်းခဲ့သော လေသူရဲများနှင့် အတူ သူ့ကို ရုံးတင်စစ်ဆေးကြ၏။ သူတို့ကမူ အပြစ်မရှိကြောင်း ထွက်ဆိုကြ၏။ ဥပဒေက တရားမျှတမှုမရှိဟု ပြောကြသည်။ 'ရှွင်းမား'သည် ဒဏ်ကြေးဆောင်ရုံမျှသာ အပြစ်ဒဏ်ကျခဲ့၏။

၁၉၅၀ တွင် 'ရှွင်းမား'သည် 'ရှီမွန်ပဲရီဇ်'နှင့် ဆက်သွယ်၏။ ထိုအချိန်တွင် သူက အစ္စရေးကာကွယ်ရေးဝန်ကြီးသစ် ဖြစ်နေပြီ။ ပဲရီဇ်က 'မတ်စတန်း' လေယာဉ် ၃၀ အစ္စရေးလေတပ်အတွက် ထပ်ဝယ်၏။ သို့သော် အမေရိကန်က ထိုလေယာဉ်များကို မရောင်းဘဲ ဖျက်ဆီးပစ်၏။ တောင်ပံတွေ ချိုးပစ်၏။ ဓာတ်ဆီပိုက်တွေ ခွဲပစ်၏။

ထို့ကြောင့် 'ရှွင်းမား'တို့အဖွဲ့က ထိုပျက်စီးနေသော လေယာဉ်များကို 'တက်ဆပ်စ်' အဟောင်းပုံရောင်းသည့်ဆိုင်မှ ပိဿာချိန်ဈေးမျိုး ပေးဝယ်ခဲ့၏။ ထို့နောက် ပြင်လို့ရ မရ စစ်ဆေး၏။ ထို့နောက် အစိတ်အပိုင်းများ တစ်စစီ ဖြုတ်ပစ်ကာ သေတ္တာထဲ ထည့်သည်။ သေတ္တာပေါ်တွင် 'ဆည်မြောင်းပစ္စည်းများ'ဟု တံဆိပ်ကပ်ကာ အစ္စရေးသို့ သင်္ဘောဖြင့် ပို့လိုက်သည်။ ဤသည်မှာ ၁၀၅၁ တွင် တည်ထောင်သော 'အစ္စရေးလေကြောင်းလိုင်း'၏ အဦးအစပင် ဖြစ်သည်။

'ရှွင်းမား'က ကမ္ဘာအနှံ့တွင် စစ်လက်ကျန် လေယာဉ်အပျက်အစီးများစွာရှိကြောင်း၊ ၎င်းတို့ကိုပြုပြင်ပြီး အခြားနိုင်ငံများသို့ ပြန်ရောင်းသင့်

ကြောင်း အကြံပြု၏။ ထိုသို့ ပြုပြင်ရောင်းချနေစဉ် အတောအတွင်းတွင် အစ္စရေးကိုယ်ပိုင် လေကြောင်းစက်ရုံ ထောင်သင့်ကြောင်း ပြော၏။

'ပဲရိစ်'က 'ရွှင်းမား'ကို ဝန်ကြီးချုပ် 'ဘင်ဂူရီးယန်း'နှင့် တွေ့ဆုံပေးသည်။ ဘင်ဂူးရီးယန်းသည် အစ္စရေးဝန်ကြီးချုပ်အနေဖြင့် အမေရိကသို့ ပထမဆုံး လာလည်နေစဉ်ကာလ ဖြစ်၏။

'ခင်ဗျား အခု ဟီဘရူးဘာသာစကား စပြီး သင်နေတယ်နော်'

ဤစကားသည် 'ဘင်ဂူးရီးယန်း'က 'ရွှင်းမား'ကို နှုတ်ဆက်ရန် လက်ကမ်းပေးစဉ် ပထမဆုံးပြောသောစကား ဖြစ်၏။ သူတို့နှစ်ဦးသည် လွတ်လပ်ရေးစစ်ပွဲကာလတွင် ကြိမ်ဖန်များစွာတွေ့ခဲ့ကြပြီးသား ဖြစ်သည်။ 'ရွှင်းမား'က ရယ်မောကာ စကားလမ်းကြောင်းကို လွှဲလိုက်၏။

"ကာလီဖိုးနီးယားက ကောင်မလေးတွေ လှတယ်နော်၊ ဒီလိုမထင်ဘူးလား ဝန်ကြီးချုပ်"

'ဘင်ဂူးရီးယန်း'က 'ရွှင်းမား' ဘာလုပ်နေသည်ကို သိချင်သည်။ 'ရွှင်းမား'က သူ၏အစီအစဉ်တွေကို ပြောပြ၏။

"ဘာဗျ၊ ဒီစက်အသေးအဖွဲ့လေးတွေနဲ့ ခင်ဗျားက လေယာဉ်ပျံတည်ဆောက်လို့ရမယ် ထင်နေလို့လား"

'ရွှင်းမား'က ခေါင်းညိတ်ပြ၏။

"ကျွန်တော်တို့ ဒါမျိုးကို အစ္စရေးမှာ လိုအပ်တယ်။ ဒီထက်ပိုပြီး တောင် လိုသေးတယ်၊ လေကြောင်းစက်ရုံအစစ်လိုတယ်၊ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် လုပ်ဖို့လိုအပ်တယ်"

'ဘင်ဂူးရီးယန်း'က ပြောသည်။

'ရွှင်းမား' မသိသည်မှာ 'ဘင်ဂူးရီးယန်း'သည် တက်နီးယန်းကုမ္ပဏီအား လေကြောင်းအင်ဂျင်နီယာဌာနထောင်ရန် ညွှန်ကြားထားပြီး ဖြစ်၏။

"လူနေမှုအဆင့်အတန်း မြင့်မြင့်မားမား၊ ကြွယ်ဝတဲ့ ယဉ်ကျေးမှု၊ စိတ်ဓာတ်၊ နိုင်ငံရေးနဲ့ စီးပွားရေးလွတ်လပ်မှု - ဒါတွေအားလုံးဟာ လေကြောင်းကာကွယ်ထိန်းချုပ်မှု မရှိဘဲ မရနိုင်ဘူး" ဟု သူက ပြောသည်။

"ခင်ဗျားပြောတာ မှန်ပါတယ်"

'ရွှင်းမား'က ထောက်ခံ၏။

ဝန်ကြီးချုပ် ဆင်ထားသောထောင်ချောက်တွင် သူ ကားကန့်ကျသွားပြီ။

''ခင်ဗျား ဒီလိုထင်တဲ့အတွက် ကျွန်တော်ဝမ်းသာပါတယ်၊ ခင်ဗျား အစ္စရေးကို ပြန်လာပြီး တစ်ခုတည်ဆောက်ပေးဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်'

ရှင်းမားက ပဲရိဇ်ကို ကြောင်ပြီး ကြည့်နေသည်။

'လုပ်လိုက်ပါ၊ အောလ်ရယ်'

'ပဲရိဇ်'က ပြောသည်။ 'ရှင်းမား'က ငြင်း၏။ သူသည် အစ္စရေးလေတပ်မှ အကြီးအကဲများနှင့် မဆက်ဆံချင်။ သူက ဟီးဘရူးဘာသာစကားလည်း မတတ်။ သူက ပါတီဝင်အတွင်းလူလည်း မဟုတ်။ သူက နိုင်ငံရေးနှင့် ဗျူရိုကရေစီကို မုန်းသူ။ အစ္စရေး၏ ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းကိုလည်း သူ မနှစ်မြို့။

သူက 'ဘင်ဂူးရီးယန်း'ကို ပြောလိုက်၏။ နိုင်ငံရေးတွေ ဘာတွေ မရောယှက်သောကုမ္ပဏီတစ်ခုသာ တည်ထောင်ချင်သည်။ ပုဂ္ဂလိက လွတ်လပ်သော ကုမ္ပဏီ။

''ဒါလည်း မှန်တာပဲ၊ လုပ်ပါ''

'ဘင်ဂူးရီးယန်း'က လက်ခံ၏။

ရှင်းမား အစ္စရေးသို့ သွား၏။ ၅ နှစ်အတွင်း အစ္စရေးလူမျိုးနှစ်ဦးနှင့်အတူ 'ဘီဒက်' လေယာဉ်ပြုပြင်ထိန်းသိမ်းရေးကုမ္ပဏီ သူ ထူထောင်၏။ ယခုတော့ နိုင်ငံတွင် အကြီးဆုံးကုမ္ပဏီဖြစ်နေပြီ။

၁၉၆၀ တွင် ပြင်သစ် ဖူးဂါးတိုက်လေယာဉ်ကို ပြုပြင်၍ ပုံစံသစ်လုပ်ထားသော လေယာဉ်တစ်စင်းကို 'ဘီဒက်'က ထုတ်လုပ်ခဲ့၏။ တရားဝင်ဖွင့်လှစ်ပျံသန်းပွဲတွင် 'ဘင်ဂူးရီးယန်း'က 'ရှင်းမား'ကို ပြော၏။

''ဒါက ဘီဒက် မဟုတ်တော့ဘူး၊ ခင်ဗျားက လေယာဉ်ပြင်ရုံမှ မဟုတ်တာ၊ ခင်ဗျားတို့က ဂျက်လေယာဉ်တောင် ထုတ်နိုင်ပြီပဲ၊ နာမည်သစ်ပြောင်းဗျာ၊ အစ္စရေးလေယာဉ်စက်ရုံ လို့''

ဒုတိယကာကွယ်ရေးဝန်ကြီး ဖြစ်နေသော 'ပဲရိဇ်'က ကုမ္ပဏီအမည်သစ်ကို ဘာသာပြန်ပြ၏။

'ပဲရိဖ်' နှင့် 'ဘင်ဂူးရီးယန်း' တို့သည် အမေရိကန်-ဂျူး ကပြားတစ်ဦးကို သိမ်းသွင်းကာ အစ္စရေး၏ စီးပွားရေးလောကတွင် မွေးဖွားပေးလိုက်သည်။ သူတို့အားလုံးပင် ဤလုပ်ငန်းကြီးတစ်ရပ်လုံးအတွက် မည်သူ့ထံကမှ ရင်းနှီးမြှုပ်နှံမှုဟု ဒေါ်လာတစ်ပြားတစ်ချပ်မှ မတောင်းခဲ့ကြပါ။

❖

## အခန်း (ကိုး)
## ဘူဖက်၏ စမ်းသပ်ပွဲ

ကမ္ဘာတစ်ဝှန်းက ကျွန်တော်တို့ ဖောက်သည်အားလုံးအတွက်တော့ စစ်ပွဲဆိုတာ မရှိပါဘူး။

*အီတန်ဝါသိုင်းမာ*

'ကျွန်မတို့က မိုက်ခရိုဆော့ဖ်က အလုပ်သမားတွေကို ခိုးဖို့ ဒီကို ရောက်နေကြတာ မဟုတ်ဘူး၊ ဒါပေမယ့် သူတို့က ဒါမျိုးလုပ်ရမှ ပိုစိတ်ချမ်းသာမယ်ဆိုရင် သူတို့ကို ကြိုဆိုပါတယ်' ဟု ဂူဂဲလ်မှ 'ယိုဝယ်မားရက်' က ပြော၏။ လွန်ခဲ့သောရက်သတ္တပတ် ဆယ်ပတ်လောက်က 'ဟိဒ်ဇဘူလာ' ဒုံးကျည်များသည် ဂူဂဲလ်ဌာနချုပ် 'ဟိုင်ဖာ'အပေါ် မိုးရွာသလို ရွာချခဲ့၏။

ယခု သူမသည် 'တဲလ်အဗစ်'သို့ ရောက်နေကာ ဂူဂဲလ်၏ ဒုတိယ သုတေသနဌာနကို ဖွင့်ပေးနေခြင်း ဖြစ်၏။

'ယိုဝယ်မားရက်'သည် ပြင်သစ်တွင် ကြီးပြင်းခဲ့၏။ သူက စက်မှု ပညာ ဆည်းပူးကာ ကိုလံဘီယာတက္ကသိုလ်နှင့် ဟိုင်ဖာရှိ တက်နီယွန်တို့မှ ဒေါက်တာဘွဲ့ကို ကွန်ပျူတာသိပ္ပံဖြင့် ရခဲ့၏။ ဂူဂဲလ် မရောက်ခင် အိုင်ဘီအမ် သုတေသနတွင် ၁၇ နှစ် လုပ်ကိုင်ခဲ့၏။ ထိုအချိန်က အင်တာနက်သည် မွေးကင်းစအရွယ်သာ ရှိသေး၏။

'ယိုဝယ်မားရက်'အတွက် ရှာဖွေမှုရင်းမြစ်သည် သမိုင်းနှင့်ချီ၍ ပြော လို့ရ၏။ ၁၆ ရာစု ပညာရှင်များသည် သမ္မာကျမ်းစာနှင့် ကိုက်ညီမည့်

မိုးဇက် ရည်ညွှန်းသော နေရာဒေသများ၊ မည်သည့်ကျွမ်းချက်က မည်သည်ကို ပေါသည် စသည်တို့ကို ဆွေးနွေးတိုင်ပင်ကြမည်။ အခြေခံအားဖြင့် အညွှန်းသည် ရှာဖွေမှုတိုင်းတွင် သုံးကြသော အချက်အလက်တည်ဆောက်မှုပင် ဖြစ်သည်။ လွန်ခဲ့သော ငါးရာစုက လူတို့သည် ၄င်းကို လက်ဖြင့် လုပ်ကြ၏။

အစ္စရေးနိုင်ငံသားများနှင့် ဂျူးများအနေဖြင့် သူတို့သည် စာအုပ်ထဲမှ လူများဖြစ်၏။ ထို့ကြောင့် စာအုပ်ထဲမှ အကြံတောင်းကြသည်။ ရှာဖွေချင်ကြသည်။

၂၀၀၈ တွင် ဂူးဂဲလ်အစ္စရေးသည် ကြော်ငြာတွင် ဒေါ်လာသန်း ၁၀၀ ဖိုး ရောင်းခဲ့ရ၏။ ယခင်နှစ်ကထက် ရောင်းအားက နှစ်ဆတက်လာသည်။ အစ္စရေးကြော်ငြာဈေးကွက် စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်း ဖြစ်သည်။ နိုင်ငံအများစုတွင်ရှိသော ဈေးကွက်ရှယ်ယာထက် ပိုများ၏။

ဂူဂဲယ်လ်သည် ထုတ်ကုန်ပစ္စည်းနှင့် နည်းပညာများတွင် ကြီးထွားလာသောလုပ်ငန်းကြီး ဖြစ်လာ၏။ ရှာဖွေမှုမှသည် ဂျီမေးလ်၊ ထိုမှ ယူကျွတ်၊ ထိုမှ ဆဲလ်ဖုန်း ဆော့ဖ်ဝဲလ် စသည် စသည်။ အစ္စရေးပညာရှင်အုပ်စုသည် နှစ်နှစ်လုံး မထိမတို့ခဲ့ကြသော 'ဂူဂဲလ်ဆပ်ဂျက်စ်' ကိုလည်း တီထွင်ခဲ့ကြ၏။ ယခုအခါ ပြည်သူသန်းပေါင်းများစွာတို့ နေ့စဉ် ကြည့်ကြသုံးကြသောအရာ ဖြစ်နေပြီ။ ဂူဂဲယ်လ်ဆပ်ဂျက်စ်တွင် အကြံပေးချက်များစွာ ပါဝင်၏။ မိမိ တောင်းလိုသော အကြံတိုင်းကို မိမိရိုက်သလောက် ခေတ်အမီဆုံး အကြံများ ရိုက်ချနိုင်၏။ မြန်မြန်ရိုက်နိုင်လေ မြန်မြန်များများ ပိုရလေဖြစ်၏။

'ကိုင်ဖူးလီ' သည် ဂူဂဲယ်လ်တရုတ်၏ ဥက္ကဋ္ဌ ဖြစ်သည်။ တရုတ်အက္ခရာများသည် ရိုက်နှိပ်ရ ခက်ခဲ၏။ ထို့ကြောင့် 'ဆပ်ဂျက်စ်' ကို သုံးကာ စကားလုံးများ ဖြည့်ရခြင်းသည် တရုတ်ပြည်တွင် အလွန်တန်ဖိုးရှိ၏။ ဆပ်ဂျက်စ် အလုပ်ဖြစ်သဖြင့် ဂူဂဲယ်လ်များသည် ဟောင်ကောင်၊ ထိုင်ဝမ်၊ ရုရှားနှင့် အနောက်ဥရောပများသို့ လျင်မြန်စွာ ချဲ့ထွင်ရောက်ရှိသွား၏။ မကြာခင်မှာပင် ဂူဂဲယ်လ်သည် ကမ္ဘာတစ်ဝှန်း ပျံ့နှံ့သွားတော့၏။

မိုက်ခရိုဆော့ဖ်သည် အစ္စရေးတွင် နောက်ကျမကျန်ရစ်ပါ။ ဒုံးပျံကျည် ၂၀၀၀ ထိ၍ ပျက်စီးခဲ့ရသော ၂၀၀၆ လက်ဘနွန်စစ်ကြောင့်

ပြင်ဆင်ရဆဲဖြစ်၏။ ထိုအချိန်တွင် 'ဘီလ်ဂိတ်စ်'သည် အစ္စရေးသို့ ပထမဆုံး အကြိမ်ရောက်လာသည်။ သူက "ကျွန်တော်တို့တော့ ဂူဂဲယ်လ်ကို မကြောက်ပါ" ဟူသော ကြွေးကြော်သံကို အစ္စရေးသတင်းဌာနသို့ ပြောခဲ့၏။ သူက ဂူဂဲယ်လ်နှင့် မိုက်ခရိုဆော့ဖ်တို့သည် အကြီးအကျယ် ပြိုင်နေကြပြီဟု ဆို၏။ စစ်မျက်နှာသစ်ကား အစ္စရေးဖြစ်သည်ဟု ပြော၏။ စောစောပိုင်းကမှု 'ဂိတ်စ်' က "အစ္စရေးမှာ ဖြစ်နေတဲ့ ဆန်းသစ်တီထွင်မှုဟာ နည်းပညာစီးပွားရေးရဲ့ အနာဂတ်အဆုံးအဖြတ်ပဲ" ဟု ပြောခဲ့ဖူးသည်။

ကမ္ဘာပေါ်တွင် အချမ်းသာဆုံးလူသား အစ္စရေးမှ ထွက်ခွာပြီး မကြာခင်မှာပင် ဒုတိယအချမ်းသာဆုံး 'ဝါရင်ဘူဖက်' ရောက်လာပြန်၏။ အမေရိကတွင် ရင်းနှီးမြှုပ်နှံမှု အများဆုံးပုဂ္ဂိုလ်သည် အမေရိကပြင်ပတွင် သူ ပထမဆုံး ဝယ်ယူခဲ့သော ကုမ္ပဏီသို့ လာရောက်ခြင်းဖြစ်သည်။ 'ဘူဖက်' သည် သူ ၄.၅ ဘီလျံဖြင့် ဝယ်ယူခဲ့သော 'အစ်ကာ' အမည်ရှိ စက်နှင့် စက်ပစ္စည်းကုမ္ပဏီနှင့် အစ္စရေးနိုင်ငံကို သူ ၅၂ နာရီမျှ နေထိုင်ကြည့်ရှုခဲ့၏။

"လွန်ခဲ့တဲ့ နှစ် ၂၀၀၀ က လူတွေ ဒီလေ့ကားထစ်တွေမှာ လျှောက်ခဲ့ကြတာကို ခင်ဗျားတို့ စဉ်းစားကြည့်ကြစမ်းပါ၊ ပြီးရင် ဟောဒီတောင်ထိပ်က 'အစ်ကာ'စက်ရုံကို ကြည့်လိုက်ကြပါ၊ ၆၁ နိုင်ငံကို ပစ္စည်းဖြန့်နေတဲ့ ကုမ္ပဏီလေ၊ ကိုရီးယားရော၊ အမေရိကရော၊ ဥရောပရော၊ ဘယ်နိုင်ငံဖြစ်ဖြစ်၊ အတိတ်နဲ့ အနာဂတ်ကို ပေါင်းစည်းပေးနိုင်တဲ့ ဒီလိုအမျိုးအစားမျိုးကို ခင်ဗျားတို့ တကယ်ရှာနိုင်မှာ မဟုတ်ပါဘူး၊ ခုလို အနီးစပ်ဆုံး ဘယ်နေရာမှာမှ ရှာလို့မရပါဘူး' ဟု ဂျေရုစလင်နှင့် ပတ်သက်၍ မှတ်ချက်ချသွား၏။

'ဝါရင်ဘူဖက်'သည် ဆယ်စုနှစ်များစွာ အရိုးစွဲခဲ့သော သူ့အယူအဆဖြစ်သည့် အမေရိကပြည်ပတွင် မည်သည့်အခါမှ စီးပွားရေးမလုပ် ဟူသော အယူအဆသည် အစ္စရေးနှင့်တွေ့မှ ပြောင်းလဲသွားသည်။

တကယ်တော့ 'ဝါရင်ဘူဖက်' ယခင်က ပူလည်း ပူစရာပင်။ စီးပွားရေးလုပ်ရာတွင် ကိုယ့်ဒေသထက် မည်သည့်နေရာကမှ ပို၍ စိတ်ချ၍ မရ။ အထူးသဖြင့် စစ်ဖြစ်နေသော ဒေသတွင် ပိုလို့ပင် ဝေးသေး။

၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ အတွင်း အစ္စရေးနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် သုံးဆတိုးခဲ့၏။ အစ္စရေးနိုင်ငံသည် လုံခြုံရေးအရ ခြိမ်း

ခြောက်ခံရမှုများ ရှိသည်။ သို့သော် ၎င်း၏ စီးပွားရေးတိုးတက်မှုအခွင့်အရေး ကတော့ တသီးတခြား ဖြစ်သည်။ အစ္စရေးလူမျိုးများသည် စစ်အတွင်း ကာလ၊ အကြပ်အတည်းကာလများတွင်ပါ အလုပ်ဖြစ်အောင် လုပ်တတ်ကြ၏။ အစ္စရေးနိုင်ငံမှ စွန့်စားတီထွင် လုပ်ငန်းရှင်များကလည်း ရင်းနှီးမြှုပ်နှံသူများကို မဆုံးရှုံး မနစ်နာရလေအောင် ကောင်းစွာ အာမခံချက်ပေးနိုင်ကြ၏။

'ဝါရင်ဘူဖက်' အကြောင်းကို အတ္ထုပ္ပတ္တိရေးသူ 'အဲလစ်ရှရိုဒါး' တစ်ယောက်တည်းသာလျှင် အခွင့်အရေးရှိ၏။ သူမကို အစ္စရေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ မေးကြည့်၏။

''ဝါရင်က အသက်အာမခံစီးပွားရေးလုပ်တာ အကြာကြီးပဲ၊ အဲဒီ မုန်ဘီလူးနဲ့ သူ ဘာပဲ ရင်းနှီးမြှုပ်နှံမြှုပ်နှံ ဆုံးဖြတ်တဲ့အခါ သူကြည့်တတ်တယ်၊ အသက်အာမခံပေါ်လစီဆိုတာ စွန့်စားရတာပဲ၊ ငလျင်လှုပ်တာတို့၊ မုန်တိုင်းတိုက်တာတို့ပါ ထည့်တွက်ရတယ် မဟုတ်လား၊ ဒါကြောင့် ဝါရင် က သေသေချာချာတွက်ပြီး ပိုင်မှလုပ်တဲ့သူပဲ''

'ဘူဖက်' ဝယ်လိုက်သော အစ္စရေးကုမ္ပဏီ 'အစ်စကာ'၏ အဓိက စက်ရုံ အလုပ်ရုံများမှာ အစ္စရေးမြောက်ပိုင်းတွင် ရှိ၏။ ၎င်းနေရာကို အဓိက ထား၍ အခြိမ်းခြောက် နှစ်ကြိမ်ခံရဖူးသည်။ ၁၉၉၁ တွင် ပင်လယ်ကွေ့ စစ်ပွဲ၌ အီရတ်မှ ဆက်ဒမ်ဟူစိန်က တစ်ကြိမ်၊ ၂၀၀၆ လက်ဘနွန်စစ်ပွဲတွင် ဟစ်ဘိုလာတို့က အစ္စရေးမြောက်ပိုင်းမြို့များကို ဒုံးကျည် ထောင်ပေါင်းများစွာ ပစ်ခတ်သည်မှာ တစ်ကြိမ်။

''ဒါတွေကို သိရဲ့သားနဲ့ စွန့်စားရဲသလား' ဟု သူမကို မေးကြည့်၏။

''အစ်စကာရဲ့ စက်ရုံတွေ ဗုံးထိသွားရင် တခြားနေရာမှာ ပြန်ဆောက်မှာပေါ့၊ စက်ရုံတစ်ခုဟာ ကုမ္ပဏီတစ်ခုလုံးရဲ့တန်ဖိုးကို ကိုယ်စားမပြုနိုင်ပါဘူး၊ အလုပ်သမားတွေနှင့် အုပ်ချုပ်မှုရဲ့ အရည်အသွေးတွေ၊ သစ္စာရှိတဲ့ ဖောက်သည်တွေရဲ့ နိုင်ငံတကာအခြေခံမှုတွေ၊ အစ်စကာရဲ့တန်ဖိုးခတ်နှိပ်ထားတဲ့ အမှတ်တံဆိပ်တွေ၊ ဒါတွေက အရေးကြီးပါတယ်၊ ဒါကြောင့် ဒုံးကျည် လက်နက်တွေက စက်ရုံကို ဖျက်ချင်ဖျက်လို့ရမယ်၊ အစ်စကာရဲ့ အရည် အသွေးကိုတော့ ဖျက်လို့မရပါဘူး' ဟု သူမက ပြန်ဖြေသည်။

'ဘူဖက်'က အစ်စကာကို ဝယ်ပြီး နှစ်လအကြာ၊ ၂၀၀၆ လက်ဘနွန် စစ်အတွင်းတွင် အစ္စရေးမြောက်ပိုင်းသို့ ဒုံးကျည် ၄,၂၂၈ ကျရောက်ပေါက်ကွဲ၏။

လက်ဘနွန်နယ်စပ်မှ ရှစ်မိုင်သာဝေးရာ 'အစ်စကာ'သည် ဒုံးပျံများ၏ အဓိကပစ်မှတ် ဖြစ်၏။

'အစ်စကာ'၏ ဥက္ကဋ္ဌဖြစ်သူ 'အီတန်ဝါသိုင်းမာ'က စစ်ပွဲ ပထမဆုံး နေ့တွင်ပင် သူ၏ သူဌေးအသစ်စက်စက် 'ဘူဖက်'ကို ပြော၏။

"ကျွန်တော်တို့ရဲ့ အဓိကဂရုစိုက်မှုက ကျွန်တော်တို့လူတွေရဲ့ လူမှုရေးပဲ။ ပျက်တဲ့စက်တွေ၊ ကွဲသွားတဲ့ ပြတင်းပေါက်တွေကို အမြဲပဲ ထပ်လဲလှယ်လို့ရတယ်၊ ဒါပေမယ့် ခင်ဗျား ကျွန်တော်တို့ရဲ့စိတ်အနေအထားကို သိချင်မှ သိမယ်၊ ကျွန်တော်တို့က အင်အားရှိစုမဲ့စု တစ်ဝက်နဲ့ပဲ လုပ်ရပစေ၊ ကျွန်တော်တို့ ဖောက်သည်တွေအနေနဲ့ သူတို့ မှာတဲ့ပစ္စည်းတွေကို အချိန်မီ ဒါမှမဟုတ် ဒီထက် ပိုစောစော ရကို ရစေရမယ်ဆိုတဲ့ စိတ်ဓာတ်ပဲ"

ဒုံးကျည်တစ်ခုသည် တီဖင်စက်မှုဇုံသို့ ကျ၏။ ၎င်းသည် 'ဝါသိုင်းမား' မိသားစုတည်ထောင်ထားခြင်း ဖြစ်ပြီး 'အစ်စကာ' စက်ရုံ၏ အလယ်ဗဟိုတွင်ရှိ၏။ ကျန်သောဒုံးကျည်များစွာလည်း အနီးအပါးတွင် ကျရောက်ပေါက်ကွဲကြသည်။ ထို့ကြောင့် အလုပ်သမားအချို့သည် မိသားစုများနှင့်အတူ နိုင်ငံ၏ တောင်ဘက်ပိုင်းသို့ ခေတ္တ ရွှေ့ပြောင်း ခိုလှုံခဲ့ကြရ၏။ သို့သော် ဤသည်ကို အစ်စကာ၏ ဖောက်သည်များ လုံးဝ မသိကြ။

'ကျွန်တော်တို့ နည်းနည်းပဲ လုံးပန်းလိုက်ကြရတယ်၊ ပစ္စည်းတွေတင်ပို့မှုက သင်္ဘောတစ်စင်းမှတောင် မလွတ်ကြဘူး၊ ကျွန်တော်တို့အတွက်တော့ ကမ္ဘာတစ်ဝှန်းက ဖောက်သည်အားလုံးအတွက် စစ်ပွဲဆိုတာ မရှိပါဘူး' ဟု 'ဝါသိုင်းမား'က ပြော၏။

စစ်ဖြစ်နေ၍ ဗုံးဒဏ်ခံနေရစဉ်မှာပင် အလုပ်ခွင်မပျက် လုပ်နိုင်ကိုင်နိုင်၊ ကမ္ဘာတစ်ဝှန်း ဖောက်သည်များထံ ပစ္စည်းမပြတ် ပို့နိုင်သည်မှာ အစ္စရေးတို့၏ အရည်အချင်းပင် ဖြစ်၏။ ဤအရည်အချင်းများကြောင့်ပင် 'ဘူဖက်'၊ 'ဂူဂဲယ်လ်'၊ 'မိုက်ခရိုဆော့ဖ်'နှင့် အခြားသောလုပ်ငန်းရှင်များက အစ္စရေးနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ စိတ်ချလက်ချလုပ်နေကြခြင်း ဖြစ်၏။

ဤနေရာတွင် ပောလန်နိုင်ငံ 'အမ်စတာဒမ်မြို့'တွင် မွေးဖွားခဲ့သော 'ဒိုဗ်ဖရီမင်'အကြောင်း ပြောရဦးမည်။ နာဇီတို့က ပောလန်ကို သိမ်းပိုက်ထားစဉ်၊ သူ့မိဘများက ဒိုဗ်ကို 'ဗန်တီလ်ဘော့ဂ်' ဟူသော လယ်သမားမိသားစုထံ အပ်နှံထားခဲ့၏။ ထိုမိသားစုမှာ ခရစ်ယာန်ဘာသာရေးကိုင်းရှိုင်းကြသူများ ဖြစ်ကြ၏။ သူတို့သည် ဒတ်ချ်မြေအောက်လှုပ်ရှားမှုလည်း လုပ်ကြ၏။ ဒတ်ချ်ကျေးလက်မိသားစုထံရောက်ချိန်တွင် ဒိုဗ်က သုံးနှစ်သားသာရှိသေး၏။ သူ့ဆံပင်က အနက်ရောင်ဖြစ်သည့်အတွက် သူ အမြဲဦးထုပ်ဆောင်းထားရသည်ကိုသာ သူမှတ်မိသည် ဟုဆို၏။ ကျန်မိသားစုများ၏ဆံပင်က ရွှေဝါရောင်ဖြစ်နေသည်။ ဂျာမန်တို့က အိမ်ကိုလာရှာသောအခါတိုင်း သူသည် ခုတင်အောက် ဝင်ပုန်းလိုပုန်းရ၊ တောထဲ ဝင်ပြေးလို ပြေးရလုပ်ခဲ့ရသည်ဆို၏။ နှစ်အနည်းငယ်ကြာတော့ သူ့ဖခင်သည် 'အော့စဝစ်' အကျဉ်းစခန်းတွင် ကွယ်လွန်ကြောင်း သိရသည်။ သူ့မိခင်ကား အသတ်ခံရသလား မခံရသလား၊ မသိတော့။ လုံး၀ အဆက်အသွယ်ပြတ်သွား၏။

စစ်ပြီးသောအခါ 'ဖရီမင်'၏အဒေါ်က သူ့ကို လာခေါ်၏။ သူသည် ပါလက်စတိုင်းမှ လွတ်မြောက်လာသူ ဖြစ်၏။ 'ဖရီမင်'ကို မိဘမဲ့ကျောင်းတွင် အပ်ခဲ့၏။ ထိုမှတစ်ဆင့် သူသည် ပါလက်စတိုင်းသို့ လာခဲ့၏။ ၁၉၄၉ တွင်ကား ဆယ်နှစ်သား 'ဖရီမင်'သည် အသစ်ကျပ်ချွတ် အစ္စရေးနိုင်ငံသို့ ရောက်ခဲ့၏။

၁၉၆၃ တွင် 'ဒိုဗ်'သည် တက်ခ်နီယွန် (အစ္စရေးစက်မှုတက္ကသိုလ်) မှ ဘွဲ့ရ၏။ ထိုမှတစ်ဆင့် အမေရိကန်တွင် ပညာဆက်သင်၏။ သူသည် မက်ဆာချူးဆက်စက်မှုတက္ကသိုလ်သို့ ဝင်ခွင့်ရသော်လည်း ဘတ်ကလေမှ ကာလီဖိုးနီးယားတက္ကသိုလ်သို့သာ တက်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် ထိုတက္ကသိုလ်က သူ့ကို ပညာသင်ထောက်ပံ့ကြေးပေး၍ ဖြစ်၏။

ဘွဲ့ရရချင်းမှာပင် သူသည် 'အင်ဒီဂရိုဖ်'၏ 'ဖဲချိုင်းဆီမီးကွန်ဒပ်တာ' စက်ရုံတွင် အလုပ်ရ၏။ နှစ်အနည်းငယ်အကြာတွင် 'ဂရိုဗ်'သည် 'ဂေါ်ဒန်မိုး'နှင့် 'ရောဘတ်နွိုက်စ်'တို့နှင့်အတူ 'အင်တဲယ်လ်'ကို ထောင်ခဲ့၏။ ဤတွင် 'ဖရီမင်း'သည် ပထမဆုံးဝန်ထမ်းများထဲတွင် ပါဝင်ခွင့်ရခဲ့၏။ 'ဖရီမင်း'ကလည်း ပညာစွမ်းပြကာ ပရိုဂရမ် ထပ်တလဲလဲသွင်း၍ရသော

'မယ်မိုရီချစ်ပ်'တစ်ခုကို တီထွင်ခဲ့၏။ ဤတွင် အဆင့်မြင့်စီမံအုပ်ချုပ်မှု ရာထူးကို ရခဲ့၏။ နောက်ပိုင်းတွင် 'ဖရီမင်'က အင်တဲယ်လ်မှ နုတ်ထွက်ကာ 'ဂါနာ'တွင် လျှပ်စစ်အင်ဂျင်နီယာသွားသင်ပေးခဲ့သည်။ သူ့စကားအတိုင်း ပြောရလျှင် 'ကျွန်တော်က စွန့်စားမှုရယ်၊ ကိုယ်ပိုင် လွတ်လပ်မှုရယ်၊ မိမိဘာသာမိမိ တိုးတက်မှုရယ်၊ ရှာဖွေချင်လို့ပါ' ဟု အကြောင်းပြ၏။

အင်တဲယ်လ်မှ လုပ်ဖော်ကိုင်ဖက်များကမူ 'ဖရီမင်'ကို အခွင့်အရေးကောင်းကို လက်လွှတ်ဆုံးရှုံးလေခြင်းဟု ဝိုင်းဝေဖန်ကြ၏။ သို့သော် 'ဖရီမင်း'က သူ့အကြံအစည်နှင့်သူ။ သူက သူတစ်ပါးအတွက် မလုပ်လို။ သူ့ဘာသာသူ လုပ်ငန်းရှင်ဖြစ်ချင်သူ။ သူ့ဘာသာသူလည်း သိသည်။ သူသာ သူတစ်ပါးကုမ္ပဏီတွင် စီမံအုပ်ချုပ်မှုတာဝန် ထမ်းဆောင်နေရပါက သူသည် အစ္စရေးနိုင်ငံသို့ ပြန်ရောက်ဖို့ မလွယ်ကူ။ သူ့တွင် သူ့နိုင်ငံစီးပွားရေးအတွက် တော်လှန်သောစိတ်ကူးတစ်ခု ရှိ၏။ 'ချစ်ပ်'ဒီဇိုင်းလုပ်ငန်းတွင် အစ္စရေးသည် ခေါင်းဆောင်တစ်ဦး ဖြစ်စေချင်သည်။

၁၉၇၃ တွင် သူ့အချိန်ကျပြီဆိုသည်ကို သူသိ၏။ အင်တဲယ်လ်တွင် အင်ဂျင်နီယာအင်အား လျော့နည်းနေပြီ။ 'ဖရီမင်း'သည် အင်တဲယ်လ်သို့ ပြန်လာ၏။ ထို့နောက် အစ္စရေးနိုင်ငံအတွက် စမ်းသပ်ပြုလုပ်မည့်အုပ်စုတစ်ခုကို ဖွဲ့စည်း၏။ 'ယွန်းကပူး'စစ်ပွဲကြောင့် နှောင့်နှေးကြန့်ကြာရပြီး အင်တဲယ်လ်အဖွဲ့သည် ၁၉၇၄ ဧပြီကျမှ အစ္စရေးသို့ ရောက်လာ၏။ ဟိုင်ဖာတွင် ဒီဇိုင်းဌာန အသစ်တစ်ခုအတွက် အင်ဂျင်နီယာ ငါးယောက်ကို ငှားသည်။ ယခင်က အင်တဲယ်လ်သည် နိုင်ငံရပ်ခြားတွင် သုတေသနဌာန မထားဖူးခဲ့။

"အစ္စရေးနိုင်ငံဟာ ကျွန်တော်တို့အတွက် ပထမဆုံးသုတေသနဌာနတွေ ဖွင့်တဲ့ နိုင်ငံပါပဲ၊ လူများစုက ကျွန်တော်တို့ကို ရူးသွားပြီတောင် အောက်မေ့ကြတယ်"ဟု ကာလီဖိုးနီးယားမှ 'အင်တဲယ်လ်'ကုမ္ပဏီ တာဝန်ခံတစ်ဦးက နောင်တွင် ပြောပြ၏။

အစ္စရေးအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသုံးသိန်း၊ အချိန်ပြည့်ဝန်ထမ်း ငါးဦးဖြင့် စတင်ခဲ့၏။ သို့သော် နိုင်ငံ၏ ၁၃ နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဤအဖွဲ့သည် ဝန်ထမ်း ၅၄၀၀ ရှိသော အစ္စရေးနိုင်ငံ၏ အကြီးဆုံး ပုဂ္ဂလိကလုပ်ငန်းဖြစ်လာခဲ့သည်။ သူတို့၏ အောင်မြင်မှုပေါ်

မှုတည်ကာ 'အင်တဲယ်လ်'သည် အစ္စရေးတွင် ရင်းနှီးမြှုပ်နှံမှုများ ပုံသွင်း၍ လုပ်ခဲ့သည်။ 'အင်တဲယ်လ်'အစ္စရေးသည် 'အိုင်ဘီအမ်' ပီစီကွန်ပျူတာများ ၏ ပထမဆုံး 'ချစ်ပ်'ဒီဇိုင်းများ တာဝန်ယူထုတ်လုပ်သောနေရာ ဖြစ်လာ၏။ ပထမဆုံး 'ပင်တီယံ' ချစ်ပ်များသည်လည်း ဤကုမ္ပဏီမှပင် ထုတ်လုပ်ပေး ရ၏။ အစ္စရေးနိုင်ငံ တောင်ပိုင်း 'ကီယတ်ဂိတ်မြို့'တွင် အင်တဲယ်လ်က ဒေါ်လာ ၃.၅ ဘီလျံအလုပ်ရုံတစ်ခု ဆောက်၏။ ထိုနေရာတွင် အစ္စရေး လူမျိုးတို့က ထရစ်စစ်စတာ ချစ်ပ်စ်များကို တီထွင်ခဲ့ရာ၊ ထိုချစ်ပ်စ်များသည် အလွန်သေးငယ်လွန်းသဖြင့် ပင်အပ်ခေါင်းတွင် ထိုချစ်ပ်စ်မျိုး သန်း ၃၀ ထိပင် တင်ထား၍ရ၏။ ဤနေရာသည် အင်တဲယ်လ်အဖို့ အဓိကထုတ်လုပ် သော နေရာဖြစ်လာရာ၊ မည်သည့်အရာကမှ ရပ်တန့်ရန် မတားဆီးနိုင်တော့။ စစ်ဖြစ်နေချိန်ကာလမှပင် လုပ်ငန်းသည် မရပ်ဆိုင်း။

"ခင်ဗျားရဲ့ဆုံးဖြတ်ချက်ကို ကျုပ်တို့ ယုံတယ် ဒို့ဗ်၊ ခင်ဗျားလုပ်ရမယ့် အလုပ်ဟူသမျှကို ကြိုက်တာသာ လုပ်တော့"

၁၉၆၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲစတင်ပြီးနောက် အင်တဲယ်လ်မှ ပေးပို့သော သဝဏ်လွှာသည် အထက်ပါအတိုင်းပင် ဖြစ်၏။

စောစောပိုင်း ၅ လခန့်က အီရတ်က ကူဝိတ်ကို ကျူးကျော်၏။ ထိုသတင်းကို 'ဖရိုးမင်း'ကြားသောအခါ သူ့အလုပ်သမားများအားလုံးကို ဌာနေပြန်ပို့ရမည့်ကိန်း ဆိုက်နေကြောင်း သူသိလိုက်၏။ ထိုအခါ စက်ရုံတစ်ခု လုံး ပိတ်လိုက်ရတော့သည်။ သို့ဆိုလျှင် အင်တဲယ်လ်အစ္စရေးကို ထိခိုက်တော့ မည်။

အမေရိကန်တပ်များသည် သောင်းနှင့် ချီ၍ ဆော်ဒီအာရေဗျသို့ ရောက်လာကာ စစ်ပြင်နေကြပြီ။ 'ဖရိုးမင်း'အဖို့ တစ်ခုခုတော့ စွန့်စားရတော့ မည်။ ထိုအချိန်တွင် အင်တဲယ်လ်သည် အိုင်ဘီအမ်ပီစီအတွက် အားသွင်းရန် ၈၀၈၈ ချစ်ပ်စ်ကို ရွေးထားချိန်ဖြစ်၏။ သို့သော် အိုင်ဘီအမ်က ဤချစ်ပ်စ် မျိုးကို အင်တဲယ်လ်တစ်ခုတည်းကသာ ထုတ်လုပ်မည်ဆိုလျှင် အတော်စွန့် စားရမည်ဟု ထင်နေ၏။ ထို့ကြောင့် အင်တဲယ်လ်က ဝင်ငွေ၏ ၃၀% သာ ရနိုင်နေသည်။

၁၉၈၃ တွင် အင်တဲယ်လ်က ၂၈၆ ခေါ်သော မျိုးဆက်သစ်ချစ်ပ်စ် တစ်မျိုးကို တီထွင်၏။ ၁၉၈၅ တွင် ဒေါ်လာသန်း ၂၀၀ ထပ်မံရင်းနှီးမြှုပ်နှံကာ ပိုမိုမြန်ဆန်သော ၃၈၆ ချစ်ပ်စ်များကို ပြုလုပ်၏။ အင်တဲယ်လ်က လောင်းကစားတစ်ခုလုပ်ရန် ပြင်ဆင်လိုက်လေပြီ။ ဤအချိတွင်ကား အိုင်ဘီအမ်က အင်တဲယ်လ်ကို တစ်ဦးတည်း ကိုယ်စားလှယ်ပေးရန် သဘောတူလိုက်ရတော့သည်။ ဤသည်မှာ ကမ္ဘာ့ကွန်ပျူတာသစ်များ အများစုကို စွမ်းအင်ပေးသော 'ချစ်ပ်စ်'ထုတ်လုပ်မှုပင် ဖြစ်၏။ ဤသည်မှာ စွန့်စားခြင်းတစ်မျိုး ဖြစ်၏။ အင်တဲယ်လ်က ဤပစ္စည်းများကို အချိန်မီမပေးနိုင်လျှင် ဘာဖြစ်သွားမလဲ။ ထို့ထက်ပို၍ စွန့်စားရသည်မှာ 'ဆန်တာကလာရာ'၏ အုပ်ချုပ်မှုအဖွဲ့က ဤပစ္စည်းထုတ်လုပ်ရန် တာဝန်သစ်အများစုကို အစ္စရေးနိုင်ငံတွင် ထုတ်လုပ်ရန် ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်၏။

ဤသို့ဖြင့် ဝန်ထုပ်ဝန်ပိုးကြီးသည် အင်တဲယ်လ်အစ္စရေး၏ ဂျေရုစလင်ရှိ ချစ်ပ်စ်ထုတ်လုပ်ရေးပေါ်တွင် ကျလာ၏။ အင်တဲယ်လ်ကုမ္ပဏီက ကမ္ဘာတစ်ဝှမ်း ဖြန့်ချိသော ပစ္စည်းပေါင်း၏ လေးပုံသုံးပုံကို ဤစက်ရုံကပင် တာဝန်ယူ ထုတ်လုပ်ပေးရ၏။ တစ်နေ့ကို ၁၂ နာရီ အဆိုင်းနှစ်ဆိုင်းဖြင့် တစ်ပတ်ကို ခုနစ်ရက် လုပ်ကြရ၏။

ယခုတော့ ခြိမ်းခြောက်မှုတွေက ရှိနေပြီ။ ဆက်ဒမ်ဟူစိန်က သူ့ကို အမေရိကန်က ထိုးစစ်ဆင်သည်နှင့် သူက အစ္စရေးကို ဒုံးကျည်ဖြင့် ပစ်ခတ်မည်ဟု ကြုံးဝါးနေ၏။

အစ္စရေးအစိုးရသည် 'ဆက်ဒမ်ဟူစိန်'က ပြောသလို လုပ်မည်ဟု ယုံကြည်ထား၏။ အီရတ်တွင် စကတ်ဒ်ဒုံးကျည်များရှိရာ၊ ၄င်းတို့သည် ဆယ်မိနစ်အတွင်း တဲလ်အဗစ်မြို့ကို ပစ်ခတ်နိုင်၏။ ၄င်းဒုံးကျည်ထိပ်ဖူးများတွင် ဓာတုဗေဒလက်နက်များလည်း တပ်ဆင်ထားသည်။ ၁၉၉၀ အောက်တိုဘာလတွင် အစ္စရေးအစိုးရက ဓာတ်ငွေ့ကာ မျက်နှာဖုံးများစွာ ဝယ်ယူရန် စီစဉ်ခဲ့၏။ ၄င်းမျက်နှာဖုံးအရေအတွက်သည် ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် အရေအတွက် အများဆုံး ဖြစ်၏။

ဤအချိန်သည် အစ္စရေးနိုင်ငံအတွက် အထူးအရေးကြီးသောအချိန် ဖြစ်၏။ သူငယ်တန်းကျောင်းများတွင် ဆရာမများက ငါးနှစ်ရွယ်ကလေးများ

ကို ဓာတ်ငွေ့ကာ မျက်နှာဖုံးစွပ်နည်း သင်ပေးကြရ၏။ ဥသြဆွဲလျှင် နီးစပ်ရာ ဖုံးခိုကျင်းများသို့ ဝင်ပြေးကြရန် လေ့ကျင့်ပေး၏။ အိမ်တိုင်းသို့ စာပို့ပြီး ဓာတ်ငွေ့ကာမျက်နှာဖုံးများကို မည်သည့်နေရာမှ ရယူရမည်ကို အကြောင်းကြားထား၏။ ဈေးဆိုင်ကြီးတိုင်းတွင် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့များက နေရာယူစောင့်ရှောက်ထားကြသည်။ ဓာတ်ငွေ့ကာမျက်နှာဖုံး မပါဘဲ မည်သူမှ လမ်းမထွက်ရဲကြ။

အစ္စရေးအမျိုးသားတိုင်း အသက် ၄၅ နှစ်အောက် အရွယ်များသည် နှစ်စဉ် တစ်လမျှ အရန်တပ်ဖွဲ့များတွင် စစ်မှုထမ်းရ၏။ စစ်ကာလအတွင်းတွင် အရပ်ဘက်မှ အရန်တပ်သားများစွာ စစ်မှုထမ်းကြရ၏။ ထို့ကြောင့် အလုပ်တွေပျက်၊ ကုန်ထုတ်စွမ်းအားတွေ လျော့။ စစ်ဖြစ်နေစဉ်ဆိုလျှင် အလုပ်သမားများသည် ရက်သတ္တပတ်နှင့် ချီပြီး၊ တစ်ခါတစ်ခါ လနှင့်ချီပြီး အလုပ်ပျက်ကြရ၏။ ထို့ကြောင့် အစ္စရေးစီးပွားရေးလုပ်ငန်းအချို့ ဒေဝါလီခံကြရ၏။ စီးပွားပျက်ကြ၏။

၁၉၉၁ ဇန်နဝါရီစောစောပိုင်းတွင် အမေရိကနှင့် ဥရောပမှ စီးပွားရေးလေကြောင်းများသည် ထိုဒေသသို့ သွားလာမှုကို ရပ်ဆိုင်းခဲ့ကြ၏။ ဇန်နဝါရီ ၁၁ ရက်- ကုလသမဂ္ဂက အီရတ်တပ်ဖွဲ့များ ကူဝိတ်မှ ဆုတ်ခွာရန် နောက်ဆုံးရက် သတ်မှတ်မှုမတိုင်မီ လေးရက်တွင် အမေရိကန်အစိုးရက သူ့နိုင်ငံသားများကို အစ္စရေးမှ ထွက်ခွာရန် တိုက်တွန်းခဲ့၏။ ဇန်နဝါရီ ၁၆ ရက်တွင် အစ္စရေးအစိုးရက ကျောင်းများ၊ အလုပ်ဌာနများအားလုံး တစ်ပတ် သို့မဟုတ် သည့်ထက်ကြာကြာပိတ်ရန် ကြေညာ၏။ လိုအပ်သောဌာနများ (ဥပမာ-လျှပ်စစ်ဌာန) မှအပ ဌာနအားလုံး ပိတ်ခိုင်း၏။ အစိုးရက ပြည်သူများကို အိမ်မှာသာ နေစေချင်၏။ လမ်းမထွက်စေချင်။ အချက်ပေးဥသြဆွဲလျှင် ဖုံးခိုကျင်းများသို့ ပြေးလွှားခိုလှုံရန်လည်း သတိပေးထားသည်။

'ဖရီးမင်း'အတွက်မူ အစိုးရ၏ သတိပေးချက်များအရ သူ့စက်ရုံများ ပိတ်ပစ်ဖို့ရာသာ ရှိတော့၏။

'ကျွန်တော်တို့အတွက် တကယ့်ကို အခက်ကြုံနေတယ်၊ စက်ရုံတွေ ပိတ်လိုက်ရင် ကုန်ထုတ်လုပ်မှု ရပ်တန့်သွားမယ်၊ ခဏလေးရပ်သွားတာ ဖြစ်ပစေ၊ ကျွန်တော်တို့ပေးဆပ်ရမယ့် တန်ကြေးကတော့ ရေရှည်ကို ထိခိုက်လိမ့်မယ်' ဟု 'ဖရီးမင်း'က ပြော၏။

'ဖရီးမင်း'က နိုင်ငံရပ်ခြားသို့သွားကာ အစ္စရေးတွင် ရင်းနှီးမြှုပ်နှံမှုများ ရရာရကြောင်း စနည်းနာသည်။

သို့သော် တုံ့ပြန်သံများမှာမူ မကောင်းလှ။ အကြမ်းဖက်မှု၊ စစ်ပွဲ၊ သွေးမြေကျမှု၊ နိုင်ငံရေးမငြိမ်သက်မှု စသည်…

သို့ဖြင့် ဇန်နဝါရီလ ၁၅ ရက်နေ့ဖြစ်သည့် နောက်ဆုံးသတိပေးရက်သည် နီးကပ်လာချေပြီ။ 'ဖရီးမင်း'က အစ္စရေးတွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်သည့် ပုဂ္ဂိုလ်တစ်ဦးကို အကြီးအကျယ် ချဉ်းကပ်ကာ စည်းရုံးနေရ၏။

'ပင်လယ်ကွေ့စစ်ပွဲကာလအတွင်းကတောင် အစ္စရေးတွေက ဘယ်တော့မှ အလုပ်မှာ ကတိမတည်တာမျိုးတွေ မရှိခဲ့ဘူး၊ အလုပ်အပ်ရမယ့်ရက်ကို ဘယ်တုံးကမှ နောက်မကျခဲ့ကြဘူး၊ တစ်ကြိမ်တစ်ခါတောင် လစ်ဟင်းမှု မဖြစ်စေရဘူး၊ အစ္စရေးနိုင်ငံပေါ် ဗုံးမိုးတွေ ရွာနေတုန်းကတောင် အလုပ်မပျက်ကြဘူး'

ထိုသို့ ပြောဆို စည်းရုံး၏။ ဇန်နဝါရီ ၁၇ ရက်တွင် 'ဖရီးမင်း'က သူ့အလုပ်သမားများကို ခေါ်ယူစုရုံးကာ စစ်ပွဲကာလအတွင်း စက်ရုံဖွင့်မည်ဟု ကြေညာခဲ့၏။ အစိုးရအမိန့်ကို လွန်ဆန်သည်ကား မှန်၏။ သို့သော် သူ့အဖို့ ဤနည်းလမ်းမှလွဲ၍ ရွေးချယ်စရာမရှိ။

ဇန်နဝါရီ ၁၈ ရက်နေ့ နံနက် ၂ နာရီတွင် 'ဖရီးမင်း'သည်လည်း အခြားသော အစ္စရေးလူမျိုးများကဲ့သို့ပင် သတိပေးဥသြသံကြောင့် လန့်နိုးခဲ့ရသည်။ သူနှင့် သူ့မိသားစုသည် ဓာတ်ငွေ့ကာမျက်နှာဖုံးများ စွပ်ကာ ဗုံးခိုကျင်းဆီသို့ အပြေးအလွှားသွားကြ၏။ အခြေအနေအရပ်ရပ် ငြိမ်သွားတော့ ဒုံးကျည်ရှစ်ခုက တဲလ်အဗစ်နှင့် ဟိုင်ဖာကို ထိမှန်ကြောင်း သိရ၏။ ဟိုင်ဖာတွင် အင်တဲယ်လ် သုတေသနစခန်း ရှိ၏။ သို့သော် ဒုံးကျည်များတွင် ဓာတုဗေဒလက်နက်များကား မပါ။ နောက်နေ့များတွင်လည်း ဒုံးကျည်များ ကျရောက်စရာအကြောင်း ရှိ၏။ 'ဆက်ဒမ်'သည် နောက်ပိုင်းတွင် ဓာတုလက်နက်များနှင့် မပစ်ခတ်ဘူးဟု မည်သူမျှ မပြောနိုင်။

မနက် ၃း၃၀ တွင် 'ဖရီးမင်း'သည် ဓာတ်ငွေ့ကာမျက်နှာဖုံးနှင့်အတူ သူ့အလုပ်ရုံသို့ လာခဲ့၏။ သူက ချစ်ပ်စ်စက်ရုံ၏ အဓိကသန့်စင်သည့်

အလုပ်ဌာနသို့ တန်းသွား၏။ ထိုနေရာတွင် ဖုန်မှုန့်များ ကင်းအောင် လုပ်ထားသည်။ အလုပ်သမားများသည် လုံခြုံရေးဝတ်စုံများ ဝတ်ထားသဖြင့် သူတို့ကို ကြည့်ရသည်မှာ အာကာသယာဉ်မှူးများနှင့်ပင် တူနေ၏။ အချက်ပေးဥဩဆွဲသံကြားသောအခါ သူတို့သည် ဗုံးခိုကျင်းသို့ ပြေးသွားကြ၏။ ငြိမ်သက်သွားသောအခါ သူတို့အလုပ်ဌာနအသီးသီးသို့ ပြန်လာကြသည်ဆို၏။ ဒုံးကျည် ၈၇မှန်သောနေ့တွင်ပင် အလုပ်သမား ၇၅ ရာခိုင်နှုန်း အလုပ်ဆင်းကြသည်ကို တွေ့၍ 'ဖရီးမင်း' ဝမ်းသာသွား၏။ နောက်နေ့ညတွင် အီရတ်တို့၏ ဒုံးကျည်တိုက်ခိုက်မှု ဆက်ဖြစ်၏။ သို့သော် အလုပ်သမား ၈၀%တို့က အလုပ်ဆင်းကြ၏။ ပိုပြီး ဒုံးကျည်နှင့် အတိုက်ခံရလေ၊ အလုပ်သမားတွေ ပိုအလုပ်ဆင်းလာလေလေ။ အစ္စရေး၏ 'ပုံမှန်သစ်'ကား ကြံ့ခိုင်ချီးကျူးဖွယ်ကောင်းလေစွ။

'ဆန်တာကလာရာ' ရုံးချုပ်နှင့်လည်း အစည်းအဝေးပုံမှန်လုပ်ဖြစ်၏။ အစ္စရေးလုပ်သားတို့ကမူ ဓာတ်ငွေ့ကာမျက်နှာဖုံးများ ဆောင်ကာ အားကြိုးမာန်တက်အလုပ်လုပ်ကြ၏။ ဥဩဆွဲသံကြားလျှင် ဗုံးခိုကျင်းသို့ ပြေးသွားကြ။ ဥဩသံ ငြိမ်လျှင် ပြန်အလုပ်ဆင်းကြ။ ကျောင်းတွေ ပိတ်ထားသဖြင့် ကလေးတွေကိုလည်း အိမ်မှာပစ်ထား၍ မရကြ။ ထို့ကြောင့် ကလေးတွေကို အလုပ်ခွင်သို့ ခေါ်လာရ၏။ အလုပ်သမားအချင်းချင်း သူ့အချိန်ပိုင်းနှင့်သူ တာဝန်ခွဲကာ ကလေးထိန်းတာဝန်ကိုပါ ယူကြသည်။ ဒုံးကျည်ပစ်လျှင် ဗုံးခိုကျင်းထဲ ဝင်ကြ။ ဥဩသံငြိမ်လျှင် အလုပ်လုပ်ကြ။ ကလေးထိန်းကြ။ သူတို့အားလုံး အရေးပေါ်အခြေအနေတွင် လုပ်အားတစ်စက်ကလေးမှ မလျော့အောင် လုပ်ဆောင်နေကြ၏။

ဤသည်မှာ အစ္စရေးစိတ်ဓာတ်ပင် ဖြစ်၏။ 'ဒဗ်ကာ'ဟူသော အစ္စရေး စကားလုံးတစ်ခု ရှိ၏။ 'မည်သို့ပင်ဖြစ်စေ' ဟု ဘာသာပြန်ရမည်။

'သူတို့က ပိုတိုက်လေ၊ ကျုပ်တို့က ပိုအောင်မြင်လေ' ဟူသော စိတ်ဓာတ်မျိုးဖြစ်၏။

၂၀၀၆ လက်ဘနွန်စစ်အစဦးပိုင်းတွင် 'အီတန်ဝါသိုင်းမား'က 'ဝါရင်ဘူဖက်'ကို ပြောဖူး၏။

"ဒီစစ်ပွဲမှာ ဘယ်သူနိုင်သလဲဆိုတာ အဆုံးအဖြတ်ပေးရတော့မယ်၊ ဒုံးကျည်တွေ အဆက်မပြတ်ကျနေတဲ့ကြားထဲက ကုန်ထုတ်စွမ်းအားက တစ်စိုးတစ်စေ့တောင် လျော့ပါးမသွားဘူးဆိုတော့…"

ထို့ကြောင့်လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများစွာက အစ္စရေးကို မျက်စိကျကာ အလုံးအရင်းနှင့် ရင်းနှီးမြှုပ်နှံကြသည်မှာ မဆန်းပါ။

❖

# အခန်း (တစ်ဆယ်)
# ယိုဇ်မာ–ပြိုင်ပွဲ

ဂျွန်လင်နွန်က ရော့ခ်အင်ရိုး အစဦးနှစ်တွေအကြောင်း တစ်ခါက ပြောဖူးတယ်။ 'အဲလ်ဗစ်မတိုင်မီက ဘာမှမရှိခဲ့ဘူး'တဲ့။ အစ္စရေးနိုင်ငံရဲ့ စွန့်စားတီထွင်လုပ်ငန်းရှင်တွေရဲ့ စွန့်စားရင်းနှီးမှုတွေ၊ ဟိုင်းတက် နည်းပညာ အောင်မြင်မှုတွေဟာ လင်နွန်ရဲ့စကား ငှားသုံးရရင် 'ယိုဇ်မာ' မလုပ်မီတာ ဘာမှမရှိခဲ့ဘူးလို့ပဲ ပြောရမယ်။

***အော်နာဘယ်ရီ***

'အော်နာဘယ်ရီ'၏သား 'အမစ်'က ဒေါ်လာ ၃၂ သန်းတန် သတင်း တစ်ခုကို ရ၏။ 'အမစ်'သည် သူ့မိခင်ထံမှ အသံသတင်းတစ်ခုကို ရ၏။ ဂျာမန်ဆက်သွယ်ရေးလုပ်ငန်းကြီးဖြစ်သော 'ဆီးမင်း'၏ ဒုတိယဥက္ကဋ္ဌက ဆက်သွယ်ခြင်းဖြစ်၏။ 'အော်နာဘယ်ရီ'သည် ကုမ္ပဏီကြီးတစ်ခုဝယ်ရန် ခရီးထွက်နေ၍ သူ့ကို ဖုန်းဆက်၍မရ။ 'ဆီးမင်း'က အစ္စရေးတွင် ကုမ္ပဏီ ထူထောင်ရန် ဆက်သွယ်ခြင်း ဖြစ်၏။ ဤသည်မှာ အစ္စရေးတွင် ဥရောပမှ ပထမဆုံးလုပ်ကိုင်မည့်ကုမ္ပဏီ ဖြစ်၏။ ၁၉၉၅ တွင် စာချုပ် စတင်ချုပ်ဆို အကောင်အထည်ဖော်၏။

ယနေ့ခေတ်ကာလတွင်မူ ဤသတင်းမျိုးသည် မဆန်းတော့။ ဥရောပ တိုက်သားများစွာတို့သည် ယူရိုသန်းပေါင်း ရာနှင့်ချီ၍ အစ္စရေးကုမ္ပဏီများ တွင် မြုပ်နှံနေကြ၏။ ၁၉၉၅ တွင် ဥရောပကုမ္ပဏီများက အစ္စရေးကို

သိပ်စိတ်မဝင်စားခဲ့ကြ။ အော်နာဘာယ်ရီက အစ္စရေးအစိုးရသစ်၏ အစီအစဉ်ဖြစ်သော 'ယို့ဇမာ' အကောင်အထည်ပေါ်လိမ့်မည်ဟု ယုံကြည်၏။ အစိုးရ၏ ကမ်းလှမ်းမှုကြောင့် အလားတူလုပ်ငန်းသစ်များစွာ ရာပေါင်းများစွာ ပေါ်လာလိမ့်မည်ဟုလည်း သူ ယုံကြည်ထား၏။

'ဘာယ်ရီ'သည် အစ္စရေးစီးပွားရေးခေါင်းဆောင်များထဲမှ တစ်ဦးဖြစ်၏။ ၁၉၉၇ တွင် သူသည် စက်မှု၊ ကုန်သွယ်ရေးနှင့် အလုပ်သမားဝန်ကြီးဌာန၏ အစ္စရေးနိုင်ငံ ထိပ်တန်းသိပ္ပံပညာရှင်အဖြစ် သတ်မှတ်ခြင်းခံရသူဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် သူသည် 'အစ္စရေးစွန့်စားလုပ်ကိုင်မှုအသင်း'၏ ဥက္ကဋ္ဌဖြစ်လာ၏။ သူသည် ကာလီဖိုးနီးယားတောင်ပိုင်းတက္ကသိုလ်မှ ကွန်ပျူတာဒေါက်တာဘွဲ့ရခဲ့ကာ အမေရိကရှိ နည်းပညာအကြံပေးကုမ္ပဏီ 'ယူနီဆီးဖ်'တွင် တာဝန်ထမ်းဆောင်ခဲ့၏။ ထို့နောက် အစ္စရေး ပြန်လာကာ 'အိုင်ဘီအမ်'တွင် လုပ်၏။ ထို့နောက်မှ 'အင်တဲယ်လ်'။

သို့သော် ၁၉၉၂ ကမှ သူသည် ပထမဆုံးစွန့်စားတီထွင်စီးပွားရေးလုပ်ငန်းရှင် ဖြစ်ခဲ့၏။ သူသည် အစ္စရေး၏ စောစောပိုင်း တက်ခ်ကုမ္ပဏီဖြစ်သော 'ဖိုင်ဘရိုနစ်' ကုမ္ပဏီမှ လုပ်ဖော်ကိုင်ဖက် ငါးဦးတို့နှင့်အတူ 'အော်နက်ဒေတာဆက်သွယ်ရေး'လုပ်ငန်းကို ထူထောင်ခဲ့၏။ 'အော်နက်ဒေတာ'သည် ပြည်တွင်းဒေသကွန်ယက်များအတွက် ဆော့ဖ်ဝဲနှင့်ပစ္စည်းများ ထုတ်လုပ်ပေး၏။ ဒေတာအချက်အလက်များ ထုတ်လွှင့်ရေးတွင် အမြန်နှုန်းနှစ်ဆဖြစ်အောင် လုပ်ပေးနိုင်ခဲ့၏။

အသုံးပြုသူအများစုမှာ 'ဝါးလ်ဝိုက်ဝက်ဘ်'ကို တယ်လီဖုန်းလိုင်းများမှတစ်ဆင့် ဆက်သွယ် အသုံးပြုနေကြချိန်တွင် 'အီသာနက်' ကွန်ယက်နည်းပညာသည် အိမ်နှင့် ရုံးများတွင် စတင်အသုံးပြုစပြုလာကြပြီ။ သတင်းအချက်အလက် ပိုရ၊ ပိုမြန်သော်လည်း 'ဘဲင်းန်' အကျယ်အဝန်းမှာ အတော်ကလေး အကန့်အသတ်ရှိဆဲဖြစ်၏။ 'အော်နက်ဒေတာ' အဖွဲ့မှာ အဆိုပါအားနည်းချက်ကို ပြုပြင်ပေးနိုင်ခဲ့ရာ 'ဘဲင်းန်'အကျယ်အဝန်း အဆငါးဆယ်အထိ တိုးပွားလာနိုင်ခဲ့၏။

'အော်နက်ဒေတာအဖွဲ့'သည် အစ္စရေးနိုင်ငံ မြောက်ပိုင်း 'ကားမီးယဲယ်လ်'မြို့တွင် အလုပ်သမား လက်တစ်ဆုပ်စာသာ ရှိ၏။ ကုမ္ပဏီ

ထူထောင်ကာစတွင် 'ဘယ်ရီ'သည် အမေရိကသို့ ထပ်တလဲလဲ သွားရောက်ကာ ငွေရှာခဲ့ရ၏။ သို့သော် မကြာမီ သိလာရသည်မှာ ငွေကြေးထောက်ပံ့မှု မရနိုင်ကြောင်းပင် ဖြစ်၏။

"ကျွန်မတို့လို သိပ်စွန့်စားရတဲ့ ကနဦးအစလုပ်ငန်းအတွက် စွန့်စားရင်းနှီးထုတ်ပေးမယ့်သူ ဘယ်ရှိပါ့မလဲရှင်" ဟု သူက ပြော၏။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအဖို့ အစ္စရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အဓိပ္ပာယ်မရှိဟု ထင်ထားကြ၏။ သူတို့အတွက်မူ အစ္စရေးသည် ရှေးဟောင်းဘာသာတရား၊ ရှေးဟောင်းအမွေအနှစ်ကို ဖက်တွယ်သူ၊ ဝိရောဓိများသော နိုင်ငံဟု သဘောပေါက်ထားကြ၏။ ဤသည်တို့မှာ ၁၉၉၁ ပင်လယ်ကွေ့ စစ်ပွဲအတွင်း 'ဒိဗ်ဖရိမင်း'က အင်တဲယ်လ်ကို ဆက်ဖွင့်ရန် မဆုံးဖြတ်ခင် အချိန်ထိ ဖြစ်သည်။

'အစ္စရေးဆိဒ် အစုစပ်များ'ကို တည်ထောင်သူ 'ဂျွန်မက်ဗက်'၏ စကားအတိုင်းပြောရလျှင် "အမေရိကန်ဆီကနေ ရဖို့ဆိုရင် ခင်ဗျား ပြာနှမ်းတဲ့အထိ တံတွေးတဗျစ်ဗျစ်စင်ပြီး ပြောယူရမယ်၊ ကဲ အစ္စရေးမှာ လာပြီး ရင်းနှီးမြှုပ်နှံဗျာလို့ ပြောလိုက်ရင်တော့ သူတို့က ဟားတိုက်ရယ်မောပစ်လိုက်ကြလိမ့်မယ်" ဟု ပြောသည်။

'အဲဒီအချိန်တုန်းက အစ္စရေးမှာ တစ်ခုခုလစ်ဟာနေတာ သေချာတယ်၊ အစ္စရေးနိုင်ငံက နည်းပညာပိုင်းတိုးတက်မှုမှာ ဟုတ်နေပေမယ့် အစ္စရေးလူမျိုးတွေက ကုမ္ပဏီတွေ ဒါမှမဟုတ် ဈေးကွက်ထုတ်ကုန်တွေကို ဘယ်လိုစီမံရမယ် ဆိုတာတော့ မသိကြဘူး' ဟု ၁၉၈၀ ခုနှစ်များက အစိုးရဌာန၏ သိပ္ပံပညာရှင် အကြီးအကဲအဖြစ် ဆောင်ရွက်ဖူးသူ 'ယီဂေါလ်အာလစ်ချ်'က ပြော၏။

အစ္စရေး စွန့်စားတီထွင်စီးပွားရေးလုပ်ငန်းရှင်များအဖို့မူ အစကတည်းက ကမ္ဘာနှင့်ချီ၍ စဉ်းစားတတ်ရန် လို၏။ မြေထဲပင်လယ်ကမ်းခြေများမှနေ၍ ဝေးလံသောဒေသများသို့ ကုန်ပစ္စည်းများကို မည်သို့ထုတ်လုပ်၊ မည်သို့ဖြန့်ချိ၊ မည်သို့ ဈေးကွက်ချဲ့ရမည်ကို တတ်ကျွမ်းရန် လို၏။

အစ္စရေးတွင် စွန့်စားရင်းနှီးမြှုပ်နှံမှုများ မစတင်ခင်က ငွေကြေးရှာဖွေရန် နည်းလမ်းနှစ်ခုသာ ရှိ၏။ ပထမနည်းမှာ အစ္စရေးလုပ်ငန်းရှင်များသည်

'သိပ္ပံအကြီးအကဲရုံး' (အိုစီအက်စ်) ထောက်ပံ့ကြေးလျှောက်ထားရန် ဖြစ်၏။ ဒုတိယနည်းလမ်းမှာ အမေရိကန်နှင့် အစ္စရေးတို့ ပူးပေါင်းတည်ထောင်ထားသော ဒေါ်လာသန်း ၁၀၀ စီမံကိန်း 'နှစ်နိုင်ငံစက်မှုသုတေသနနှင့် ဖွံ့ဖြိုးရေး' (ဘတ်ဒ်)မှ ထောက်ပံ့ငွေ ရယူရန် ဖြစ်၏။

'ဘတ်ဒ်'၏ အမှုဆောင်ညွှန်ကြားရေးမှူး 'အက်ဒ်မလာဗ်စကီး'က 'ဤအဖွဲ့သည် အောင်သွယ်တော်အဖွဲ့ငယ်ဖြစ်သည်' ဟု ပြောခဲ့၏။ နည်းပညာဖန်တီးသော အစ္စရေးကုမ္ပဏီနှင့် အမေရိကန်တွင် ဈေးကွက်ရှာရောင်းဝယ်သော ကုမ္ပဏီတို့ကြားမှ ပွဲစားသဖွယ် ညှိနှိုင်းပေးခြင်းကို ဆိုလို၏။

"ကျွန်တော်တို့က အမေရိကန်ကုမ္ပဏီတွေကို သွားဆက်သွယ်ရတယ်၊ ဒီမှာ အစ္စရေးလို့ခေါ်တဲ့ နိုင်ငံတစ်ခုရှိတယ်၊ ခင်ဗျားတို့ ကြားဖူးချင်ကြားဖူးမယ်၊ မကြားဖူးချင်မှလည်း ကြားဖူးမယ်။ ဒီနိုင်ငံမှာ လုပ်ငန်းကျွမ်းကျင်တဲ့၊ ဖွဲ့လုံ့လရှိတဲ့၊ ကောင်းစွာလေ့ကျင့်ထားတဲ့ အင်ဂျင်နီယာတွေရှိတယ်၊ သူတို့ကို ငှားရမ်းဖို့ရာ ခင်ဗျား ပိုက်ဆံပေးစရာမလိုဘူး၊ ခင်ဗျားတို့ကုမ္ပဏီကို နေရာပြောင်းဖွင့်ရုံပဲ၊ စီမံချက်ပြီးသွားရင်လည်း ပူစရာမလိုဘူး၊ အဲဒီအုပ်စုနဲ့ ကျွန်တော်တို့ ခင်ဗျားတို့ကို မိတ်ဆက်ပေးမယ်၊ ပြီးရင် အဲဒီစီမံချက်မှာ ခင်ဗျားတို့ ပါဝင်မယ့်အပိုင်းအတွက် ကုန်ကျငွေတစ်ဝက် ခင်ဗျားတို့ကို ကျွန်တော်တို့က ပေးဦးမယ်၊ နောက်တစ်ဝက်ကတော့ သူတို့အပိုင်းမှာ အစ္စရေးလူမျိုးတွေ လိုအပ်သမျှပေါ့"

ထိုသို့ပြောကာ 'ဘတ်ဒ်'သည် စီမံကိန်း ၇၈၀ တွင် ဒေါ်လာသန်း ၂၄၀ မြှုပ်နှံ၏။ တိုက်ရိုက်နှင့် တစ်ဆင့်ခံအရောင်းတို့မှလည်း ဒေါ်လာ ၈ ဘီလျံ ရခဲ့၏။

'ဘတ်ဒ်'အစီအစဉ်ကြောင့် ငွေကြေးအမြတ်ရခဲ့သည့်အပြင် အစ္စရေးတက်ခ်ကုမ္ပဏီများ အမေရိကန်တွင် စီးပွားရေး မည်သို့လုပ်ရမည်ကို သိလာကြ၏။ ကုမ္ပဏီအသီးသီးသည် သူတို့၏ အမေရိကန်အစုစပ်များနှင့်အတူ နီးနီးကပ်ကပ် ပူးတွဲလုပ်ဆောင်ကြ၏။ လူများစုက အမေရိကတွင် ရုံးခန်းငှားကြ၏။ သူတို့၏အလုပ်သမားများကို ပင်လယ်ရပ်ခြားသို့ ပို့ကြ၏။ ဤနည်းဖြင့် ဈေးကွက်တွေ ဖောက်သည်တွေအကြောင်း ပိုသိလာ၏။

၁၉၉၂ တွင် အစ္စရေးကုမ္ပဏီထဲမှ ၆၀ ရာနှုန်းမျှသည် နယူးယောက်စတော့တွင် ပါလာခဲ့၏။ ဤသို့ဖြင့် အမေရိကန် ရင်းနှီးမြှုပ်နှံသူများ၏ သတိပြုမှုကို ရခဲ့၏။ အစ္စရေးနိုင်ငံမှထွက်သော ဟိုင်းတက်ပို့ကုန် ၇၄ ရာခိုင်နှုန်းသည် ဟိုင်းတက်ကုမ္ပဏီများ၏ ၄ ရာခိုင်နှုန်းမှပင် ထွက်ကြောင်း သတိပြုမိလာကြ၏။

'ဌာန်မက်ဇက်'သည် ၁၉၈၂ တွင် အိမ်ပေါက်စေ့ တံခါးခေါက်ကာ သူ့ဖခင်၏ မျက်မှန်ပစ္စည်းများ ရောင်းခဲ့သည်။ ထိုအချိန်တွင် သူတို့ကုမ္ပဏီတွင် အလုပ်သမား ၁၀ ယောက်သာ ရှိ၏။ ဂိုထောင်တစ်ခုထဲတွင် လုပ်ကိုင်ကြ၏။ 'မက်ဇက်'သည် ကောလိပ်တွင် သင်္ချာနှင့် ရူပဗေဒ မသင်ဖူး။ သူ့ဖခင်၏ စီးပွားရေးလုပ်ငန်းများလည်း မသိ။ သူသည် 'ဟီဘရူး'ဘာသာစကားကိုပင် မတတ်။

'ကျွန်တော်က အစ္စရေးအင်ဂျင်နီယာတွေရှေ့မှာ စကားပြောရတယ်၊ အဲဒီလူတွေက ဖိုင်ဘာအကြောင်း ဘာမှသိကြမှာ မဟုတ်ဘူး၊ ကျွန်တော်က လူတတ်ကြီးလုပ်ပြီး ဖိုက်ဘာမျက်မှန်အကြောင်း ပြောရတာ၊ သူတို့က မေးခွန်းခက်ခက်ခဲခဲတွေ မေးလာရင်တော့ ဝမ်းနည်းပါတယ် ဒါတွေတော့ ကျွန်တော် မသိလို့ပါလို့ ပြောခဲ့ပါတယ်' ဟု သူက ဆို၏။

'မက်ဇက်'သည် သူ့စီမံကိန်းများကို ခရီးဆောင်သေတ္တာတစ်လုံးမျှ ပမာဏရှိသော သူ့ကွန်ပျူတာပေါ်တွင် ရေးဆွဲကာ ရင်းနှီးမြှုပ်နှံသူများကို တင်ပြ၏။ သို့သော် သူသည်လည်း 'အော်နာဘာယ်ရီ'ကဲ့သို့ပင် ငွေကြေး အကူအညီမရခဲ့။

ထိုအချိန်တွင် အစ္စရေးနိုင်ငံ၌ ခေါင်းခဲစရာ ပြဿနာတစ်ခုကြုံနေရ၏။ ဆိုဗီယက်-ဂျူးတစ်သန်းခန့် နိုင်ငံတွင်းသို့ လှိမ့်ဝင်လာရာ ထိုကိစ္စကို မည်သို့ ရှင်းရမည် မသိ။ ထိုသူများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ရန် အစ္စရေး စီးပွားရေးက အလုပ်သစ် သန်းဝက်ခန့် ဖော်ထုတ်ပေးရမည်ဖြစ်၏။ ဆိုဗီယက်လူမျိုးထဲမှ နိုင်ငံကို ဝင်လာသူများထဲ၌ သုံးဦးတွင် တစ်ဦးက အင်ဂျင်နီယာ၊ သိပ္ပံပညာရှင် သို့မဟုတ် အတတ်ပညာရှင်တွေ ဖြစ်ကြ၏။ အစ္စရေးဟိုင်းတက်နယ်မြေအတွက် အကောင်းဆုံး အကူအညီများပင် ဖြစ်၏။ သို့သော် တည်ရှိဆဲ သုတေသနနှင့် ဖွံ့ဖြိုးမှုဌာနများက ဤမျှများပြားသော အရေအတွက်အတွက် အလုပ်မပေးနိုင်ပါ။

၁၉၉၁ တွင် အစိုးရက နည်းပညာစက်ရုံ ၂၄ ခု ဖွင့်၏။ ဤတွင် ရုရှား သိပ္ပံပညာရှင်များစွာ အလုပ်ရခဲ့သည်။ ဤဌာနများ၏ ရည်ရွယ်ချက်မှာ နည်းပညာဖွံ့ဖြိုးတိုးတက်ရန်အပြင် ထုတ်လုပ်သောပစ္စည်းများ၏ အရည်အသွေးနှင့် ရောင်းချနိုင်အားတို့ကို တွက်ချက်စိစစ်ရန် ဖြစ်၏။ အစိုးရက ကုမ္ပဏီရာပေါင်းများစွာကို ထောက်ပံ့ငွေ ဒေါ်လာ ၃ သိန်းထိ ပေး၏။ ဤသို့ဖြင့် အသစ်ရောက်ရှိလာသော ရုရှားပညာရှင်များအတွက် ထောက်ပံ့မှုများ ပြုနိုင်လာ၏။

ဤတွင် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဗျူရိုကရက်အရာရှိငယ် တစ်စုက 'ယို့ဇ်မာ'ဟူသော အစီအစဉ်တစ်ခုကို စိတ်ကူးမိလာကြ၏။ 'ယို့ဇ်မာ'သည် ဟီးဘရူးဘာသာစကားဖြင့် 'ကိုယ်စွမ်းကိုယ်စ'ဟု အဓိပ္ပာယ်ရ၏။

"ဂျွန်လင်နွန်က ရော့ခ်အင်ရိုး အစဦးနှစ်တွေအကြောင်း တစ်ခါက ပြောဖူးတယ်၊ အဲလ်ဗစ်မတိုင်မီက ဘာမှမရှိခဲ့ဘူးတဲ့၊ အစ္စရေးနိုင်ငံရဲ့ စွန့်စားတီထွင်လုပ်ငန်းရှင်တွေရဲ့ စွန့်စားရင်းနှီးမှုတွေ၊ ဟိုင်းတက်နည်းပညာအောင်မြင်မှုတွေဟာ လင်နွန်ရဲ့စကား ငှားသုံးရရင် 'ယို့ဇ်မာ' မတိုင်မီက ဘာမှမရှိခဲ့ဘူးလို့ ပြောရမှာပဲ" ဟု 'အော်နာဘယ်ရီ'က ပြော၏။

စိတ်ကူးမှာ အစိုးရသည် ဒေါ်လာသန်း ၁၀၀ ကို စွန့်စားလုပ်ကိုင်သော လုပ်ငန်းသစ် ၁၀ ခု ဖန်တီး၍ ရင်းနှီးမြှုပ်နှံပေးရမည်။ ရန်ပုံငွေတစ်ခုစီကို သုံးပိုင်းခွဲရမည်။ အစ္စရေး စွန့်စားလုပ်ကိုင်သူ အရင်းရှင်များ၏ လေ့ကျင့်ရေး၊ နိုင်ငံခြား စွန့်စားရင်းနှီးရေးလုပ်ငန်းနှင့် အစ္စရေးရင်းနှီးမြှုပ်နှံမှုကုမ္ပဏီသို့မဟုတ် ဘဏ်တို့ဖြစ်၏။ ယို့ဇ်မာရန်ပုံငွေအဖွဲ့တစ်ခုသည် နည်းပညာကုမ္ပဏီများကို တိုက်ရိုက် ဒေါ်လာ သန်း ၂၀ လည်း ရင်းနှီးမြှုပ်နှံဦးမည်ဖြစ်၏။

အစ္စရေးလုပ်ငန်းရှင်များက အစ္စရေးနည်းပညာသစ်များတွင် ဒေါ်လာ ၁၂ သန်း ထည့်ဝင်လျှင် အစိုးရက ဒေါ်လာ ၈ သန်း ထည့်ဝင်ပေးမည့်သဘောဖြစ်၏။ နောက်ပိုင်းတွင် အပြောင်းအလဲ အနည်းငယ်ရှိလာ၏။ အစိုးရထံမှ ဒေါ်လာ ၈ သန်း ရယူနိုင်ရန် မိမိဘက်က ဒေါ်လာ ၁၆ သန်း စိုက်ထုတ်ရမည်ဟူ၍ ဖြစ်၏။

''ဒါက အစိုးရရဲ့ရှားပါးတဲ့ အစီအစဉ်ပဲ၊ အောင်မြင်မှုသော့ချက်လည်း ဖြစ်တယ်'' ဟု 'ဂျွန်မက်ဗက်'က ပြော၏။

ထိုအချိန်က ပြည်ပရောက်ဂျူးများသည် အစ္စရေးတွင် ရင်းနှီးမြှုပ်နှံမှု မလုပ်ကြ။ သူတို့က လူမှုရေးလုပ်ငန်းများတွင် အမြောက်အမြား လှူချင်လှူမည်။ အစ္စရေး၏ ဟိုင်းတက်လုပ်ငန်းများတွင် အရင်းအနှီးထည့်ဖို့ကား လက်တွန့်တတ်ကြ၏။

ချွင်းချက်အချို့ကား ရှိ၏။

'စတင်လီချေ့ဖ်'သည် ကာလီဖိုးနီးယားမှ ငွေကြေးမန်နေဂျာတစ်ဦး ဖြစ်သည်။ သူက ကာလီဖိုးနီးယားတွင် ချမ်းသာသော ဂျူးများနှင့် တွေ့ဆုံကာ 'ယို့ဇ်မာ' ရန်ပုံငွေအတွက် ငွေကြေးကောက်ခံခဲ့၏။ 'အီရယ်လ် မာဂါလစ်' ဆိုသူကလည်း ရန်ပုံငွေကို အတော်များများ ကောက်ခံပေးခဲ့၏။ သူ ရှာဖွေပေးခဲ့သော ပထမဆုံးရင်းနှီးမြှုပ်နှံသူမှာ ပြင်သစ်အာမခံလုပ်ငန်း သူဌေးကြီးတစ်ဦးထံမှ ဖြစ်၏။ သူ့ကို ပြင်သစ်ဂျူးကပြား 'မာဂါလစ်'က ပါရီသို့အသွား လေယာဉ်ပေါ်တွင် တွေ့ခဲ့ခြင်း ဖြစ်၏။

'အက်ဗင့်'ကုမ္ပဏီမှ အစုစပ်ရှယ်ယာဝင် 'ကလင့်ဟဲရစ်'က လေဆိပ်မှ ဟိုတယ်သို့အသွားတွင် ယာဉ်မောင်းက သူ့ကို မေး၏။

''ခင်ဗျား အစ္စရေးကို ဘာကြောင့်လာတာလဲ''

'ဟဲရစ်'က စွန့်စားရင်းနှီးမြှုပ်နှံမည့်ကိစ္စ စိတ်ဝင်စား၍ ဟုပြောရာ ယာဉ်မောင်းကဲ့သို့သော သူမျိုးကပင် သူ့ကို အစ္စရေးရှိ ရင်းနှီးမြှုပ်နှံမှုများ အကြောင်း သေသေချာချာ ရှင်းပြနိုင်ခဲ့သည် ဆို၏။

'အက်ဗင့်'၏ရန်ပုံငွေကို 'ဂျင်မနီအစ္စရေးရန်ပုံငွေ' ဟုခေါ်၏။ ၁၉၉၃ နိုဝင်ဘာလတွင် 'အော်နက်ဒေတာဆက်သွယ်ရေး' လုပ်ငန်းသို့ ဒေါ်လာ တစ်သန်း ထည့်ဝင်ခဲ့၏။

ကုမ္ပဏီ၏ အုပ်ချုပ်မှုအဖွဲ့တွင် စီးပွားရေးအတွေ့အကြုံနည်းမှုကို သိရှိ၍ 'မီယာဘတ်စတင်'က ကုမ္ပဏီသစ်၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်ပေး၏။ 'ဘက်စတင်'သည် 'တက်စ်မ်'ခေါ် အစ္စရေး၏ ပထမဆုံး ဆော့ဖ်ဝဲကုမ္ပဏီကို ထူထောင်သူလည်း ဖြစ်၏။ အစ္စရေး၏ အကြီးဆုံး ကာကွယ်ရေးနည်းပညာကုမ္ပဏီဖြစ်သော 'တဒီရန်'တွင်လည်း ဥက္ကဋ္ဌအဖြစ်

ဆောင်ရွက်သူ ဖြစ်သည်။ 'ဘက်စတင်'က 'အော်နက်'အတွက် အလွန်တန်ဖိုးရှိသော အတွေ့အကြုံများ ပေးနိုင်ခဲ့၏။

ကုမ္ပဏီသည် ပထမနှစ်တွင် ငွေကြေးများ ဖြန့်းတီးမှု လက်လွှန်သွားသဖြင့် ပိတ်လုရဆဲဆဲ အခြေအနေတွင် 'ဂျင်မနီ'မှ 'ယိုစီဆယ်လာ'က ကြားဖြတ်အမှုဆောင်အရာရှိချုပ် လာလုပ်ပေးခဲ့၏။ သူသည် 'ရာမတ်ဟာရှန်'မှ 'ကာမီယယ်လ်'သို့ နှစ်နာရီကြာ ကားမောင်းရမည့်ခရီးကို တစ်ပတ်လျှင် ၄ ရက် အလုပ်လာဆင်းပေး၏။

"ခြောက်လကြာ လုံးပန်းပေးလိုက်တော့မှ ကုမ္ပဏီရောင်းရမယ့်အခြေအနေနဲ့ အုပ်ချုပ်မှုအဖွဲ့ အကွဲကွဲအပြားပြား ဖြစ်ရမယ့်ကိန်းက လွတ်လာခဲ့တယ်" ဟု 'ဆီလာ'က ပြန်ပြောသည်။

'ဂျင်မနီ'က 'ဝေါလ်ဒင်' ကုမ္ပဏီထံမှ ရင်းနှီးမြှုပ်နှံမှုရအောင် ဆောင်ရွက်ခြင်းကလည်း ကုမ္ပဏီအောင်မြင်မှု၏ နည်းလမ်းတစ်သွယ် ဖြစ်၏။ 'ဝေါလ်ဒင်'သည် 'ဆီလီကွန်တောင်ကြား'တွင် နာမည်ရကုမ္ပဏီဖြစ်ပြီး 'အော်နက်'နှင့် အလားတူ နည်းပညာအတွေ့အကြုံရှိသူ ဖြစ်၏။ နှစ်နှစ်အတွင်း ရင်းနှီးမြှုပ်နှံမှု သုံးကြိမ်လုပ်ပြီးသည်နှင့် 'အော်နက်ဂျင်မနီ'၏ ပထမဆုံးအောင်ပွဲကို ရခဲ့၏။

၁၉၉၂ နှင့် ၁၉၉၇ အတွင်း 'ယို့ဇ်မာ'ရန်ပုံငွေဆယ်ခုသည် အစိုးရထောက်ပံ့မှု အကူအညီဖြင့် ဒေါ်လာသန်း ၂၀၀ ထိရှိခဲ့၏။ ယခုအခါတွင် အရင်းအနှီး ၃ ဘီလျံထိရှိကာ အစ္စရေး၏ကုမ္ပဏီသစ် ရာနှင့်ချီ၍ ထောက်ပံ့နိုင်ခဲ့၏။ ရလာဒ်ကား ရှင်းလင်းလှ၏။ 'အီရယ်လ်မာဂါလစ်'၏ စကားအရပြောရလျှင် "စွန့်စားတဲ့ အရင်းအနှီးဆိုတာ မီးစမွှေးပေးလိုက်တဲ့ မီးခြစ်ဆံပါပဲ" ဟူ၍ ဖြစ်၏။

'ယို့ဇ်မာ'ရန်ပုံငွေဖြင့် ထောင်တက်လာကြသော ကုမ္ပဏီများစွာ ရှိ၏။ ဥပမာ အီးအက်စ်စီဆေးထုတ်လုပ်ရေး။ ၎င်းသည် ဆေးပညာတွင် လေဆာရောင်ခြည်များ ထုတ်လုပ်ပေးခဲ့၏။ 'ဂါလီလီယို'က ဆီမီးကွန်ဒပ်တာကုမ္ပဏီ။ 'ကော်မန်းတပ်ချ်'က အီးမေးလ်ပစ္စည်းများ။ 'ဂျကာဒါ'က အွန်လိုင်းထုတ်လုပ်ရေးဆိုင်ရာ။

'ယို့ဇ်မာ' အထောက်အကူမပါဘဲ စီးပွားရေးလောကသို့ စွန့်စားဝင်လာသူများလည်း ရှိ၏။ 'ဂျွန်မက်ဗက်'ဆိုလျှင် ယို့ဇ်မာထောက်ပံ့ငွေမရခဲ့။ သူ့ဖခင်တည်ထောင်ခဲ့သော ကုမ္ပဏီကို ရောင်းပြီး နှစ်အနည်းငယ်ကြာမှ ယို့ဇ်မာ၏ ဒေါ်လာ ၅ သန်း ထောက်ပံ့မှုအကြောင်း သူသိရ၏။ ရင်းနှီးမြှုပ်နှံသူက ဒေါ်လာ ၂.၅ သန်းမြှုပ်နှံလျှင် 'ယို့ဇ်မာ'ကလည်း ဒေါ်လာ ၂.၅ သန်း ထုတ်ပေး၏။

'မက်ဗက်'သည် ရင်းနှီးမြှုပ်နှံသူများနှင့်အတူ 'ယီဂယ်ဘားလစ်ချ်' သို့ သွားကာ ထောက်ပံ့ငွေ လျှောက်ထား၏။ ကံဆိုးချင်တော့ သူရောက်တာ သိပ်နောက်ကျသွားသည်။ သို့သော် ကိစ္စမရှိပါ။ ယို့ဇ်မာအစီအစဉ်က အမေရိကန်ကုမ္ပဏီများ အစ္စရေးတွင် စီးပွားရေးလာလုပ်ရန် ရန်ပုံငွေထုတ်ပေးနေသေး၏။

'၁၉၉၄ မှာ အစ္စရေးဆိဒ်အစုစပ်တွေက ဒေါ်လာ ၂.၅သန်း ရင်းနှီးတယ်၊ ရန်ပုံငွေက ဒေါ်လာ ၆ သန်းပဲ ရှိတယ်။ ၁၉၉၉ မှာ အစ္စရေးဆိဒ်က ဒေါ်လာသန်း ၄၀၊ ၂၀၀၀ မှာ သန်း ၂၀၀ ဖြစ်လာတယ်' ဟု မက်ဗက်က ပြော၏။

'အစ္စရေးစွန့်စားလုပ်ကိုင်သူအသင်း'တွင် ယခုအခါ အစ္စရေးစွန့်စားလုပ်ကိုင်ရင်းနှီးမှု ရန်ပုံငွေ ၄၅ ခုထိ ရှိနေပြီ။ ၁၉၉၂ မှ ၂၀၀၉ အထိ ထိုလုပ်ငန်းမျိုး အစ္စရေးတွင် ၂၄၀ ရှိလာသည်။ အစ္စရေးတွင် နိုင်ငံခြားရောပြည်တွင်းပါ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်နေပေပြီ။

ယို့ဇ်မာ၏ အောင်မြင်မှုကို ကမ္ဘာတစ်ဝှန်းမှ အခြားအစိုးရများလည်း သတိပြုလာ၏။ အာရ်လစ်သည် ဂျပန်၊ တောင်ကိုရီးယား၊ ကနေဒါ၊ အိုင်ယာလန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ စင်ကာပူ၊ ရုရှားတို့မှ ကမ်းလှမ်းချက်များ ရရှိခဲ့၏။ သူတို့အားလုံးပင် အစ္စရေးသို့ လာရောက်ကာ ယို့ဇ်မာတည်ထောင်သူများနှင့် တွေ့ချင်ကြ၏။

၂၀၀၈ တွင် အိုင်ယာလန်က ယူရို သန်း ၅၀၀ 'တီထွင်ဆန်းသစ်မှုရန်ပုံငွေ'ကို ထူထောင်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ခဲ့၏။

'အစ္စရေးနဲ့ နှစ် ၄၀ ကျော်ကြာ သံတမန်အဆက်အဆံ မရှိခဲ့တဲ့ အိုင်ယာလန်ကတောင် ဂျူးနိုင်ငံရဲ့ပုံစံကို အတုခိုးခဲ့တယ်' ဟု အိုင်ယာလန်မှ ဘောဂဗေဒပညာရှင် 'ဒေးဗစ်မက်ဝီလျံစ်'က ပြောသည်။

'ယို့ဖ်မာ'ကဲ့သို့ပင် အိုင်ယာလန် တီထွင်ဆန်းသစ်မှု ရန်ပုံငွေအဖွဲ့က နိုင်ငံခြား စွန့်စားမြုပ်နှံသူများကို အရင်းအနှီးများ ထုတ်ပေးခဲ့သည်။

''ဒီအစီအစဉ်က အမေရိကန် အရင်းအနှီးမြုပ်နှံပုံနဲ့ စီးပွားရေးပညာတွေကို နားလည်တတ်စေရုံသာမက ဥရောပတစ်ခွင်လုံးက စွန့်စားတီထွင် စီးပွားရေးလုပ်ငန်းရှင်တွေကိုပါ စိတ်ဝင်စားမှုပေးနိုင်ခဲ့တယ်။ လောလောဆယ် အခြေအနေက ဥရောပမှာ သိပ္ပံပညာနဲ့ပတ်သက်လို့ တော်တော်ကြီးကို ပြည့်ပြည့်စုံစုံ သိုမှီးထားရှိပြီး ဖြစ်တယ်။ ဒါပေမယ့် ဘယ်သူမှ သိပ်ပြီး စွန့်စားတည်ထောင်တဲ့အလုပ်တွေ သိပ်မလုပ်ရဲကြဘူး၊ ရင်းနှီးမြုပ်နှံသူတွေ မေးကြတဲ့ မေးခွန်းတွေရှိတယ်၊ ဘယ်မှာလဲ ဥရောပဂူဂဲလ်၊ ဒါက မေးသင့်မေးထိုက်တဲ့ မေးခွန်းပါ။ နောက်ဆယ်နှစ်မှာ အိုင်ယာလန်နဲ့ ဥရောပပညာရှင်တွေရယ် အမေရိကန်အရင်းအနှီးရယ် ပေါင်းပြီး ဥရောပဂူဂဲလ် လုပ်နိုင်ရင် ဘယ့်နှယ်နေမလဲ၊ ဒါက ရလာမယ့် ဆုလာဘ်ပဲ'' ဟု 'မက်ဝီလျံ'က ပြောသည်။

'ယို့ဖ်မာ'သည် အစ္စရေးပညာရှင်များကို ၁၉၉၀ ခုနှစ်များ တက်ခ်နည်းပညာပွပေါက်တိုးချိန်ကို တွန်းပို့နိုင်ခဲ့၏။ သို့သော် ၂၀၀၀ ပြည့်နှစ်တွင် အစ္စရေး တက်ခ်ကဏ္ဍကို ချက်ချင်းထိုးနက်မှုများက အထိနာစေခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ တက်ခ်နည်းပညာပေါက်ကွဲမှု၊ အကြမ်းဖက်ဝါဒလှိုင်းတံပိုးနှင့် အောက်စလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ စီးပွားရေးကပ်ဆိုက်မှု စသည်စသည်။

သို့သော် အစ္စရေး၏ အဦးအစလုပ်ငန်းများသည် လျင်မြန်စွာ အနေအထားများကို လိုက်လျောညီထွေစွာ ပြောင်းလဲနိုင်ခဲ့၏။ အစ္စရေးက သူ၏ ကမ္ဘာလုံးဆိုင်ရာ စွန့်စားလုပ်ကိုင်မှု အရင်းအနှီးကို ဥရောပတွင် နှစ်ဆတိုးထည့်လိုက်ရာ ၁၅ မှ ၃၁ ရာနှုန်းထိ ဖြစ်လာ၏။

၂၀၀၁ တွင် 'ဘီလ်ကိန်နန်'သည် ဟားဗတ် စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရခဲ့၏။

''ဝေါလ်စထရိမှာ အလုပ်သွားလုပ်ကြတဲ့ ကျွန်တော့်သူငယ်ချင်းအများစုက ဂျူးတွေပါ၊ ကျွန်တော်က စဉ်းစားမိတယ်၊ ဂျူးနိုင်ငံမှာကော ဒါမျိုးမရှိဘူးလား၊ အုပ်ချုပ်မှုဆိုင်ရာ ရင်းနှီးမြုပ်နှံမှုတွေ ပေါ်လာချိန်မှာ အစ္စရေးက မြေပုံပေါ်မှာတောင် မရှိသေးဘူး''ဟု 'ကိန်နန်'က ပြော၏။

အဓိကမှာ အစိုးရ၏ နည်းဥပဒေများကြောင့် ဖြစ်၏။

"ခင်ဗျားတို့အနေနဲ့ စွန့်စားရင်းနှီးမြှုပ်နှံမှုကို ဘယ်လိုအဓိပ္ပာယ်ရှိရှိနဲ့မှ ပြင်ပမှာ မလုပ်နိုင်ကြဘူး၊ ခင်ဗျားတို့ လုပ်လို့ရတဲ့ လုပ်ဆောင်ခတွေလည်း ယူခွင့်မရှိဘူး၊ ဒါကြောင့် ခင်ဗျားတို့က ဒီလုပ်ငန်းတစ်ခုလုံးကို ဘယ်လုပ်တော့မလဲ၊ ဒီမှာတင် အစဦးလုပ်ကိုင်မှုတွေ ပေါ်မလာတော့ဘူး"

၂၀၀၅ ဇန်နဝါရီအထိ အစ္စရေး ငွေကြေးအုပ်ချုပ်မှု လုပ်ငန်းများသည် လုပ်ဆောင်ခတောင်းဆိုမှုကို ဥပဒေက ခွင့်မပြုသေး။ ထို့ကြောင့်လည်း မည်သည့်လုပ်ငန်းမှ ပေါ်မလာသည်မှာ မဆန်းပါ။

အပြောင်းအလဲကို ဘဏ္ဍာရေးဝန်ကြီး 'ဘင်ဂျမင်(ဘီဘီ) နေတန်ယာဟူး' လက်ထက်ကျမှ စတင်သည်။

၂၀၀၃ တွင် ဝန်ကြီးချုပ် 'အေရီယယ်ရှရွန်'၏ ထောက်ခံအားပေးမှုဖြင့် 'နေတန်ယာဟူး'သည် အခွန်နှုန်းထားများ၊ လွှဲပြောင်းအခကြေးငွေများ၊ အများပြည်သူဆိုင်ရာ အလုပ်သမားခများ၊ အစိုးရအလုပ် ၄၀၀၀ တို့ကို ဖြတ်ချခဲ့၏။ အမျိုးသားလေကြောင်း အယ်လ်အောလ်၊ အမျိုးသားကာကွယ်ရေးကုမ္ပဏီ ဘီဇက် စသည်တို့ကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးခဲ့၏။

"ဒီနည်းနဲ့ သူက အစိုးရရဲ့ စီးပွားရေးအခန်းကဏ္ဍကို လျှော့ပေးခဲ့တယ်၊ ဘီဘီက ပြုပြင်ပြောင်းလဲရေးသမား မဟုတ်ဘူး၊ တော်လှန်ရေးသမားပါ၊ အစိုးရရဲ့ပေါ်လစီကို ပြောင်းပေးရင် အဲဒါက ပြုပြင်ရေးပဲ၊ နိုင်ငံတစ်ခုလုံးရဲ့ ခေါက်ရိုးကျိုးနေတဲ့ပုံစံကြီးကို ပြောင်းလဲပေးလိုက်တာမှ တော်လှန်ရေး၊ ဘီဘီက လုံးဝဥဿုံ ပြောင်းလဲပေးနိုင်တဲ့သူပဲ" ဟု 'နေတန်ယာဟူး'အပါအဝင် ဘဏ္ဍာရေးဝန်ကြီးလေးယောက်အတွက် အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ 'ရွန်ဒါမာ'က ပြော၏။

"ကျွန်တော်က လူတွေကို ရှင်းပြခဲ့တယ်၊ ပုဂ္ဂလိကစီးပွားရေး ဆိုတာက လူဝကြီးကို မနိုင့်တနိုင် သယ်ပိုးချီမနေတဲ့ လူ့ဗလန်လေးနဲ့တူတယ်လို့။ အစိုးရက မနိုင်ဝန်ကို ပခုံးမှာ ထမ်းနေရတယ်၊ ကျွန်တော့်ပြုပြင်ပြောင်းလဲမှုကို အလုပ်သမားသမဂ္ဂ တော်တော်များများက မကျေနပ်ကြဘူး၊ ကျွန်တော့်စီးပွားရေးပုံစံက တစ်မျိုးဖြစ်နေတာကိုး၊ အစ္စရေးမှာ စီးပွားရေးစတင်လုပ်နိုင်တဲ့သူ ဘယ်သူမဆို ကျွန်တော်ကတော့ ကြိုဆိုတာပဲ" ဟု နေတန်ယာဟူးက

ပြောပြ၏။ သူ၏ ပြုပြင်ပြောင်းလဲမှုသည် ပြည်သူအများ၏ ထောက်ခံအားပေးကြသဖြင့် စီးပွားရေးက တစ်ဟုန်ထိုး မြင့်တက်လာ၏။

ဘဏ်လုပ်ငန်းဆိုင်ရာများကိုလည်း 'နေတန်ယာဟူး'က ပြုပြင်ပြောင်းလဲခဲ့၏။ ယခင်ကဆိုလျှင် အစ္စရေးနိုင်ငံသားများ၏ ပင်စင်နှင့် အသက်အာမခံတို့ကို အစ္စရေးအစိုးရ ငွေစုလက်မှတ်များတွင်သာ ရင်းနှီးမြှုပ်နှံခဲ့ကြ၏။ အခြားသော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမရှိခဲ့ကြ။ ပုဂ္ဂလိကလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု မလုပ်ကြသဖြင့် ပုဂ္ဂလိကလုပ်ငန်းများ၏ တိုးတက်မှုအရှိန်က နှေးကွေးခဲ့၏။

'နေတတ်ယာဟူး'၏ ဘဏ္ဍာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကြောင့် ရင်းနှီးမြှုပ်နှံမှုမန်နေဂျာများသည် လုပ်အားခကြေးများကို တရားဝင် ရယူနိုင်ခဲ့ကြသည်။ 'ကိန်နန်'က အချိန်မဖြုန်းတော့။ သူသည် 'ကေစီပီအက်စ်' ကို ထူထောင်လိုက်သည်။ ၄င်းသည် အစ္စရေး၏ ပထမဆုံးဘဏ္ဍာရေး အုပ်ချုပ်မှုလုပ်ငန်းဖြစ်၏။ တဲလ်အဗစ်နှင့် နယူးယောက်တွင် ဖွင့်လှစ်နိုင်ခဲ့၏။

'ဘီဘီရဲ့ ပြုပြင်ပြောင်းလဲမှုဥပဒေကြမ်းကို ဖတ်မိတဲ့ခဏမှာပဲ ကျွန်တော့်ခေါင်းထဲမှာ အကြံအစည်သစ်တွေ ပေါ်လာပြီ၊ ဒါဟာ ကျွန်တော်တို့ရဲ့ ဟိုင်းတက်မဟုတ်တဲ့ စီးပွားရေးလောကကြီးကို လွတ်မြောက်ခွင့်ပေးလိုက်တာပဲ' ဟု 'ကိန်နန်'က ပြော၏။

"အစ္စရေးနိုင်ငံသားတွေထဲမှာ သိပ်ကို မြင့်မားတဲ့ အရည်အချင်းရှိသူတွေ ရှိတယ်၊ တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့က လေ့ကျင့်ပေးထားတဲ့ အရာရှိတော်တော်များများဟာ အတတ်ပညာ နည်းပညာသိပ်ကို ထူးချွန်တဲ့သူတွေပဲ၊ သူတို့ တပ်ကထွက်ရင် သူတို့အတွက် အလုပ်စရာအလုပ်က မရှားဘူး၊ အလုပ်တွေက သူတို့ကို စောင့်မျှော်နေကြတယ်။ ဒါပေမယ့် သူတို့ စီးပွားရေးလုပ်ချင်တယ်ဆိုပါစို့၊ ဘဏ္ဍာရေးနယ်ပယ်ထဲ ဝင်မယ်ဆိုပါစို့၊ သူတို့နိုင်ငံက ထွက်ခွာကြရလိမ့်မယ်၊ အဲဒါ အခုတော့ ပြောင်းလဲသွားပြီ၊ ဒါတစ်ခုကိုပဲ စဉ်းစားကြည့်ပါဦး၊ လန်ဒန်က ဖလီလမ်းမှာ အလုပ်လုပ်နေတဲ့ အစ္စရေးလူမျိုး အများကြီးရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနိုင်ငံမှာ အဲဒီလို အလုပ်မျိုးမှ မရှိတာ၊ ကဲ အခု ၂၀၀၃ ခုက စပြီးရင်တော့ အစ္စရေးမှာ သူတို့အတွက် နေရာရှိသွားပြီလေ" ဟု 'ကိန်နန်'က ပြော၏။

❖

# အပိုင်းလေး

# ဓာတ်ဆေးလှုပ်ရှားနေသောနိုင်ငံ

## အခန်း (တစ်ဆယ့်တစ်)
## သစ္စာဖောက်မှုနှင့် အခွင့်အရေး

အစ္စရေးဟိုင်းတက်ခ်ရဲ့ ဖခင်အစစ် နှစ်ဦးပဲရှိတယ်။ 'တစ်ဦးက အာရပ်တွေရဲ့သပိတ်မှောက်မှု။ နောက်တစ်ဦးက ချားလ်စ်ဒီဂေါလ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က နိုင်ငံရဲ့တိုးတက်မှုကို ဆက်လက်လုပ်ကိုင်ဖို့ တွန်းအားပေးသူတွေမို့ပါပဲ။

*(ယိုဒီဗာဒီ)*

စစ်ပြီးကာလတွင် အမေရိကန်၏ ကမ္ဘာလုံးဆိုင်ရာ အဆင့်အတန်းသည် ဆိုဗီယက်ယူနီယံက ပထမဆုံး အာကာသယာဉ်က စပွတ်နစ် (၁) လွှတ်တင်လိုက်ခြင်းဖြင့် ရုတ်တရက်နိမ့်ဆင်းခဲ့ရ၏။ ဆိုဗီယက်တို့သည် အမေရိကန်တို့ထက် အာကာသပြိုင်ပွဲတွင် နှာတစ်ဖျားသာသွားသည်မှာ သေချာ၏။ သို့သော် တစ်ဖက်ကကြည့်လျှင်မူ အမေရိကန်သည် ဆိုဗီယက်ထက် စီးပွားရေးရာတွင်မူ အဆမတန် ကျော်လွှားသာလွန်လာ၏။

'စပွတ်နစ် လွှတ်တင်လိုက်တာက အမေရိကတို့ လှုပ်နှိုးလိုက်သလိုပဲ၊ ကျောင်းက သင်ရိုးညွှန်းတမ်းတွေမှာ သိပ္ပံနဲ့သင်္ချာသင်ရိုးတွေကို ပြန်ပြင်ကြတယ်၊ အမျိုးသားကာကွယ်ရေးပညာရေးဥပဒေကို ဒေါ်လာသန်း ၉၀၀ အကုန်ခံဖို့ ပြန်လည်ပြင်ဆင်ရေးဆွဲတယ်၊ (ဒီနေ့ ဒေါ်လာနှုန်းနဲ့တော့ ဒေါ်လာ ၆ ဘီလျံပေါ့) ကျောင်းတွေမှာ ပညာသင်ထောက်ပံ့ကြေးတွေ၊ သင်ကြားမှုချေးငွေတွေ၊ သိပ္ပံပစ္စည်းတွေ ထောက်ပံ့ပေးတယ်' ဟု ဘောဂဗေဒပညာရှင်

'ပွန်ဘော'က ပြော၏။ ထို့နောက် 'နာဆာ'နှင့် 'အပိုလို' အစီအစဉ်များကို ဖန်တီးခဲ့ကြ၏။ 'ပင်တဂွန်'မှ သုတေသနလုပ်ငန်းများလည်း တိုးချဲ့ခဲ့၏။

နောက်ထပ် ဆယ်နှစ်ကြာလာသောအခါ 'နီးလ်အမ်းစရောင်း'သည် လပေါ်သို့ ခြေချနိုင်ခဲ့၏။ အပိုလိုစီမံကိန်းနှင့် ပင်တဂွန်၏ ကာကွယ်ရေး အစီအမံတို့ တိုးတက်လာ၏။ ဆက်သွယ်ရေးပိုင်းတွင် အင်တာနက်ပေါ်လာ ၏။ ဤသည်မှာ 'စပွတ်နစ်'ကို တုံ့ပြန်ခဲ့ခြင်းကြောင့်ရလာသည့် အမေရိက၏ အကျိုးအမြတ်များ ဖြစ်ကြ၏။

အစ္စရေးတွင်လည်း ထိုသို့သော 'စပွတ်နစ်'ကာလမျိုး ရှိခဲ့၏။ ၁၉၆၇ ၆ ရက်စစ်ပွဲ မတိုင်မီလေးတွင် ပြင်သစ်သမ္မတ 'ချားလ်စ်ဒီဂေါလ်'က အစ္စရေးအား လွတ်လပ်ရေးတန်ဖိုးနှင့် ပတ်သက်၍ အဖိုးမဖြတ်နိုင်သော သင်ခန်းစာကို ပေးခဲ့၏။

ပြင်သစ်နိုင်ငံ၏ ပဉ္စမမြောက်သမ္မတနိုင်ငံကို ထူထောင်ခဲ့သူ 'ဒီဂေါ' သည် ဒုတိယကမ္ဘာစစ်အတွင်းတွင် အဆင့်မြင့် တပ်မတော်အရာရှိတာဝန်၊ အစိုးရအဖွဲ့တာဝန်များကို ယူခဲ့ကာ ၁၉၅၉ မှ ၁၉၆၉ ထိ ပြင်သစ်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်၏။

အစ္စရေးနိုင်ငံ လွတ်လပ်ရေးရပြီးသောအခါ 'ဒီဂေါ'က ဂျူးနိုင်ငံတော် နှင့် ချစ်ကြည်ရေးလုပ်ကာ အစ္စရေးခေါင်းဆောင်များကို တရင်းတနှီး ပေါင်း သင်းခဲ့သည်။ သူနှင့် ပုဂ္ဂိုလ်ရေး ရင်းနှီးမှုရအောင် တည်ဆောက်ခဲ့သည်ဟု ပင် ဆိုရမည်။ ဤသို့ မိတ်ဖွဲ့မှုတွင် ပြင်သစ်နိုင်ငံမှ စစ်ဘက်ဆိုင်ရာပစ္စည်း များ၊ တိုက်လေယာဉ်များ ရောင်းချရန်လည်း ရည်ရွယ်သည်။

ထို့ပြင် နျူကလီးယားလက်နက် ထုတ်လုပ်ဖို့ပင် ပူးပေါင်းဆောင်ရွက် ရန် လျှို့ဝှက်သဘောတူထားသေး၏။

အခြားနိုင်ငံငယ်များနည်းတူ အစ္စရေးသည်လည်း နိုင်ငံကြီးများမှ လက်နက်ကြီးများကို ဝယ်ရမည်ပင် ဖြစ်၏။ သို့သော် ၁၉၅၀ တွင် အမေရိ ကန်၊ ဗြိတိန်နှင့် ပြင်သစ်တို့သည် သုံးနိုင်ငံ ကြေညာစာတမ်းထုတ်ကာ အရှေ့အလယ်ပိုင်းသို့ လက်နက်ရောင်းချမှု ကန့်သတ်ခဲ့ကြ၏။

နိုင်ငံခြားမှ လက်နက်ပစ္စည်းများ မရတော့သဖြင့် အစ္စရေးက သူ့ဘာ သာသူ လက်နက်တိုက်ထူထောင်ကာ ကျည်ဆန်များ၊ သေနတ်စက်ရုံများ

တည်ထောင်ရ၏။ စက်ရုံတစ်ခုသည် မြေအောက်တွင် ရှိ၏။ ကိဘူဇ်မြို့ အဝတ်လျှော်စက်ရုံအောက်တွင် တည်ဆောက်ထားသည်။ အဝတ်လျှော်စက်ရုံကို ၂၄ နာရီ လည်ပတ်ထားကာ မြေအောက်လက်နက်တိုက်မှ လှုပ်ရှားသံများကို ဖုံးကွယ်စေ၏။ ဤလက်နက်ရုံသည် အမေရိကမှ မှောင်ခိုသွင်းလာသော ပစ္စည်းကိရိယာများဖြင့် တည်ဆောက်ထားခြင်း ဖြစ်၏။ ၁၉၄၈ တွင် စစ်သေနတ်များကို နေ့စဉ် ထုတ်လုပ်ခဲ့၏။ 'ဒေးဗစ်ဘင်ဂူရီးယန်း' သည် ၁၉၃၀ ခုနှစ်များကပင် ကိုယ်စားလှယ်များစွာကို နိုင်ငံခြားသို့ စေလွှတ်ကာ လက်နက် ဝယ်ယူစုဆောင်းခဲ့၏။ ၁၉၃၆ တွင် 'ယေဟူဒါအာရာဇီ' သည် ရေနွေးငွေ့ဘွိုင်လာအိုးများထဲတွင် ရိုင်ဖယ်များထည့်ကာ ပိုလန်မှ ဟိုင်ဖာသို့ ခိုးသွင်းလာခဲ့သည်။ ၁၉၄၈ တွင် သူက သံအမတ်အသွင်ဆောင်ကာ 'နီကာရာဂွာ'မှ ပြင်သစ်အမြောက် ငါးလက်ကို ဝယ်ယူရန် ညှိနှိုင်းခဲ့၏။

၁၉၅၅ အထိ အစ္စရေးတို့သည် ထိုသို့လက်နက်များ ရယူခဲ့၏။ ဆိုဗီယက်ယူနီယံသည် ချက်ကိုစလိုဗက်ကီးယားမှ တစ်ဆင့် လက်နက်ရောင်း၏။ သုံးနိုင်ငံစာချုပ်ကို မျက်ကွယ်ပြုထား၏။ ထိုနည်းဖြင့် အီဂျစ်သို့လည်း ဒေါ်လာသန်း ၂၅၀ ဖိုး လက်နက်ရောင်း၏။ ၎င်းတို့ကို တုံ့ပြန်သောအားဖြင့် 'ဒီဂေါ်'က ၁၉၅၆ ဧပြီလတွင် ခေတ်မီလက်နက်များကို အစ္စရေးအား ရောင်း၏။

၁၉၅၆ တွင် အီဂျစ်က ဆူးအက်တူးမြောင်းကို ပြည်သူပိုင်သိမ်းခဲ့၏။ ပြင်သစ်သည် သူ့ဒေသမှ ဥရောပသို့ ရေလမ်းခရီးဖြင့် ဆက်သွယ်ရန် ဆူးအက်တူးမြောင်းကိုသာ အားကိုးရ၏။ အစ္စရေးကာကွယ်ရေးတပ်မတော်က ပြင်သစ်တို့အား ဆူးအက်ကို သုံးစွဲရန် ကူညီအာမခံပေးသည်။ ထို့အတွက် ပြင်သစ်က အစ္စရေးကို လက်နက်ပိုရောင်းရန် သဘောတူညီချက်ရှိ၏။ သို့သော် ထိုအချိန်တွင် 'ဒီဂေါ်'၏ သူလျှိုအဖွဲ့က အယ်ဂျီးရီးယားရှိ ပြင်သစ်ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် အစ္စရေးက ကူညီနေသည်ဟု သတင်းပေးသည်။ အယ်ဂျီးရီးယားသည် ပြင်သစ်ကိုလိုနီတစ်ခု ဖြစ်၏။ ၁၉၆၀ တွင် ပြင်သစ်က အစ္စရေးကို အေအမ်အိပ်ဇ်-၁၃ သံချပ်ကာကား ၂၀၀ နှင့် မစ်စထရီဂျက်တိုက်လေယာဉ် ၇၂ စင်းကို ဆယ်နှစ်အတွင်း ရောင်းချရန် ကတိပေးထား၏။

၁၉၆၇ ခုနှစ် ဇွန် ၁၂ ရက်တွင် အစ္စရေးက အီဂျစ်နှင့် ဆီးရီးယား တို့ကို ရင်ဆိုင်တိုက်ခိုက်ရလုဆဲဆဲတွင် 'ဒီဂေါ'က အစ္စရေးကို လက်နက် မရောင်းတော့ဟု ပြတ်ပြတ်တောင်းတောင်း ကြေညာလိုက်၏။

''ဒီဂေါရဲ့ ပြင်သစ်နိုင်ငံက မိတ်ဆွေမလိုဘူး၊ အကျိုးအမြတ်ပဲလို တယ်'' ဟု ပြင်သစ်သတင်းစာတစ်ခုကပင် မှတ်ချက်ချခဲ့၏။

'ဒီဂေါ'ရာထူးကို ဆက်ခံသူ 'ဂျော့ဂျက်စ်ပွန်ပီဒူး'သည် ၁၉၆၉ တွင် ရွေးကောက်ပွဲအနိုင်ရခဲ့ရာ ပေါ်လစီသစ်ကို ချမှတ်ခဲ့၏။ အစ္စရေးကို ရောင်းချရန် ကတိပေးခဲ့သော အေအမ်အိပ်ဖ်သံချပ်ကာကား ၂၀၀ ကို လစ်ဗျားသို့ ရောင်းခဲ့၏။ အစ္စရေးက ငွေကြိုတင်ပေးဝယ်ထားသော 'မီရပ်ချ်' ဂျက်တိုက်လေယာဉ် ငါးဆယ်ကိုလည်း အစ္စရေး၏ အဓိကရန်သူ ဆီးရီးယား နိုင်ငံအား ရောင်းချခဲ့၏။

အစ္စရေးလေတပ်မတော်တည်ထောင်သူ 'အောလ်ရှင်းမား'သည် ဆွစ် ဇာလန်လူမျိုး အင်ဂျင်နီယာတစ်ဦးကို အမြန်ခေါ်ကာ 'မီရပ်ချ်'လေယာဉ် စစ်ပုံစံကို တောင်းဆို၏။ ပြင်သစ်တိုက်လေယာဉ်ပုံစံ တည်ဆောက်ရန် ဖြစ်၏။ အစ္စရေးသည် ယခင်လုပ်ရိုးလုပ်စဉ်အတိုင်း မှောင်ခိုတင်သွင်းမှု အစီအစဉ်များကို စတော့၏။ ၁၉၆၉ တွင် အထူးမစ်ရှင်တစ်ခုကို စီစဉ်၏။ အစ္စရေးတိုက်ရေယာဉ်ငါးစင်းသည် ၂၄ ပေအမြင့်လှိုင်းလုံးများကို အန်တု ဖက်ပြိုင်ကာ ပြင်သစ်မှ အစ္စရေး မိုင် ၃၀၀၀ ရှည်ခရီးကို ခရီးနှင်ခဲ့ကြ၏။ ဤရေတပ်သင်္ဘောများသည် ဒေါ်လာသန်းချီ တန်၏။

အရှေ့အလယ်ပိုင်း လက်နက်ပြိုင်ပွဲကြီးတွင် ပြင်သစ်တို့၏ လုပ်ရပ် ကြောင့် အစ္စရေးသည် အထိနာခဲ့၏။ ၁၉၆၇ စစ်ပွဲမတိုင်မီကဆိုလျှင် အမေရိ ကက အစ္စရေးကို လက်နက်များ ရောင်းခဲ့၏။ ၁၉၆၂ ကနေဒီအစိုးရလက် ထက်တွင် 'ဟော့ခ်'မြေပြင်မှ လေကြောင်းပစ်ဒုံးကျည်များကိုပင် ရောင်းခဲ့၏။ ထို့ကြောင့် ပြင်သစ်တို့နေရာတွင် အမေရိကန်ကို အစ္စရေးတို့က အားကိုးခဲ့၏။ သို့သော် ပြင်သစ်တို့၏ သစ္စာဖောက်မှုကြောင့် အစ္စရေးသည် ပြည်ပကို ယုံကြည်အားကိုးမှု နည်းလာ၏။

ထို့ကြောင့် လက်နက်များကို ကိုယ့်အားကိုယ်ကိုးထုတ်လုပ်ရန် ဆုံး ဖြတ်ခဲ့သည်။

၁၉၇၈ တွင် 'မာကာဗာ' သံချပ်ကာကား ထုတ်လုပ်၏။ ထို့နောက် ပြင်သစ် 'မီရာ့ချ်' တိုက်လေယာဉ်ပုံစံ 'နက်ရှာ'ကို ထုတ်၏။ ထို့နောက် 'ကဖားရ်'တိုက်လေယာဉ် ထုတ်လုပ်၏။

အမေရိကန်အင်ဂျင်ဖြင့် မောင်းသော 'လာဗီ'ဂျက်တိုက်လေယာဉ်ကား အမေရိကန်နှင့် အစ္စရေး ပူးပေါင်းထုတ်လုပ်ခြင်း ဖြစ်၏။ ၎င်းလေယာဉ်သည် ကဖားရ်လေယာဉ်မျိုးကို အစားထိုးရန် ဖြစ်၏။ သို့သော် ယခုအခါ လာဗီသည် ကမ္ဘာ့ထိပ်တန်း တိုက်လေယာဉ်များထဲတွင် တစ်ခုအပါအဝင် ဖြစ်ခဲ့ပြီ။

၁၉၈၆ တွင် လာဗီလေယာဉ် စမ်းသပ်ပျံသန်းမှု စတင်ခဲ့၏။ ၁၉၈၇ ဩဂုတ်လတွင် ဒေါ်လာဘီလျံများစွာသုံးစွဲကာ လာဗီလေယာဉ် ၅ စင်း တည်ဆောက်ခဲ့၏။ ထို့နောက် အမေရိကန်နှင့် အစ္စရေး ပူးတွဲလုပ်ဆောင်မှု ရပ်ဆိုင်းခဲ့၏။ ပထမ ကွန်ဂရက်လွှတ်တော်၏ ကန့်ကွက်ချက်။ ဒုတိယ အစ္စရေးကက်ဘိနက်၏ ၁၂-၁၁ မဲ အဆုံးအဖြတ်ဖြင့် ရပ်ဆိုင်းခဲ့ကြခြင်း ဖြစ်၏။

အစ္စရေးအဖို့ကား သင်ခန်းစာများစွာ ရရှိခဲ့၏။ မည်သူ့ကိုမှ အားမကိုးဘဲ ကိုယ့်ဘာသာကိုယ် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ခြင်းသည်သာ စိတ်အချရဆုံးဆိုသည်ကို ကောင်းစွာ သိနားလည်သဘောပေါက်ခဲ့ပြီ။ လာဗီစက်ရုံ ဖျက်သိမ်းခဲ့ရသဖြင့် အင်ဂျင်နီယာ ၁၅၀၀ သည် ရုတ်တရက် အလုပ်လက်မဲ့ဖြစ်ကြရ၏။ အချို့က နိုင်ငံမှ ထွက်ခွာသွားကြ၏။ အများစုကား ပြည်တွင်းမှာသာ ကျန်ခဲ့ကြ၏။ စစ်ဘက်ဆိုင်ရာ စက်ရုံမှရရှိခဲ့သော အဆင့်မြင့် အင်ဂျင်နီယာပညာသည် ပုဂ္ဂလိကလုပ်ငန်းများ ထူထောင်ရာတွင် အလွန်တန်ဖိုးကြီးသော အရင်းအနှီးများ ဖြစ်ခဲ့၏။

'လာဗီ'၏အင်ဂျင်နီယာများထဲမှ တစ်ဦးဖြစ်သူ 'ယိုဇီဂရော့စ်'သည် အစ္စရေးတွင် မွေးခဲ့သည်။ သူ့မိခင်သည် အော့ဇဝစ်အကျဉ်းစခန်းတွင် အဖမ်းခံရပြီးနောက် အစုလိုက် အပြုံလိုက် အသတ်ခံရမည့်ဘေးမှ ထွက်ပြေးလွတ်မြောက်လာခဲ့သူ ဖြစ်၏။ 'ဂရော့စ်'သည် တက်ခ်နီယန်တက္ကသိုလ်မှ လေကြောင်းအင်ဂျင်နီယာဘွဲ့ရခဲ့ကာ အစ္စရေးလေယာဉ်ထုတ်လုပ်မှုစက်ရုံတွင် ခုနစ်နှစ် အမှုထမ်းခဲ့၏။ ထို့နောက် သူက ဒီဇိုင်းဌာနသို့ ပြောင်းရွှေ့ခဲ့၏။

သူ့အထက်အရာရှိများက လေယာဉ်ဆင်းဂီယာကို အသစ်မတီထွင်ဘဲ အမေရိကန် အက်ဖ် ၁၆ လေယာဉ်ဂီယာကိုပဲ သုံးစွဲရန် ညွှန်ကြားခဲ့၏။

"ကျွန်တော်က ဝန်ထမ်း ၂၃၀၀ ရှိတဲ့ ဒီကုမ္ပဏီကြီးမှာ လုပ်နေရတာဗျ၊ အဲဒီမှာ ဘာတစ်ခုမှ တီထွင်ခွင့်ရတာ မဟုတ်ဘူး" ဟု 'ဂရော့စ်' က ပြော၏။

ထို့ကြောင့် 'ဂရော့စ်'သည် 'လာဗီ'စက်ရုံ မဖျက်မီကလေးတွင် အလုပ်မှ ထွက်ခဲ့၏။ လေကြောင်းအင်ဂျင်နီယာအလုပ်ကိုလည်း ရာသက်ပန် စွန့်လွှတ်ခဲ့၏။

"လေကြောင်းလောကမှာ ခင်ဗျားဟာ ဘယ်လိုမှ စွန့်စားတီထွင် စီးပွားရေးလုပ်ငန်းရှင်ဖြစ်မှာ မဟုတ်ဘူး၊ အစိုးရက စက်ရုံကိုပိုင်ထားတာ၊ စီမံကိန်းတွေကလည်း ဧရာမကြီးတွေ၊ ဒါပေမယ့် အတတ်ပညာတွေတော့ အများကြီးသင်ယူခွင့်ရခဲ့တယ်၊ အဲဒါတွေက နောက်ပိုင်းမှာ အကြီးအကျယ်ကို အထောက်အကူရခဲ့တာပဲ" ဟု သူက ရှင်းပြ၏။

လေကြောင်းအင်ဂျင်နီယာဟောင်းသည် ဆန်းသစ်တီထွင်မှု ၁၇ ခု စတင်ပြုလုပ်ခဲ့၏။ တီထွင်မှုပေါင်း ၃၀၀ ကျော်ကိုလည်း မှတ်ပုံတင်ခဲ့၏။ ထို့ကြောင့် 'ယိုဇီဂရော့စ်'က ပြင်သစ်ကို ကျေးဇူးတင်၏။ 'ချားလ်စ်ဒီဂေါ' ကြောင့် ကိုယ့်အားကိုယ်ကိုးစနစ်ကို လုံးပန်းခဲ့ကြရ၏။ ပြင်သစ်သပိတ်မှောက်ပြီးနောက်ပိုင်းတွင် အစ္စရေး၏ နည်းပညာတီထွင်မှုတွေ ပိုလို့တိုးတက်အောင်မြင်ဖြစ်ထွန်းခဲ့သည်မှာ အထင်အရှားပင် မဟုတ်ပါလော။

❖

## အခန်း (တစ်ဆယ့်နှစ်)
## အမျိုးစုံရောစပ်တီထွင်သည့်လူမျိုး

'လေတပ်တော်တော်များများက ဖော်မြူလာဝမ်းပြိုင်ကားပုံစံမျိုး လုပ်ကြတယ်၊ အစ္စရေးလေတပ်ကတော့ ဂျစ်ကားပုံစံမျိုးပဲ လုပ်တယ်၊ ပြိုင်ကားပုံစံမျိုးက ကျွန်တော်တို့ပတ်ဝန်းကျင်နဲ့ မလိုက်ဘူး'

*ယူဗယ်ဒိုတန်*

'ဒေါက်ဝုဒ်'ကို ဟောလီဝုဒ်မှ ငှားလာကြခြင်းဖြစ်၏။ အစ္စရေးစွန့်စားလုပ်ကိုင်သူ လုပ်ငန်းရှင် 'အီရယ်မာဂါလစ်'က အင်နီမေးရှင်းလက်ဘ်တည်ထောင်ကာ ကာတွန်းရုပ်ရှင်ကားရှည်ကြီးတစ်ခု ထုတ်လုပ်ရန် 'ဒေါက်ဝုဒ်'ကို ခေါ်ထားခြင်းဖြစ်၏။ ဤအလုပ်မျိုး ဂျေရုစလင်တွင် တစ်ခါမှ မထုတ်လုပ်ဖူးခဲ့။

'ဝုဒ်'သည် ယခင်က 'တားနား' 'ဝါနာဘရားသား' 'ယူနီဗာဆယ်' စသော ရုပ်ရှင်ကုမ္ပဏီကြီးများတွင် လုပ်ခဲ့ဖူး၏။ 'မာဂါလစ်'က သူ့ကို လာငှားသောအခါ သူက 'ဂျေရုစလင်ကို အရင်ကြည့်ချင်သေးတယ်၊ ရိုက်ကွင်းကောင်းမှရိုက်မယ်' ဟု သူက စကားအခံပြောခဲ့၏။ သူသည် ဂျေရုစလင်ရှိ 'ဘီဂါလယ်'ဆိုသော အနုပညာနှင့် ဒီဇိုင်းအကယ်ဒမီတွင် နေထိုင်ရင်း လေ့လာခဲ့၏။ အစ္စရေးမှ ထိပ်တန်းစာရေးဆရာများ၊ အနုပညာရှင်များနှင့်လည်း တွေ့ခွင့်ရခဲ့၏။

'ကျွန်တော် အနုပညာကျောင်းက လူတစ်ယောက်နဲ့လည်း ဆုံရတယ်၊ သူက ဆံပင်ရှည်ရှည်နဲ့၊ နားမှာလည်း နားကပ်က ပန်ထားသေးရဲ့၊ ဘောင်းဘီ တိုနဲ့ တီရှပ်နဲ့၊ ကျွန်တော် အလုပ်လုပ်နေတုန်း နည်းပညာအခက်အခဲတစ်ခု ကြုံရတယ်၊ အဲဒါ အင်ဂျင်နီယာတစ်ယောက် လာကူပါပြောတော့ ခုနက ဆံပင်ရှည်ပုဂ္ဂိုလ် ရောက်လာတယ်၊ သူက လုပ်သွားလိုက်တာ အလေ့အကျင့် ရပြီးသား အင်ဂျင်နီယာကျနေတာပဲ၊ ဒါတွေ ဘယ်မှာသင်ခဲ့သလဲလို့ သူ့ကို မေးကြည့်လိုက်တော့ သူက တိုက်လေယာဉ်မှူးပါလို့ပြောတော့ အံ့သြသွား မိတယ်၊ ဒီအနုပညာရှင်က တိုက်လေယာဉ်မှူးတဲ့၊ အစ္စရေးမှာ ဒါမျိုးလူတွေ မျိုးစုံကြုံဖူးတယ်' ဟု မာဂါလစ်က ပြောသည်။

အစ္စရေးတွင် ထိုသို့ အလုပ်မျိုးစုံလုပ်သူ များစွာရှိ၏။ အစ္စရေးကာကွယ်ရေးတပ်မတော်မှ လေ့ကျင့်ထားသူများစွာတို့သည် အလုပ်မျိုးစုံလုပ်တတ်ကြ၏။

"လေတပ်တော်တော်များများက ဖော်မြူလာဝမ်းပြိုင်ကားပုံစံမျိုး လုပ်ကြတယ်၊ အစ္စရေးလေတပ်ကတော့ ဂျစ်ကားပုံစံမျိုးပဲ လုပ်တယ်၊ ပြိုင်ကားပုံမျိုးက ကျွန်တော်တို့ပတ်ဝန်းကျင်နဲ့ မကိုက်ဘူး" ဟု တိုက်လေယာဉ်မှူး 'ယူဝယ်ဒီတန်'က ပြော၏။

ဖော်မြူလာဝမ်းပြိုင်ကားနှင့် ဂျစ်ကားမဟာဗျူဟာတို့က မတူ။ ရည်ရွယ်ချက်ရော၊ နည်းဗျူဟာပါ လုံးဝကွဲပြားခြားနားသည်။

အမေရိကန်လေတပ်က သူ့ပစ်မှတ်ကို ထိရောက်အောင် ပစ်ခတ်ရေးအတွက်သာ လေယာဉ်များကို ဖန်တီးထားခြင်း ဖြစ်၏။ အစ္စရေးစနစ်တွင်မူ လေယာဉ်တစ်စင်းသည် အမျိုးမျိုးလုပ်ဆောင်ရန် ဖြစ်၏။ အစ္စရေးလေတပ်ရှိ လေယာဉ်တိုင်းလိုလိုတွင် ကိုယ်ပိုင်အီလက်ထရွန်းနစ် စစ်ဆင်ရေးစနစ်များ တပ်ဆင်ထား၏။

အမေရိကန်လေတပ်နှင့် မတူသည်မှာ အစ္စရေးလေတပ်သည် ရန်သူရေဒါများကို တိုက်ခိုက်ရန် မြေပြင်မှ အချက်အလက်များကို မတောင်းခံ။

"သူတို့က သူတို့ဘာသာသူတို့ တိုက်ခိုက်ကြတယ်၊ ဒါက သိပ်တော့

မထိရောက်လှဘူးပေါ့၊ ဒါပေမယ့် ပိုပြီး လူးသာလွန့်သာ အများကြီးရှိတယ်' ဟု ဒိုတန်က ပြောသည်။

နောက်ဆုံးအနေဖြင့်ပြောရလျှင် အစ္စရေးလေယာဉ်များ၏ ၉၀ ရာနှုန်းသည် ဗုံးများကို သယ်ဆောင်ကာ တိုက်ရမည့်ပစ်မှတ် သတ်မှတ်ပြီးသားဖြစ်၏။ အမေရိကန်လေတပ်တွင် နောက်ဆုံးအချိ တက်လာသော လေယာဉ်များကသာ ဗုံးများကို သယ်လာတတ်၏။

အစ္စရေးစနစ်တွင် လေယာဉ်မှူးတိုင်းသည် သူ၏ ကိုယ်ပိုင်ပစ်မှတ်ကို သိထားရရုံမျှမက အခြားပစ်မှတ်များကိုလည်း သီးသန့်ပုံစံအနေဖြင့် သိထားကြရ၏။

"ဥပမာ-လေယာဉ်တစ်စင်း ထိသွားပြီဆိုပါတော့၊ နောက်လေယာဉ်နှစ်စင်းက ခွဲပြီး ပစ်ချခံရတဲ့ လေယာဉ်မှူးဆီ သွားချင်သွားမယ်၊ ဒါမှမဟုတ် ဟိုဘက်လေယာဉ်ကို စီးချင်းထိုးတိုက်မယ်၊ အဲဒီအချိန်မှာ တခြားလေယာဉ်မှူးတွေက သူတို့ပစ်မှတ်တွေကို သူတို့ တိုက်နေကြလိမ့်မယ်၊ အဲဒီလိုလုပ်ကြတယ်၊ ဒါက ပုံမှန်ပဲ၊ အချိန်တစ်ဝက်လောက်က ရန်သူရဲ့ပစ်မှတ်တစ်ခုခုကို ထိအောင် တိုက်နေကြရတာပဲ" ဟု သူက ဆက်ရှင်းပြ၏။

အစ္စရေးနှင့် အမေရိကန်လေသူရဲများ ပူးတွဲပျံသန်းလေ့ကျင့်နေရချိန်တွင် ခြားနားမှုများကို ပိုတွေ့ရသည်။

ယခု စီးပွားရေးလုပ်ငန်းရှင်ဖြစ်နေသော 'ဒိုတန်'က စီးပွားရေးစကားဖြင့် ရှင်းပြ၏။ "ဈေးကွက်က ဘာဖြစ်နေနေ၊ ကျုပ်ကတော့ ဝယ်မှာပဲဆိုတဲ့ပုံစံမျိုး အစ္စရေးလေသူရဲတွေက လုပ်တတ်ကြတယ်" ဟု ပြောသည်။

'ဒေါက်ဝုဒ်'သည် ဟောလီးဝုဒ်မှ ဂျေရုစလင်သို့ ရောက်လာသောအခါ အစုံလုပ်တတ်သူ အစ္စရေးများနှင့် တွေ့ရ၏။

"ဟောလီးဝုဒ်မှာတော့ သူ့ကဏ္ဍကို သူပဲ လုပ်တယ်၊ တခြားလူအလုပ်ကို ဝင်မလုပ်တတ်ကြဘူး၊ အစ္စရေးမှာတော့ လူတစ်ယောက်က အစုံလုပ်တာပဲ၊ လုပ်လည်း လုပ်တတ်ကြတာတွေ့ရတယ်" ဟု 'ဒေါက်ဝုဒ်' က ပြော၏။

"ရုပ်ရှင်ထဲက ကွန်ပျူတာသမားက သရီးဒီမော်ဒယ်ပုံစံဆောက်တော့လည်း ဝင်ပါတာပဲ၊ စက္ကန့်သုံးဆယ်ကြာ သရုပ်ဆောင်ဖို့လူလိုတယ်

ဆိုလည်း သူက ဝင်သရုပ်ဆောင်တာပဲ၊ ခါတ်ညွှန်းပိုင်းမှာ လိုတယ်ဆိုလည်း သူပဲ ဝင်ရေးတာပဲ'' ဟု 'ဒေါက်ဝုဒ်'က တအံ့တသြပြောပြ၏။

ထိုသို့ အစုံလုပ်တတ်သူများကို ကဏ္ဍပေါင်းစုံတွင် တွေ့ရ၏။ ဆေးသိပ္ပံပညာရေး၊ ဇီဝတက်ခ်ပိုင်းရေး၊ ဆရာဝန်ရေး၊ ရောစပ်လုပ်ကိုင်တတ်ကြ၏။ ပန်ခရီယအတု အစားထိုးမှုလုပ်ဆောင်ခြင်းမှ ဆီးချိုရောဂါကုခြင်းအထိ တစ်မျိုးနှင့်တစ်မျိုး ဆက်စပ်လုပ်ဆောင်ကြ၏။ ဒုံးပျံထိပ်ဖူးမှ ထုတ်ယူထားသော မှန်ပြားဖြင့် အူအတွင်းကို ဓာတ်မှန်ရိုက်သောနည်းမျိုးလည်း သုံးတတ်၏။

'ဂေဗရီယယ်အီဒန်'သည် 'ရာဖီးလ်'ကုမ္ပဏီမှ ဒုံးပျံသိပ္ပံပညာရှင်ဖြစ်၏။ ထိုကုမ္ပဏီသည် အစ္စရေးကာကွယ်ရေးတပ်မတော်အတွက် အမိကလက်နက်များ ထုတ်ပေးသော ကုမ္ပဏီဖြစ်သည်။ 'ဂေဗရီယယ်'က လျှပ်စစ်မျက်မှန်ကိရိယာများကို တီထွင်ကာ ဒုံးပျံများ သူတို့၏ပစ်မှတ်ကို ပစ်နိုင်ရန် စီစဉ်ပေးသူဖြစ်၏။ ဂေဗရီယယ်က သူ့လုပ်ငန်းကိုလုပ်ရင်းနှင့် ဆေးပညာအတွက် နည်းသစ်တစ်ခုကို တီထွင်ပေးခဲ့၏။ ဒုံးပျံတွင်သုံးသော အလွန်သေးငယ်သည့် ကင်မရာလေးကို ဆေးလုံးတစ်ခုထဲထည့်ကာ လူ့ခန္ဓာကိုယ်အတွင်းပိုင်းအား ဓာတ်ပုံရိုက်သည့်ကိရိယာကို တီထွင်နိုင်ခဲ့ခြင်း ဖြစ်၏။

ကင်မရာထဲတွင် ထရန်စမစ်တာလည်း ထည့်၊ အလင်းရောင်နှင့် စွမ်းအင်များလည်း ထည့်ကာ ဆေးလုံးတစ်ခုအတွင်း သွင်းဖို့ဆိုသည်မှာ မဖြစ်နိုင်ဟု လူများစွာက သူ့ကို ပြောကြ၏။ လည်ချောင်းမှတစ်ဆင့် မျိုချလိုက်သော ဆေးလုံးလေးထဲတွင် ဤသို့ ကင်မရာမျိုးထည့်ဖို့ဆိုသည်ကား တကယ်ပင် စိတ်ကူးယဉ်ဆန်လှ၏။ 'အီဒန်'က ဈေးထဲမှ ကြက်များကို ဝယ်ကာ သူ့ဆေးလုံးကို တိရစ္ဆာန်တစ်သျှူးထဲ ထည့်၍ ရ မရ စမ်းသပ်၏။ သူ၏ကင်မရာကို 'ပီလ်ကမ်းစ်' ဟု အမည်ပေးထား၏။ 'ဆေးလုံးကင်မရာ' ဟု အဓိပ္ပာယ်ပြန်၍ ရမည်။ ထိုကင်မရာကို ၂၀၀၄ တွင် အလုံးပေါင်းတစ်သိန်း ရောင်းခဲ့၏။ ၂၀၀၇ အစပိုင်းတွင် အလုံး ငါးသိန်း၊ ၂၀၀၇ ကုန်ကာနီးတွင် အလုံး ခုနစ်သိန်းထိ ရောင်းအားတက်လာ၏။

ယခုနောက်ဆုံးထုတ် 'ပီးလ်ကမ်းစ်'များသည် တစ်စက္ကန့်တွင် ဓာတ်ပုံ

၁၈ ပုံ ရိုက်နိုင်နေပြီ ဖြစ်၏။ လူနာ၏ အူအတွင်းမှနေ၍ ဤဆေးလုံးက ဓာတ်ပုံရိုက်ခြင်း ဖြစ်သည်။

ဤသည်မှာ စစ်ဘက်နည်းပညာမှ အရပ်ဘက်သို့ ရောက်လာသော နည်းပညာများစွာထဲမှ တစ်ခုသာ ဖြစ်၏။ အဓိက ကာကွယ်ရေးပစ္စည်း စက်ရုံကြီးမှ စွန့်စားတီထွင် စီးပွားရေးလုပ်ငန်းဖြစ်လာခြင်း၏ သာဓကလည်း ဖြစ်၏။

မျက်မှန်နည်းပညာမှ အီလက်ထရွန်းနစ်၊ ထိုမှ ဘက်ထရီ၊ ထိုမှ ဝိုင်ယာလက်ဒေတာ ထုတ်လုပ်ခြင်း။ ထိုမှ ဆော့ဖ်ဝဲလ်။

ခေတ်မီနည်းပညာပစ္စည်းပေါင်းစုံ စီးမျော တိုးတက် ထုတ်လုပ်နိုင်ခဲ့သည်။

တပ်မတော်သုံးပစ္စည်းနှင့် ဆေးသိပ္ပံသုံးပစ္စည်းကို ဆက်စပ်ရောယှက်ပေးသော အခြားကုမ္ပဏီတစ်ခုမှာ 'ကွန်ပြူဂျင်' ကုမ္ပဏီ ဖြစ်၏။ ၎င်းကုမ္ပဏီကို တည်ထောင်သူ သုံးဦးရှိ၏။ 'အလီမင့်ဇ်' က ဥက္ကဋ္ဌ။ 'ဆင်မ်ချွန်ဖေဂလာ' က နည်းပညာအရာရှိချုပ်။ 'အမီရ်နာထန်' က ဆော့ဖ်ဝဲအကြီးအကဲ။ သူတို့သုံးဦးလုံးသည် အစ္စရေးကာကွယ်ရေးတပ်မတော်၏ 'တာလ်ပီယော' စီမံကိန်းတွင် တွေ့ဆုံခဲ့ကြသည်။ 'ကွန်ပြူဂျင်' ရှိ 'တာလ်ပီယော' ထွက်နောက်တစ်ဦးဖြစ်သူ 'လီယောမာယန်း' ၏ ပြောကြားချက်အရ ဤကုမ္ပဏီမှ သင်္ချာပညာရှင် ၆၀ အနက် ၂၅ ဦးသည် တပ်မတော်တွင် အမှုထမ်းရာမှ တစ်ဆင့် ရောက်လာသူများဖြစ်သည်ဟု ဆို၏။

အစ္စရေးကာကွယ်ရေးတပ်မတော်တွင် 'မင့်ဇ်' သည် ထောက်လှမ်းရေး အထောက်အကူပစ္စည်းတစ်ခု တီထွင်ခဲ့ရာ၊ ၎င်းသည် အကြမ်းဖက်သမားများ၏ ကွန်ယက်များကို ထောက်လှမ်းရာတွင် အလွန်အသုံးတည့်ခဲ့သည်။ သူ၏ဇနီးမှာ မျိုးရိုးဗီဇပညာရှင်ဖြစ်ရာ သူတို့သည် မျိုးရိုးဗီဇအချက်အလက် စုဆောင်းမှုမှနေ၍ ပိုမိုအသုံးဝင်သောနည်းသစ်ကို တွေ့ခဲ့၏။

'မင့်ဇ်' နှင့် သူ၏အစုစပ်များသည် မျိုးရိုးဗီဇနှင့်ပတ်သက်၍ နည်းစနစ်တစ်ခုကို ဆန်းသစ်တီထွင်ခဲ့ကြ၏။ ထိုနည်းဖြင့် ၂၀၀၅ ခုနှစ်တွင် 'ကွန်ပြူဂျင်' သည် ၎င်း၏စီးပွားရေးပုံစံကို ပြောင်းလဲကာ ဆေးဝါးထုတ်လုပ်ရေးဘက်ကို ဓောင်းပေးခဲ့၏။

သချ်ာ၊ ဇီဝဗေဒ၊ ကွန်ပြူတာသိပ္ပံ၊ အော်ဂဲနစ်ဓာတုဗေဒတို့ ပေါင်းစပ်ကာ 'ကွန်ပြူဂျင်'သည် ကြိုတင်စမ်းသပ် ဆေးဝါးထုတ်လုပ်မှုကို စမ်းသပ်အောင်မြင်ခဲ့၏။ ဓာတ်ပေါင်း ထောင်ပေါင်းများစွာကို စမ်းသပ်မည့်အစား 'ကွန်ပြူဂျင်'၏ မဟာဗျူဟာက မျိုးရိုးဗီဇကို စမ်းသပ်ပြီး တိုက်ရိုက်စစ်ဆေးသည့်နည်းကို တွေ့ခဲ့၏။

'ကွန်ပြူဂျင်'၏ ချဉ်းကပ်မှုမှာ ယခင်က မလုပ်ခဲ့ဖူးသော 'အခြောက်' (သဘောတရား)နှင့် 'အစို'(ဇီဝဗေဒ) ဓာတ်ခွဲခန်းများကို ပေါင်းစပ်သုံးစွဲခြင်း ဖြစ်၏။

'ဇီဝဗေဒပညာရှင်တွေနဲ့ သချ်ာပညာရှင်တွေ ကြမ်းတပြေးတည်းထိုင်ပြီး ဘာကို စမ်းသပ်မလဲ၊ ဘယ်လိုစမ်းသပ်မလဲ ဆိုပြီး ဒူးတိုက်ဆွေးနွေးကြ၊ အဖြေထွက်လာတဲ့အပေါ် သုံးသပ်ကြနဲ့' ဟု ကွန်ပြူဂျင်၏ ဒုတိယဥက္ကဋ္ဌ 'အလွန်စမစ်'က ပြော၏။

ဆေးဝါးထုတ်လုပ်ရေးတွင် အစ္စရေးနိုင်ငံ၌ အကြီးဆုံးကုမ္ပဏီမှာ 'တီဗာ' ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် အခြားလုပ်ငန်းများ လုပ်ဆောင်သော ကုမ္ပဏီများကပါ ကွန်ပြူဂျင်ကဲ့သို့ ဆေးဝါးလုပ်ငန်းတွင် အသစ်အသစ်များ ပေါ်လာကြ၏။ ဤသည်မှာ အစ္စရေးလူမျိုးများ၏ နည်းလမ်းပေါင်းစုံပေါင်းစပ်လုပ်တတ်သောစိတ်ကြောင့်လည်း ဆေးဝါးသစ်များ တီထွင်နိုင်ခြင်းဖြစ်၏။ နောက်တစ်ချက်မှာ အစ္စရေးလူမျိုးတို့၏ သည်းခံစိတ်နည်းပါးခြင်းကြောင့်လည်း ဖြစ်သည်။ ဆေးဝါးများသည် ရောဂါကုသရာဖွေရာတွင် ကြာတတ်သည်ကို သူတို့ သည်းမခံနိုင်။ ထို့ကြောင့် ပိုမိုထက်မြက်မြန်ဆန်သော နည်းများကို တီထွင်ကြံဆကြခြင်း ဖြစ်၏။

ရောနှောပေါင်းစပ်သောနည်းကို သုံးသော အခြားကုမ္ပဏီတစ်ခုမှာ 'အက်စ်ပီယောနစ်' ကုမ္ပဏီ ဖြစ်၏။ ၎င်းကုမ္ပဏီသည် ရှူဆေးတစ်ခုထုတ်လုပ်ရာ အရွယ်အစားနှင့် ပုံစံမှာ ခရက်ဒစ်ကဒ်ပမာဏပုံစံမျိုး ဖြစ်၏။ ထိုကဒ်ပြားလေးထဲတွင် လေရှူသွင်းနိုင်သော တာဘိုင်စက်တစ်ခု ထည့်ထား၏။ အခြားလေရှူစက်များမှာ ရှုပ်ထွေးပြီး ထုတ်လုပ်ရာတွင် ဈေးကြီး၏။ ယခုလေရှူစက်က သေးလည်းသေး၊ ဈေးလည်း သက်သာ၏။

'အက်စ်ပီယောနစ်'သည် ပြဿနာအားလုံးကို တစ်ကြိမ်တည်း ဖြေ

ရှင်းနိုင်သောကိရိယာဖြစ်၏။ ခရက်ဒစ်ကဒ်ပုံစံ ကဒ်ပြားလေးထဲတွင် ပန်ကာကဲ့သို့သော ဒလက်လေးရှိသည်။ လူနာက ကဒ်ပြားအစွန်းတစ်ဖက်မှ လေရှူသွင်းလိုက်သည်နှင့် ဒလက်က လည်သွားသည်။ ပန်ကာဒလက် လည်သည်နှင့် ၄င်းအပေါ်ရှိ ဆေးမှုန့်လေးကို ရှူပြီးသား ဖြစ်သွားသည်။ ဒလက်သည် လူနာရှူသွင်းမှသာ အလုပ်လုပ်၏။ ၄င်းသည် ဆေးဝါးကို လူနာ၏ အဆုတ်ထဲသို့ အလိုအလျောက် တွန်းပို့ပေးနိုင်၏။

'အက်စ်ပီယောနစ်'ကို တီထွင်သူများထဲတွင် 'ဒန်အက်ဒလာ' ဆိုသူသည် ယခင်က ဓာတ်ငွေ့တာဘိုင်နှင့် ဂျက်အင်ဂျင်များကို ဒီဇိုင်းလုပ်သူဖြစ်သည်။ သူသည် 'တက်နီယွန်'နှင့် အမေရိကန်ရေတပ်ကျောင်းတို့၏ ပါမောက္ခလည်း ဖြစ်၏။ 'ဂျင်နရယ်ဒိုင်းနမစ်' 'ပရက်အင်ဝှစ်တနေ' 'မက်ဒေါနယ်ဒေါက်ဂလတ်စ်' ကုမ္ပဏီများ၏ အကြံပေးပုဂ္ဂိုလ်လည်း ဖြစ်၏။

ဒုံးကျည်နှင့်ဆေးလုံး၊ ဂျက်လေယာဉ်နှင့် လေရှူဆေး စသည်တို့သည် ဆက်စပ်မှုမရှိဟု ထင်ကောင်းထင်မည်။ ၄င်းတို့ကို ပေါင်းစပ်ပေးသော ချန်ပီယံကား 'ယိုစီဂရော့စ်' ဖြစ်သည်။ သူသည် အစ္စရေးတွင် မွေးပြီး 'တက်ခ်စ်နီယွန်'တွင် လေကြောင်းအင်ဂျင်နီယာ ပညာလေ့ကျင့်ခဲ့သူ ဖြစ်၏။ ထို့နောက် 'ဂရော့စ်'သည် အစ္စရေးလေယာဉ်ထုတ်စက်ရုံတွင် (၇)နှစ်လုပ်ပြီးမှ စွန့်စားတီထွင် စီးပွားရေးလုပ်ငန်းရှင်လောကသို့ ဝင်ခဲ့ခြင်း ဖြစ်၏။

''သူက လေကြောင်းအင်ဂျင်နီယာပညာရှင်လည်းဖြစ်တယ်၊ အီလက်ထရွန်းနစ်ပညာလည်း တတ်တယ်၊ သူက ရူပဗေဒလည်း ကျွမ်းကျင်ပြီး ဟီမိုဒိုင်းနမစ်လည်း နှံ့စပ်တယ်၊ ဒါတွေအားလုံးပေါင်းပြီး သူက လူ့ခန္ဓာကိုယ်မှာ ဘာတွေလိုအပ်တယ်၊ ထည့်သွင်းရမယ်ဆိုတာ စဉ်းစားတဲ့နေရာမှာ ပိုပြီး ထူးချွန်လာတာပဲ'' ဟု 'ရူတီအလွန်'ဆိုသူ 'ပီတန်ဂိုကုမ္ပဏီ' အကြီးအကဲက 'ဂရော့စ်'ကို ချီးကျူးခဲ့၏။

'ဂရော့စ်' တီထွင်မှုများထဲတွင် ဆီးချိုဝေဒနာရှင်၏ ပျက်စီးနေသော ပန်ခရိယကို လဲလှယ်ပေးသည့် 'ဘိုင်အိုရီအက်တာ'လည်း ပါဝင်၏။ ထို 'ဘိုင်အိုရီအက်တာ'ကို ပြင်ပလူနာဌာနတွင် ၁၅ မိနစ်အတွင်း လူနာ၏ အရေပြားမှ တစ်ဆင့် ခန္ဓာကိုယ်ထဲ ထည့်သွင်းနိုင်သည်။ ၄င်းကို တစ်နှစ်တစ်ကြိမ် လဲလှယ်ပေးရသည် ဆို၏။

'ဂရော့စ်'၏ အခြားကုမ္ပဏီတစ်ခုဖြစ်သော 'ထရန့်စ်ဖာမဆေးဝါး'

က တီထွင်မှုနှစ်ခုကို ပေါင်းစပ်ခဲ့သေးသည်။ လူ့အရေပြားမှတစ်ဆင့် သေးငယ်သော လမ်းကြောင်းလေးများကို ရေဒီယိုတုန်ခါနှုန်းဖြင့် ဖန်တီးကာ ခန္ဓာကိုယ်တွင်း ပေါင်ဒါဖြူးသောလုပ်ငန်း ဖြစ်၏။

"ဆဲလ်ဖုန်းလိုပဲ၊ အရေပြားထဲကို တစ်စက္ကန့်အတွင်း သွင်းလိုက်တာနဲ့ ဆေးသွင်းလို့ရတယ်"ဟု 'ဂရေ့စ်'က ရှင်းပြ၏။

လူ့အရေပြား အပြင်လွှာမှနေ၍ ဆေးထိုးခြင်းမရှိဘဲ မော်လီကျူး အကြီးစားများ (ပရိုတိန်းများ)ကို ခန္ဓာကိုယ်ထဲ သွင်းပေးသော နည်းသစ်ဖြစ်၏။ တစ်ခုမှာ လူ့ခန္ဓာကိုယ်ကြီးထွားစေသော ဟော်မုန်းသွင်းခြင်းနှင့် အရိုးအဆစ်များ ခိုင်မာသော ဓာတ်သွင်းခြင်းတို့ကို ဤနည်းဖြင့် လုပ်နိုင်၏။ ယခင်က အင်ဆူလင်နှင့် အခြားဆေးများ ခန္ဓာကိုယ်တွင်းသို့ သွင်းခြင်းလုပ်ငန်းကို ဤတီထွင်မှုက အစားထိုး၍ လွယ်ကူစွာ လုပ်နိုင်ခဲ့၏။

အစ္စရေးတို့၏ အသစ်တီထွင်မှုများအား အံ့မခန်းပင် ဖြစ်၏။ သမားရိုးကျတွေးခေါ်နည်းများကို ဖောက်ထွက်ကာ လွတ်လပ်သော စဉ်းစားနည်းများမှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ အစဉ်အလာကို ဖက်တွယ်တတ်သော လူမှုအသိုင်းအဝန်းများတွင် ဤသို့ တီထွင်မှုများကို စဉ်းပင် စဉ်းစားနိုင်မည် မဟုတ်။ အစ္စရေးလူမျိုးတို့၏ တပ်ဘက်ဆိုင်ရာနှင့် အရပ်ဘက်ဆိုင်ရာ အတွေ့အကြုံများကို ပေါင်းစပ်ပြီး လွတ်လပ်စွာ တွေးခေါ်တီထွင်ကြံဆမှုများ၏ ရလဒ်များပင် ဖြစ်သည်။

❖

# အခန်း (တစ်ဆယ့်သုံး)
# ရှိတ်၏ အကြပ်ရိုက်ခြင်း

ဒေသရဲ့အနာဂတ်ဟာ ကျွန်တော်တို့လူငယ်တွေကို ဘယ်လိုအပြင်ထွက်ပြီး ကုမ္ပဏီတွေ ထူထောင်ဖန်တီးဖို့ သင်ကြားပေးမှုဆိုတာပေါ်မှာ မူတည်နေတယ်။

*ဖာဒီဂန်ဒေါ်*

'အီရယ်မာဂါလစ်'၏ နောက်ခံရာဇဝင်ကို ကြည့်လျှင် သူ့ကို စွန့်စားတီထွင်လုပ်ငန်းရှင်ကြီး ဖြစ်လာလိမ့်မည်ဟု မည်သို့မျှ ဟောကိန်းမထုတ်နိုင်။ သူ့ကို 'ခီဘုဇ်'ဘုံဒေသတွင် မွေး၏။ ၁၉၈၂ တွင် လက်ဘနွန်၌ အစ္စရေးကာကွယ်ရေး တပ်မတော်တပ်သားအနေဖြင့် တိုက်ပွဲဝင်ခဲ့၏။ ထို့နောက် ဂျေရုစလင်ရှိ ဟီဘရူးတက္ကသိုလ်တွင် သင်္ချာနှင့် ဒဿနိကဗေဒ သင်၏။ ထိုမှ ဆက်၍ ကိုလံဘီယာတက္ကသိုလ်မှ ဒဿနိကပါရဂူဒေါက်တာဘွဲ့ယူခဲ့၏။ သူ၏ ပါရဂူဘွဲ့ယူကျမ်းမှာ 'သမိုင်းဝင်ခေါင်းဆောင်များ၏ လုပ်ဆောင်မှုများ' ဖြစ်၏။ သူက ထိုခေါင်းဆောင်များကို စွန့်စားတီထွင် စီးပွားရေးလုပ်ငန်းရှင်များဟု သဘောထား၏။ ထိုသူတို့၏ ကျေးဇူးကြောင့် သူတို့နိုင်ငံ သို့မဟုတ် ယဉ်ကျေးမှုကြီးတစ်ရပ် ထွန်းကားလာကြောင်း သူရေးခဲ့၏။ (သူ၏စံပြပုဂ္ဂိုလ်များမှာ ဝင်စတန်ချာချီတို့ ဒေးဗစ်ဘင်ဂူးရီးယန်းတို့ ပါဝင်၏။)

သူသည် ၁၉၆၅ မှ ၁၉၉၃ အထိ ဂျေရုစလင်မြို့တော်ဝန် 'တက်ဒီကိုလက်'ထံတွင် အလုပ်လုပ်ခဲ့၏။ 'ကိုလက်'က ၁၉၉၃ တွင် မြူနီစပယ်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် သူလည်း ဂျေရုစလင်တွင် လုပ်ငန်းသစ်များ စတင်တည်ထောင်ရန် ကြိုးပမ်းခဲ့၏။ သူ ပထမဆုံးတည်ထောင်သော ကုမ္ပဏီမှာ 'ဂျေရုစလင်စွန့်စားလုပ်ကိုင်သူ အစုစပ်များအဖွဲ့' (ဂျေဗွီပီ) ဖြစ်၏။ မူလအရင်းအနှီးကို 'ယိုစ်မာ'စီမံကိန်းမှ အထောက်အပံ့ ရယူခဲ့၏။

၁၉၉၄ တွင် 'ဂျေဗွီပီ'ကို ထူထောင်ခဲ့ပြီးနောက် 'မာဂါလစ်'သည် 'ပြင်သစ်တယ်လီကွန်းအက်စ်အေ'၊ ဂျာမနီမှ 'အင်ဖီနီယွန်တက်စနိုလိုဂျီ' 'ရိုက်တာ' 'ဘိုးအင်း' စသည်တို့မှ ဒေါ်လာသန်းပေါင်း ရာနှင့်ချီ၍ ရယူခဲ့၏။ 'ဂျေဗွီပီ'၏ ထင်ရှားသော လုပ်ငန်းခွဲတစ်ခုမှာ 'ခရီမားတစ်ကွန်ယက်' ဖြစ်သော မျက်မှန်ကွန်ယက်ကုမ္ပဏီ ဖြစ်၏။ ၎င်းကို 'လူဆင့်'ကုမ္ပဏီသို့ ဒေါ်လာ ၄.၅ ဘီလျံဖြင့် ရောင်းခဲ့၏။

၂၀၀၇ ခုနှစ်တွင် 'ဖို့ဘ်စ်'မဂ္ဂဇင်းကြီးက 'မာဂါလစ်'ကို 'ကမ္ဘာ့စွန့်စားရင်းနှီးမြှုပ်နှံ စီးပွားရေးလုပ်ငန်းရှင်ကြီးများ'ထဲတွင် ၆၇ ဦးမြောက်အဖြစ် သတ်မှတ်ခဲ့၏။ ကမ္ဘာ့ထိပ်တန်း စီးပွားရေးလုပ်ငန်းရှင် ၁၀၀ တွင် အစ္စရေးလူမျိုး သုံးဦးပါရာ၌ သူလည်း တစ်ဦးအပါအဝင် ဖြစ်၏။

သို့သော် 'မာဂါလစ်'၏ အစ္စရေးအပေါ် အကျိုးပြုမှုမှာ စီးပွားရေးကိစ္စထက် ပိုမိုသာလွန်ပါသည်။ သူ၏ ကိုယ်ပိုင်ငွေများစွာကို သူ ရင်းနှီးမြှုပ်နှံခဲ့၏။ ဂျေရုစလင်၏ အနုပညာကိစ္စ တော်တော်များများတွင် သူ ရက်ရက်ရောရောပါဝင်လှူဒါန်းခဲ့၏။ သူသည် 'မာဘာဒါ'ခေါ် ဂျေရုစလင် ဖြေဖျော်မှုအနုပညာဇာတ်ပွဲများကို စတင်တည်ထောင်ခဲ့၏။ ၎င်းသည် နည်းပညာနှင့် အနုပညာကြား ဆက်စပ်ပေးသောလုပ်ငန်းကို လုပ်ကိုင်ပေး၏။ အနုပညာရှင်များနှင့် နည်းပညာရှင်များကို ပူးတွဲ၍ လုပ်ဆောင်စေရာ ကမ္ဘာပေါ်တွင် မည်သည့်နေရာမှ မလုပ်ကြသောကိစ္စ ဖြစ်၏။ သူသည် အကျိုးအမြတ်မယူသော ဇာတ်ရုံကြီးကိုလည်း တည်ထောင်ခဲ့၏။ ထို့ပြင် အကြီးဆုံး 'အင်နီမေးရှင်း' အလုပ်ရုံကြီးတစ်ခုလည်း တည်ထောင်ခဲ့၏။

ယခင်က အစွရေးရပ်ရှင်သည် သိပ်ပြီး တန်းမဝင်ခဲ့။ သို့သော် ယခုအခါတွင် နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် အစွရေးရုပ်ရှင်များက ဆန်ကာတင် အရွေးခံနေရပြီ။ ဤသည်မှာလည်း 'မာဂါလစ်'၏ ကျေးဇူး အထောက်အပံ့နှင့် မကင်းဟု ပြောနိုင်၏။

'မာဂါလစ်'သည် 'ဒူဘိုင်း'ကဲ့သို့ အဆင့်ရောက်ရန် 'မိုဟာမက် အောလ်ဂါဂါဝီ'ကို အတုယူခဲ့၏။ 'ဂါဂါဝီ'သည် ဒူဘိုင်းဦးပိုင်ကုမ္ပဏီ၏ တာဝန်ခံအရာရှိချုပ် ဖြစ်၏။ 'ရှိတ်မိုဟာမက်ဘင်ရာရှစ်အောလ်မက်တွန်' သည် ဒူဘိုင်းကို အုပ်ချုပ်သူဖြစ်၏။ (သူသည် ယူအေအီးနိုင်ငံများ၏ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးလည်း ဖြစ်၏) 'ရှိတ်မိုဟာမက်'ပိုင် သော 'ဒူဘိုင်းဦးပိုင်ကုမ္ပဏီ'၏ ဥက္ကဋ္ဌရာထူးကို 'ဂါဂါဝီ'က တာဝန်ယူ ထား၏။ 'ဒူဘိုင်း'တွင် စည်းစိမ်ချမ်းသာဟူသမျှ 'ရှိတ်မိုဟာမက်'နှင့် ကင်းသည်ဟူ၍ မရှိ။ ဒူဘိုင်း၏ ငွေကြေးချမ်းသာမှုနှင့် 'ရှိတ်'၏ ပုဂ္ဂလိက ကြွယ်ဝမှုတို့ကို ခွဲခြား၍ မရ။

၁၉၉၇ တွင် 'ဂါဂါဝီ'သည် 'ရှိတ်မိုဟာမက်'နှင့် တွေ့ဆုံခွင့်ရခဲ့၏။ တွေ့ဆုံစကားပြောပြီးနောက် 'ရှိတ်'က 'ဂါဂါဝီ'ကို လက်ညှိုးထိုးပြီး "ကျုပ် ခင်ဗျားကို သိသွားပြီ၊ ခင်ဗျားက အများကြီး ရှေ့ကို ပြေးနိုင်မယ့်သူပဲ" ဟု ပြောခဲ့သည်။

ဤအချိန်မှစ၍ အစိုးရဗျူရိုကရက် အလယ်အလတ်အဆင့်ပုဂ္ဂိုလ် တစ်ဦးဘဝမှနေ၍ အရှင်မွေး နေ့ချင်းကြီးခဲ့သူမှာ 'ဂါဂါဝီ'ပင် ဖြစ်၏။ 'ရှိတ်'၏ အဓိကကုမ္ပဏီကြီး သုံးခုထဲမှ တစ်ခုအပါအဝင်တွင် 'ဂါဂါဝီ' အုပ်ချုပ်မှုတာဝန် ထမ်းဆောင်ရ၏။

ဒူဘိုင်းသည် စင်ကာပူကဲ့သို့ပင် အလွန်အမင်းစည်းကမ်းရှိ သေဝပ် သောမြို့ ဖြစ်၏။ အစိုးရကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြမှု လုံးဝမရှိ။ ငြိမ်းချမ်း စွာ ဆန္ဒပြခြင်းပင် မရှိ။ ဒူဘိုင်း၏ ပထမဆုံး လူ့အခွင့်အရေး အဖွဲ့အစည်း သည် အစိုးရကပင် ဖွဲ့ပေးပြီး 'ရှိတ်မိုဟာမက်'၏ ဩဇာ မကင်းချေ။

လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ သို့သော် အစိုးရကိုလည်းကောင်း၊ အစွလာမ်ဘာသာကိုလည်းကောင်း ဝေဖန်ခွင့်မရှိ။ အစိုးရက ဝက်ဘ်ဆိုက် တော်တော်များများကို ပိတ်ဆို့ထား၏။ ညေ့သည်ရော၊ အိမ်ရှင်များပါ

လိုင်းဖုန်း သို့မဟုတ် ဆဲလ်ဖုန်းဖြင့် အစ္စရေးကို ခေါ်ခွင့်မရှိ။ နိုင်ငံသင်္ကေတ အမှတ် ၉၇၂ ကို ပိတ်ဆို့ထား၏။

'ရှိတ်မိုဟာမက်'က သူ၏သား ၂၅ နှစ်အရွယ် 'ရှိတ်ဟာမ်ဒန်'ကို သူ၏ အရိုက်အရာ ဆက်ခံမည့် အိမ်ရှေ့မင်းသားဟု သတ်မှတ်ထားသည်။ သူ့သားအငယ်ဆုံးနှင့် သူ့ညီကို လက်ထောက်များအဖြစ် ခန့်ထား၏။

ဒူဘိုင်းတွင် ပြင်ပပုဂ္ဂိုလ်များအတွက် စီးပွားရေးတံခါးတော့ ဖွင့်ထား၏။ ဒူဘိုင်းတွင် ပုလဲမှအစ အထည်အလိပ်အဆုံး ရာစုနှစ်ပေါင်းများစွာချီ၍ အရောင်းအဝယ်လုပ်ကြရိုးထုံးစံ ရှိ၏။

'ရှိတ်မိုဟာမက်'၏ အဘိုးဖြစ်သူက သူ့နိုင်ငံတွင် အကောက်ခွန်လွတ် ဆိပ်ကမ်းကုန်သွယ်မှုကို ၂၀ ရာစုအစကပင် ပြဋ္ဌာန်းခဲ့၏။

သူက အီရန်နှင့် အိန္ဒိယကုန်သည်များကို မြူဆွယ်ရန် အစီအစဉ်ရှိသည်။

၁၉၇၀ ခုနှစ်များတွင် 'ရှိတ်မိုဟာမက်'၏ ဖခင် 'ရာရှစ်ဘင်ဆာအီ အောလ်မတ်ကွန်း'က ဒူဘိုင်းတူးမြောင်းကို မသုံးတော့ဘဲ လူလုပ်ဆိပ်ကမ်းများထဲတွင် အကြီးဆုံးဖြစ်သော 'ဂျေဘဲယ်လ်အလီ' ဆိပ်ကမ်းကြီးကို တည်ဆောက်ခဲ့၏။ ၎င်းသည် ဒူဘိုင်း၏အနောက်တောင်ဘက် ၂၁ မိုင်ကွာတွင် ရှိ၏။ ၁၉၇၉ တွင် 'ဂျေဘဲယ်လ်အလီ'သည် အရှေ့အလယ်ပိုင်း၏ အကြီးဆုံးဆိပ်ကမ်း ဖြစ်လာသည်။ ပါရဂူများ၏ ဆန်းစစ်မှုအရ ကမ္ဘာပေါ်တွင် လူလုပ်အဆောက်အဦအကြီးဆုံး သုံးခုမှာ 'တရုတ်ပြည်မှ မဟာတံတိုင်း'၊ 'ဟူးဗားရေလှောင်ဆည်'နှင့် 'ဂျေဘဲယ်လ်အလီ' ဆိပ်ကမ်းတို့ ဖြစ်ကြ၏။ ၎င်းတို့ကို အာကာသထဲမှ ထင်းထင်းပြက်ပြက် မြင်နိုင်၏။ (ဂျေဘဲယ်လ်အလီသည် ယခုအခါ ကမ္ဘာ့အရေးအကြီးဆုံးဆိပ်ကမ်းသုံးခုထဲတွင် တတိယလိုက်၏။ ပထမက ဟောင်ကောင်၊ ဒုတိယက စင်ကာပူဆိပ်ကမ်းတို့ ဖြစ်ကြ၏။)

'ရာရှစ်'အတွက်မူ 'ဒူဘိုင်း'၏စီးပွားရေးသည် မကြာခင် ခန်းခြောက်တော့မည်ဟု တွက်ထား၏။ အိမ်နီးနားချင်း 'အဘူဒါဘီ'တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ အရန်သိုလှောင်မှုက ၅ ရာခိုင်နှုန်းသာ ရှိ၏။ ဒူဘိုင်း၏ အရန်သိုလှောင်မှုသည် ၂၀၁၀ တွင် ပြတ်လတ်သွားနိုင်၏။ ရှိတ်ရာရှစ်က တစ်ခါတုန်းက လူသိရှင်ကြား အောက်ပါအတိုင်း ပြောဖူး၏။

"ကျွန်တော့်အဘိုးက ကုလားအုတ်ကြီး စီးခဲ့တယ်၊ ကျွန်တော့်အဖေလည်း ကုလားအုတ်စီးတာပဲ၊ ကျွန်တော်ကတော့ မာစီးဒီးစီးတယ်၊ ကျွန်တော့်သားကျတော့ လင်းရိုဗာစီးတယ်၊ သူ့သားလည်း လင်းရိုဗာပဲ စီးမှာပဲ၊ ဒါပေမယ့် သူ့သားလက်ထက်ကျရင်တော့ ကုလားအုတ်ပဲ ပြန်စီးရလိမ့်မယ်"

ကမ္ဘာ့အဆင့်မီ ဆိပ်ကမ်းကို တည်ဆောက်ပြီးနောက် 'ရှိတ်ရာရှစ်' သည် အရှေ့အလယ်ပိုင်း၏ ပထမဆုံး လွတ်လပ်သောကုန်သွယ်မှုကို တည်ထောင်ခဲ့၏။ နိုင်ငံခြားသားများအနေနှင့် သူ၏အရင်းနှင့် အမြတ် ၁၀၀ ရာခိုင်နှုန်းကို သူ့နိုင်ငံသို့ ပြန်ပို့နိုင်ပြီး နိုင်ငံခြားပစ္စည်းနှင့် စီးပွားရေး ၁၀၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ခွင့်ပြုသောပုံစံ ဖြစ်၏။

'ရှိတ်မိုဟာမက်' ခေါင်းဆောင်သော တော်ဝင်မိသားစု၏ နောက်မျိုးဆက်သည် လွတ်လပ်ဖုံပုံစံကို ပို၍ပင် အကောင်အထည်ဖော်ခဲ့၏။ စက်မှုနယ်မြေများတွင် စီးပွားရေးနယ်မြေများ တည်ဆောက်ခဲ့၏။ ပထမဆုံးတည်ဆောက်သည်မှာ 'ဒူဘိုင်းအင်တာနက်မြို့တော်' (ဒီအိုင်စီ) ဖြစ်၏။ 'အာသာအင်ဒါဆင်'နှင့် 'မက်ကင်းဆေးကုမ္ပဏီ' တို့ အကူအညီဖြင့် ဒီဇိုင်းဆွဲတည်ဆောက်ခြင်း ဖြစ်သည်။ ထို 'ဒီအိုင်စီ'တွင် မကြာလှသော အချိန်ကာလအတောအတွင်း 'မိုက်ခရိုဆော့ဖ်' 'အိုရေကယ်လ်' 'အိပ်ချ်ပီ' 'အိုင်ဘီအမ်' 'ကွန်ပက်' 'ဒဲလ်' 'ဆီးမင်း' 'ကင်နွန်' 'လိုဂျီကာ'နှင့် 'ဆိုနီအဲရစ်ဆင်' စသော ကုမ္ပဏီပေါင်း ၁၈၀ လာရောက်ငှားရမ်း ကုမ္ပဏီဖွင့်ကြ၏။

၂၀၀၆ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီ ၅၀၀ ထဲမှ လေးပုံတစ်ပုံသည် ဒူဘိုင်းတွင် ကုမ္ပဏီခွဲများ လာဖွင့်ကြသည်အထိ အောင်မြင်ခဲ့၏။ အောင်မြင်မှုအရှိန်ကို ဆက်ထိန်းပြီး ဒူဘိုင်းက လုပ်စရာရှိတာများ ဆက်လုပ်သည်။ 'ဒူဘိုင်းကျန်းမာရေးစောင့်ရှောက်မှုမြို့တော်' 'ဒူဘိုင်းဘိုင်အိုတက်ခနိုလိုဂျီနှင့် သုတေသနဌာန' 'ဒူဘိုင်းစက်မှုမြို့တော်' 'ဒူဘိုင်းအသိပညာရွာ' 'ဒူဘိုင်းစတူဒီယိုမြို့တော်' 'ဒူဘိုင်းမီဒီယာမြို့တော်' (ရိုက်တာ၊ စီအင်အင်၊ ဆိုနီ၊ ဘာတဲလ်စမင်၊ စီအင်ဘီစီ၊ အမ်ဘီစီ၊ အာရေဗျရေဒီယိုကွန်ယက်နှင့် အခြားမီဒီယာများစွာ ရှိ၏။) တို့ကို တည်ဆောက်ခဲ့၏။

ဒူဘိုင်းသည် အချိန်တိုအတွင်းတွင် ၄င်း၏တံခါးများကို ဆန်းသစ်တီထွင်သော ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီများသို့ ဖွင့်ပေးခဲ့၏။ ကုမ္ပဏီများစွာက ဝင်လာကြသည်။ ဒူဘိုင်းက တီထွင်ဆန်းသစ်မှုများကို လုပ်သည်ကား မဟုတ်။ ဝန်ဆောင်မှုဆိုင်ရာ ကြီးမားသော ဈေးကွက်ကြီးတစ်ရပ်ကို ဖော်ဆောင်ပေးခြင်းသာ ဖြစ်သည်။ 'မိုဟာမက်ဂါဂါဝီ'သည် 'ရှိတ်မိုဟာမက်'၏ ခေါင်းခေါက်ရွေးချယ်ခြင်းခံရသူ ဖြစ်ကာ ဒူဘိုင်း၏ စီးပွားရေးအောင်မြင်မှုကြီးကို ကူညီဖော်ဆောင်ပေးသူကား ဖြစ်၏။ သို့သော် သူသည် စွန့်စားတီထွင်ဖော်ဆောင်သူကား မဟုတ်။

အစ္စရေးကျတော့ ဤသည်နှင့်မတူ။ 'မာဂါလစ်'သည် စွန့်စားတီထွင်စီးပွားရေးလုပ်ငန်းရှင် ထောင်ပေါင်းများစွာထဲမှ တစ်ဦးသာ ဖြစ်၏။ သူ့ကို မည်သူကမှ ခေါင်းခေါက်ရွေးချယ်ကြခြင်း မဟုတ်။ သူ့ဘာသာ ကိုယ်ထူကိုယ်ထ တက်လာသူ ဖြစ်သည်။ သူ၏ အောင်မြင်မှုအားလုံးသည် သူ၏ တီထွင်စွန့်စားကုမ္ပဏီများ ထူထောင်ခြင်းနှင့် ကုန်ပစ္စည်းသစ်၊ ဈေးကွက်သစ်များ ဖော်ထုတ်နိုင်မှုကြောင့် ဖြစ်သည်။

ဒူဘိုင်းတွင် နိုင်ငံခြားသားများ၊ ဥရောပနှင့် ပါရှင်းပင်လယ်ကွေ့စီးပွားရေးစွန့်စားသူများ သို့မဟုတ် တောင်အာရှနှင့် အာရပ်ယာယီအလုပ်သမားများက ငွေလာရှာကြခြင်း ဖြစ်၏။ သူတို့သည် ငွေရလျှင် ပြန်ကြ၏။ သို့မဟုတ် အခြားသောလုပ်ငန်းများကို စွန့်စားရှာဖွေလုပ်ကိုင်ကြ၏။ သူတို့သည် ဒူဘိုင်းနှင့် ယာယီလာပေါင်းကြသူများသာ ဖြစ်၏။ သူတို့သည် ဒူဘိုင်းနှင့် သွေးဝင်သားဝင်များ မဟုတ်ကြ။

✣ ✣ ✣

"အစ္စရေးမှာ အင်တာနက်ပူပေါင်းရှိတယ် ဆိုပါစို့။ အဲဒီပူပေါင်းဟာ ယိုစီဗာဒီပဲ" ဟု ဂူဂဲယ်လ်ကို ပူးတွဲတည်ထောင်သူ 'ဆာဂျေဘရင်း'က 'ဗာဒီ'၏ အစ္စရေးအင်တာနက်ကဏ္ဍတွင် ပြာပုံဘဝမှ တိုးတက်အောင်ဆောင်ရွက်မှုကို ရည်ညွှန်း၍ ပြော၏။ 'ဗာဒီ'၏အမည်ကို အစ္စရေးအင်တာနက် အဦးအစကမ္ဘာတွင် မသိသူ မရှိကြ။

သူသည် 'အိုင်စီကျူ'ခေါ် အင်တာနက် 'ချက်'အစီအစဉ်ကို သူ၏သား 'အဲရစ်ဗာဒီ'နှင့် အပေါင်းအသင်း သုံးယောက်နှင့်အတူ အသက်

နှစ်ဆယ်အရွယ်ပိုင်းက တည်ထောင်ခဲ့၍ လူသိများခဲ့သည်။ 'အိုင်စီကျူ' သည် တစ်ချိန်က ကမ္ဘာပေါ်တွင် အထင်ရှားဆုံး 'ချက်'အစီအစဉ် ဖြစ်၏။ ၎င်းသည် 'နက်စကိတ်' 'အင်တဲယ်လ်'တို့နှင့်အတူ 'ထာဝရနည်းပညာ ပြောင်းလဲမှု' လုပ်ခဲ့သော လက်တစ်ဆုပ်စာ ကုမ္ပဏီများထဲတွင် တစ်ခု အပါအဝင် ဖြစ်၏။

အိုင်စီကျူကို ၁၉၉၆ နိုဝင်ဘာတွင် စတင်မိတ်ဆက်သည်။ ဗာဒီ၏ ငွေကြေးအထောက်ပံ့ဖြင့် စတင်ခြင်း ဖြစ်သည်။ ဤသည်မှာ ဝင်းဒိုးအသုံး ပြုသူများကို တစ်ယောက်နှင့် တစ်ယောက် အဆက်အသွယ်ပြုနိုင်အောင် လုပ်ပေးသော ပထမဆုံးအစီအစဉ် ဖြစ်၏။ 'အမေရိကအွန်လိုင်း' (အေအို အယ်လ်)ကလည်း သူ၏ ကိုယ်ပိုင်'ချက်'ဖြစ်သော 'အင်းစတင့် မက်ဆင် ဂျာ' (အေအိုင်အမ်) ကို တစ်ချိန်တည်းတွင် စထွင်၏။ သို့သော် ပထမက 'အေအိုအယ်လ်' အစီအစဉ်သည် သူ့ထံ နှစ်ကြေးပေးထားသူများအတွက် သာ အကန့်အသတ် သုံးစွဲခွင့်ရှိ၏။

အစွရေးအစီအစဉ်က 'အေအိုအယ်လ်'ထက် ပိုမြန်၏။ ၁၉၉၇ ဇွန်လ တွင် အမေရိကန်အိမ် ၂၂ ရာခိုင်နှုန်း၌သာ အင်တာနက်ရှိသေး၏။ အိုင်စီ ကျူကား အသုံးပြုသူတစ်သန်းကျော်ရှိနေပြီ။ ခြောက်လအတွင်းတွင် အသုံး ပြုသူပေါင်း ၅ သန်းအထိ ခုန်တက်လာ၏။ ဆယ်လရောက်သောအခါ သန်း ၂၀ ဖြစ်လာ၏။ ၁၉၉၉ နှစ်ကုန်တွင် အိုင်စီကျူသည် မှတ်ပုံတင်ထား သူ သန်း ၅၀ အထိ ရှိခဲ့၏။ ဤသို့ဖြင့် အကြီးဆုံးအွန်လိုင်းဝန်ဆောင်မှု ဖြစ်လာသည်။ အိုင်စီကျူသည် 'စီနက်ဒေ့ါကွန်း'သမိုင်းတွင် ဒေါင်းလုပ် အလုပ်ဆုံး စံချိန်တင်ခဲ့သည်။ ဒေါင်းလုတ်ပေါင်း သန်း ၂၃၀ အထိရှိလာ၍ ဖြစ်၏။

၁၉၉၈ နှစ်လယ်တွင် အိုင်စီကျူသည် အသုံးပြုသူ ၁၂ သန်းရှိ၏။ ၎င်းကို အေအိုအယ်လ်က အမြင့်ဆုံးငွေကြေးဖြစ်သော ဒေါ်လာ ၄၀၇ သန်းဖြင့် ဝယ်ခဲ့၏။

အိုင်စီကျူရောင်းရမှုသည် အစွရေးနိုင်ငံတွင် သမိုင်းဝင်ခဲ့၏။ ဤသို့ ဖြင့် အစွရေးလူမျိုးများစွာ ပို၍ပင် စွန့်စားတီထွင်လုပ်ငန်းရှင်များ ဖြစ်လာ ကြ၏။ တည်ထောင်သူများသည် လူငယ်ဟာစ်ပီအုပ်စုများ ဖြစ်ကြ၏။ "ဒီလို

လူတွေတောင် လုပ်နိုင်သေးတာ၊ ငါက ပိုပြီးတော့တောင် လုပ်ပြနိုင်သေးတယ်'' ဟူသောစိတ်မျိုး ပိုပုံနှံ့လာကာ သူ့ထက်ငါ ကောင်းအောင် တီထွင် လုပ်ကိုင်လာကြ၏။ ဤသို့ဖြင့် ရောင်းအားသည် အမျိုးသားဂုဏ်ဆောင် ဖြစ်လာသည်။ ကမ္ဘာ့နည်းပညာအိုလံပစ်တွင် ရွှေတံဆိပ်ရသည့်ပမာ ဖြစ်၏။ ပြည်တွင်း သတင်းစာတစ်ခုမှ အဆိုအရပြောရလျှင် 'အစ္စရေးသည် အင်တာနက်စူပါပါဝါ' ဖြစ်လာပြီဟု ဆိုရပေမည်။

'ဗာဒီ'သည် အင်တာနက် အစပျိုးလုပ်ဆောင်မှုများစွာတွင် ရင်းနှီးမြှုပ်နှံခဲ့၏။ အဘယ်ကြောင့်ဆိုသော် သူက ယုံကြည်မှုရှိ၍ ဖြစ်၏။ ပုဂ္ဂလိကမြှုပ်နှံမှုရော အမျိုးသားရေးဆိုင်ရာ ရည်ရွယ်ချက်နှင့် ရင်းနှီးမြှုပ်နှံမှုရောကို 'အကျိုးအမြတ်ရှိသော မျိုးချစ်စိတ်'ဟုပင် ခေါ်ဝေါ်သုံးစွဲကြ၏။

စီးပွားရေးဂုရုကြီး 'ဂျိမ်းစ်ကောလင်းစ်'၏ အရောင်းရ အကောင်းဆုံးစာအုပ် 'နောက်ဆုံးထိ တည်ဆောက်ကြ' စာအုပ်ထဲတွင် စီးပွားရေးအောင်မြင်မှုအားလုံးတွင် ဘုံတူညီချက်တစ်ခုရှိကြောင်း ရေးခဲ့၏။

''လူတို့သည် ကုမ္ပဏီအလုပ်နှင့် ဆက်သွယ်ရာ၌ ငွေကြေး ရယူလိုမှုထက် ပိုလွန်၍ သဘောထားရှိမှုသည် ပိုအရေးကြီး၏'' ဟု ရေးသားကာ ဘုံရည်ရွယ်ချက်ရှိသော ဥပမာ ၁၅ ခုကို တင်ပြခဲ့၏။ ထိုကုမ္ပဏီများထဲတွင် 'ဝေါလ်မတ်' 'မက်ကင်းဆေး' 'ဒစ်စနေ'နှင့် 'ဆိုနီ'တို့ ပါဝင်ကြသည်။

အစ္စရေးကား တစ်မူထူးခြား၏။ ကောလင်းစ်က အစ္စရေး၏ ဘုံရည်ရွယ်ချက်သည် 'ဂျူးပြည်သူတို့အတွက် ကမ္ဘာမြေပေါ်တွင် ခိုင်မာသော တစ်နေရာရရှိရန်' ဟူသော ဘုံရည်ရွယ်ချက်ဖြင့် ကုမ္ပဏီအလုပ်များကို လုပ်ကိုင်နေကြ၍ တိုးတက်ထွန်းကားနေခြင်းဖြစ်သည် ဟုဆို၏။

ထို့ကြောင့်ပင် အစ္စရေးလူမျိုးတို့ကို 'အကျိုးအမြတ်ရှိသော မျိုးချစ်များ' ဟုခေါ်ဝေါ်ကြခြင်း ဖြစ်၏။

'ပင်လယ်ကွေ့ ကော်ပိုရေးရှင်းကောင်စီ' (ဂျီစီစီ)တွင် ယူအေအီး၊ ဆော်ဒီအာရေဗျ၊ ဘားရိန်း၊ ကူဝိတ်၊ ကာတာနှင့် အိုမန်နိုင်ငံများ ပါဝင်ကြသည်။ သူတို့နိုင်ငံများတွင် စီးပွားရေးလာလုပ်ကြသူများသည် အမြတ်ရလိုမှုကို အဓိက ထားကြ၏။ သို့သော် သူတို့က ဒေသကိုတော့ အကျိုးပြုရေးကိုတော့ အဓိကမထားကြ။ စီးပွားရေးကပ်ဆိုက်လာသော ၂၀၀၈ နောက်ပိုင်းတွင် သူတို့သည် ဒူဘိုင်းကို စွန့်ပြေးတတ်ကြတာ များ၏။

အာရပ်ကမ္ဘာမှ စီးပွားရေးနှင့် အစိုးရခေါင်းဆောင် အတော်များများသည် စွန့်စားတီထွင်စီးပွားရေးများ လုပ်ဆောင်ရာတွင် အစွရေးကို မသိမသာ လေ့လာအတုယူကြ၏။

"နောက်ထပ် ၁၀ နှစ်မှာ ကျွန်တော်တို့ အလုပ် သန်း ၈၀ ကို ဘယ်လို ရှာမလဲ"

'ရီယတ်အောလ်အာလာဝီ'က မေးဖူး၏။ အာလာဝီသည် ဂျော်ဒန်လူမျိုး အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်၏။ သူသည် ဒေသတွင်းတွင် စီးပွားရေးလုပ်ငန်းများစွာကို ဖြန့်ကျက်လုပ်ကိုင်ထားသူ ဖြစ်၏။ အာရပ်နိုင်ငံအများစုတွင် ယခုတလော ကြားနေကြရမြဲဖြစ်သောအသံမှာ ထိုသန်း ၈၀ ဆိုသောအသံပင် ဖြစ်၏။

အာရပ်၏ မြောက်အာဖရိကစီးပွားရေး (အီဂျစ်၊ အယ်ဂျီးရီးယား၊ မော်ရိုကို၊ တူနီးရှား) နှင့် အရှေ့အလယ်ပိုင်းစီးပွားရေး (လက်ဘနွန်၊ ဆီးရီးယား၊ ပါလက်စတိုင်း၊ အီရတ်၊ ဂျော်ဒန်) နှင့် ပါရှင်းပင်လယ်ကွေ့စီးပွားရေး (ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ကာတာ၊ ဘာရိန်း၊ ကူဝိတ်နှင့် အိုမန်)တို့တွင် လူဦးရေ ၂၂၅ သန်းရှိ၏။ ကမ္ဘာ့လူဦးရေ၏ ၃ ရာခိုင်နှုန်းရှိ၏။ အာရပ်စီးပွားရေး၏ စုစုပေါင်းဂျီဒီပီသည် ၂၀၀၇ ခုနှစ်တွင် ဒေါ်လာ ၁.၃ ထရီလျံ ဖြစ်၏။ တရုတ်စီးပွားရေး၏ ငါးပုံနှစ်ပုံမျှ ရှိ၏။ သို့သော် ချမ်းသာမှုဖြန့်ကျက်နှုန်းမှာမူ အတော်ကွဲပြားခြားနား၏။

ရေနံချမ်းသာသော နိုင်ငံများဖြစ်သော ကာတာနိုင်ငံများတွင် လူဦးရေ တစ်သန်းသာ ရှိပြီး လူတစ်ဦးချင်း ဂျီဒီပီက ဒေါ်လာ ၇၃,၁၀၀ ရှိ၏။ လူဦးရေ ၇၇ သန်းရှိပြီး ရေနံထွက်နှုန်းနည်းသော အီဂျစ်တွင် လူတစ်ဦးချင်း ဂျီဒီပီမှာ ဒေါ်လာ ၁၇၀၀ သာရှိ၏။ နိုင်ငံအရွယ်အစား၊ လူဦးရေ၊ သဘာဝသယံဇာတတို့ပေါ် မူတည်ပြီး တိုးတက်မှုမှာလည်း ကွဲပြားခြားနား၏။

အာရပ်မူစလင်ကမ္ဘာ၏ လူဦးရေသည်လည်း စီးပွားရေးစိန်ခေါ်မှုပေါ် မူတည်နေ၏။ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် အသက် ၂၅ နှစ်အောက်များ ဖြစ်ကြ၏။ ဤသည်မှာ ခရစ်နှစ် ၂၀၂၀ တွင် အလုပ်အကိုင်သစ် သန်း ၈၀ ကို ဖော်ထုတ်ပေးရမည့်ကိန်း ဆိုက်နေ၏။ ဤရည်မှန်းချက်ကို ပြည့်မီရန် အမေရိကန် အလုပ်အကိုင်ထက် နှစ်ဆရှာပေးမှ ဖြစ်မည်။

"ပြည်သူပိုင်ကဏ္ဍက ဒီအလုပ်တွေကို ဖန်တီးပေးနိုင်မှာ မဟုတ်ဘူး၊ ကုမ္ပဏီကြီးတွေမှာလည်း ဒါလောက်အလုပ်တွေ မပေးနိုင်ဘူး၊ ဒေသတွင်းရဲ့ တည်ငြိမ်မှုနဲ့ အနာဂတ်က ကျွန်တော်တို့လူငယ်တွေကို ဘယ်လို အပြင်ထွက်ပြီး ကုမ္ပဏီတွေ တည်ထောင်ဖန်တီးဖို့ ကျွန်တော်တို့ရဲ့ သင်ကြားပေးမှုပေါ် မူတည်နေတယ်" ဟု ဂျော်ဒန်စီးပွားရေးလုပ်ငန်းရှင် 'ဖာဒီဂန်ဒေါ'က ပြော၏။

သို့သော် စွန့်စားတီထွင်စီးပွားရေးလုပ်ငန်းသည် အာရပ်စီးပွားရေးကမ္ဘာတွင် အားနည်းနေသေးသည်။ စီးပွားရေးက တိုးတက်လာသော်လည်း ယူအေအီးတွင် လူကြီးလူဦးရေ၏ ၄ ရာခိုင်နှုန်းသည် လုပ်ငန်းသေးသေးလေးများတွင် အလုပ်လုပ်နေကြဆဲ ဖြစ်၏။ အာရပ်နိုင်ငံများတွင် လုပ်ငန်းသစ်များ ဘာကြောင့် မပေါ်ထွန်းကြပါသလဲ။

အဖြေမှာ ရေနံ၊ နိုင်ငံရေးလွတ်လပ်မှု အကန့်အသတ်ရှိခြင်း၊ အမျိုးသမီးများ၏ အဆင့်အတန်းနှင့် ပညာရေးအရည်အသွေးများကြောင့်သာ ဖြစ်ပါသည်။

ဒေသတွင်း စီးပွားရေးလှုပ်ရှားမှုများ၏ အဓိကမောင်းနှင်အားမှာ ဟိုက်ဒြိုကာဗွန်ထုတ်လုပ်ခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်း ဖြစ်သည်။ ရေနံမှ အပ အာရပ်ကမ္ဘာတစ်ခုလုံး လူဦးရေ သန်း ၂၅၀ ၏ ထုတ်ကုန်ဂျီဒီပီမှာ ဖင်လန်ကဲ့သို့သော လူဦးရေ ၅ သန်းရှိသော နိုင်ငံထက်ပင် လျော့နည်း၏။ ရေနံအပြင် အခြားအခြေစိုက် 'ဘိုရာစကွန်ဆက်သွယ်ရေး'နှင့် ဂျော်ဒန်အခြေစိုက် 'အာရာမက်စ်' ကုမ္ပဏီများ ဖြစ်ကြ၏။ မိသားစုပိုင် အဝတ်အထည်နှင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း ရှိ၏။ သို့သော် ရေနံလုပ်ငန်းမှာ ဒေသ၏ အကြီးဆုံး ဂျီဒီပီရှာဖွေပေးမှု အရင်းအမြစ်ပင် ဖြစ်၏။ ဤဒေသတွင်းမှ ကမ္ဘာ့ရေနံ၏ သုံးပုံတစ်ပုံနှင့် ကမ္ဘာ့သဘာဝဓာတ်ငွေ့၏ ၁၅ ရာခိုင်နှုန်း ထွက်၏။

ရေနံကိုကား တစ်ကမ္ဘာလုံးမှ လိုအပ်သုံးစွဲမှု များသည်ထက် များလာ၏။ တရုတ်နှင့် အိန္ဒိယဆိုလျှင် ရေနံကို အထူးလိုအပ်၏။ ၁၉၉၈ မှစ၍ အိန္ဒိယနှင့် တရုတ် နှစ်နိုင်ငံပေါင်း ရေနံလိုအပ်မှုမှာ အထူးများပြားခဲ့၏။ ထို့ကြောင့် ရေနံဈေး မည်မျှတက်သည်ဖြစ်စေ၊ ဝယ်လိုအားကမလျော့။

ရေနံကြွယ်ဝမှုသည် နိုင်ငံရေးနှင့် စီးပွားရေးကို တစ်မျိုးတစ်ဖုံပြောင်းလဲစေသည်။ ချမ်းသာသော အစိုးရတို့က ပြည်သူတို့ထံမှ အခွန်အကောက် မကောက်ကြ။ ထို့ကြောင့် ပြည်သူတို့၏ တောင်းဆိုမှုများကို ဖြည့်ဆည်းဖို့လည်း တာဝန်မရှိသလို ဖြစ်နေကြ၏။ ပြည်သူတို့တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မှအစ အခွင့်အရေးများ ဆုံးရှုံးနေကြသည်။ ဗြိတိသျှ သတင်းစာဆရာ 'ခရစ်ဒေဗစ်ဆင်'က 'ဒူဘိုင်း' ဟူသော စာအုပ်ထဲတွင် ဤအချက်များကို 'ရှိတ်၏အကြပ်ရိုက်ခြင်း' ဟု အမည်ပေးခဲ့၏။

လက်ဘနွန်နှင့် အီရတ်တို့မှလွဲ၍ အခြားအာရပ်အဖွဲ့ချုပ် ၂၂ နိုင်ငံတွင် စစ်မှန်လွတ်လပ်သော ရွေးကောက်ပွဲများ မရှိခဲ့။ ပါရှင်းပင်လယ်ကွေ့အာရပ်အစိုးရများသည် ရေနံကြွယ်ဝမှုကို မှုတည်ကာ သူတို့စီးပွားရေး၏ အပေါ်ထပ်အဆောက်အဦများကို ခေတ်မီအောင် လုပ်ကြသော်လည်း နိုင်ငံရေးကိစ္စကိုမူ မတို့မထိကြ။ ယခင်က ရေနံမှရသော ငွေကြေးများကို အနောက်တိုင်းသွင်းကုန်များ ဝယ်ပြီး ဖြုန်းတီးခဲ့ကြ၏။ ပြည်ပတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စစ်လက်နက် ဝယ်ယူမှုများတွင် ဖုံးပေါလအောင သုံးစွဲပစ်ကြ၏။

ဒူဘိုင်းနှင့် အခြားပင်လယ်ကွေ့ အာရပ်နိုင်ငံများသည် ဒေသတွင်းမှရလာသော ရေနံဝင်ငွေများကို မြေယာဖွံ့ဖြိုးမှုများတွင် အမြောက်အမြား သုံးစွဲပစ်ကြ၏။ ၂၀၀၀ မှ ၂၀၁၀ အတွင်း ၁၉.၅၅ သန်း စတုရန်းမိုင်ကို မြေယာများဖော်ထုတ်ကာ ရုံးအဆောက်အဦသစ်များ၊ ဈေးဆိုင်ကြီးများ၊ ဟိုတယ်များ၊ စက်ရုံများ၊ အိမ်ယာများ လုပ်ပစ်ကြ၏။ ဆော်ဒီအာရေဗျနှင့် ယူအေအီးတွင် နှစ်စဉ် မြေယာဖော်ထုတ်မှု ၂၀ ရာခိုင်နှုန်း တိုးခဲ့၏။

သို့သော် ပါရှင်းပင်လယ်ကွေ့မြေယာတန်ဖိုးများမှာ ၂၀၀၉ အစပိုင်းတွင် ၃၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့၏။ အိမ်ပိုင်ရှင်များမှာ သူတို့အိမ်များကို စွန့်ပစ်ကာ နိုင်ငံမှ ထွက်ခွာသွားကြ၏။ ကြွေးမဆပ်နိုင်လျှင် ထောင်ကျခံရမည့်ဘေးမှ ထွက်ပြေးကြခြင်းဖြစ်၏။ ဆောက်လုပ်ရေးလုပ်ငန်း အကြီးအကျယ် လုပ်ဆောင်မှုများမှာလည်း ရပ်တန့်သွား၏။

တကယ်တော့ ရေနံရော၊ မြေယာပါ စွန့်စားတီထွင်လုပ်ငန်းများအဖြစ် မထွန်းကားနိုင်ပါ။ အသစ်တီထွင် စီးပွားရေးလုပ်ငန်းများ မဟုတ်၍ ရေရှည်မအောင်မြင်နိုင်ပါ။

၁၉၃၉ တွင် စတင်းဖို့ဒ်တက္ကသိုလ်ဘွဲ့ရနှစ်ဦးဖြစ်ကြသော 'ဝီလျံ ဟျူးလက်'နှင့် 'ဒေးဗစ်ပက်ကတ်'တို့သည် သူတို့ရှိစုမဲ့စုငွေကြေး ၅၃၈ ဒေါ်လာကို စုဆောင်းကာ 'ဟျူးလက်ပက်ကတ်'လုပ်ငန်းကို ထူထောင်ခဲ့ကြ၏။ သူတို့၏ဆရာမှာ ယခင်က စတင်းဖို့ဒ်တက္ကသိုလ် ပါမောက္ခဟောင်း တစ်ဦးဖြစ်သည်။ သူတို့သည် 'ပါလိုအောလ်တိုမြို့'အနီးရှိ ကားဂိုဒေါင်ဟောင်းတစ်ခုတွင် အလုပ်စ,ဖွင့်ကြ၏။ ဤသည်မှာ ယနေ့ နာမည်ကျော် 'ဆီလီကွန်တောင်ကြား'၏ အဦးအစပင် ဖြစ်၏။

သို့သော် အာရပ်ကမ္ဘာတွင်မူ ယဉ်ကျေးမှုနှင့် လူမှုရေးသိပ္ပံများသည် မဖွံ့ဖြိုး။ ကုလသမဂ္ဂ အာရပ်လူသားဖွံ့ဖြိုးမှု အစီရင်ခံစာတွင် ၂၀၀၂ မှ ၂၀၀၅ အတွင်း အာရပ်နိုင်ငံအားလုံး၏ အာရဗီဘာသာသို့ ပြန်ဆိုသော စာအုပ်အရေအတွက်မှာ ဂရိနိုင်ငံတွင် ဂရိဘာသာသို့ ပြန်ဆိုသောစာအုပ်၏ ငါးပုံတစ်ပုံသာရှိကြောင်း တွေ့ရ၏။ ကုန်ပစ္စည်းသစ် မှတ်ပုံတင်မှုတွင်လည်း ၁၉၈၀ မှ ၂၀၀၀ အတွင်း ဆော်ဒီအာရေဗျမှ ၁၇၁၊ အီဂျစ်မှ ၇၇၊ ကူဝိတ်မှ ၅၂၊ ယူအေအီးမှ ၃၂၊ ဆီးရီးယားမှ ၂၀၊ ဂျော်ဒန်မှ ၁၅ ရှိရာ အစ္စရေးတစ်နိုင်ငံတည်း ၇,၆၅၂ လုပ်ခဲ့သည်နှင့် ယှဉ်ကြည့်ပါလေ။ အာရပ်ကမ္ဘာတွင် စာမတတ်သူနှုန်း အမြင့်ဆုံးရှိသည်။ သုတေသနသိပ္ပံပညာရှင်လည်း အထွက်နည်း၏။ သုတေသနစာတမ်းပြုစုမှုလည်း အနိမ့်ဆုံးဖြစ်၏။ အာရပ်ကမ္ဘာတစ်ခုလုံးတွင် တက္ကသိုလ် ၂၀၀ မျှရှိရာ တရုတ်တစ်ပြည်တည်းတွင် တက္ကသိုလ် ၅၀၀ ရှိသည်နှင့် နှိုင်းယှဉ်နိုင်သည်။

ဆော်ဒီအာရေဗျတွင် 'ဘုရင်အဗ္ဗဒူလာ သိပ္ပံနှင့်နည်းပညာတက္ကသိုလ်'ကို ဖွင့်ကာ ဝန်ထမ်းနှင့် ကျောင်းသား ၂၀၀၀၀ ကျော် သင်ကြားသင်ယူနေကြ၏။ ၎င်းသည် အမျိုးသားနှင့် အမျိုးသမီး ပူးတွဲသင်ယူခွင့်ရသော ပထမဆုံး တက္ကသိုလ်ဖြစ်၏။ ကာတာနှင့် ယူအေအီးတို့ကလည်း အနောက်တိုင်းတက္ကသိုလ်များနှင့် တွဲဖက်လျက် တက္ကသိုလ်များ ဖွင့်နေကြသည်။ ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝှန်းမှ ဆန်းသစ်တီထွင် သုတေသီများကို ဆွဲဆောင်နိုင်လျှင် တီထွင်ဆန်းသစ်မှုပညာများ ရနိုင်မည်ဟု ယုံကြည်ကြ၍ ဖြစ်၏။

သို့သော် ထိုတက္ကသိုလ်သိပ္ပံများသည် တိုးတက်သင့်သလောက်

မတိုးတက်။ နိုင်ငံခြားပညာရှင်များ ကြာရှည်အခြေစိုက်နိုင်အောင် ဆွဲဆောင်နိုင်စွမ်းမရှိ။ အာရပ်ကမ္ဘာတွင် နိုင်ငံခြားသားပညာရှင်များ ရေရှည်လုပ်ကိုင်နိုင်မှုကို မရကြ။

''ဒီတက္ကသိုလ်တွေက နိုင်ငံ ဂုဏ်သိက္ခာကြီးအောင်ပဲ လုပ်ပေးလို့ရမယ်၊ တီထွင်ဆန်းသစ်မှုတွေ ရအောင်တော့ လုပ်မပေးနိုင်ဘူး' ဟု 'ခရစ်ဒေဗစ်ဆင်'က ပြောသည်။

အစ္စရေးမှာတော့ တစ်မျိုး။ သူ့နိုင်ငံ လွတ်လပ်ရေးမရမီကပင် ထိပ်တန်းတက္ကသိုလ်တွေက တည်ထောင်ပြီးသား။ ၁၉၁၈ ခုနှစ် ဇူလိုင် ၂၄ ရက်က 'ဂျေရုစလင် ဟီးဘရူးတက္ကသိုလ်' ဖွင့်ပွဲတွင် ကမ္ဘာကျော် ဓာတုဗေဒပညာရှင် 'ချိမ်းဝိုက်ဇ်မင်း'က 'လူဦးရေလည်း သိပ်နည်းတဲ့၊ အရာရာလုပ်စရာတွေလည်း ကျန်နေသေးတဲ့၊ ထွန်စက်တို့၊ လမ်းတို့၊ ဆိပ်ကမ်းတို့လို အခြေခံလိုအပ်ချက်တွေတောင် မရှိသေးတဲ့ ဒီနယ်မြေမှာ ကျွန်တော်တို့စိတ်ပိုင်းဆိုင်ရာနဲ့ ပညာပိုင်းဆိုင်ရာတွေ တိုးတက်အောင် စတင်ဖန်တီးသင့်တယ်' ဟု ပြောကြားခဲ့၏။

ဟီးဘရူးတက္ကသိုလ်၏ ဦးဆောင်ဘုတ်အဖွဲ့တွင် ဝိုက်ဇ်မင်း၊ အစ္စရေး၏ ပထမသမ္မတ၊ အယ်လ်ဘတ်အိုင်းစတိုင်း၊ ဆစ်ဂမန်ဖရိုက်နှင့် မာတင်ဘူဘာတို့ ပါဝင်ကြ၏။ 'တက်ခ်နီယွန်'ကို ၁၉၂၅ တွင် တည်ထောင်၏။ 'ဝိုက်ဇ်မင်း သိပ္ပံတက္ကသိုလ်'ကို ၁၉၃၄၊ တဲလ်အဗစ်တက္ကသိုလ်ကို ၁၉၅၆ တို့တွင် တည်ထောင်ခဲ့ကြ၏။ ၎င်းသည် ယခုအခါ အစ္စရေး၏ အကြီးဆုံးတက္ကသိုလ်ဖြစ်နေပြီ။ အစ္စရေးလူဦးရေ နှစ်သန်းသာ ရှိနေစဉ်ကာလတွင် ကမ္ဘာ့အဆင့်မီ တက္ကသိုလ်က လေးခုရှိနေပြီ။ အခြားတက္ကသိုလ်ကြီးများဖြစ်ကြသော 'ဘာအီလန်တက္ကသိုလ်' 'ဟိုင်ဖာတက္ကသိုလ်' 'ဘင်ဂူရီယန်တက္ကသိုလ်'တို့ကို ၁၉၅၅၊ ၁၉၆၃ နှင့် ၁၉၆၉ တို့တွင် အသီးသီး တည်ထောင်နိုင်ခဲ့၏။

ယနေ့အခါ အစ္စရေးတွင် တက္ကသိုလ်ရှစ်ခု၊ ကောလိပ် ၂၇ ခု ပေါ်ထွန်းနေပြီ။ ထိုအထဲတွင် တက္ကသိုလ် လေးခုမှာ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် ၁၅၀ ထဲတွင် အပါအဝင် ဖြစ်၏။ ၇ ခုမှာ အာရှပစိဖိတ်တက္ကသိုလ်ထိပ်တန်း ၁၀၀ တွင် ပါဝင်၏။ ထိုတက္ကသိုလ်အားလုံးသည် နိုင်ငံခြားနှင့် ဖက်စပ်တက္ကသိုလ်များ မဟုတ်ကြ။

အစ္စရေးသုတေသနသိပ္ပံများကလည်း ကမ္ဘာ့တွင် ထိပ်တန်းအဆင့် ရပ်တည်နေကြ၏။

၁၉၅၉ တွင် 'ဝိုက်ဇ်မင်းတက္ကသိုလ်'သည် 'ယီဒါ' (ဟီဘရူးဘာသာအားဖြင့် 'အသိပညာ')ကို တည်ထောင်ကာ ၎င်း၏သုတေသနကို ဈေးကွက်ရှာ၏။ 'ယီဒါ'သည် ယခုအခါ အောင်မြင်သော ဆေးသိပ္ပံ အတတ်ပညာပစ္စည်း ထောင်ပေါင်းများစွာကို ထုတ်လုပ်နိုင်ခဲ့ပြီ။ ၂၀၀၁ မှ ၂၀၀၄ အတွင်း တက္ကသိုလ်က အမေရိကန်ဒေါ်လာသန်း ၂၀၀ ဖိုး အမြတ်အစွန်းရခဲ့၏။ ၂၀၀၆ တွင် ယီဒါသည် ကမ္ဘာ့သိပ္ပံတက္ကသိုလ်များ ထဲတွင် အကျိုးအမြတ်မှုရရှိသော ရာခိုင်နှုန်းအများဆုံးရသော တက္ကသိုလ် အဆင့်သို့ ရောက်ခဲ့၏။

'ယီဒါ'တီထွင်ပြီး နှစ်များစွာအကြာတွင် 'ဟီးဘရူးတက္ကသိုလ်'က 'ယီဆွန်' (ဟီးဘရူးဘာသာအားဖြင့် 'ဖြည့်ဆည်းမှု') ခေါ် သူ၏ကိုယ်ပိုင် နည်းပညာ လွှဲပြောင်းကုမ္ပဏီကို တီထွင်လိုက်၏။ 'ယီဆွန်'သည် အရောင်း စာရင်းတွင် နှစ်စဉ် ဒေါ်လာ တစ်ဘီလျံမျှ ရခဲ့၏။ သုတေသနကို ဂျွန်ဆင် နှင့် ဂျွန်ဆင်၊ အိုင် ဘီအမ်၊ အင်တဲယ်လ်၊ နက်စလေ၊ လူဆင့်တက်(ခ) နိုလိုဂျီနှင့် အခြားကုမ္ပဏီများစွာတွင် ရောင်းချခဲ့၏။ ခြုံ၍ပြောရလျှင် လော လောဆယ်တွင် ယီဆွန်သည် အဆင့် ၁၂ တွင် ရှိသည်။ ၎င်း၏ရှေ့တွင် အမေရိကန်တက္ကသိုလ်ဆယ်ခုနှင့် ဗြိတိသျှတက္ကသိုလ်တစ်ခုတို့ ရှိ၏။ (တဲလ် အဗစ်တက္ကသိုလ်က အဆင့် ၂၁ တွင် ရှိ၏။)

အစ္စရေးသည် နိုင်ငံခြားသား တိုင်းတစ်ပါးသားများ လာရောက်နေ ထိုင်သောနိုင်ငံ ဖြစ်၏။ ထိုနိုင်ငံခြားသားများထဲမှ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များကြောင့် နိုင်ငံ၏စီးပွားရေးသည် ပိုမိုတိုးတက်လာ ၏။ တိုင်းတစ်ပါးမှ လာရောက်နေထိုင်သူများထဲတွင် အင်ဂျင်နီယာနှင့် သိပ္ပံပညာရှင်များလည်း အများအပြား ပါဝင်ကြသည်။ ထို့ကြောင့် အစ္စရေး နိုင်ငံသည် လူ ၁၀,၀၀၀ လျှင် သိပ္ပံစာတန်း ၁၀၉ နှုန်း ထွက်နေသောနိုင်ငံ ဖြစ်လာ၏။ ဂျူးလူမျိုး လူသစ်များနှင့် ဂျူးလူမျိုးမဟုတ်သော သူတို့မိသားစု များကို အဆင်သင့်နိုင်ငံသားဖြစ်ခွင့်ပေး၊ နေထိုင်ခွင့်ပေး၊ အကျိုးခံစားခွင့်များ ပေးခဲ့၏။ သို့ဖြင့် အစ္စရေးသည် စွန့်စားတီထွင် စီးပွားရေးလုပ်ငန်းရှင် ပေါများသော နိုင်ငံကြီးတစ်ခု ဖြစ်လာ၏။

ပါရှင်းပင်လယ်ကွေ့တွင်မူ အစိုးရက နေထိုင်ခွင့်ဗီဇာ သုံးနှစ်အထိသာ ပေး၏။ ထိုထက် ပို၍မပေး။ မူစလင်နှင့် အာရပ်များကိုပင် နေထိုင်ခွင့် မပေး။ ထိုနိုင်ငံများတွင် နိုင်ငံသားဖြစ်ခွင့် သိပ်မလွယ်။

အာရပ်ကမ္ဘာတွင် မူလတန်းနှင့် အလယ်တန်းကျောင်းများနှင့် အချို့တက္ကသိုလ်များအထိ အလွတ်ကျက်မှုများကိုသာ ဦးစားပေးနေကြ၏။ အီဂျစ်ပညာရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် 'ဟာဆန်ဘီလာဝေး'၏ အဆိုအရ သူတို့၏ ပညာရေးစနစ်သည် ပုံသေကားကျဖြစ်တာ များ၏။ တီထွင်စမ်းသပ်မှုပိုင်းကို သိပ်အရေးမပေး။ 'အပိုလို'ပုံစံထက် 'ကိုလံဘီယာ' ပုံစံသုံးတာ ပိုများ၏။ ပညာရေးတွင် အဆောက်အဦတို့၊ ကွန်ပျူတာတို့ကို ပိုအလေးထားပြီး သင်ကြားရေးတွင်မူ အားလျော့၏။ ထို့ကြောင့် နိုင်ငံတကာသင်္ချာနှင့် သိပ္ပံလေ့လာမှုလမ်းကြောင်းတွင် ဆော်ဒီကျောင်းသူကျောင်းသားများသည် ၄၅ တွင် ၄၃ အဆင့်ရှိ၏။ (ဆော်ဒီအာရေဗျသည် ဘော့စဝါနာထက်ပင် လျော့နည်း၏။ ဘော့စဝါနာက အဆင့် ၄၂ ဖြစ်၏။)

အာရပ်ကမ္ဘာတွင် အစိုးရကျောင်းများစွာ၌ လိင်ခွဲခြားမှုကျင့်သုံးကြ၏။ ယောကျ်ားလေးများကို အမျိုးသားဆရာက သင်ပြီး မိန်းကလေးများကို အမျိုးသမီးဆရာမများက သင်၏။ ယောကျ်ားလေးများကို သင်သော အမျိုးသားဆရာက လုပ်ချင်သူ နည်း၏။ ထို့ကြောင့် ယောကျ်ားလေးကျောင်းများတွင် အမျိုးသားဆရာ အဆင့်နိမ့်နိမ့်များသာ လုပ်ကြတာ များ၏။

ဟားဗတ်တက္ကသိုလ်မှ 'ဒေးဗစ်လန်ဒိစ်'သည် 'နိုင်ငံများ၏ ခေနနှင့်ဆင်းရဲမှု' စာအုပ်ကို ရေးသူဖြစ်၏။ သူက စီးပွားရေး တိုးတက်မှုစွမ်းအင်သည် အမျိုးသမီးများ၏ ဥပဒေအခွင့်အရေးနှင့် အဆင့်အတန်းပေါ် မူတည်သည်ဟု ဆို၏။

❖

# အခန်း (တစ်ဆယ့်လေး)
# စီးပွားရေး အံ့ဩမှုကို ခြိမ်းခြောက်မှုများ

စက်ကို ရှေ့ဆက်မောင်းနှင်ဖို့ရာ ဆလင်ဒါသုံးတာမျိုးတွေ အခုနည်းသထက် နည်းလာနေပြီ။

***ဒန်ဆင်ဒေးဗစ်***

အစ္စရေးစီးပွားရေးသည် ယခုအခါ မွေးကင်းစအရွယ်သာ ရှိသေး၏။ ဆန်းသစ်တီထွင် စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းလာခဲ့သည်မှာ အင်တာနက် စီးပွားရေးနှင့် တစ်ချိန်တည်း၊ လွန်ခဲ့သော ဆယ်နှစ်ကမှစ၍ ပေါ်ပေါက်လာခြင်း ဖြစ်၏။ အစ္စရေး၏ တက်ခ်နည်းပညာ ထွန်းကားလာမှုမှာ ကမ္ဘာလုံးဆိုင်ရာ သတင်းနည်းပညာနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်၏။ 'ယို့ဇ်မာ' အစီအစဉ်မှနေ၍ စွန့်စားလုပ်ကိုင်သော အစ္စရေးလုပ်ငန်းများသည် အောင်မြင်လာရသည့်နည်းတူ ယခင် ဆိုဗီယက်ယူနီယံမှ လှိမ့်ဝင်လာကြသော ပုဂ္ဂိုလ်များ၏ စွမ်းပကားကြောင့်လည်း ဖြစ်ပါသည်။ ၁၉၉၃ အော့စလို ငြိမ်းချမ်းရေးစာချုပ်အရ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ရှိသင့်သလောက် ရှိခဲ့၍ဟုလည်း ပြောနိုင်၏။ ဤသည်မှာ အောင်မြင်မှုများကို ပြောနေခြင်း ဖြစ်၏။ သို့သော် အစ္စရေး၏ ရေရှည်စီးပွားရေး အောင်မြင်မှုကို တကယ်တမ်း ခြိမ်းခြောက်နေသော အရာများလည်း ရှိနေပါသေးသည်။ ဒါတွေက ဘာတွေလဲ။

၂၀၀၀ တွင် တက်ခ်နည်းပညာတင်ပို့မှု ယိုယွင်းလာ၏။ ၂၀၀၁ တွင် အော့စလိုငြိမ်းချမ်းရေး အစီအစဉ်ပျက်၏။ အစ္စရေးမြို့များတွင် မိမိကိုယ်မိမိ ဗုံးခွဲလုပ်ကြံသူတွေ ပေါ်လာ၏။ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသည် အဝင်နည်းလာ၏။ ကမ္ဘာ့စီးပွားရေးကပ်ဆိုက်မှု၏ ဂယက်လည်း ရိုက်ခတ်လာ၏။ ၁၉၉၀ ခုနှစ်များ ကုန်ကာနီးတွင် ယခင်ဆိုဗီယက်ယူနီယံမှ အလုံးအရင်းနှင့် ဝင်လာသူ များပြားခဲ့ရာ ၄င်းတို့သည် ဂျူးလူမျိုးလူဦးရေ၏ ငါးပုံတစ်ပုံအထိ ရှိလာခြင်းသည်လည်း ခေါင်းခဲစရာ ဖြစ်လာ၏။

ဤသို့သော အကြပ်အတည်း ပြဿနာများသည် လျင်မြန်စွာနှင့် တစ်ပြိုင်နက်တည်းလိုလို ဖြစ်လာကြခြင်း ဖြစ်၏။ ယခင်နှစ်အနည်းငယ်က 'အဖြစ်'များ ကြုံသည်များမှာ ယခုကြုံရသော 'အပျက်'များကြောင့် အတော်ဦးနှောက်ခြောက်စရာ ပြဿနာများ ကြုံလာရ၏။ ၁၉၉၆ မှ ၂၀၀၀ ထိ အစ္စရေးနည်းပညာ တင်ပို့မှုမှာ နှစ်ဆတိုးခဲ့၏။ ဒေါ်လာ ၅.၅ ဘီလျံမှ ၁၃ ဘီလျံထိ တိုးလာခြင်း ဖြစ်၏။ တက်ခ်ပူပေါင်းပေါက်သောအခါ ထုတ်ကုန်မှာ ပြန်ကျဆင်းလာရာ ၂၀၀၂ နှင့် ၂၀၀၃ တွင် ဒေါ်လာ ၁၁ ဘီလျံမျှသာ ရှိလာ၏။ သို့သော် ၂၀၀၈ တွင် ၁၈.၁ ဘီလျံထိ ပြန်တက်လာပြန်သည်။ ၂၀၀၀ မှ ၂၀၀၄ အတွင်း စီးပွားရေးကျဆင်းလာခြင်းကို ပြန်လည်ကုစားလာနိုင်သည့်အပြင် ၂၀၀၈ တွင် ၄၀ ရာခိုင်နှုန်းအထိ ပြန်ဆွဲတင်နိုင်သည်မှာလည်း အစ္စရေးနိုင်ငံ၏ အံ့မခန်းစွမ်းရည်ပင် ဖြစ်သည်။

စွန့်စားရင်းနှီးမြှုပ်နှံမှုပိုင်းတွင်လည်း ထိုနည်းတူပင် ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် ကျဆင်းခဲ့ရာမှ နောင်သုံးနှစ်အကြာတွင် ၁၅ မှ ၃၀ ရာခိုင်နှုန်းထိ ပြန်တိုးလာအောင် လုပ်နိုင်ခဲ့၏။ ထိုအချိန်တွင် အစ္စရေးစီးပွားရေးသည် ဖိအားများစွာနှင့် ရင်ဆိုင်နေရချိန်ဖြစ်သော်လည်း သူတို့၏ ကြိုးစားမှုမှာ လက်ဖျားခါလောက်၏။

နိုင်ငံတကာဘဏ္ဍာရေးအခြေအနေ ယိုယွင်းမှုကြောင့် နိုင်ငံအားလုံးလိုလို၏ ဘဏ်စနစ်များ ထိခိုက်ခဲ့ရ၏။ မထိခိုက်သောနိုင်ငံဟူ၍ ကနေဒါနှင့် အစ္စရေးသာ ထူးထူးခြားခြား ကျန်ခဲ့သည်။ ၁၉၈၀ ခုနှစ်များတွင် အစ္စရေး၏ ငွေကြေးဖောင်းပွမှုနှင့် ဘဏ်အကြပ်အတည်းများ ရင်ဆိုင်ပြီးကတည်းက အစ္စရေးက သတိကြီးစွာထား၍ ရှေ့ဆက်လုပ်ဆောင်ခဲ့၏။

အစ္စရေးစီးပွားရေးလုပ်ငန်းများသည် ရှေးမူရှေးဟန် ဈေးငွေပေါ်လစီကို ဆုပ်ကိုင်ထား၏။ သို့သော် ပေါင်နှံမှုကိုကား သိပ်အားမပေး။ အကြပ်အတည်း မတိုင်မီကာလကပင် ဘဏ္ဍာရေးပြတ်လပ်လာသောအခါ အစ္စရေး၏စီးပွားရေး လုပ်ငန်းငယ်ကလေးများက လူတော်တော်များများကို နည်းပညာကဏ္ဍသို့ တွန်းပို့ခဲ့သည်။ ထိုနေရာတွင် အခွန်အကောက်နှင့် စည်းမျဉ်းစည်းကမ်းများက ပို၍ အဆင်ပြေကာ စွန့်စား ရင်းနှီးမြှုပ်နှံမှုလည်း ရနိုင်၍ ဖြစ်၏။

အစ္စရေးဘဏ္ဍာရေး လေ့လာဆန်းစစ်မှုပညာရှင် 'အီတန် အေဗရီယယ်'က 'အစ္စရေးဘဏ်တွေက မြင်းလှည်းနဲ့တူတယ်၊ အမေရိကန်ဘဏ်တွေကတော့ ပြိုင်ကားနဲ့ တူတယ်၊ ပြိုင်ကားက တိုက်မိခိုက်မိရင် သိပ်ကိုပျက်စီးတတ်တယ်၊ မြင်းလှည်းကတော့ နှေးကွေးပေမယ့် သူ့လမ်းအတိုင်း သူမှန်မှန် သွားနိုင်တယ်' ဟု ပြော၏။

ဤသည်မှာ အစ္စရေးအတွက် သတင်းကောင်းပင် ဖြစ်၏။ အစ္စရေးစီးပွားရေးသည် မကောင်းသောငွေချေးမှုပေါ်တွင် သိပ်အားမကိုး။ ရှုပ်ထွေးသောချေးငွေဖြင့် ထုတ်လုပ်မှုများပေါ်လည်း မူမတည်။ စွန့်စားလုပ်ကိုင်ကာ စီးပွားရေးများကို ပင်စင်ရန်ပုံငွေ၊ အချုပ်အခြာနေရန်ပုံငွေ၊ ငွေပဒေသာစိုက်ထူခြင်း စသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများက အဓိက ပံ့ပိုးပေးထား၏။

အစ္စရေးတက်ခ်ကဏ္ဍမှ အလုပ်သမားထောင်ပေါင်းများစွာတို့ အလုပ်လက်မဲ့ ဖြစ်ကြရ၏။ တက်ခ်ကုမ္ပဏီအများစုမှာ တစ်ပတ်လျှင် လေးရက်သာ အလုပ်ကို ဖွင့်နိုင်ကြတော့၏။ အဦးအစတည်ထောင်သော အစ္စရေးကုမ္ပဏီအများအပြား ပိတ်ကြရ၏။ အစ္စရေးဂျီဒီပီ၏ တစ်ဝက်ကျော်မျှသည် ဥရောပ၊ မြောက်အမေရိကနှင့် အာရှသို့ ပို့ကုန်များပေါ်တွင် မူတည်နေ၏။ ထိုစီးပွားရေးများ ကျဆင်းလာသောအခါ သို့မဟုတ် ပြိုကွဲလာသောအခါ အစ္စရေး၏ စတင်ထူထောင်ကာစ လုပ်ငန်းများတွင် ဖောက်သည် နည်းလာ၏။ အလုပ်၏သပိတ်မှောက်မှုကြောင့် အစ္စရေးသည် ဒေသတွင်းမှာလည်း ဈေးကွက်ပျောက်ခဲ့၏။ ပြည်တွင်းဈေးကွက်သည် ၎င်းတို့ကို ထေမိဖို့ရာ လုံးဝမဖြစ်နိုင်အောင် နည်းပါးလှ၏။

၂၀၀၆ နှင့် ၂၀၀၈ မှ ၂၀၀၉ အကူးအပြောင်းတွင် အစ္စရေးက အီရန်မှ ထောက်ပံ့လေ့ကျင့်ထားသော အုပ်စုနှစ်စုနှင့် တိုက်ခိုက်ရ၏။ ဤတိုက်ပွဲများကြောင့် အစ္စရေးစီးပွားရေးကို သိပ်မထိခိုက်လှ။

အစ္စရေးကုမ္ပဏီများကလည်း လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ အကြီးရော အသေးရော ရင်ဆိုင်နေရသည့်ကြားမှ သူတို့ ဖောက်သည်များကို အပျက်မခံဘဲ ဆက်လက် ကြိုးစားလုပ်ကိုင်နိုင်ကြသည်။ သို့သော် ရှေ့ဆက်ဖြစ်လာမည့် အီရန်၏ ခြိမ်းခြောက်မှုကိုကား လျှော့တွက်၍ မရတော့။

အီရန်က ဝိုင်းဝန်းတားမြစ်နေကြသည့်ကြားမှ အနုမြူဗုံး ကြိုးပမ်းလုပ်ဆောင်နေသည်။ အကယ်၍ အီရန်အစိုးရသည် နျူကလီးယားလက်နက်တပ်ဆင်မှုအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ခဲ့လျှင် ၄င်းသည် အာရပ်ကမ္ဘာအတွင်း၌ နျူကလီးယားလက်နက်ပြိုင်ပွဲတွင် မီးပွားတစ်ပွင့် ဖြစ်လာမည်မှာ သေချာ၏။

အီရန်က အစ္စရေးအပေါ် နျူကလီးယားဒုံးကျည်ဖြင့် ပစ်ခတ်မည့် ခြိမ်းခြောက်မှုများ ရှိလာ၏။ ဤသည်မှာ တကယ်တမ်းဖြစ်နိုင်မည် မဖြစ်နိုင်မည်ထား၊ ပေါ့ပေါ့လျော့လျော့နေ၍ကား မရ။

ဝန်ကြီးချုပ် 'ဘင်ဂျမင်နေတန်ယာဟူး'က "အီရန်ရဲ့ ပန်းတိုင်ပထမအဆင့်က အစ္စရေးရဲ့ ထူးချွန်တဲ့ပါရမီရှင်အများစုကို နိုင်ငံက ထွက်ခွာသွားအောင် ခြိမ်းခြောက်ရေးပဲ" ဟု ပြောခဲ့၏။

ယခုထိတော့ အီရန်၏ခြိမ်းခြောက်မှုကို လျစ်လျူရှုကာ နိုင်ငံခြားကုမ္ပဏီနှင့် ရင်းနှီးမြှုပ်နှံသူများက အစ္စရေးနိုင်ငံတွင် လျော့ပါးသွားခြင်းမရှိသေး။ သို့သော် ရေရှည်ကို စောင့်ကြည့်ရဦးမည်။

တဲလ်အဗစ်တက္ကသိုလ်မှ ဘောဂဗေဒပညာရှင် 'ဒန်ဆင်ဒေးဗစ်' ကမူ အစ္စရေးတက္ကသိုလ်များမှ ပညာရှင်များ 'ဦးနှောက်ယိုစီးမှု'ကို စိုးရိမ်သည်ဟု ပြော၏။

ယခုအခါ အစ္စရေးတက္ကသိုလ်များသည် အတတ်ပညာဆိုင်ရာတွင် နိုင်ငံတကာအဆင့်ရှိနေကြ၏။

'သိပ္ပံပညာရှင်' မဂ္ဂဇင်း၏ လေ့လာတွေ့ရှိချက်အရ ၂၀၀၈ ခုနှစ်တွင် 'ဝိုက်ဇ်မင်း' တက္ကသိုလ်နှင့် ဂျေရုစလင်ရှိ ဟီးဘရူးတက္ကသိုလ်တို့သည် အမေရိကပြင်ပတွင် ကမ္ဘာပေါ်၌ အကောင်းဆုံးတက္ကသိုလ်များ ဖြစ်သည်ဟု တင်ပြထား၏။

ဗြိတိန်မှ လန်ဒန်ဘောဂဗေဒတက္ကသိုလ်၊ အောက်စဖို့ဒ်နှင့် ကင်းဘရစ်ချ်တို့သည် နံပါတ်နှစ်အဆင့်ရှိ၏။ အစ္စရေးကမူ နံပါတ်တစ်။

"အစ္စရေးက ငါးရာခိုင်နှုန်း၊ ဆယ်ရာခိုင်နှုန်းသာတာ မဟုတ်ဘူး၊ ခုနစ်ဆကိုသာတာ၊ အစ္စရေးဘောဂဗေဒပါရဂူတွေ၊ ကွန်ပျူတာသိပ္ပံပညာရှင်တွေက သူတို့ပညာရပ်ဆိုင်ရာတွေမှာ သာကြတာ၊ ဘောဂဗေဒပညာနဲ့ နိုဗယ်ဆုရတဲ့သူ နှစ်ယောက်၊ ဓာတုဗေဒနဲ့ နိုဗယ်ဆုရသူ တစ်ယောက် နှစ်ယောက် ရှိနေပြီ" ဟု 'ဘင်ဒေးဗစ်'က ပြော၏။

ဘင်ဒေးဗစ်က အားသာချက်များကို ပြောသလို သူစိတ်ပူနေတာတွေလည်း ပြောပြ၏။

"အစ္စရေးရဲ့ ပညာရှင်ဦးဆောင်မှုက လတ်တလောနှစ်တွေမှာ နည်းနည်း အားနည်းလာတယ်၊ သက်ကြီးပိုင်းပညာရှင်တွေ အငြိမ်းစားယူသွားတဲ့အခါ၊ သိပ်ထူးချွန်တဲ့ ကြယ်ပွင့်တွေ နိုင်ငံခြားသွား ပညာသင်ပေးကြတဲ့အခါ၊ ပိုပြီး နိမ့်ကျလာလိမ့်မယ်' ဟု ပြော၏။

ကမ္ဘာပေါ်တွင် ထိပ်ဆုံးအဆင့် ဘောဂဗေဒပညာရှင် တစ်ထောင်ကျော်ရှိရာ ထိုအထဲတွင် အစ္စရေးပညာရှင် ၂၅ ဦးပါ၏။ ထိုအထဲမှ ၁၃ ဦးသည် အစ္စရေးတွင် လုံး၀အခြေစိုက် နေထိုင်ကြသူများ ဖြစ်ကြ၏။ ယခု လေ့လာမှုပြုနေချိန်တွင် အစ္စရေးတွင် အချိန်ပြည့်ကျန်ရှိသူမှာ လေးဦးသာ ကျန်တော့၏။ ပြည်ပတွင် အလုပ်လုပ်နေသူ အစ္စရေးပညာရှင် ၁၂ ဦးမှာ အစ္စရေးသို့ ပြန်မလာကြ။

အစ္စရေးပါမောက္ခ သုံးထောင်ခန့်သည် နိုင်ငံခြားတက္ကသိုလ်များတွင် တာ၀န်ထမ်းဆောင်နေကြ၏။

'ဘင်ဒေးဗစ်'သည် အစ္စရေးတွင် ကျန်ရစ်ခဲ့သူ ထိပ်တန်းဘောဂဗေဒ ပညာရှင် လေးဦးထဲမှ တစ်ဦးဖြစ်၏။ သူသည် အစ္စရေး၏ စီးပွားရေးတိုးတက်မှုအရှိန်ကို ဆက်၍ ပံ့ပိုးကူညီနေသူလည်း ဖြစ်၏။

'စီးပွားရေးက အင်ဂျင်စက်နဲ့တူတယ်၊ အင်ဂျင်ထဲမှာ ဆလင်ဒါတွေ အားလုံးရှိပြီးပြီ၊ နိုင်ငံမှာလည်း လူဦးရေတွေရှိပြီးပြီ၊ ဒါပေမယ့် ကျွန်တော်တို့က စက်ကို ရှေ့ဆက်မောင်းနှင်ဖို့ရာ ဆလင်ဒါသုံးတာက နည်းသထက်နည်းလာနေပြီ' ဟု 'ဘင်ဒေးဗစ်'က ပြော၏။

တက်ခ်ကဏ္ဍက နိုင်ငံ၏ကျန်အစိတ်အပိုင်းများကို အဓိကဘဏ္ဍာငွေ ထောက်ပံ့ပေးနေရာ ရောက်နေ၏။ ၎င်းသည် 'တန်ဆာပလာကိရိယာလည်း

မရ သို့မဟုတ် ခေတ်သစ်စီးပွားရေးတွင် လုပ်ကိုင်ရန် အခြေအနေလည်း မရှိ' ဟု သူက ပြောသည်။

အစ္စရေးလုပ်အားပမာဏ၏ တစ်ဝက်သည် စီးပွားရေးတွင် ကုန်ထုတ်လုပ်မှု၌ ရှိကြ၏။ အမေရိကတွင်မူ ၆၅ ရာခိုင်နှုန်းမျှထိပင် ရှိ၏။ အစ္စရေးဂျူးလူမျိုး အရပ်သား အသက် ၂၅ နှစ်မှ ၆၄ နှစ်အထိ အလုပ်လုပ်နေကြ၏။ အမျိုးသားဦးရေ၏ ၈၄ ရာနှုန်း၊ အမျိုးသမီးဦးရေ၏ ၇၅ ရာနှုန်းသည် အလုပ်လုပ်ကြ၏။ အာရပ်အမျိုးသမီးနှင့် အာရပ်အမျိုးသားတို့ကမူ ၇၉ ရာနှုန်းနှင့် ၇၃ ရာနှုန်းသည် အလုပ်မလုပ်ကြ။

'ဟာရီဒင်'ခေါ် အယူသည်းဂျူးတို့သည် စစ်မှုမထမ်းကြ။ သူတို့က 'ယီရှိဗော့' ခေါ် ဂျူးဘာသာရေးကျောင်းများတွင် အချိန်ပြည့်လေ့လာသင်ယူနေကြရသည်ဟု အကြောင်းပြ၏။ ဤအစီအစဉ်ကို 'ဒေးဗစ်ဘင်ဂူးရီယံ' ကပင် သဘောတူ ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်၏။ အစ္စရေးနိုင်ငံ ထူထောင်ကာစက 'ဟာရီဒင်' တို့၏ အကူအညီ အထောက်အပံ့ကို ရယူနိုင်ခဲ့၍ ဖြစ်၏။ ပထမက 'ယီရှိဗာကင်းလွတ်ခွင့်'ကို ကျောင်းသား ၄၀၀ အားသာ ပေးခဲ့သော်လည်း ယခုမူ သောင်းကျော်ထိရှိနေကာ စစ်မှုထမ်းခြင်းကို ရှောင်လွှဲနေကြသည်ကို တွေ့ရ၏။

'ဟာရီဒင်'တို့သည် စစ်တပ်အတွေ့အကြုံမရှိသဖြင့် သူတို့ကို အလုပ်မပေးသူ များ၏။ ထို့ကြောင့် သူတို့သည် အစိုးရထောက်ပံ့ကြေးဖြင့် ရှင်သန်ကြရသူ များ၏။ ဤသို့ဖြင့် နိုင်ငံ၏ လုပ်အားနှင့် စီးပွားရေးမှာ သူတို့ကြောင့် နစ်နာရ၏။

အစ္စရေးအာရပ်လူမျိုးတို့သည် စီးပွားရေးတိုးတက်နှုန်းတွင် ပါဝင်မှုရာနှုန်းနည်း၏။ ပထမအချက်မှာ သူတို့ကို တပ်မတော်တွင် ဝင်ခွင့်မပြု၍ ဖြစ်၏။ ထို့ကြောင့် သူတို့သည် ဟာရီဒင်တို့ကဲ့သို့ပင် စီးပွားရေးလုပ်ကိုင်ရာတွင် မကျွမ်းကျင်ကြ။

အစ္စရေးဂျူးတို့ကမူ စစ်ဘက်အတွေ့အကြုံလည်း ရှိ၊ စီးပွားရေးလည်း လာဘ်မြင်ကြသူများ ဖြစ်ကြသည်။ အစ္စရေးနိုင်ငံအတွင်းတွင် ဂျူးလူမျိုးနှင့် အာရပ်တို့ကြားတွင် ထိုသို့သော ကွဲပြားခြားနားမှုများ ရှိနေကြ၏။

အစ္စရေးနည်းပညာနှင့် အင်ဂျင်နီယာတက္ကသိုလ်များမှ အာရပ်ကျောင်း

သား နှစ်စဉ် ထောင်နှင့်ချီ၍ ဘွဲ့ရကြ၏။ သို့သော် သူတို့အထဲမှာ အလုပ်ရသူက နည်း၏။ သူတို့က လေ့ကျင့်မှုနှင့် ကျွမ်းကျင်မှုပိုင်းတွင် အားနည်းကြ၍ ဖြစ်၏။ ဤသို့ဖြင့် အစ္စရေးဂျူးလူမျိုးများနှင့် အစ္စရေးအာရပ်တို့ကြားမှ မယုံကြည်မှုများ ကွဲပြားခြားနားမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့၏။

အစ္စရေးအာရပ် လူမှုအဖွဲ့အစည်းအတွင်းက လုပ်ငန်းခွင်တွင် အမျိုးသမီးများအား နှိမ်ခြင်းသည်လည်း ပြဿနာတစ်ခု ဖြစ်သည်။ ယခုအခါ ရှေးရိုးအစွဲအလမ်းများ လျော့ပါးလာသော်လည်း အမျိုးသမီးများ အလုပ်မလုပ်ရေးပုံစံကား တည်နေဆဲဖြစ်၏။

"အာရပ်လူ့ဘောင်က အမျိုးသားဦးဆောင်မှုကို အခြေခံထားတဲ့ လူ့ဘောင်ပဲ၊ အမျိုးသားတွေက အဆုံးအဖြတ်ပေးပိုင်ခွင့်ရှိသူတွေပဲ၊ အမျိုးသမီးတွေကတော့ အမျိုးသားထက် နိမ့်ကျတယ်" ဟု ပြောကြ၏။

"အမျိုးသမီးများ အကြမ်းဖက်ခံရမှု ဆန့်ကျင်ရေး'အဖွဲ့မှ ညွှန်ကြားရေးမှူး 'အီဒါဆူလီမန်'ကမူ သူ့အနေဖြင့်ကား အမျိုးသားများကို လုပ်ဖော်ကိုင်ဘက်များဟုသာ သဘောထားကြောင်း ပြော၏။ အမျိုးသမီးများ အိမ်ပြင်တွင် အလုပ်လုပ်ခြင်းကို သူက ထောက်ခံ၏။

"ဒီလို အခွင့်အရေးတန်းတူပေးတဲ့အတွက် မနှစ်မြို့ကြတဲ့ အာရပ်အမျိုးသားတွေ ရှိတယ်၊ သူတို့နဲ့ တန်းတူညီတူဖြစ်မှာကို မလိုလားကြဘူး" ဟု အီဒါက ပြောသည်။

'ဟာရီဒင်'နှင့် 'အာရပ်နွယ်ဝင်'တို့သည် ၂၀၀၇ ခုနှစ်တွင် အစ္စရေးလူဦးရေ၏ ၂၉ ရာခိုင်နှုန်းရှိခဲ့ကာ ၂၀၂၈ တွင် ၃၉ ရာနှုန်းထိရှိမည်ဟု တွက်ချက်ထားကြ၏။ ဤသို့ဖြင့် လုပ်အားလျော့ကျလာမည်မှာ သေချာ၏။

လက်ရှိဝန်ကြီးချုပ် 'ဘီဘီနေတန်ယာဟူး'ကမူ အစ္စရေးကို စီးပွားရေးတွင် ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံအတွင်း ပါဝင်နိုင်ရန် ရည်မှန်းချက်ချထားသည်။ 'ရိုက်တက္ကသိုလ်'မှ ပညာရှင်အုပ်စုကလည်း ဤစီမံချက်အောင်မြင်ရန် 'အစ္စရေး ၁၅' ဟူသော လှုပ်ရှားမှုကို လုပ်ဆောင်နေကြ၏။

'ရိုက်'၏ တည်ထောင်သူ ဥက္ကဋ္ဌ 'ဂီဒီဂရင်စတိန်း'သည် ဝန်ကြီးချုပ်ဟောင်းနှင့် လက်ရှိကာကွယ်ရေးဝန်ကြီး 'အီဟွတ်ဘာရက်'၏ အကြံပေးပုဂ္ဂိုလ် ဖြစ်၏။ 'အီဟွတ်'သည် 'နေတန်ယာဟူး'၏ နိုင်ငံရေးပြိုင်ဘက်

လည်း ဖြစ်သည်။ သို့သော် 'ဂရင်စတိန်း'က 'နေတန်ယာဟူး'၏ အစ္စရေး ပန်းတိုင်ကို သဘောတူ၏။ သူက အစ္စရေးနိုင်ငံကို ခေတ်မီတိုးတက်သော နိုင်ငံအဆင့် ရောက်ရေးသာမက လူတစ်ဦးချင်း ဂျီဒီပီတွင် ထိပ်ဆုံးနိုင်ငံများကြားတွင် မြင့်မြင့်မားမားရှိရေးကိုပါ ရည်ရွယ်ထား၏။

"ဒီစိန်ခေါ်မှုက စည်းစိမ်ခံမှုအတွက် မဟုတ်ဘူး၊ လိုအပ်ချက်တစ်ရပ်ပဲ" ဟု ဂရင်းစတိန်းက ပြော၏။ အနည်းဆုံးအနေဖြင့် အစ္စရေးသည် လူတစ်ဦးချင်းဝင်ငွေ ၄ ရာခိုင်နှုန်း ဆယ်စုနှစ်အတွင်း တိုးရမည် ဖြစ်သည်။ ယခုအခါ အစ္စရေးနှင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံများ၏ လူနေမှုအဆင့် ကွက်လပ်ကြီးသည် တော်တော်ကွာဟဆဲ ဖြစ်သည် ဟုဆို၏။

"အခု ကျွန်တော်တို့ရဲ့ စီးပွားရေးကဏ္ဍက ကမ္ဘာပေါ်မှာ အကောင်းဆုံးပဲ၊ ကျွန်တော်တို့ လူဦးရေကလည်း ကျွမ်းကျင်မှုရော ပညာရေးပါ ပြည့်ဝတယ်၊ တစ်ချိန်တည်းမှာပဲ ဘ၀အရည်အသွေးနဲ့ ပြည်သူ့ဝန်ထမ်း အရည်အသွေးတွေကတော့ နိမ့်နေဆဲပဲ၊ ဒါတွေ တိုးတက်အောင် အများကြီး ကြိုးစားရဦးမယ်' ဟု ဂရင်းစတိန်းက ပြော၏။

အမေရိကန်နှင့် အခြားနိုင်ငံများမှ အစ္စရေးပညာရှင်များ ပြန်လည်ရောက်ရှိလာရေးသည် အရေးကြီး၏။ နိုင်ငံရေးတည်ငြိမ်မှုကလည်း မရှိမဖြစ် လိုအပ်၏။

အစ္စရေးအတွက် ကံကောင်းသည်မှာ ပေါ်လစီပြောင်းဖို့ လွယ်ကူခြင်းပင် ဖြစ်သည်။ ယဉ်ကျေးမှုပြောင်းလဲရန်ထက် ပေါ်လစီပြောင်းဖို့က ပိုလွယ်သည်။ စင်ကာပူတွင်ကား ဤသို့မဖြစ်နိုင်။ 'နယူးယောက်တိုင်းမ်စ်' သတင်းစာမှ 'ထောမတ်စ်ဖရိုက်ဒ်မင်း'က အောက်ပါအတိုင်း ရေးခဲ့၏။

"အစ္စရေးပြဿနာကို ကျွန်တော်က ပိုကြိုက်တယ်၊ သူ့ပြဿနာအများစုက ဘဏ္ဍာရေးကိစ္စ၊ အုပ်ချုပ်ရေးကိစ္စ၊ အပေါ်ယံအဆောက်အဦ ပြဿနာတွေပဲ၊ စင်ကာပူပြဿနာကျတော့ ခက်တယ်၊ စင်ကာပူပြဿနာက ယဉ်ကျေးမှု အချုပ်အနှောင်နဲ့ ဆိုင်နေတာကိုး"

❖

## နိဂုံးချုပ်
## ဟိုင်းတက်လယ်သမားများ

ဂရုအစိုက်ရဆုံး ကီစ္စကတော့ လုပ်ရဲဖို့ပဲ။

*ရှီမွန်ပဲရီဇ်*

သမ္မတကြီး 'ရှီမွန်ပဲရီဇ်'သည် အသက် ၈၅ နှစ်ရှိပြီ။ သူသည် အစ္စရေးတည်ထောင်သူ မျိုးဆက်ထဲတွင် ရှင်သန်နေဆဲ နောက်ဆုံးပုဂ္ဂိုလ်ကြီး ဖြစ်၏။ သူသည် အသက် ၂၅ နှစ်အရွယ်ကပင် 'ဒေးဗစ်ဘင်ဂူးရီးယန်း'၏ ဘေးမှကပ်ပြီး တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ သူသည် ဝန်ကြီးဌာနပေါင်းစုံတွင် တာဝန်ယူခဲ့ပြီး ဝန်ကြီးချုပ်အဖြစ်ပါ သက်တမ်းနှစ်ကြိမ်တိုင် ထမ်းဆောင်ခဲ့သူ ဖြစ်၏။ သူ့လုပ်ဆောင်မှုများကြောင့် နိုဗယ်ဆုကြီးပင် ရရှိခဲ့သူလည်း ဖြစ်သည်။

ပြည်ပတွင် သူသည် ထူးချွန်ထက်မြက်သော အစ္စရေးအဖြစ် အချီးကျူးခံရသည်။ ပြည်တွင်းတွင်ကား သူ၏ဂုဏ်သတင်းသည် အငြင်းပွားဖွယ်များရှိ၏။ သူသည် အော့စလိုစာချုပ် (၁၉၉၃) ၏ ဖခင်ကြီးဖြစ်ကာ အိမ်ဖြူတော် မြက်ခင်းပြင်တွင် 'ဘီလ်ကလင်တန်'၏ ရှေ့မှောက်တွင် 'ယဇ်ရှတ်ရာဘင်'နှင့် 'ယာဆာအာရာဖတ်'ကို လက်ဆွဲနှုတ်ဆက်ခဲ့သူ ဖြစ်၏။ ဤသည်ကပင် အစ္စရေးအများစုတို့က မျှော်လင့်ချက်အတုအယောင်များ၊ အကြမ်းဖက်မှုနှင့် စစ်တို့၏သင်္ကေတဟု ထင်ခဲ့ကြ၏။

သူသည် စီးပွားရေးကို တစ်ရက်ကလေးမှ မလုပ်ဖူးခဲ့။ သူရော၊ ဒေးဗစ်ဘင်ဂူးရီးယန်းရော စီးပွားရေးတစ်လုံးတစ်ပါဒမျှ နားမလည်ဟု ပြောဖူးသည်။ သို့သော် 'ပဲရိဇ်'၏ အစိုးရအပေါ် ချဉ်းကပ်မှုသည် အစ္စရေး၏ စွန့်စားတီထွင် စီးပွားရေးလောက၏ အဦးအစကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည် ကား သေချာ၏။

'ပဲရိဇ်'သည် နိုင်ငံတည်ထောင်ခြင်းမစမီကပင် စီဘူဇ်တွင် ကြီးပြင်းခဲ့၏။

"စိုက်ပျိုးရေးက စက်မှုလုပ်ငန်းထက် ပိုပြီး တော်လှန်ရေးကျတယ်" ဟု 'ပဲရိဇ်'က ပြောဖူး၏။

"၂၅ နှစ်အတွင်း အစ္စရေးဟာ စိုက်ပျိုးရေးထွက်ကုန်ကို ၁၇ ဆ မြှင့်တင်နိုင်ခဲ့တယ်၊ ဒါဟာ အံ့သြစရာပဲ၊ စိုက်ပျိုးရေးက ၉၅ ရာခိုင်နှုန်း သိပ္ပံ ငါးရာခိုင်နှုန်း အလုပ်ဖြစ်တယ်" ဟုလည်း ပြော၏။

'ပဲရိဇ်'သည် နေရာတကာကို နည်းပညာအမြင်ဖြင့် ကြည့်၏။ အစ္စရေး လူမျိုးများက 'နည်းပညာ'ဟူသော အသုံးအနှုန်းကို စိတ်မကူးမိကြသေးမီက စ၍ သူက ဤအမြင်ရှိခဲ့သည်။ ဤသည်ပင်လျှင် ဘင်ဂူးရီးယန်းက ပဲရိဇ်ကို ပိုအားကိုးခဲ့ခြင်း အကြောင်းရင်းတစ်ရပ် ဖြစ်ပုံရ၏။ 'အဘိုးကြီး' က နည်းပညာကို အလွန်စိတ်ဝင်စား၏။

"ဘင်ဂူးရီးယန်းက အနာဂတ်ဟာ သိပ္ပံပညာလို့ ထင်ခဲ့တယ်၊ သူက တပ်မတော်ထဲမှာ အမြဲပြောတယ်၊ ခေတ်နဲ့အညီ ခေတ်မီဖို့က မလုံလောက်ဘူး၊ နက်ဖြန်အထိ ကျော်ပြီး ခေတ်ရှေ့ကျော်နေမှ ဖြစ်မယ်လို့"ဟု ပဲရိဇ်က ပြန်ပြောပြ၏။

သို့ဖြင့် 'ဘင်ဂူးရီးယန်း'ရော 'ပဲရိဇ်'ပါ နည်းပညာနှင့် တွဲမိကြ၏။ ၁၉၅၁ က အာတိတ်ကို ဖြတ်ကျော်ပျံသန်းရင်း 'ပဲရိဇ်'နှင့် အမေရိကန်လူမျိုး 'အောလ်ရှွင်းမား'တို့သည် လေကြောင်းလုပ်ငန်းကို စိတ်ကူးမိကြသည်။ သူတို့ အစ္စရေးကို ပြန်ရောက်သောအခါ အတိုက်အခံများနှင့် ကြုံရ၏။ ဝန်ကြီးအများစုက "ကျုပ်တို့က စက်ဘီးတောင်မှ မလုပ်နိုင်သေးတာ၊ ဘယ့်နှယ့် လေယာဉ်ပျံ လုပ်လို့ရမလဲ" ဟု ပြောကြ၏။ ထိုအချိန်တွင် စက်ဘီးပင် ထုတ်လုပ်၍ မအောင်မြင်သေးချိန်။ စစ်ပြေးဒုက္ခသည်များက

နိုင်ငံတွင်းသို့ အဆက်မပြတ် ဝင်နေကြချိန်၊ အခြေခံစားကုန်ပင် ရာရှင်နှင့် ဝယ်နေကြရချိန်။ သို့သော် ဘင်ဂူးရီးယန်း၏ အားပေးမှုဖြင့် 'ပဲရိဇ်'၏ စိတ်ကူးသည် အကောင်အထည်ပေါ်ခဲ့၏။

နောက်ပိုင်းတွင် ပဲရိဇ်၏ ဈေးကလီးယားအစီအစဉ်ကို စတင်ရန် စိတ်ကူးက ဖြစ်လာ၏။ ရည်မှန်းချက်ကြီးလွန်း၍ အစ္စရေး သိပ္ပံပညာရှင်များကပင် လိုက်မမီကြ။ ဘဏ္ဍာရေးဝန်ကြီးကလည်း မထောက်ခံ။ ထို့ကြောင့် တက်ခ်နီယွန်မှ ကျောင်းသားများဘက်လှည့်ပြီး သူက ပြင်သစ်သို့ သင်တန်းများလွှတ်၏။

သို့ဖြင့် 'ဒီမိုနာ'အရပ်နားတွင် နျူကလီးယားရီအက်တာ ဆောက်ဖြစ်၏။ ၁၉၆၀ ခုနှစ်များကပင် အစ္စရေးသည် နျူကလီးယားစွမ်းအင်ကို ပိုင်ဆိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် အစ္စရေးသည် နျူကလီးယားထုတ်လုပ်မှုတွင် ကမ္ဘာ့အကြီးဆုံး ဆယ်နိုင်ငံမြောက်စာရင်းဝင် ဖြစ်လာ၏။

သို့သော် 'ပဲရိဇ်'က ဤမျှဖြင့် ရပ်မသွား။ သူသည် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအနေဖြင့် ကာကွယ်ရေးသုတေသနကို ငွေပုံအော၍ လုပ်၏။ လက်နက်များ၊ လေ့ကျင့်မှုများ၊ လူအင်အားတို့ကို ဖြည့်တင်း၏။

ယနေ့တွင် အစ္စရေးသည် ဂျီဒီပီတွင် ကမ္ဘာကို ဦးဆောင်နေနိုင်ပြီ။ အမျိုးသားလုံခြုံရေးအတွက် ကောင်းစွာ စောင့်ရှောက်လာနိုင်ပြီ။ စွန့်စားတီထွင် လုပ်ငန်းများလည်း တည်ထောင်အောင်မြင်လာခဲ့ပြီ။

ဤသို့ဖြစ်လာရန် ပြောင်းလဲခြင်းကား မလွယ်ကူလှပါ။ အစ္စရေးသည် ကြီးပွားမှုနည်းပါးသည်သာမက ငွေကြေးဖောင်းပွမှု အလွန်အကျွံဖြစ်ခဲ့သော အခြေအနေဆိုးများကို ဖြတ်ကျော်ခဲ့ရ၏။ ယခုကဲ့သို့ ချမ်းသာသောနိုင်ငံ၊ ဟိုင်းတက်ခ်အမြင့်ဆုံးနိုင်ငံဖြစ်၍ ကြားကာလများစွာကို ခါးသီးစွာ ဖြတ်သန်းခဲ့ရသော အစ္စရေးနိုင်ငံသည် တစ်ချိန်က ဆိုရှယ်လစ်နိုင်ငံသို့ ဦးတည်သွားနေကာ အမြတ်အစွန်းကို အဓိကမထားခဲ့။ ယခုမူ ''တစ်ခုခု တီထွင်လိုက်မှတော့ အကျိုးအမြတ်ရယူတာလည်း တရားဥပဒေနဲ့ညီပါတယ်'' ဆိုသော ပုံစံမျိုးရောက်လာ၏။

အစ္စရေး၏ ထိပ်တန်းစွန့်စားတီထွင် စီးပွားရေးလုပ်ငန်းရှင်ကြီး 'အီရယ်လ်မာဂါလစ်'က ပြောဖူးတာရှိ၏။

"ခင်ဗျားက ပစ္စည်းကို ကုန်သွယ်နေရုံမျှမကဘူး၊ ခင်ဗျားက စီးပွားရေးလုပ်ငန်းရှင် မည်ကာမတ္တမဟုတ်ဘူး၊ ခင်ဗျားက လူသားမျိုးနွယ်တစ်ခုလုံးကို တစ်ခုခုလုပ်ပေးနေတဲ့သူပဲ၊ ခင်ဗျားက ဆေးဝါးအသစ် ဒါမှမဟုတ် ချစ်ပ် အသစ်တီထွင်နေတဲ့လူပဲ၊ ခင်ဗျားက 'ဖာလာ'ပဲ (ဖာလာဆိုသည်မှာ အာရဗီဘာသာစကားအရ လယ်သမားကို ခေါ်ပါသည်) ဟိုင်းတက်ခ်လယ်သမားပေါ့ဗျာ၊ ခင်ဗျားက တပ်မတော်ထဲက ခင်ဗျားရဲဘော်တွေနဲ့ အတူတူလုပ်ကြကိုင်ကြတာပေါ့၊ ခင်ဗျားရဲ့ဘဝဟာန်ပန်က ဒါပဲ၊ ခင်ဗျားက ငွေအတွက် သက်သက်လုပ်နေတာ မဟုတ်ဘူး' ဟု ပြော၏။

'မာဂါလစ်'အတွက် တီထွင်ဆန်းသစ်မှုနှင့် နည်းပညာတို့သည် တိုင်းပြည်ပြန်ရန် ၂၁ ရာစုပုံစံပင် ဖြစ်သည်။ "ဦးဆောင်လုပ်ကိုင်မှုသစ်ပေါ့၊ ဇီယွန်ဝါဒီဆိုတာ အသစ်အဆန်းတွေ ဖန်တီးတဲ့သူပဲ" ဟု သူက ပြော၏။

"သမိုင်းမှာ ဂျူးလူမျိုးတွေရဲ့ အကြီးမားဆုံးလုပ်ဆောင်လာမှုက မကျေနပ်မှုပဲ၊ ဒါဟာ နိုင်ငံရေးအနေနဲ့တော့ မကောင်းဘူး၊ သိပ္ပံပညာအတွက်တော့ ကောင်းတယ်" ဟု 'ပဲရိဇ်'က ပြော၏။

"တစ်ချိန်လုံး ခင်ဗျားတို့က ပြောင်းချင်၊ ပြောင်းပြီးရင်း ပြောင်းလဲချင်နေကြတယ်၊ နည်းပညာတိုင်း အမေရိကကနေ အစ္စရေးကို ရောက်လာတာပဲ၊ အဲဒီကနေ တပ်မတော်ထဲ ရောက်သွားပြီး ငါးမိနစ်အတွင်း သူတို့က ဒါကို ထပ်ပြောင်းပစ်လိုက်ကြပြန်တယ်"ဟု 'ပဲရိဇ်'က ပြောပြ၏။

ဤသို့ဖြင့် အစ္စရေးနိုင်ငံသည် သမိုင်းတွင် အသစ် စတင်တီထွင်လုပ်ကိုင်သောနိုင်ငံ ဖြစ်လာ၏။

အချို့ ခေတ်မီနိုင်ငံများသည် သူတို့၏ ဇာတ်လမ်းသမိုင်းကြောင်းကို ရှေးခေတ်အင်ပါယာကြီးများမှ စပြောကြ၏။ အီတလီတို့က ရောမမှ၊ ဂရိတို့က ဂရိရှေးခေတ်မှ၊ တရုတ် အိန္ဒိယတို့သည်လည်း ထိုနည်းတူ။ ရှည်လျားသော သမိုင်းကြောင်းနောက်ခံများ အသီးသီးရှိကြ၏။

အစ္စရေးနိုင်ငံကတော့ ထိုသို့မဟုတ်။ သူတို့၏ ဘိုးဘေးများသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကပင် နိုင်ငံပြည်ပတွင် ပြည်နှင်ဒဏ်ခံနေခဲ့ကြရာမှ ယခုမှ နိုင်ငံသစ် ပြန်လည်ထူထောင်ကြရခြင်းဖြစ်၏။

သို့ပင်လျက် အစ္စရေးသည် ဘာကြောင့် ယခုကဲ့သို့ အလွန်ဆန်းသစ်တီထွင်သောနိုင်ငံ၊ စွန့်စားတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ကြွယ်ဝနေသောနိုင်ငံ ဖြစ်လာပါသနည်း။ ဤအဖြေကို အပေါ်ယံကြောလျှပ်၍ ဖြေခြင်းငှာ မစွမ်းသာ။

စင်ကာပူတွင် ခိုင်မာသော ပညာရေးစနစ်ရှိ၏။ ကိုရီးယားသည်ကားကြီးမားသော လုံခြုံရေးခြိမ်းခြောက်ခံရမှုကြားမှ နိုင်ငံတည်မြဲအောင် အတော်ဖန်တီးကြိုးစားနေရသော နိုင်ငံဖြစ်၏။ ဖင်လန်၊ ဆွီဒင်၊ ဒိန်းမတ်၊ အိုင်ယာလန်တို့သည် သေးငယ်သော်လည်း နည်းပညာအဆင့်မြင့်စွာရှိ၏။ အကောင်းဆုံး အပေါ်ထပ် အဆောက်အဦရှိ၏။ စီးပွားရေးသည်လည်း တိုးတက်နေ၏။ ထိုနိုင်ငံများထဲမှ အချို့သည် အစ္စရေးထက်ပင် အရင်ရှည်ကြာစွာ တိုးတက်ခဲ့သော နိုင်ငံများဖြစ်ကြပြီး လူနေမှုအဆင့်လည်း မြင့်မြင့်မားမားရှိသောနိုင်ငံများ ဖြစ်ကြ၏။ သို့သော် ထိုနိုင်ငံများအားလုံးသည် အစ္စရေးလောက် အဦးအစလုပ်ငန်းများစွာ၊ စွန့်စားရင်းနှီးမြှုပ်နှံမှုများစွာ မလုပ်နိုင်ကြ။

'အင်တီဗီလ်ပိုနန်'သည် ပြင်သစ် စွန့်စားတီထွင် လုပ်ငန်းရှင်ဖြစ်ကာ အဦးအစလုပ်ငန်းများစွာကို 'အာတာစ်စတတ်တပ်' အမည်ဖြင့် လှုပ်ရှားသူဖြစ်၏။ ဖင်လန်တွင် နည်းပညာကုမ္ပဏီများစွာ ရှိ၏။ ထိုအထဲတွင် ဆဲလ်ဖုန်းထုတ်လုပ်သူ 'နိုကီယာ'လည်း တစ်ခုအပါအဝင်။ အစ္စရေးက ဖင်လန်ကို ကြည့်ကာ သူ့ဘာသာသူ မေးခွန်းထုတ်၏။ "ငါတို့ နိုကီယာက ဘယ်မှာလဲ" အစ္စရေးက ဘာကြောင့် 'နိုကီယာ'ကဲ့သို့ ကြီးမားအောင်မြင်သော နည်းပညာကုမ္ပဏီ ဘာကြောင့် မလုပ်နိုင်တာလဲ။ ဖင်လန်တွင် အဦးအစတည်ထောင်မှု မည်သို့လုပ်ရသည်ကို 'ဗီလ်ပိုနန်'ကို မေးကြည့်၏။

"ဖင်လန်မှာ နည်းပညာမှတ်ပုံတင်ထားတာတွေ အများကြီးရှိတယ်၊ ဒါပေမယ့် အဦးအစလုပ်တဲ့အခါမှာ သိပ်မလွယ်ဘူး၊ အဦးအစလုပ်ဖို့ ဆိုရင် ဖင်လန်မှာ ကနဦးရင်းနှီးမြှုပ်နှံမှုက ၃၀၀၀၀၀ ယူရိုလောက် လိုမယ်၊ အဲဒါက အစ္စရေးထက် ဆယ်ဆများတယ်၊ အစ္စရေးက ဖင်လန်ထက် အဦးအစလုပ်ငန်း ဆယ်ဆ ပိုတယ်၊ လုပ်ရတာ အချိန်လည်း တိုတယ်၊ ပိုလည်းမြန်တယ်၊ အခု ကျွန်တော်တို့လည်း တိုးတက်သင့်သလောက် တိုးတက်ပါ

တယ်၊ ဒါပေမယ့် အစ္စရေးတို့ အမေရိကန်တို့ကိုတော့ လိုက်မမီနိုင်ပါဘူး" ဟု သူက ပြန်ဖြေ၏။

အစ္စရေးတို့သည် အလုပ်လောဘ ပိုကြီးသည်။ အသင်းအဖွဲ့လိုက်စုပေါင်းလုပ်ကိုင်မှု ပိုကောင်း၏။ ထိုအချက်များသည်လည်း အားသာချက်များဖြစ်၏။ အသေးအဖွဲလုပ်ငန်းကအစ ရည်မှန်းချက်ကြီးကြသည်ကလည်း တစ်ကြောင်း ဖြစ်၏။

အစ္စရေးလူမျိုးအများစုသည် တပ်မတော်တွင် အမှုထမ်းဖူးသူများဖြစ်ရာ သူတို့သည် တပ်မတော်ပုံစံနှင့် အသားကျနေကြ၏။ မိမိကို တာဝန်ပေးထားသောအလုပ်ကို မဖြစ်ဖြစ်အောင် လုပ်ရမည်။ သို့သော် ထိုသို့လုပ်ကိုင်ဆောင်ရွက်ရာတွင် တစ်ဦးချင်းမဟုတ်ဘဲ အုပ်စုလိုက်လုပ်ရမည်ဆိုသော အလေ့အကျင့် သူတို့တွင် စွဲနေ၏။ 'ငါ့လိုလိုက်လုပ်ကြ' ဟု ပြောကောင်းပြောမည်။ သို့သော် ခေါင်းဆောင်လုပ်သူက နမူနာကောင်းပြနိုင်သူ ဖြစ်ရမည်။ သူက အားလုံးကို လက်တွဲခေါ်ဆောင်သွားနိုင်သူဖြစ်ရမည်။ သူတို့အုပ်စုတွင် မည်သူမျှ ကျန်မနေရစ်အောင် သူက လက်တွဲလုပ်ဆောင်သွားနိုင်ရမည်။ မိမိက အငယ်တန်းအရာရှိဖြစ်နေစေကာမူ မိမိအထက်လူကြီးများကို သူတို့၏ နာမည်ရင်းကို ခေါ်၍ရ၏။ သူတို့လုပ်တာကိုင်တာ မှားနေလျှင် ပြင်သင့်ပြင် ပြောသင့်ပြောရမည်။

တပ်မတော်တွင် ကိုယ့်လက်အောက်ငယ်သား တစ်ဒါဇင်လောက်ကို အမိန့်တွေပေး၊ ဒေါ်လာသန်းချီတန်သော ပစ္စည်းပစ္စယများကို ကိုင်တွယ်ထိန်းသိမ်း၊ သေရေးရှင်ရေးတမျှ အရေးကြီးသောကိစ္စများကို ကိုယ်ပိုင်ဆုံးဖြတ်၊ စသော အလေ့အကျင့်များသည် စီးပွားရေးနယ်ပယ်ရောက်တော့လည်း ထိုနည်းတူပင် ကျင့်ကြံကြရ၏။ တစ်ခါတလေ နည်းပညာပိုင်းဆိုင်ရာများတွင် မိမိထက် အသက်နှစ်ဆကြီးသော ပုဂ္ဂိုလ်များ မလုပ်တတ်သည်ကိုပင် မိမိက ရှိသမျှ ကိုယ့်အတွေ့အကြုံ၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်တို့ဖြင့် လုပ်ရဲကိုင်ရဲ ရှိရမည်။ တပ်ထဲတွင် သိကျွမ်းခဲ့သောသူများနှင့် မိမိပြင်ပရောက်သွားသောအခါလည်း မည်သူကိုမဆို ဆက်သွယ်နိုင်သည်။ တစ်စုံတစ်ခုစတင် လုပ်ကိုင်တည်ထောင်လိုလျှင် လူတကာကို ဖုန်းဆက်၊ အီးမေးလ်ဆက်သွယ်မေးမြန်းနိုင်၏။ မည်သူကမဆို မည်သူ့ကိုမဆို အကူအညီပေးတတ်

ကြ၏။ 'ယိုဒီဗာဒီ' ပြောသကဲ့သို့ ''ဒီမှာက လူတိုင်းက လူတိုင်းကို သိကြတယ်'' ဆိုသလိုပင်ဖြစ်၏။ ထို့ကြောင့် ရည်မှန်းချက်ကြီးမားသော အစ္စရေးလူငယ်တိုင်း လုပ်ငန်းသစ်များစတင်ဖို့ မခက်ခဲလှ။ ပတ်ဝန်းကျင် အခြေအနေ၊ ကူညီမည့်သူအားလုံး အဆင်သင့်။ မည်သည့်ဂျူးလူမျိုး မိခင် မဆို မိမိ၏သားသမီး ဆရာဝန်ဖြစ်လျှင်၊ ဥပဒေပညာရှင် ဖြစ်လျှင် ဂုဏ်ယူတတ်ကြသည်။ သို့သော် မိခင်တိုင်း ဂုဏ်အယူဆုံးမှာကား 'စွန့်စားတီထွင် စီးပွားရေးလုပ်ငန်းရှင်' မိမိတို့သားသမီး ဖြစ်စေချင်ကြသည်သာ ဖြစ်၏။ အစဦးလုပ်ငန်းကိုင်ငန်း လုပ်စမှာမူ အောင်မြင်မှုက နည်းမည်မှာ သဘာဝ ဖြစ်၏။ သို့သော် ကြိုးစားဖို့က အဓိကဖြစ်၏။ ရှုံးနိမ့်တာက ကိစ္စမရှိ။ အောင်မြင်မှုသည် အကောင်းဆုံး။ သို့သော် ရှုံးနိမ့်ခြင်းသည်လည်း အရေး မကြီး။ ရှေ့ဆက်လျှောက်မည့်လမ်းအတွက် အတွေ့အကြုံရခြင်းသည်သာ အဓိက။ ဤသည်တို့မှာ အစ္စရေးတို့ အောင်မြင်မှု၏ လျှို့ဝှက်ချက်များ ဖြစ်သည်။ ဤလျှို့ဝှက်ချက်များ သိပြီးလျှင် အခြားနိုင်ငံများရော ဘာကြောင့် လိုက်မလုပ်ကြသနည်းဟု မေးနိုင်၏။

ဤနေရာတွင် ကမ္ဘာကျော်စာရေးဆရာကြီး 'ဂျော့ဘားနတ်ရှော'၏ ပြောစကားတစ်ခုကိုသာ ကိုးကားဖြေဆိုလိုပါသည်။

''မင်းမှာလည်း ပန်းသီးတစ်လုံးရှိတယ်၊ ငါ့မှာလည်း ပန်းသီးတစ်လုံး ရှိတယ်၊ ဒါဆိုရင် ငါတို့ ပန်းသီးချင်း လဲလို့ရတယ်၊ ဒီအခါမှာ တစ်ယောက်ကို ပန်းသီးတစ်လုံးစီ ရနေမှာပဲ၊ ဒါပေမယ့် ငါ့မှာက စိတ်ကူးတစ်ခုရှိတယ်၊ မင်းမှာလည်း စိတ်ကူးတစ်ခုရှိတယ်၊ ငါတို့ စိတ်ကူးချင်း လဲကြည့်လိုက်ကြစို့၊ ဒီအခါမှာ စိတ်ကူးက နှစ်ခု ရလာလိမ့်မယ်''

ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တွင် အပြောင်းအလဲဟူသည် အမြဲတမ်း ရှိနေမည်သာ ဖြစ်၏။ တီထွင်သူသည် ရေရှည်ယှဉ်ပြိုင်သူ၏ အဓိကအုတ်မြစ်များထဲမှ တစ်ခု ဖြစ်၏။

'အင်တဲယ်လ်အစ္စရေး'၏ 'ဒိုဗ်ဖရိုးမင်း'ကမူ အစ္စရေးနိုင်ငံတွင်းမှာပင် အပြောင်းအလဲတွေ တီထွင်မှုတွေ ဆက်တိုက် လုပ်ခဲ့၏။ သူ၏ 'အင်တဲယ်လ်အစ္စရေး'အတွက် လမ်းညွှန်ဆောင်ပုဒ်မှာ 'အကျပ်အတည်း ကာလနှင့် အနီးကပ်ဆုံး အခြေအနေတွင်ရှိ နောက်ဆုံးအင်တဲယ်လ်စက်ရုံ'

ဟူ၍ပင် ဖြစ်၏။ ဤဆောင်ပုဒ်က မကောင်းမြင် များလွန်းသည်ဟု သူ့ဝန်ထမ်းများက ပြောသောအခါ သူက ဆောင်ပုဒ်ကို ပြောင်းလိုက်၏။ 'အောင်မြင်မှုတွင်းမှ ရှင်သန်မှု'။ အဓိပ္ပာယ်မှာ သူ၏ပန်းတိုင်က 'အောင်မြင်မှု'။ သို့သော် သူ၏လှုပ်ရှားလုပ်ကိုင်မှုမှာ 'ရှင်သန်မှု'။ 'ဖရီးမင်း'အတွက်မူ ကုမ္ပဏီတစ်ခု၏ အောင်မြင်မှု သော့ချက်မှာ 'ပြုတ်လုပြုတ်ခင် အဦးအစ အခြေအနေကို ထိန်းသိမ်းခြင်း'ပင် ဖြစ်၏။

နိုင်ငံတိုင်းတွင် အစ္စရေးကဲ့သို့ စစ်မှုထမ်း ဥပဒေမူကြမ်း ရှိချင်မှ ရှိမည်။ အမြဲတမ်းတပ်နှင့် မိမိသဘောအလျောက် မိမိ အမျိုးသားတာဝန်ထမ်းဆောင်သော တပ်များ အစ္စရေးတွင် ရှိ၏။ ထို့ကြောင့် လူငယ်တိုင်းသည် ကောလိပ်ပညာရေး မစခင်မှာပင် တပ်ထဲမှ အတွေ့အကြုံများ ရရှိခဲ့ကြ၏။ ခေါင်းဆောင်မှု၊ အစုလိုက် ဆောင်ရွက်တတ်မှု၊ ရည်မှန်းချက်အကောင်အထည်ဖော်တတ်မှု စသည်တို့ကို တပ်မတော်ထဲတွင် သင်ယူလေ့ကျင့်ခွင့် ရခဲ့ကြသည်။ ထိုတန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများသည် အစ္စရေးလူငယ်တို့အဖို့ စီးပွားရေးနယ်ပယ်တွင် ကောင်းစွာ အသုံးချနိုင်ကြဖို့ အရည်အချင်းများ ဖြစ်လာ၏။ အမေရိကန်တွင်လည်း စစ်မှုမထမ်းမနေရ ဥပဒေရှိ၏။ သို့သော် သူတို့၏ စစ်ရေးအတွေ့အကြုံများကို ပြင်ပလုပ်ငန်းများတွင် အသုံးချရန် သူတို့ကို ညွှန်ကြားအကြံပေးမှုများ မရှိခဲ့။

အမေရိကတွင် ၁၈၇၀ မှ ၁၉၉၂ အတွင်း နှစ်စဉ် ပျမ်းမျှတိုးတက်မှုနှုန်းမှာ ၁.၈ ရာနှုန်း ရှိသည်ဟု ကမ္ဘာကျော်ဘောဂဗေဒပညာရှင် 'ပေါလ်ရီးမား'က ဆို၏။ ၄င်းသည် ဗြိတိန်ထက် ရာနှုန်းဝက်ခန့် ပိုများခြင်းဖြစ်၏။ ဤသည်တို့မှာ အတွေးအခေါ်ပြောင်းလဲခြင်းနှင့် ဆန်းသစ်တီထွင်မှုများက အဓိက မောင်းနှင်အားများ ဖြစ်သည်ဟု ဆို၏။ အမေရိကန်တို့သည် ခေတ်သုတေသနတက္ကသိုလ်များကို ၁၉ ရာစုတွင် တည်ထောင်ခဲ့ရာ ၄င်း၏ အကျိုးကို ၂၀ ရာစုတွင်ရခြင်း ဖြစ်၏။

"စိတ်ချရတဲ့ ဟောကိန်းနှစ်ခုရှိတယ်၊ ပထမတစ်ခုကတော့ ၂၁ ရာစုမှာ ခေါင်းဆောင်မယ့် နိုင်ငံဟာ အတွေးအခေါ်သစ်တွေကို ပုဂ္ဂလိကကဏ္ဍမှာ ဆန်းသစ်တီထွင်မှုတွေနဲ့ ဖြည့်ဆည်းပေးမယ့်နိုင်ငံပဲ၊ ဒုတိယတစ်ခုကတော့ အဲဒီအတွေးအခေါ်သစ်တွေ ထုတ်ဖော်မယ့်နိုင်ငံပဲ" ဟု 'ရီးမား' က ပြော၏။

ကျွန်တော်တို့သည် 'ပဲရိဇ်'နှင့် တစ်နာရီခွဲခန့် တွေ့ဆုံခွင့် ရခဲ့ကြသည်။ နောက်တစ်ယောက် ချိန်းဆိုထားသူလည်း ရောက်လာ၍ ကျွန်တော်တို့ နှုတ်ဆက်ခဲ့ကြ၏။ ကျွန်တော်တို့ နှုတ်ဆက်ရန် မတ်တတ်ရပ်လိုက်ကြစဉ် သူက ခဏနားပြီး ပြော၏။

"နောက်ထပ် နာရီဝက်ကြာရင် ပြန်လာကြပါလား၊ ကျုပ်တို့ ဆက်စကားပြောလို့ရတာပေါ့"

ထို့ကြောင့် ကျွန်တော်တို့လည်း ထပ်သွားတွေ့ကြ၏။ သူက အစ္စရေးစွန့်စားတီထွင် လုပ်ငန်းရှင်များနှင့် ပေါ်လစီရေးဆွဲသူများ၏ အနာဂတ်ကို ပြော၏။

"စက်ရုံဟောင်းတွေ ထားလိုက်ပါ၊ နောက်ထပ် စက်ရုံသစ်ငါးခု ပေါ်လာလိမ့်မယ်၊ စွမ်းအင်ပုံစံသစ်တွေ၊ ရေ၊ ဇီဝနည်းပညာ၊ သင်ကြားမှု ပစ္စည်းပစ္စယတွေ၊ အခုဆိုရင် ဆရာအင်အားက နည်းနေပြီ၊ အကြမ်းဖက်မှုကို ကာကွယ်မယ့် နိုင်ငံလုံခြုံရေးကိစ္စတွေ လုပ်ရဦးမယ်"

'ပဲရိဇ်'က ဆက်ပြောနေ၏။

'ပဲရိဇ်'က မှန်ကန်သော ရွေးချယ်မှုများကို လုပ်မလုပ်ကိုမူ ကျွန်တော်တို့မသိ။ သို့သော် သူသည် အသက် ၈၅ နှစ်အရွယ်တွင် 'ချူးတပ်စ်' စိတ်ဓာတ်အပြည့်နှင့် နိုင်ငံအတွက် တွေးတောစဉ်းစားနေသည်ကား အမှန်ပင် ဖြစ်၏။ အစ္စရေးသည် ရှေ့အပြေးဆုံး အတွေးအခေါ်များကို အကောင်အထည်ဖော်လုပ်ဆောင်နေသော ကမ္ဘာ့နိုင်ငံများထဲမှ တစ်နိုင်ငံ ဖြစ်၏။ အနာဂတ်အတွက် အကျိုးရှိသော စိတ်ကူးစိတ်သန်းများကို ဖော်ဆောင်နေသော နိုင်ငံလည်း ဖြစ်၏။ ဆန်းသစ်တီထွင်မှုများသည် အဆင့်များစွာ ရှိ၏။ အဖွဲ့တစ်ခုမှ ကုမ္ပဏီတစ်ခုသို့၊ ကုမ္ပဏီတစ်ခုမှ နိုင်ငံတစ်ခုသို့၊ နိုင်ငံတစ်ခုမှ တစ်ကမ္ဘာလုံးသို့။ နိုင်ငံများစွာတို့သည် ဤလုပ်ငန်းစဉ်ကို အနည်းနည်း အဖုံဖုံ လုပ်ဆောင်နေကြ၏။ စွန့်စွန့်စားစား အင်တိုက်အားတိုက် လုပ်ဆောင်နေကြ၏။ အစ္စရေးနိုင်ငံသည်လည်း ကမ္ဘာမှ သင်ယူစရာများစွာ ရှိနေသေး၏။ ကမ္ဘာကလည်း အစ္စရေးနိုင်ငံထံမှ များစွာ သင်ယူကြရဦးမည်သာ ဖြစ်ပါသည်။

**ဟိန်းလတ်**

# နောက်ဆက်တွဲ (က)

# အစ္စရေးနိုင်ငံနောက်ကြောင်း

## သမိုင်း

ဂျူးလူမျိုးတို့၏ မွေးဇာတိမြေသည် အစ္စရေးနယ်မြေ (အီရက်ဇ်ယစ်စရေး) ဖြစ်သည်။ ထိုနေရာတွင် နိုင်ငံ၏ ထင်ရှားရှည်လျားသော သမိုင်းကြောင်း တည်ရှိ၏။ သမ္မာကျမ်းစာ၏ မှတ်တမ်းထဲတွင် နှစ် ၂၀၀၀ သမိုင်းချီ၍ ရှိ၏။ ဤနေရာတွင် ယဉ်ကျေးမှု၊ ဘာသာရေး၊ အမျိုးဂုဏ်တို့ မွေးဖွား၏။ ၎င်းတို့ကို ရာစုနှစ်ပေါင်းများစွာ သူတစ်ပါးတို့ လက်အောက်တွင် အနှင်ခံဘဝနှင့် ရှိနေစဉ်မှာပင် မပျောက်မပျက် ဆက်လက်ထိန်းသိမ်းခဲ့၏။ အကွဲကွဲ အပြားပြား နေထိုင်ရသော နှစ်များစွာ အတောအတွင်းတွင် ဂျူးလူမျိုးတို့သည် ဤနယ်မြေကို သံယောဇဉ် မပြတ်ကြ။ ၁၉၄၈ တွင် အစ္စရေးနိုင်ငံတော် ထူထောင်ခဲ့ပြီး ဂျူးလွတ်လပ်ရေး ရခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ က ဆုံးရှုံးခဲ့မှုများ အသစ်တစ်ဖန် ပြန်လည်စတင်နိုင်ခဲ့၏။

## သမ္မာကျမ်းစာလာ နှစ်များ

ဂျူးသမိုင်းကို လွန်ခဲ့သောနှစ် ၄၀၀၀ ခန့် (၁၇ ရာစု ဘီစီအီး) က ပေါ်ထွန်းခဲ့သော 'အီဗရာဟင်'၊ သူ၏သားတော် 'အီဇက်'၊ သူ၏ မြေးတော် 'ယာကွတ်' တို့မှ စ၍ ရ၏။ မက်ဆိုပိုတေးမီးယားတွင် တူးဖော်

ရရှိခဲ့သော အထောက်အထားများအရ ၂၀၀၀-၁၅၀၀ ဘီစီအီးခေတ်ကို ပြန်လည် တွေ့ရှိရ၏။ 'အီဗရာဟင်'ကို တစ်ဆူတည်းကာ ထာဝရဘုရားအား သူတို့ ယုံကြည်စေရန် စေလွှတ်သည့်သမိုင်းကို တွေ့ရှိရ၏။ 'ကနန်'ဒေသတွင် ဒုဗ္ဘိက္ခန္တရ ကပ်ဆိုက်သောအခါ 'ယာကွတ်' (အစ္စရေး)နှင့် သူ၏သား ၁၂ ယောက်၊ သူတို့မိသားစုများသည် အီဂျစ်တွင် အခြေချ နေထိုင်ခဲ့ကြ၏။ ၎င်းတို့၏ ဆွေစဉ်မျိုးဆက်များသည် ကျွန်ဘဝသို့ ရောက်ခဲ့ကြကာ အတင်းအကျပ် အလုပ်ကြမ်း စေခိုင်းဖိနှိပ်ခြင်းကို ခံကြရ၏။

## အိပ်ဖိုးဒပ်စ်နှင့် အခြေချခြင်း

နှစ်ပေါင်း ၄၀၀၀ ကျေးကျွန်အဆင့် ရောက်ခဲ့ကြကာ အစ္စရေးလူမျိုးများ၏ လွတ်လပ်မှုကို 'မိုးဇက်'က ဦးဆောင်ရယူပေးခဲ့၏။ သမ္မာကျမ်းစာအလိုအရမူ 'မိုးဇက်'ကို ထာဝရဘုရားသခင်က ရွေးချယ်ကာ သူ့လူများကို အီဂျစ်မှ ကယ်ထုတ်ပြီး သူတို့၏ ဘိုးဘေးများနေထိုင်ရာ အစ္စရေးနယ်မြေသို့ ပြန်ပို့ပေးသည်ဟု ဆို၏။ ထိုအချိန်မှာ ဘီစီအီး ၁၃ မှ ၁၂ ရာစု ဖြစ်၏။ သူတို့သည် နှစ် ၄၀ မျှ ဆိုင်းနိုင်းသဲကန္တာရထဲတွင် လှည့်လည်နေထိုင်ပြီး နယ်မြေတစ်ခု ထူထောင်ခဲ့ကြ၏။ သူတို့သည် 'တိုရာ'ကို လက်ခံရရှိကြသည်။ ထိုအထဲတွင် ပညတ်တော်ဆယ်ပါးပါ ပါဝင်ခဲ့၏။ သို့ဖြင့် ဘာသာရေးယုံကြည်မှုကို ပုံသဏ္ဍာန်ရော အနှစ်သာရပါ ကောင်းစွာရရှိခဲ့၏။ ဘီစီအီး ၁၃၀၀ တွင် အီဂျစ်မှ 'အိပ်ဖိုးဒပ်စ်'များသည် ဂျူးလူမျိုးတို့အတွက် အမျိုးသားအမှတ်တရကို ထားခဲ့ရာ ၎င်းသည် နိုင်ငံတကာ လွတ်လပ်ရေးနှင့် လွတ်မြောက်ရေးသင်္ကေတ ဖြစ်ခဲ့၏။

နောက်ထပ်နှစ်ရာစုအတွင်းတွင် အစ္စရေးလူမျိုးများသည် အစ္စရေးနယ်မြေအများစုကို အောင်နိုင်ကြကာ လယ်သမားများ၊ လက်မှုပညာရှင်များဖြစ်လာကြ၏။ စစ်ဖြစ်လိုက်၊ ငြိမ်းချမ်းလိုက်နှင့် နှစ်ပေါင်းများစွာ ဖြတ်သန်းရင်း နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်မှု အရည်အသွေးများ ပြည့်ဝလာကြ၏။ မြေထဲပင်လယ်ကမ်းခြေတွင် အခြေချတော့ အာရှမိုင်နာမှ 'ဖိလိတင်စ်'တို့၏ ခြိမ်းခြောက်အန္တရာယ်ပေးမှုကြောင့် လူမျိုးစု ညီညွတ်စည်းရုံးရေးအတွက် အုပ်ချုပ်သူတစ်ဦး လိုအပ်လာ၏။ ထိုအုပ်ချုပ်သူမှတစ်ဆင့် သူ့မျိုးဆက်များက ဆက်လက်တာဝန် ထမ်းဆောင်သွားကြသည်။

## ဘုရင်စနစ်

၁၀၂၀ ဘီစီအီးတွင် ပထမဦးဆုံး ဘုရင်ဖြစ်သော 'ဆောလ်'မင်းက လူမျိုးစုကို စည်းရုံးခဲ့၏။ သူ့အရိုက်အရာကို ဆက်ခံသော 'ဒေးဗစ်'ဘုရင် လက်ထက်တွင် ဘုရင်စနစ်ကို တင်းပြည့်ကျပ်ပြည့် အုပ်ချုပ်မှု စတင်ခဲ့၏။

'ဒေးဗစ်ဘုရင်' (စီ ၁၀၀၄ မှ ၉၆၅ ဘီစီအီး) သည် ဒေသတွင်း၌ သူ့နိုင်ငံကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့၏။ ဖိလိတင်(စ်)တို့ကို အပြီးသတ် ချေမှုန်းမှုအပါအဝင် စစ်ပွဲကြီးများစွာကို အောင်နိုင်ခဲ့၏။ အိမ်နီးချင်းနိုင်ငံများ နှင့်လည်း ချစ်ကြည်ရေးများ ထူထောင်ခဲ့နိုင်၏။ သူ၏ ဘုန်းတန်ခိုးသည် အီဂျစ်နယ်စပ်နှင့် ပင်လယ်နီမှစ၍ ယူဖရေးတီးကမ်းခြေအထိ ပျံ့နှံ့ခဲ့၏။ ပြည်တွင်းတွင်လည်း အစ္စရေးမျိုးနွယ် ၁၂ မျိုးကို စုစည်းကာ နိုင်ငံတစ်ခု အသွင် စည်းရုံးပြီး 'ဂျေရုစလင်'မြို့တော်ကို တည်ထောင်နိုင်ခဲ့၏။ သမ္မာ ကျမ်းစာထဲတွင် ဒေးဗစ်အား ကဗျာဆရာနှင့် ဂီတပညာရှင်အဖြစ်လည်း ဖော်ကျူးထား၏။ ဆာလံကျမ်းတွင် ဒေးဗစ်အကြောင်း များစွာထည့်သွင်း ဖော်ပြထားသည်။

'ဒေးဗစ်'၏ အရိုက်အရာကို သားတော် 'ဆော်လမွန်' (စီ ၉၆၅- ဘီစီအီး ၉၃၀) က ဆက်ခံ၏။ 'ဆော်လမွန်'သည် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ကာ သူ၏တန်ခိုးအာဏာကို မြင့်မားစွာ တည်ဆောက်နိုင်ခဲ့၏။ သူ့လက်ထက်တွင် နိုင်ငံခြားကုန်သွယ်မှုကိုပါ ချဲ့ထွင် လုပ်ကိုင်ခဲ့သည့်အပြင် ပြည်တွင်း၌လည်း ကြေးနီသတ္တုမိုင်းများ၊ သတ္တု အတတ်ပညာများ ဖော်ထုတ်ကာ နိုင်ငံကို ကြီးပွားချမ်းသာစေခဲ့၏။ မြို့သစ် များ တည်ဆောက်သည့်အပြင် စီးပွားရေးနှင့် မဟာဗျူဟာ အချက်အခြာ များကိုလည်း စီမံခဲ့ရ၏။ သူ၏ လုပ်ဆောင်မှုများထဲတွင် သရဖူဆောင်းခဲ့ သည်ကား 'ဘုရားကျောင်းတော်ကြီး'တစ်ဆူကို ဂျေရုစလင်တွင် တည် ဆောက်နိုင်ခဲ့ခြင်း ဖြစ်၏။ ၎င်းသည် ဂျူးပြည်သူတို့၏ အမျိုးသားဘဝနှင့် ဘာသာရေးဘဝတို့၏ အချက်အချာပင် ဖြစ်လာ၏။ သမ္မာကျမ်းစာထဲတွင် 'ဆော်လမွန်'ကို 'စကားပုံကျမ်း' နှင့် 'သီချင်းများ၏ သီချင်း' တို့ဖြင့် ဂုဏ်ပြု ဖော်ပြထား၏။

ဘီစီအီး ၉၃၀ တွင် 'ဆော်လမွန်ဘုရင်' နတ်ရွာစံပြီးနောက်၌ ဘုရင်စနစ်နှင့် ခွဲထွက်ရေးလူမျိုးစုတို့ကြားတွင် ပဋိပက္ခများ ဖြစ်ကြ၏။ သို့ဖြင့် ပုန်ကန်မှုများဖြစ်ပွားကာ မြောက်ပိုင်းမျိုးနွယ်စုဆယ်စု ခွဲထွက်သွားခြင်း၊ သို့ဖြင့် နိုင်ငံသည် မြောက်ပိုင်းဘုရင့်နိုင်ငံတော်၊ 'အစ္စရေး' နှင့် တောင်ပိုင်း ဘုရင့်နိုင်ငံတော် 'ဂျူးဒါး' တို့ ကွဲပြားသွား၏။ အစ္စရေး ဘုရင့်နိုင်ငံတော်၏ မြို့တော်မှာ 'ဆမားရီးယား' ဖြစ်ကာ ဘုရင် ၁၉ ဆက်၊ နှစ် ၂၀၀ သက်တမ်း ရှည်ကြာခဲ့၏။ 'ဂျူးဒါး' ဘုရင့်နိုင်ငံတော်မှာမူ 'ဂျေရုစလင်' ကို ဗဟိုပြုကာ နှစ် ၄၀၀ ကျော် 'ဒေးဗစ်ဘုရင်' မျိုးဆက်များ အုပ်ချုပ်ခဲ့၏။ ထို့နောက် 'အဆီးရီးယန်း' နှင့် 'ဘေဘီလုံ' အင်ပါယာများ ချဲ့ထွင်လာကာ အစ္စရေးကို ပထမ၊ ဂျူးဒါးကို ဒုတိယ သိမ်းပိုက်ခဲ့ကြ၍ နိုင်ငံခြားအုပ်ချုပ်မှုခေတ် ရောက်ခဲ့ကြရ၏။ ဘီစီအီး ၇၂၂ တွင် အစ္စရေးဘုရင့်နိုင်ငံတော်ကို 'အဆီးရီးယန်း' တို့က တိုက်ခိုက်ချေမှုန်းကြ၏။ ပြည်သူတို့က တိုင်းတစ်ပါးသို့ ထွက်ပြေးကြရ၏။ နောက်ထပ် နှစ်တစ်ရာ ကြာသောအခါ 'ဘေဘီလုံးနီးယား' များက 'ဂျူးဒါးဘုရင့်နိုင်ငံတော်' ကို သိမ်းပိုက်ကာ ဘီစီအီး ၅၈၆ တွင် 'ဂျေရုစလင်' နှင့် 'ဘုရားကျောင်းတော်' တို့ကို ဖျက်ဆီးခဲ့ကြ၏။ နေထိုင်သူအများစုလည်း တိုင်းတစ်ပါးသို့ ထွက်ပြေးကြရ၏။

'ဘေဘီလုံးနီးယား' တို့က သိမ်းပိုက်လိုက်ခြင်းသည် 'ပထမ ဘုရားကျောင်းတော်ခေတ်' ကို အဆုံးသတ်လိုက်ခြင်း ဖြစ်၏။ သို့သော် ဂျူးပြည်သူတို့ကား မွေးရပ်နယ်မြေနှင့် အဆက်မပြတ်ကြ။ ဘေဘီလုံမြစ်ကမ်း၌ နေထိုင်ကာ ဂျူးလူမျိုးတို့က သူတို့ဌာနေကို ရည်မှန်းသစ္စာပြု ဆုတောင်းကြ၏။

ဘေဘီလုံသို့ ပြည်နှင်ဒဏ်ခံရခြင်းမှာ 'ပထမကျောင်းတော်ရာ ခေတ်' ပျက်စီးခြင်း၏ ရလာဒ် ဖြစ်၏။ ထိုအချိန်မှစ၍ 'ဂျူးဝါဒ' သည် မိမိနိုင်ငံ ပြင်ပတွင် ဘာသာတရားအဖြစ် ပေါ်ထွန်းလာ၏။

## ဒုတိယကျောင်းတော်ရာခေတ်

'ဘေဘီလုံးနီးယန်း' အင်ပါယာ၏ ဧကရာဇ် 'ပါးရှင့်ဘုရင် ဆိုင်းရပ်စ်' ၏ အမိန့်အရ ဘီစီအီး ၅၃၈ တွင် ဂျူးလူမျိုး ၅၀,၀၀၀ တို့သည် အစ္စရေးနယ်မြေသို့ ပထမဆုံး ပြန်ခဲ့ကြ၏။ သူတို့ကို 'ဇာရုဘာဘဲယ်လ်'

ဆိုသူက ဦးဆောင်ခဲ့၏။ နောက်ထပ်ရာစုတစ်ခုအတွင်းတွင် 'အက်ဇရာ' ဦးဆောင်သော ဒုတိယအုပ်စု ပြန်ခဲ့ကြ၏။ 'အက်ဇရာ'၏ ခေါင်းဆောင်မှု အောက်တွင် 'ပထမကျောင်းတော်ရာ' နေရာ၌ 'ဒုတိယကျောင်းတော်ရာ'ကို တည်ဆောက်ကြ၏။ ဂရိပြည်မှ 'မဟာအလက်ဇန်းဒါး' (၃၃၂ ဘီစီအီး) ခေတ်တွင် ရှေးဟောင်းကမ္ဘာကြီးသည် သူ့လက်အောက်တွင်ရှိခဲ့၏။ 'ဂျူးဒါး ဝါဒ'ကိုးကွယ်သူတို့ အနှိမ်ခံရ၏။ ဤတွင် ၁၆၆ ဘီစီအီးတွင် ဂျူးတို့က တော်လှန်ပုန်ကန်ကြ၏။ 'မက်တာသီးယားစ်'နှင့် သူ၏သား 'ဂျူဒါ'တို့က ဂျူးများကို ဦးဆောင်ကာ ဂျေရုစလင်သို့ ဝင်လာကြပြီး ဘီစီအီး ၁၆၄ တွင် ကျောင်းတော်ရာကို သန့်စင်မှုများလုပ်ကာ နှစ်စဉ် ဝတ်ပြုပွဲများ ကျင်းပကြ၏။

'ဆီလူစစ်ဘုရင့်နိုင်ငံ'သည် ၁၂၉ ဘီစီအီးတွင် ပြိုကွဲသွားသောအခါ ဂျူးလွတ်လပ်ရေး ရရှိခဲ့၏။ 'ဟတ်စ်မိုနီယမ်' ခေတ်သည် နှစ် ၈၀ မျှ သက်တမ်းရှည်၏။ နိုင်ငံတော်သည် နယ်နိမိတ်အချို့ ပြန်ရ၏။ ဂျူးဥပဒေသ ခေတ်တွင် နိုင်ငံရေးခိုင်မာလာပြီး ဂျူးတို့၏ဘဝသည် ပြန်လည်လန်းဆန်း လာ၏။

## ရောမခေတ် (၆၃ ဘီစီအီးမှ ၃၁၃ စီအီး)

ရောမလူမျိုးတို့က 'ဆီလူစစ်'ကို ဒေသတွင်း၌ အစားထိုးခဲ့ကာ 'ဟတ်စ်မိုနီယန်း'ဘုရင် 'ဒုတိယမြောက်ဟီရ်ကန်းနတ်စ်'ကို အကန့်အသတ် အာဏာအပ်နှင်း၏။ ၎င်းသည် ဒမတ်စကပ်၏ ရောမမြို့တော်ဝန်၏ လက် အောက်တွင် အုပ်ချုပ်ရ၏။

ဘီစီအီး ၃၇ တွင် 'ဟီရ်ကန်းနတ်စ်' ၏သမက် 'ဟီရော့ဒ်'ကို 'ဂျူးဒီးယားဘုရင်'အဖြစ် ရောမတို့က ဝင်မြောက်ခဲ့၏။ သူသည် ရောမ အင်ပါယာ၏ အရှေ့ဘက်ခြမ်းတွင် ဩဇာအာဏာ အရှိဆုံးဘုရင်ဖြစ်လာ သည်။ သူသည် ဂရိ၊ ရောမယဉ်ကျေးမှုကို နှစ်သက်သူပီပီ 'ဆီဇားရီးယား' မြို့နှင့် 'ဆီဆက်စ်တီ' မြို့တို့ကို ခမ်းနားထည်ဝါစွာ တည်ဆောက်ခဲ့၏။ 'ဟီရိုဒီယမ်'နှင့် 'မာဆာဒါ' ခံတပ်ကြီးများလည်း တည်ဆောက်၏။ ဘုရား ကျောင်းတော်ရာကိုလည်း ပုံစံသစ် ပြန်လည်တည်ဆောက်ရာ ထိုခေတ်၏

အခမ်းနား၊ အကြီးကျယ်ဆုံး အဆောက်အအုံ ဖြစ်ခဲ့၏။ သူ၏ လုပ်ဆောင်မှု များစွာသည် အောင်မြင်ခဲ့သော်ငြားလည်း သူ့ကို ဂျူးလူမျိုးတို့က ယုံကြည် ကိုးစားမှု သိပ်မရှိခဲ့။

'ဟီရော့ဒ်' နတ်ရွာစံပြီး ဆယ်နှစ်အကြာတွင် 'ဂျူးဒီးယား'သည် ရောမအုပ်ချုပ်မှုအောက် တိုက်ရိုက်ပြန်ရောက်၏။ ရောမတို့၏ ဖိနှိပ်မှုဒဏ်ကို ခံနိုင်စွမ်း မရှိကြ၏။ ဂျူးတို့က စီအီး ၆၆ တွင် တော်လှန်ပုန်ကန်ကြ၏။ 'တိုက်တပ်စ်' ခေါင်းဆောင်သော ရောမအင်အားကြီးတပ်များ၏ ချေမှုန်းမှု ကြောင့် ဂျူးတို့ ရှုံးနိမ့်ကြရ၏။ စီအီး ၇၃ တွင် 'မာဆဒါ'ရှိ ဂျူးတို့၏ နောက်ဆုံးခံတပ် ကျရှုံးခဲ့ရ၏။ ဤရှုံးနိမ့်မှုကြောင့် ဂျူးလူမျိုး ထောင်ပေါင်း များစွာတို့သည် ကျွန်အဖြစ် အရောင်းစား ခံကြရ၏။

စီအီး ၁၃၂ တွင် 'ရှီမွန်ဘာကော့ရှ်ဘာ'၏ တော်လှန်မှု စတင်၏။ သို့သော် ရောမတို့အင်အားကို မယှဉ်သာခဲ့။ 'ဂျူးဒီးယား'ကို 'ပါလက်စတီး နား' ဟု နာမည်ပြောင်းပြီး 'ဂျေရုစလင်'ကို 'အီလီယာကက်ပီတိုလီးနား' ဟူသော ရောမအမည်များ ပြောင်းပစ်ခဲ့ကြ၏။

ကျောင်းတော်ရာလည်း အဖျက်ဆီးခံရ၊ ဂျေရုစလင်လည်း ပြာပုံ အတိရောက်အောင် မီးရှို့ခံခဲ့ရသော်လည်း ဂျူးနှင့် ဂျူးဒါးဝါဒကား ရောမ တွင် ရှင်သန်ဆဲ။ အကွဲကွဲ အပြားပြား ဖြစ်နေသော ဂျူးတို့က တဖြည်းဖြည်း ပြန်လည်စုစည်းမိကြ၏။ 'ဟာလာခါ' ခေါ် ဂျူးဘာသာရေးဥပဒေကို ချမှတ်ကာ ဂျူးလူမျိုး မျိုးဆက်တစ်ခုမှတစ်ခု ဆက်လက် လက်ဆင့်ကမ်း လိုက်နာခဲ့ကြ၏။

## နိုင်ငံရပ်ခြားအုပ်ချုပ်မှု

လေးရာစုအကုန်တွင် 'ကွန်စတင်တိုင်းဧကရာဇ်'က ခရစ်ယာန်ဘာ သာကို ကိုးကွယ်ရန် သတ်မှတ်ပြီး 'ဘိုင်ဇင်တိုင်းအင်ပါယာ'ကို တည် ထောင်၏။ အစ္စရေးနယ်မြေသည်လည်း ခရစ်ယာန်ဘာသာအောက် ရောက် ရ၏။ ဂျေရုစလင်၊ ဘက်သယ်လ်အမ်နှင့် ဂါလီလီးတို့တွင် ခရစ်ယာန်ဘုရား ရှိခိုးကျောင်းများ တည်ဆောက်ကြ၏။ ဂျူးတို့လည်း အားလုံး လွတ်လပ်ခွင့် မရကြတော့။ ဂျေရုစလင်ကိုပင် တစ်နှစ်လျှင် တစ်ရက်သာ လာခွင့်ရကြ၏။

ထိုနေ့မှာ 'ဘုရားကျောင်းတော်ရာ အဖျက်ဆီးခံရသောနေ့ အထိမ်းအမှတ် နေ့'။

၆၁၄ တွင် ပါးရှင်းတို့က ဂျူးတို့အကူအညီဖြင့် ကျူးကျော်ဝင်ရောက်ကြ၏။ ထိုကျေးဇူးကြောင့် ဂျူးတို့သည် ဂျေရုစလင် အုပ်ချုပ်ခွင့် ပြန်ရကြ၏။ သို့သော် သုံးနှစ်အကြာတွင် ဘိုင်ဇင်တိုင်းတပ်များက ပြန်သိမ်းကာ ဂျူးတို့ကို မောင်းထုတ်ပစ်ကြပြန်၏။

၆၃၂ တွင် 'မိုဟာမက်' ကွယ်လွန်ပြီး လေးနှစ်အကြာ အာရပ်တို့က သိမ်းပိုက်ကြ၏။ အာရပ်သိမ်းပိုက်မှုကား လေးရာစုနီးပါး ကြာ၏။ ပထမ 'ဒမက်စကတ်' ထိုမှ 'ဘဂ္ဂဒက်' နှင့် 'အီဂျစ်'။ ဂျေရုစလင်ရှိ ဂျူးလူမျိုးတို့ နေထိုင်မှုကို ဆက်ခွင့်ပြု၏။ မူဆလင်မဟုတ်သူများ ခံစားခွင့်မျိုးကို ဂျူးတို့ အားပေးကာ လွတ်လပ်စွာ ကိုးကွယ်မှု ပြန်ရခဲ့၏။ သို့သော် ဂျူးတို့မှာ အခွန်အတုပ် အလွန်ပိခဲ့ကြ၏။ အခွင့်အရေးမှာလည်း မမျှမတ ရခဲ့ကြ၏။ ၁၁ ရာစု ကုန်ခါနီးလောက်တွင် ဂျူးမျိုးနွယ်များမှာ အလွန်ပင် နိမ့်ပါးကြရ၏။ လူမှုရေးနှင့် စီးပွားရေးဒုက္ခများကြောင့် နယ်မြေမှ စွန့်ခွာသွားကြရသည် အထိ ဖြစ်ခဲ့၏။

နောက်ထပ် နှစ် ၂၀၀ အတွင်းတွင် နိုင်ငံကို 'ခရူဆိတ်ဒါး'တွေက သိမ်းပိုက်ခဲ့ကြ၏။ ၁၀၉၉ ဇူလိုင်လတွင် ခရူဆိတ်ဘာသာရေးတပ်များက ဂျေရုစလင်ကို သိမ်းကာ ခရစ်ယာန်မဟုတ်သူ လူပေါင်းများစွာကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ကြ၏။ ဂျူးတို့လည်း အသည်းအသန် ပြန်လည် တိုက်ခိုက်ခဲ့ကြ၏။ နောက်ထပ် ဆယ်စုနှစ်များစွာ ခရူဆိတ်ဒါးတို့က ချော့တစ်မျိုး၊ ကြမ်းတစ်မျိုး အုပ်ချုပ်ခဲ့ကြ၏။ များသောအားဖြင့်မူ သွေးသံရဲရဲ တိုက်ပွဲများဖြင့် ဖိနှိပ်ကြ၏။ သူတို့က ဥရောပမှနေ၍ လမ်းများဖောက်ခဲ့ကြရာ 'မြင့်မြတ်သောနယ်မြေ'သည် ကျော်ကြားလာ၏။ ဂျူးလူမျိုး တော်တော်များများသည် ဌာနေသို့ ပြန်ရောက်လာကြ၏။ မှတ်တမ်းများအရ ပြင်သစ်နှင့် အင်္ဂလန်မှ ဂျူးဘာသာရေးပုဂ္ဂိုလ်ပေါင်း ၃၀၀ ပြန်လာကြသည်ဟု သိရသည်။

၁၁၈၇ တွင် 'ဆလာဒင်' ဦးဆောင်သော မူဆလင်တပ်က ခရူဆိတ်ဒါးတို့ကို ချေမှုန်းအောင်မြင်ခဲ့ရာ ဂျူးများသည် တစ်စုံတစ်ရာသော အခွင့်

အရေးများ ပြန်ရလာကြ၏။ ဂျေရုစလင်တွင် နေထိုင်ခွင့်လည်း အပါအဝင် ဖြစ်၏။ ၁၂၉၁ တွင် အီဂျစ်၌ တန်ခိုးထွားလာသော မူဆလင်အုပ်စုက ခရူဆိတ်ဒါးများကို အပြီးအပိုင် ချေမှုန်းနိုင်ခဲ့၏။ ထို 'မမ်လပ်ခ်စ်'ဆိုသော မူဆလင်စစ်အောက်ပိုင်းများ၏ လက်အောက်တွင် ဂျူးအများစုများ ဆင်းရဲတွင်း နက်ခဲ့ကြ၏။ နိုင်ငံရေးနှင့် စီးပွားရေးကလည်း မတည်ငြိမ်။ ပလိပ်ရောဂါကပ်ဆိုက်လိုက်၊ ငလျင်လှုပ်လိုက်နှင့် ကပ်မျိုးစုံ ဆိုက်ခဲ့၏။

၁၅၁၇ တွင် 'အော့တိုမန်'တို့က သိမ်းပိုက်ပြီး နိုင်ငံကို လေးခရိုင်ခွဲ အုပ်ချုပ်ခဲ့၏။ အုပ်ချုပ်မှုကိုမူ 'အစ္စတန်ဘူ'မှပင် တိုက်ရိုက်အုပ်ချုပ်၏။ ထိုခေတ်က ဂျူးမိသားစု ၁၀၀၀ သည် ဂျေရုစလင်၊ နက်ဘလက်ခ်၊ ဟီဘရွန်၊ ဂါဇာ၊ ဆာဖက်နှင့် ဂါလီလီးတို့တွင် နေထိုင်ကြ၏။

'ဆူလတန်ဆူလေမန်' နတ်ရွာစံသည်အထိ တိုးတက်မှုများ ရခဲ့၏။ လူဝင်မှုကြီးကြပ်ရေး အဆင်ပြေလာမှုကြောင့် လူသစ်များ ဂျေရုစလင်သို့ ရောက်လာကြ၏။ ဂျူးလူဦးရေ ၁၀,၀၀၀ ထိ တိုးပွားလာ၏။ ထိုခေတ်တွင် ဂျူးဂမ္ဘီရဖြစ်သော 'ကဗ္ဗလာ'ပညာလေ့လာမှု ထွန်းကားလာ၏။ နောက်ပိုင်းတွင် အော့တိုမန်အင်ပါယာ အားနည်းလာ၏။ ဂျူးနယ်မြေမှာလည်း လျစ်လျူရှုခံရ၏။

၁၉ ရာစုတွင် ဥရောပမှ ကုန်သည်များ ကူးလူးဆက်ဆံမှု တိုးပွားလာ၏။ ဆူးအက်တူးမြောင်း ဖွင့်သည့်နောက်ပိုင်းတွင် နယ်မြေမှာ တိုက်သုံးတိုက် ဆုံရာဖြစ်၍ စီးပွားရေး အချက်အချာ ကျခဲ့၏။ ၁၈၇၀ တွင် ဂျေရုစလင်တွင် ဂျူးအများစု နေထိုင်လာကြ၏။ လယ်မြေယာကွက်များ အသစ်ထွန်ယက်လာကြ၏။ ကျေးလက်များစွာ ထူထောင်လာကြ၏။ နှစ်ပေါင်းရှည်ကြာစွာ ဖိနှိပ်ခံခဲ့ရသော ဟီးဘရူးက ဘဝများသည်လည်း ပြန်လည် ရှင်သန်လာ၏။ 'ဇီယွန်ဝါဒီ' လှုပ်ရှားမှု စတင်ရန် အခြေအနေကောင်းများ ရလာပြီ။

၁၉၁၉ မှ ၁၉၃၉ တွင် 'ဇီယွန်ဝါဒ'၏ လှုံ့ဆော်မှုအရ နိုင်ငံရပ်ခြားမှ လူအတော်များများ လာရောက်နေထိုင်လာကြ၏။ ၁၉၁၉ မှ ၁၉၂၃ ကြားတွင် လာရောက်သူ ၃၅,၀၀၀ တွင် အများစုမှာ ရုရှားမှ ဖြစ်၏။ 'ခီဘုဇ်' ခေါ် သမဝါယမလုပ်ငန်းများ စတင်ထူထောင် အောင်မြင်လာ၏။ အိုးအိမ်သစ်များ၊ လယ်သစ်များစွာ ပေါ်ထွန်းလာ၏။

၁၉၂၄ မှ ၁၉၃၂ အတွင်းတွင် ပိုလန်မှ လူပေါင်း ၆၀,၀၀၀ ကျော် ရွှေ့ပြောင်းရောက်ရှိလာကြ၏။ သူတို့သည် 'ဟိုင်ဖာ' 'တဲလ်အဗစ်' နှင့် 'ဂျေရုစလင်'တို့တွင် နေထိုင်မှုများ၏။ အသေးစားစက်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းငယ်များ လုပ်ကိုင်ကြ၏။ ၁၉၃၀ ပတ်ဝန်းကျင်တွင် ဂျာမနီတွင် ဟစ်တလာ အာဏာရလာချိန်တွင် လူပေါင်း ၁၆၅,၀၀၀ မျှ ဝင်လာကြ၏။ သူတို့အများစုမှာ အတတ်ပညာရှင်၊ အသိပညာရှင်များ ဖြစ်ကြ၏။ သူတို့၏ ပညာအရည်အချင်း၊ အတတ်ပညာ ကျွမ်းကျင်မှု၊ အတွေ့အကြုံရှိမှုတို့သည် နိုင်ငံ၏စီးပွားရေးအဆင့်တို့ မြင့်မား လာကြ၏။ သို့ဖြင့် စိုက်ပျိုးရေး ကျယ်ပြောလာ၏။ စက်ရုံများစွာ ထူထောင် လာကြ၏။ ဂျော်ဒန်မြစ်မှတစ်ဆင့် ရေအားလျှပ်စစ်များ ရရှိလာ၏။ တစ်နိုင်ငံ လုံး လမ်းသစ်များစွာ ဖောက်နိုင်ခဲ့၏။

ဟီးဘရူးဘာသာစကားကို နိုင်ငံတွင် တရားဝင် ရုံးသုံးဘာသာစကား အဖြစ် သတ်မှတ်ခဲ့၏။ အင်္ဂလိပ်နှင့် အာရဗီဘာသာတို့ကိုလည်း ရုံးသုံးအဖြစ် သုံးစွဲကြ၏။

ဂျူးလူမျိုးတို့၏ အမျိုးသားရေး နိုးကြားလာမှုနှင့်အတူ အာရပ်အမျိုး သားတို့၏ ဆန့်ကျင်မှုကလည်း ကြီးထွားလာ၏။ ၁၉၂၀၊ ၁၉၂၁၊ ၁၉၂၉၊ ၁၉၃၆-၃၉ တို့တွင် ဂျူးတို့အပေါ် အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ခဲ့၏။

ဇီယွန်ဝါဒနှင့် အာရပ်အမျိုးသားဝါဒတို့က ထိပ်တိုက်တွေ့ကြ၏။ ထို့ကြောင့် ၁၉၃၇ တွင် ဗြိတိသျှတို့က နိုင်ငံကို နှစ်ပိုင်းခွဲလိုက်၏။ တစ်ပိုင်း က ဂျူးနယ်မြေ၊ တစ်ပိုင်းက အာရပ်နယ်မြေ။ သို့သော် အာရပ်တို့၏ ဂျူး ဆန့်ကျင်ရေး အဓိကရုဏ်းများသည် ၁၉၃၉ မေလတွင် အကြီးအကျယ် ဖြစ်ခဲ့၏။ ထို့ကြောင့် ဂျူးတို့ လူဝင်မှုကြီးကြပ်ရေးကို ကန့်သတ်သော 'စက္ကူဖြူ' စီမံချက် ပေါ်ထွက်လာ၏။ ဒုတိယကမ္ဘာစစ် ဖြစ်လာသောအခါ အစ္စရေး၏ ပထမဆုံးဝန်ကြီးချုပ် 'ဒေးဗစ်ဘင်ဂူးရီးယန်း'က ကြေညာခဲ့၏။ "စက္ကူဖြူဆိုတာ မရှိသလို သဘောထားပြီး ကျွန်တော်တို့ စစ်တိုက်ကြမယ်။ စက္ကူဖြူကလည်း စစ်ပွဲမရှိသလို သဘောထားရမယ်" ဟူ၍။

ဒုတိယကမ္ဘာစစ်အတွင်း (၁၉၃၉-၄၅) တွင် နာဇီအစိုးရက ဥရောပ ရှိဂျူးတို့ကို စနစ်တကျ သုတ်သင်ခဲ့ကြ၏။ ကလေးငယ် ၁.၅ သန်း

အပါအဝင် ဂျူးလူမျိုး ၆ သန်း အသတ်ခံခဲ့ကြရ၏။ နာဇီတပ်များသည် ဥရောပတစ်လျှောက် ဝင်လာရင်း ဂျူးများကို ဖိနှိပ်သတ်ဖြတ်ခဲ့ကြ၏။ ဓာတ်ငွေ့ခန်းများဆောက်ကာ ရက်ရက်စက်စက် အဆိပ်ငွေ့လွှတ်၍ သတ်ခဲ့ကြ၏။ နောက်ဆုံးတွင် မသေဘဲကျန်ရစ်သူ ဂျူးလူမျိုး ၉ သန်းသာ ကျန်ခဲ့၏။

၁၉၄၈ ခုနှစ် မေလတွင် အစ္စရေးရှိ ဂျူးလူဦးရေမှာ ၆၅၀,၀၀၀ သာ ရှိ၏။ သူတို့သည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးများကို အခိုင်အမာ တည်ဆောက်ကြ၏။ သို့ဖြင့် ၁၄-၅-၁၉၄၈ တွင် အစ္စရေးနိုင်ငံက လွတ်လပ်ရေး ကြေညာခဲ့၏။ နောက်ထပ် ၂၄ နာရီအကြာတွင် အီဂျစ်၊ ဂျော်ဒန်၊ ဆီးရီးယား၊ လက်ဘနွန်၊ အီရတ်တပ်များက ဝင်ရောက်ကျူးကျော်ကြ၏။ ထိုကျူးကျော်သူများကို အသစ်ဖွဲ့စည်းထားသော 'အစ္စရေးကာကွယ်ရေး တပ်မတော်' (အိုင်ဒီအက်ဖ်) က ရှုပ်ရှုပ်ချွံချွံ ပြန်လည်တွန်းလှန်ခဲ့၏။ တိုက်ပွဲမှာ ၁၅ လကြာပြီး အသက်ပေါင်း ၆၀၀၀ ပေးလျှာခဲ့၏။

၁၉၄၉ ခုနှစ် ပထမလများတွင် ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် အစ္စရေးနှင့် ကျူးကျော်နိုင်ငံများ ညှိနှိုင်းဆွေးနွေးပွဲစ၏။ (အီရတ်ကမူ အစ္စရေးနှင့် မညှိနှိုင်းဟု ဆို၏။)

ညှိနှိုင်းမှုအပြီးတွင် 'ကမ်းခြေလွင်ပြင်' 'ဂါလီလီ'နှင့် 'နီဂေ့ဗ်' တစ်ခုလုံးသည် အစ္စရေးအုပ်ချုပ်မှုအောက် ရောက်၏။ 'ဂျူးဒီးယား' နှင့် 'ဆမားရီးယား' (အနောက်ဘက်ကမ်းခြေ) သည် ဂျော်ဒန်တို့ အုပ်ချုပ်မှု အောက်တွင် ရှိလာသည်။ 'ဂါဇာကမ်းမြှောင်ဒေသ'သည် အီဂျစ်အုပ်ချုပ်ရေးတွင် ရှိလာ၏။ 'ဂျေရုစလင်'ကို နှစ်ပိုင်းခွဲလိုက်သည်။ ဂျော်ဒန်က အရှေ့ဘက်ခြမ်းကို ယူ၏။ ထိုအထဲတွင် မြို့တော်ဟောင်း ပါသွားသည်။ အစ္စရေးကမူ အနောက်ဘက်ခြမ်းကို ရ၏။

စစ်ပြီးသောအခါ အစ္စရေးတို့က နိုင်ငံကို ပိုမိုတိုးတက်အောင် ကြိုးပမ်းကြ၏။ နေရာ ၁၂၀ ရှိသော 'နတ်ဆက်' (ပါလီမန်) သည် ၂၅-၁-၁၉၄၉ ရွေးကောက်ပွဲမှ ပေါ်ပေါက်လာ၏။ 'ဒေးဗစ်ဘင်ဂူးရီးယန်း'က ဝန်ကြီးချုပ် 'ခိန်းဝိုက်ဇမင်း'က သမ္မတအဖြစ် အရွေးခံကြရ၏။ ၁၁-၅-၁၉၄၉ တွင် ကုလသမဂ္ဂအဖွဲ့ဝင် ၅၉ ခုမြောက်နိုင်ငံ ဖြစ်လာ၏။

လွတ်လပ်ရေးရပြီး ပထမလေးတွင် အသတ်ဖြတ်ခံရသည့်ဘေးမှ လွတ်လာသော လူ ၅၀,၀၀၀ အစ္စရေးကမ်းခြေသို့ ရောက်လာကြ၏။ ၁၉၅၁ ကုန်ခါနီးတွင် လူ ၆၈၇,၀၀၀ ထပ်ရောက်လာကြ၏။ ထိုအထဲမှ ၃၀၀,၀၀၀ သည် အာရပ်မှ စစ်ပြေးဒုက္ခသည်များ ဖြစ်၏။ ဤသို့ဖြင့် ဂျူးလူဦးရေ နှစ်ဆတိုးလာသည်။

အစ္စရေးတွင် အသက် ၅ နှစ်မှ ၁၄ နှစ်အရွယ်တိုင်း ကျောင်းပညာ မသင်မနေရ၊ အခမဲ့ပညာရေးကို ခံစားကြရ၏။ ပညာရေးနှင့် ယဉ်ကျေးမှု ကဏ္ဍများကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်ကြ၏။ လွတ်လပ်ရေး ဆယ်နှစ်မြောက်ကာလတွင် လူဦးရေ နှစ်သန်းထိ ရှိလာ၏။

၁၉၄၉ လက်နက်ဖျက်သိမ်းရေး သဘောတူညီချက်သည် ရေရှည် မတည်တံ့။ အာရပ်နိုင်ငံများမှ အကြမ်းဖက်သမားများက မကြာခဏ ရောက် ကြ၏။ ဆိုင်းနိုင်းကျွန်းဆွယ်သည်လည်း အီဂျစ်စစ်တပ် အခြေစိုက်စခန်းအဖြစ် တဖြည်းဖြည်း ပြောင်းလာ၏။ ထို့ကြောင့် အစ္စရေးကာကွယ်ရေးတပ်မတော် က ဂါဇာကမ်းမြှောင်ဒေသနှင့် ဆိုင်းနိုင်းကျွန်းဆွယ်ကို ပြန်သိမ်းရ၏။

၁၉၆၇ မေလတွင် အီဂျစ်တပ်များက 'ဆိုင်းနိုင်းသဲကန္တာရ' ထဲသို့ အလုံးအရင်းနှင့် ဝင်လာကြ၏။ အီဂျစ်နှင့် ဂျော်ဒန်နယ်တစ်လျှောက်တွင် လည်း ယင်းအကြမ်းဖက်သမားများက မင်းမူလာ၏။ ဆီးရီးယားကလည်း လယ်ယာမြေများကို ဗုံးကြဲတိုက်ခိုက်၏။ ဂျော်ဒန်ကလည်း ဝင်ပါလာ၏။ အစ္စရေးသည် အာရပ်တပ်များအားလုံး၏ ညပ်ဖူးညပ်ပိတ် တိုက်ခိုက်မှု ခံနေရ၏။ သို့ဖြင့် ခြောက်ရက်စစ်ပွဲ စတော့သည်။ 'ဂျူဒီးယား'၊ 'ဆမားရီး ယား'၊ 'ဂါဇာ'၊ 'ဆိုင်းနိုင်းကျွန်းဆွယ်'၊ 'ဂိုလန်ကုန်းမြင့်ဒေသ' တို့အားလုံး အစ္စရေးလက်အောက် ရောက်ခဲ့၏။ မြောက်ပိုင်းရွာများသည် ၁၉ နှစ်ကြာ ဆီးရီးယားတို့ ဗုံးကြဲမှုဒဏ်မှ လွတ်မြောက်ရ၏။

၆-၁၀-၁၉၇၃ တွင် အီဂျစ်တပ်များသည် ဆူးအက်တူးမြောင်းကို ကျော်ဖြတ်လာကြသည်။ ဆီးရီးယားတပ်များကလည်း 'ဂိုလန်ကုန်းမြင့်' ဒေသထဲ ဝင်ရောက်လာကြ၏။ သို့ဖြင့် နောက်ထပ်သုံးပတ်အကြာ တိုက်ပွဲ များ ဖြစ်ခဲ့၏။ ၎င်းသည် 'ယွန်းကပူးစစ်ပွဲ' ပင် ဖြစ်၏။

၁၉၇၇ 'နက်ဆက်' ရွေးကောက်ပွဲကာလက လက်ျာဝါဒီနှင့် ဗဟို

ပါတီများ အောင်ပွဲကို ရစေခဲ့၏။ လေဘာပါတီ၏ နှစ် ၃၀ စိုးမိုးမှု အဆုံးသတ်သွားပြီ။ ဝန်ကြီးချုပ်သစ် 'ဘီဂင်' တက်လာကာ အာရပ်ခေါင်းဆောင်များနှင့် ညှိနှိုင်းဆွေးနွေးမှု စခဲ့၏။

၂၆-၃-၁၉၇၉ တွင် အစ္စရေးနှင့် အီဂျစ်တို့သည် ဝါရှင်တန်ဒီစီတွင် ငြိမ်းချမ်းရေးစာချုပ် ချုပ်ကြ၏။ နှစ် ၃၀ စစ်ပွဲကား အဆုံးသတ်သွားပြီ။ စာချုပ်အရ အစ္စရေးသည် ဆိုင်းနိုင်းကျွန်းဆွယ်မှ ဆုတ်ပေးခဲ့ရ၏။

၁၉၉၁ မက်ဒရစ်ငြိမ်းချမ်းရေးညီလာခံက ဂျော်ဒန်နှင့် ဆွေးနွေးပွဲ လုပ်ဖြစ်ခဲ့၏။ ဂျော်ဒန်ဘုရင် ဟူစိန်နှင့် ဝန်ကြီးချုပ် ရာဘင်တို့ ၁၉၉၄ ဇူလိုင်လတွင် ငြိမ်းချမ်းရေးဆွေးနွေးခဲ့ကြရာ ၄၆ နှစ်ကြာ စစ်ပွဲ အဆုံးသတ်သွား၏။

'ဂျော်ဒန်-အစ္စရေး ငြိမ်းချမ်းရေး' စာချုပ်ကို 'အာရာဝနယ်စပ်' (အစ္စရေးပိုင် အီလတ်နှင့် ဂျော်ဒန်ပိုင် အာကာဘာတို့ကြား) တွင် ၂၆-၁၀-၁၉၉၄ က အမေရိကန်သမ္မတ 'ကလင်တန်'ရှေ့တွင် လက်မှတ်ရေးထိုးကြခြင်း ဖြစ်၏။

၁၉၉၅ တွင် ဝန်ကြီးချုပ် 'ရာဘင်' အလုပ်ကြံခံခဲ့ရ၏။ ၁၉၉၆ တွင် ရွေးကောက်ပွဲသစ်တစ်ခု ကျင်းပကာ 'ဘင်ယာမင်နေတန်ယာဟူး' ဝန်ကြီးချုပ် ဖြစ်လာ၏။ သုံးနှစ်မပြည့်မီမှာပင် သူ့အစိုးရ ရှုံးနိမ့်ကာ ၁၉၉၉ တွင် 'အီဟွတ်ကာရက်'က ဝန်ကြီးချုပ် ဖြစ်လာပြီး ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းခဲ့၏။ ၂၀၀၁ တွင်ကား 'လီကွပ်ပါတီ'ခေါင်းဆောင် 'အေရီယယ်ရှရွန်' ဝန်ကြီးချုပ် ဖြစ်လာ၏။ ၂၀၀၆ တွင် လေဖြတ်သဖြင့် ဝန်ကြီးချုပ်ရာထူးမှ အနားယူခဲ့၏။ ထို့ကြောင့် 'ကာဒီမာပါတီ'ခေါင်းဆောင် 'အီဟွတ်အိုလ်မတ်' က ဝန်ကြီးချုပ် ဖြစ်ရပြန်၏။ ၂၀၀၇ တွင် 'ရှီမွန်ပဲရိစ်'ကို 'နက်ဆက်' လွှတ်တော်က သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့၏။

## တည်နေရာ

အစ္စရေးနိုင်ငံသည် အရှေ့အလယ်ပိုင်းတွင် တည်ရှိပြီး မြေထဲပင်လယ်၏ အရှေ့ဘက် ကမ်းရိုးတန်းတစ်လျှောက် တည်ရှိ၏။ ပတ်ပတ်လည်တွင် လက်ဘနွန်၊ ဆီးရီးယား၊ ဂျော်ဒန်နှင့် အီဂျစ်တို့ဖြင့် နယ်နိမိတ်ချင်း ဆက်စပ်

နေ၏။ အစ္စရေးတွင် ဥရောပ၊ အာရှနှင့် အာဖရိက စသော တိုက်ကြီးသုံးတိုက် ဆုံရာတွင် ရှိ၏။

## ပထဝီအနေအထား

ပုံစံမှာ ရှည်လျားကျဉ်းမြောင်းသောပုံစံ ရှိ၏။ အလျားက မိုင် ၂၉၀ ရှိကာ အကျယ်ဆုံးအပိုင်းတွင် ၈၅ မိုင်အထိ ကျယ်၏။ အရွယ်အစားသေးငယ်သော်လည်း သစ်တောထူထပ်သော ကုန်းမြင့်များ၊ မြေဩဇာကောင်းသော စိမ်းလန်းသည့် တောင်ကြားများ၊ တောင်ထူထပ်သော သဲကန္တာရများ၊ ကမ်းရိုးတန်းဒေသများဖြင့် အမျိုးစုံတည်ရှိ၏။

## အစိုးရစနစ်

အစ္စရေးသည် ပါလီမန်ဒီမိုကရေစီနိုင်ငံ ဖြစ်၏။ နိုင်ငံတော်အကြီးအကဲမှာ သမ္မတဖြစ်၏။ သူ၏တာဝန်များ အဆောင်အယောင်၊ မင်းခမ်းမင်းနားပုံစံ ပိုများ၏။ နိုင်ငံတော်၏ အချုပ်အခြာပိုင်မှုနှင့် စည်းရုံးညီညွတ်မှုသင်္ကေတလည်း ဖြစ်၏။ အစ္စရေးလွှတ်တော်မှာ 'နက်ဆက်' ဖြစ်ပြီး လွှတ်တော် ကိုယ်စားလှယ် ၁၂၀ ပါဝင်သော ပါလီမန်လွှတ်တော်ဖြစ်၏။ ထိုကိုယ်စားလှယ်များကို လေးနှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်၏။ အစိုးရ (ကက်ဘိနက်ဝန်ကြီးများ)က ပြည်တွင်းရေးရာနှင့် နိုင်ငံခြားရေးရာတို့ကို တာဝန်ယူ၏။ ၎င်းကို ဝန်ကြီးချုပ်က ဦးဆောင်၏။ ၎င်းတို့အားလုံးသည် 'နက်ဆက်' ကို စုပေါင်းတာဝန်ယူရ၏။

## လူဦးရေ

အစ္စရေးနိုင်ငံတွင် တခြားနိုင်ငံမှ ဝင်ရောက်လာသူများ၏။ စတင်တည်ထောင်သော ၁၉၄၈ မှစလျှင် ယခုအခါ လူဦးရေသည် ငါးဆတိုးလာ၏။ ယခု လူဦးရေမှာ ၇.၂ သန်း ရှိ၏။ နိုင်ငံလူဦးရေ၏ ၇၇.၂% မှာ ဂျူးလူမျိုးများ ဖြစ်၏။ ဂျူးလူမျိုး မဟုတ်သောသူများထဲတွင် အများအားဖြင့် အာရပ်လူမျိုးများမှာ ၂၂.၈% ရှိ၏။

## စိုက်ပျိုးရေး

အစ္စရေးနိုင်ငံတွင် ရေရှား၏။ သဲကန္တာရ ထူထပ်၏။ စိုက်ပျိုးရန် ခက်ခဲသောမြေများရှိ၏။ သို့သော် ပြည်သူတစ်ရပ်လုံးပင် မဆုတ်မနစ်သော ဖွဲလုံ့လဖြင့် နှစ်ရှည်လများ ကြိုးပမ်းမှုကြောင့် ယခုအခါ စိုက်ပျိုးရေး အလွန်အောင်မြင်သော နိုင်ငံဖြစ်ခဲ့၏။ စိုက်ပျိုးရေး ထွက်ကုန်များသည် ဂျီအင်ပီ၏ ၁.၅% ဖြစ်ပြီး ပို့ကုန်၏ ၂.၂% လည်း ဖြစ်၏။ အစ္စရေးသည် သူ့နိုင်ငံအတွက် လိုအပ်သော စားသုံးသူ၏ ၉၃% ကို ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်၏။

## နိုင်ငံခြားကုန်သွယ်မှု

ကမ္ဘာ့တိုက်ကြီး ၆ တိုက်နှင့် ဆက်သွယ်ကုန်သွယ်မှု ပြုနေ၏။ သွင်းကုန် ၄၂% နှင့် ထုတ်ကုန် ၃၂% တို့မှာ ဥရောပဖြင့် ဖြစ်၏။ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်ကို အမေရိကနှင့် စာချုပ်ချုပ်ကာ အစ္စရေးသွင်းကုန် ၂၃% နှင့် ထုတ်ကုန် ၃၂%တို့ ချုပ်ဆိုထား၏။

## ကျန်းမာရေး

နိုင်ငံသားအားလုံး၏ ကျန်းမာရေး (ဆေးရုံတက်ခြင်း အပါအဝင်) ကို နိုင်ငံတော်မှ လုံးလုံးလျားလျား တာဝန်ယူထား၏။ နိုင်ငံ၏ ကျန်းမာရေး အထူးစောင့်ရှောက်မှု အဖွဲ့အစည်းလေးခုတို့က ဆေးကုသမှုအစုစုကို ဆက်လက် တာဝန်ယူ ထောက်ပံ့နေ၏။

ပျမ်းမျှသက်တမ်းမှာ အမျိုးသမီး ၈၁.၂ နှစ်နှင့် အမျိုးသား ၇၇.၃ နှစ်ရှိ၏။ ကလေးအသေအပျောက်နှုန်းမှာ လူ ၁၀၀၀ တွင် ၅.၃ သာရှိ၏။

## အဓိကမြို့များ

### ဂျေရုစလင်

အစ္စရေးနိုင်ငံ၏ မြို့တော်ဖြစ်ပြီး လူဦးရေ ၇ သိန်းနီးပါး ရှိသည်။ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ကျော်က ဒေးဗစ်ဘုရင်၏ မင်းနေပြည်အဖြစ်

စတင်တည်ဆောက်ခဲ့သော မြို့ကြီးဖြစ်၏။ ယင်းသည် အစ္စရေးအစိုးရ ရုံးစိုက်ရာမြို့ဖြစ်ပြီး အစ္စရေးနိုင်ငံ၏ အကြီးဆုံးမြို့ကြီးလည်း ဖြစ်၏။

## တဲယ်လ်အဗစ် – ယာဖို

၁၉၀၉ တွင် ခေတ်သစ်၏ ပထမဆုံးဂျူးမြို့ကြီးအဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်၏။ လူဦးရေ ၃၇၀,၀၀၀ မျှ မီတင်းနေထိုင်ကြ၏။ ဤမြို့တွင် စက်မှုပိုင်းဆိုင်ရာ၊ စီးပွားရေးပိုင်းဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ ဗဟိုဌာန ဖြစ်၏။

## ဟိုင်ဖာ

ရှေးခေတ်ကပင် ကမ်းရိုးတန်းမြို့အဖြစ် လူသိများခဲ့သောမြို့ ဖြစ်၏။ မြေထဲပင်လယ်၏ အဓိကဆိပ်ကမ်းဖြစ်သော အစ္စရေးမြောက်ပိုင်း၏ စက်မှုနှင့် စီးပွားရေးဗဟိုဌာနပြုရာ ဖြစ်၏။ လူဦးရေ ၂၇၅,၀၀၀ မျှ နေထိုင်၏။

## ဘီအာရှီးဗား

လူဦးရေ ၁၈၀,၀၀၀ ရှိပြီး တောင်ပိုင်းဒေသ၏ အကြီးဆုံးမြို့ပြမြို့တော်ဖြစ်သည်။ တောင်ပိုင်းဒေသတစ်ခုလုံး၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာတို့ အဓိကပံ့ပိုး ထမ်းဆောင်နေသောမြို့ ဖြစ်၏။

❖

# နောက်ဆက်တွဲ (ခ)
# ခေတ်သစ်အံ့ဖွယ်သူရဲတဲ့လား

နိုင်ငံအချို့၏ စီးပွားရေး နမူနာပြုစရာ အားသာချက်များကို ထောမနာပြုသောစာအုပ်များကို စာအုပ်ဆိုင်များတွင် တွေ့ခဲ့ရပေါင်း များပါပြီ။ ၁၉၈၀ ခုနှစ်များကမူ ဂျပန်နိုင်ငံ၏ အံ့မခန်း စီးပွားရေးတိုးတက်မှုနှင့် ပတ်သက်၍ ရေးသောစာအုပ်များစွာ ထွက်ခဲ့၏။ ထိုနိုင်ငံ စီးပွားရေးတိုးတက်မှု အကြောင်းရင်းများကို ရှင်းပြသည့်အချက်များတွင် ကွဲပြားခြားနားမှုအချို့ရှိခဲ့ကြသော်လည်း စက်မှုလုပ်ငန်းပေါ်လစီများကြောင့် တိုးတက်ခြင်း ဖြစ်သည်ဟူသော အချက်ကို ခေါင်းပေးရေးသားထားရာတွင်မူ သဘောတူညီကြသည်ကို တွေ့ရ၏။

အချို့ စာရေးဆရာများဆိုလျှင် ဂျပန်နိုင်ငံ၏ 'နိုင်ငံတကာ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန' (MITI) ၏ စီးပွားရေး စီမံကိန်း အားသာမှုများကို အတုယူကြရန် အထိပင် လှုံ့ဆော်ရေးသားခဲ့ကြသည်ကို ဖတ်ဖူး၏။ ဤအမြင်အရဆိုလျှင် အနောက်တိုင်းနိုင်ငံများအဖို့ ဤဂျပန်နမူနာကို အတုခိုးချင်ခိုး၊ အတုမခိုးလျှင် 'ဂျပန်စီးပွားရေး ဆူနာမီ' လှိုင်းလုံး အောက်တွင် နစ်မြုပ်ကျေပျက်သွားမည် ဟူသည်အထိပင် အလေးထား ရေးသားကြသည်ကို တွေ့ရ၏။

မည်သို့ပင်ဆိုစေ ၁၉၉၀ ခုနှစ်များ၏ စီးပွားရေး ပျက်ကပ်ထဲတွင် ဂျပန်လည်း မလူးသာ မလွန့်သာ ခံခဲ့ရ၏။ သို့ဖြင့် စီးပွားရေးတွင် ဂျပန်ကို

နမူနာယူသင့်သည်ဆိုသော စကားများလည်း လေလွှင့်းထဲတွင် ပျောက်ပျက်သွားရပြန်၏။ သို့ဖြင့် အခြားနိုင်ငံများဘက်သို့ ရွှေ့လျားသွားရာ မလေးရှား၊ စင်ကာပူ၊ တရုတ်တို့၏ 'အာရှနမူနာ' ကို အာရုံစိုက်လာကြရပြန်၏။ လွန်ခဲ့သော ဆယ်နှစ်ကမူ 'ဆဲလ်တစ်ကျား' ဟု ခေါ်ကြသော 'အိုင်ယာလန်' ၏ စီးပွားရေးမူဝါဒသည် ခေတ်စားလာပြန်၏။

ယခုတော့ စာအုပ်တစ်အုပ် ပေါ်လာပြန်ပြီ။ အမေရိကန် နိုင်ငံခြားဆက်သွယ်ရေးဆိုင်ရာ ကောင်စီမှ သုတေသနပညာရှင်များ ဖြစ်ကြသော 'ဒန်ဆီနော' နှင့် 'ဆောလ်ဆင်းဂါး' တို့ ရေးသားသော 'စွန့်စားတီထွင် စီးပွားရေးလုပ်ငန်းရှင်နိုင်ငံ- အစ္စရေး၏ စီးပွားရေး အံ့ဖွယ်သူရဲ အောင်မြင်မှု ဇာတ်လမ်း' စာအုပ်ဖြစ်၏။ ဤစာအုပ်သည် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များ အာရုံစိုက်လာရမည့် ဂျူးနိုင်ငံ၏ စီးပွားရေးပုံစံအကြောင်း စာအုပ်ဖြစ်၏။ အစ္စရေးစီးပွားရေး ဇာတ်လမ်းကား ပြောသင့်ပြောထိုက်သော အကြောင်းတွေ ရှိသည်ကို မည်သူမျှ ငြင်းနိုင်မည် မဟုတ်ပါ။

ဘောဂဗေဒ၊ သမိုင်းပညာရှင် 'အန်းဂတ်စ်မက်ဒီဆင်' ၏ စာရင်းဇယားများအရ အစ္စရေးနိုင်ငံ၏ လူတစ်ဦးချင်း ဂျီဒီပီသည် ၁၉၅၀ ခုနှစ်တုန်းက အမေရိကန်ဒေါ်လာ ၂,၈၁၇ ရှိရာမှ ၂၀၀၆ တွင် အမေရိကန်ဒေါ်လာ ၁၆,၉၉၇ ထိ ရှိလာသည်ကို တွေ့ရ၏။ အစ္စရေးနိုင်ငံသူ နိုင်ငံသားများသည် မျိုးဆက်သုံးဆက်အတွင်း ဝင်ငွေ (၆) ဆ တိုးလာသည်မှာ အံ့မခန်း အောင်မြင်မှုပင် ဖြစ်၏။

အစ္စရေးနိုင်ငံသည် လူဦးရေ (၇) သန်းကျော်ရှိသော နိုင်ငံဖြစ်၏။ တောင်ကိုရီးယားဆိုလျှင် အစ္စရေးထက် လူတစ်ဦးချင်း ဂျီဒီပီမှာ အမေရိကန်ဒေါ်လာ ၁၅၀၀ သာ များ၏။ ထိုနိုင်ငံက လူဦးရေ ၄၈ သန်းရှိ၏။

ယခုစာအုပ်တွင် အစ္စရေးနိုင်ငံကို စောင့်ကြည့်ရမည့် နိုင်ငံစာရင်းတွင် ဘာကြောင့် ထည့်သွင်းထားသည်ကို အဖြေပေးမည့် အထင်ကြီးစရာ စီးပွားရေးလမ်းကြောင်းများကို တွေ့ရမည်ဖြစ်၏။

ထင်သာမြင်သာသော အချက်တစ်ခုပြောရလျှင် NASDAQ တွင် စာရင်းဝင်နေသော အစ္စရေးကုမ္ပဏီများက ဥရောပတစ်တိုက်လုံး အားလုံးပေါင်း ကုမ္ပဏီများထက် အရေအတွက် ပိုများသည်ကိုပင် ကြည့်။

၂၀၀၈ ခုနှစ်တွင် အစ္စရေးနိုင်ငံရှိ စွန့်စား ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံသော လုပ်ငန်းပေါင်းသည် အမေရိကန်ထက် နှစ်ဆခွဲများပြီး တရုတ်နိုင်ငံထက် အဆပေါင်း (၈၀) များ၏။

ဂျူးနိုင်ငံတွင် နိုင်ငံခြားငွေလုံးငွေရင်းများ ဒလဟော ဝင်လာခြင်းသည် လွန်ခဲ့သော ဆယ်စုနှစ်၏ ပထမထက်ဝက်လောက်တွင် သုံးဆထိ တိုးခဲ့၏။

အစ္စရေးနိုင်ငံသည် ခေတ်မီတိုးတက်သော စီးပွားရေးကို ခိုင်မာစွာ တည်ထောင်ကာ ဒေသတွင်းရှိ မည်သည့်နိုင်ငံများမှ မယှဉ်ပြိုင်နိုင်သည့် ဘဝအဆင့်အတန်း မြင့်မားနေသည်ကို လာရောက်လည်ပတ်သော ဧည့်သည်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ လေ့လာသူများ မျက်မြင်ဒိဋ္ဌပင်ဖြစ်၏။ ၁၉၉၅ ကတည်းက စီးပွားရေး တိုးတက်မှုနှုန်း၊ ကုန်ထုတ်မှုနှုန်း ပိုမိုမြန်ဆန်လာခဲ့သည်မှာလည်း လက်တွေ့ပင် ဖြစ်၏။

ဤသို့မြင့်မားလာသော အစ္စရေးစီးပွားရေးကို အထောက်အကူပြုသော ဆန်းသစ်တီထွင်မှုများ၊ စွန့်စားလုပ်ကိုင်မှုများအကြောင်းကို ဤစာအုပ်တွင် ဖော်ပြထား၏။ ထိုအထဲတွင် 'အွန်လိုင်းခရက်ဒစ်အတုကို ဖော်ထုတ်ခြင်း'၊ 'လျှပ်စစ်ကား တီထွင်ရန် ကြိုးပမ်းခြင်း'၊ 'ဆီးချိုနှင့် အခြားနာတာရှည်ဝေဒနာများ ကုသရန် ဖြတ်လမ်းကုနည်းများ' တီထွင်ခြင်း စသည်တို့ ပါဝင်၏။

'မိုက်ခရိုဆော့ဖ်' ကုမ္ပဏီမှ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အစ္စရေးကုမ္ပဏီသည် အမေရိကန်ကုမ္ပဏီနှင့် တန်းတူရည်တူအဆင့်ရှိသော ကုမ္ပဏီဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုချက်ကိုလည်း ဤစာအုပ်တွင် ဖတ်ရှုရ၏။ အစ္စရေး၏ ထုတ်လုပ်မှု အရည်အသွေးနှင့် သုတေသနပညာရှင်များသည် ကမ္ဘာ့အဆင့်မီကြောင်း အချက်အလက်ပေါင်းစုံက သက်သေခံလျက်ရှိသည်။

ထိပ်တန်းအောင်မြင်မှုများ ရရှိနိုင်စေမည့် အစ္စရေးတို့၏ 'ချုဇ်ပါး' စိတ်ဓာတ်အကြောင်းလည်း ဤစာအုပ်တွင် ဖတ်ရမည်။

"အစ္စရေးလူမျိုးတွေနဲ့ ပတ်သက်လို့ စိတ်ဝင်စားစရာ ကောင်းတာက ယဉ်ကျေးမှုပါပဲ။ သူညခေတ်ကတည်းက ကျွန်တော်တို့က ပညာတတ်တွေ

ပါ။ မြင်သာထင်သာမှုကို စိန်ခေါ်ဝံ့တယ်။ မေးခွန်းထုတ်တတ်တယ်။ အရာရာကို အခြေအတင် ငြင်းခုံ၊ စကားစစ်ထိုးတတ်တယ်။ ဘာမဆို တီထွင်တတ်တယ်" ဟု လူမျိုးပေါင်းစုံ ပါဝင်သောကုမ္ပဏီများ၏ ယဉ်ကျေးမှုဆိုင်ရာ ညီလာခံဆွေးနွေးပွဲများတွင် ပြောကြားချက်များကိုလည်း ဖတ်ရမည်။

အရာရာ မေးမြန်းစပ်စုတတ်သော အစ္စရေးယဉ်ကျေးမှုသည် ယခု အွန်လိုင်းခေတ်ကျမှ ပေါ်ထွန်းလာသည် မဟုတ်။ နိုင်ငံတည်ထောင်စကတည်းက ပူးတွဲပါလာသော ပင်ကိုဗီဇအရည်အသွေးများ ဖြစ်၏။

ဥပမာပြောရလျှင် ယခုလက်ရှိသမ္မတ 'ရှီမွန်ပဲရိဖ်'သည် ၁၉၅၀ ခုနှစ်များက အစ္စရေးလေကြောင်းလုပ်ငန်း ထူထောင်ရေးတွင် ဦးဆောင်မှုအခန်းကဏ္ဍက ပါဝင်ခဲ့သူဖြစ်၏။ နိုင်ငံထူထောင်ကာစ ကာလတွင် အရာရာ ရှားပါးနေ၏။ နွားနို့နှင့် ကြက်ဥပင် ရာရှင်နှင့် ဝယ်နေရသောအချိန်။ နေ့စဉ် လိုမ့်ဝင်လာသော ဒုက္ခသည် ထောင်ပေါင်းများစွာက လမ်းဘေးမှာ တဲထိုးပြီး နေခဲ့ကြရချိန်။ ထိုအချိန်တွင် လေကြောင်းလိုင်း ထူထောင်ဖို့ ဆိုသည်မှာ စိတ်ကူး၍ပင် မရသောကိစ္စ။

သို့သော် 'ပဲရိဖ်'နှင့် သူ့လုပ်ဖော်ကိုင်ဖက် 'အောလ်ရှွင်းမား'တို့က ဒုတိယကမ္ဘာစစ် လက်ကျန်လေယာဉ်ဟောင်းများကို ပြင်ဆင်ပြုပြင်သုံးစွဲရန် အစီအစဉ်ကို ချမှတ်ခဲ့ကြ၏။ သူတို့သည် တက်ဆက်စ်ပြည်နယ် အဟောင်းအမြင်း ပစ္စည်းရောင်းသောဆိုင်မှ လေယာဉ်အစိတ်အပိုင်း ဟောင်းများကို ဝယ်ခဲ့၏။ ပြင်စရာရှိတာ ပြင်ဆင်ပြီး အစိတ်အပိုင်းအချို့ကို သေတ္တာထဲထည့်ကာ အစ္စရေးသို့ ပို့၏။

ထို့နောက် လေကြောင်းကုမ္ပဏီ ထူထောင်ကြ၏။ ပထမတော့ 'ဘီဒက်'ဟု အမည်ခေါ်၏။ နောက်တော့ 'အစ္စရေးလေကြောင်း စက်မှုလုပ်ငန်း' ဟု အမည်ပြောင်းခဲ့သည်။ ၎င်းလုပ်ငန်းသည် ငါးနှစ်အတွင်းတွင် အစ္စရေးနိုင်ငံ၏ အကြီးဆုံးလုပ်ငန်းကြီး ဖြစ်ခဲ့၏။

အစ္စရေးနိုင်ငံသည် လွတ်လပ်ရေး ကြေညာပြီးကတည်းက စစ်နှင့် ရင်ဆိုင်နေရသည်မှာ ယခုထိ။ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ ခံနေရသည်မှာလည်း ဆက်တိုက်။ နိုင်ငံပတ်ပတ်လည်တွင် လူဦးရေများပြားလှသော ရန်သူတွေက ဝိုင်းနေ၏။ သဘာဝသယံဇာတကလည်း နည်း၏။

သို့သော် ကုန်ထုတ်လုပ်ငန်းက တရိပ်ရိပ် တိုးတက်နေ၏။ စစ်ဖြစ်နေဆဲ ကာလများတွင်ပင် ဖောက်သည်နိုင်ငံများသို့ ရက်ချိန်းမပျက် ပစ္စည်းများ တင်ပို့ရောင်းချနိုင်ခဲ့၏။

၁၉၇၀ ခုနှစ်များက အစ္စရေးစီးပွားရေးသည် မြင့်မားသော အခွန် အတုတ်များနှင့် အများပြည်သူ့အကြွေးများကြောင့် တုံ့ဆိုင်းသွားခဲ့သေး၏။ သို့သော် အစိုးရနှင့် ပြည်သူတို့၏ တက်ညီလက်ညီ ကြိုးပမ်းမှုဖြင့် နှစ် အနည်းငယ်အတွင်း ထိုအခြေအနေဆိုးကို ဖြတ်ကျော်နိုင်ခဲ့သည်။ လွန်ခဲ့သော ဆယ်စုနှစ်၏ ပထမနှစ်ဝက်အတွင်းတွင်ကား အစ္စရေးစီးပွားရေးပေါ်လစီ ခေတ်ထိရောက်အောင် ဆောင်ရွက်ခဲ့သည်။ ယခင် ဘဏ္ဍာရေးဝန်ကြီး၊ ယခု လက်ရှိဝန်ကြီးချုပ် 'ဘင်ယာမင်(ဘီဘီ) နေတန်ယာဟူး'၏ ဦးဆောင်မှု စွမ်းပကားဟုပင် ဆိုရမည်။ စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်ကို 'အစ္စရေးစီးပွားရေး ပြန်လည်ဖော်ထုတ်ရေး စီမံကိန်း' ဟုခေါ်၏။ ထိုအထဲ တွင် အခွန်အတုတ် လျှော့ချရေး၊ အစိုးရသုံးစွဲမှုစရိတ် ဖြတ်တောက်ရေး၊ လေကြောင်းနဲ့ ဆက်သွယ်ရေးလုပ်ငန်းများ ပုဂ္ဂလိကပိုင်ပြုရေးတို့ ပါဝင်၏။

"ဝန်ကြီးချုပ် နေတန်ယာဟူးဟာ ပြုပြင်ရေးသမား မဟုတ်ဘူး။ သူက တော်လှန်ရေးသမားပဲ" ဟုပင် အစ္စရေးထိပ်တန်း နိုင်ငံရေး အကြံပေး ပုဂ္ဂိုလ် 'ဂျွန်ဒါမား'က ချီးကျူးခဲ့၏။

ဤစာအုပ်သည် 'တစ်စိတ်တစ်ပိုင်း စူးစမ်းရှာဖွေမှု၊ တစ်စိတ် တစ်ပိုင်း အငြင်းအခုံဖြစ်မှု၊ တစ်စိတ်တစ်ပိုင်း ဇာတ်ကြောင်းပြောမှု' ဟု စာရေးသူများ ရေးလာကြသည့်အတိုင်းပင် တိုးတက်ကြီးပွား ရှင်သန်လိုကြ သော စီးပွားရေး၊ လုပ်ငန်းသစ်များ၊ လုပ်ငန်းရှင်များအတွက် လိုအပ်သော အခြေအနေများနှင့် ပတ်သက်၍ စိတ်ကူးစိတ်သန်းများ ဆွပေးလိုက်သည့် စာအုပ်ပင် ဖြစ်သည်။

[ပြည်သူ့ရေးရာ တက္ကသိုလ်မှ သုတေသနပညာရှင် 'ဂျူလီနိုဗက်' AIR Review စာစောင်၊ ၂၀၁၀ မတ်လ ၁ ရက်ထုတ်တွင် ရေးသားသည့် (Modern Miracle?) 'ခေတ်သစ်အံ့ဖွယ်သူရဲတဲ့လား' ဆောင်းပါးကို ပြန်ဆို ပါသည်။]

❖